http://www.dhammadownload.com

ဆဋ္ဌသင်္ဂီတိပုစ္ဆက

အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

# မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# ဝမ္မိကသုတ်

# တရားတော်

သာသနာ ၂၅၄၉ ကောဇာ-၁၃၆၈ ခရစ်-၂၀၀၆

http://www.dhammadownload.com

# အမေးနှင့်အဖြေ

* * * * * *

၁။ တောင်ပို့ဆိုတာ ဘယ်ဟာလည်း ဤရုပ်ကိုယ်ကြီးပဲ။

၂။ မီးခိုးဆိုတာ ဘယ်ဟာလည်း ညအခါမှာ ကြံတာပဲ။

၃။ မီးလျှံဆိုတာ ဘယ်ဟာလည်း နေ့အခါမှ ပြုတာပဲ။

၄။ ဆရာဆိုတာ ဘယ်သူလဲ ငါတို့မြတ်စွာဘုရားပဲ။

၅။ တပည့်ဆိုတာ ဘယ်သူလဲ ရှုမှတ်နေတဲ့ ယောဂီပဲ။

၆။ ပေါက်တူးဆိုတာ ဘယ်ဟာလဲ မှတ်သိနေတဲ့ ပညာပဲ။

၇။ တူးတယ်ဆိုတာ ဘယ်ဟာလဲ ကြောင့်ကြစိုက်တဲ့ လုံ့လပဲ။

၈။ မင်းတုပ်ဆိုတာ ဘယ်ဟာလဲ ရှုမှတ်နည်းကို မသိတာပဲ။

၉။ ဖားရုပ်ဆိုတာ ဘယ်ဟာလည်း စိတ်ဆိုးတတ်တဲ့ ဒေါသပဲ။

၁၀။ လမ်းခွဆိုတာ ဘယ်ဟာလည်း ဝေဖန်စဉ်းစား ယုံမှားပဲ။

၁၁။ ရေစစ်ဆိုတာ ဘယ်ဟာလည်း နီဝရဏငါးပါးတရားပဲ။

၁၂။ လိပ်ညစ်ဆိုတာ ဘယ်ဟာလည်း ခန္ဓငါးပါးတရားပဲ။

၁၃။ စဉ်းတီးဆိုတာ ဘယ်ဟာလည်း ငါးပါးအာရုံ ကာမဂုဏ်ပဲ။

၁၄။ သားတစ်ဆိုတာ ဘယ်ဟာလည်း နှစ်သက်တပ်စွဲ ရာဂပဲ။

၁၅။ နဂါးဆိုတာ ဘယ်ဟာလည်း အာသဝေါ ကင်းကွာ ရဟန္တာပဲ။

http://www.dhammadownload.com



အနန္တကျေးဇူးတော်ရှင် ဆဋ္ဌသင်္ဂီတိပုစ္ဆက, အဂ္ဂမဟာပဏ္ဍိတ

မဟာစည်ဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ဆဋ္ဌသင်္ဂီတိပုစ္ဆက, အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

# မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# ဝမ္မိကသုတ် တရားတော်



သာသနာနှစ်-၂၅၄၈ ကောဇာနှစ်-၁၃၆၆ ခရစ်နှစ်-၂၀၀၄

ဝမ္မိက-(က) (ပဉ္စမအကြိမ်)

http://www.dhammadownload.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၃၂၀၉၂၅၀၅၁၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၀၄၀၀၁၀၇

အကြိမ် - ပဌမအကြိမ်

အုပ်ရေ - ၁၀၀၀

တန်ဖိုး - (      )ကျပ်

မျက်နှာဖုံးဒီဇိုင်း - **Stars**

ထုတ်ဝေသူ - ဦးတင်ဝမ်(၂၄၀)
"ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်"
အမှတ်(၁၆)၊ သာသနာ့ရိပ်သာလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ - ဦးအောင်မိုး (၀၇၆၅၁)
"စတား(စ်)အင်ပါယာပုံနှိပ်တိုက်"
အမှတ်(၇၉/၈၁)၊ ၅၆လမ်း (အထက်)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၂၉၁၄၁၈

http://www.dhammadownload.com

## သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ
## အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

---

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ပရိယတ္တိ ပဋိပတ္တိစွမ်းရည်များ ထင်ရှားထက်မြက်လှပါသည်။ မြတ်ဗုဒ္ဓဟောကြား တော်မူသော တရားဒေသနာနှင့်အညီ ကျမ်းစာအုပ်ပေါင်း(၈၀)ကျော် ရေးသားပြုစုခဲ့ပါသည်။ ဆရာတော် ဘုရားကြီးရေးသားပြုစုခဲ့သည့် ကျမ်းစာအုပ်များသည် သာသနာ တော်အတွက် အကျိုး ကျေးဇူးများလှပါသည်။

ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာတော်ကို ချီးကျူးထောက်ပံ့ လျက်ရှိသော ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်က မဟာစည်ဆရာတော် ဘုရားကြီး၏ ကျမ်းစာအုပ်များကို ပုံနှိပ်ဖြန့်ချိလျက်ရှိပါသည်။ ကျမ်းစာအုပ် များပုံနှိပ်ထုတ်ဝေရာ၌ အဆင့်အတန်းမြင့်မြင့်ဖြင့် ပိုမိုကောင်းမွန်သည်ထက် ကောင်းမွန်အောင် စီစဉ်ဆောင်ရွက် လျက်ရှိပါသည်။

"သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ"ဟု ဘုရားဟောပါဠိလာရှိသည့် အမြတ်ဆုံး အလှူဖြစ်သော "တရားစာအုပ်များလှူဒါန်းလိုပါက" မဟာစည် တရားတော် ပြန့်ပွားရေး ထာဝရပဒေသာပင်တစ်ပင်လျှင် ကျပ် ၅၀၀၀/-ဖြင့် စိုက်ထူလှူဒါန်းနိုင်ပါသည်။ သီးသန့် ငွေပဒေသာပင်စိုက်ထူ၍ မိမိနှစ်သက်ရာ ကျမ်းစာအုပ်ကို ရိုက်နှိပ် လှူဒါန်းလိုပါက (သို့မဟုတ်) အုပ်ရေ ၁၀၀-နှင့်အထက် လှူဒါန်းလိုပါက ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်နှင့် ဆက်သွယ်လှူ ဒါန်းနိုင်ပါကြောင်း။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်
မဟာစည်သာသနာ့ရိပ်သာ
အမှတ်(၁၆) သာသနာ့ရိပ်သာလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၅၄၁၉၇၁

http://www.dhammadownload.com

# ဆဋ္ဌသင်္ဂါယနာ တိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ
# ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး

## ဟောကြားရေးသားပြုစုတော်မူသောတရားစာအုပ်များနှင့် ကျမ်းစာအုပ်များစာရင်း

၁။ ကမ္မဋ္ဌာန်းတရားအားထုတ်ရခြင်း
၂။ ကမ္မဋ္ဌာန်းဆရာတို့၏မှတ်တမ်း
၃။ ကမ္မဝါ
၄။ ကာမသုတ္တန်တရားတော်
၅။ ကမ္ဘာ့သာသနာပြုစာတမ်း
၆။ ကမ္ဘာ့သာသနာပြုတရားတော် (ပ)
၇။ ကမ္ဘာ့သာသနာပြုတရားတော် (ဒု)
၈။ ကမ္ဘာ့သာသနာပြုမြွှတ္တဂူတခရီး
၉။ ကျွန်တော်(သို့) ၃၃-နှစ် မဟာစည်
၁၀။ ငွေရတုတရားတော်
၁၁။ စူဠဝေဒလ္လသုတ်တရားတော်
၁၂။ တက္ကသိုလ်တရားတော်
၁၃။ တုဝဋ္ဋကသုတ်တရားတော်
၁၄။ ထေရဝုတ္တန္တပိလာသိနီ (ပ)
၁၅။ ထေရဝုတ္တန္တပိလာသိနီ (ဒု)

http://www.dhammadownload.com

၁၆။ ဒုလ္လဘာရဟန်းသစ်များဩဝါဒကထာ
၁၇။ ဓမ္မစကြာ
၁၈။ ဓမ္မဒါယာဒသုတ်တရားတော်
၁၉။ ဓမ္မဒေသနာဆောင်ပုဒ်များ
၂၀။ ဓမ္မဒေသနာစာစောင်များ (ပ)
၂၁။ ဓမ္မဒေသနာစာစောင်များ (ဒု)
၂၂။ ဓမ္မဒေသနာစာစောင်များ (တ)
၂၃။ ဓမ္မဒေသနာစာစောင်များ (စ)
၂၄။ နိဗ္ဗာန်ဆိုင်ရာတရားတော်
၂၅။ နိုင်ငံခြားသာသနာပြုခရီးအတွေ့အကြုံ
၂၆။ ပဋိစ္စသမုပ္ပါဒ် (ပထမတွဲ)
၂၇။ ပဋိစ္စသမုပ္ပါဒ် (ဒုတိယတွဲ)
၂၈။ ပဋိပတ္တိသာသနာ
၂၉။ ပုရာဘေဒသုတ်တရားတော်
၃၀။ ဗုဒ္ဓသာသနာ့အန္တရာယ်ကာကွယ်ရေးတရားတော်
၃၁။ ဗြဟ္မစိုရ်တရားတော်ကြီး
၃၂။ ဗြဟ္မဝိဟာရတရားတော်
၃၃။ မောဖွင့်သုတ်တရားတော်
၃၄။ ဘဝပြဿနာ
၃၅။ ဘာရသုတ္တန်တရားတော်
၃၆။ ဘုရားရှိခိုး

http://www.dhammadownload.com

၃၇။ မဟာစည်ဆရာတော်ဘုရားကြီးထေရုပ္ပတ္တိအကျဉ်း
(ပထမပိုင်း)
၃၈။ မဟာစည်ဆရာတော်ဘုရားကြီးဓါတ်ပုံ (စက္ကူအထူ)
၃၉။ မဟာစည်ဆရာတော်ဘုရားကြီးဓါတ်ပုံ (စက္ကူအပါး)
၄၀။ မဟာသမယသုတ်၊ (၃)သုတ်တရားတော်
၄၁။ မဟာသတိပဋ္ဌာန်(၃) စောင်တွဲ
(ဓမ္မစကြာ+အနတ္တ+မဟာသတိပဋ္ဌာန်)
၄၂။ မဟာသတိပဋ္ဌာန် ပါဠိ နိဿယ
၄၃။ မဟာသတိပဋ္ဌာန် ဝိပဿနာရှုနည်း (အကျဉ်း)
၄၄။ မာလုကျပုတ္တသုတ်တရားတော်
၄၅။ ရှစ်ဖြာမဂ္ဂင်နိဗ္ဗာန်ဝင်တရားတော်
၄၆။ ဝိပဿနာရှုနည်းကျမ်း (ပ)
၄၇။ ဝိပဿနာရှုနည်းကျမ်း (ဒု)
၄၈။ ဝိပဿနာအလုပ်ပေးတရားတော်
၄၉။ ဝိပဿနာလမ်းညွှန်ကျမ်း
၅၀။ ဝိပဿနာအခြေခံတရားတော်
၅၁။ ဝိသုဒ္ဓိမဂ်–မြန်မာပြန် (ပ)
၅၂။ ဝိသုဒ္ဓိမဂ်–မြန်မာပြန် (ဒု)
၅၃။ ဝိသုဒ္ဓိမဂ်–မြန်မာပြန် (တ)
၅၄။ ဝိသုဒ္ဓိမဂ်–မြန်မာပြန် (စ)
၅၅။ ဝိသုဒ္ဓိနှင့်ဉာဏ်စဉ်တရားတော် (ဆရာကိုင်)

http://www.dhammadownload.com

၅၆။ ဝိသုဒ္ဓိနှင့်ဉာဏ်စဉ်တရားတော်မှ ဆောင်ပုဒ်များ
၅၇။ ဝမ္မိကသုတ်တရားတော်
၅၈။ ဝါကျာဝယ ဝဏ္ဏနာကျမ်း
၅၉။ ဝိနယဝိနိစ္ဆယသင်္ဂဟာကျမ်း
၆၀။ ဝတ်ရွတ်စဉ် (မဟာစည်)
၆၁။ ဝိပဿနာရှုနည်းကျမ်းပါဠိသက်သက် (ပ)
၆၂။ ဝိပဿနာရှုနည်းကျမ်းပါဠိသက်သက်(ဒု)
၆၃။ သက္ကပဉ္စသုတ်တရားတော်
၆၄။ သမ္မာပရိဗ္ဗာဇနီယသုတ်
၆၅။ သီလဝန္တသုတ်တရားတော်
၆၆။ သလ္လေခသုတ်တရားတော် (ပ)
၆၇။ သလ္လေခသုတ်တရားတော် (ဒု)
၆၈။ သစ္စာလေးပါးတရားတော်
၆၉။ ဟေမဝတသုတ်တရားတော်
၇၀။ ဟောဇဉ်သုတ်
၇၁။ အနတ္တလက္ခဏာသုတ်တရားတော်
၇၂။ အရိယာဝါသ
၇၃။ အဘိဓမ္မာတရားတော်
၇၄။ အာသီဝိသောပမသုတ်
၇၅။ ဩဝါဒအမွေများ
၇၆။ ဩဝါဒကထာပေါင်းချုပ်

http://www.dhammadownload.com

၇၇။ လောကခံတရားတော်
၇၈။ မဟာစည်နှစ်(၅၀)ရွှေရတုတရားညွှန့်ပေါင်း (ပ)
၇၉။ မဟာစည်နှစ်(၅၀)ရွှေရတုတရားညွှန့်ပေါင်း (ဒု)
၈၀။ မဟာစည်နှစ်(၅၀)ရွှေရတုသမိုင်းမှတ်တမ်း
၈၁။ မဂ္ဂင်ရှစ်ပါး
၈၂။ ဝိသုဒ္ဓိမဂ်မဟာဋီကာ
၈၃။ ရာပြည့်မော်ကွန်း
၈၄။ အာဒိတ္တသုတ္တန်တရားတော်

http://www.dhammadownload.com


[illegible] ။[illegible]

(က) [illegible] (၁၈) [illegible] ။[illegible]

(ခ) [illegible] ။[illegible]

[illegible] (၀၄) [illegible] ။[illegible]

[illegible] ။[illegible]

[illegible] ။[illegible]

[illegible] ။[illegible]

[illegible] ။[illegible]

http://www.dhammadownload.com

# ဓမ္မိကာသုတ် တရားတော်

## မာတိကာ



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိဒါန်း ---------------------------------- | က |
| ၂ | တရားပလ္လင်အခြေခံ -------------------- | ၁ |
| ၃ | သုတ်၏နိဒါန်း ---------------------------- | ၁ |
| ၄ | ပြဿနာတစ်ဆယ့်ငါးခု ပေးသွားတယ် ---- | ၃ |
| ၅ | ပြဿနာတစ်ဆယ့်ငါးခု ခေါင်းစဉ်ဆောင်ပုဒ် | ၁၀ |
| ၆ | အရှင်ကုမာရကဿပ၏ ရှေးအကြောင်း -- | ၁၃ |
| ၇ | ရဟန်းတော် ၇-ပါး တောထွက်ခြင်း------- | ၁၄ |
| ၈ | တောင်ပေါ်၌ ရဟန်း ၇-ပါး အားထုတ်ကြပုံ | ၁၄ |
| ၉ | အမြတ်ရပုံ ---------------------------------- | ၂၅ |
| ၁၀ | ခုနစ်နှစ်အရွယ် ရဟန္တာဖြစ်သည် --------- | ၂၆ |
| ၁၁ | အရှင်ဒဗ္ဗမထေရ် ------------------------ | ၂၆ |
| ၁၂ | ပုက္ကုသာတိမင်း ------------------------- | ၂၇ |
| ၁၃ | ဗာဟိယဒါရုစီရိယ ---------------------- | ၂၈ |
| ၁၄ | ဆိတ်က ခွေးဖြစ်ခြင်း --------------------- | ၃၀ |
| ၁၅ | တောင်ပို့ကြီး ------------------------------- | ၃၉ |
| ၁၆ | အပေါက်များတဲ့ တောင်ပို့ကြီး ------------ | ၄၀ |
| ၁၇ | အညစ်အကြေးတွေ ထွက်တဲ့ တောင်ပို့ကြီး- | ၄၂ |
| ၁၈ | စက်ဆုပ်ဖွယ်အစု တောင်ပို့ကြီး ----------- | ၄၃ |
| ၁၉ | ပိုးအမျိုးမျိုးနေရာ တောင်ပို့ကြီး----------- | ၄၉ |

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၀ | ခေတ်ကြီး ၄-ပါးအစု တောင်ပို့ကြီး -------- | ၅၃ |
| ၂၁ | အရည်ကြည်မှုန့်ကလေးက စလာတယ် ---- | ၅၉ |
| ၂၂ | အစာအာဟာရကြောင့်လည်း ကြီးလာတယ် | ၆၂ |
| ၂၃ | မီးခိုးတွေ ထွက်နေတယ် ---------------- | ၆၅ |
| ၂၄ | မီးလျှံတွေ ထွက်နေတယ် ---------------- | ၆၈ |
| ၂၅ | ဗြာဟ္မဏဆရာကြီး -------------------- | ၆၉ |
| ၂၆ | သုမေဓ-လူရည်ချွန်ကလေး -------------- | ၇၀ |
| ၂၇ | ၂-မိနစ် အားထုတ်ရန် ---------------- | ၇၃ |
| ၂၈ | တစ်မှတ်အတွင်း မဂ္ဂင်ရှစ်ပါး------------ | ၈၂ |
| | **ဒုတိယပိုင်း** | |
| ၂၉ | အနုသန္ဓေစကား --------------------- | ၈၉ |
| ၃၀ | တစ်ပါးတည်းသောဆရာ --------------- | ၉၀ |
| ၃၁ | သူဌေးသားရဟန်း -------------------- | ၉၆ |
| ၃၂ | ပေါက်တူးလက်နက် ------------------- | ၁၀၄ |
| ၃၃ | တူးတာက အားထုတ်တာ --------------- | ၁၀၇ |
| ၃၄ | တံခါးမင်းတုပ် ------------------------ | ၁၀၉ |
| ၃၅ | နည်းက အရေးကြီးတယ် --------------- | ၁၁၁ |
| ၃၆ | လယ်တီဆရာတော်ဘုရားကြီးကစပြီးဖွင့်တယ် | ၁၂၈ |
| ၃၇ | မြတ်စွာဘုရားက အပြစ်တင်ပုံ ---------- | ၁၃၀ |
| ၃၈ | တံခါးဂလန့်ကို ပြန်မပိတ်စေနဲ့----------- | ၁၃၅ |
| ၃၉ | တို့တိုင်း ကြီးတဲ့ဖား ------------------ | ၁၃၈ |
| ၄၀ | မဖြစ်စလောက် တရားတော် ------------ | ၁၃၉ |
| ၄၁ | ဝေဒေဟိကာ ဝတ္ထု -------------------- | ၁၄၀ |

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၂ | ခန္တီစ-သည်းခံခြင်း အကြောင်း ဆွေးနွေးတာမို့ တော်ပါသေးရဲ့ ----------- | ၁၄၇ |
| ၄၃ | လမ်းခွဲနှစ်မြွာ -------------------------- | ၁၄၉ |
| ၄၄ | ကိုယ်တိုင်ယုံမှား ဖြစ်ဖူးပုံ --------------- | ၁၅၂ |
| ၄၅ | ယုံမှားက လူလိမ်နဲ့ တူတယ် -------------- | ၁၅၃ |
| ၄၆ | ၂-မိနစ် အားထုတ်ပုံ ------------------- | ၁၅၈ |
| | **တတိယပိုင်း** | |
| ၄၇ | အနုသန္ဓေစကား ---------------------- | ၁၆၈ |
| ၄၈ | ယုံမှားကို ထပ်၍ရှင်းလင်းချက် ----------- | ၁၆၉ |
| ၄၉ | ပစ္စုပ္ပဋ္ဌာန်နဲ့လည်း ရှုရပါတယ် ------------ | ၁၈၁ |
| ၅၀ | ဆပ်ပြာရေစစ် ------------------------- | ၂၀၂ |
| ၅၁ | ရေနှင့်ငါး-ကာမဂုဏ်နှင့်စိတ် ------------ | ၂၀၅ |
| ၅၂ | နီဝရဏငါးပါး ပယ်ပုံ ------------------ | ၂၀၇ |
| ၅၃ | စိတ္တဝိသုဒ္ဓိ ------------------------------ | ၂၀၉ |
| ၅၄ | နာမရူပပရိစ္ဆေဒဉာဏ်ဖြစ်ပုံ ------------- | ၂၀၉ |
| ၅၅ | လိပ်-ခန္ဓာငါးပါး ---------------------- | ၂၂၀ |
| ၅၆ | ဓားနဲ့ စဉ်းတီတုံး --------------------- | ၂၃၃ |
| ၅၇ | သားတစ်-နန္ဒိရာဂ --------------------- | ၂၃၆ |
| ၅၈ | နဂါး-ရဟန္တာ ------------------------- | ၂၄၂ |
| ၅၉ | နဂါးကို ရှိခိုးပါ ----------------------- | ၂၄၃ |
| ၆၀ | နဂါးကို ရှိခိုးပူဇော်ပုံ ------------------ | ၂၄၅ |
| ၆၁ | နိဂုံး ------------------------------------ | ၂၅၈ |

http://www.dhammadownload.com

# ဓမ္မိကာသုတ် တရားတော်

## နိဒါန်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

### မဟာစည်ဆရာတော် ဘွဲ့မြှုံ့

ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးသည် ၁၃၀၀-ပြည့်နှစ်မှစ၍ ရွှေဘိုမြို့, ဆိပ်ခွန်ရွာ, မဟာစည်ကျောင်းတိုက်၌ သီတင်းသုံးလျက် မဟာသတိပဋ္ဌာနသုတ္တန်ဒေသနာတော်ကြီးကို မူရင်းပဓာနပြု၍ ဝိပဿနာလုပ်ငန်း တရားတော်ကို လက်တွေ့ထင်ရှားအောင် ဟောကြားညွှန်ပြတော်မူခဲ့ပေသည်။ ထိုသို့ ဟောကြား ညွှန်ပြနေစဉ်မှာပင် ရန်ကုန်မြို့ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး၏ ပင့်လျှောက်ချက်အရဖြင့် ရန်ကုန်မြို့ သာသနာ့ရိပ်သာသို့ ကြွရောက်တော်မူကာ ၁၃၁၁-ခုနှစ်မှစ၍ ဝိပဿနာလုပ်ငန်းတရားတော်ကို ဟောကြားညွှန်ပြတော်မူလျက်ရှိပေသည်။

ထိုသို့ ဟောကြားညွှန်ပြရာတွင် ဓမ္မစက္ကပ္ပဝတ္တနသုတ်, အနတ္တလက္ခဏသုတ်, မဟာသတိပဋ္ဌာနသုတ်, အရိယာဝါသသုတ်,

http://www.dhammadownload.com



မာလုကျပုတ္တသုတ်, သက္ကပဥ္စသုတ်, ဥဒ္ဒေသဝိဘင်္ဂသုတ်, သဠာယတနဝိဘင်္ဂသုတ်, ဘဒ္ဒေကရတ္တသုတ်, အာသီဝိသောပမသုတ်, စူဠဝေဒလ္လသုတ်, မဟာဝေဒလ္လသုတ်, ဝမ္မိကသုတ် အစရှိသော ထိုထိုသုတ္တန် ဒေသနာတော်များကို ထုတ်ပြလျက် သုတနည်းသူတွေပါ သိနားလည်အောင် အကျယ်ဝိတ္ထာရ ဝေဖန်ဖွင့်ပြသောအားဖြင့် ထိုထိုအရပ်ဒေသတို့၌ ဟောကြားတော်မူခဲ့ပေသည်။ ထိုသုတ္တန်ဒေသနာတော်တို့တွင် ဝမ္မိကသုတ္တန်တရားတော်ကို ရန်ကုန်မြို့ သာသနာ့ရိပ်သာနှင့်တကွ မော်လမြိုင်, ပဲခူး, အိမ်မဲ, ဝါးခယ်မ, ဘိုကလေး, ဒိုက်ဦး, အောင်လံ, ရေနံချောင်း, နတ်မောက်, မြင်းခြံ, မိတ္ထီလာ, တောင်ကြီး, လွိုင်ကော်, ရွှေဘို, မုံရွာ အစရှိသော များစွာသော မြို့ရွာဒေသတို့၌ ဟောကြားတော်မူခဲ့လေသည်။

## ဝမ္မိကသုတ်တရားတော်စာအုပ် ဖြစ်ပေါ်လာခြင်း

ထိုသို့ ဟောကြားတော်မူရာတွင် ဤ ဝမ္မိကသုတ် တရားတော်ကို ကြားနာ မှတ်သားကြရသော တရားနာပရိသတ်တို့သည် နှစ်ထောင်းအားရ သဘောကျကျေနပ်ကြပြီးလျှင် ထိုတရားတော်ကို ကျမ်းစာအုပ် အဖြစ်ဖြင့် ပုံနှိပ်ထုတ်ဝေရန် များစွာလိုလားတောင့်တကြပေသည်။ ထိုသို့ လိုလားတောင့်တကြသောကြောင့် ၁၃၂၆-ခုနှစ် တန်ဆောင်မုန်းလဆုတ်(၆-၇-၈)ရက်နေ့ညများတွင် မုံရွာမြို့၊ စန်းမြရောင်ခြည် သာသနာ့ရိပ်သာ၌ ဤဝမ္မိကသုတ် တရားတော်ကို ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူစဉ် အခါကာလက တိတ်ရီကော်ဒါ အသံဖမ်းစက်ဖြင့် ဖမ်းယူထားသော တိပ်ခွေများမှ ရေးထုတ်ကူးယူ၍ ဤဝမ္မိကသုတ် တရားတော်ကို စာမူကြမ်းအဖြစ်သို့ ရောက်စေခဲ့ပါသည်။ ထိုစာမူကြမ်းကို ကျေးဇူး

http://www.dhammadownload.com



ရှင် မဟာစည်ဆရာတော်ဘုရားကြီး ကိုယ်တိုင် ကြည့်ရှုပြင်ဆင်၍ စာမူချောအဖြစ်သို့ ရောက်စေခဲ့ပါသည်။ ထိုစာမူချောကိုပင် ပုံနှိပ်စေလျက် ပုံနှိပ်စာအုပ်အဖြစ်သို့ ရောက်စေခဲ့ပါသည်။

ဤဝမ္မိကသုတ်တရားတော်ကို အခြားသော ဓမ္မကထိက ဆရာတော်တို့လည်း များစွာပင် ဟောကြားလေ့ရှိကြပါသည်။ သို့ရာတွင် ဤဝမ္မိကသုတ် တရားတော်စာအုပ်ကို ဖတ်ရှုကြည့်သောအခါ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဟောကြားပုံတွင် ထူးခြားသော အချက်တို့ကို အောက်ပါအတိုင်း တွေ့ရပေလိမ့်မည်။

## မဟာစည်ဒေသနာ၌ ထူးခြားချက်များ

၁။ အချို့သော ဓမ္မကထိကတို့သည် ဝတ္ထုကြောင်းကို အသားပေး၍ အကျယ်တဝင့် ဟောပြောတော်မူလေ့ရှိကြ၏။ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည်ကား ဝိပဿနာ လုပ်ငန်းစဉ်နှင့် မဆိုင်လှသော ဝတ္ထုကြောင်းကို အသားမပေးမူ၍ လိုရင်းသုတ္တန် တရားတော်ကိုသာလျှင် အကျယ်တဝင့် ဖွင့်ပြဟောကြားတော်မူပေသည်။

၂။ ဝိပဿနာ လုပ်ငန်းစဉ်နှင့် စပ်ဆိုင်ရာ၌မူကား ဝတ္ထုကြောင်းပင် ဖြစ်သော်လည်း အကျယ်တဝင့် ပေါ်လွင်စွာဖွင့်၍ ဟောကြားတော်မူပေသည်။

၃။ အချို့က အိမ်ကြက်ချင်း ဗိုလ်လုသည့်ပမာ ဗုဒ္ဓဘာသာ ဓမ္မကထိက အချင်းချင်း (သို့မဟုတ်) ကမ္မဋ္ဌာန်းဂိုဏ်း အချင်းချင်း ပုတ်ခတ်ချိုးနှိမ်၍ ဟောပြောရေးသားလေ့ရှိကြ၏။ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည်ကား ဗုဒ္ဓသာသနာနယ်ပယ်

http://www.dhammadownload.com



အတွင်း၌ မည်သူကိုမျှ မထိပါးစေဘဲ၊ သာသနာပ မိစ္ဆာဝါဒတို့ကို သာလျှင် သုတ်သင် ပယ်ရှင်းလျက် သာသနစမ္ပလမ်းကြောင်း အတိုင်းသာလျှင် ဖြောင့်မှန်တည်ကြည်စွာ ဟောကြားရေးသားတော် မူလေ့ ရှိပေသည်။

၄။ အချို့က လိုရင်းသုတ္တန်တရားကို အကျဉ်းချုပ်မျှသာ ဟောကြားတော်မူလေ့ရှိကြ၏။ ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီးသည်ကား ဤဝမ္မိကသုတ္တန်တရားတော်လာ သိသင့် သိထိုက်သော လိုရင်းအချက်အလက်ဟူသမျှတို့ကို အပြည့်အစုံ အကျယ်တဝင့် ဖွင့်ပြဟောကြားထားတော်မူပေသည်။

၅။ အချို့က ဝိပဿနာနှင့်စပ်၍ ဟောကြငြားသော်လည်း ဤဝမ္မိကသုတ် တရားတော်ကို တကယ်လက်တွေ့အားထုတ်၍ ဖြစ် နိုင်လောက်အောင် ရှင်းလင်းပြလေ့ မရှိကြပေ။ ကျေးဇူးရှင် မဟာ စည်ဆရာတော်ဘုရားကြီးသည်ကား ဤဝမ္မိကသုတ်တရားတော်ကို တောင်ပို့ကြီးဥပမာ, တံခါးမင်းတုပ်ဥပမာ, လမ်းနှစ်ခွဥပမာစသည် တို့ဖြင့် တကယ်လက်တွေ့အားထုတ်၍ဖြစ်နိုင်သည့် ဝိပဿနာလုပ် ငန်းစဉ်အဖြစ်သို့ရောက်အောင် အပြည့်အစုံ တိကျပြတ်သားစွာ ရှင်းလင်းဟောကြားတော်မူပေသည်။

ထိုငါးချက်တို့တွင် (၁) အချက်အရ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးက ဝတ္ထုကြောင်းကို အသားပေး၍အကျယ် တဝင့် မဟောခြင်းမှာ လိုရင်းတရားသားဖြစ်သော ဝိပဿနာလုပ် ငန်းစဉ်ကို ဟောရန်အတွက် အချိန်လုံလောက်စွာရစေလိုသော ကြောင့် ဖြစ်ပေသည်။ ဤဝမ္မိကသုတ်ကို ဟောရာတွင် အချိန်မကုန် စေရန်အတွက် ဆရာတော်ဘုရားကြီးက ခြွင်းချက်ထားခဲ့သော ဝတ္ထု

http://www.dhammadownload.com



ကြောင်း အဋ္ဌုပ္ပတ္တိတစ်ခုမှာ အကျဉ်းချုပ်အားဖြင့် အောက်ပါ အတိုင်းဖြစ်ပါသည်။

## အရှင်ကုမာရကဿပ၏ မယ်တော်

မြတ်စွာဘုရား၏ လက်ထက်တော်ကာလက ရာဇဂြိုဟ် မြို့တွင် သူဌေးသမီးတစ်ဦး ရှိခဲ့လေသည်၊ ထိုသူဌေးသမီးသည် ပါရမီရင့်ပြီးသော အဆုံးစွန်ဘဝ၌တည်သူ **(ပစ္ဆိမဘဝိက)** ဖြစ်သော ကြောင့် ငယ်ရွယ်စဉ်ကာလမှစ၍ လူ့ဘောင်လောက၌ မပျော်မွေ့ ဘဲ၊ ရှင်ရဟန်းပြုလိုသော စိတ်ဆန္ဒ အလွန်ပြင်းပြသည်ဖြစ်၍ မိခင် ဖခင်တို့အား တောင်းပန်သည်မှာ-

"မိခင် ဖခင်တို့၊ သမီး၏ စိတ်မှာ လူ့ဘောင်လောက၌ မပျော်မွေ့ပါ၊ သမီးကို မြတ်စွာဘုရား၏ သာသနာတော်၌ ရှင် ရဟန်း ပြုပေးကြပါတော့"ဟု တောင်းပန်လေ၏။

"ချစ်သမီး ဘယ့်နှယ်ပြောတာလဲကွယ်။ ငါတို့မှာ စည်းစိမ် ဥစ္စာတွေကလည်း အများကြီးရှိနေတယ်။ သမီးကလည်း ဖေဖေ မေမေတို့ရဲ့ တစ်ဦးတည်းသောသမီး မဟုတ်ပါလားကွယ်။ သမီးကို ဖေဖေ မေမေတို့က ဘယ်လိုလုပ်ပြီး ခွဲနိုင်ပါ့မလဲ။ ဒါကြောင့် သမီးကို ဖေဖေ မေမေတို့က ရှင်ရဟန်းပြုဖို့ရာ အခွင့်မပေးနိုင်ပါဘူး သမီး ရယ်" လို့ ချော့မော့၍ မိခင် ဖခင်တို့က တားမြစ်ကြလေသည်။

ထိုသူဌေးသမီးသည် ဤနည်းဖြင့် အကြိမ်ကြိမ်အဖန်ဖန် တောင်းပန်ရှာလေသည်။ သို့သော်လည်း မိခင် ဖခင်တို့က ခွင့်မပြု ဘဲ၊ နောက်ဆုံး၌ သင့်လျော်သော သူဌေးသားတစ်ဦးနှင့် လက်ထပ် ထိမ်းမြားပေးလိုက်သဖြင့် အိမ်ထောင်ရှင်ဘဝသို့ ရောက်ရရှာလေ သည်။ ထိုအခါ၌ ထိုသူဌေးသမီးသည် မိမိခင်ပွန်းအား ရိုသေစွာ

http://www.dhammadownload.com



ပြုစု၍ ကျေနပ်လောက်သောအခါ ရဟန်းပြုရန်အခွင့်တောင်း၍ ရဟန်းမိန်းမပြုမည်ဟူသော ရည်ရွယ်ချက်ဖြင့် ခင်ပွန်းလင်ကို အိမ်ဦးနတ်ပမာ လင့်ဝတ္တရား ကျေပွန်စွာဖြင့် ရိုသေစွာ ပြုစုလုပ်ကျွေးလျက်ရှိလေသည်။

ထိုစဉ်အခါ ရာဇဂြိုဟ်မြို့၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော နက္ခတ်ပွဲသဘင်ကြီး ခမ်းနားကြီးကျယ်စွာ ကျင်းပလျက်ရှိလေသည်။ ထိုပွဲသဘင်၌ မြို့သူမြို့သားအပေါင်းတို့သည် မိမိတို့ကိုယ်ကို အလှအပ အစွမ်းကုန် ဖြီးလိမ်းပြင်ဆင်ကြလျက် လှည့်လည်သွားလာကာ ပျော်ပွဲခံကြလေသည်။ သို့ရာတွင် ထိုသူဌေး သမီးသည်ကား သူ၏ကိုယ်ကို ဖြီးလိမ်းပြင်ဆင်ခြင်းမရှိဘဲ ပကတိအသွင်ရိုးရိုးကလေးဖြင့်သာ နေလျက်ရှိလေသည်။

ထိုအခါ သူ၏ ခင်ပွန်းဖြစ်သူ သူဌေးသားက-

"ရှင်မရေ၊ တစ်မြို့လုံးက လူတွေဖြင့်ယင် ဖြီးလိမ်းပြင်ဆင်ပြီးတော့ နက္ခတ်သဘင်ပွဲကို ဆင်နွဲပြီး ပျော်ရွှင်နေကြတယ်ကွဲ့။ မင်းမှာတော့ မဖြီးမလိမ်း မပြင်မဆင်ဘဲ အဖွားအိုကြီးများလိုပဲ နေသကိုးကွဲ့။ သူများလို ဖြီးလိမ်း ပြင်ဆင်ပါဦးတော့လား" ဟု ပြောလေသည်။

"အရှင့်သားရေ၊ ကျွမစိတ်ထဲမှာ ဖြစ်နေတာကို ဖွင့်ပြီး ပြောပါရစေ၊ ဟောဒီ ကျွမရဲ့ကိုယ်ကြီးဟာ ဆံပင်, အမွေး, ခြေသည်း, လက်သည်း, သွား, အရေ, အသား, အကြော, အရိုး, ကျင်ကြီး, ကျင်ငယ်, နှပ်, တံတွေး အစရှိတဲ့ အပုပ်တွေနဲ့ ပြည့်နေတဲ့ အပုပ်ကောင်ကြီးပါရှင် ဒီအပုပ်ကောင်ကြီးကို ဖြီးလိမ်းပြင်ဆင်ပြီး အလှအပ ခြယ်သနေလို့ရော ဘာအကျိုးရှိဦးမှာတဲ့လဲ၊ ထူးဦးမှာတဲ့လား။ ဒီ ကိုယ်ကောင်ကြီးဟာလေ အလှအပ ပြင်ဆင်ခြယ်သရ

http://www.dhammadownload.com



အောင်လို့ နတ်တွေက ဖန်ဆင်းထားတာလည်း မဟုတ်ဘူးရှင့်၊ ပြီးတော့ ပြဟ္မာမင်းကြီးက ဖန်ဆင်းထားတာလည်း မဟုတ်ဘူးရှင့်၊ ဒီကိုယ်ဟာ ရွှေဖြင့်ပြီးတဲ့ ရွှေကိုယ်လည်းမဟုတ်ဘူးရှင့်၊ ပတ္တမြားနဲ့ပြီးတဲ့ ပတ္တမြားကိုယ်လည်း မဟုတ်ဘူးရှင့်၊ မွှေးကြိုင်သင်းပျံ့လှတဲ့ စန္ဒကူးနံ့သာနဲ့ပြီးတဲ့ နံ့သာတုံး ကိုယ်လည်းမဟုတ်ဘူးရှင့်၊ ပုဏ္ဍရိတ်ကြာ, ကုမုဒြာကြာတိုက်ခန်းမှ မွေးဖွား လာတဲ့သန္ဒေ့သူလည်းမဟုတ်ဘူးရှင့်။

အမှန်ကတော့ အင်မတန် ပုပ်ညှီတဲ့ အမိဝမ်းထဲမှ ဖြစ်လာတဲ့ကိုယ်သာ ဖြစ်ပါတယ်၊ ပြီးတော့ မိဘနှစ်ပါးတို့ရဲ့ သုက်သွေး အညစ်အကြေးကဖြစ်လာတဲ့ ကိုယ်ကြီးဖြစ်ပါတယ်။ ရောဂါအမျိုးမျိုးတွေရဲ့ ဖြစ်ပေါ်ရာ ရောဂါအိုးကြီး ဖြစ်ပါတယ်။ သူတစ်ပါးတို့ရဲ့ နှိပ်စက်မှု (ကမ္မကရဏ) တွေကို ခံရတဲ့ကိုယ်ကြီး ဖြစ်ပါတယ်။ အတွင်းကလည်း အပုပ်တွေနဲ့ ပြည့်နေပြီးတော့ အပြင်ကိုယ်လည်း အမြဲတမ်း ယိုစီးထွက်နေတဲ့ ကိုယ်ကြီး ဖြစ်ပါတယ်။ ပိုးအမျိုးမျိုးတို့ရဲ့ နေရာ အိမ်ကြီးလည်း ဖြစ်ပါတယ်။ နောက်ဆုံးမှာ သင်္ချိုင်းကို ရောက်ရမယ့် ကိုယ်ကြီး ဖြစ်ပါတယ်။ သေခြင်းလျှင် အဆုံးရှိတဲ့ ကိုယ်ကြီး ဖြစ်ပါတယ်။ ဒီတော့ အရှင့်သားရယ် ဒီအသုဘကောင်ကြီးကို ဖြီးလိမ်းပြင်ဆင်နေလို့ရော ဘာအကျိုးရှိဦးမှာလဲ။ ဒီကိုယ်ကြီးကို ဖြီးလိမ်း ပြင်ဆင်တာဟာ မစင်အိုးကြီးကို အပြင်ဘက်က ပန်းချီဆေးရေးပြီး အလှအပ ပြုပြင်တာနဲ့ တူနေမှာပါပဲ”ဟု သူဌေးသမီးက ပြန်ပြောသည်။

ထိုစကားကို ကြားရတော့ သူဌေးသားက-

“ရှင်မရေ၊ မင့်စိတ်ထဲမှာ ဒီကိုယ်ကြီးရဲ့ အပြစ်တွေကို ဒါလောက်တောင် မြင်နေယင် ရှင်ရဟန်းပြုပါတော့လားကွယ်။ ဘာ

http://www.dhammadownload.com



ကြောင့် ရှင်ရဟန်း မပြုပါသလဲ”လို့ ပြော၏။

“အရှင့်သားရယ်၊ ကျမ ရှင်ရဟန်းပြုချင်နေတာကတော့ ကြာလှပါပြီ။ အခွင့်ရယင် ဒီကနေ့ပဲ ရှင်ရဟန်း ပြုချင်ပါတယ်”။

“ကောင်းပြီ၊ ဒါဖြင့် မင့်သဘောအတိုင်းပဲ ရှင်ရဟန်းပြုရစေမယ်”လို့ ပြောဆိုပြီး သူဌေးသားက ကြီးစွာသော အလှူပွဲသဘင်ကို ဆင်ယင်ကျင်းပကာ အကြီးအကျယ် ပူဇော်ခြင်းကိုလည်း ပြုပြီးတော့ များစွာသောအခြွေအရံ အခမ်းအနားနှင့်တကွ ဘိက္ခုနီမကျောင်းသို့ ပို့ဆောင်ပြီး ရှင်ရဟန်း ပြုစေပါသည်။ ထိုသူဌေးသမီးသည် ရှင်ရဟန်း အဖြစ်ကိုရပြီး အကြံအစည် အောင်မြင်တဲ့အတွက် အလွန်ဝမ်းသာရွှင်ပျဖြစ်ပြီး နေပေသည်။

ရက်လအနည်းငယ်ကြာသောအခါ လူ့ဘဝက ပါလာခဲ့သော ကိုယ်ဝန်က ရင့်ကျက်လာသည့်အတွက် ထိုသူဌေးသမီး ဘိက္ခုနီ မလေး၏ မျက်စိမျက်နှာ ဣန္ဒြေတွေက အခြေအနေ တစ်မျိုးဖြစ်လာလေသည်။ ခြေဖမိုး လက်ဖမိုးကလေးတွေကလည်း ဖောင်းကြွလာသည်။ ဝမ်းဗိုက်ကလည်း မို့မို့မောက်မောက် ဖြစ်လာသည်။ ထိုအခါ သီတင်းသုံးဖော် ဘိက္ခုနီမတွေက-

“အရှင်မ၊ သင့်ကိုယ်အခြေအနေက ကိုယ်ဝန်ရှိတာနဲ့ တူနေပါလား၊ ဘာကြောင့် ဒီလို ဖြစ်လာတာလဲ” လို့ စုံစမ်းမေးမြန်းကြလေသည်။

“အရှင်မတို့ ဘုရား၊ ဘာ့ကြောင့် ဒီလိုဖြစ်လာတယ်ဆိုတာကို တပည့်တော်မတော့ မသိပါဘုရား၊ ဒါပေမယ့် တပည့်တော်မရဲ့ သီလကတော့ ပြည့်စုံစင်ကြယ်နေပါတယ် ဘုရား” လို့ သူဌေးသမီး ဘိက္ခုနီမကလေးက စိတ်အားငယ်စွာနှင့် ပြောရှာလေသည်။

ထိုဘိက္ခုနီမတွေက အရှင်ဒေဝဒတ်၏ ဩဝါဒခံတွေဖြစ်

http://www.dhammadownload.com



သည့်အတွက် ထိုအမှုကို အရှင်ဒေဝဒတ်အား လျှောက်ထားတင်ပြကြလေသည်။

"အရှင်ကြီး ဒေဝဒတ်ဘုရား၊ ဟောဒီ အမျိုးသမီးကလေးဟာ သဒ္ဓါတရားကောင်းမွန်စွာနဲ့ ခင်ပွန်းလင်ကို တောင်းပန်ပြီး ခဲခဲယဉ်းယဉ်းနဲ့ ရှင်ရဟန်းပြုခဲ့ရရှာပါတယ်ဘုရား။ ဒါပေမယ်လို့ ယခုတော့ သူ့မှာ ကိုယ်ဝန်ရှိပုံရနေပါတယ်ဘုရား။ တပည့်တော်မတို့တော့ ဒီအမျိုးသမီးရဲ့ ကိုယ်ဝန်ဟာ လူ့ဘဝတုန်းက ရခဲ့လေသလား၊ ရှင်ရဟန်း ဖြစ်ပြီးမှ ရလေသလားဆိုတာ မသိကြပါဘုရား။ အဲဒါကို ဘယ့်နှယ်စီမံရပါမလဲဘုရား"လို့ လျှောက်ထား တင်ပြကြသည်။

ထိုအခါ အရှင်ဒေဝဒတ်သည် မိမိကိုယ်တိုင်က အဖြစ်မှန်ကိုလည်းမသိ၊ သည်းခံခြင်း၊ ချမ်းသာစေလိုခြင်း၊ သနားခြင်းကလည်း မရှိသောကြောင့် ဤသို့ဆင်ခြင်လေ၏။ "အင်းခက်တာပဲ၊ ဒီဘိက္ခုနီမကလေးကို ဒီအတိုင်း လက်ခံထားယင်တော့ ဒေဝဒတ်ရဲ့ ဂိုဏ်းက ဘိက္ခုနီမတွေမှာ ကိုယ်ဝန်ရှိတယ်၊ ဂိုဏ်းဆရာကြီး အရှင်ဒေဝဒတ်ကလည်း သိလျက်သားနဲ့ ကိုယ်ဝန်ရှိတဲ့ဘိက္ခုနီမကို လက်ခံထားတယ်လို့ အများတကာတွေက ကဲ့ရဲ့ကြတော့မှာပဲ။ ဒါကြောင့် ဒီဘိက္ခုနီမလေးကို အမြန်နှင်ထုတ်မှ တော်မှာပဲ" ဟု ကြံပြီး အရှင်ဒေဝဒတ်က မစူးစမ်း မဆင်ခြင်တော့ဘဲ "မြန်မြန်သာ နှင်ထုတ်လိုက်ကြပေတော့"ဟု တစ်ချက်လွှတ် အမိန့်ချလိုက်လေ၏။

ထိုအခါ ဘိက္ခုနီမကလေးက ဆရာထေရီမကြီးတွေကို-

"အရှင်မကြီးတို့ဘုရား၊ တပည့်တော်မဟာ အရှင်ဒေဝဒတ်၏ သာသနာမှာ ရှင်ရဟန်းပြုတာ မဟုတ်ပါဘုရား။ အမှန်ကတော့ လောက၌ အမြတ်ဆုံးဖြစ်တဲ့ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားရဲ့ သာ

http://www.dhammadownload.com



သနာတော်မှာ ရှင်ရဟန်း ပြုခဲ့တာပါဘုရား။ အလွန်ခဲယဉ်းစွာနဲ့ ရလာတဲ့ ဒီရှင်ရဟန်းဘဝကို တပည့်တော်မ အဆုံးရှုံးမခံနိုင်ပါ ဘုရား။ ဒါကြောင့် တပည့်တော်မကို မြတ်စွာဘုရားထံ ပို့ပေးတော်မူ ကြပါဘုရား" လို့ လျှောက်ထားတောင်းပန်ရှာ၏။ ထိုအခါ သီတင်း သုံးဘော်တွေက ထိုဘိက္ခုနီမလေးကို ရာဇဂြိုဟ်ပြည်မှ ၄၅-ယူဇနာ ဝေးကွာသော သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော် မြတ်စွာဘုရား ထံတော်သို့ ပို့ဆောင်ကြပြီးလျှင် မြတ်စွာဘုရားအား အကြောင်းစုံကို လျှောက်ထားကြလေ၏။

## ပရိသတ်၌ အဆုံးအဖြတ်ပေးခြင်း

ထိုအခါ မြတ်စွာဘုရားက ထိုသူဌေးသမီး ဘိက္ခုနီမမှာ လူ့ဘဝတုန်းက ရခဲ့သည့် ကိုယ်ဝန်ဖြစ်ကြောင်းကို သိတော်မူသော် လည်း တိတ္ထိတွေမှစ၍ အများသောလူထုတွေမှာ ယုံမှားသံသယ ကင်းရှင်းစေရန်အလို့ငှာ ကိုယ်တော်တိုင် ဆုံးဖြတ်တော်မမူဘဲ၊ ပသေနဒီကောသလမင်းကြီး, အနာထပိဏ်သူဌေးကြီး, စူဠအနာ ထပိဏ်သူဌေး, ဝိသာခါဒါယိကာမကြီးနှင့်တကွ ထင်ရှားသော အခြားလူကြီးလူကောင်းတို့ကိုလည်း စည်းဝေးစေပြီးလျှင် ပရိသတ် လေးပါးအလယ်မှာ အရှင်ဥပါလိမထေရ်အား စစ်ဆေးဆုံးဖြတ်စေ တော်မူ၏။

ထိုအခါ အရှင်ဥပါလိမထေရ်သည်လည်း ပရိသတ်လေး ပါးအလယ်တွင် မိမိအတွက် ခင်းထားသောနေရာ၌ ထိုင်တော်မူပြီး လျှင် မိမိ၏ရှေ့မှာ ဝိသာခါဒါယိကာမကြီးကိုခေါ်၍ ထိုအမှုကို စစ်ဆေးစေ၏။ ဝိသာခါ ဒါယိကာမကြီးသည် ကန့်လန့်ကာများကို ကာစေပြီးလျှင် ကန့်လန့်ကာအတွင်း၌ ဘိက္ခုနီမကလေး၏ လက်,

http://www.dhammadownload.com



ခြေ၊ ချက်၊ ဝမ်းဗိုက် အစရှိသည်တို့ကို ကြည့်ရှုပြီး လ၊ ရက် တို့ကို ချင့်တွက်ညှိနှိုင်းကြည့်သောအားဖြင့် လူ့ဘဝတုန်းက ရခဲ့သည့် ကိုယ်ဝန်ဖြစ်ကြောင်း မှန်ကန်စွာသိရသဖြင့် အရှင်ဥပါလိ မထေရ်အား အကြောင်းစုံကို ပြန်ကြားလျှောက်ထားလေသည်။ ထိုအခါ အရှင်ဥပါလိမထေရ်က ပရိသတ်လေးပါးအလယ်တွင် ထိုဘိက္ခုနီမကလေးကို သီလစင်ကြယ်သန့်ရှင်းသည့် ပရိသုဒ္ဓဖြစ်ကြောင်း အဆုံးအဖြတ် ပေးတော်မူလိုက်လေသည်။ ထိုဘိက္ခုနီမကလေးသည် နောက်ကာလ ကိုယ်ဝန်ရင့်သည့်အချိန်၌ ပဒုမုတ္တရမြတ်စွာဘုရားလက်ထက်တော်က တောင်းခဲ့သည့် ဆုထူးပါရမီနှင့်ပြည့်စုံ၍ ဘုန်းတန်ခိုးကြီးမားသော သားရတနာကို ဖွားမြင်လေသည်။

## ကုမာရကဿပ အမည်ရပုံ

တစ်နေ့သောအခါ ပသေနဒီကောသလမင်းကြီးသည် ဘိက္ခုနီမကျောင်းတိုက်အနီးမှ ဖြတ်သန်းသွားခိုက်မှာ ကလေးငိုသံကြားရ၍ အမတ်တို့ကို မေးတော်မူ၏။ အမတ်တို့ကလည်း ထိုအကြောင်းကို သိပြီးဖြစ်၍ "အရှင်မင်းကြီး၊ ဟိုတော်တော်ဆီတုန်းက ပရိသုဒ္ဓ အဆုံးအဖြတ် ပေးထားတဲ့ ဘိက္ခုနီမကလေးဟာ သားယောကျ်ားကလေး တစ်ပါး ဖွားမြင်ပါတယ်။ အဲဒီသူငယ်ကလေးရဲ့ ငိုသံ ဖြစ်ပါတယ်"လို့ သံတော်ဦးတင်ကြ၏။

ထိုအခါ မင်းကြီးက "ဘိက္ခုနီမမှာ ကလေးကိုလည်း ပြုစုရ၊ ဆွမ်းခံလည်း သွားရနဲ့ အလွန်ဒုက္ခများမယ်ဆိုတာကို မျှော်တွေးပြီး ထိုကလေးကို မိခင်ဘိက္ခုနီမထံမှ တောင်းယူစေခဲ့ပြီးလျှင် နန်းတော်တွင်းမှာပဲ ကျွေးမွေး စောင့်ရှောက်ရန် အထိန်းတော်တို့အား အပ်နှင်းလိုက်၏။ ထိုသူငယ်ကလေးရဲ့ အမည်ကို မူလရင်းက ကဿပ

http://www.dhammadownload.com



လို့ ခေါ်ပါသည်။ ယခုပြောခဲ့သည့်အတိုင်း ဘုရင်မင်းမြတ်က မွေးမြူတော်မူသည့်အတွက် ကုမာရ ဆိုသည့် ဝိသေသနနှင့်တကွ ကုမာရကဿပ ဟုခေါ်ကြပါသည်။

ထိုသူငယ်သည် ခုနစ်နှစ်အရွယ်သို့ ရောက်သောအခါ ဗုဒ္ဓသာသနာတော်မှာ ရှင်သာမဏေပြုပြီး အသက် နှစ်ဆယ်ပြည့်သောအခါ ရဟန်းအဖြစ်သို့ ရောက်ခဲ့ပေသည်။ ရဟန်းဖြစ်ပြီးသောအခါ၌လည်း အရှင်ကုမာရကဿပမထေရ်ဟု ခေါ်ကြလေသည်။

ဤအရှင်ကုမာရကဿပမထေရ်သည် ဤဝမ္မိကသုတ်တရားတော်၌ ဖော်ပြထားသည့်အတိုင်း ဝိပဿနာ ဘာဝနာကို ပွားများ၍ အရဟတ္တဖိုလ်သို့ ရောက်တော်မူပေသည်။ အရဟတ္တဖိုလ်သို့ရောက်၍ ရဟန္တာဖြစ်ပြီးသည့်နောက် ဆန်းကြယ်သောတရားစကားကို ဟောကြားတော်မူတတ်သည့်အတွက် မြတ်စွာဘုရားက ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးခြင်းကိုလည်း ခံယူရရှိတော်မူပေသည်။

## မယ်တော်လည်း ရဟန္တာဖြစ်မှု

အရှင်ကုမာရကဿပမထေရ်၏ မယ်တော်ဖြစ်သော ဘိက္ခုနီမမှာမူကား သားနှင့်ကွဲကွာရသည့်နေ့မှစ၍ သောကပရိဒေဝမီး တောက်လောင်လျက်ရှိနေခဲ့လေရာ တစ်နေ့သောအခါ၌ ဆွမ်းခံကြွနေစဉ် အရှင်ကုမာရကဿပ မထေရ်ကို တွေ့မြင်၍ "ချစ်သား ချစ်သား"ဟု ဟစ်အော်လျက် အရှင်ကုမာရကဿပမထေရ်၏ နောက်သို့ အပြေးအလွှား လိုက်သွားပြီးလျှင် မထေရ်၏ သင်္ကန်းကို ဆွဲကိုင်လေသည်။ ထိုအခါ အရှင်ကုမာရကဿပ မထေရ်သည် "အကယ်၍ ငါ့ထံမှ ချိုသာသောစကားကို ကြားရလျှင် မယ်တော်

http://www.dhammadownload.com



သည် သံယောဇဉ်ကြိုး ဖွဲ့တွယ်လျက် အကျိုးမဲ့ ဖြစ်သွားရှာလိမ့်မည်" ဟု နှလုံးသွင်းပြီးလျှင် "ဘာလုပ်နေသလဲ အမယ်ကြီး၊ ချစ်ခင်ခြင်း ကလေးကိုမျှ ယခုထက်ထိ မဖြတ်နိုင်ဘဲ ရှိနေသေးသလား"လို့ ခပ်ထန်ထန်ပြောဆိုလိုက်လေ၏။

ထိုအခါ မယ်တော်ဘိက္ခုနီမှာ ထိတ်လန့်ခြင်း သံဝေဂကို ရ၍ သားဟူသောချစ်ခြင်းကို ပယ်ဖြတ်ပြီးလျှင် တရားနှလုံးသွင်း အားထုတ်နိုင်သဖြင့် ထိုနေ့၌ပင်လျှင် **အရဟတ္တဖိုလ်**သို့ ရောက် သွားလေသတည်း။

ဤသည်ကား ဝမ္မိကသုတ်ကို ဟောရာတွင် အချိန် မကုန် စေရန်အတွက် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ခြွင်း ချန်ထားခဲ့သော ဝတ္ထုကြောင်းအကျဉ်းချုပ် ဖြစ်ပေသည်။ ဤဝတ္ထု ကြောင်းထဲတွင် မယ်တော်ဘိက္ခုနီမကလေးမှာ ကိုယ်ဝန်ပေါ်လာ ၍ အရှင်ဒေဝဒတ်က နှင်ထုတ်စေသောအခါ၌လည်းကောင်း၊ သား သူငယ်ကို ဖွားမြင်ပြီးနောက် သားသူငယ်ကို ထားခဲ့၍ ဆွမ်းခံသွား ရန် စိတ်မချဘဲ ဖြစ်နေသောအခါ၌လည်းကောင်း၊ သားသူငယ်ကို မင်းချင်းတို့က အတင်းလုယူသွားသောအခါ၌လည်းကောင်း ဿကာ ပရိဒေဝမီး ပြင်းစွာပူလောင်ပုံ စသည်တို့ကို အချို့သော ဓမ္မကထိက ပုဂ္ဂိုလ်တို့က အကျယ်ချဲ့၍ တရားနာပရိသတ်တို့အား မျက်ရည်ကျ လောက်အောင် ဟောကြားတော်မူတတ်ကြလေသည်။ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးသည်ကား ဝိပဿနာ လုပ်ငန်းစဉ် နှင့် မစပ်ဆိုင်လှသောကြောင့် အချိန်မကုန်စေရန်အတွက် ဤဝတ္ထု တစ်ခုလုံးကိုပင် ခြွင်းချန်ထားတော်မူခဲ့ပေသည်။

(၂) အချက်အရ ဝိပဿနာလုပ်ငန်းစဉ်နှင့်စပ်ဆိုင်ရာ၌

http://www.dhammadownload.com



ဝတ္ထုကြောင်းပင် ဖြစ်သော်လည်း အကျယ်တဝင့် ပေါ်လွင်စွာဖွင့်၍ ဟောကြားတော်မူပုံကို စာမျက်နှာ (၁၃) ရဟန်းတော် ၇-ပါး တောထွက်ခြင်းမှစ၍ ဖော်ပြသော စကားရပ်ဖြင့်သိအပ်၏။ ထို စကားရပ်တွင်လည်း စာမျက်နှာ (၂၈) ဗာဟိယဒါရုစီရိယ ဝတ္ထုဖြင့်လည်းကောင်း၊ စာမျက်နှာ (၃၁) ဟိတောပဒေသကျမ်းလာ ဒဏ္ဍာရီပုံပြင် ကလေးဖြင့်လည်းကောင်း အထူးမှတ်သားအပ်ပေသည်။ အကြောင်းမူကား ယခုခေတ်ကာလ၌ ပဋိပတ္တိဗဟုသုတ မပြည့်စုံသော အချို့ဆရာတို့က မိမိတို့၏ တပည့်များအား ရဟန္တာ မဟုတ်ပါဘဲ ရဟန္တာဟု ဆုံးဖြတ်ပေးခြင်း၊ သောတာပန်အရိယာ မဟုတ်ပါဘဲ သောတာပန်အရိယာဟု ဆုံးဖြတ်ပေးခြင်းတို့ကြောင့် အစပထမမှာတော့ ဟုတ်သယောင်ယောင် ထင်ပြီးတော့ တော်တော်ကြာသောအခါ အချို့ရဟန္တာတုတွေက လူထွက်၍ ယရာဝါသ အိမ်ထောင်လောက အတွင်းသို့ ပြန်ရောက်ကုန်ခြင်း၊ အချို့ရဟန္တာတု၊ သောတာပန်တု,တွေကလည်း မိမိတို့ဟာ ရဟန္တာ မဟုတ်ကြောင်း၊ သောတာပန် မဟုတ်ကြောင်းများကို ကြေညာဝန်ခံခြင်း စသည်ဖြင့် မပြုလုပ်ကြ၍ သုတမရှိရှာကြသော တပည့်ပုဂ္ဂိုလ်တို့မှာ ထင်ယောင်ထင်မှားဖြစ်လျက် ဒုက္ခများကြရလေသည်။ ထိုသို့သော အဖြစ်ဆိုးနှင့် မတွေ့ကြုံရလေအောင် ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရားကြီးက သတိပေးသည့်အနေဖြင့် ထိုဗာဟိယဝတ္ထုနှင့် ဒဏ္ဍာရီပုံပြင်ဝတ္ထုကို အကျယ်တဝင့် ထုတ်ပြခြင်း ဖြစ်ပေသည်။

http://www.dhammadownload.com



(၃-၄-၅) အချက်များအရ သာသနဓမ္မ လမ်းကြောင်း အတိုင်းသာလျှင် ဟောကြားတော်မူလေ့ရှိခြင်း အစရှိသော ကျန်ထူး ခြားချက် သုံးမျိုးတို့ကိုမူ ဤနိဒါန်း၌ အထူးထုတ်ပြရန် မလိုတော့ပါ၊ ဤဝမ္မိကသုတ်တရားတော်စာအုပ်ကို ဖတ်ရှုခြင်းဖြင့်ပင်လျှင် ၎င်း တို့ကို အထင်အရှား တွေ့သွားကြပါလိမ့်မည်။

သို့ဖြစ်၍ ဤဝမ္မိကသုတ်တရားတော် စာအုပ်ကို အစ, အလယ်, အဆုံး အကုန်လုံး စေ့စပ်သေချာစွာ အခါခါ ဖတ်ရှုကြပြီး လျှင် တကယ်လက်တွေ့ ဝိပဿနာလုပ်ငန်းစဉ်နှင့် စပ်သော ထုတ် ဖော်ညွှန်ကြားချက်များကို မှတ်သားကြ၍ မဂ်ဉာဏ်, ဖိုလ်ဉာဏ် နိဗ္ဗာန်သို့ ဆိုက်ရောက်သည်တိုင်အောင် ဝိပဿနာ ဘာဝနာတရား ကို ပွားများမယုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

**ဦးသံဝရ**

| | |
|---|---|
| သာသနာ ၂၅၀၉-ခု၊ | ကမ္မဋ္ဌာနာစရိယ |
| မြန်မာ ၁၃၂၇-ခု၊ | သိရီပဝရဓမ္မာစရိယ |
| ကဆုန်လဆုတ် ၁၀-ရက် | သာသနာ့ရိပ်သာ၊ရန်ကုန်မြို့။ |

http://www.dhammadownload.com

# ဓမ္မစကြာသုတ်တရားတော်

## ပထမပိုင်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## တရားပလ္လင်အခြေခံ

ယနေ့ည ဟောမည့် တရားကတော့ **ဓမ္မစကြာသုတ်** တရားတော်ကြီးပဲ။ **ဓမ္မစကြာသုတ်**တရား ဆိုတာ တောင်ပို့ကြီးကို ဥပမာပြုပြီး ဟောထားတဲ့ တရားတော်ပဲ ဖြစ်ပါတယ်။ ဒီတရားတော်ကို နိကာယ်ငါးရပ်ရှိတဲ့အနက်က မဇ္ဈိမနိကာယ်မှာ၊ အဲဒီနိကာယ်မှာလည်း ပဏ္ဏာသသုံးကျမ်း ရှိတဲ့အနက်က မူလပဏ္ဏာသ ပါဠိတော် ဩပမ္မဝဂ်မှာ သင်္ဂါယနာတင်ထားပါတယ်။ ဒီသုတ်ကို ဟောမယ်ဆိုယင် သူ့ရဲ့အတ္ထုပ္ပတ္တိအကြောင်း နိဒါန်းက စပြီး ဟောရလိမ့်မယ်။

## သုတ်၏နိဒါန်း

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူစဉ်က တစ်ညဥ့်သော အခါကာလမှာ **အရှင်ကုမာရကဿပ** ဆိုတဲ့ မထေရ်ဟာ ဇေတဝန်ကျောင်းတော်ရဲ့

http://www.dhammadownload.com



မြောက်ဘက်က **အန္ဓတော**မှာ သီတင်းသုံးနေပါတယ်။

မြတ်စွာဘုရား လက်ထက်တော် အခါကာလတုန်းကဆို ယင် **ဝိဝေက**ရပြီး ဆိတ်ဆိတ်ငြိမ်ငြိမ် နေလိုကြတဲ့ ရဟန်းတော်တွေရော, ရဟန်းမိန်းမ ထေရီမတွေရော ဒီအန္ဓတောမှာ သွားရောက်ပြီး သီတင်းသုံးနေလေ့ရှိကြပါတယ်။ ဟိုအခါတုန်းကတော့ ဒီအန္ဓတောဆိုတာဟာ သာမန်ပုဂ္ဂိုလ်တွေ အသွားအလာ အရောက်အပေါက်နည်းပြီး အင်မတန် ဆိတ်ငြိမ်တဲ့ နေရာကြီးပေါ့။ ဒါပေမယ့် ယခုနေအခါမှာ ဆိုရင်တော့ အဲဒီ**အန္ဓတောကြီး** နေရာမှာ ယာခင်းတွေကိုသာ တွေ့ရပါတော့တယ်။

ဘုန်းကြီးတို့ အိန္ဒိယ သွားရောက်ခဲ့စဉ်တုန်းက မြတ်စွာဘုရား ၁၉-နှစ်ပတ်လုံး ဝါကပ် သီတင်းသုံးရာဖြစ်တဲ့ ဇေတဝန်ကျောင်းတော်နေရာကို သွားရောက်ပြီး အာရုံပြုခဲ့ကြ, ကြည်ညိုခဲ့ကြပါတယ်။ ဇေတဝန်ကျောင်းတော် ဆိုတာကလည်း ကျောင်းပျက်ကုန်းကြီး ဖြစ်နေတာကို တွေ့ရပါတယ်။ အဲဒီ ကုန်းမြေကွက်ထဲမှာ ရှေးက ကျောင်းအဆောက်အအုံတွေရဲ့ တည်နေရာဖြစ်တဲ့ အုတ်မြစ် အစအနကလေးတွေနဲ့ ရေတွင်းဟောင်းကြီးတွေ ဒါလောက်ပဲ တွေ့ရပါတော့တယ်။ ဇေတဝန်ကျောင်းတော်ရဲ့ မြောက်ဘက်က အန္ဓတောကြီးဆိုတာကလည်း ယခုနေအခါမှာဆိုရင်တော့ သစ်ပင်တို့ တောတို့ဆိုတာ မတွေ့ရသလောက်ပဲ ဖြစ်နေပါပြီ။ ယာခင်းတွေကိုပဲ တွေ့ရပါတော့တယ်။ ဒါပေမယ်လို့ ဘုရားလက်ထက်တော် အခါတုန်းကတော့ ဒီနေရာ ဒီဒေသတွေဟာ လူသာမန်တွေ မသွားဝံ့လို့ လူသူ အရောက်အပေါက် နည်းပြီးတော့ အင်မတန်ဆိတ်ငြိမ်မှုရတဲ့ တောအရပ်ကြီးပေါ့။

http://www.dhammadownload.com



# ပြဿနာတစ်ဆယ့်ငါးခု ပေးသွားတယ်

အဲဒီအန္တောအရပ်မှာ သီတင်းသုံးနေတုန်း တစ်ညဥ့်သောအခါကာလမှာ **အရှင်ကုမာရကဿပ**ထံကို ဗြဟ္မာကြီးတစ်ဦးက ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာနဲ့ လာရောက်ပြီးတော့ လျှို့ဝှက်နက်နဲတဲ့ ပြဿနာတစ်ဆယ့်ငါးခုကို ပေးသွားပါတယ်။ အဲဒီပြဿနာ တစ်ဆယ့်ငါးခု ပေးသွားပုံကို ရှေးဦးစွာ နာကြားပြီး ကြည်ညိုကြရအောင် သုတ္တန်မူရင်းအတိုင်း ပါဠိကို ဘုန်းကြီးက ရွတ်ပြမယ်။ ဒါပေမယ့် သူပြောသွားပုံ ပါဠိတွေကို အကုန်ရွတ်ပြနေရင်တော့ အချိန်တွေအများကြီးကုန်သွားလိမ့်မယ်။ ဒါကြောင့် နမူနာပြအနေနဲ့ နည်းနည်းလောက်ပဲ ရွတ်ပြမယ်။ ကဲ-အဲဒါကို စူးစိုက်ပြီး နာကြပေတော့။

**အထ ခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ အန္ဓဝနံ ဩဘာသေတွာ ...**

**အဘိက္ကူ အဘိက္ကူ အယံ ဝမ္မိကော ရတ္တိံ ဓူမာယတိ၊ ဒိဝါ ပဇ္ဇလတိ၊ ဗြာဟ္မဏော ဧဝမာဟ "အဘိက္ခဏ သုမေဓ သတ္ထံ အာဒါယာ"တိ၊ အဘိက္ခဏန္တော သုမေဓော သတ္ထံ အာဒါယ အဒ္ဒသ လင်္ဂိံ၊ လင်္ဂီ ဘဒ္ဒန္တေတိ၊ ဗြာဟ္မဏော ဧဝမာဟ-"ဥက္ခိပ လင်္ဂိံ၊ အဘိက္ခဏ သုမေဓ သတ္ထံ အာဒါယာ"တိ၊ အဘိက္ခဏန္တော သုမေဓော သတ္ထံ အာဒါယ အဒ္ဒသ ဥဒ္ဓုမာယိကံ၊ ဥဒ္ဓုမာယိကာ ဘဒ္ဒန္တေတိ**-စသည်ဖြင့်-

ဒီလို ပါဠိဘာသာစကားနဲ့ ဗြဟ္မာကြီးက **အရှင်ကုမာရကဿပ**ကို ပြောပါတယ်။ မဇ္ဈိမဒေသလို့ခေါ်တဲ့ အိန္ဒိယနိုင်ငံမှာ ဘုရားလက်ထက်တော် ကာလတုန်းက ယခုပိဋကတ်တော်တွေမှာ ရှိတဲ့ ပါဠိဘာသာ စကားမျိုးနဲ့ပဲ အချင်းချင်း ပြောဆိုလေ့ရှိကြတယ်၊

http://www.dhammadownload.com



မြို့ကလူတွေရော, တောနယ်က လူတွေရော, ယောကျ်ားတွေရော, မိန်းမတွေရော, လူကြီးတွေရော, လူငယ်တွေ ကလေးတွေရော အဲဒီခေတ်အခါတုန်းက ဆိုယင် ဒီပါဠိ ဘာသာစကားကိုပဲ ပြောကြပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက **အရှင်ကုမာရကဿပ**ကို ဒီပါဠိ ဘာသာစကားနဲ့ပဲ ပြောပါတယ်။

**မာဂဓဘာသာ** လို့ခေါ်တဲ့ ပါဠိဘာသာစကားဆိုတာ ဗြဟ္မာတွေမှာတော့ အခါခပ်သိမ်း အမြဲသုံးစွဲနေတဲ့ စကားဖြစ်တယ်လို့ **မာဂဓဘာသာ**ကို အလေးအမြတ်ပြုတဲ့ ပါဠိကျမ်းဂန် ဆရာတွေက အဆုံးအဖြတ်ပေးထားကြပါတယ်။ လူ့ပြည်လောကမှာ ဆိုယင်တော့ လူတွေက တစ်ခါတစ်ရံပါဠိဘာသာပြောကြ, တစ်ခါတစ်ရံ လည်းတခြား ဘာသာစကားပြောကြနဲ့ ဘာသာစကားတွေကို အမျိုးမျိုး ပြောင်းလဲပြောဆိုနေကြတယ်။ ဒါပေမယ့် ဘုရားလက်ထက်တော် အခါကာလတုန်းကတော့ အဲဒီအိန္ဒိယနိုင်ငံမှာ ပါဠိဘာသာစကား ပြောနေကြတဲ့အခါဖြစ်တယ်။ ဒါကြောင့် မြတ်စွာဘုရား ဟောထားတဲ့ တခြားဒေသနာတွေလိုပဲ ဒီသုတ္တန် မှာလည်း ပါဠိဘာသာနဲ့ပဲ တည်ရှိနေပါတယ်။ အဲဒါကို အနက် အဓိပ္ပါယ်ပါ နားလည်ပြီး ကြည်ညိုကြရအောင် ဘုန်းကြီးက ရှေးဦးစွာ မြန်မာပြန် အနက်ပေးပြီးတော့ ဆောင်ပုဒ်ကလေးတွေကိုလည်း နှုတ်တိုက်ချပြီးမှ အဓိပ္ပါယ်ကို တစ်ပိုဒ်ချင်း ရှင်းပြောသွားမယ်။

**ဘိက္ခု ဘိက္ခု**- ရဟန်း ရဟန်း။ ဒါက အရှင်ကုမာရကဿပကို ရှေးဦး စပြီးခေါ်လိုက်တဲ့ စကားတဲ့။ "ဘိက္ခု ဘိက္ခု- ရဟန်း ရဟန်း"လို့ ဒီလိုနှစ်ခွန်းထပ်ပြီး ပြောတာကတော့ ပါဠိလို အာမေဍိတ် စကားလို့ခေါ်တယ်။ အရေးကြီးတဲ့အနေနဲ့ အလန့်တကြား ပြောတဲ့စကားလို့ ဆိုလိုပါတယ်။ မြွေကြီး မြွေကြီး၊ မီးမီး-

http://www.dhammadownload.com



စသည်ဖြင့် အလျင်စလို အလန့်တကြား ပြောတာမျိုးပေါ့။

**ဘိက္ခု ဘိက္ခု**- ရဟန်း ရဟန်း။ **အယံ ဝမ္မိကော**- ဤ တောင်ပို့ကြီးသည်။ **ရတ္တိံ**-ညဉ့်အခါ၌။ **ဓူမာယတိ**- မီးခိုးတလူလူ ထွက်လျက်ရှိ၏။ **ဒိဝါ**- နေ့အခါ၌။ **ပဇ္ဇလတိ**- မီးတောက်မီးလျှံ ထွက်လျက်ရှိ၏။ ပြဟ္မာကြီးပြောပုံကို စဉ်းစားကြည့်ကြစမ်း။ ဘာမျှ အစအစပ် အဆက်အသွယ် စကားကို မပြောဘဲနဲ့ စစချင်း "ရဟန်း ရဟန်း၊ ဒီတောင်ပို့ကြီးဟာ ညမှာ မီးခိုးထွက်နေတယ်၊ နေ့မှာ မီးတောက်ထွက်နေတယ်"လို့ အလန့်တကြား ပြောလိုက်တာ ဟာ အနီးအပါးမှာ ဒီလိုတောင်ပို့ကြီး တကယ်ကိုရှိနေသလိုပဲ။ အဲဒီ တောင်ပို့ကြီး အကြောင်းကတော့ နောက်ကျမှ ရှင်းပြောရမယ်။

**ဘိက္ခု ဘိက္ခု**၊ ရဟန်း ရဟန်း။ **အယံ ဝမ္မိကော**- ဤ တောင်ပို့ကြီးသည်။ **ရတ္တိံ**၊ ညဉ့်အခါ၌။ **ဓူမာယတိ**- မီးခိုးတလူလူ ထွက်လျက်ရှိ၏။ **ဒိဝါ**- နေ့အခါ၌။ **ပဇ္ဇလတိ**- မီးတောက်မီးလျှံ ထွက်လျက်ရှိ၏။ **ဗြာဟ္မဏော**- ဗြာဟ္မဏဆရာကြီးက။ **သုမေဓ**- ကောင်းသော ဉာဏ်ပညာနှင့် ပြည့်စုံသော တပည့်လူလိမ္မာကလေး ကို။ **ဧဝံအာဟ**-ဤသို့ အမိန့်ပေးစေခိုင်းလေသည်။ **သုမေဓ**- ကောင်းသောပညာနှင့် ပြည့်စုံသော ငါ့တပည့်လူရည်ချွန်ကလေး။ **သတ္ထံ အာဒါယ**- ပေါက်တူးလက်နက်ကို စွဲကိုင်၍။ **ဣမံ ဝမ္မိကံ**- ဤတောင်ပို့ကြီးကို။ **အဘိက္ခဏ**- မပြတ်တူးဖြိုလိုက်ပါလော့။ **ဣတိ**- ဤသို့ အမိန့်ပေးလေသည်။ သုမေဓော၊ ကောင်းသော ဉာဏ်ပညာနှင့် ပြည့်စုံသော တပည့်လူရည်ချွန်ကလေးသည်။ **သတ္ထံ အာဒါယ**- ပေါက်တူး လက်နက်ကို စွဲကိုင်၍။ **အဘိက္ခဏန္တော**- ဆရာကြီး၏ အမိန့်အတိုင်း မပြတ်တူးလတ်သော်။ **လင်္ဂိံ**-တံခါး မင်းတုပ် တံခါးဂလန့်ကို။ **အဒ္ဒသ**-တွေ့မြင်လေ၏။ **ဘဒ္ဒန္တေ**-အရှင်

http://www.dhammadownload.com



ဆရာကြီး။ **လဂ်ိ** - ဟောဒီမှာ တံခါးမင်းတုပ်ကြီးပါဘုရား။ **ဣတိ**- ဤသို့ တပည့်က ပြောလေသည်။ **ဗြာဟ္မဏော**- ဗြာဟ္မဏ ဆရာကြီးက။ **စဝံ အာဟ**- ဤသို့ထပ်၍ အမိန့်ပေးပြန်လေသည်။ **လဂ်ိ** - တံခါးမင်းတုပ်ကို။ **ဥက္ခိပ**- ထုတ်ပယ် ပစ်လိုက်။ **သုမေဓ**၊ ကောင်းသောဉာဏ်ပညာနှင့် ပြည့်စုံသော ငါ့တပည့် လူရည်ချွန် ကလေး။ **သတ္ထံ အာဒါယ**- ပေါက်တူးလက်နက်စွဲကိုင်၍။ **အဘိ က္ခဏ**- မပြတ်မစဲ တူးမြဲ တူးဦးလော့။ **ဣတိ**- ဤသို့ အမိန့်ပေးပြန် လေသည်။ **သုမေဓော**၊ ကောင်းသောဉာဏ်ပညာနှင့် ပြည့်စုံသော တပည့် လူရည်ချွန်ကလေးသည်။ **သတ္ထံ အာဒါယ**- ပေါက်တူး လက်နက်ကို စွဲကိုင်၍။ **အဘိက္ခဏန္တော**- မပြတ်ဆက်၍ တူးလတ် သော်။ **ဥဒ္ဓုမာယိကံ**- တို့တိုင်း တို့တိုင်း ဖောင်းကြွ၍ ကြီးလာ တတ်သော ဖားကို။ **အဒ္ဒသ**- တွေ့မြင်လေ၏။ **ဘန္တေ**- အရှင် ဆရာကြီး။ **ဥဒ္ဓုမာယိကာ**- ဟောဒီမှာ တို့တိုင်း ကြီးတတ်တဲ့ ဖားကြီး ပါဘုရား။ **ဣတိ**- ဤသို့တပည့်က ပြောကြားလေသည်။ ဤသို့ စသည်ဖြင့် ဗြဟ္မာကြီးက ပြဿနာတွေကို ပေးသွားတယ်။

အဓိပ္ပါယ် အတိုချုပ်ကတော့-တပည့်ပေါင်းများစွာကို ပညာသင်ကြားပေးနေတဲ့ ဗြာဟ္မဏဆရာကြီး တစ်ယောက်ရှိပါတယ် တဲ့။ အဲဒီ ဆရာကြီးဟာ သူ့တပည့်တွေကို မြို့ထဲမှာ သင်ပေးလို့ဖြစ်တဲ့ ပညာရပ်တွေကို မြို့ထဲမှာပဲ သင်ပေးတယ်။ မြို့ထဲတွင်ပဲ သင်ပေးလို့ မလုံလောက်တဲ့ ပညာရပ်တွေ၊ တောစခန်းကို သွားပြီး လက်တွေ့ သင်ပေးမှ ပြည့်စုံမည့် ပညာရပ်တွေကိုတော့ တောစခန်းကို သွား ရောက်ပြီး သုတေသနအနေနဲ့ လက်တွေ့သင်ပြပေးနေပါတယ်တဲ့။ ရှေးခေတ်တုန်းက တပည့်တွေကို ပညာသင်ပေးတဲ့ ဗြာဟ္မဏဆရာ ကြီးတွေဆိုတာ ယခုခေတ် ကျောင်းဆရာကြီးတွေမျိုးပါပဲ။ ယခု

http://www.dhammadownload.com



ခေတ် ယူနီဗာစီတီက ပါမောက္ခဆရာကြီးတွေလိုပဲ၊ ဟိုရှေးခေတ် တုန်းက ဒိသာပါမောက္ခ ဆရာကြီးတွေလို့လည်း ခေါ်ပါတယ်၊ အရပ်လေးမျက်နှာ, အရပ်ရှစ်မျက်နှာမှာ ထင်ရှားကျော်ကြားတဲ့ အကြီးအမှူး ဆရာကြီးတွေလို့ ဆိုလိုပါတယ်။ အမှန်မှာတော့ ယခုခေတ် ပါမောက္ခဆိုတဲ့ အမည်ဟာ ဟိုတုန်းက ဒိသာပါမောက္ခဆိုတဲ့ အမည် ကို ယူပြီးခေါ်တဲ့ အမည်ပါပဲ။

အဲဒီ ဒိသာပါမောက္ခ ပြာဟ္မဏဆရာကြီးဟာ တောစခန်းမှာ ပညာသင်ပေးနေရင်း အဲဒီတောစခန်းမှာ ထူးဆန်းတဲ့ တောင်ပို့ကြီးတစ်ခုကို တွေ့ရပါတယ်တဲ့။ ဘယ်လို ထူးဆန်းသလဲဆိုယင်အဲဒီ တောင်ပို့ကြီးက ညအခါ ညအခါမှာ မီးခိုးတွေတလူလူနဲ့ ထွက်နေပါတယ်။ နေ့အခါ နေ့အခါကျပြန်တော့လည်း မီးတောက် မီးလျှံတွေ ဝင်းဝင်းတောက်ပြီး ထွက်နေပါတယ်တဲ့။ အဲဒီလို ထူးဆန်းတဲ့ တောင်ပို့ကြီးကို တွေ့ရတဲ့အခါ ပြာဟ္မဏဆရာကြီးက သူ့တပည့်လူလိမ္မာ တစ်ယောက်ကို အဲဒီတောင်ပို့ကြီးကို အတူးခိုင်းပါသတဲ့။ ဆရာက စိတ်ချပြီး ခိုင်းရမည့် တပည့်ဆိုတာ အစစ အရာရာမှာ ထူးချွန်တဲ့သူ ဖြစ်ရပါမယ်။ ဒါကြောင့် ဒီတပည့်ရဲ့ ဂုဏ်ကို "**သုမေဓ** -ကောင်းသော ဉာဏ်ပညာနဲ့ပြည့်စုံတဲ့ လူရည်ချွန်ကလေး" လို့ ဒီလို ချီးမွမ်း ဖော်ပြထားပါတယ်။

ခိုင်းပုံကတော့ ငါ့တပည့် လူရည်ချွန်ကလေး၊ ဟောဒီမှာ တောင်ပို့ကြီးကွဲ့၊ ဒီတောင်ပို့ကြီးဟာ တယ်ထူးဆန်းတယ်။ ညညမှာ မီးခိုးတွေတလူလူနဲ့ ထွက်နေတယ်၊ နေ့ကျတော့လည်း မီးတောက် မီးလျှံတွေ ထွက်နေတယ်။ အင်မတန်ပဲထူးတယ်။

ဒါကြောင့် ဒီတောင်ပို့ကြီးထဲမှာ အဖိုးတန်ရတနာပစ္စည်း တစ်ခုခုတော့ ရှိရမယ်။ ဒီတော့ ငါ့တပည့် လူရည်ချွန်ကလေး၊ ပေါက်တူးလက်နက် စွဲကိုင်ပြီးတော့ ဒီတောင်ပို့ကြီးကို တူးဖြို စမ်းကွာလို့ အမိန့်ပေးလိုက်ပါတယ်။

http://www.dhammadownload.com



ဒီလိုအမိန့်ပေးလိုက်တော့ တပည့်လူရည်ချွန် လူလိမ္မာကလေးကလည်း ဆရာကြီးရဲ့ အမိန့်အတိုင်း ပေါက်တူးလက်နက်ကို စွဲကိုင်ပြီးတော့ တောင်ပို့ကြီးကို တစ်ချက်ပြီးတစ်ချက် အဆက်မပြတ် တူးနေပါတယ်တဲ့။ အဲဒီလို တူးလိုက်တဲ့အခါ ရှေးဦးစွာ ဘာကိုတွေ့သလဲဆိုတော့ တံခါးမင်းတုပ်- တံခါးဂလန့်ကြီးကို တွေ့ပါသတဲ့။ ဒီတော့ တပည့်လူလိမ္မာကလေးက "ဆရာရေ၊ ဟောဒီမှာ တံခါးမင်းတုပ်ကြီးကို တွေ့ရတယ်၊ ညညမှာ မီးခိုးတွေထွက်လို့၊ နေ့ကျတော့လည်း မီးတောက်မီးလျှံတွေ ထွက်နေတာဟာ သူ့သတ္တိနေမှာပဲ။ ဒီတံခါး မင်းတုပ်ကြီးရဲ့ သတ္တိနေမှာပဲ"လို့ ပြောလိုက်ပါတယ်။ အဲဒီတော့ ဆရာကြီးက "ဟေ့ ငါ့တပည့်၊ မဟုတ်သေးဘူးကွ၊ တံခါးမင်းတုပ် ဆိုတာ ဘယ်မှာ မီးခိုးမီးလျှံ လွှတ်တတ်မှာလည်း၊ အဲဒီ တံခါးမင်းတုပ်ကြီးကို ထုတ်ပယ်ပစ်လိုက်၊ ပေါက်တူးလက်နက်နဲ့ တူးမြဲပဲ ရှေ့ကို ဆက်တူးဦး"လို့ အမိန့်ပေးပါတယ်။ တံခါးမင်းတုပ်ကို ထုတ်ပယ်ပြီး ရှေ့ဆက်တူးလိုက်တော့ **ဥဒ္ဓုမာယိကာ**လို့ခေါ်တဲ့ ဖားကို တွေ့ရပြန်ပါသတဲ့။

**ဥဒ္ဓုမာယိကာ**ဖားဆိုတာ သူ့ကို တို့ပေးလို့ရှိယင် တို့တိုင်း တို့တိုင်း ဖောင်းပွ ဖောင်းပွပြီး ကြီးကြီးလာတဲ့ ဖားမျိုးတဲ့။ ဒီဖားမျိုးကို တချို့က တွေ့ဖူးကြပါလိမ့်မယ်။ ဒီဖားမျိုးက မိုးဦးကျတဲ့အခါမှာ ရေအိုင်ကွက်ကလေးတွေမှာ စုပြီး "အုံးအင် အုံးအင်"နဲ့ ဆူဆူညံညံ အော်တတ်တဲ့ အကောင်မျိုးပါပဲ။ အဋ္ဌကထာမှာ ပြထားတာကတော့ "ဒီဖားမျိုးက သစ်ရွက်ဆွေးတွေအကြား ချုံကြိုချုံကြားများထဲမှာ နေတတ်တယ်တဲ့။ အကောင်ရဲ့ ပမာဏကလည်း (နခပိဋ္ဌ) ခြေသည်းလက်သည်းခွံလောက်ပဲ ရှိတယ်၊ သိပ်ပြီးမကြီးလှဘူး"တဲ့။ ခြေမသည်းခွံလောက် ဆိုတောင်မှ သိပ်မကြီးလှဘူး။ ဘုန်းကြီးတို့

http://www.dhammadownload.com



တွေ့ဖူးတဲ့ ဒီဖားမျိုးကတော့ အဲဒါလောက်လည်း မငယ်လှဘူး၊ ဂုံညင်းဒိုးလောက် နီးပါး ရှိတာကို တွေ့ရတယ်။ အဋ္ဌကထာဆရာများက သီဟိုဠ်မှာတွေ့ရတဲ့ ဖားပမာဏကို ပြဟန်တူပါတယ်။ မြန်မာပြည်က **ဒီဥဒ္ဒုမာယိက** ဖားက အဲဒါထက် ထွားပြီးကြီးနေဟန်တူပါတယ်။ ဘုန်းကြီးတို့ မှတ်သားဖူးတာကတော့ အဲဒီဖားမျိုးကို ဖားအုံးလို့လည်း ခေါ်တယ်၊ ဖားခုံညင်းလို့လည်း ခေါ်တယ်။ ဒီအရပ်မှာတော့ ဘယ်လိုခေါ်သလဲ ဒကာကံ၊ (ဖားတလက်လို့ ခေါ်ပါတယ် ဘုရား)။ ဖားတလက်လို့ ခေါ်တာတော့ မကြားဖူးဘူး၊ ဒီဖားမျိုး မဟုတ်ပေဘူး ထင်တယ်။ အဲဒီ ဖားတလက်က ဘယ်လို ပုံသဏ္ဌာန်ရှိသလဲ၊ ရှေရှေလား၊ ဝိုင်းဝိုင်းလား။ (ဝိုင်းဝိုင်းပါဘုရား)။ အင်း ဒီလိုဆိုယင် ပုံသဏ္ဌာန်ကတော့ တူနေတာပဲ၊ ဘုန်းကြီး ယခုတရားဟောလာရင်း ရောက်ရာ ရောက်ရာမှာ မေးကြည့်ခဲ့တယ်။ ဒီဖားပြဿနာကိုက အတော်ရှင်းလာခဲ့ရတယ်။ တချို့ကလည်း ဖားပြုပ်လို့ခေါ်သတဲ့၊ ဖားပြုပ်ဆိုတာကတော့ ကျောမှာ ဆူးတွေနဲ့၊ အဆိပ်လည်းရှိတယ်၊ ဖားပြုပ်တော့ မဟုတ်ပါဘူး။ တချို့ကလည်း ဖားတလက်တဲ့၊ ဒကာကံ ပြောတဲ့ အတိုင်းပါပဲ၊ ဝိုင်းဝိုင်းဆိုတော့ ပုံသဏ္ဌာန်အနေအထားက တူနေတယ်၊ ဟုတ်ချင်လည်း ဟုတ်မှာပါပဲ။ အမည်ဝေါဟာရတွေ ဆိုတာ သူ့အရပ်နဲ့သူ အမျိုးမျိုးပဲ ခေါ်နေကြပါတယ်၊ ဘယ်အမည်သာ မှန်တယ်လို့ အခိုင်အမြဲ စွဲမထားရဘူးတဲ့။

မြတ်စွာဘုရားက **အရဏဝိဘင်္ဂသုတ်**မှာ ဟောထားတာရှိပါတယ်။ **ဇနပဒနိရုတ္တ**၊ ထိုထိုဇနပုဒ် ထိုထိုနယ်ပယ်မှာ ခေါ်ဝေါ်ပြောဆိုလေ့ရှိတဲ့ ဝေါဟာရ အမည်ပညတ်ကို၊ **နအဘိနိဝေသေယျ**၊ ဒီဝေါဟာရ, ဒီအမည်ပညတ်သာ မှန်တယ်လို့ အခိုင်အမြဲစွဲမထား

http://www.dhammadownload.com



ရဘူးတဲ့။ ဒါကြောင့် ဘုန်းကြီး တို့ကလည်း ကိုယ်ကြားဘူးတဲ့ အမည်သာ မှန်တယ်လို့ ဒီလိုစွဲလမ်းထားယင် နေရာမကျပေဘူး။ ဒကာကံတို့ အရပ်မှာ ဆိုတော့ ဒကာကံ ပြောတဲ့အတိုင်း ဖားတလက်ပြောမှ နေရာကျပုံ ပေါ်နေပါတယ်။ ဒါပေမယ့် တို့တိုင်း ကြီးတဲ့ ဖားဆိုယင်တော့ ဘယ်အရပ်က လူမဆို နားလည်နိုင်ပါတယ်။ ဒါကြောင့် တို့တိုင်း ကြီးတဲ့ဖား လို့ပဲခေါ်ကြပါစို့။ အဲဒီဖားကိုလည်း ထုတ်ပယ်လိုက်။ ရှေ့ဆက်တူးဦးလို့ ဆရာကြီးက ခိုင်းပြန်တယ်။ ရှေ့ကို ဆက်တူးပြန်တော့ လမ်းခွနှစ်မွှာကို တွေ့ပြန်တယ်။ ဒီနည်းဖြင့် တစ်ခုပြီးတစ်ခု အထူးအဆန်းတွေ တွေ့သွားလိုက်တာဟာ နောက်ဆုံးကျတော့ နဂါးကိုတွေ့ရပါသတဲ့။ အဲဒါတွေဟာ တောင်ပို့ကြီးက စပြီး နဂါးတိုင်အောင် လျှို့ဝှက်တဲ့ ပြဿနာပေါင်း ၁၅-ခုရှိပါတယ်။ အဲဒါတွေဟာ ပါဠိလို ပဟေဠိခေါ်တဲ့ စကားထာဝှက်တာမျိုးတွေပေါ့။ အဲဒါတွေကို အစဉ်အတိုင်း အလွယ်တကူ မှတ်ရအောင်လို့ ဆောင်ပုဒ်တစ်ခု စီထားတယ်။ အဲဒီဆောင်ပုဒ်ကို လိုက်ဆိုကြရမယ်။

## ပြဿနာတစ်ဆယ့်ငါးခု ခေါင်းစဉ်ဆောင်ပုဒ်

မီးခိုးညဥ့်ခါ၊ နေ့မှာမီးပျို့၊ တောင်ပို့မြင်လတ်၊ ဆရာမြွက်က၊ တပည့်လှအား၊ ပေါက်တူးသွားဖြင့်၊ ခွဲခြားစေရာ၊ ပေါ်လာမင်းတုပ်၊ ဖားယုတ်တွေ့ရ၊ လမ်းခွနှစ်မွှာ၊ ဆပ်ပြာရေစစ်၊ လိပ်ညစ်တလီ၊ ဓားစဉ်းတီနှင့်၊ တွေ့ပြီအသား၊ နတ်နဂါး၊ ဆယ့်ငါးဝှက်စာ အစဉ်တည်း။(ဓားစဉ်းတီတုံး၊ သားတစ်လုံးနှင့်၊ နောက်ဆုံးနဂါး၊ ပေါ်ထင်ရှားသည်၊ ဆယ့်ငါးဝှက်စာ အစဉ်တည်း-ဟု ဤသို့လည်း ပထမမူရှိ၏။ ယခုမူမှာ ပြင်ထားသော နောက်ဆုံးမူ ဖြစ်သည်)။

http://www.dhammadownload.com



ဒီဆောင်ပုဒ်ကို အစိပ္ပါယ်ရှင်းကြဦးစို့။ မီးခိုးညဉ့်ခါ ဆိုတာက ညဉ့်အခါမှာ မီးခိုးထွက်နေတယ်လို့ ဆိုလိုတယ်။ နေ့မှာ မီးပျို့- ဆိုတာက နေ့အခါကျတော့ မီးတောက်မီးလျှံ ထွက်နေတယ်လို့ ဆိုလိုတယ်။ အဲဒါက ဘာလဲလို့ဆိုတော့ တောင်ပို့ကြီးပဲလို့ ဆိုလိုတယ်။ အဲဒီ တောင်ပို့ကို ဆရာကြီးက မြင်တယ်။ မြင်တော့ သူ့တပည့်ကို ပေါက်တူးနဲ့ အတူးခိုင်းတယ်ဆိုတာကို အစဉ်အတိုင်း မှတ်ရအောင် "မီးခိုး ညဉ့်ခါ၊ နေ့မှာမီးပျို့၊ တောင်ပို့မြင်လတ်၊ ဆရာမြွတ်က၊ တပည့်လုအား၊ ပေါက်တူးသွားဖြင့်၊ ခွဲခြားစေရာ"လို့ ဆိုထားပါတယ်။

အဲဒီလို ခိုင်းတဲ့အတိုင်း ပေါက်တူးနဲ့ ခွဲခြား တူးဖြိုလိုက်တဲ့အခါ ဘာတွေကို တွေ့ရသလဲဆိုတော့ ရှေးဦးစွာ **တံခါးမင်းတုပ်**ကို တွေ့ရတယ်။ အဲဒီက နောက်ဆက်တူးတော့ **ဥဒ္ဓုမာယိက** ခေါ်တဲ့ **ဖား**ကို တွေ့ရတယ်။ အဲဒီကနောက် **လမ်းနှစ်ခွ**ကို တွေ့ရတယ်။ အဲဒီကနောက် **ဆပ်ပြာရေစစ်**ကို တွေ့ရတယ်။ အဲဒီကနောက် လိပ်ကို တွေ့ရတယ်။ အဲဒီကနောက် **ဓားနဲ့ စဉ်းတီးတုံး**ကို တွေ့ရတယ်။ အဲဒီကနောက် **သားတစ်**ကို တွေ့ရတယ်။ ဒီတော့ တပည့်က ဆရာရေ ဟောဒီမှာ သားတစ်ကို တွေ့ရပြန်ပြီလို့ ပြောသတဲ့။ ဒီတော့ ဗြာဟ္မဏဆရာကြီးက ငါ့တပည့်၊ အဲဒီသားတစ်ကိုလည်း ထုတ်ပယ် ပစ်လိုက်၊ ရှေ့ကိုဆက်တူးဦးလို့ နည်းတူပဲ အမိန့်ပေးပြန်သတဲ့။ အဲဒီကနောက်ဆက်တူးလိုက်တဲ့အခါမှာ **နဂါးကြီး**ကို တွေ့ပါရောတဲ့။ ဆရာရေ ဟောဒီမှာ နဂါးကြီးတွေ့နေပြီလို့ တပည့်ကပြောတော့ ဗြာဟ္မဏ ဆရာကြီးက-

**တိဋ္ဌတု နာဂေါ၊ မာ နာဂံ ဃဋ္ဋေသိ၊ နမော ကရောဟိ နာဂဿ။**

http://www.dhammadownload.com



**နာဂေါ**- နဂါးသည်။ **တိဋ္ဌတု**- တည်မြဲတည်ပါစေ၊ နေမြဲနေပါစေ။ **နာဂံ**- နဂါးကို။ **မာဃဋ္ဋေသိ**- မထိပါး မပုတ်ခတ်လေလင့်။ **နာဂဿ**- နဂါးမင်းအား၊ **နမော**- ရှိခိုးပူဇော်ခြင်းကို။ **ကရောဟိ**- ပြုပါလေ-လို့ ဆရာကြီးက ညွှန်ကြားပါသတဲ့။

အဲဒါဟာ ဗြဟ္မာကြီးက ပေးသွားတဲ့ ပဟေဠိခေါ်တဲ့ ဝှက်စာ ပြဿနာ တစ်ဆယ့်ငါးခုပါပဲ။

**တောင်ပို့ကြီး** ဆိုတာ ဘာကို ဆိုတာပါလိမ့်မလဲ၊ **မီးခိုး** ဆိုတာ ဘာကို ဆိုတာပါလိမ့်မလဲ စသည်ဖြင့် တွေးစရာတွေ၊ **နဂါး** ဆိုတာ ဘာကို ဆိုတာပါလိမ့်မလဲလို့ တွေးစရာတိုင်အောင် ပြဿနာပေါင်း တစ်ဆယ့်ငါးခု ရှိပါတယ်။ ဒါကြောင့် ဂဏန်းသင်္ချာနဲ့လည်း မှတ်ရအောင်လို့ **ဆယ့်ငါးဝှက်စာ** အစဉ်တည်းလို့ နိဂုံးချုပ်ထားပါတယ်။

ဗြဟ္မာကြီးက ဒီပြဿနာ တစ်ဆယ့်ငါးခုကို ပေးပြီးတော့ အရှင်ကုမာရကဿပကို ဒီလိုလည်း မှာကြားသွားပါတယ်။ အရှင်ရဟန်း၊ ဒီပြဿနာတွေကို မြတ်စွာဘုရားထံမှာ မေးလျှောက်ပါလေ။ မြတ်စွာဘုရားက ဖြေကြားတော်မူတဲ့ အတိုင်းသာ အနက်အဓိပ္ပါယ်ကို မှတ်ယူပါလေ။ ဒီပြဿနာတွေကို အမှန်အကန်ကျအောင် ဖြေဆိုနိုင်မည့်သူမှာ (၁) မြတ်စွာဘုရားရယ် (၂) မြတ်စွာဘုရားရဲ့ တပည့်သာဝကရယ် (၃) ကျွန်ုပ်ထံမှ နည်းရတဲ့သူရယ်၊ ဒီ ၃-ဦးသာရှိတယ်။ ဒီ ၃-ဦးမှတစ်ပါး တခြားပုဂ္ဂိုလ်တွေဟာ မဖြေနိုင်ဘူး။ ဒါကြောင့် မြတ်စွာဘုရားထံမှာမေးပြီး မှတ်ယူပါလေလို့လည်း မှာကြားပြီးတော့ ဗြဟ္မာ့လောက သူ့နေရာကို ပြန်သွားပါသတဲ့။

ဒီနေရာမှာ ဗြဟ္မာကြီးက ဒီပြဿနာတွေကို ဘယ်လို အဆက်အသွယ်ရှိလို့ ဘယ်လို ရည်ရွယ်ချက်နဲ့ လာပေးတယ်ဆိုတဲ့

http://www.dhammadownload.com



အကြောင်းလည်း ပြောဖို့လိုပါတယ်။ ဒါကြောင့် အဲဒီအဆက်အသွယ်နဲ့ အဲဒီရည်ရွယ်ချက်ကို သိရအောင် အတိတ်အကြောင်းကိုပြန်ပြီး ပြောပါဦးမယ်။

## အရှင်ကုမာရကဿပ၏ ရှေးအကြောင်း

**ကဿပမြတ်စွာဘုရား၏** လက်ထက်တော်က သာသနာတော်နောက်ပိုင်းမှာ အချို့သော ရှင်ရဟန်းတွေ အကျင့်ဖောက်ပြန်တာကို မြင်ရလို့ **သံဝေဂရကြတဲ့ ရဟန်းတော် ခုနစ်ပါး**ဟာ ဒီလို ဆင်ခြင်စဉ်းစားမိကြပါတယ်။ **သမ္မာသမ္ဗုဒ္ဓ**-မြတ်စွာဘုရား တစ်ဆူ တစ်ဆူ ပွင့်တော်မူရတယ် ဆိုတာဟာ လွယ်ကူတာမဟုတ်ဘူး။ အနည်းဆုံး လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကာလပတ်လုံး ပါရမီတော်တွေကို မနစ်မဆုတ် အားထုတ်ပြီး ဖြည့်ကျင့်နိုင်မှ ဘုရားအဖြစ်သို့ရောက်တော်မူရတယ်။ ဒီလိုဘုရားဖြစ်တော်မူပြီးမှ မဂ်ဖိုလ်နိဗ္ဗာန်ကိုရောက်ရန် အကျင့်မှန် တရားမှန်တွေကို ဟောတော်မူနိုင်တယ်။ ဒီလိုအင်မတန်ခဲယဉ်းစွာကျင့်ပြီး တည်ထောင်ရတဲ့ ဘုရားသာသနာတော်မှာ ငါတို့ရဲ့ သီတင်းသုံးဖော် အချို့ရှင်ရဟန်းတော်တွေဟာ အကျင့်သိက္ခာတွေကို ရှိသေစွာ မကျင့်ကြတော့ပါပဲလား။ အင်မတန် အဖိုးတန်တဲ့ ဒီသာသနာတော်ကြီးဟာ ဒီအတိုင်းသာသွားမယ်ဆိုယင် မကြာခင်ဘဲပျက်ရ ကွယ်ရတော့မယ်။ ဒီသာသနာတော်ကြီး မကွယ်မပျောက်သေးခင် ငါတို့ဟာ ဒီသာသနာတော်ကြီးကို အမှီပြုပြီးတော့ ထောက်ရာတည်ရာ, အားကိုးရာရအောင် အားထုတ်ဖို့ ကောင်းတယ်၊ အနှောင့်အယှက်ကင်းတဲ့ ဆိတ်ငြိမ်ရာတောအရပ်ကိုသွားပြီး စွန့်စွန့်စားစားအားထုတ်ကြစို့ရဲ့, ဒီလို ဆင်ခြင်စဉ်းစားပြီး တိုင်ပင်ကြပါတယ်။

http://www.dhammadownload.com



## ရဟန်းတော် ၅-ပါး တောထွက်ခြင်း

ဒီလိုသဘောတူတိုင်ပင်ပြီး သက်န်း သပိတ် ပရိက္ခရာ ရှစ်ပါးမျှနဲ့ တောအရပ်သို့ ကြွတော်မူကြပါတယ်။ တောအရပ်ရောက်တော့ တောင်ကြီးတစ်ခုပေါ် တက်ကြတယ်။ အဲဒီတောင်ကြီးပေါ်မှာ တောင်ထွတ်ကြီးတစ်ခုဟာ လှေကားမရှိယင် မတက်နိုင်လောက်အောင် တောင်စောက် တောင်ကလပ်ကြီး ဖြစ်နေပါသတဲ့။ ယခု မြန်မာပြည်က ပုပ္ပါးတောင်ကလပ်မျိုး ဖြစ်ဟန်တူပါတယ်။ အဲဒီ တောင်ကလပ်ကြီး တွေ့ကြတော့ ခုနစ်ပါးလုံး သဘောတူ လှေခါးထောင်ပြီး အဲဒီတောင်ကလပ်ပေါ်တက်ကြတယ်။ တက်ပြီးတဲ့နောက် သံဃာ့မထေရ်ကြီးက "ငါ့ရှင်တို့၊ ကိုယ်နဲ့ အသက်ကို ငဲ့ကွက်တွယ်တာလို့ရှိယင် ယခုကပဲ တောင်အောက်သို့ ဆင်းကြပါ၊ အားလုံးက သဘောတူယင် ယခုပဲ လှေကားကို လှဲလိုက်ပါတော့မယ်" လို့ ပန်ကြားပါတယ်။ ရဟန်းတော်ခုနစ်ပါးလုံးက သေသေကြေကြေ သက်စွန့်ကြိုးပမ်း တကယ်တမ်း အားထုတ်လိုတဲ့ စိတ်ဆန္ဒတွေ အလွန်ပြင်းပြနေကြတဲ့အတွက် တစ်ပါးမျှ မဆင်းကြဘူး၊ အားလုံးသဘောတူနေမြဲနေနေကြသတဲ့။ ဒီတော့ မထေရ်ကြီးက အားလုံး သဘောတူတာကို သိတဲ့အတွက် ထောင်ထားတဲ့ တောင်တက် လှေခါးကြီးကို လှဲချလိုက်ပါရောတဲ့။

## တောင်ပေါ်၌ ရဟန်း ၅-ပါး တရားအားထုတ်မှု

ဒီလိုလှေကားကို လှဲပြီးတဲ့နောက်မှာ ဒီရဟန်းတော်ခုနစ်ပါးဟာ တရားမှတစ်ပါး ဘာမျှအားကိုးစရာ မရှိတော့ဘူး။ သူတို့ဟာ တောင်အောက်ကို မဆင်းနိုင်တော့ဘူး။ ခုန်ချလိုက်ယင်လည်း သေဖို့ပဲရှိတော့တယ်။ သူတို့မှာပါလာတဲ့ ရေဆိုယင် ရေဘူး

http://www.dhammadownload.com



ကလေးနဲ့ နည်းနည်းလောက်ရှိမှာပေါ့။ အဲဒီရေကုန်သွားယင် ရေငတ်တာနဲ့လည်းသေနိုင်တယ်၊ ဆွမ်းကတော့ သူတို့မှာ နောက်နေ့အတွက်ဘာမျှစားစရာမရှိဘူး။ ဆွမ်းငတ်ပြီးတော့လည်း သေနိုင်တယ်။ အဘိညာဉ်နှင့်တကွ တရားထူးရပါမှပဲ သူတို့မှာ အသက်ရှင်ဖို့ရှိတော့တယ်။ ဒီလို သေခြင်းတရားက အလွန်နီးကပ်နေတော့ ဒီရဟန်းတော်တွေမှာ နောင်ရေးနောင်တာအတွက် ဘာမျှ စဉ်းစားဖို့၊ မျှော်တွေးဖို့ မလိုတော့ဘူး။ ဒါကြောင့် အဲဒီရဟန်းတော် ၇-ပါးဟာတရားကိုသာ အားကိုးပြီး၊ ပြင်းပြင်းထန်ထန် အားထုတ်ကြပါတယ်။ အဲဒီလို အပြင်းအထန် ကြိုးစားပြီး အားထုတ်တဲ့အတွက် အကြီးဆုံးသံဃာ့မထေရ်ကြီးဟာ တစ်ညလွန်တဲ့အခါ အာသဝေါ ကုန်ခန်းရဟန္တာအဖြစ်ကို ရောက်သွားပါသတဲ့။

တရားအားထုတ်ရာမှာ **မရဏာနုဿတိ**အရ သေခြင်းတရားကို နီးကပ်နိုင်သမျှ နီးနီးကပ်ကပ်ထားပြီး ဆင်ခြင်တာဟာ အင်မတန် ကျေးဇူးများစေတတ်ပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက သေခြင်းတရားကို အနီးမှာထားပြီး ရှုဖို့အတွက်-

**အဇ္ဇေဝ ကိစ္စ မာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ။**
**န ဟိ နော သင်္ဂရံ တေန၊ မဟာသေနေန မစ္စုနာ။**
လို့ဟောထားပါတယ်။

**အာတပ္ပံ**- သမ္မပ္ပဓာန် လုံ့လ ဝီရိယကို။ **ဝါ**- သမ္မပ္ပဓာန် လုံ့လ ဝီရိယဖြင့် ပြုသင့်ပြုထိုက်သောအမှုဟူသမျှကို။ **အဇ္ဇေဝ**- နက်ဖြန် သန်ဘက် နေ့ရက်မရွေ့ ယနေ့ပင်လျှင်။ **ကိစ္စံကာတဗ္ဗံ**- ပြုသင့်ပြုထိုက်၊ အားထုတ်သင့် အားထုတ်ထိုက်လှပေ၏။

ဖြစ်ဖူးတဲ့ အကုသိုလ်တွေကို ပယ်နိုင်အောင်၊ မဖြစ်သေးတဲ့အကုသိုလ်တွေ မဖြစ်လာအောင်၊ မဖြစ်ဘူးသေးတဲ့ ဒါန, သီလ,

http://www.dhammadownload.com



သမထ ဝိပဿနာ မဂ်ကုသိုလ်တွေဖြစ်အောင်၊ ဖြစ်ဖူးတဲ့ ကုသိုလ်တွေ ဖြစ်မြဲဖြစ်ပြီးတည်နေအောင်၊ တိုးတက်ပြည့်စုံသွားအောင် အားထုတ်မှုဆိုတဲ့ လုံ့လကို သမ္မပ္ပဓာန် လုံ့လလို့ခေါ်တယ်။ အဲဒီ သမ္မပ္ပဓာန်လုံ့လနဲ့ အားထုတ်သင့်တဲ့ လုပ်ငန်းတွေကို၊ အထူးအားဖြင့် ဝိပဿနာအလုပ်ကိစ္စကို နက်ဖြန်မှအားထုတ်မယ်၊ သန်ဘက်ခါမှ အားထုတ်မယ်စသည်ဖြင့် ရက်မရွှေ့ပါနဲ့၊ ဒီကနေ့ပဲ ချက်ခြင်း အားထုတ်ပါတဲ့။ ဒါက မြတ်စွာဘုရား အမိန့်တော်ပဲ၊ အင်မတန်ရှင်းနေပါတယ်။ နားလည်ကြရဲ့မဟုတ်လား။ နားလည်ယင် ဒီကနေ့ပဲ ကမ္မဋ္ဌာန်းကျောင်း ဝင်ကြရုံ ရှိတာပဲ။ ဒါပေမယ့် တို့ဒကာ, ဒကာမတွေက ဒီဘုရားအမိန့်ကိုတော့ တယ်လိုက်နိုင်ကြပုံမပေါ်ဘူး။ လူဝတ်ကြောင်တွေ ထားပါဦးတော့၊ ဘုန်းကြီးတို့ ရဟန်းတော်တွေထဲကတောင် ဒီဘုရားအမိန့်ကိုတော့ လိုက်နာဖို့ မလွယ်ကြဘူး၊ ခဲယဉ်းနေကြပါတယ်။ ဒါပေမယ်လို့ မြတ်စွာဘုရားကတော့ ဘုန်းကြီးတို့, ဒကာ ဒကာမတို့ကို သနားတော်မူလွန်းလို့ ဒီလိုပဲ ပြတ်ပြတ်သားသား တိုက်တွန်းထားတော်မူပါတယ်။

**အာတပ္ပံ**- သမ္မပ္ပဓာန် လုံ့လဝီရိယကို။ **ဝါ**- သမ္မပ္ပဓာန် လုံ့လဝီရိယဖြင့် ပြုသင့် ပြုထိုက်သော အမှုကိစ္စလုပ်ငန်းဟူသမျှကို။ **အဇ္ဇေဝ**- နက်ဖြန် သန်ဘက် နေ့ရက်မရွှေ့ ယနေ့ပင်လျှင်။ **ကိစ္စံ ကာတပ္ပံ**- ပြုအပ်ပြုထိုက် အားထုတ်ထိုက်လှပေ၏။ ဘာကြောင့်လဲလို့ ဆိုတော့- **သုဝေ**- နက်ဖြန်ခါ၌။ **မရဏံ**- သေရမည်, မသေသေးဘဲ ရှိနေဦးမည်ကို။ **ကော**- အဘယ်သူသည်။ **ဇညာ ဇာနေယျ**- ဧကန်တိတိ အမှန်တကယ် သိနိုင်ပါအံ့နည်း။

http://www.dhammadownload.com



နက်ဖြန်ခါကျလည်း အသက် မသေသေးဘဲ ရှိနေဦးမယ် ဆိုတာကို အတပ်မသိနိုင်လို့ပါဘဲတဲ့။ လူတွေကတော့ နက်ဖြန်ခါတွင် မကသေးဘူး၊ တော်တော်နဲ့ မသေနိုင်သေးပါဘူးလို့ချည်း ထင်နေကြပါတယ်။ ထင်တဲ့အတိုင်း မသေတာကဘဲ များပါတယ်။ ဒါပေမယ့် သေသွားကြတဲ့ လူတွေကို လိုက်ပြီး စစ်ကြည့်မယ်ဆိုယင် နက်ဖြန် မသေသေးဘူးလို့ ထင်နေလျက်နဲ့ သေသွားရတဲ့ လူတွေလည်း တော်တော်များများ ရှိနေပါတယ်။ ဒါကြောင့် နက်ဖြန်ခါ မသေသေး ဘူးလို့ ထင်တဲ့အတိုင်း မှန်နေတာဟာ အတပ်သိလို့ မဟုတ်ပါဘူး။ ဒီလို အတပ်မသိတဲ့အတွက် နက်ဖြန်ခါ မသေသေးဘူးလို့ ဘယ်သူမျှ အတိအကျ မဆိုနိုင်ပါဘူး။ အဲဒါ ဘာကြောင့်လဲဆိုလို့ရှိယင်-

**နဟိ နော သင်္ဂရံ တေန၊ မဟာသေနေန မစ္စုနာ-တဲ့။**

**မဟာသေနေန-** ရောဂါလက်နက် အဆိပ်စသည်ဖြင့် သေစေနိုင်ကြောင်း စစ်သည်ပေါင်းများစွာရှိသော။ **တေန မစ္စုနာ-** ထိုသေမင်းနှင့်။ **နော-** ငါတို့အား။ **သင်္ဂရံ-** မိတ်ဆွေဖွဲ့၍ ရက်ချိန်း ပေးထားခြင်း, တံစိုးလက်ဆောင် ပေးထားခြင်း, ခုခံတိုက်ခိုက် နိုင်အောင် စစ်သည်ဗိုလ်ပါ စုဆောင်းထားခြင်းမည်သည်။ **နတ္ထိ-** မရှိချေ။

သေမင်းကြီးနဲ့ မိတ်ဖွဲ့ပြီး ဘယ်နှစ်ရက်လောက် ဆိုင်းပါဦး၊ ဘယ်နှစ်ရက်ကျမှ လာပါရစေလို့ ဒီလိုခွင့်တောင်းလို့ ရက်ချိန်းပေး ထားတာများ ရှိကြရဲ့လား။ (မရှိပါဘုရား)။ မသေရအောင်, အသက် ရှည်ရှည်နေရအောင် သေမင်းကြီးထံ တံစိုးလက်ဆောင်များ ထိုး ထားတာရော ရှိကြရဲ့လား။ (မရှိပါဘုရား)။ လောကမှာတော့

http://www.dhammadownload.com



သေဒဏ် အပြစ်ရလောက်တဲ့ ပြစ်မှုရှိနေပေမယ်လို့ ငွေတွေထောင်နဲ့ သောင်းနဲ့ သိန်းနဲ့ချီပြီး တံစိုးလက်ဆောင် ပေးလိုက်ယင် အပြစ်ဒဏ်မှ လွတ်တတ်ပါတယ်။ လွတ်တဲ့သူတွေလည်း ရှိနိုင်ပါတယ်။ ဒီသေမင်း ကြီးကတော့ တံစိုးလက်ဆောင်ထိုးလို့လည်း မဖြစ်ဘူး။ ဒါကြောင့် အသေလွတ်အောင်၊ ကြာရှည်နေရအောင် တံစိုးလက်ဆောင် ပေးထားတာလည်း မရှိကြဘူး။ ပြီးတော့ လောကမှာ လူလူချင်း ဆိုတော့ ရန်သူကို ခုခံကာကွယ်ဖို့ စစ်သည်ဗိုလ်ပါ အင်အားတွေ စုထားနိုင်တယ်၊ အဲဒီ စစ်သည် ဗိုလ်ပါ အင်အားစုတွေနဲ့ တစ်ဖက် ရန်သူကို ခုခံနိုင်တယ်၊ တိုက်ခိုက် တွန်းလှန်နိုင်တယ်။ ဒီသေမင်းကြီး ကိုတော့ ဘယ်သူမျှ မခုခံနိုင်ဘူး၊ ခုခံနိုင်တဲ့ စစ်သည်ဗိုလ်ပါတွေ ဆိုတာ မရှိကြဘူး၊ ရှိကြရဲ့လား၊ (မရှိကြပါဘုရား)။ လောကမှာ တစ်ဦးနဲ့တစ်ဦး, တစ်ဖွဲ့နဲ့တစ်ဖွဲ့, တစ်နိုင်ငံနဲ့ တစ်နိုင်ငံ တိုက်ခိုက်ဖို့, ခုခံဖို့ လက်နက်အင်အားတွေ, စစ်သည် အင်အားတွေ စုဆောင်း ထားတာတွေ ရှိကြတယ်၊ အဲဒါတွေနဲ့ တစ်ဖက်ရန်သူကို ခုခံတိုက် ခိုက်နိုင်ကြတယ်။ ဒါပေမယ်လို့ ဒီ သေမင်းကြီးကိုတော့ ဘယ်သူမျှ, ဘယ်လက်နက်နဲ့မျှ, ဘယ်အင်အားစုနဲ့မျှ မခုခံနိုင်ဘူး၊ အကုန်လုံး အရှုံးပေးကြရတာချည်းပဲ။ ကမ္ဘာကျော် စစ်ဘုရင်ကြီးတွေ, စစ် သေနာပတိကြီးတွေ, သူရဲကောင်းကြီးတွေလည်း ဒီသေမင်းကြီးကျ တော့ အရှုံးပေးကြရတာချည်းပဲ။ ယခုလို ပြောခဲ့တဲ့အတိုင်း သေမင်း ကြီးထံက ရက်ချိန်းပေးထားတာလည်းမရှိဘူး၊ သေမင်းကြီးကို တံစိုး လက်ဆောင် ပေးထားတာလည်းမရှိဘူး၊ သေမင်းကြီးကို ခုခံနိုင် အောင် စစ်သည်ဗိုလ်ပါ အင်အားလဲမရှိဘူး။ ဒါကြောင့် နက်ဖြန်ခါ မသေသေးပါဘူးလို့ ဘယ်သူက ကေန်ပြောနိုင်မလဲ။ (မပြောနိုင်ပါ

http://www.dhammadownload.com



ဘုရား)။ အဲဒီလို မပြောနိုင်တဲ့အတွက် နက်ဖြန် သန်ဘက် နေ့ရက် မရှေ့ဘဲ၊ ဒီကနေ့ပဲ အားထုတ်ပါလို့ မြတ်စွာဘုရားက အရေးတကြီး တိုက်တွန်းတော်မူပါတယ်။

ဒီနေရာမှာ သေခြင်းတရားကို ဘယ်လောက်နီးနီးကပ်ကပ် နှလုံးသွင်းစေလိုတယ်ဆိုတာကို ဆက်ပြီးဖော်ပြပါဦးမယ်။ တစ်ချိန်က ရဟန်းပရိသတ်ကို မြတ်စွာဘုရားက သေခြင်းတရား နှလုံးသွင်းအောက်မေ့တဲ့ **မရဏာဿတိ**ကို ပွားကြရဲ့လားလို့ မေးတော်မူပါတယ်။ ဒီတော့ ရဟန်း ၆-ပါးက သူတို့ပွားများနေတဲ့အကြောင်းကို လျှောက်ကြပါတယ်။ ဘယ်လိုပွားသလဲလို့ မြတ်စွာဘုရားက ထပ်ပြီး မေးတော်မူတဲ့ အခါမှာ ပထမရဟန်းက တစ်နေ့နဲ့ တစ်ညလောက် အတွင်း မသေသေးဘဲ မြတ်စွာဘုရား အဆုံးအမတရားကို အားထုတ်လိုက်ရလျှင် ကောင်းမှာပဲလို့ နှလုံးသွင်းတဲ့အကြောင်း လျှောက်ပါတယ်။ ဒီရဟန်း နှလုံးသွင်းပုံက ဒီကနေ့တစ်ရက်လုံးတော့ မသေသေးဘူး၊ နက်ဖြန်ကျယင် သေချင်သေမယ်လို့ နှလုံးသွင်းတဲ့ သဘောပါပဲ။ ဒုတိယရဟန်းက တစ်နေ့ (၁၂-နာရီ) ခန့်အတွင်း မသေသေးဘဲ တရားအားထုတ်လိုက်ရလျှင် ကောင်းမှာပဲလို့ နှလုံးသွင်းတဲ့အကြောင်း လျှောက်ပါတယ်။ တတိယရဟန်းက ဆွမ်းတစ်ကြိမ် (တစ်နပ်)စား အတွင်းလောက် အားထုတ်ရလျှင် ကောင်းမှာပဲလို့ နှလုံးသွင်းတဲ့အကြောင်း လျှောက်ပါတယ်။ စတုတ္ထရဟန်းက ဆွမ်းလေးလုတ် ငါးလုတ်စားနေတဲ့အတွင်းလောက် အားထုတ်လိုက်ရလျှင် ကောင်းမှာပဲလို့ နှလုံးသွင်းတဲ့ အကြောင်း လျှောက်ပါတယ်။ ဒီလေးပါးလုံးကို မြတ်စွာဘုရားက မချီးမွမ်းဘူး၊ သေခြင်းတရားကို ခပ်ဝေးဝေး ခပ်နှေးနှေး နှလုံးသွင်းနေတယ်လို့ ကဲ့ရဲ့တော်မူပါတယ်။

http://www.dhammadownload.com



နောက် ပဉ္စမရဟန်းကတော့ ဆွမ်းတစ်လုတ်စား အတွင်းလောက် အားထုတ်ရလျှင် ကောင်းမှာဘဲလို့ နှလုံးသွင်းနေတဲ့ အကြောင်း လျှောက်ပါတယ်။ ဆဋ္ဌမရဟန်းကတော့ အသက် တစ်ရှူ တစ်ရှိုက် အတွင်းလောက် အားထုတ်လိုက်ရလျှင် ကောင်းမှာဘဲလို့ နှလုံးသွင်းတဲ့အကြောင်း လျှောက်ပါတယ်။ ဒီရဟန်းနှစ်ပါးကို မြတ်စွာဘုရားက ချီးမွမ်းတော်မူပါတယ်။ ဆွမ်းတစ်လုတ်စာ အတွင်း, အသက် တစ်ရှူတစ်ရှိုက် အတွင်းလည်း သေနိုင်တယ်လို့ နှလုံးသွင်းမှ သေခြင်းတရားကို နီးနီးကပ်ကပ် နှလုံးသွင်းသည်မည်ပါတယ်။ မမေ့မလျော့နေသည် မည်ပါတယ်။ **အာသဝေါ တီလေသာ** ကုန်ဖို့ရန်အတွက် **မရဏာဿတိ**ကို ထက်ထက်သန်သန် ပွားနေသည် လည်း မည်ပါတယ်တဲ့။ ဒါကြောင့် ဘုရားအလိုတော်ကျဆိုယင် သေခြင်းတရားကို နီးကပ်နိုင်သမျှ နီးကပ်အောင် နှလုံးသွင်းပြီး တင်းတင်းရင်းရင်း အားထုတ်ဖို့ လိုပါတယ်။ ဒါကြောင့် တောင်ပေါ် တက်ပြီး အားထုတ်ကြတဲ့ ဒီ ရဟန်းတော်တွေဟာလည်း နောက်ဆံမငင်ဘဲ တင်းတင်းရင်းရင်း အားထုတ်နိုင်အောင်လို့ လှေကားကို လှဲပြီး အားထုတ်ကြပါတယ်။ ဒီလို တင်းတင်းရင်းရင်းအားထုတ်တဲ့ အတွက် သံဃာ့မထေရ်ကြီးဟာ တစ်ည လွန်တဲ့အခါ ရဟန္တာ ဖြစ်တော်မူပါတယ်။

တချို့ကတော့ အသက်ရှည်ရှည်နေပြီး ကြာရှည်စွာ တရားအားထုတ်နိုင်အောင်လို့ဆိုပြီးတော့ **အဂ္ဂိရတ်**ထိုးကြတယ်။ ဘာလုပ်ဖို့ **အဂ္ဂိရတ်**ထိုးကြသလဲလို့ သူတို့ကို မေးကြည့်တော့ အသက်ရှည်ရှည် နေရအောင်လို့တဲ့။ အသက်ရှည်တော့ ဘာလုပ်ဖို့လဲလို့ မေးကြည့် ပြန်တော့၊ တရားကို ကြာရှည်စွာ အပြင်းအထန်

http://www.dhammadownload.com



အားထုတ်ရအောင် လို့တဲ့ သူတို့က ပြောကြတယ်။ အဲဒီလို သူတို့ ပြောတာဟာ ဘုရားဟောနဲ့တိုက်ကြည့်ယင် မကိုက်ဘူး။ မြတ်စွာဘုရားအလိုတော်ကတော့ မကြာခင် သေမယ်လို့ ဒီလိုနှလုံးသွင်းမှ မသေခင်ဦးအောင် ဆိုပြီး တရားကို မြန်မြန်အားထုတ်မယ်၊ နောက်ဆန်မငင်ဘဲ တင်းတင်းရင်းရင်း ထက်ထက်သန်သန်လည်း အားထုတ်မယ်လို့ ဒီလို ရည်ရွယ်ချက်ရှိပါတယ်။ **အဋ္ဌိရုတ်** ဆရာတွေ အလိုကတော့ ရုတ်တရက်မသေနိုင်ဘဲ အကြာကြီးအသက်ရှည်ပြီး စိတ်ချလက်ချနဲ့ အားထုတ်နိုင်အောင်လို့ ဆိုပါတယ်။ မှုရင်း ကွဲနေပါတယ်။ ဘုန်းကြီးတို့ကတော့ အသက်ရှည်နေတဲ့အတွက် ကြာရှည်အားထုတ်နိုင်အောင်ဆိုတဲ့မှုကို မယုံကြည်ပါဘူး။ ဘာကြောင့်လဲဆိုယင်၊ ယခုလူတွေ အားထုတ်ကြတာဟာ သေမှာကို ကြောက်ကြလို့ မသေမီ တရားက ဦးအောင်ဆိုပြီး အားထုတ်ကြပါတယ်။ နောက်အနှစ်ပေါင်း ထောင်သောင်းတိုင်အောင် မသေသေးဘူးဆိုလို့ရှိယင်တော့ ဒီလူတွေဟာ ယခုလိုအလျှင်တလို အားထုတ်ကြမယ်မထင်ပါဘူး။

တရားအားထုတ်နေရင်းတောင်မှ သေဘေးနဲ့ ဝေးသေးတယ်ဆိုယင် တချို့က ခပ်ပေါ့ပေါ့ အားထုတ်နေတတ်ကြတယ်။ တရားအားထုတ်ပြီးတဲ့နောက်မှာ ဘာလုပ်ရဦးမယ်၊ ဘယ်လိုကြီးပွားချမ်းသာဦးမယ် စသည်ဖြင့် နောင်ရေးတွေ တွေးတောပြီးတော့လည်း အချိန်ဖြုန်းနေတတ်ကြသေးတယ်။ ဒါကြောင့် ဟိုတုန်းက တောင်ပေါ်တက်ပြီး အားထုတ်တဲ့ရဟန်းတော်တွေက ဒီလိုပေါ့လျော့မှုတွေ မရှိရအောင်လို့ လှေကားကိုလှဲပြီး အားထုတ်ကြတာ။ အကယ်၍ လှေကားက ရှိမြဲရှိနေမယ်ဆိုယင် ဆင်းချင်တဲ့အခါ ဆင်းနိုင်တဲ့အတွက် တောင်ပေါ်တက် အားထုတ်တာဟာ ဘာမျှအကျိုးထူး

http://www.dhammadownload.com



ပေါ်မှာ မဟုတ်ဘူး။ လှေကားကို လှဲပြီးတဲ့အခါကျတော့ ဒီရဟန်းတော်တွေမှာ လှေကားက မရှိတော့တဲ့အတွက် ဘာမျှ အားကိုးစရာ မရှိတော့ဘူး။ သေဖို့ရာက အလွန်နီးနေတဲ့အတွက် တရားကိုသာ အားကိုးပြီး မဲမဲသဲသဲ အားထုတ်နေကြတယ်။ ဒီလို မဲမဲသဲသဲ အားထုတ်ကြတဲ့အတွက် တစ်ညလွန်ကာမျှနဲ့ သံဃာ့မထေရ်ကြီးဟာ ရဟန္တာ ဖြစ်သွားတော်မူတယ်။ **ရဟန္တာ ဖြစ်တယ်ဆိုတာတလည်း ၂-မျိုးရှိပါတယ်**။ တချို့ပုဂ္ဂိုလ်က ရဟန္တာ ဖြစ်ပေမယ်လို့ သစ္စာ ၄-ပါးသိပြီး ကိလေသာကုန်ရုံလောက်ပဲ ထူးခြားတယ်။ ကောင်းကင်ပျံခြင်း အစရှိတဲ့ တန်ခိုး ဣဒ္ဓိပါဒ်နဲ့တော့ မပြည့်စုံဘူး။ ဒီလို ရဟန္တာလည်းရှိပါတယ်။ ဒီရဟန္တာမျိုးကို **သုက္ခဝိပဿကရဟန္တာ**လို့ ခေါ်ပါတယ်၊ "**ဈာန်အဘိညာဉ်** အဆီအစေးမပါဘဲ ခြောက်ခြောက်သွေ့သွေ့နဲ့ ရှုမှတ်ပြီး အရဟတ္တဖိုလ်ရောက်တဲ့ ရဟန္တာ"လို့ ဆိုလိုပါတယ်။ တချို့ကတော့ မူလကတည်းက ဈာန်အဘိညာဏ်တွေရပြီး ဝိပဿနာရှုလို့ ရဟန္တာဖြစ်သွားတယ်၊ တချို့ ကလည်း ရဟန္တာဖြစ်တဲ့ အခါ ဈာန်အဘိညာဉ်ပါ တစ်ပါတည်း ပြည့်စုံသွားတယ်။ ဒီလို အရဟတ္တမဂ်ရတာနဲ့ တစ်ပါတည်းပြည့်စုံသွားတဲ့ **ဈာန်အဘိညာဉ် တို့မဂ္ဂသိဒ္ဓိဈာန်** လို့ ခေါ်ပါတယ်၊ "မဂ်ဖြင့်ပြီးစီးပြည့်စုံတဲ့ ဈာန်" လို့ ဆိုလိုပါတယ်။ ဒီလို ဈာန်အဘိညာဉ်ရော ပြည့်စုံတဲ့ ရဟန္တာ ကတော့ ကောင်းကင်ပျံခြင်း အစရှိတဲ့ **တန်ခိုးဣဒ္ဓိပါဒ်**တွေနဲ့လည်း ပြည့်စုံတယ်။ ယခုပြောနေတဲ့ သံဃာ့မထေရ် ရဟန္တာကြီးမှာတော့ အရဟတ္တမဂ်ကိုရတာနဲ့ ဈာန်အဘိညာဉ်တွေပါ တစ်ပါတည်း ပြည့်စုံတော်မူတယ်။ ဒါကြောင့် ဒီရဟန္တာ မထေရ်ကြီးက ဈာန်အဘိညာဉ် တန်ခိုးနဲ့ ကောင်းကင်ကကြွပြီး ဆွမ်းခံလို့ သီတင်းသုံးဖော်တွေ အတွက် ဆွမ်းကိုယူဆောင်ခဲ့ပြီး တရားကျင့်ဖော် ရဟန်းတော်တွေကို

http://www.dhammadownload.com



"ငါ့ရှင်တို့၊ အားမလျှော့ကြနဲ့၊ ကြိုးစားပြီး အားထုတ်ကြ၊ ဟောဒီမှာ သင်တို့အတွက် ဆွမ်းတွေကို ငါယူလာခဲ့တယ်၊ ဒီလိုပဲ ငါ့ရှင်တို့ကို ငါက နေ့စဉ်ပြုစုနေမယ်။ ဒီဆွမ်းကို ဘုဉ်းပေးပြီး ကြိုးစား အားထုတ်ကြ" လို့ ဒီလိုဖိတ်မန်ပါသတဲ့။ ဒီတော့ အဲဒီ ရဟန်းတော် ၆-ပါးက "တပည့်တော်တို့ မေးလျှောက်ပါရစေ။ တပည့်တော်တို့ အားမထုတ်မီက ပထမဆုံး တရားထူးရတဲ့ပုဂ္ဂိုလ်က ဆောင်လာခဲ့တဲ့ ဆွမ်းကို စားပြီး ကျန်တဲ့ပုဂ္ဂိုလ်များ တရားအားထုတ်ရမယ်"လို့ ဒီလိုကတိ ကဝတ်ပြုထားတာ ရှိပါသလားလို့ မေးကြတယ်။ မရှိပါဘူးလို့ ပြန်ကြားတဲ့အခါ၊ ဒီလိုဆိုယင် "တပည့်တော်တို့မှာလည်း အရှင်ဘုရားကဲ့သို့ပင် တရားထူးရဖို့အကြောင်း **ဥပနိဿယ**ရှိယင် အရှင်ဘုရားလိုပဲ ပြည့်စုံပါလိမ့်မယ်။ အဲဒီလိုပြည့်စုံအောင် အားထုတ်ကြပါမယ်။ အရှင်ဘုရားပေးတဲ့ ဆွမ်းကိုစားနေယင် တပည့်တော်တို့မှာ ပေါ့လျှော့ပြီး အချိန်ကြာမြင့်ဖို့ ဖြစ်ပါလိမ့်မယ်" လို့ ဆိုပြီး ရဟန္တာမထေရ်ပေးတဲ့ဆွမ်းကို လက်မခံဘဲ ငြင်းပယ်ကြတယ်။ ဒါကြောင့် ရဟန္တာမထေရ်လည်း သင့်လျော်ရာ ကြွတော်မူပါတယ်။

နောက်တစ်နေ့ကျပြန်တော့ ဒုတိယမထေရ်က အနာဂါမိမဂ်ဖိုလ် ရောက်ပြီး အနာဂါမ် ဖြစ်တော်မူပြန်ပါသတဲ့။ အဲဒီ ကျန်တဲ့ ရဟန်းတော် ၆-ပါးထဲမှာ ဒီမထေရ်က အကြီးဆုံးပါပဲ။ ဒီမထေရ်မှာလည်း အနာဂါမ် ဖြစ်တာနဲ့တစ်ပြိုင်နက် **ဈာန်အဘိညာဉ်**တွေပါ တစ်ပါတည်း ပြည့်စုံတော်မူပါတယ်။ ဒါကြောင့် ဒီမထေရ်ကလည်း **အဘိညာဉ်တန်ခိုး**နဲ့ ကြွပြီး ဆွမ်းများကို ယူဆောင်လာခဲ့တယ်။ ရှေးနည်းတူပဲ တရားကျင့်ဖော်များကို ဖိတ်မန်ပါတယ်။ ဒီတော့လည်း ကျန်တဲ့ ရဟန်းငါးပါးက "ပထမ တရားထူးပေါက်တဲ့ ပုဂ္ဂိုလ်ရဲ့ ဆွမ်းကို လက်မခံဘဲ ဒုတိယ ပေါက်ရောက်တဲ့ ပုဂ္ဂိုလ်ရဲ့ဆွမ်းကို

http://www.dhammadownload.com



လက်ခံစားရမယ်"လို့ ကတိကဝတ် ရှိပါသလားလို့ မေးပြီးတော့၊ အဲဒီလို ကတိကဝတ် မရှိတဲ့အကြောင်း ပြန်ကြားတဲ့အခါမှာ ရှေးနည်းတူပဲ လက်မခံဘဲ ငြင်းပယ်လိုက်ကြပြန်ပါသတဲ့။ တယ်ကြည်ညိုစရာကောင်းတဲ့ အရှင်မြတ်တွေပဲ။ ရဟန္တာ မထေရ်မြတ်က ကျွေးတဲ့ဆွမ်းကိုလည်းမစားဘူး၊ အနာဂါမ် မထေရ်မြတ်က ကျွေးတဲ့ဆွမ်းကိုလည်း မစားဘူး။ နှစ်ရက်ဆိုတော့ တော်တော်တောင် ဆာနေကြပါလိမ့်မယ်။ ဒါတောင် မစားဘဲ သေသေကြေကြေဆိုတဲ့ ဇွဲစိတ်နဲ့ ကိုယ့်ကိုယ်ကို အားကိုးပြီး အားထုတ်မြဲ အားထုတ်နေလိုက်ကြတာဟာ ကြည်ညိုစရာ မကောင်းဘူးလား။ (ကြည်ညိုစရာ ကောင်းလှပါတယ်ဘုရား)။

ဒီတော့ အနာဂါမ်မထေရ်လည်း သင့်လျော်ရာကို ကြွသွားတော်မူတယ်။ ကျန်တဲ့ ရဟန်းငါးပါးလည်း အားထုတ်မြဲ ဆက်ပြီး အားထုတ်နေကြတယ်။ ဒါပေမယ်လို့ **ပါရမီဉာဏ်ရင့်**က မရင့်ကျက်သေးတဲ့အတွက် အဲဒီရဟန်းတော်ငါးပါးမှာ တရားထူးကိုတော့ မရရှာကြဘူး။ အစာတော်, ရေဝတ်ပြီး ပျံလွန်တော်မူရှာကြတယ်။ ဒီနေရာမှာ သဒ္ဓါတရားမရှိတဲ့သူတွေရဲ့ အမြင်နဲ့ဆိုလျှင် "ဒီကိုယ်တော်တွေမှာ တရားကျင့်တဲ့အတွက် အများကြီး ဆုံးရှုံးနစ်နာသွားရှာကြတယ်"လို့ ထင်ကောင်း ထင်ကြပေလိမ့်မယ်။ အမှန်မှာတော့ မနစ်နာပါဘူး။ တစ်ဘဝ တစ်ခါသေရတယ်ဆိုတာ မထူးဆန်းပါဘူး။ မိမိတို့ကိုယ်ကို ဘယ်လိုယုယုယယ ပြုစုနေပေမယ်လို့ တစ်နေ့ကျ သေမှာပဲ။ အဲဒီလိုသေတဲ့ အခါမှာ ဘဝကောင်းတွေ ရောက်ဖို့ ထောက်ရာတည်ရာကို ရပြီးတော့ စင်စင်ကြယ်ကြယ်နဲ့ သေဖို့က အရေးကြီးပါတယ်။ အမူမဲ့ အမှတ်မဲ့နဲ့ ပေါ့ပေါ့နေတုန်း သီလလောက်တောင် မစင်ကြယ်ဘဲ သေသွားမယ်ဆိုယင် အဲဒါကမှ

http://www.dhammadownload.com



ကြောက်စရာကောင်းတာ။ အပါယ်လေးပါးလည်း ကျသွားနိုင်တယ်။ ယခုဒီကိုယ်တော် ငါးပါးမှာတော့ တရားအားထုတ်ရင်း သေသွားတဲ့အတွက် သီလကလည်း အပြည့်အစုံ စင်ကြယ်တယ်၊ သမာဓိ, ပညာ, တွေလည်း ထိုက်သည်အားလျော်စွာ ပြည့်စုံနေတယ်။ ဒါကြောင့် ဒီလိုစင်စင်ကြယ်ကြယ်နဲ့ သေရတာကို ကောင်းမြတ်သော သေခြင်းလို့ မြတ်စွာဘုရားက ဟောထားပါတယ်။ ဒီလို ကောင်းမြတ်သော သေခြင်းနဲ့ သေသွားကြတဲ့အတွက် ဒီကိုယ်တော်တွေမှာ အရှုံးမရှိပါဘူး။ အများကြီး အမြတ်တွေ ရသွားပါတယ်။

## အမြတ်ရပုံ

အမြတ်ရပုံကတော့ ဒီ ကိုယ်တော်တွေက စုတေသည်၏အခြားမဲ့မှာ သူတို့ရဲ့ သီလ, သမာဓိ, ပညာ, ကုသိုလ်တွေရဲ့အစွမ်းကြောင့် နတ်ပြည်လောကမှာ အိပ်ရာက နိုးလာသလိုပဲ ဘွားခနဲ နတ်သားတွေ ဖြစ်သွားကြတယ်။ အိပ်ရာက နိုးလာတဲ့လူမှာ ဘာမျှ နာကျင်ခံခက်မှုဝေဒနာ မရှိတာလိုဘဲ၊ သူတို့လည်း လူ့ဘဝက စုတိစိတ် ကျလိုက်သည်နှင့် တစ်ပြိုင်နက် နတ်ပြည်မှာ ဘွားခနဲ နတ်သားတွေ ဖြစ်ကြတယ်။ ဘုံဗိမာန်တွေ, အသုံးအဆောင်တွေ, နတ်သမီးအခြွေအရံတွေနဲ့ ဘာမျှလိုလေသေးမရှိအောင် ပြည့်စုံနေကြတယ်။ အဲဒါဟာ တစ်ဘဝတည်း မဟုတ်ဘူး။ **ကဿပမြတ်စွာဘုရား**လက်ထက်တော်က ယခု**ဂေါတမဘုရား**လက်ထက်အထိ နတ်ပြည် ၆-ထပ်မှာ အထက်ဘုံတွေ တက်ဖြစ်လိုက်၊ အောက်ဘုံတွေ ဆင်းဖြစ်လိုက်နဲ့ နတ်ပြည်မှာချည်း အစုန်အဆန် ကျင်လည်လာခဲ့ကြတယ်။ ဘုရား နှစ်ဆူတို့၏ အကြားကာလမှာ နတ်စည်းစိမ်တွေကို ဘဝဆက်တိုင်း ခံစားလာခဲ့ကြရတယ်။ ရောက်ရာဘဝမှာ နတ်စည်း

http://www.dhammadownload.com



စိမ်တွေနဲ့ ပျော်ရွှင်လို့၊ ဘဝပြောင်းပြန်တော့လည်း နတ်လောကမှာပဲ ဖြစ်ရမယ်ဆိုတာ သိတဲ့အတွက် ပျော်ပျော်ရွှင်ရွှင်နဲ့ပဲ ပြောင်းရတယ်။ အိမ်ကြီးအိမ်ကောင်းတစ်ခုက အိမ်ကြီးအိမ်ကောင်းတစ်ခုကို ပြောင်းပြီး နေထိုင်ရသလိုပါပဲ။ ယခု ဂေါတမဘုရားလက်ထက်ကျတော့မှ ကျွတ်တမ်းဝင်ဖို့ရာ အကြောင်းရှိလို့ လူ့ပြည်လောကကို ရောက်လာကြရတယ်။ ဘာမျှ အရှုံးမရှိပါဘူး၊ အားလုံး အမြတ်ချည်းပါပဲ။

## ခုနစ်နှစ်အရွယ် ရဟန္တာဖြစ်တယ်

အဲ-**တဿပဘုရား**လက်ထက်က အကြောင်းကို ပြန်ဆက်လိုက်ကြဦးစို့။ အဲဒီတုန်းက ရဟန္တာမထေရ်က အသက်တမ်းကုန်တဲ့အခါ ပရိနိဗ္ဗာန် ပြုသွားတော်မူတယ်။ အနာဂါမ် မထေရ်ကတော့ အဲဒီ ဘဝက ပျံလွန်တော်မူတဲ့အခါ **သုဒ္ဓါဝါသ** ခေါ်တဲ့ ဗြဟ္မာ့ဘုံ ရောက်ပြီးနေတယ်။ အဲဒီဗြဟ္မာကြီးက သူ့သီတင်းသုံးဖော် တရားကျင့်ဖက်တွေကို ဗြဟ္မာ့လောကကနေပြီး ကြည့်ရှုနေပါသတဲ့၊ အကူအညီပေးသင့်တဲ့အခါ အကူအညီပေးဖို့ပါပဲ။ နတ်ပြည်လောကတွေရောက် နေကြတာကို မြင်ရတဲ့အခါမှာ ကူညီဖို့ မလိုတဲ့အတွက် ကြောင့်ကြမစိုက်ဘဲ လျစ်လျူရှုနေခဲ့ပါတယ်။

## အရှင်ဒဗ္ဗမထေရ်

ယခု **ဂေါတမဘုရား**လက်ထက်မှာ ကြည့်လိုက်တဲ့အခါကျတော့ အဲဒီသီတင်းသုံးဖော် ငါးဦးထဲက တစ်ဦးက **အရှင်ဒဗ္ဗ**ဆိုတဲ့ မထေရ်ဖြစ်လို့ ခုနစ်နှစ်သားကပဲ ရဟန္တာဖြစ်နေတာကို တွေ့ရပါတယ်။ ခုနစ်နှစ်အရွယ်ဆိုတော့ အလွန်ငယ်ရွယ်သေးတဲ့ ကလေး

http://www.dhammadownload.com



သူငယ်ပဲ၊ ယခု ကာလ ခုနစ်နှစ်သားကလေးတွေနဲ့ နှိုင်းကြည့်မယ် ဆိုယင် အင်မတန် ငယ်ပါသေးတယ်။ ဒါပေမယ်လို့ ဟိုတုန်းက တောင်ပေါ်မှာ ပြင်းပြင်းထန်ထန်အားထုတ်ခဲ့ဖူးတဲ့ ပါရမီကြောင့် ခုနစ်နှစ်သားအရွယ်မှာ ရဟန္တာဖြစ်ရတယ်။ ယခုနေအခါမှာ ထိထိ ရောက်ရောက် အားထုတ်ထားတဲ့ သူတွေလည်း ယခုဘဝမှာ အကြောင်း မညီညွတ်လို့ မပြည့်စုံသေးပေမယ့် စိတ်အားငယ်စရာ မရှိပါဘူး။ ဒီ ဘုရားသာသနာအတွင်း နောက်ဘဝတွေမှာ ဖြစ်စေ၊ နောက်ဘုရား သာသနာမှာ ဖြစ်စေ အဲဒီ **အရှင်ဒဗ္ဗမထေရ်**လို လွယ်လွယ်ကူကူနဲ့ ရဟန္တာ ဖြစ်နိုင်ပါတယ်။

## ပုဏ္ဏသာတိမင်း

နောက်တစ်ဦးကတော့ တက္ကသိုလ်ပြည်မှာ **ပုဏ္ဏသာတိ** ဆိုတဲ့ မင်းကြီးဖြစ်နေတာကို တွေ့ရတယ်။ တက္ကသိုလ်ပြည်ဆိုတာ အိန္ဒိယပြည်ရဲ့ အနောက်မြောက် အစွန်မှာ ပန်ဂျပ်နယ်ထဲက ပက်ရှဝါ ဆိုတဲ့မြို့ရဲ့ တောင်ဘက်ဆီက အဲဒီ မြို့နယ်ထဲမှာပဲ တည်ရှိ ပါတယ်။ အဲဒီ **ပုဏ္ဏသာတိမင်းကြီး**လည်း ရာဇဂြိုဟ်က **ဗိမ္ဗိသာရ မင်းကြီး**ထံမှ ပေးလိုက်တဲ့ သဝဏ်လွှာအရ ဘုရား, တရား, သံဃာရဲ့ ဂုဏ်ကျေးဇူးတွေကို သိရတာနဲ့ ထွက်သက်ဝင်သက်ကိုရှုပြီး အာနာ ပါန ဈာန်များကိုလည်းရလို့ မြတ်စွာဘုရားကို ရည်မှန်းပြီး သူ့ဟာသူ ရဟန်းပြုခဲ့တယ်။ ရဟန်းပြုပြီးတော့ မြတ်စွာဘုရားကို ဖူးမြော်ဖို့ ထွက်လာခဲ့တယ်၊ ရာဇဂြိုဟ်မြို့ရောက်ပြီး အိုးထိန်းသည်ရဲ့ အိုးလုပ် တဲမှာ တည်းခိုနေခိုက် မြတ်စွာဘုရားကလည်း အဲဒီကို ကြွရောက်ပြီး **ဓာတုဝိဘင်္ဂသုတ်** တရားကို ဟောတော်မူလို့ အဲဒီသုတ်တရားကို နာရင်းပဲ **အနာဂါမ်** ဖြစ်သွားပါတယ်။ **အနာဂါမ်** ဖြစ်ပြီးနောက်

http://www.dhammadownload.com



မကြာခင်ဘဲ ရှေးကသူပြုထားတဲ့ အကုသိုလ်ကံကြောင့် ရန်ငြိုးရှိနေတဲ့ ဘီလူးမက နွားမယောင်ဆောင်ပြီး ဝှေ့သတ်လို့ ကွယ်လွန်ပြီးတော့ **သုဒ္ဓါဝါသ ဗြဟ္မာ့ဘုံ**ကို ရောက်သွားတယ်။ အဲဒီ ရောက်နေတာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့် ခုနက ပြောခဲ့တဲ့ **အရှင်ဒဗ္ဗနဲ့ ဒီပုက္ကုသာတိမင်း**တို့ အတွက်တော့ **ဗြဟ္မာကြီး**က အကူအညီပေးဖို့ မလိုတော့ပါဘူး။

နောက်တစ်ဦးကတော့ **သဘိယ** ဆိုတဲ့ **ပရိဗိုဇ်** ဖြစ်နေပါတယ်။ မှားယွင်းတဲ့ မိစ္ဆာအယူတွေကိုလည်း ယူနေပါတယ်။ အဲဒါကို **ဗြဟ္မာကြီး**က မြင်တော့ သူ့ထံကိုလာပြီး ပြဿနာ ၂၀-ကို ပေးပါတယ်၊ ပေးပြီးတော့ ရဟန်းသူမြတ်တွေကို မေးဖို့၊ ဖြေနိုင်တဲ့သူထံမှာ တပည့်ခံပြီး ကျင့်ဖို့လည်း မှာသွားပါတယ်။ **သဘိယ**လည်း အဲဒီ ပြဿနာတွေကို မေးမြန်းလို့ ဘယ်သူကမျှ မဖြေနိုင်တဲ့အခါ နောက်ဆုံးကျတော့ **မြတ်စွာဘုရား**ကိုပဲ မေးလို့ **မြတ်စွာဘုရား**က ဖြေကြားလိုက်တဲ့အခါမှာ သဘောကျလို့ သာသနာတော်မှာ ဝင်ရောက်ပြီး ရဟန်းပြုတယ်။ ရဟန်းပြုပြီး တရားအားထုတ်တဲ့အတွက် မကြာမီမှာပဲ **ရဟန္တာ** ဖြစ်သွားတယ်။

## ဗာဟိယဒါရုစီရိယ

နောက်တစ်ဦးကတော့ **ဗာဟိယ** တိုင်းပြည်မှာ ဖြစ်နေတယ်။ ဒါကြောင့် သူ့အမည်လည်း **ဗာဟိယ**လို့ပဲ ခေါ်ပါတယ်။ **ဗာဟိယ** တိုင်းပြည်မှာ ပင်လယ်ကူးသင်္ဘောကြီးနဲ့ ပင်လယ်ခြားနိုင်ငံတွေကူးပြီး ကူးသန်းရောင်းဝယ်ရေးလုပ်နေတဲ့ ကုန်သည်ကြီးတစ်ဦးပါပဲ။ ပင်လယ်ကူးပြီး ကုန်ရောင်းကုန်ဝယ် လုပ်ခဲ့တာ ခုနစ်ကြိမ်တိုင်တိုင် အောင်မြင်ခဲ့ပြီးနောက် ရှစ်ကြိမ်မြောက်မှာ **သုဝဏ္ဏဘူမိ**

http://www.dhammadownload.com



ခေါ်တဲ့အရပ်ကိုရည်ရွယ်ပြီး ကုန်တွေအပြည့်နဲ့ ပင်လယ်ကူးသင်္ဘောကြီး ထွက်လာခဲ့ပါသတဲ့။ ရှေးက ပင်လယ်ကူးသင်္ဘောဆိုတာ ရွက်သင်္ဘောကြီးပါပဲ။ **သုဝဏ္ဏဘူမိ**ဆိုတာ မြန်မာပြည် သထုံမြို့ပဲလို့ ရှေးက အများပဲ ယူဆလာခဲ့ကြပါတယ်။ ယခုတော့ သုတေသီပုဂ္ဂိုလ်တချို့က **စုမာတရကျွန်းကြီး**ကို **သုဝဏ္ဏဘူမိ** ခေါ်တယ်လို့ ဆိုကြပြန်တယ်။ အဲဒါဟာသုဝဏ္ဏဘူမိကို ကျွန်းလို့ဆိုတဲ့ အဋ္ဌကထာနဲ့တော့ ညီနေပါတယ်။ **ဗာဟိယ**ရဲ့ ပင်လယ်ကူး သင်္ဘောကြီးဟာ ပင်လယ်ထဲရောက်တော့ လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားတယ်၊ သင်္ဘောပေါ်ပါလာတဲ့ လူအများဟာ သေကြေပျက်စီးကုန်ရှာကြတယ်။ **ဗာဟိယ**မှာတော့ သေကံမရောက် သက်မပျောက်ဆိုတာလိုပဲ **ပစ္ဆိမဘဝိက** (နောက်ဆုံးဘဝသား) ဖြစ်တဲ့အတွက် သင်္ဘောပျက်က ပျဉ်ချပ်တစ်ခုကိုရတာနဲ့ အဲဒါကို တွယ်ကပ်ပြီးနေရင်း လှိုင်းပုတ်တာနဲ့ တဖြည်းဖြည်းချင်း ကမ်းစပ်ကို ရောက်လာသတဲ့။ ကမ်းစပ်ရောက်တဲ့အခါ ခေတ္တလောက် အမောအပန်းဖြေရင်း အိပ်ပြီးတော့ ထမင်းဆာတာနဲ့ ထမင်းတောင်းဖို့ စဉ်းစားပါတယ်။ ပင်လယ်ထဲမျောနေတုန်းက အဝတ်အစားတွေက ကျွတ်ကျနေရစ်လို့ ဟိရိဩတ္တပ္ပလုံရုံ အဝတ်ကို ပြုလုပ်ရပါသတဲ့။ ဘယ်လို လုပ်သလဲဆိုတော့ မရိုးပင်က အတံတွေကို လျှော်နဲ့ကွပ်ရက်ပြီး ဝတ်ပါတယ်တဲ့။ ဒီလိုသစ်သား ချောင်းတွေရက်ပြီးဝတ်လို့ သူ့ကို **ဒါရုစီရိယ**ဆိုတဲ့ ဂုဏ်ပုဒ်တစ်ခုတိုးပြီး **ဗာဟိယဒါရုစီရိယ**လို့ ခေါ်ပါတယ်။

အဲဒီလို တုတ်ချောင်းအဝတ်ကို ဝတ်ပြီးတော့ နတ်စင်တစ်ခုက အိုးခွက်အိုတစ်ခုကိုယူပြီး **သုပ္ပါရက** သင်္ဘောဆိပ်ရွာထဲကို ထမင်းသွားတောင်းပါသတဲ့။ **သုပ္ပါရက** သင်္ဘောဆိပ်ဆိုတာ **ဘုံဘေ** ကမ်းခြေမှာ ရှိပါတယ်၊ **ဘုံဘေမြို့**ရဲ့မြောက်ဘက် **နမ္မဒါမြစ်**ရဲ့

http://www.dhammadownload.com



မြစ်ဝအရပ်မှာ သောပါရ (စောပါရ)လို့ ခေါ်တဲ့ အရပ်ပါပဲ။ အဲဒီလို တုတ်ချောင်းတွေ စီရက်ထားတဲ့ အဝတ်နဲ့ အိုးခွက်စုတ်ကို ကိုင်ပြီး လာတာကို၊ ထူးထူးဆန်းဆန်းမြင်ကြရတော့ အဲဒီ**သုပ္ပါရက**ရွာက လူတွေက အင်မတန် အထင်ကြီးသွားကြတယ်။ "ဩော်-ဒီပုဂ္ဂိုလ်ကြီး ဟာ တယ်ထူးပါကလား၊ သူများလို ရိုးရိုး အဝတ်ကိုလည်း မဝတ်ဘူး၊ သူများလို စားခွက်ကောင်းကောင်းကိုလည်း မသုံးဆောင်ဘူး၊ ဧကန္တ ဒီပုဂ္ဂိုလ်ကြီးဟာ **ရဟန္တာ**ဖြစ်ဟန် တူတယ်"လို့ ချီးမွမ်းကြတယ်။ တချို့ကလည်း **ရဟန္တာကြီး**ဆိုပြီး အတိအလင်း ချီးမွမ်းကြတယ်။ ဒီလို ချီးမွမ်းပြီး မွန်မြတ်တဲ့ စားစရာတွေကိုလည်း အမြတ်တနိုး ပေးလှူပူဇော်ကြတယ်၊ အဝတ်အထည်ကောင်းတွေကိုလည်း ပေးလှူကြတယ်၊ ပုဂံကောင်း ခွက်ကောင်း တွေကိုလည်း ပေးလှူကြ တယ်။

ဟို ရှေးခေတ်က လူတွေဟာ အင်မတန် အံ့ဩစရာ ကောင်းတယ်။ ကြည့်စမ်း၊ အဝတ်မဝတ်တဲ့လူကိုလည်း ရဟန္တာလို့ ထင်ကြတယ်။ တုတ်ချောင်းတွေ စီရက်ပြီး **ဟိရိဩတ္တပ္ပ**လုံရုံ ဝတ်လာတဲ့ **ဗာဟိယ**ကိုလည်း **ရဟန္တာ**လို့ ချီးမွမ်းပြီး ပူဇော်ကြ, ကိုးကွယ်ကြတယ်။ အကြောင်း အခြေအမြစ်ကိုတော့ သူတို့ ဘာမျှ မစူးစမ်းမဆင်ခြင်ကြဘူး။ တော်တော်ကို အံ့ဩစရာ ကောင်းတဲ့လူ တွေပါပဲ။ ဒါကြောင့် ဟိုတုန်းက ဒီလိုကိုးကွယ်လာကြလို့ ယခုအခါ မှာ အခြေအမြစ်မရှိတဲ့ ဘာသာတွေလည်း ထွန်းကားနေတာပဲ။ ဟိုတုန်းက လူတွေသာ မဟုတ်သေးပါဘူး၊ ယခုခေတ် လူတွေထဲမှာ လည်း တစ်ချို့က နည်းနည်းပါးပါး ထူးဆန်းတယ်ဆိုယင် ထွက်ရ ပေါက်ပုဂ္ဂိုလ်ကြီးလိုလို၊ ရဟန္တာလိုလိုထင်ပြီး ယုံကြည် ကိုးကွယ်နေ ကြသေးတာပဲ။ သိပ္ပံပညာတွေ တိုးတက်နေတဲ့ ယခုခေတ်နဲ့တော့

http://www.dhammadownload.com



အဲဒီလို မစူးစမ်း မဆင်ခြင်ဘဲနဲ့ ယုံကြည်နေတာတွေဟာ တော်တော်ကို အဆင်မပြေပါဘူး။

ဒီလို **သုပ္ပါရက** ရွာသူရွာသားတွေက **ရဟန္တာ**လို့ ချီးမွမ်းပြီး လှူကြ၊ ပူဇော်ကြတော့ **ဗာဟိယ**က စဉ်းစားတယ်၊ "ငါ့ကို **ရဟန္တာ**ထင်ပြီး၊ လှူကြ၊ ပူဇော်ကြတာဟာ အဝတ်ကို မဝတ်တဲ့ အတွက်ပဲ။ ဒီတော့ သူတို့လှူတဲ့ အဝတ်ကို လက်ခံပြီး ဝတ်ယင် အကြည်ညို ပျက်သွားလိမ့်မယ်"လို့ စဉ်းစားပြီးတော့ စားဖွယ်တွေကိုသာ လက်ခံတယ်။ အဝတ်ကိုတော့ လက်မခံဘူး။ မူလက တုတ်တံတွေ စီရက်ထားတဲ့ အဝတ်နဲ့ပဲနေသတဲ့။ အဲဒီတော့မှ လူတွေက ပိုပြီးအထင်ကြီးလာ ပြီးတော့ ပိုပြီးအရိုအသေပြုကြ၊ လှူဒါန်းပူဇော်ကြသတဲ့။ ဟုတ်တယ်၊ ထူထူနနလူတွေဟာ ဒီလိုအံ့ဖွယ်ကို တွေ့ရယင် သိပ်ပြီးအထင်ကြီး တတ်ကြတယ်။ **ဗာဟိယ**ဟာ လူတွေက ရဟန္တာ၊ ရဟန္တာနဲ့ ချီးမွမ်းပြီး အရိုအသေ ပြုဖန်များလာတော့ သူ့ကိုယ်တိုင်ကလည်း ရဟန္တာလို့ ထင်လာသတဲ့၊ "လောကမှာ ရဟန္တာဆိုတာဟာ ငါလိုပုဂ္ဂိုလ်တွေနဲ့တူတယ်" လို့ အထင်ကြီးလာသတဲ့။ လူဆိုတာ အများက ဝိုင်းပြောယင် ဇဝေဇဝါ ဖြစ်သွားတတ်တယ်။ အဲဒီလိုဖြစ်တတ်ပုံကို **ဟိတောပဒေသကျမ်း**မှာ ဒဏ္ဍာရီ ပုံပြင်လေး တစ်ခု ပြထားတယ်။

## ဆိတ်က ခွေးဖြစ်ခြင်း

ဗြာဟ္မဏ ဆရာကြီးတစ်ယောက်ဟာ ယစ်ပူဇော်ဖို့ ဆိတ်ကလေးတစ်ကောင်ကို ဝယ်ပြီး ထမ်းဆောင်လာပါသတဲ့။ အဲဒါကို လူပေလူတေတစ်စုက မြင်တော့ အဲဒီဆိတ်ကို အချောင်ရအောင် အကြံထုတ်ကြတယ်။ ဗြာဟ္မဏဆရာကြီး လာမည့်လမ်းကစောင့်ပြီး

http://www.dhammadownload.com



ဆိတ်ကို ခွေးဖြစ်အောင်ပြောဖို့ အချင်းချင်း တိုင်ပင်ညှိနှိုင်းကြပြီး အသီးအသီး နေရာယူပြီး နေကြတယ်။ ပထမဆုံးနေရာမှာ စောင့်နေတဲ့လူက ပြာဟ္မဏဆရာကြီး ရောက်လာတော့ "ဖိုး့ဆရာကြီး၊ ခွေးကို ဘာလုပ်ဖို့ ထမ်းလာသလဲဗျ" လို့ ပြောသတဲ့။ ဒီတော့ ဆရာကြီးက "ဟေ့အကောင်၊ ငါထမ်းလာတာဟာ ခွေးမဟုတ်ဘူး၊ ဆိတ်ကွ၊ ယစ်ပူဇော်ဖို့ဝယ်လာတာ၊ ဆိတ်ပဲ၊ ဘယ်က ခွေး ဟုတ်ရမှာလဲ"လို့ ခတ်တင်းတင်းငေါက်ပြီး ပြောလိုက်သတဲ့။

တော်တော်ကလေးသွားမိလို့ တောစပ်တစ်ခု ရောက်ပြန်တော့ လူတစ်စုကထွက်လာပြီး ပြောကြပြန်တယ်။ "ဟာ-ဆရာကြီးနှယ် အံ့စရာပါပဲ၊ အင်မတန်အမျိုးဇာတ်မြင့်တဲ့ ပြာဟ္မဏဆရာကြီး ဖြစ်ပါလျက်နဲ့ ယုတ်ညံ့တဲ့ခွေးကို ထမ်းလာတာဟာ သိပ်အံ့စရာကောင်းတာပဲ။ အဲ-ဟုတ်သားပဲ၊ ခွေးကို ဘာလုပ်ဖို့ ထမ်းလာပါလိမ့်မလဲ"လို့ တစ်ယောက်တစ်ခွန်း ဝိုင်းပြောကြပြန်တယ်။ ဒီတော့ ပြာဟ္မဏဆရာကြီးမှာ ဇဝေဇဝါ နည်းနည်းဖြစ်လာတယ်။ ခုနက လူတစ်ယောက်ကလည်း ငါ့ဥစ္စာကို ခွေးလို့ပြောတယ်၊ ခွေးများ ဖြစ်နေလေသလား၊ ကြည့်ဦးမှပဲလို့ စဉ်းစားပြီး ဆိတ်ကို မြေကြီးပေါ် ချကြည့်တယ်။ ဆိတ်ရဲ့ နားရွက်ကလေးများကို ပွတ်သပ်ကြည့်ပြီးတော့ "ဟင်-ငါ့ဥစ္စာ ခွေးမဟုတ်ပါဘူး၊ ဆိတ်ပါပဲ" ဆိုပြီး ထမ်းသွားပြန်သတဲ့။

နောက်တစ်ခါ တောစပ်တစ်ခု ရောက်ပြန်တော့ လူတစ်စုက ပြာဟ္မဏဆရာကြီးကို လက်ခုပ်လက်ဝါးတီးပြီး ပြောင်လှောင်ကြ, ရယ်ကြတယ်။ "ဟေ့-ကြည့်ကြစမ်း၊ အံ့ဩစရာသိပ်ကောင်းတာပဲ၊ အမျိုးဇာတ်မြင့်တဲ့ ပြာဟ္မဏဆရာကြီး ဖြစ်ပါလျက်နဲ့ အလွန်ယုတ်ညံ့တဲ့ ခွေးကြီးထမ်းလာလိုက်တာ သိပ်ပြီးအံ့ဩစရာကောင်း

http://www.dhammadownload.com



တာပဲ”ဆိုပြီး လက်ခုပ်လက်ဝါးတီး ပြောင်ကြသတဲ့။ ဒီတော့ ဗြာဟ္မဏဆရာကြီးမှာ “ဟုတ်ပုံရပါပြီ၊ ပထမလူကလည်း ငါ့ထမ်းလာတာကို ခွေးလို့ပြောတယ်။ ဒုတိယ လူတစ်စုကလည်း ခွေးလို့ပဲ ပြောကြတယ်။ ဒီလူတစ်စုကလည်း ခွေးလို့ပဲ ပြောကြပြန်တယ်။ ငါ့ဉစ္စာဟာ ဆိတ်ဟုတ်ပုံမရပါဘူး၊ ခွေးပဲ ဟုတ်ပုံရပါတယ်။ ကဲ-သွားရော့ကွယ်ခွေးကြီး”ဆိုပြီး ဆိတ်ကို လွှတ်ပစ်ထားခဲ့ပါသတဲ့။ အဲဒီဆိတ်ကို လူပေလူတေတစ်စုက သတ်ပြီး ချက်စားလိုက်ကြပါသတဲ့။ ဒါက ပညာရှိပေမယ့် လူအများက ဝိုင်းပြောယင် ဇဝေဇဝါဖြစ်တတ်ပုံကို **ဟိတောပဒေသကျမ်း**က ဆုံးမထားတဲ့ **ဒဏ္ဍာရီပုံပြင်**ကလေးပါပဲ။

**ဇာဟိယ**က သူ့ကိုယ်သူ **ရဟန္တာ**ထင်တာဟာ ဒီပုံမျိုးပါပဲ။ လူအများက သူ့ကို **ရဟန္တာ**လို့ ဝိုင်းပြီး ချီးမွမ်းကြတာနဲ့ သူကလည်း တကယ်ထင်လာတာပဲ။ ယခုကာလမှာလည်း ဆရာလုပ်တဲ့ပုဂ္ဂိုလ်က သောတာပန်ဖြစ်ပြီ၊ ရဟန္တာဖြစ်ပြီလို့ ဆုံးဖြတ်ပေးတာနဲ့ အထင်ကြီးနေတဲ့ သူတွေရှိမှာပဲ။ အများက ဝိုင်းပြီး ချီးမွမ်းကြတာနဲ့ အထင်ကြီးနေတဲ့သူတွေလည်း ရှိနိုင်ပါတယ်။ အဲဒါတွေဟာ သတိပြုစရာတွေပါပဲ။

**ဇာဟိယ**အထင်ကြီးနေပုံ အထင်မှားနေပုံကို **သုဒ္ဓါဝါသ ဗြဟ္မာကြီး**က မြင်ပါတယ်။ မြင်တော့ ဒီလိုဆင်ခြင်ပါတယ်။ “သြော်-ငါ့မိတ်ဆွေ လမ်းမှားနေပါပကော၊ ဟို ကဿပဘုရားလက်ထက် တောင်ပေါ်မှာ တရားအားထုတ်ကြစဉ်တုန်းက ငါ့မိတ်ဆွေဟာ **ရဟန္တာမထေရ်**က ကျွေးတဲ့ အင်မတန်စင်ကြယ်တဲ့ ဆွမ်းကိုတောင် မစားဘဲနဲ့ တရားကိုသာ အားထုတ်ခဲ့တယ်။ **အနာဂါမိမထေရ်**က ကျွေးတဲ့ဆွမ်းကိုလည်း သူလက်မခံခဲ့ဘူး။ ယခုတော့ သူဟာ **ရဟန္တာ**

http://www.dhammadownload.com



မဟုတ်ပါဘဲနဲ့ **ရဟန္တာ**လို့ ချီးမွမ်းပူဇော်ကြတာကိုလည်း လက်ခံနေတယ်။ **ရဟန္တာ**လို့လည်း သူ့ကိုယ်သူ အထင်လွဲပြီး အထင်ကြီးနေတယ်။ အင်မတန် မှားနေပြီ။ တော်တော်ကြာယင်လည်း သူဟာ သေရရှာတော့မယ်၊ သေဖို့ရာ အချိန်လည်း သူ့မှာနီးကပ်နေပြီ။ ငါသွားပြီး အကူအညီပေးဦးမှပဲ"လို့ ဆင်ခြင်ပြီး **ဗာဟိယဒါရုစီရိယ** ထံ လာခဲ့ပါတယ်။ ညအခါမှာ ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာနဲ့ ကောင်းကင်မှာ ရပ်တည်ပြီးတော့ "ဟေ့-**ဗာဟိယ**၊ မင်းဟာ မင့်ကိုယ်မင်း **ရဟန္တာ**လို့ ထင်နေတယ်၊ အမှန်ကတော့ မင်းဟာ **ရဟန္တာ** လည်း မဟုတ်ဘူး။ **ရဟန္တာ**ဖြစ်အောင် ကျင့်ရတဲ့ အကျင့်လည်း မင့်မှာ မရှိဘူး"လို့ ဒီလို တဲ့တိုးပဲ ပြောလိုက်ပါတယ်။

ဒီတော့ **ဗာဟိယ**ကစဉ်းစားတယ်၊ "အင်း-အဟုတ်သားပဲ ငါဟာ **ရဟန္တာ**ဖြစ်အောင် ဘာအကျင့်မျှ မကျင့်ရသေးဘူး။ သင်္ဘောပျက်လို့ ပင်လယ်ရေကြော မျောလာခဲ့တယ်။ ကမ်းပေါ်ရောက်တော့ အဝတ်မရှိလို့ တုတ်တံကလေးတွေကို လျှော်နဲ့ခက်ပြီးဝတ်တယ်။ အဲဒီ တုတ်တံစီအဝတ်နဲ့ ထမင်းသွားတောင်းတယ်၊ အဲဒါကို လူတွေက အထင်ကြီးပြီး **ရဟန္တာ**လို့ ချီးမွမ်းကြတယ်၊ ဒါပဲ။ ဒါတွေဟာ **ရဟန္တာ**ဖြစ်ဖို့ အကျင့်မဟုတ်ဘူး။ ဒီတော့ ငါဟာ **ရဟန္တာ**မဟုတ်ပါဘဲနဲ့ **ရဟန္တာ**လို့ ဝန်ခံနေတာဟာ အလွန်မှားနေတာပဲ"လို့ စဉ်းစားရင်း သံဝေဂရလာတယ်။ ဒါကြောင့် သူက "**အရှင်ဗြဟ္မာကြီး**၊ ဒီလိုဆိုယင် လောကမှာ **ရဟန္တာ**အစစ်ဖြစ်နေတဲ့ ပုဂ္ဂိုလ်ဆိုတာ ရှိပါသလား၊ ဘယ်အရပ်မှာ ရှိပါသလဲ"လို့ မေးပါတယ်။ "**ဒီသုပ္ပါရက** သင်္ဘောဆိပ်အရပ်မှ အရှေ့မြောက်အရပ်ဒေသမှာ **ကောသလတိုင်းပြည်**ဆိုတာ ရှိတယ်။ အဲဒီတိုင်းပြည်မှာ **သာဝတ္ထိမြို့အနီး ဇေတဝန်ကျောင်းတော်**ဆိုတာ ရှိတယ်။ အဲဒီ **ဇေတဝန်ကျောင်း**

http://www.dhammadownload.com



**တော်**မှာ သာကီဝင်မင်းမျိုးမှ ပွင့်ထွန်းလာတဲ့ **ဝေါတမ**ဘုရားဆိုတာ ရှိတယ်။ အဲဒီ**ဝေါတမဘုရား**ဟာ ကိလေသာကင်းတဲ့ **ရဟန္တာ**လည်း အစစ်အမှန်ဖြစ်တယ်။ **ရဟန္တာ**ဖြစ်စေနိုင်တဲ့ အကျင့်လမ်းကိုလည်း ဟောကြားညွှန်ပြနေတယ်" လို့ **ဗြဟ္မာကြီး**က ပြောပြပါတယ်။ ဒီတော့ **ဗာဟိယ**ဟာ အင်မတန် ထိတ်လန့်တဲ့ သံဝေဂတွေဖြစ်ပြီးတော့ ချက်ခြင်းပဲ ဘုရားထံကို သွားပါတယ်။

**သုပ္ပါရက** သင်္ဘောဆိပ်မှ **သာဝတ္ထိပြည်**ကို ယူဇနာ ၁၂၀-ရှိတယ်လို့ **ဗာဟိယသုတ်** အဋ္ဌကထာမှာ ဆိုပါတယ်။ **ပုဗ္ဗောဝါဒသုတ် အဋ္ဌကထာ**များမှာတော့ ယူဇနာ ၁၃၀-ရှိတယ်လို့ဆိုပါတယ်။ တစ်ယူဇနာမှာ အဋ္ဌကထာများက ဆိုထားတဲ့အတိုင်းဆိုယင် ၁၃-မိုင်နီးနီးရှိပါတယ်။ ယခုခေတ် သုတေသနပညာရှိတို့ကတော့ ရှစ်မိုင်ခန့်ရှိတယ်လို့ ဆိုပါတယ်။ အဲဒီ ရှစ်မိုင်နှုန်းနဲ့ပဲ တွက်ကြည့်မယ်ဆိုယင် ၁၂၀-ရှစ်လီဆိုတော့ မိုင်ပေါင်း ၉၆၀-ရှိပါတယ်။ အဲဒီလောက်ဝေးတဲ့ ခရီးကို ရောက်ရာ ရောက်ရာ ခရီးစခန်းမှာ ၂-ည ၃-ညမနားဘဲ, တစ်ညတစ်ညသာ အိပ်ပြီး ခရီးပြင်းနှင်လာခဲ့ပါသတဲ့။

"ရောက်ရာ ရောက်ရာမှာ တစ်ည တစ်ညသာ အိပ်တယ်" လို့ ပြောတာကတော့ "**သဗ္ဗတ္ထ ဧကရတ္တိဝါသေန**" ဆိုတဲ့ ပါဠိအရ တိကျတဲ့အနက် ဖြစ်ပါတယ်။ "**သဗ္ဗတ္ထ**- ရောက်ရာရာ အလုံးစုံသော အရပ်တို့၌။ **ဧကရတ္တိဝါသေန**- တစ်ညဉ့်မျှနေခြင်းဖြင့် လာခဲ့တယ်" လို့ဆိုတော့ တစ်နေ့ခရီးဆုံးတဲ့ စခန်းအရပ်တိုင်းမှာ တစ်ည တစ်ညသာ အိပ်နားလာခဲ့တယ်ဆိုတဲ့ အဓိပ္ပါယ်ဟာ ထင်ရှားနေပါတယ်။ ယုတ္တိလည်း ရှိပါတယ်။ ဒါပေမယ့် **ဗာဟိယသုတ် အဋ္ဌကထာဆရာ**ကတော့ "**သုပ္ပါရက** သင်္ဘောဆိပ်က **သာဝတ္ထိ**ကို

http://www.dhammadownload.com



တစ်ညတည်းနဲ့ အရောက်လာခဲ့တယ်” ဆိုတဲ့ အနက်ကို အသား ပေးပြီး ပြဆိုထားပါတယ်။ အဲဒီလိုဆိုတော့ တစ်ညတည်းနဲ့ မိုင် ၉၆၀-ကို လူ့အစွမ်းနဲ့တော့ မသွားနိုင်တဲ့အတွက် အကူအညီလိုလာ ပါတယ်။ နောက်ပြီးတော့ “**သဗ္ဗတ္ထ**- အလုံးစုံသောအရပ်တို့၌။ **ဧကရတ္တိဝါသေန**-တစ်ညမျှနေတယ်”ဆိုတာနဲ့လည်း ညီပုံမရဘဲ ဖြစ်နေပါတယ်။ အလုံးစုံသောအရပ်တို့၌ ဆိုတာလည်းပါတယ်။ နေတယ်ဆိုတာလည်း ပါတယ်။ ဒီတော့ နေတယ်ဆိုတာဟာ သွား တာတော့ မဟုတ်သင့်ဘူး။ အလုံးစုံသောအရပ်တို့၌ တစ်ညနေတယ် ဆိုတာဟာ အရပ်တိုင်းမှာ အနှံ့အပြား တစ်ညတည်းနေလို့တော့ မဖြစ်ပေဘူး။ တစ်နေရာတစ်ည, တစ်နေရာတစ်ည, ဒီလိုနေမှပဲ ဖြစ်ပေလိမ့်မယ်။ ဒါကြောင့် “ရောက်ရာ ရောက်ရာ ခရီးဆုံးတဲ့ စခန်းမှာ တစ်ည တစ်ညသာ နေတယ်၊ ၂-ည, ၃-ည အချိန်မဖြုန်း ဘူး”ဆိုတဲ့ ဒီအနက်က ပိုပြီး ယုတ္တိရှိပါတယ်။ အကယ်၍ တစ်ည တည်းနဲ့ရောက်အောင် သွားတယ်ဆိုလို့ရှိယင် “**သဗ္ဗတ္ထ**-အလုံးစုံ သော အရပ်တို့၌” ဆိုတဲ့ ပုဒ်လည်း မလိုပါဘူး၊ “**ဝါသ**- နေတယ်” ဆိုတဲ့ပုဒ်လည်း မလိုပါဘူး။ “**ဧကရတ္တေနေဝ**-တစ်ညတည်းဖြင့် သာလျှင်”လို့ ဒါလောက်နဲ့ပဲ ပြည့်စုံနိုင်ပါတယ်။

ဒီနေရာမှာ လိုရင်းကတော့ ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် “**ဗာဟိယ** ဟာ အကြီးအကျယ် သံဝေဂရပြီး အဆောတလျင်လာတယ်” ဆိုတာ က လိုရင်းပါပဲ။ အဲဒီလိုလာလို့ **ဇေတဝန်ကျောင်းတော်**ကိုရောက် တဲ့အခါ မြတ်စွာဘုရားက **သာဝတ္ထိမြို့**ထဲ ဆွမ်းခံကြွနေခိုက် ဖြစ်ပါ တယ်။ ဒါကြောင့် **ဗာဟိယ**ကလည်း အလျင်လိုတာနဲ့ **သာဝတ္ထိမြို့** ထဲကို လိုက်သွားပါတယ်။ မြတ်စွာဘုရားကို ဖူးမြော်ရတဲ့အခါ ဝမ်းမြောက်ဝမ်းသာမှု, ကြည်ညိုမှု ပီတိနှင့် သဒ္ဓါတွေ အလွန်အကဲဖြစ်

http://www.dhammadownload.com



ပြီး မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးကန်တော့ပါတယ်။ ဒီလို ရှိခိုးကန်တော့ပြီး တရားဟောဖို့ တောင်းပန်ပါတယ်။ ဒီတော့ သူ့မှာ ဝမ်းမြောက်ကြည်ညိုမှုတွေ အလွန်အကဲ ဖြစ်နေတာကတစ်ကြောင်း၊ ခရီးပြင်းလာလို့ မောပန်းနေတာကလည်းတစ်ကြောင်း၊ ဒီအကြောင်းများကြောင့် တရားဟောရန် မသင့်သေးဘူးလို့ သိတော်မူတဲ့အတွက် မြတ်စွာဘုရားက "ဆွမ်းခံနေဆဲဖြစ်တယ်။ တရားဟောချိန် မဟုတ်ဘူး" လို့ မြစ်ပယ်တော်မူပါတယ်။ **ဗာဟိယက** ၃-ကြိမ်တိုင်တိုင် ထပ်ပြီးတောင်းပန်ပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက အချိန်လည်းကျနေတာနဲ့ အကျဉ်းချုပ်ဩဝါဒတရားကို-

**တသ္မာတိဟ တေ ဗာဟိယ ဧဝံ သိက္ခိတဗ္ဗံ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ သုတေ သုတမတ္တံ ဘဝိဿတိ၊ မုတေ မုတမတ္တံ ဘဝိဿတိ၊ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ**-စသည်ဖြင့် ဟောကြားတော်မူပါတယ်။

အနက်အဓိပ္ပါယ် အတိုချုပ်ကတော့ မြင်သည်၌ မြင်ရုံမျှတည်အောင် ရှုပါ၊ ကြားသည်၌ ကြားရုံမျှ တည်အောင်၊ နံသည်၌ နံရုံမျှတည်အောင်၊ စားသိသည်၌ စားသိရုံမျှ တည်အောင်၊ ထိသည်၌ ထိရုံမျှတည်အောင်၊ ကြံသိသည်၌ ကြံသိရုံမျှ တည်အောင် ရှုပါလို့ ဆိုလိုပါတယ်။ **ဗာဟိယ**ဟာ အဲဒီအကျဉ်းချုပ် တရားကို ကြားနာနေရင်း မြင်ရုံမျှ၊ ကြားရုံမျှ၊ ထိရုံမျှ၊ သိရုံမျှ၊ တည်အောင်ရှုပြီး **ဝိပဿနာဉာဏ် မဂ်ဉာဏ်**တွေ အစဉ်အတိုင်းတက်ပြီးတော့ **ရဟန္တာ** ဖြစ်သွားပါတယ်။ **အလျင်အမြန် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရတဲ့ ခိပ္ပါဘိည ပုဂ္ဂိုလ်တွေထဲမှာ ဧတဒဂ်ဘွဲ့ထူးရတဲ့ အမြတ်ဆုံး ပုဂ္ဂိုလ်**လည်း ဖြစ်ပါတယ်။

http://www.dhammadownload.com



အဲဒီလို **ရဟန္တာ**ဖြစ်ပြီးတဲ့နောက် ရဟန်းပြုရန် သက်န်းရှာသွားနေတုန်း ဘဝဟောင်းက ရန်ငြိုးပါလာတဲ့ ဘီလူးမက သားငယ်ရှိတဲ့ နွားမယောင်ဆောင်ပြီး ဝှေ့သတ်လိုက်တာနဲ့ **အရှင်ဗာဟိယ ဒါရုစီရိယ**ဟာ **ပရိနိဗ္ဗာန်**စံတော်မူရပါတယ်။

ယခုပြောခဲ့တဲ့ အစဉ်အတိုင်း တောင်ပေါ်မှာ တရားကျင့်ဖော်ဖြစ်တဲ့ ပုဂ္ဂိုလ်ငါးဦးရှိတဲ့အနက်က **အရှင်ဒဗ္ဗ ရဟန္တာ**ဖြစ်နေပြီ။ **ပုက္ကုသာတိမင်းကြီးအနာဂါမ်**ဖြစ်ပြီး **သုဒ္ဓါဝါသ**ရောက်နေပြီ။ **အရှင်သဘိယ**လည်း **ရဟန္တာ**ဖြစ်နေပြီ။ **အရှင်ဗာဟိယဒါရုစီရိယ ပရိနိဗ္ဗာန်စံ**သွားပြီ။ တစ်ဦးပဲကျန်တော့တယ်။ သူကဘယ်ရောက်နေပါ လိမ့်မတုံးလို့ ကြည့်လိုက်တဲ့အခါ **အရှင်ကုမာရကဿပ** ဖြစ်လို့ **အန္ဓတော**မှာ သီတင်းသုံးနေတာကို **မြတ်စွာဘုရားကြီး**က မြင်ပါတယ်။ ဒါကြောင့် **အရှင်ကုမာရကဿပ**ကိုလည်း အကူအညီပေးလိုတဲ့အတွက် အစပိုင်းကပြောခဲ့တဲ့အတိုင်း ညအခါမှာ ကိုယ်ရောင်ကိုယ်ဝါတောက်ပစွာနဲ့ **အရှင်ကုမာရကဿပ**ထံ လာရောက် ပြီး တရားလက်ဆောင်ပေးတဲ့ အနေနဲ့ **"ဘိက္ခု ဘိက္ခု အယံ ဝမ္မိကော ရတ္တိံ ဓူမာယတိ"**စသည်ဖြင့် ပြဿနာ တစ်ဆယ့်ငါးခုကို ပေးသွားတာတဲ့။ ယခုပြောခဲ့တာတွေဟာ ဒီသုတ်ကို ဟောရခြင်း၏အကြောင်း အဋ္ဌုပ္ပတ္တိ နိဒါန်းပါပဲ။ ကဲ-ပြဿနာ ၁၅-ခုဆောင်ပုဒ်ကို ဆိုကြဦးစို့။

"မိုးခိုးညဥ့်ခါ" (စာမျက်နှာ ၁၀, ၁၁ ပြန်ကြည့်) ဆယ့်ငါးဝှက်စာ အစဉ်တည်း။

နောက်တစ်နေ့ကျတော့ **အရှင်ကုမာရကဿပ**ဟာ

http://www.dhammadownload.com



တခြားမဟုတ်ဘူး၊ ဒီရုပ်ကိုယ်ကြီးရဲ့ အမည်ပါပဲတဲ့။ လူတိုင်းလူတိုင်းမှာ ရှိနေတဲ့ ရုပ်ကိုယ်ကြီးတွေဟာ တောင်ပို့ကြီးတွေပေါ့။ ကိုယ့်ကိုယ်ဟာ ကိုယ့်တောင်ပို့ပေါ့။ ယခုဒီမှာ တရားနာပရိသတ်တွေ ဘယ်လောက်ရှိမလဲ ဒကာကာ။ (ငါးထောင်လောက်ရှိပါတယ်ဘုရား)။

ဒါဖြင့် ယခုဒီနေရာမှာ တောင်ပို့တွေ ငါးထောင်လောက် စုမိနေတာပေါ့။ ဒကာကာ၊ တောင်ပို့ဆိုတာရော မြင်ဖူးရဲ့လား။ (မြင်ဖူးပါတယ်ဘုရား)။ ဒါက ဘာကြောင့် မေးရသလဲဆိုတော့ မြို့ထဲက လူတွေဆိုတာ တောင်ပို့ရှိတဲ့ တောအရပ် ရောက်ဖူးချင်မှ ရောက်ဖူးမယ်၊ ဒါကြောင့် မေးကြည့်ရတာပါ။ ဒါပေမယ့် တစ်ချို့မြို့မှာတော့ မြို့ထဲမှာလည်း တောင်ပို့တွေ ရှိနေတတ်ပါသေးတယ်။ ဒါကြောင့် ပကတိတောင်ပို့အကြောင်းတော့ အားလုံးပဲသိပြီး ဖြစ်နေကြပါလိမ့်မယ်။ လူ့ရုပ်ကိုယ်ကြီးကို ဘာကြောင့် တောင်ပို့လို့ ဆိုရသလဲဆိုတော့ အဲဒီ ပကတိတောင်ပို့နဲ့ တူလို့ပဲ တောင်ပို့လို့ ဆိုရပါတယ်။ တူပုံကတော့ အများနားလည်လွယ်တာက စပြောရမှာပဲ။

## အပေါက်များတဲ့ တောင်ပို့ကြီး

ပကတိ မြေတောင်ပို့မှာ အပေါက်ကြီး, အပေါက်ငယ်တွေ အတော်များများ ရှိတယ်။ အဲဒါလိုပဲ၊ လူ့ရုပ်ကိုယ်ကြီးမှာလည်း အပေါက်ကြီး, အပေါက်ငယ်တွေ ရှိနေတယ်။ အပေါက်ကြီးတွေက မျက်စိပေါက်တို့, နားပေါက်တို့, နှာခေါင်းပေါက်တို့, ပါးစပ်ပေါက်တို့, ဒီလိုဟာတွေပေါ့။ အပေါက်ငယ်တွေ ဆိုတာကတော့ ကိုယ်မှာ မွေးညင်းပေါက်တွေ, ချွေးပေါက်, အခိုးအငွေ့ထွက်တဲ့ အပေါက်တွေ အများကြီးပဲ ရှိနေပါတယ်။ အနောက်နိုင်ငံက ပုဂ္ဂိုလ်တွေက

http://www.dhammadownload.com



**မြတ်စွာဘုရားထံ** ချဉ်းကပ်ပြီး ရှိသေစွာ ရှိခိုးကန်တော့ပါတယ်၊ ပြီးတော့ သင့်လျော်တဲ့အရပ်မှာ ထိုင်နေပြီး ညက **ဗြဟ္မာကြီး**တစ်ဦး လာရောက်ပြီး ပြဿနာ ၁၅-ခုကို ပေးသွားတဲ့ အကြောင်း လျှောက်ထားပါတယ်။ အဲဒီလို လျှောက်ပြီးတော့ ပြဿနာ ၁၅-ခု ကို **"ကောနုခေါ ဘန္တေ ဝမ္မိကော၊ ကာရတ္တႎ ဓူမာယနာ၊ ကာ ဒိဝါ ပဇ္ဇလနာ"** စသည်ဖြင့် မေးလျှောက်ပါတယ်။

မြန်မာလိုကတော့ တောင်ပို့ကြီးဆိုတာ ဘယ်ဟာပါလဲ **မြတ်စွာဘုရား**။ ညအခါ မီးခိုးထွက်နေတယ်ဆိုတာက ဘယ်ဟာပါလဲ၊ နေ့အခါ မီးလျှံထွက်နေတယ်ဆိုတာက ဘယ်ဟာပါလဲ။ **ဗြာဟ္မဏ ဆရာကြီး**ဆိုတာက ဘယ်လိုပုဂ္ဂိုလ်ပါလဲ။ **သုမေဓလူ့ရည်ချွန်**ဆိုတာက ဘယ်လိုလူပါလဲဘုရား စသည်ဖြင့် မေးလျှောက်ပါတယ်။ ဒီလို မေးလျှောက်ရာမှာ **ကောဝမ္မိကော** တောင်ပို့ကြီးဆိုတာ ဘယ်ဟာပါလဲ မြတ်စွာဘုရား"ဆိုတဲ့ မေးခွန်းပြဿနာကို မြတ်စွာဘုရားက ဒီလို ဖြေကြားတော်မူပါတယ်။

## တောင်ပို့ကြီး

ဝမ္မိကောတိ ခေါ ဘိက္ခု ဣမဿေတံ စာတုမဟာဘူတိကဿ ကာယဿ အဓိဝစနံ မာတာပေတ္တိက သမ္ဘဝဿ ဩဒနကုမ္မာသူပစယဿ အနိစ္စုစ္ဆာဒန ပရိမဒ္ဒနဘေဒန ဝိဒ္ဓံသနဓမ္မဿ။

**ဘိက္ခု**၊ ကုမာရကဿပ ရဟန်း။ **ဝမ္မိကော ဟိ ဇော်**၊ တောင်ပို့ဟူသော ဤအမည်သည်။ **ဣမဿ ကာယဿ**၊ ဤရုပ်ကိုယ်ကြီး၏။ **အဓိဝစနံ**၊ အမည်ပေတည်း။ တောင်ပို့ဆိုတာ

http://www.dhammadownload.com



စေ့စေ့ပေါက်ပေါက် ရှာဖွေကြတယ်၊ အင်မတန်ကောင်းတဲ့ မှန်ဘီလူးနဲ့ကြည့်ယင် ကျပ်ပြားတစ်ဝိုင်းစာလောက် တစ်လက်မပတ်လည်လောက်ရှိတဲ့ ကိုယ်အရေပြားပေါ်မှာ အပေါက်ငယ်ကလေးတွေ ၂-ထောင်လောက်တောင် ရှိနေတယ်လို့ဆိုပါတယ်။ ပကတိမျက်စိနဲ့ကြည့်လို့တော့ ဒီအပေါက်တွေကို မမြင်နိုင်ပါဘူး။ အများဆုံး မြင်နိုင်လှမယ်ဆိုယင် မွေးညင်းပေါက် ၂၀-၃၀လောက်ပဲ မြင်နိုင်ပါလိမ့်မယ်။ ခြင်တွေကတော့ တော်တော်မြင်ပုံပေါ်တယ်။ ခြင်က လူ့ကိုယ်မှာနားပြီး သူ့နှုတ်သီးကလေးနဲ့ လူ့ကိုယ်ထဲ လွယ်လွယ်ကလေးနဲ့ထိုးသွင်းပြီး လူ့သွေးကို စုတ်စုတ်ယူသွားတယ်။ လူ့အနေနဲ့တော့ အဲဒီ ခြင်သွေးစုတ်တဲ့ နေရာမှာ အပေါက်မတွေ့ရဘူး။ ဒါပေမယ့် ခြင်ကောင်အနေနဲ့တော့ အပေါက်ကလေးတွေကို အထင်အရှားမြင်နေတယ်။ မှန်ဘီလူးနဲ့ ကြည့်ယင်တော့ ဒီကိုယ်ပေါ်မှာ အပေါက်တွေဟာ ဆန်ခါကျနေသလို တွေ့မြင်နိုင်ပါတယ်။ ဒီလို အပေါက်ကြီးအပေါက်ငယ်တွေ များစွာရှိပြီးတော့ ပကတိ မြေတောင်ပို့ကြီးနဲ့တူနေတယ်။ ဒါကြောင့် ဒီရုပ်ကိုယ်ကြီးကို တောင်ပို့ကြီးနဲ့ ဥပမာပြထားတာပါပဲ၊ ယခုလူတွေဟာ ဒီရုပ်ကိုယ်ကြီးတွေကို တောင်ပို့ကြီးများလိုပဲ အပေါက်အပေါက်တွေနဲ့ ပြည့်နေတာကို ပကတိမျက်စိနဲ့များ မြင်နေမယ်ဆိုယင်တော့ ကိုယ့်ကိုယ်ရော, သူများကိုယ်ရောနှစ်သက်စရာရှိကြမှာ မဟုတ်ပေဘူး။ ဒါပေမယ့် ပကတိမျက်စိနဲ့ကြည့်လိုက်ယင်တော့ မျက်နှာတို့, လက်တို့မှာ အရေကလေးနဲ့အပေါက်မရှိဘဲ ချောမွတ်နေတာကိုသာ မြင်ကြရတယ်။ နံ့သာတွေနဲ့လူးလိမ်းပြုပြင်ထားလိုက်တော့ သာပြီးတော့တောင် ချောနေတာက်သေးတယ်။ ဒါကြောင့် လူတွေက ဒီရုပ်ကိုယ်ကြီးကို နှစ်သက်

http://www.dhammadownload.com



သာယာနေကြတာပဲ။ ယခု ဒီတောင်ပို့ကြီး ဥပမာအရ ကိုယ်မှာ ဆန့်ခါကျနေအောင် အပေါက်အပေါက်တွေ ရှိနေတယ် ဆိုတာကို မှန်ဘီလူးနဲ့ ကြည့်ယင် မြင်ရသလို ဉာဏ်နဲ့ မြင်မယ် ဆိုယင်တော့ ဒီကိုယ်ကြီးဟာ ရွံစရာ, ကြောက်စရာကြီး ဖြစ်နေမှာပဲ။ အဲဒီလို ရွံစရာ, ကြောက်စရာကောင်းတယ် ဆိုတာကို သိရအောင်လို့ ဗြဟ္မာကြီးက ဒီကိုယ်ကြီးကို တောင်ပို့နဲ့ ဥပမာ ပြသွားတယ်လို့လည်း မှတ်ရမယ်။ ဒါက အလွယ်တကူသိနိုင်တဲ့ အနက်ပဲ။

## အညစ်အကြေးတွေထွက်တဲ့ တောင်ပို့ကြီး

နောက်အနက် တစ်ခုကတော့ **ဝမတိ**-အန်ထုတ်တတ်လို့၊ **ဝမ္မိက**-တောင်ပို့ခေါ်ပါတယ်တဲ့။ ဘာတွေကို အန်ထုတ်သလဲဆိုတော့ တောင်ပို့ထဲက မြွေတွေလည်း ထွက်လာတတ်တယ်၊ ကင်းတွေ, ကြွက်တွေ, ဖွတ်တွေ, ပိုးကောင် အမျိုးမျိုးတွေလည်း ထွက်လာတတ်တယ်။ အဲဒီလို ရွံစရာအကောင်တွေ, ကြောက်စရာ စက်ဆုပ်စရာ အကောင်တွေကို အန်ထုတ်တတ်ပါတယ်။ ဒါလိုပဲ၊ ဒီရုပ်ကြီးကလည်း မျက်စိက မျက်ချေးတွေ ထွက်တယ်။ နားက နဖာချေးတွေ ထွက်တယ်။ နှာခေါင်းက နှပ်တွေ ထွက်တယ်။ ပါးစပ်က တံတွေး, ချွဲ သလိပ်တွေ, သွားရည်ပုပ်တွေ ထွက်တယ်။ မွေးညင်းပေါက်တွေက ချွေးတွေ ထွက်တယ်။ အောက်ဒွါရတွေက ကျင်ကြီး, ကျင်ငယ်တွေ ထွက်တယ်။ ဒါတွေထဲမှာ နှစ်သက်သာယာစရာတွေများ ပါဝင်ရဲ့လား။ အကုန်လုံး ရွံစရာတွေချည်းပဲ။ အဲဒီလို ရွံစရာ အညစ်အကြေးတွေကို အန်ထုတ်တက်လို့ ဒီကိုယ်ကြီးကိုလည်း **ဝမ္မိက**-ရွံစရာတွေ အန်ထုတ်တတ်တဲ့ တောင်ပို့ကြီးလို့ ဆိုပါတယ်တဲ့။

http://www.dhammadownload.com



# စက်ဆုပ်ဖွယ်အစု တောင်ပို့ကြီး

နောက်အနက်ကတော့ တောင်ပို့ဆိုတာ ခြကောင်ကလေးတွေက သယ်ယူလာတဲ့ မြေမှုန့်တွေ အစုအပုံပဲ။ အဲဒီ မြေမှုန့်တွေဟာ ခြကောင်ကလေးတွေက စွန့်ချထားခဲ့တာတွေပဲ။ ဒီတော့ ခြကောင်ကလေးတွေက စွန့်ထားတဲ့ မြေမှုန့်အစုကို တောင်ပို့ခေါ်ရသလို ဒီကိုယ်ကြီးဆိုတာကလည်း **ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာ** အရှင်မြတ်တွေက စွန့်ပယ်ထားတဲ့ ဆံပင်, မွေးညင်း အစရှိတဲ့ **၃၂-ကောဋ္ဌာသ** အစုအဝေးမျှပဲ ဖြစ်နေပါတယ်။ ဒကာကံရေ . . . ခြကောင်ကလေးတွေက စွန့်ထားတဲ့ မြေမှုန့်အစုအပုံနဲ့ **ဘုရား, ရဟန္တာ**တွေက စွန့်ထားတဲ့ **၃၂-ကောဋ္ဌာသ** အစုအပုံဟာ မတူပေဘူးလား။ (တူပါတယ် ဘုရား)။ အဲဒီ **ဘုရား, ရဟန္တာ**တွေက ရွံရှာ စက်ဆုပ်ပြီး စွန့်ထားတဲ့ ဒီ **၃၂-ကောဋ္ဌာသ**အစုတွေကို ပုထုဇဉ်တွေက နှစ်သက်သာယာနေကြတယ် ဒကာကံရ။

ဘယ်လိုလဲဆိုတော့၊ ဆံပင်ဆိုယင် အရှည်ထားတဲ့ သူကထား၊ အတိုထားတဲ့သူက ထားနဲ့၊ ကိုယ်သဘောကျသလို ထားပြီးတော့ အဲဒီဆံပင်ကို သာယာဖွယ်ဖြစ်အောင် ဖြီးလိမ်းပြုပြင် နေကြတယ်။ အမျိုးသမီးတွေက ဆံပင်ကို အရှည်ထားပြီး ဖြီးလိမ်းပြုပြင်ပြီး အမျိုးမျိုးတင့်တယ်အောင် လုပ်နေကြတယ်။ ခေတ်ဆန်တဲ့ ဆံထုံးအမျိုးမျိုးနဲ့ နဖူးကအမောက်တွေ, အမြိတ်တွေများချလို့ ပြုပြင်နေကြတယ် မဟုတ်လား။ တချို့ကတော့ ရိုးရိုးမဟုတ်ဘဲ ဆံပင်တွေကို ကောက်အောင်တောင် လုပ်ထားကြသေးတယ်ဆိုပဲ ဒကာကံရ။ ဒကာကံတို့ အမျိုးသားတွေကလည်း ဆံသဆိုင်မှာ ဆံပင်ကို ခပ်တိုတိုကိုက်ပြီး လှပတင့်တယ်အောင် ဖြီးလိမ်းပြုပြင်နေကြသေးတာပဲ မဟုတ်လား။ ဒါကြောင့် ကိုယ့်ဆံပင်လည်း သာယာနေကြတယ်၊

http://www.dhammadownload.com



သူများဆံပင်လည်း သာယာနေကြတယ်။ အဲဒါတွေဟာ **ဘုရား, ရဟန္တာ**တွေက စက်ဆုပ်ဖွယ် အနေနဲ့ စွန့်ထားတာတွေပဲ။ တို့လူစု တွေက ဒါတွေကိုပဲ သာယာဖွယ်ဖြစ်အောင်လုပ်ပြီး သာယာနေကြ တာ။ ဒီဆံပင်ဟာ သာယာဖွယ် ဖြစ်တယ်ဆိုပေမယ့် ကိုယ့်ကိုယ်ထဲမှာ တည် နေတုန်းသာ သာယာနိုင်ကြပါတယ်။ ကိုယ်က ကျွတ်ကျသွား တဲ့အခါကျတော့ ရွံတတ်ကြပြန်တယ်။ ထမင်းထဲ, ဟင်းထဲမှာ ဆံချည် မျှင်ကို တွေ့ရယင် အဲဒီ ထမင်းဟင်းကို ရွံတတ်ကြတယ်။ ကြည့်စမ်း၊ ခေါင်းမှာ ရှိနေတုန်းကတော့ နှစ်သက်ဖွယ်ကောင်းနေတယ်။ ခေါင်း က ပြုတ်ကျနေတဲ့အခါကျတော့ ရွံစရာကောင်းသတဲ့။ ရှေ့နောက် မညီပုံ။ ခေါင်းက ကျွတ်ကျနေတဲ့ ဆံပင်ဟာ ရွံစရာကောင်းယင် သူ့ခေါင်း, ကိုယ့်ခေါင်းထဲက ဆံပင်တွေလည်း ရွံစရာတွေပဲ ဖြစ်သင့် ပါတယ်။

ဆံပင်သာ မဟုတ်သေးဘူး၊ ကိုယ်မှာ ပေါက်ရောက်နေတဲ့ အမွေးတွေကိုလည်း လူတွေက သာယာနေကြပြန်တာပဲ ဒကာကံရ။ ဘယ်လို မွေးညင်းတွေလဲ ဆိုတော့၊ မျက်ခုံးမွေးတို့, မျက်တောင်မွေး တို့, နှုတ်ခမ်းမွေးတို့, ဒီလို မွေးညင်းတွေပေါ့။ မျက်ခုံးမွေးဆိုယင် လှပအောင်လို့ အမျိုးမျိုးပြုပြင်ကြရတယ် မဟုတ်လား။ မျက်တောင် မွေးဆိုယင်လည်း ကော့ကော့ကလေးနေတာ လှတယ်လို့ စာပေထဲမှာ တောင် ချီးကျူးထားတာရှိနေပါတယ်။ နှုတ်ခမ်းမွေးဆိုယင် တချို့က အစွယ်ကြီး ၂-ခု ထွက်နေသလိုပဲ ပြုပြင်ထားကြတယ်၊ တချို့က မုတ်ဆိတ်မွေးတွေကို အရှည်ကြီးမွေးထားကြတယ်။ ဒါတွေဟာ ကိုယ်တိုင်ကလည်း သာယာလို့၊ သူတစ်ပါးတွေကိုလည်း သာယာစေ ချင်လို့မဟုတ်လား ဒကာကံရ။ (ဟုတ်ပါဘုရား)။

http://www.dhammadownload.com



မွေးညင်းပြီးတော့ လက်သည်း, ခြေသည်းရောက်လာပြီ။ အဲဒီ လက်သည်း, ခြေသည်းတွေလည်း နှစ်သက်သာယာနေကြလို့ နှစ်သက်သာယာဖွယ်ဖြစ်အောင် ပြုပြင်ကြတယ်။ ရန်ကုန်ဆီမှာ ဆိုယင် တချို့က ဆေးနီနဲ့တောင် ဆိုးထားလိုက်ကြသေးတယ်။ ဒါပေမယ့် ဒီလက်သည်း, ခြေသည်းတွေကို ကိုယ်မှာ ရှိနေတုန်းသာ သာယာကြတယ်၊ ကိုယ်က ပြုတ်ကျသွားတဲ့အခါကျတော့ အဲဒီ လက်သည်း ခြေသည်း အစတွေကို ကျက်သရေမရှိဘူးလို့ ဆိုကြတယ်။ အဲဒါ တွေကို ဘယ့်နှယ်လုပ်ရသလဲ ဒကာကံရ။ (လမ်းမ,သွားပြီး ပစ်ရပါတယ်ဘုရား)။ အိမ်ထဲ မထားကောင်းဘူးတဲ့လား။ ထားယင် ဘာဖြစ်တတ်သတဲ့တုံး ဒကာကံရ။ (ဘာဖြစ်တတ်တယ် ဆိုတာတော့ မကြားဖူးပါဘုရား၊ မထားကောင်းဘူးလို့သာ ကြားဖူးပါတယ်)။ ဘုန်းကြီး ကြားဖူးတာကတော့ အိမ်ထဲထားယင် ပစ္စည်း ဥစ္စာ ပျက်စီးတတ်သတဲ့၊ ဒီလိုကြားဖူးတယ်။ အဲဒါဟာ တကယ်တော့ ဟုတ်ပုံမရပါဘူး။ အမှန်ကတော့ ရှေးလူကြီးတွေက ချောက်လုံးနဲ့ ဆုံးမထားခဲ့ဟန်တူပါတယ်။ ဘာကြောင့်လဲဆိုတော့ ခြေသည်း, လက်သည်း အစအနကလေးတွေဟာ ချွန်ထက်နေတယ်။ အိမ်ထဲမှာ ထားယင် အဲဒါ ကလေးတွေက နင်းတဲ့အသားကို စူးနိုင်တယ်။ မျက်စိထဲဝင်ယင် အများကြီး ဒုက္ခရောက်နိုင်တယ်။ ဒါကြောင့် ဒီ လက်သည်း, ခြေသည်း အစအနတွေကို လွှတ်ရာထုတ်ပစ်အောင်လို့ ရှေးလူကြီးတွေက "အဲဒါတွေကို အိမ်ထဲမှာထားယင် ကျက်သရေ ယုတ်တယ်။ စီးပွားပျက်တတ်တယ်" စသည်ဖြင့် ချောက်ပြီး ဆုံးမခဲ့ဟန်တူပါတယ် ဒကာကံရ။ တကယ်လို့သာ ဖြတ်ပြီး လက်သည်း, ခြေသည်း အစတွေက ကျက်သရေ ယုတ်စေတတ်တယ်ဆိုယင် မဖြတ်ရသေးတဲ့ လက်သည်း, ခြေသည်းတွေလည်း အတူတူနေမှာပါပဲ။

http://www.dhammadownload.com



ဒါပေမယ့် အစွဲအလမ်းဆိုတာ စွဲမိပြီဆိုမှဖြင့် တကယ်ဟုတ်တယ်လို့ ထင်နေတော့တာပဲ၊ စွန့်ဖို့ရန် မလွယ်ဘူး။ ဒီလက်သည်း, ခြေသည်း တွေဟာ လက်ထဲ, ခြေထဲမှာ ရှိနေတုန်းကတော့ ကျက်သရေရှိတယ်၊ ဖြတ်လိုက်မှ ကျက်သရေမရှိဘဲ ဖြစ်သွားတယ်ဆိုတော့ သိပ်ထူးဆန်း တာပဲ၊ ဘယ်အချိန် ကျက်သရေက ထွက်သွားလိုက်မှန်း မသိဘူး။ မပြတ်တပြတ်ထားယင် ကျက်သရေ တစ်ဝက်တစ်ပျက် ရှိနေသေး တယ်လို့များ ယူရမလား။ အဲဒါကမှ ဟိုခြစ်မိ ဒီခြစ်မိနဲ့ သာပြီး ကျက်သရေယုတ်မှာ။

ပြီးတော့ သွားကို ရောက်လာပြီ ဒကာကံရ။ သွားကတော့ သေသေချာချာ စဉ်းစားကြည့်ယင် သူက အတော်ကျေးဇူးများနေ တာကို တွေ့ရတယ်။ သွားကောင်းမှ စားလို့သောက်လို့ ကောင်းပြီး ကျန်းမာရေး ကောင်းတတ်တယ်၊ စကားပြောလို့လည်း ပီပီသသ ကောင်းတတ်တယ်။ ဒါကြောင့် သူ့ကိုတော့ အားကိုးသင့်သလောက် အားကိုးရပေလိမ့်မယ်။ ဒါပေမယ့် လူတွေသာယာတာက အဲဒီ အတွက်မဟုတ်ဘူး။ လှတယ်ထင်ပြီး သာယာနေကြတယ်၊ တချို့က ခတ်ပုံထဲမှာတောင် လှစေချင်လို့ သွားကလေးဖြဲပြီး ခတ်ပုံရိုက် ထားတာကို တွေ့ရတယ်။ တချို့ကလည်း ပကတိသွားက မလှလို့ အဲဒါကို နုတ်ပြီး ရွှေကလေးများနဲ့ကွပ်လို့ သွားအသစ်စိုက်ထားတယ်။ ဒါပေမယ့် ဒီသွားဟာ ကျိုးသွားတဲ့အခါ သိပ်ရွံစရာကောင်းတယ်။ ကိုယ့်သွားကိုယ်တောင် မထိချင်, မကိုင်ချင်ကြဘူး။ သူများသွား ဆိုယင်တော့ ပြောစရာမရှိပါဘူး၊ အင်မတန် ရွံတတ်ကြပါတယ်။

ပြီးတော့ အရည်ဆိုတာကတော့ ကိုယ့်သန္တာန်, သူ့ သန္တာန်မှာ ချောညက်နေတယ်၊ လှပတယ်လို့ထင်ပြီး အင်မတန် သာယာနေကြပါတယ်။ မိန်းမပဲ, ယောကျ်ားပဲလို့ သာယာစွဲလမ်း

http://www.dhammadownload.com



နေကြတာဟာ ဒီအပေါ်က အရည်ခွံကလေးကိုမြင်ပြီး သာယာခွဲ လမ်းနေကြတာပဲ။ ဒီအရည်ဟာလည်း ယားနာတို့, ဝဲနာတို့, နူနာတို့ ဖြစ်တဲ့အခါကျတော့ အင်မတန်ပဲ ရွံစရာကောင်းပါတယ်။

ပြီးတော့ အသားဆိုတာကတော့ နှုတ်ခမ်းသားကလေး နီနေတာ၊ လက်မောင်း, ကိုယ်လုံး, ရင်ဘတ်, ပါးစသည်မှာ ပြည့်ပြည့် ဖြိုးဖြိုး တုတ်တုတ်ခဲခဲဖြစ်နေတာ၊ ဒီလိုဟာတွေကို သာယာနေကြ တယ်။ တချို့က နှုတ်ခမ်းတို့, ပါးတို့မှာ ဆေးနီကလေးများတောင် ဆိုးထားလိုက်သေးတယ်။

ပြီးတော့ အကြောဆိုတာကတော့ အလိုရှိတိုင်း ထိုင်နိုင်, ထနိုင်, သွားနိုင်, လုပ်နိုင်ကိုင်နိုင်တာကို အကြောင်းပြုပြီး နှစ်သက် သာယာနေကြတယ်။ အရိုး, ရိုးတွင်းခြင်ဆီ, အညို့ အစရှိတဲ့ **ကောဋ္ဌာသ** တွေကတော့ ထင်ရှား မတွေ့ရလို့ ကိုယ်ကာယ အနေနဲ့ လုံးရိုက်ပဲ သာယာနေကြတယ်။

အထူးသဖြင့် ရွံစရာကောင်းတာတွေကတော့ တံတွေးတို့, နှပ်တို့, ချွဲသလိပ်တို့, ဒီလိုဟာတွေပါပဲ။ ဒါပေမယ့် တံတွေးတွေဟာ ပါးစပ်ထဲမှာ ရှိနေတုန်းတော့ ရွံစရာလို့ မထင်ကြသေးဘူး။ ဒါ ကြောင့် တံတွေးတွေကို မြိန်မြိန်ရှက်ရှက် မျိုမျိုချနေကြတာ။ မမျိုဘဲ နေလို့လည်း မဖြစ်ပေဘူး၊ လည်ချောင်း အာခေါင်တွေ ခြောက်မှာစိုး လို့ မျိုချနေရတယ်။ အဲဒီအနေတုန်းကတော့ ရွံစရာမဟုတ်သေးဘူး၊ မြတ်နိုးစရာ ဖြစ်နေတယ်။ ဟော-ထွေးထုတ်လိုက်တဲ့ အခါကျတော့ ဒီတံတွေးဟာ ဘယ်သူမျှ မထိချင်, မကိုင်ချင်တော့ဘူး။ ကိုယ့်တံတွေး ကိုယ်ထိမိယင်တောင်မှ ရွံလို့ ရေနဲ့ဆေးပစ်ရသေးတယ်။ နှပ်ဆို တာကတော့ သာပြီးတော့တောင် ရွံစရာကောင်းပါသေးတယ်။ ဒါပေမယ့် နှာခေါင်းထဲမှာ ရှိနေတုန်းကတော့ ရွံစရာလို့ တယ်ပြီး

http://www.dhammadownload.com



မထင်လှသေးဘူး။ နှာခေါင်းက ညှစ်ထုတ်ဖို့ အဆင်မသင့်တဲ့အခါ ဒီနှပ်ကို ပါးစပ်ထဲစုပ်ယူရတယ်။ အဲဒီလိုအခါမှာ ပါးစပ်ထဲရောက် လာပေမဲ့ တယ်ပြီး ရွံစရာလို့မထင်ကြဘူး။ သလိပ်ဆိုတာလည်း ဒီလိုပဲ၊ လည်ချောင်းထဲ ကပ်နေယင် ဒီသလိပ်ကို တစ်ခါတစ်ရံ ဟပ်ထုတ်ရတယ်၊ တစ်ခါတစ်ရံလည်း မျိုချလိုက်ရတယ်၊ အဲဒီလိုအခါ မှာ ရွံစရာလို့ မထင်ကြဘူး။ ထွေးထုတ်လိုက်လို့ အပြင်ဘက် ရောက် လာပြီဆိုမှဖြင့် ဒီနှပ်တွေ, သလိပ်တွေဟာ သိပ်ရွံစရာကောင်းတာပဲ၊ မြင်တောင် မမြင်ချင်တော့ဘူး။ ကိုယ်တိုင် ညှစ်ထုတ်, ထွေးထုတ် ထားတဲ့ နှပ်တွေ, သလိပ်တွေကိုတောင် မကိုင်ချင်, မထိချင်ဘူး။ မတော်တဆ ကိုင်မိ ထိမိသွားယင် ရေနဲ့ဆေးပစ်ရသေးတယ်။ အဲဒါဟာ **ဘုရား, ရဟန္တာ**တွေက ရွံရှာတော်မူကြသလို သာမန် ပုဂ္ဂိုလ်တွေ အမြင်နဲ့ ရွံစရာကောင်းနေပုံတွေပါပဲ။

ဒီ **၃၂-ကောဋ္ဌာသ**ထဲမှာ ရွံစရာအကောင်းဆုံးကတော့ ကျင်ကြီး, ကျင်ငယ်တွေပဲ ဒကာကံရဲ့။ ဒါပေမယ့် ဒီကျင်ကြီး,ကျင်ငယ် တွေဟာ ကိုယ်ထဲမှာရှိနေတုန်းတော့ ရွံစရာကောင်းတယ်လို့ တယ်ပြီး မထင်ကြသေးဘူး။ ရွံစရာကောင်းမှန်း မသိကြသေးဘူး။ ဟော- အပြင်ဘက်ထွက်လာပြီဆိုတော့ နှာခေါင်းတွေ, မျက်နှာတွေရှုံ့လို့ အင်မတန်ရွံစရာကောင်းတယ်လို့ အသိအမှတ်ပြုကြတယ်။

အဲ-ယခုပြောတဲ့အတိုင်း **၃၂-ပါးသော ကောဋ္ဌာသ**အဖို့ အစုတွေဆိုတာဟာ တကယ်ရွံစရာကောင်းလို့ **ဘုရား, ရဟန္တာ** အရှင်မြတ်တွေက စွန့်ပစ်ထားတဲ့ဟာတွေပါပဲ၊ အဲဒီလို စွန့်ပစ်ထား တဲ့ အဖို့အစုတွေနဲ့ တည်ဆောက်ထားတဲ့ ရုပ်ကိုယ်ကြီးတဲ့ ဒကာကံရဲ့။ ဒါကြောင့် ဒီရုပ်ကိုယ်ကြီးဟာ ခြံကောင်ကလေးတွေက စွန့်ချထားတဲ့ မြေမှုန့်အစု တောင်ပို့ကြီးနဲ့ တူတယ်လို့ ဥပမာပြုထားပါတယ်။ ဒီ

http://www.dhammadownload.com



နေရာမှာ သိစေလိုရင်းကတော့ ဘုရား ရဟန္တာ အရှင်မြတ်တွေက စက်ဆုပ်ရွံရှာပြီး မတွယ်တာဘဲ စွန့်ထားတဲ့ ဒီရုပ်ကိုယ်ကြီးကို စက်ဆုပ်ရွံရှာဖွယ် အစုကြီးလို့ အမှန်အတိုင်း သိဖို့ပါပဲ။ အဲဒီလို သိပြီးတော့ ဘုရား ရဟန္တာအရှင်မြတ်များလို ဒီရုပ်ကိုယ်ကြီးကို တွယ်တာမှု ကင်းသွားအောင်, ပယ်စွန့်နိုင်အောင် အားထုတ်ဖို့ပါပဲ။

နောက်အနက် တစ်ခုကတော့ တောင်ပို့ဆိုတာ ခြကောင်ကလေးတွေက ထွေးအန်ထုတ်တဲ့ တံတွေး အစေးနဲ့ တစ်လုံးတစ်ခဲတည်း ပေါင်းစုနေတဲ့ မြေမှုန့်အစုဖြစ်တယ်၊ အဲဒါလိုပဲ ဒီကိုယ်ကြီးကလည်း ဘ၀တဏှာအစေးနဲ့ ဖွဲ့စပ်ထားတဲ့အတွက် တောင်ပို့ကြီးနဲ့ တူပါတယ်တဲ့။ ဒါကတော့ နက်နဲလွန်းအားကြီးတဲ့အတွက် ဒီလို အများစု ပရိသတ်မှာ အချိန်အနည်းငယ်နဲ့ သဘောပေါက်အောင် ဟောဖို့ မလွယ်ပါဘူး။ ဒါကြောင့် ဒီအနက်ကိုတော့ အကျယ်မချဲ့တော့ပါဘူး။

## ပိုးအမျိုးမျိုးနေရာ တောင်ပို့ကြီး

နောက်တစ်နက်ကတော့၊ ပကတိတောင်ပို့ကြီးထဲမှာ မြွေတွေ, ကင်းတွေ, ကြွက်တွေ, ဖွတ်တွေ, အမျိုးမျိုးသော ပိုးကောင်တွေ, ဒီလို ရွံစရာ, ကြောက်စရာကောင်းတဲ့ အကောင်တွေ ရှိနေကြတယ်။ ဒါကြောင့် တောင်ပို့ကြီးဆိုတာ ကြောက်စရာလည်းကောင်းတယ်၊ ရွံစရာလည်းကောင်းတယ်။ ဒီတော့ ဒီမြွေတွေ, ကင်းတွေတောင် ရှိနေတဲ့ တောင်ပို့ ကြီးနားမှာ အိပ်ရမယ်ဆိုယင်၊ ဒကာက အိပ်ဝံ့ပါ့မလား။ (မအိပ်ရဲပါဘုရား)။ တောင်ပို့ကြီးနားမှာတောင် ဒကာကံ မအိပ်ဝံ့ဘူးနော်။ ဒီလိုဆိုတော့ အဲဒီတောင်ပို့ကြီးကို ခေါင်းအုံးပြီး

http://www.dhammadownload.com



အိပ်ရမယ်၊ အဲဒီတောင်ပို့ကြီးပေါ် လက်တင်ပြီးအိပ်ရမယ်ဆိုယင် သာပြီးတော့ကြောက်မှာပေါ့။ (ကြောက်ပါတယ်ဘုရား)။

ဒကာကံတို့ ရုပ်ကိုယ်ကြီးကလည်း အဲဒီတောင်ပို့ကြီးလိုပဲ ဒကာကံရ။ ဒီရုပ်ကိုယ်ကြီးထဲမှာလည်း ပိုးကောင်တွေက အများကြီး ရှိနေတယ်။ ပိုးမျိုးရှစ်ဆယ်ရှိတယ်လို့ ကျမ်းဂန်တွေက ဆိုထားပါ တယ်။ အဲဒါဟာ အမျိုးပေါင်းကို ရှစ်ဆယ်ရှိနေတာ။ တစ်မျိုးတစ်မျိုး မှာ အကောင်ပေါင်းက ဘယ်လောက်များမလဲ မသိဘူး။ ဒီသုတ်အ ဖွင့် အဋ္ဌကထာမှာတော့ **အသီတိမတ္တာ ကိမိကုလသဟဿာနိ**- လို့ ရှိနေပါတယ်၊ အဲဒါကို အတိအကျ မြန်မာပြန်လိုက်ယင် ပိုးမျိုး ထောင်ပေါင်း ရှစ်ဆယ်မျှရှိတယ်လို့ ရပါတယ်။ ဒီလိုဆိုတော့ ထောင်ပေါင်း အလီ ရှစ်ဆယ်ဖြစ်နေတဲ့ အတွက် ပိုးမျိုးရှစ်သောင်းလို့ ရနေပါတယ်။ အခြားကျမ်းဂန်များမှာတော့ ပိုးမျိုးရှစ်ဆယ်လို့သာ ရှိပါတယ်။ ဒါကြောင့် ဒီအဋ္ဌကထာ စာမူမှာ **သဟဿပုဒ်** ပိုနေ တယ်လို့ ယူမှ အခြားကျမ်းတွေနဲ့ ညီပါလိမ့်မယ်။

မြေတောင်ပို့ကြီးထဲမှာ ရှိကြတဲ့ မြွေတို့, ကင်းတို့ အစရှိတဲ့ ပိုးကောင်တွေဟာ ကိုယ်ဝန်ရှိလို့ မွေးဖွားယင်လည်း အဲဒီတောင်ပို့ထဲ မှာပဲ မွေးဖွားကြတယ်။ ကျင်ကြီး, ကျင်ငယ် စွန့်ယင်လည်း အဲဒီမှာပဲ စွန့်ကြတယ်။ နေမကောင်း ထိုင်မသာ ဖြစ်ယင်လည်း အဲဒီမှာပဲ ခွေပြီး အိပ်နေကြတယ်။ သေယင်လည်း အဲဒီမှာပဲ သေကြတယ်။ ဒီတော့ မြေတောင်ပို့ကြီးဟာ အဲဒီပိုးကောင်တွေရဲ့ မီးနေအိမ်လည်း ဖြစ်နေတယ်။ ကျင်ကြီးကျယ်ငယ်စွန့်ရာဌာန အိမ်သာလည်းဖြစ်နေ တယ်။ သူနာရုံလည်း ဖြစ်နေတယ်။ ပိုးကောင်သေတွေရဲ့ တည်ရာ သုသာန်သချိုင်းလည်း ဖြစ်နေတယ်။ အဲဒါလိုပဲ ဒကာကံရ ဒီကိုယ် ကြီးထဲမှာလည်း တချို့ ပိုးတွေက အရည်ထဲမှာ နေကြတယ်။ တချို့

http://www.dhammadownload.com



က အသားထဲ, အသွေးထဲမှာ နေကြတယ်။ တချို့က အကြောထဲ, အရိုးထဲမှာ နေကြတယ်။ တချို့က အူထဲ, အစာအိမ်ထဲမှာ နေကြတယ်။ ဒီတော့ လူ့တစ်ကိုယ်လုံးဟာ ပိုးကောင်တွေ နေစရာ ပိုးအိမ်ကြီး ဖြစ်မနေပေဘူးလား။ ဒီအထဲမှာ ယခုခေတ်ဆရာဝန်တွေက ပြောကြတဲ့ ရောဂါပိုးတွေဆိုတာကလည်း ရှိသေးတယ်။ ဒီပိုးကောင်တွေဟာ ကိုယ်ဝန်ရှိလို့ မွေးဖွားမယ်ဆိုယင် ဘယ်မှာသွားပြီး မွေးကြမယ်ထင်သလဲ၊ ဒီကိုယ်ထဲမှာပဲ မွေးကြမယ် မဟုတ်လား ဒကာကံရ။ (ဒီကိုယ်ထဲမှာပဲ မွေးကြမှာပါဘုရား)။ ဒီတော့ လူတွေကသာ ငါမင်းပဲ၊ သူဌေးပဲ၊ အရာရှိပဲ စသည်ဖြင့် ကိုယ့်ကိုယ်ကို အလေးအမြတ်ပြုပြီး ယုယနေကြတာ။ ပိုးကောင်တွေရဲ့ မီးဖွားရာ မီးနေအိမ်ကြီးလည်း ဖြစ်မနေပေဘူးလား ဒကာကံရ။ (ဖြစ်နေပါတယ်ဘုရား)။ တချို့က ပြောကြတယ် ဒကာကံရ၊ သူတို့ကိုယ်မှာ အကာအကွယ်ဆေးတို့၊ ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိဆေးတို့ ထိုးထားလို့ မီးနေအိမ်ကို မဝင်ချင်ဘူးတဲ့။ မီးနေအိမ်ဝင်ယင် ထိုးထားတဲ့ဆေးတွေ ထွက်ကုန်မှာစိုးလို့တဲ့။ အဲဒါ ဟုတ်ပုံရရဲ့လား ဒကာကံရ။ တကယ် ဟုတ်လို့ရှိယင် သူ့ကိုယ်ကြီးကိုက ပိုးကောင်တွေရဲ့ မီးနေအိမ် ဖြစ်နေတဲ့အတွက် ပထမဆေးထိုးစဉ်ကတည်းက ဆေးတွေ ထွက်ကုန်မှာပါနော်။

ပြီးတော့ ဒီကိုယ်ထဲက ပိုးကောင်တွေ ကျင်ကြီး, ကျင်ငယ်စွန့်ယင်ရော ဘယ်သွားစွန့်ကြမလဲ၊ ဒီကိုယ်ထဲမှာပဲ စွန့်ကြမယ်မဟုတ်လား။ ဒီတော့ ဒီကိုယ်ကြီးဟာ ပိုးကောင်တွေရဲ့ အိမ်သာလည်း ဖြစ်မနေပေဘူးလား။ (ဖြစ်နေပါတယ်ဘုရား)။ လူတွေကို ဦးခေါင်းရယ်, နဖူးရယ်, ပါးစပ်ရယ်လို့ အမြတ်တနိုးလုပ်နေကြပေမယ်လို့ ဒီပိုးကောင်တွေကတော့ ခေါင်းထဲလည်း ကျင်ကြီး

http://www.dhammadownload.com



ကျင်ငယ် စွန့်ကြတာပဲ၊ နဖူးထဲ, ပါးထဲလည်း ကျင်ကြီး, ကျင်ငယ် စွန့်ကြတာပဲ။ ဒီတော့ တို့လူတွေက ကျက်သရေအရှိဆုံး လုပ်ထားတဲ့ ခေါင်းတို့, နဖူးတို့, မျက်နှာတို့ဟာလည်း ပိုးကောင်တွေရဲ့ အိမ်သာကြီးတွေဖြစ်လို့ ကျက်သရေမဲ့ကုန်တာပေါ့ ဒကာကံရ။

ပြီးတော့ ဒီကိုယ်ထဲက ပိုးကောင်တွေ မကျန်းမမာ ဖြစ်ယင်လည်း ဒီကိုယ်ထဲမှာပဲ ခွေပြီးအိပ်နေကြမယ်။ လူးလိမ့်နေကြမယ် မဟုတ်လား။ သေယင်လည်း ဒီကိုယ်ထဲမှာပဲ သေကြမယ်။ ဒီပိုးကောင်သေတွေဟာလည်း ဒီကိုယ်ထဲမှာပဲ ရှိနေကြမယ်။ ဒီတော့ ဒီကိုယ်ကြီးဟာ ပိုးကောင်တွေရဲ့ သူနာရုံကြီးလည်း ဖြစ်နေတယ်။ **သုသာန် သင်္ချိုင်းကြီး**လည်း ဖြစ်နေတယ်။ **သင်္ချိုင်း**ဆိုတာ ရွံစရာ, ကြောက်စရာအကောင်းဆုံး ကျက်သရေမင်္ဂလာအမဲ့ဆုံး မဟုတ်လား။ ဒီကိုယ်ကြီးလည်း ပိုးကောင်သေတွေရဲ့ အလောင်းတွေနဲ့ ပြည့်နေတဲ့ **သင်္ချိုင်းကြီး**ဖြစ်နေတော့ ကျက်သရေမင်္ဂလာမဲ့ပြီး ရွံစရာ, ကြောက်စရာ ဖြစ်မနေပေဘူးလား ဒကာကံရ။ ( ဖြစ်နေပါတယ်ဘုရား)။

ဒီတော့ တောင်ပို့ကြီးဟာ ပိုးကောင်တွေရဲ့ တည်နေရာဖြစ်လို့ ရွံစရာ, ကြောက်စရာကောင်းသလိုပဲ ဒီကိုယ်ကြီးဟာလည်း ရွံစရာ, ကြောက်စရာကောင်းနေတာပေါ့။ ဒါကြောင့်လည်း တောင်ပို့ကြီးနဲ့ ဥပမာ ပေးထားတာပါပဲ။ တောင်ပို့ကြီးလိုပဲ ဒီကိုယ်ကြီးကိုလည်း ရွံစရာ, ကြောက်စရာ ကောင်းတယ်ဆိုတာကို သိပြီးတော့ တပ်မက်သာယာမှုကင်းအောင် အားထုတ်ဖို့ပါပဲ ဒကာကံရ။ ခုနက ဒကာကံ ပြောခဲ့တယ်နော်၊ မြွေတွေ ကင်းတွေရှိနေတဲ့ မြေတောင်ပို့ကြီးနားမှာ မအိပ်ဝံ့ဘူးတဲ့။ အဲဒီ တောင်ပို့ကြီးကို ခေါင်းအုံးပြီးတော့လည်း မအိပ်ဝံ့ဘူးတဲ့၊ လက်တင်ပြီးတော့လည်း

http://www.dhammadownload.com



မအိပ်ဝံ့ဘူးတဲ့။ ဒီနေရာမှာ ဒကာကဲကို ဘုန်းကြီးက မေးဖို့ရှိပါတယ်။ ဒါပေမယ့်လို့ မေးလိုက်ယင် အဖြေရခက်နေမှာစိုးလို့ မေးလို့တော်မယ်မထင်ပါဘူး။ ဘယ်လိုတုန်းဆိုတော့ တောင်ပို့ကြီးကို ရွံသလို ကြောက်သလို ရုပ်ကိုယ်ကြီးကို ရွံရဲ့လား, ကြောက်ရဲ့လားလို့ မေးဖို့ပါပဲ။ မရွံပါ, မကြောက်ပါဘုရားလို့ ဖြေယင်လည်း ဘုရားအလိုတော်နဲ့ ဆန့်ကျင်နေတယ်။ ရွံပါတယ်, ကြောက်ပါတယ် ဘုရားလို့ ဖြေပြန်ယင်လည်း ဒကာကဲရေ. . . သက်န်းဝတ်ပြီး တရားပဲ အားထုတ်နေပေတော့လို့ ဘုန်းကြီးက ညွှန်ကြားရလိမ့်မယ်။ ဒီတော့ ဒီလောက် အဖြေရခက်တဲ့မေးခွန်းကို မမေးကြပါစို့နဲ့တော့၊ ရှေ့ကိုပဲ သွားကြပါစို့ရဲ့။

## ဓာတ်ကြီး ၄-ပါးအစု တောင်ပို့ကြီး

တောင်ပို့ကြီးနဲ့တူတဲ့ ဒီရုပ်ကိုယ်ကြီးဟာ ဘယ်လိုဟာတွေစုဝေးပြီးဖြစ်နေတာလဲ ဆိုတော့၊ **စာတုမဟာဘူတိကဿ**- ပထဝီ, အာပေါ, တေဇော, ဝါယော ဟူသော ဓာတ် ၄-ပါးတို့၏ အပေါင်းအစုဖြင့်ပြီးသော။ **ကာယဿ ကာယဿ**- ဤရုပ်ကိုယ်ကြီး၏။ **အဓိဝစနံ**- အမည်ပေတည်း-တဲ့။ တောင်ပို့ကြီးလို့ တင်စားပြီး ပြောထားတဲ့ ဒီရုပ်ကိုယ်ကြီးဟာ၊ ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်, ဆိုတဲ့ ဓာတ်ကြီး ၄-ပါးအပေါင်းအစုဖြင့် ပြီးပါတယ်။ ဓာတ်ကြီး ၄-ပါးရဲ့ အပေါင်းအစုမျှပါပဲတဲ့။ မြေမှုန့် အစုအပုံကြီးကို တောင်ပို့လို့ ခေါ်ရသလိုပေါ့။

အဲဒါကို ခွဲခြမ်းစစ်ဆေးကြည့်ကြစို့။ ပထဝီဓာတ်ဆိုတာ ခက်မာကြမ်းတမ်းတဲ့ သဘောပဲ။ ကိုယ်ထဲမှာ စမ်းသပ်ကြည့်ယင် ခက်မာကြမ်းတမ်းတာတွေ, နူးညံ့တာတွေကိုလည်း တွေ့ရမယ်။

http://www.dhammadownload.com



ဘယ်လိုဟာတွေလဲဆိုယင် ခေါင်းက ဆံပင်တွေကို စမ်းကြည့်လိုက်၊ မာမာကြမ်းကြမ်းကို တွေ့ရမယ်။ မျက်ခုံးမွေး၊ မျက်တောင်မွေးတွေကို စမ်းကြည့်လိုက်၊ မာမာကြမ်းကြမ်းကို တွေ့ရမယ်၊ အဲဒါတွေဟာ ပထဝီ ဓာတ်တွေပဲ။ တချို့ကလည်း အဲဒီဆံပင်တို့၊ မျက်ခုံးမွေးတို့ကိုနူးညံ့တယ်၊ ချောညက်တယ်လို့လည်း ထင်လိမ့်မယ်၊ အဲဒီနူးညံ့တာလည်း သူ့ထက် နူးညံ့တာနဲ့ စာကြည့်ယင် ကြမ်းတာပါပဲ။ တစ်ခါတစ်ရံမျက်စိထဲ မျက်တောင်မွေးဝင်လို့ အင်မတန် အခံရခက်တာကို တွေ့ဖူးကြပါလိမ့်မယ်။ ဒါကြောင့် နူးညံ့တယ်၊ ချောညက်တယ်လို့ သိရတဲ့ဟာလည်းပထဝီဓာတ်ပါပဲ။ ခြေသည်း၊ လက်သည်းတွေ စမ်းကြည့်၊ မာမာကြမ်းကြမ်းနဲ့ အစိုင်အခဲသဘောပဲ တွေ့ရတယ်၊ ပထဝီဓာတ်ပဲ။ ပါးစပ်ထဲက သွားတွေ လျှာနဲ့တို့ကြည့်၊ မာမာ ကြမ်းကြမ်းပဲ၊ သူလည်း ပထဝီဓာတ်ပဲ။ အရေခွံ စမ်းကြည့် ခက်မာတဲ့သဘောပဲ၊ နူးညံ့တယ်၊ ချောညက်တယ်လို့လည်း ထင်ရလိမ့်မယ်၊ ဒါလည်း အစိုင်အခဲသဘော ပထဝီဓာတ်ပဲ။

အဲ-ဆံပင်၊ မွေးညင်း၊ လက်သည်း၊ ခြေသည်း၊ သွား၊ အရေကောဋ္ဌာသ ငါးခုတော့ ပြီးသွားပြီ။ ကျန်တာတွေတော့ အကျဉ်းချုပ်ပေါင်းပြီး ပြောမှုပဲ။ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ အထိ တစ်ဆယ်နဲ့ငါးခု၊ ရှေးကငါးခုနဲ့ ပေါင်းလိုက်ယင် အားလုံးအဖို့အစု နှစ်ဆယ်ရှိပါတယ်။ ဒါတွေဟာ အားလုံး ခက်မာကြမ်းတမ်းတဲ့သဘော၊ နူးညံ့တဲ့သဘော၊ အစိုင်အခဲသဘော ပထဝီဓာတ်ချည်းပဲ။ ဒီလို ပထဝီဓာတ်လို့ ခေါ်ရတာကလည်း ဒီအဖို့အစုတွေထဲမှာ ခက်မာတဲ့သဘောက လွန်ကဲပြဋ္ဌာန်းနေလို့ပါပဲ။ အမှန်အားဖြင့်ဆိုတော့ ဒီအဖို့အစုတွေထဲမှာ အာပေါ၊

http://www.dhammadownload.com



တေဇော, ဝါယောတွေလည်း ပါဝင်နေတာပါပဲ။ ဥပမာ ဆံပင်ထဲမှာ ဆိုယင် စိုထိုင်းဖွဲ့စည်းတဲ့ အာပေါဓာတ်လည်းရှိပါတယ်။ ပူနွေး,အေး တဲ့ အခိုးအငွေ့ တေဇောဓာတ်လည်း ရှိပါတယ်။ ထောက်ကန်တင်း မာတဲ့ ဝါယောဓာတ်လည်း ရှိပါတယ်။ လှုပ်တဲ့အခါမှာ လှုပ်ရှားတဲ့ ဝါယောလည်း ထင်ရှားပါတယ်။ ဒါပေမယ့် ခက်မာတဲ့ ပထဝီဓာတ် က ပြဋ္ဌာန်းတဲ့အတွက် ဆံပင်ကို ပထဝီဓာတ်အစုလို့ ခေါ်ရပါတယ်။ ကျန်တဲ့ မွေးညင်းအစ ဦးနှောက်အဆုံးရှိတဲ့ အဖို့အစုတွေလည်း ဒီအတိုင်းပါပဲ။ ပထဝီဓာတ်က လွန်ကဲပြဋ္ဌာန်းနေလို့ ပထဝီဓာတ် အဖို့အစုတွေလို့ ဆိုရပါတယ်။

ရှုမှတ်နေတဲ့ ယောဂီမှာတော့ ဆံပင်တို့, မွေးညင်းတို့နဲ့ ထိတဲ့အခါ ခက်မာတဲ့သဘောကို တွေ့ယင် ပထဝီကို သိတာပဲ။ ပူနွေးတဲ့, အေးတဲ့ သဘောကိုတွေ့ယင် တေဇောကို သိတာပဲ။ တောင့်တင်းတာ, လှုပ်ရှားတာကို တွေ့ယင် ဝါယောကို သိတာပဲ။ စိုထိုင်းတဲ့ သဘောကို တွေ့ယင် အာပေါကို သိတာပဲ။ ပထဝီဓာတ်, အာပေါဓာတ် စသည်ဖြင့် ဒေသနာပညတ်တွေကို ဆင်ခြင်နေဖို့ တော့ မလိုပါဘူး။ အမှန်လိုတာကတော့ မာတာ, ကြမ်းတာတွေ့ယင် မာတဲ့သဘော, ကြမ်းတဲ့သဘောမျှသာသိဖို့၊ ထိုထက် ပိုလွန်ပြီး မိန်းမပဲ ယောကျာ်းပဲ၊ မိန်းမဆံပင်ပဲ, ယောကျ်ားဆံပင်ပဲ စသည်ဖြင့် အထည်ဝတ္ထုပညတ်, ပုဂ္ဂိုလ်ပညတ်တွေကို ရောက်မသွားဖို့ပါပဲ။ စင်စစ်ကတော့ မာတာ, ကြမ်းတာဟာ မာတဲ့, ကြမ်းတဲ့ သဘောမျှ သာ ဟုတ်တာပဲ။ မိန်းမလည်း မဟုတ်ဘူး၊ ယောကျ်ားလည်း မဟုတ် ဘူး၊ ဆံပင်, မွေးညင်း စသည်လည်း မဟုတ်ဘူး။ ပထဝီဓာတ် သဘောမျှသာ ဟုတ်ပါတယ်။ အဲဒါကို သိဖို့ဟာ လိုရင်းပါပဲ။

http://www.dhammadownload.com



ပထဝီပြီးတော့ အာပေါဓာတ်ရောက်လာပြီ။ အဲဒါတွေက သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်-လို့ ဒီလို ဆယ့်နှစ်မျိုး ခွဲခြားပြီး ဟောထားတယ်။ အဲဒါတွေဟာ ယိုစီးတဲ့ အရည်သဘောတွေချည်းပဲ။ ဒါကြောင့် အဲဒါတွေကို အာပေါဓာတ်လို့ ဆိုရတယ်။ ဒါလည်း အာပေါက ပြဋ္ဌာန်းလို့ပါပဲ။ ဒီအထဲမှာ ခက်မာတဲ့ ပထဝီလည်း ရှိတာပဲ၊ ပူနွေးအေးတဲ့ တေဇောလည်း ရှိတာပဲ၊ တောင့်တင်း လှုပ်ရှားတဲ့ ဝါယောလည်း ရှိတာပါပဲ။

ပြီးတော့ တေဇောဓာတ် ရောက်လာပြီ။ ကိုယ်ထဲမှာ ပကတိ အပူငွေ့ကို **ဇိရဏတေဇော** လို့ခေါ်တယ်၊ ဒီ တေဇော ကြောင့် လူတွေရဲ့ရုပ်ဟာ တဖြည်းဖြည်းချင်း ရင့်ရော်အိုမင်းလာရတယ်။ အဲဒီ ပကတိကိုယ်ငွေ့ထက်ပူလာတဲ့ အဖျားရှိန် အပူငွေ့ ကိုတော့ **သန္တပ္ပနတေဇော** လို့ခေါ်တယ်။ ဆရာဝန်တွေ သုံးတဲ့ သာမိုမီတာနဲ့ ပြောရယင် ၉၈-ဒသမ ၄-ထက်ပိုလာတဲ့ အပူမျိုး ပေါ့။ ပူလှချေရဲ့လို့ ညည်းညူရလောက်အောင် အလွန်အမင်း ပူလာ တာမျိုးကိုတော့ **ဒါဟတေဇော** လို့ခေါ်တယ်။ စားသောက်လိုက်တဲ့ အစာကို ကြေကျက်စေတဲ့ ဝမ်းမီး အပူကိုတော့ **ပါစကတေဇော** လို့ခေါ်တယ်။ အဲဒီအပူ ၄-မျိုးလည်း ပူတဲ့ သဘောမျှပဲ။ မိန်းမလည်း မဟုတ်ဘူး၊ ယောကျာ်းလည်း မဟုတ်ဘူး။ ယခု ကိုယ်ထဲက တစ်နေ ရာရာမှာ စမ်းကြည့်ပါ။ ပူတာ၊ နွေးတာ၊ အေးတာ၊ တစ်ခုခုတော့ တွေ့မှာပဲ။ အဲဒါဟာ ငါကောင်လား၊ မိန်းမလား၊ ယောကျာ်းလား၊ ဘာမျှမဟုတ်ပါဘူး။ ပူတဲ့၊ နွေးတဲ့၊ အေးတဲ့သဘောမျှသာ ဟုတ်ပါ တယ်။ အဲဒါတွေဟာ တေဇောဓာတ်ပါပဲ။

http://www.dhammadownload.com



နောက်ဆုံး ဝါယောဓာတ် ရောက်လာပြီ။ သူက ၆-မျိုး ရှိတယ်။ အထက်ကို ဆန်တက်တဲ့လေက တစ်မျိုး၊ အောက်ဘက် စုန်ဆင်းတဲ့လေက တစ်မျိုး၊ အူထဲကလေက တစ်မျိုး၊ အူအပြင် ဝမ်းထဲက လေကတစ်မျိုး၊ အသက်ရှူလေက တစ်မျိုး၊ လက်ခြေအစ ရှိတဲ့ ကိုယ်အစိတ်အပိုင်းတွေ လျှောက်တဲ့လေက တစ်မျိုး၊ ကွေးခြင်း, ဆန့်ခြင်း, ထိုင်ခြင်း, ရပ်ခြင်း, သွားခြင်း, အစရှိတဲ့ ကိုယ်အမူအရာ တွေကို ပြုနေတာဟာ ဒီနောက်ဆုံးလေရဲ့ အစွမ်းသတ္တိတွေပေါ့။ သူ့ကို **အင်္ဂမင်္ဂါနုသာရီလေ**လို့ ခေါ်ပါတယ်။ အင်္ဂါကြီးငယ်တွေကို လျှောက်တဲ့ လေလို့ ဆိုလိုပါတယ်။ ဒီလေ ၆-မျိုးကို ဝါယောဓာတ်လို့ ခေါ်တယ်။ ဒါတွေဟာလည်း တောင့်တင်းတဲ့သဘော လှုပ်ရှားတဲ့ သဘောမျှပါပဲ၊ မိန်းမလည်းမဟုတ်ဘူး၊ ယောကျ်ားလည်း မဟုတ် ဘူး။

ယခုပြောတဲ့ ပထဝီအစု- ၂၀၊ အာပေါအစု- ၁၂၊ တေဇော အစု- ၄၊ ဝါယောအစု- ၆-၊ အားလုံးပေါင်းလိုက်ယင် အဖွဲ့အစုပေါင်း ၄၂-မျိုးရှိပါတယ်။ အကျဉ်းချုံး ပြောမယ်ဆိုယင်တော့ ဓာတ်ကြီး ၄-ပါးမျှပါပဲ။ သူ့နေရာနဲ့သူ နေသားတကျ တည်နေတဲ့ ဒီဓာတ်ကြီး ၄-ပါးအပေါင်းမျှကိုပဲ ရုပ်ကိုယ်ကြီးလို့ ခေါ်ရပါတယ်။ ဝိပဿနာ ဉာဏ်မြင်မရှိတဲ့ သာမန်ပုဂ္ဂိုလ်တွေရဲ့ အမြင်နဲ့ဆိုယင်တော့ ငါ့ကိုယ် ကြီး, သူ့ကိုယ်ကြီး, မိန်းမကိုယ်ကြီး, ယောကျ်ားကိုယ်ကြီးလို့, ဒီလို တကယ်ပဲ ထင်မှတ်နေကြပါတယ်။

ဥပမာအားဖြင့် အုတ်တိုက်ကြီး ဆိုပါတော့။ အုတ်တွေရယ်၊ သဲတွေရယ်၊ ထုံးတွေ ဘိလပ်မြေတွေရယ်၊ သစ်သားတွေရယ်၊ အဲဒါ တွေကို သူ့နေရာနဲ့သူ နေသားတကျ လုပ်ထားလိုက်တော့ အုတ် တိုက်ကြီးလို့ ခေါ်ရတယ်။ ဒါပေမယ့် အုတ်တိုက်ကြီးရယ်လို့ တစ်လုံး

http://www.dhammadownload.com



တစ်ခဲတည်းတော့ ရှိတာမဟုတ်ဘူး။ အူတွေကလည်း တစ်ချပ်စီ တစ်ချပ်စီပဲ၊ သဲတွေကလည်း တစ်မှုန့်စီပဲ၊ ထုံးတွေ၊ ဘိလပ်မြေတွေကလည်း တစ်မှုန့်စီပဲ၊ သစ်သားတွေကလည်း တစ်ပိုင်းစီပဲ။ အဲဒါလိုပါပဲ၊ ဒီကိုယ်ရုပ်ကြီးဟာ ဓာတ် ၄-ပါးတွေ များစွာ စုပေါင်းပြီး တည်ဆောက်ထားတဲ့ ဓာတ် ၄-ပါး အစုအဝေးကြီးတဲ့။

ယခု လက်ညှိုးကလေး တစ်ချောင်းတည်းကို ခွဲကြည့်ကြစို့။ လက်ညှိုးရဲ့အပေါ်ဆုံးက ဖုံးအုပ်နေတဲ့အရေခွံနဲ့ လက်သည်းကို ခွဲကြည့်ပါ။ အဲဒီအရေခွံနဲ့ လက်သည်းဟာ မိန်းမလား၊ ယောကျာ်းလား၊ လူလား၊ အသက်ရှင်နေတဲ့ ပုဂ္ဂိုလ်သတ္တဝါလား၊ ဘာမျှမဟုတ်ဘူး၊ ခက်မာနူးညံ့တဲ့ ပထဝီဓာတ်သာ ဟုတ်တယ်။ အရေခွံအောက်က **အဗဒ္ဓ** သည်းခြေဆိုတာ ရှိတယ်။ အဲဒါကိုတော့ သုတနည်းတဲ့လူတွေက မသိကြဘူး၊ ပြီးတော့ သူက ပထဝီဓာတ် မဟုတ်ဘူး၊ အာပေါဓာတ်ပဲ။ ဒါကြောင့် သူ့ကို ထားလိုက်ပါတော့။ အဲဒီ သူ့အောက်က အသားရှိတယ်၊ အကြောရှိတယ်၊ အရိုးရှိတယ်၊ အရိုးထဲက ခြင်ဆီရှိတယ်။ ဒါတွေအားလုံးဟာလည်း လူလည်းမဟုတ်ဘူး၊ မိန်းမလည်း မဟုတ်ဘူး၊ ယောကျာ်းလည်း မဟုတ်ဘူး၊ အသက်ရှင်နေတဲ့ ပုဂ္ဂိုလ်သတ္တဝါလည်း မဟုတ်ဘူး။ အမှန်ကတော့ ခက်မာတဲ့၊ ကြမ်းတမ်းတဲ့၊ နူးညံ့တဲ့ ပထဝီဓာတ်မျှသာ ဟုတ်တယ်။

ပြီးတော့ ဒီလက်ညှိုးထဲမှာ အသွေးလည်းရှိတယ်၊ ချွေးတို့၊ အဆီတို့၊ ဆီကြည်တို့၊ ခုနကပြောခဲ့တဲ့ **အဗဒ္ဓ**သည်းခြေတို့ဆိုတာတွေလည်း နည်းနည်းစီတော့ ရှိတာပဲ။ ဒါတွေကတော့ ယိုစီးတဲ့ အရည်သဘော အာပေါဓာတ်တွေပဲ။ ပြီးတော့ ဒီလက်ညှိုးထဲမှာ ပူတဲ့၊ နွေးတဲ့ တေဇောဓာတ်လည်းရှိတယ်။ တောင့်တင်းတဲ့၊ လှုပ်ရှားတဲ့၊ ဝါယောဓာတ်လည်း ရှိတယ်။ ဒါတွေလည်း လူလည်း မဟုတ်ဘူး၊

http://www.dhammadownload.com



မိန်းမလည်း မဟုတ်ဘူး၊ ယောကျ်ားလည်း မဟုတ်ဘူး။ ဓာတ်သဘောမျှသာ ဟုတ်တယ်။ ဒီပြင် ကိုယ်အစိတ်အပိုင်းတွေမှာလည်း ခွဲကြည့်ယင် ဒီအတိုင်း ဓာတ်သဘောချည်းပဲ ရှိတယ်။ ဓာတ် ၄-ပါး အစုအဝေးမျှသာ ရှိတယ်။ ဒါကြောင့် "**စတုမ္မဟာဘူတိကဿ**- ဓာတ် ၄-ပါးတို့၏ အပေါင်းအစုဖြင့်ပြီးသော၊ **ရူပကာယဿ**- ဤရုပ်ကိုယ်ကြီး၏။ **အဓိဝစနံ**- တင်စား၍ခေါ်သော အမည်ပေတည်း" လို့ ဟောတော်မူပါတယ်။

နောက်နားပိုင်း ရောက်တော့ ဝိပဿနာပညာဆိုတဲ့ ပေါက်တူးနဲ့ တူးပုံကို တွေ့ရပါလိမ့်မယ်။ အဲဒီ ဝိပဿနာပညာ ပေါက်တူးနဲ့ ဒီတောင်ပို့ကြီးကို တူးကြည့်တဲ့အခါမှာ ဓာတ် ၄-ပါးကိုပဲ တွေ့ရလိမ့်မယ်။ ကိုယ်ထဲမှာ ဘယ်အစိတ်အပိုင်းကပဲဖြစ်ဖြစ် ထိရာထိရာကို လိုက်ပြီးရှုမှတ်ယင် ခက်မာကြမ်းတမ်းတဲ့ သဘောကိုယင်လည်း တွေ့ရလိမ့်မယ်၊ အဲဒါဟာ ပထဝီဓာတ်ပဲ။ ပူတာ, နွေးတာ, အေးတာကိုယင်လည်း တွေ့ရလိမ့်မယ်၊ အဲဒါဟာ တေဇောဓာတ်ပဲ။ တောင့်တင်းတာ, ငြိမ်နေတာ, တွန်းတာ, လှုပ်ရှားတာကိုယင်လည်း တွေ့ရလိမ့်မယ်၊ အဲဒါဟာ ဝါယောဓာတ်ပဲ။ စိုတာ ထိုင်းတာ, ဖွဲ့တွယ်တာ, ယိုစီးတာကိုယင်လည်း တွေ့ရလိမ့်မယ်၊ အဲဒါဟာ အာပေါဓာတ်ပဲ။ အဲဒီလို ဒီရုပ်ကိုယ် တောင်ပို့ကြီးကို ၄-စု, ၄-ပုံ ခွဲခြားပြီး သိဖို့ပါပဲ။

## အရည်ကြည်မှုန့်ကလေးက စလာတယ်

ဒီရုပ်ကြီးကို လူတွေက တစ်လုံးတည်း တစ်ခဲတည်း အထည်ဒြပ်ကြီးလို့ ဒီလိုထင်နေကြတယ်။ ဒီလိုမဟုတ်ဘူး၊ အင်မတန်သေးငယ်တဲ့ အစုအဝေးကစပြီး တဖြည်းဖြည်း ကြီးထွားလာတာ။

http://www.dhammadownload.com



ဒါကြောင့် **မာတာပေတ္တိကသမ္ဘဝဿ**- မိဘတို့၏ သုက်သွေး ကြောင့်ဖြစ်သော။ **ဣမဿ ကာယဿ**- ဤရုပ်ကိုယ်ကြီး၏။ **အဓိဝစနံ**- အမည်ပေတည်း-လို့ ဟောထားပါတယ်။

မိဘနှစ်ပါးရဲ့ သုက်နဲ့သွေးဥကို မှီပြီးတော့ ဖြစ်လာတာတဲ့။ အဘရဲ့သုက်ဓာတ်နဲ့ အမိရဲ့သွေးဥကလေး ဒီနှစ်ခုပေါင်းစပ်ပြီးတော့ **ကလလ**ခေါ်တဲ့ အရည်ကြည်ကလေးကစပြီး ဖြစ်လာပါတယ်။ အဲဒီ အရည်ကြည်ထဲမှာ (ဒီနေရာမှာတော့ လက်တွေ့နဲ့ ပြောလို့မဖြစ်ဘူး၊ စာသဘောနဲ့ ပြောရတော့မှာပဲ) **ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသက** ဆိုတဲ့ ကလာပ်သုံးစည်းကြောင့် ဖြစ်ပေါ်လာပါ တယ်။ ဒီကလာပ်သုံးစည်းနဲ့ **ကလလ ရေကြည်**ရုပ်ဟာ ဘယ် လောက်ပမာဏ ရှိသလဲဆိုလို့ရှိယင်၊ အလွန်သေးငယ်ပါတယ်။ ပကတိမျက်စိနဲ့ မမြင်နိုင်လောက်အောင် သေးငယ်ပါတယ်။ နံရံ ပေါက်က ဝင်လာတဲ့ နေရောင်ခြည်ထဲမှာ တွေ့ရတဲ့ အသေးဆုံး အမှုန်မျိုးကို **အဏုမြူ**လို့ ခေါ်ပါတယ်။ အဲဒီ**အဏုမြူ**ကို ၃၆- စိတ်စိတ်ပြီးတော့ တစ်စိတ်ကို **ပရမာဏုမြူ** လို့ခေါ်ပါတယ်။ အဲဒီ **ပရမာဏုမြူ**လောက်ရှိတယ်လို့ အကြမ်းဖျင်း မှတ်ကြပါတော့။ တစ်နည်းအားဖြင့် ဆိုယင်တော့ အသေးအနုတ်ဆုံး ဆံခြည်မျှင် ကလေး သို့မဟုတ် မွေးစသိုးရဲ့ အသေးဆုံး သိုးမွေးမျှင်ကလေးကို ဆီထဲထည့်ပြီး ပါလာတဲ့ဆီကို ခါပစ်ခါပစ်ရမယ်။ အဲဒီလို အထပ်ထပ် ခါပစ်တော့ နောက်ဆုံးကျလာတဲ့ ဆီပေါက်ကလေးဆိုတာ ရှိတယ်။ အဲဒီနောက်တော့ ကျစရာဆီကို လုံးလုံးမရှိတော့ဘူး။ အဲဒီလို နောက် ဆုံးကျလာတဲ့ ဆီပေါက်ကလေးလောက် ရှိတယ်လို့လည်း မှတ်ကြရ မယ်။ အဲဒီဆီပေါက်ကို ပကတိမျက်စိနဲ့တော့ မမြင်နိုင်ပါဘူး၊ **ကလလ ရေကြည်**ဆိုတာ အဲဒီလောက် သေးငယ်တဲ့ အရည်ကြည်မှုန်ကလေး

http://www.dhammadownload.com



ပါပဲ။ အဲဒီအရည်ကြည်မှုန်ကလေးထဲမှာ ကလာပ်သုံးစည်းရုပ်ပေါင်း သုံးဆယ်ကစပြီး ဒီရုပ်ကိုယ်ဟာ ဖြစ်လာခဲ့ပါတယ်တဲ့။

အဲဒီ အရည်ကြည်မှုန်ကလေးဟာ မသိမသာ တဖြည်းဖြည်းချင်း ရင့်ကျက်ပြောင်းလဲနေပါတယ်။ ခုနစ်ရက်ကြာတဲ့အခါကျတော့ "**ပဌမံ ကလလံ ဟောတိ၊ ကလလာ ဟောတိ အဗ္ဗုဒံ**" ဆိုတဲ့အတိုင်း အဲဒီအရည်ကြည်ကလေးက နောက်ကျိကျိ ပြစ်ချွဲချွဲ အမြှုပ်ဆိုတာ ကလေးဖြစ်လာပါတယ်။ အဲဒီအမြှုပ်ကလည်း တဖြည်းဖြည်းချင်း ရင့်ကျက်ပြောင်းလဲပြီး ခုနစ်ရက် ကြာပြန်တော့ "**အဗ္ဗုဒါ ဇာယတေ ပေသိ**"လို့ ဆိုထားတဲ့အတိုင်း ငရုတ်ရေအနှစ် ပျစ်ပျစ်ကလေးလို အသားတစ်ကလေး ဖြစ်လာပါတယ်။ အဲဒီ မခိုင်မာတဲ့ အသားတစ်ကလေးကလည်း ခုနစ်ရက်ကြာပြန်တော့ "**ပေသိ နိဗ္ဗတ္တတေ ဃနံ**"လို့ ဆိုထားတဲ့အတိုင်း တစ်ခဲနက် ခိုင်မာတဲ့ အသားလုံးကလေး ဖြစ်လာပါတယ်။ အဲဒီ အသားခဲကလေးကလည်း ခုနစ်ရက်ကြာပြန်တော့ "**ဃနာ ပသာခါ ဇာယန္တိ**" လို့ ဆိုထားတဲ့ အတိုင်းအဖုကလေး ငါးခု ထွက်လာပါတယ်၊ ခေါင်းဖြစ်ဖို့ရန် အဖုက တစ်ခု၊ လက်နှစ်ချောင်းအတွက်က အဖုနှစ်ခု၊ ခြေနှစ်ချောင်း အတွက်က အဖုနှစ်ခု၊ အဲဒီအဖု ငါးခုကို ခက်မငါးဖြာလို့လည်း ခေါ်ပါတယ်။

အဲဒီကနောက် တဖြည်းဖြည်းချင်း ကြီးထွားလာပါတယ်။ ခေါင်းပုံသဏ္ဌာန်, လက်ခြေပုံသဏ္ဌာန်, ကိုယ်ပုံသဏ္ဌာန်တွေ ပီပီသသ ဖြစ်လာပါတယ်။ ၇၇-ရက်မြောက် ကျတော့ မျက်စိအကြည်ရုပ်, နား အကြည်ရုပ်, နှာခေါင်း အကြည်ရုပ်, လျှာအကြည်ရုပ်တွေလည်း ဖြစ်ပေါ်လာကြတယ်လို့ ဆိုပါတယ်။ နောက်ပြီးတော့ မိခင်ရဲ့ အစာအာဟာရမှ ရသဓာတ်တွေကလည်း ကလေးကိုယ်ထဲ

http://www.dhammadownload.com



မှာ စိမ့်ဝင်ပြီး လိုနေတဲ့ သံဓာတ်, ထုံးဓာတ်စသည်ကို ဖြစ်စေတယ်လို့ ဆိုပါတယ်။ ဒီပဋိသန္ဓေ ကလေးရုပ်ကြီးထွားလာပုံကတော့ ဆရာဝန်များရဲ့ မှတ်တမ်းကမှ ပိုပြီး သေချာပါတယ်။ ဘုရားဟောတရားတော်နဲ့ အဋ္ဌကထာ ဋီကာတွေ ကတော့ ဆေးကုဖို့ မဟုတ်တဲ့အတွက် အမှန်းအတားရရုံ အကြမ်းဖျင်းလောက်ပဲ ပြထားပါတယ်။ ဆရာဝန်တွေရဲ့ မှတ်တမ်းကတော့ ဆေးကုဖို့အတွက်ဖြစ်တော့ သေသေချာချာ လက်တွေ့စမ်းသပ်ပြီး ဓာတ်ပုံတွေနဲ့တကွ ပြထားတာဖြစ်တဲ့အတွက် သာပြီး သေချာတယ်လို့ ဆိုရပါတယ်။ ဒါပေမယ့် တရားနှလုံးသွင်းရာမှာတော့ ဒါလောက် သေချာဖို့မလိုပါဘူး။ ဒါကြောင့် ပါဠိ အဋ္ဌကထာ ဋီကာတွေမှာ အမှန်းအတား ရရုံလောက်သာ ပြထားပါ တယ်။ အဲဒီလို တဖြည်းဖြည်းချင်း ကြီးရင့်လာပြီး တချို့က ခုနစ်လ၊ တချို့က ရှစ်လ၊ တချို့က ကိုးလ၊ တချို့က ဆယ်လကြာတဲ့ အခါမှာ ဖွားမြင်လာပါတယ်။ ဒါကြောင့် "**မာတာ ပေတ္တိက သမ္ဘဝသာ**-မိဘတို့၏သုက်သွေးကြောင့်ဖြစ်သော။ **ဩဒနကုမ္မာသူပစယဿ**-ဤရုပ်ကိုယ်ကြီး၏။ **အစိဝစနံ**- အမည်ပေတည်း"လို့-ဟောထားပါတယ်။

## အစာအာဟာရကြောင့်လည်း ကြီးလာတယ်

နောက်ပြီးတော့ ဒီရုပ်ကိုယ်ဟာ အစာအာဟာရကြောင့်လည်း ကြီးထွားလာတယ်။ ဒါကြောင့် **ဩဒနကုမ္မာသူပစယဿ**-ထမင်း, မုန့်စသော အစာအာဟာရတို့ကြောင့် ကြီးထွားလာသော။ **ဣမဿ ကာယဿ**- ဤရုပ်ကိုယ်ကြီး၏။ **အစိဝစနံ**- အမည်ပေတည်း-လို့လည်း ဟောထားပါတယ်။ မွေးဖွားပြီးတဲ့နောက် မိခင်ရဲ့နို့ရည်ကို သောက်စို့ပြီးတော့လည်း ကြီးထွားလာတယ်။ အစာစား

http://www.dhammadownload.com



နိုင်တဲ့ အချိန်ကစပြီး၊ ထမင်း, မုန့်အစရှိတဲ့ အစာအာဟာရတွေကို စားသောက်ပြီး အဲဒီ အာဟာရတွေကြောင့်လည်း ကြီးထွားလာတယ်တဲ့။ ဘယ်လိုလဲ ဆိုတော့ကာ စားမျိုလိုက်တဲ့ အစာထဲက တချို့ကို အစာအိမ်ထဲမှာရှိတဲ့ ပိုးကောင်ကလေးတွေက စားပစ်တယ်။ တချို့က ကျင်ကြီး ဖြစ်သွားတယ်။ တချို့က ကျင်ငယ် ဖြစ်သွားတယ်။ တချို့က ဝမ်းမီးလောင်ပြီး ပျောက်ပျက်သွားတယ်။ တချို့က ရသဓာတ်ဖြစ်ပြီးတော့ တစ်ကိုယ်လုံးပြန့်ပြီး အသွေးအသားစသည် ဖြစ်သွားတယ်လို့ ကျမ်းဂန်တွေမှာ ပြထားပါတယ်။ ဒီနေရာမှာလည်း ဆရာဝန်တွေရဲ့ မှတ်တမ်းက သာပြီးသေချာပါတယ်။ အဲဒီလို ရသဓာတ်ဖြစ်ပြီး အာဟာရက ဒီရုပ်ကိုယ်ကြီးကို ကြီးထွားလာစေပါတယ်။

အဲဒီလို ထမင်း, မုန့်အစရှိတဲ့ အစာအာဟာရတွေကို စားပြီးကြီးထွားလာတဲ့အတွက် ၂-နှစ်သားရှိပြီ၊ ၃-နှစ်သားရှိပြီ၊ ၄-နှစ်သား၊ ၅-နှစ်သားရှိပြီ၊ ၁၀-နှစ်သား၊ ဆယ့်ငါးနှစ်သားရှိပြီ။ အသက်၂၀, ၃၀- ရှိပြီ၊ လေးငါးခြောက်ဆယ်ရှိပြီ စသည်ဖြင့် ဒီရုပ်ကိုယ်ကြီးကို ပြောကြရတယ်။ ဒါပေမယ့် ငယ်ငယ် ကလေးရုပ်ကပဲ လူကြီးရုပ် ဖြစ်လာတာတော့ မဟုတ်ပါဘူး။ ရုပ်အသစ်အသစ် တွေဖြစ်ပြီး ကြီးထွားလာပါတယ်။ ဥပမာ သစ်စေ့ကလေးက သစ်ပင်ဖြစ်လာသလိုပါပဲ။ ညောင်စေ့ကလေးက ရေဓာတ်, မြေဓာတ်စသည်ကိုမှီပြီး အညှောက် ကလေးပေါက်လာတယ်၊ အဲဒီအညှောက်က အပင်ကလေး ဖြစ်လာတယ်။ အဲဒီ အပင်ကလေးဟာ ရေဓာတ်, မြေဓာတ် စသည်ကိုမှီပြီး တဖြည်းဖြည်းချင်း ကြီးလာတယ်။ နောက်ကျတော့ ဧရာမညောင်ပင်ကြီး ဖြစ်လာတယ်။ အဲဒီလို ဖြစ်လာရာမှာ အညှောက် ဖြစ်လာတဲ့အခါ ညောင်စေ့မဟုတ်တော့

http://www.dhammadownload.com



ဘူး။ အပင်ကလေးဖြစ်လာတဲ့အခါ အညှောက် မဟုတ်တော့ဘူး။ အပင်ကြီး ဖြစ်လာတဲ့အခါမှာ အပင်နုကလေး မဟုတ်တော့ဘူး။ ဒါလိုပါပဲ၊ ဒီရုပ်ကိုယ်ကြီးဟာလည်း သူ့အထဲ ပါဝင်တဲ့ ရုပ်တွေက ခဏမစဲ ဖြစ်ပျက်နေပါတယ်။ အသစ်အသစ်တွေက ဖြစ်ဖြစ်လာတယ်။အဟောင်းအဟောင်းတွေက ပျက်ပျက်သွားတယ်။ တသွင်သွင် စီးသွားနေတဲ့ ရေစီးကြောင်းထဲမှာ ရေတွေဟာ အဟောင်းအသစ် မပြတ်ပြောင်းလဲနေသလိုပါပဲ။ ဒါကြောင့် မမြဲတဲ့တရားတွေပါတဲ့။ ပြီးတော့ ဒီရုပ်ကိုယ်ကြီးကို သန့်စင်အောင်ရေချိုးခြင်း, မျက်နှာသစ်ခြင်း, နံ့သာလိမ်းခြင်း စသည်ဖြင့်လည်း မပြတ်ပြုပြင်ပေးနေရတယ်၊ နှိပ်နယ်ပြီးတော့လည်း ပြုပြင်ပေးနေရတယ်၊ ဒါပေမယ့် ဒီရုပ်ကိုယ်ကြီးက မခိုင်မြဲတဲ့ ရုပ်အစုအဝေးကြီးဖြစ်တဲ့အတွက် ခဏမစဲ ပြိုကွဲပျက်စီးခြင်း သဘောလည်း ရှိနေပါတယ်တဲ့။ ဒါကြောင့် **အနိစ္စုစ္ဆာဒန ပရိမဒ္ဒန ဘေဒန ဝိဒ္ဓံသန ဓမ္မဿ**- မမြဲသော သဘောရှိ၍ နံ့သာလိမ်းပေးရခြင်း, နှိပ်နယ်ပေးရခြင်း သဘောရှိလျက် ပြိုကွဲ ပျက်စီးခြင်းသဘောလည်းရှိသော။ **ဣမဿ ကာယဿ**- ဤရုပ် ကိုယ်ကြီး၏။ **အဓိဝစနံ**- အမည်ပေတည်း- လို့ ဟောထားပါတယ်။အားလုံးပေါင်းပြီး ပြောလိုက်ကြဦးစို့။ **ဘိက္ခု- ကုမာရ ကဿပ** ရဟန်း။ **ဝမ္မိကောတိ ခေါ**- တောင်ပို့ကြီးဟူသော ဤအမည်သည်။ **စာတုမ္မဟာဘူတိကဿ**၊ ဓာတ် ၄-ပါးတို့၏ အစုအဝေးဖြစ်သော။ **မာတာပေတ္တိက သမ္ဘဝဿ**- မိဘတို့၏ သုက်သွေးကြောင့်ဖြစ်သော။ **ဩဒနကုမ္မာသူပစယဿ**၊ ထမင်း, မုန့်အစရှိသော အစာအာဟာရကြောင့် ကြီးပွားလာသော။ **အနိစ္စုစ္ဆာဒနပရိမဒ္ဒန ဘေဒန ဝိဒ္ဓံသန ဓမ္မဿ**- မမြဲတဲ့ သဘော ရှိ၍ နံ့သာလိမ်းပေးရ, နှိပ်နယ်ပေးရလျက် ပြိုကွဲပျက်စီးခြင်း

http://www.dhammadownload.com



သဘောရှိသော။ **ဣမသာ ကာယသ**- ဤရုပ်ကိုယ်ကြီး၏။ **အစိဝစနံ**- တင်စား၍ ခေါ်ထားသော အမည်ပေတည်း။

**မြုဟ္မာကြီး**က တောင်ပို့ကြီးလို့ ဆိုတာဟာ တခြားဟာ မဟုတ်ဘူး။ ဒီရုပ်ကိုယ်ကြီးကို ဆိုတာပဲ။ ဒီရုပ်ကိုယ်ကြီးရဲ့သဘောက ဘယ်လိုလည်းဆိုတော့ ဓာတ်၄-ပါးတို့၏ အစုအဝေးမျှသာဖြစ်တယ်။ မိဘတို့၏ သုက်သွေးကိုမှီပြီး **ကလလရေကြည်**ခေါ်တဲ့ အင်မတန် သေးငယ်တဲ့ အရည်ကြည်ကလေးမှစပြီး ဖြစ်လာခဲ့တယ်။ စားသောက်တဲ့ ထမင်း, မုန့်စတဲ့ အစာအာဟာရကြောင့် တဖြည်းဖြည်း ကြီးထွားလာတယ်။ မျက်နှာသစ်ခြင်း, ရေချိုးခြင်း, နံ့သာလိမ်းပေးခြင်း, နှိပ်နယ်ပေးခြင်းတို့ဖြင့် မပြတ်ပြုပြင်ပေးနေရတယ်။ ဒါပေမယ့် ပြိုကွဲပျက်စီးတတ်လို့ မမြဲတဲ့သဘောရှိတယ်။ အဲဒီလိုသဘောရှိတဲ့ ဒီရုပ်ကိုယ်ကြီးကို တောင်ပို့ကြီးလို့ တင်စားပြီး ခေါ်ထားတယ်လို့ ဆိုလိုပါတယ်။ ဒါလောက်ဆိုယင် တောင်ပို့အကြောင်းကတော့ တော်လောက်ပါပြီ။ ရှေ့သွားကြဦးစို့။

## မီးခိုးတွေ ထွက်နေတယ်

“**ကာ ရတ္တ ဓူမာယနာ**-ညဉ့်အခါမှာ မီးခိုးတွေထွက်နေတယ်ဆိုတာက ဘယ်ဟာပါလည်း မြတ်စွာဘုရား”လို့ ဆိုတဲ့ ဒီမေးခွန်းကို မြတ်စွာဘုရားက “**ယံ ခေါ ဘိက္ခု ဒိဝါ ကမ္မန္တေ အာရဗ္ဘ ရတ္တ အနုဝိတက္ကေတိ အနုဝိစာရေတိ၊ အယံ ရတ္တ ဓူမာယနာ**”လို့ ဖြေတော်မူပါတယ်။

**ဘိက္ခု**- ကဿပ ရဟန်း။ **ဒိဝါ ကမ္မန္တေ အာရဗ္ဘ**- နေ့ခင်း၌ လုပ်ရမည့် အမှုကိစ္စတို့ကို အကြောင်းပြု၍။ **ရတ္တ**– ညဉ့်အခါကာလ၌။ **ယံ အနုဝိတက္ကေတိ အနုဝိစာရေတိ**- အကြင်ကြံစည်

http://www.dhammadownload.com



စဉ်းစား၏။ **အယံ**- ဤညအခါကာလ၌ ကြံစည်စဉ်းစားခြင်းသည်။ **ရတ္တ ဓူမာယနာ**- ညအခါ၌ မီးခိုးလွှတ်ခြင်းပေတည်းတဲ့။ ဘုရားလက်ထက် ဟိုရှေးခေတ်တုန်းက လူတွေဟာ သိပ်ပြီး လောဘမကြီးကြသေးဘူး။ ဒါကြောင့် အဲဒီခေတ်ကာလတုန်းက လူတွေဟာ စီးပွားရေးအလုပ်တွေကို နေ့လောက်သာ လုပ်ကြတယ်။ ညပါလုပ်ရတဲ့ အလုပ်ဆိုတာက အလွန်နည်းပါတယ်။ ယခုခေတ်မှာတော့ လူတွေမှာ လောဘတွေ တိုးပွားလာသလောက် လုပ်ငန်းနယ်ပယ်တွေကလည်း ကျယ်လာတယ်။ ဒါကြောင့် လုပ်ငန်းတွေကို နေ့ရော ညပါ မပြတ်လုပ်နေကြရတယ်။ စက်မှုလုပ်ငန်းတွေဆိုတာဟာ နေ့ရော ညရော ၂၄-နာရီပတ်လုံး မပြတ်လုပ်နေကြရတယ်။ ယခုမေးခွန်းအဖြေကတော့ ရှေးခေတ်အရ ဖြေထားပါတယ်။ ဟိုတုန်းက ညမှာ အလုပ်မရှိဘူး။ လုပ်လို့လည်း မဖြစ်ဘူး၊ ဒါကြောင့် ညအခါမှာ နောက်တစ်နေ့ကျတော့ လုပ်ရမည့် လုပ်ငန်းကိစ္စတွေနဲ့ စပ်ပြီး ကြံစည်စဉ်းစားနေရပါတယ်။ အဲဒါဟာ ညအခါ မီးခိုးတွေ ထွက်နေတာပဲတဲ့။

ဒီနေရာမှာ ဒီမီးခိုးကို ကောင်းတဲ့မီးခိုး, မကောင်းတဲ့မီးခိုးလို့ ဒီလိုလည်းခွဲချင်ယင် ခွဲနိုင်ပါသေးတယ်။ ကောင်းတဲ့ မီးခိုးဆိုတာဘာလည်းဆိုယင် နက်ဖြန်ကျယင် ကျောင်းသွားမယ်၊ ဘုရားသွားမယ်၊ ဥပုသ်သီတင်း သီလဆောက်တည်မယ်၊ ဆွမ်းလောင်းမယ်၊ ဆွမ်းလှူမယ်၊ တရားနာမယ် စသည်ဖြင့် ဒီလိုကြံစည်နေတာတွေပေါ့။ ဒီလိုကြံစည် နေတာတွေကို ကောင်းတဲ့မီးခိုးလို့ ဆိုရပေလိမ့်မယ်။ ဒါပေမယ့် ဒီဒေသနာမှာ ရည်ရွယ်တာကတော့ လောကရေးရာ အမှုကိစ္စတွေ အတွက် လောဘ, ဒေါသ, မောဟတွေနဲ့ ကြံစည်နေတာကို ရည်ရွယ်ပါတယ်။ ဒါကြောင့် လောကီ အလုပ်ကိစ္စတွေနဲ့စပ်

http://www.dhammadownload.com



ပြီး လောဘ, ဒေါသ, စိတ်ကူးတွေဖြစ်နေယင် "ငါ့မှာ မီးခိုးတွေထွက်နေပြီ"လို့သာ မှတ်ပေတော့။ ဒါပေမယ့် ဒကာကတို့ လူ့လောက ပုဂ္ဂိုလ်တွေကို "ဒီလို မီးခိုးတွေ မထွက်စေရဘူး၊ ပိတ်ထားရမယ်"လို့ ဘုန်းကြီးတို့က အတင်းအကြပ်ပြောလို့တော့ မဖြစ်ပေဘူး။ မလွှဲမကင်းသာတဲ့ အလုပ်ကိစ္စနဲ့ စပ်ပြီးတော့ ကြံစည်ရဦးမှာပဲ။ မကြံစည်ပဲနေယင် လုပ်သင့်တဲ့ အလုပ်တွေကို မလုပ်မိလို့ စီးပွားဥစ္စာတွေ ဆုတ်ယုတ်ပျက်စီးကုန်မှာ စိုးရသေးတယ်။ ဒါကြောင့် ဒကာကတို့ လူတွေကိုတော့ ဒီမီးခိုးကို အပိတ်ခိုင်းလို့ မဖြစ်ပါဘူး။ သဘောရှိ အခွင့်ပေးထားလိုက်မှ တော်မှာထင်ပါရဲ့။ ယခုဒေသနာကတော့ **အရှင်ကုမာရကဿပ**မှ စပြီး ရဟန်းတွေအတွက်က လိုရင်းဖြစ်ပါတယ်။ ရဟန်းတွေမှာ နေ့ခင်းမှာ စီးပွားအတွက် အလုပ်လုပ်စရာ အကြောင်းထူးလည်း မရှိပါဘူး။ ဘာကြောင့်လည်းဆိုတော့ ရဟန်းတွေမှာ စားသောက် နေထိုင်ရေးအတွက် ဒကာ, ဒကာမတွေက အားလုံးလှူနေကြတာပဲ။ နံနက် အချိန်ကျယင် သင်္ကန်းရုံပြီး သပိတ်နဲ့ အရပ်ထဲလျှောက်သွားယင် ဆွမ်းတွေ, ဟင်းတွေ, စားစရာတွေ အလွယ်တကူနဲ့ ရလာမယ်မဟုတ်လား။

သင်္ကန်းလည်း လှူနေကြတာပဲ၊ ကျောင်းတွေကလည်း အသင့်ရှိနေတာပဲ။ ဒီတော့ ဘာကြံဖို့ လိုသေးသလဲ။ မလိုပါဘူး။ ဒါကြောင့် ညအခါမှာ နက်ဖြန် သန်ဘက် စသည်အတွက် စိတ်ကူးတွေ ဖြစ်ပေါ်လာယင် မီးခိုးတွေပဲလို့ နှလုံးသွင်းပြီး အဲဒါတွေကို ပယ်ရလိမ့်မယ်။ ဒကာကတို့ လူတွေလည်း တရားအားထုတ်နေတဲ့ ကာလပိုင်းအတွင်း ဒီလိုစိတ်ကူးတွေ ဖြစ်ပေါ်လာယင် အဲဒီလိုအခါမှာတော့ ဒီမီးခိုးတွေ မထွက်အောင် အားထုတ်ရမယ် ဒကာကရဲ့။

http://www.dhammadownload.com



## မီးလျှံတွေ ထွက်နေတယ်

"**ကာ ဒိဝါ ပဇ္ဇလနာ** - နေ့အခါမှာ မီးလျှံတွေ ထွက်နေတယ်ဆိုတာက ဘယ်ဟာပါလဲ မြတ်စွာဘုရား"လို့ ဆိုတဲ့မေးခွန်းကို မြတ်စွာဘုရားက "**ယံ ခေါ ဘိက္ခု ရတ္တိံ အနုဝိတက္ကေတွာ အနုဝိစာရေတွာ ဒိဝါ ကမ္မန္တေ ပယောဇေတိ ကာယေန ဝါစာယ၊ အယံ ဒိဝါ ပဇ္ဇလနာ**" လို့ ဖြေတော်မူပါတယ်။

**ဘိက္ခု**- ကဿပရဟန်း။ **ရတ္တိံ**- ညဉ့်အခါ၌။ **အနုဝိတက္ကေတွာ အနုဝိစာရေတွာ**- ကြံစည်စဉ်းစားပြီး၍။ **ဒိဝါ**-နေ့အခါ၌။ **ကမ္မန္တေ**- အမှုကိစ္စတို့ကို။ **ကာယေန**- ကိုယ်ဖြင့်လည်းကောင်း။ **ဝါစာယ**- နှုတ်ဖြင့်လည်းကောင်း။ **ယံ ပယောဇေတိ**- အကြင်ယှဉ်စေ၏, လုပ်ကိုင်၏။ **အယံ**- ဤနေ့ခင်းကာလ၌ အမှုကိစ္စတို့ကို ကိုယ်နှုတ်ဖြင့် ယှဉ်စေခြင်း, ပြုလုပ်ခြင်းသည်။ **ဒိဝါ**-နေ့အခါ၌။ **ပဇ္ဇလနာ**- မီးတောက်မီးလျှံတောက်၍ နေခြင်းပေတည်း။ ညက ကြံထားတဲ့ အလုပ်ကိစ္စတွေကို နေ့ကျတော့ ကိုယ်နဲ့ တလှုပ်လှုပ် တရွရွ လုပ်နေတယ်။ နှုတ်နဲ့ပြောဆိုပြီး ဆောင်ရွက်နေတယ်။ ညက လောဘနဲ့ ဒေါသနဲ့ ကြံထားတာတွေကို နေ့ကျတော့ ကိုယ်ထိလက်ရောက်လုပ်တယ်။ နှုတ်နဲ့လည်း စီမံပြီးဆောင်ရွက်တယ်။ အဲဒါတွေဟာ နေ့အခါ မီးတောက်နေတာပါပဲတဲ့။ ဒီနေရာမှာ ထူးဆန်းတဲ့ တောင်ပို့ဆိုတာလည်း ရှိသေးတယ် ဒကာကံရ။ ဘယ်လို တောင်ပို့လဲ ဆိုတော့၊ သူများကတော့ ညက ကြံပြီး နေ့မှာ အလုပ်လုပ်တယ်။ သူကတော့ ဒီလို မဟုတ်ဘူး။ နေ့က ကြည့်ရှုစုံစမ်း ကြံစည်ပြီးတော့၊ သူများတွေ အိပ်နေကြတဲ့ ညအခါကျမှ အလစ်သုတ်တဲ့ လူတွေပေါ့။ အဲဒီလို တောင်ပို့ကိုတော့ မူမမှန်တဲ့ တောင်ပို့လို့ ဆိုရမှာပဲ။ ဒကာကံရေ၊ ယခုပြောလာတာ ပြဿနာဘယ်နှစ်ခု

http://www.dhammadownload.com



ပြီးသွားပြီလဲ။ တောင်ပို့ကြီး ပြဿနာက တစ်ခု၊ ညအခါ မီးခိုးထွက်တဲ့ ပြဿနာက တစ်ခု၊ နေ့အခါ မီးလျှံထွက်တဲ့ ပြဿနာက တစ်ခုဆိုတော့၊ ပြဿနာ ၃-ခု ပြီးသွားပြီ ဒကာကံရ။ ယခု **ဗြာဟ္မဏဆရာကြီး** ရောက်လာပြီ။

## ဗြာဟ္မဏဆရာကြီး

"**ကော ဗြာဟ္မဏော** - ဗြဟ္မဏဆရာကြီးဆိုတာ ဘယ်လို ပုဂ္ဂိုလ်ပါလဲ မြတ်စွာဘုရား"ဆိုတဲ့ မေးခွန်းကို မြတ်စွာဘုရားက "**ဗြာဟ္မဏောတိ ခေါ ဘိက္ခု တထာဂတဿေတံ အဓိဝစနံ အရဟတော သမ္မာသမ္ဗုဒ္ဓဿ**"လို့ ဖြေတော်မူပါတယ်။

**ဘိက္ခု**- ကဿပရဟန်း။ **ဗြာဟ္မဏောတိ ဧတံ**- ဗြာဟ္မဏ ဆရာကြီးဟူသော ဤအမည်သည်။ **အရဟတော**- လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော။ **သမ္မာသမ္ဗုဒ္ဓဿ**- သစ္စာ ၄-ပါး ခပ်သိမ်းသောတရားတို့ကို ပိုင်းခြားဝေဖန် ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်ကန်စွာသိတော်မူသော။ **တထာဂတဿ**- ဝိပဿီစသော ရှေးရှေးဘုရားတို့နှင့် အလားတူစွာ ပွင့်ထွန်းတော်မူလာသော မြတ်စွာဘုရား၏။ **အဓိဝစနံ**-အမည် ပေတည်း။ **ဗြာဟ္မဏဆရာကြီး**ဆိုတာ တင်စားပြီးခေါ်ထားတဲ့ အမည်တဲ့။ အမှန်ကတော့ လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ဆရာအစစ်ဖြစ်တော်မူတဲ့ မြတ်စွာဘုရားရဲ့ အမည်ပါပဲတဲ့။ ဒီ**မြတ်စွာဘုရား**ဟာ လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကိုလည်း ခံတော်မူထိုက်တယ်။ ပူဇော်အထူးကို ခံထိုက်တယ်ဆိုတာ သတ္တဝါတွေရဲ့ အပူဇော်ကို ခံလိုက်ယင် အဲဒီသတ္တဝါတွေမှာ လိုလားတဲ့ချမ်းသာတွေကို လိုလားတဲ့အတိုင်းပဲ ရစေနိုင်ပါတယ်။

http://www.dhammadownload.com



ဒါကြောင့် ပူဇော်အထူးကို ခံတော် မူထိုက်တယ်လို့ ချီးကျူးရပါတယ်။ ပြီးတော့ **မြတ်စွာဘုရား**ဟာ တရားအလုံးစုံကို ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်ကန်စွာသိတော်မူတယ်။ ရှေးရှေး ဘုရားရှင်တွေနဲ့လည်း ဉာဏ်စွမ်းရော၊ **တန်ခိုးဣဒ္ဓိပါဒ်**ရော အရာရာမှာ အလားတူ ဖြစ်တော်မူတယ်။ အဲဒီ**မြတ်စွာဘုရား**ကိုပဲ **ဗြာဟ္မဏဆရာကြီး**လို့ တင်စားပြီးဆိုပါတယ်တဲ့။

ဘာကြောင့် ဒီလိုတင်စားခေါ်ရသလည်း ဆိုတော့၊ တပည့်တွေကို ညွှန်ကြားပုံချင်း တစ်စိတ်တစ်ဒေသတူလို့ပါပဲ။ တူပုံကတော့ ဒီသာပါမောက္ခ ဗြာဟ္မဏဆရာကြီးဆိုတာ တပည့် ၅၀၀-လည်း ရှိတတ်ပါတယ်၊ တစ်ထောင်လည်း ရှိတတ်ပါတယ်။ အလွန်များ တောင်မှ လေးငါးခြောက်ထောင် ခုနစ်ထောင်လောက်ရှိနိုင်ပါ တယ်။ တပည့်တွေ သိန်းနဲ့ သန်းနဲ့ ချီပြီး ရှိတယ်လို့တော့ စာပေမှာ မရှိပါဘူး။ မြတ်စွာဘုရားမှာတော့ တပည့်တွေဟာ ၁၀-သိန်းလည်း မကဘူး၊ သိန်းတစ်ရာ၊ တစ်ထောင်လည်း မကဘူး။ ကုဋေနဲ့ချီပြီး မရေမတွက်နိုင်အောင် များစွာပဲ ရှိပါတယ်။ ဘုရား တစ်ဆူ တစ်ဆူမှာ ကျွတ်တမ်းဝင်တဲ့ ဝေနေယျ သတ္တဝါတွေဟာ ၂၄- သင်္ချေနဲ့ ကုဋေ ၆၀၊ ပြီးတော့ နောက်ထပ် တစ်သိန်းရှိတယ်လို့ **သောတတ္ထ ကီကျမ်း**မှာဆိုပါတယ်။ ဒီပုဂ္ဂိုလ်တွေဟာ လူချည်း မဟုတ်ပါဘူး၊ နတ်တွေ ဗြဟ္မာတွေလည်းပါပါတယ်။ ပြီးတော့ နောက်ဘုရား လက်ထက် တွေကျမှ ကျွတ်တမ်းဝင်ကြမည့် သတ္တဝါတွေလည်း ယခု ဘုရားသာသနာမှာ အများကြီး ရှိပါသေးတယ်။ ဒီလောက် များပြား တဲ့ သတ္တဝါတွေရဲ့ ဆရာဖြစ်တော်မူတဲ့အတွက် **မြတ်စွာဘုရားကို သတ္တာ ဒေဝမနုဿာနံ**- နတ်၊ လူတွေအားလုံးတို့ရဲ့ ဆရာမြတ် ရယ်လို့ ချီးကျူးရပါတယ်။ အဲဒီလို မရေမတွက်နိုင်အောင် များစွာ

http://www.dhammadownload.com



သော သတ္တဝါတို့၏ ဆရာဖြစ်တော်မူတဲ့အတွက် **မြတ်စွာဘုရားကို ဗြာဟ္မဏဆရာကြီး**လို့ တင်စားပြီး ခေါ်ထားပါတယ်။

## သုမေဓ–လူရည်ချွန်ကလေး

ပြီးတော့ "**ကော သုမေဓော**-ကောင်းသော ဉာဏ်ပညာနှင့် ပြည့်စုံသော တပည့်လူလိမ္မာ လူရည်ချွန်ကလေး ဆိုတာက ဘယ်လိုလူပါလဲ **မြတ်စွာဘုရား**"လို့ ဆိုတဲ့ မေးခွန်းကို မြတ်စွာဘုရားက "**သုမေဓောတိ ခေါ ဘိက္ခု သေခေါတ် ဘိက္ခုနော အဓိဝစနံ**"လို့ ဖြေတော်မူပါတယ်။

**ဘိက္ခု**- ကဿပရဟန်း။ **သုမေဓောတိ ဧတံ**-ကောင်းသော ဉာဏ်ပညာနှင့်ပြည့်စုံသော လူလိမ္မာ လူရည်ချွန်တပည့်ကလေးဟူသော ဤအမည်သည်။ **သေခဿ**- သီလ, သမာဓိ, ပညာ, သိက္ခာ သုံးပါးကို ကျင့်ဆဲဖြစ်သော။ **ဘိက္ခုနော**- ယောဂီရဟန်း၏။ **အဓိဝစနံ**- အမည်ပေတည်းတဲ့။ လူရည်ချွန်ကလေးဆိုတာ **သေက္ခပုဂ္ဂိုလ်**ရဲ့ အမည်ပဲတဲ့။ **သေက္ခပုဂ္ဂိုလ်**ဆိုတာ **သိက္ခတိ**-ကျင့်တတ်၏၊ **ဝါ**- ကျင့်ဆဲတည်း။ **ဣတိ**- ထိုကြောင့်။ သေခေါ၊ **သေက္ခပုဂ္ဂိုလ်** မည်၏-ဆိုတဲ့ **ဝိဂြိုဟ်ဝစန**နဲ့အညီ ကျင့်ဆဲပုဂ္ဂိုလ်ကို **သေက္ခ**လို့ခေါ်ပါတယ်။ ဘာကို ကျင့်သလည်းဆိုတော့-သီလ အကျင့်ကို ကျင့်တယ်၊ သမာဓိအကျင့်ကို ကျင့်တယ်၊ ပညာအကျင့်ကို ကျင့်တယ်။ အဲဒီလို သီလ, သမာဓိ, ပညာ အကျင့်ကို ကျင့်နေတဲ့ပုဂ္ဂိုလ်ဟာ **သေက္ခပုဂ္ဂိုလ်**ပါပဲ။ အထူးအားဖြင့်တော့ ဒီနေရာမှာ ဝိပဿနာ ပညာအကျင့်ကို ကျင့်နေတဲ့ပုဂ္ဂိုလ်ဟာ **သေက္ခပုဂ္ဂိုလ်**လည်းမည်တယ်၊ **သုမေဓ**ခေါ်တဲ့ လူရည်ချွန်ကလေးလည်း မည်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သီလ, သမာဓိ အကျင့်လောက်နဲ့တော့ ခုတ် ၄-ပါးအစု

http://www.dhammadownload.com



ရုပ်ကိုယ် တောင်ပို့ကြီးကို မခွဲနိုင်ဘူး၊ ဝိပဿနာ ပညာအကျင့်နဲ့မှ ခွဲနိုင်ပါတယ်။ နောက်နားကျတော့ ဝိပဿနာ ပညာပေါက်တူးနဲ့ တူးပုံကိုလည်း ကြားရပါလိမ့်မယ်။ ဒါကြောင့် ဝိပဿနာအကျင့်ကို ကျင့်မှ ဒီသုတ်အရ **သေက္ခပုဂ္ဂိုလ်**လည်း ဖြစ်နိုင်တယ်။ လူရည်ချွန် လည်း မည်ပါတယ်။ ဝိပဿနာအကျင့်ကို ကျင့်ရင် သီလကလည်း ပြည့်စုံပြီး ဖြစ်ရပါတယ်။ သမာဓိကလည်း ဝိပဿနာဉာဏ်နဲ့တွဲပြီး အလိုလို ပါဝင်လာပါတယ်။ ဒီတော့ ဝိပဿနာ ရှုနေတဲ့ ပုဂ္ဂိုလ်ဟာ သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးလုံးကို အပြည့်အစုံ ကျင့်နေတဲ့ **သေက္ခပုဂ္ဂိုလ်**လည်း ဖြစ်ပါတယ်။ လူရည်ချွန်လည်း မည်ပါတယ်။ ဒီတော့ ဒကာကဲရေ၊ **သုမေဓ** ခေါ်တဲ့ ကောင်းသော ဉာဏ်ပညာနဲ့ ပြည့်စုံတဲ့ လူရည်ချွန်ကလေး မဖြစ်ချင်ဘူးလား။ (ဖြစ်ချင်ပါတယ် ဘုရား)။ ဖြစ်ချင်ယင် ခဏနေတော့ ဝိပဿနာအကျင့်ကို လက်တွေ့ ကျင့်ကြည့်ရလိမ့်မယ်။ ဟော-အဖြေဆောင်ပုဒ်တစ်ခု စုံသွားပါပြီ။ ကဲ-အဲဒါကို လိုက်ဆိုကြရမယ်။

**တောင်ပို့-ကိုယ်ထည်၊ ကြံစည်-မီးခိုး၊ ပြုမျိုး-မီးပါ၊**
**ဆရာ-ဘုရား၊ တပည့်ကား၊ မှတ်သား ယောဂီတည်း။**

တောင်ပို့ဆိုတာ ရုပ်ကိုယ် အထည်ဒြပ်ကြီးကို ဆိုတယ်။ မီးခိုး ဆိုတာ ကြံစည်တာကို ဆိုတယ်။ မီးလျှံဆိုတာ ပြုလုပ်ပြောဆို တာကို ဆိုတယ်။ ဆရာကြီးဆိုတာ မြတ်စွာဘုရားကို ဆိုတယ်။ တပည့် လူရည်ချွန်ဆိုတာ ရှုမှတ်နေတဲ့ ယောဂီပုဂ္ဂိုလ်ကို ဆိုတယ်လို့ အတိုချုပ်မှတ်ရန် ဆောင်ပုဒ်ပဲ။

http://www.dhammadownload.com



# ၂-မိနစ်အားထုတ်ရန်

ယခု ၁၀-နာရီရှိသွားပါပြီ။ ဒါကြောင့် ဟောပြောတာကို ဒီတွင်ရပ်ပြီး ကိုယ်တွေ့အားထုတ်ကြည့်ကြရအောင် အားထုတ်ပုံနည်းကို အကျဉ်းချုပ် ပြောကြဦးစို့။ ခုနက ဒကာကံက လူရည်ချွန်ကလေး ဖြစ်ချင်ပါတယ်လို့ ပြောတဲ့အတိုင်း **သုမေဓ**ခေါ်တဲ့ လူရည်ချွန်တပည့်ကလေး ဖြစ်ရအောင် လက်တွေ့ရှုမှတ်ကြည့်ကြစို့ရဲ့။ ဒီမှာ ယခုတရားနာနေကြတဲ့ ပရိသတ်ကတော့ အားထုတ်ဖူးတဲ့ယောဂီတွေပဲ များဟန်တူပါတယ်။ အားမထုတ်ဖူးတဲ့ သူကတော့ ခပ်နည်းနည်းလောက်ပဲ ရှိပါလိမ့်မယ်။ အဲဒီ အားမထုတ်ဖူးသေးတဲ့ လူတွေအတွက်က လိုရင်းပါပဲ။ အဲဒီလူတွေဟာ ဒီဒေသနာတော်အရ **သုမေဓ**-ကောင်းသော ပညာရှိဆိုတဲ့ လူရည်ချွန်ပုဂ္ဂိုလ်စာရင်းဝင် ဖြစ်သွားအောင် အားလုံးပဲ အားထုတ်ကြရမယ်။

ဘယ်လို အားထုတ်ရမလဲဆိုယင် အားထုတ်ပုံကတော့ ရှေးကတည်းက ကြားနာဖူးလို့ သိပြီးဖြစ်နေကြမှာပါ။ ဒါကြောင့် အရိယာဝါသတရားထဲက ဆောင်ပုဒ်ကလေးနဲ့ အတိုချုပ် ပြောရမှာပဲ။ အဲဒါကလေးက ဘာလဲဆိုယင် **"သတာရက္ခေန စေတသာ သမန္နာဂတော"**တဲ့။ သတိအစောင့်အရှောက်ကလေးနဲ့ ပြည့်စုံပါစေလို့ ဆိုလိုပါတယ်။ သတိအစောင့်အရှောက်ကလေးနဲ့ ပြည့်စုံနေလို့ရှိယင် အရိယာနေအိမ်ထဲ ရောက်နေတာပါပဲ။ စိတ်တိုင်း စိတ်တိုင်းမှာ သတိအစောင့်အရှောက်ကလေး ပါပါစေ။ စိတ်တိုင်း စိတ်တိုင်းမှာ သတိအစောင့်အရှောက်ကလေး ပါလို့ရှိယင် အဲဒါဟာ အရိယာနေအိမ်နဲ့ လုံလုံခြုံခြုံကြီး နေရတာပါပဲ။ စိတ်တစ်ခု တစ်ခုဖြစ်ယင် တစ်ခါ တစ်ခါမှတ်ရမယ်။ အမှတ်ရတိုင်း, အမှတ်ရတိုင်း အရိယာ

http://www.dhammadownload.com



နေအိမ် ရောက်ပြီးတော့ အပါယ်ဘေးမှ လုံခြုံနေတယ်၊ အဲဒါ အစဉ် အတိုင်း တက်သွားမယ်ဆိုလို့ရှိယင် အရိယမဂ်တွေကို ရောက်ပြီး တော့ သံသရာဝဋ်ဆင်းရဲဘေးတွေမှ အကုန်လုံးလည်း လုံခြုံပါ တယ်။ အဲဒီလို အရိယမဂ်ကို မရောက်နဲ့ဦးတော့ စိတ် ဖြစ်တိုင်း ဖြစ်တိုင်း အမှတ်ရနေတယ်ဆိုလို့ရှိယင် အပါယ်လေးပါးကတော့ လုံခြုံနေတာပဲ။ ဒီလို အမှတ်ရနေရင်းနဲ့ သေသွားမယ်ဆိုယင် အပါယ်လေးပါးကို ဘယ်နည်းနဲ့မှ မကျနိုင်ဘူး။ ဒါကြောင့် ဒီလို အမှတ်ရပြီး သတိဖြစ်နေတာကို **အရိယာဝါသ** အရိယာနေအိမ် လို့ခေါ်တယ်။ အဲဒီ **အရိယာဝါသ**-အရိယာနေအိမ်တရားကို "ဖြစ်တိုင်းမှတ်ရှု သတိပြု၊ စောင့်မှုအစဉ်ထား"လို့ ဒီအတိုင်း ဘုန်းကြီး က ဆောင်ပုဒ်ကလေး ပေးထားတယ်။

ဖြစ်တိုင်းမှတ်ရှု သတိပြုတဲ့။ ဖြစ်တိုင်းဆိုတာ ဘာလဲ၊ စိတ်ဖြစ်တိုင်းပေါ့၊ မြင်တဲ့ စိတ်ဖြစ်တိုင်း၊ ကြားတဲ့စိတ်ဖြစ်တိုင်း၊ နံတဲ့စိတ်ဖြစ်တိုင်း၊ အရသာသိတဲ့ စိတ်ဖြစ်တိုင်း၊ တွေ့ထိတဲ့စိတ် ဖြစ်တိုင်း၊ ကြံစည်စိတ်ကူးတဲ့စိတ်တွေ ဖြစ်တိုင်းဖြစ်တိုင်း ဒါပါပဲ။ အဲဒီ စိတ်တိုင်း စိတ်တိုင်းသာ အမှတ်ရပါစေ။ ရှေ့ကမြင်တဲ့ စိတ် ကလေးတစ်ခု ဖြစ်ပေါ်သွားယင် နောက်က အဲဒီမြင်တာကို အမှတ် ရလိုက်ပါ။ ရှေ့က ကြားသိတဲ့စိတ်ကလေး ဖြစ်သွားယင် နောက်က အဲဒီကြားသိတာလေးကို အမှတ်ရပါစေ၊ အမှတ်ရမှုကလေး နောက် က ပါလာပါစေ၊ နောက်ကနေပြီး ထည့်ပေးနေဖို့ပါပဲ။ ဘာနဲ့ တူနေ သလဲဆိုတော့ နာလန်ထခါစ ပုဂ္ဂိုလ်များမှာ မသင့်တဲ့ အစာအဟာရ တွေ စားမိလို့ရှိယင် နောက်က အစာကြေဆေးကလေး စားပေးရ သလိုပါပဲ။ အဆိပ်ဖြေဆေး, အစာကြေဆေးကလေး နောက်က

http://www.dhammadownload.com



စားပေးရတယ်၊ အဲဒါနဲ့တူပါတယ်။ မြင်တိုင်း၊ ကြားတိုင်း၊ တွေ့တိုင်း၊ သိတိုင်း ဒွါရခြောက်ပါးက ပေါ်တိုင်း ပေါ်တိုင်း နောက်ကနေပြီး အမှတ်သတိကလေး ထည့်ပေးနေဖို့ပါပဲ၊ အဲဒါဟာ အရိယာနေအိမ် ရောက်နေတာတဲ့။ ဘေးရန် အန္တရာယ်တွေ လုံခြုံနေတာပေါ့။

အမှတ်သတိကလေး ထည့်ပေးတော့ သတိတွင် ဖြစ်တာလားလို့ဆိုယင်၊ ဘယ်ဟုတ်မလဲ ဒကာကံရ။ ဒီအထဲမှာ အားထုတ်တဲ့ **ဝီရိယ**လည်း ပါတယ်။ အဲဒါက **သမ္မာဝါယာမ**တဲ့ ဟုတ်လား။ ဒီအထဲမှာ တည်ကြည်တဲ့ **သမာဓိ**လည်း ပါတယ်။ အဲဒါက **သမ္မာသမာဓိ**တဲ့၊ ဒီအထဲမှာ သူ့ဟာသူ အမှန်အတိုင်းရှုမှတ် ပြီးသိတဲ့ **သမ္မာဒိဋ္ဌိ**လည်း ပါတယ်၊ **သမ္မာဒိဋ္ဌိ**နဲ့တွဲပြီး **သမ္မာသင်္ကပ္ပ** လည်း ပါတယ်။ **သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ**-ဆိုတဲ့ သီလမဂ္ဂင်တွေကတော့ သီလဆောက်တည်လိုက်ကတည်းက ပြည့်စုံနေတယ်။ ဒီမဂ္ဂင်ရှစ်ပါး တရားတွေ အကုန်လုံးပါဝင်နေတယ်၊ ဟုတ်လား။ ဒါကြောင့် "ဖြစ်တိုင်းမှတ်ရှု၊ သတိပြု၊ စောင့်မှု အစဉ်ထား" ဆိုတဲ့ **အရိယာဝါသတရား**ဟာ လုပ်ငန်းစဉ်ကလေး အတိုချုပ်ပါပဲ။ **သတိပဋ္ဌာန်**နဲ့ ပြောလို့ရှိယင် **သတိပဋ္ဌာန်တရား**ပါပဲ ဒကာကံရ။ "**အပ္ပမာဒေန သမ္ပာဒေထ**"ဆိုတဲ့ ဒေသနာအရနဲ့ ပြောလို့ရှိရင်လည်း **အပ္ပမာဒတရား**ပါပဲ ဟုတ်လား၊ "**အပ္ပမာဒေါ အမတံ ပဒံ**" ဆိုတဲ့ ဒေသနာအရ ပြောလို့ရှိယင်လည်း **အပ္ပမာဒတရား**ပဲ ဟုတ်လား၊ ဒါဟာ အင်မတန် အရေးပါ အရာရောက်တဲ့တရားပဲ။ ကိုင်း- ကိုင်း-ရှေးဦးစွာ ဒါလေး ဆိုကြဦးစို့။ ဒီ ဆောင်ပုဒ်ကလေးက ဝေထားတဲ့ စာရွက်ထဲမှာတော့ မပါဘူး။

**ဖြစ်တိုင်းမှတ်ရှု သတိပြု စောင့်မှုအစဉ်ထား။ (၃-ခါဆို)**

စိတ်ဖြစ်တိုင်း ဖြစ်တိုင်း နောက်က အမှတ်သတိကလေး

http://www.dhammadownload.com



ထည့်ပေးပါတဲ့။ ဒီတော့ မြင်တိုင်းမြင်တိုင်း ရှုရ မှတ်ရလိမ့်မယ်နော်။ မြင်တိုင်းမြင်တိုင်း မြင်တယ်မြင်တယ်လို့ ရှုမှတ်ရမယ်၊ ကြားလား။ ကြားတိုင်းကြားတိုင်း ကြားတယ်ကြားတယ်လို့ ရှုမှတ်ရလိမ့်မယ်။ နံတိုင်း, စားသိတိုင်း၊ နံတယ်, စားသိတယ်လို့ ရှုမှတ်ရလိမ့်မယ်။ တွေ့ထိတိုင်းလည်း ထိတယ် ထိတယ်လို့ ရှုမှတ်ရလိမ့်မယ်၊ အဲဒီ ထိတယ်ဆိုတဲ့ အမှတ်ထဲမှာ ကိုယ်အမူအရာ လှုပ်ရှားမှုတွေလည်း အကုန်ပါဝင်တယ်။ **"ဂစ္ဆန္တောဝါ ဂစ္ဆာမီတိ ပဇာနာတိ"** စသည်ဖြင့် ဟောထားတဲ့ **ကာယာနုပဿနာသတိပဋ္ဌာန်တရားတွေလည်း** ဒီထဲပါဝင်သွားတယ်။ သွားတဲ့အခါမှာ လှုပ်တဲ့ ကိုယ်အစိတ်အပိုင်း က တောင့်တင်း လှုပ်ရှားမှုတွေ ဖြစ်တယ်။ ဒီတောင့်တင်းလှုပ်ရှားမှု တွေဟာ ကိုယ်အစိတ်အပိုင်းထဲမှာရှိတဲ့ ကာယပသာဒတွေနဲ့ တိုက် ခိုက်ပြီးတော့ဖြစ်တယ်။ အဲဒီမှာ ကာယဝိညာဏ်ကလေးက ထိသိ သွားတယ်။ ထိရင် ထိတယ် တောင့်ရင် တောင့်တယ် ဆိုတာတွေကို သူက စပြီးတော့ သိတယ်။ အဲဒါကို ဝိပဿနာနဲ့ လိုက်ပြီးတော့ သွားယင် "သွားတယ် သွားတယ်" "ကွေတယ်, လှမ်းတယ်, ချတယ်"လို့ ဒီလိုမှတ်တော့ အဲဒီကိုယ်အစိတ်အပိုင်းထဲမှာ တောင့်တင်းမှု လှုပ် ရှားမှုတွေကို အထင်အရှား တွေ့ရတယ်။ အဲဒါဟာ လုပ်ငန်းစဉ်ပါပဲ။ ပြီးတော့ ကွေးယင်လည်းပဲ ကွေးတယ် ကွေးတယ်မှတ်၊ ဒါလည်းပဲ တောင့်တင်းလှုပ်ရှားတာတွေကို ထိသိမှုပဲ။ ဗိုက်ထဲက တောင့်တင်း လှုပ်ရှားမှုတွေကို "ဖောင်းတယ် ပိန်တယ်" လို့မှတ်၊ ဒါလည်း တွေ့ထိ မှုတွေပဲ။ ပြီးတော့ သက်သက်စိတ်ကူး ကြံစည်မှုတွေလည်း ရှိတယ်၊ အဲဒီ စိတ်ကူး ကြံစည်မှုတွေကိုလည်း ဖြစ်တိုင်း ဖြစ်တိုင်း မှတ်ရမယ်၊ ဒါဟာ လုပ်ငန်းစဉ်ပါပဲ။ ဒါပေမယ်လို့ တရားအားထုတ်ခါစ ပုဂ္ဂိုလ် ကတော့ မြင်တိုင်း, ကြားတိုင်း, တွေ့တိုင်း, သိတိုင်းကို အကုန်လုံး

http://www.dhammadownload.com



လိုက်ပြီးတော့ မှတ်ရမယ်ဆိုယင် မဖြစ်သေးဘူး ဒကာကံရ။ ဒါ ကြောင့် နည်းနည်းကစပြီးတော့ ရှုရမယ်၊ ဘယ်ကစပြီး ရှုရမလည်း ဆိုတော့၊ ထင်ရှားရာကပဲ စပြီးရှုရပါတယ်။

"**ယထာ ပါကဋံ ဝိပဿနာဘိနိဝေသော**"တဲ့။ **ဝိပဿနာဘိနိဝေသော**-ဝိပဿနာကို စ၍ နှလုံးသွင်းခြင်းသည်။ **ယထာ ပါကဋံ**- ထင်ရှားစဉ်အတိုင်း။ **ဟောတိ**- ဖြစ်၏။ ထင်ရှားတဲ့ အစဉ် အတိုင်း ရှုနိုင်ပါတယ်တဲ့။ ဘယ်က ထင်ရှားထင်ရှား၊ အဲဒီထင်ရှား ရာက စပြီး ရှုပါတဲ့။ များသောအားဖြင့် ကိုယ်အမူအရာ ရုပ်က ထင်ရှားပါတယ်။ ဒါကြောင့် ရုပ်ကစပြီး ရှုရမယ်လို့ အဋ္ဌကထာများ က ပြောပါတယ်။ ရုပ်ထဲမှာလည်း သာပြီးထင်ရှားတဲ့ မဟာဘုတ် လေးပါးက စပြီးရှုရမယ်။ မဟာဘုတ်လေးပါးထဲကဆိုယင် ဘယ် မဟာဘုတ်ပဲဖြစ်ဖြစ် ထင်ရှားရာကစပြီး ရှုရပါတယ်။

ဒါပေမယ်လို့ သတိပဋ္ဌာန်မှာတော့ ဝါယောဓာတ် ရှုပုံတွေ ကို "**ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ**" စသည်ဖြင့် ပြထားတော့ ဝါယောဓာတ်က စပြီး ရှုရလိမ့်မယ်။ ဝါယောဓာတ်ထဲမှာလည်းပဲ ယခုလို ထိုင်နေတဲ့အခါ, ငြိမ်နေတဲ့ အခါဆိုတော့ "ထိုင်တယ်- ထိုင်တယ်"လို့မှတ်၊ တောင့်တင်းတဲ့ ဝါယောဓာတ်ကို သိပါတယ်။ ဒါပေမယ်လို့ ထိုင်တယ် ထိုင်တယ်လို့ လွယ်လွယ်ကူကူကလေး မှတ်နေယင်တော့ သမာဓိအားကများပြီး ဝီရိယအားက နည်းနေ တတ်တယ်။ ဒါကြောင့် ထိုင်နေတဲ့ အခါကာလမှာ တစ်ခုတည်း မမှတ်ဘဲနဲ့ ဗိုက်ထဲက ဖောင်းတက်လာလိုက်, ပိန်ကျသွားလိုက်နဲ့ အဲဒီလို အပြောင်းအလွှဲရှိတဲ့ တောင့်တင်းမှုကိုရှုဖို့, မှတ်ဖို့ရာ ဘုန်းကြီး

http://www.dhammadownload.com



တို့က ညွှန်ကြားထားပါတယ်၊ အားလုံး ပုဂ္ဂိုလ်တွေ တစ်ညီတည်း ဖြစ်အောင် ဒီအတိုင်းပဲ ရှုဖို့ မှတ်ဖို့ညွှန်ကြားထားပါတယ်။

ဒါကြောင့် ဝမ်းဗိုက်က ဖောင်းတက်လာတဲ့အခါမှာ "ဖောင်းတယ်"လို့မှတ်။ ပိန်ကျသွားတဲ့အခါမှာ "ပိန်တယ်"လို့ မှတ်ရမယ်။ "ဖောင်းတယ် ပိန်တယ်"ဆိုတဲ့ အမည်ကလေးတွေကတော့ စိတ်ထဲကပါပဲ။ ပါးစပ်က ရွတ်ဖို့ဆိုဖို့ မဟုတ်ပါဘူး။ လိုရင်းကတော့ သိဖို့ရာက လိုရင်းပါပဲ။ " ရှုတယ်, မှတ်တယ်, သိတယ်, နှလုံးသွင်းတယ်" ဆိုတာတွေဟာ အတူတူပါပဲ။ တချို့က "ဘယ်လိုတော့ မဆိုကောင်းဘူး၊ ဘယ်လိုဆိုရမယ်"လို့ ဥပဒေတွေ ပေးကြတယ်။ အဲဒီ ဥပဒေပေးတာက အလကားအလုပ်ပိုတွေပါ။ ဘာပဲဖြစ်ဖြစ် သိတာက လိုရင်းပါပဲ၊ ဟုတ်လား။ သိတယ် သိတယ်ဆိုလည်း သိတာပဲ။ ရှုတယ် ရှုတယ်ဆိုလည်း သိတာပဲ။ မှတ်တယ်ဆိုလည်း သိတာပဲ။ နှလုံးသွင်းတယ်ဆိုလည်း သိတာပဲ။ ဆင်ခြင်တယ်ဆိုလည်း သိတာပဲ။ အတူတူ ချည်းပါပဲ။ ပြောလွယ်အောင် ဘုန်းကြီးတို့က မှတ်တယ်လို့ပဲ ပြောပါ တယ်။

အဲဒီတော့ ဖောင်းတဲ့အခါမှာ "ဖောင်းတယ်" မှတ်၊ ဖောင်းစက ဖောင်းဆုံးတိုင်အောင် သိရမယ်။ ပိန်တဲ့အခါမှာ "ပိန်တယ်" မှတ်၊ ပိန်စက ပိန်ဆုံးတိုင်အောင် သိရမယ်။ အသက်ရှူကိုတော့ မပြင်ရဘူး ဒကာကံရ။ ဟုတ်လား။ အသက်ရှူကို နှေးအောင်လည်း အောင့်ထားဖို့မလိုဘူး၊ မြန်အောင်လည်း အထူးအားရုံစိုက်ပြီး ရှုနေဖို့ မလိုဘူး။ ပြင်းပြင်းလည်း ရှူဖို့ရာမလိုပါဘူး။ ပကတိရှူနေကျ အတိုင်းပဲ သူ့ဟာသူ ရှူနေရာမှာ နောက်ကလိုက်ပြီး ရှုမှတ်နေဖို့ပါပဲ။ "ဝိပဿနာရှုတယ်"ဆိုတာဟာ မရှိသေးတဲ့ တရားတွေကို

http://www.dhammadownload.com



အသစ်လုပ်ပြီး ရှုရတာမဟုတ်ဘူး။ ရှိပြီးသားဖြစ်တဲ့ သူ့ဟာသူ ဖြစ်ပျက်နေတဲ့ တရားတွေကို အစဉ်အတိုင်းလိုက်ပြီး ရှုမှတ်နေရုံပါပဲ။

ဒါကြောင့် ဖောင်းတဲ့အခါမှာ "ဖောင်းတယ်"လို့ ပိန်တဲ့အခါမှာ "ပိန်တယ်"လို့ အစဉ်အတိုင်းလိုက်ပြီး ရှုမှတ်နေရုံပါပဲ။ အဲဒီလို မှတ်နေရင်း စိတ်က တခြားထွက်သွားလို့ရှိယင် အဲဒီထွက်သွားတဲ့ စိတ်ကိုလိုက်ပြီး မှတ်ရမယ်။ သွားယင် "သွားတယ်"၊ ရောက်ယင် "ရောက်တယ်"၊ ကြံယင် "ကြံတယ်"မှတ်ပေါ့။ လွယ်လွယ်ပါပဲ၊ ဘာမျှ မခက်ဘူး။ ဒီလို စိတ်ကို မှတ်တာက **စိတ္တာနုပဿနာပဲ**။ ပြီးယင် ဖောင်းတာ, ပိန်တာကို ပြန်မှတ်။ အဲဒီအထဲကနေပြီး ညောင်းတာ, ပူတာ, နာကျင် ကိုက်ခဲတာတွေ ထင်ရှားလာလို့ရှိယင် အဲဒါတွေကိုမှတ်။ ညောင်းယင် ညောင်းတဲ့ နေရာကလေးကို စိုက်ပြီးတော့ "ညောင်းတယ် ညောင်းတယ်"လို့မှတ်။ ပူယင် ပူတဲ့နေရာကလေးကို စိုက်ပြီး "ပူတယ် ပူတယ်"လို့မှတ်။ နာယင် "နာတယ် နာတယ်" မှတ်ပေါ့။ ဒါတွေက **ဝေဒနာနုပဿနာ သတိပဋ္ဌာန်**ပဲ။ အဲဒီလို မှတ်ပြီးတော့ "ဖောင်းတယ်, ပိန်တယ်"ပြန်မှတ်သွားရုံပါပဲ။ ပြီးတော့ အသံကြားလို့ရှိယင် "ကြားတယ်"လို့မှတ်၊ ပြီးတော့ "ဖောင်းတယ် ပိန်တယ်" ပြန်မှတ်၊ တစ်ထိုင်အတွင်းတော့ ဒါလောက်ပါပဲ။

တစ်နေ့လုံး အချိန်ကြာမြင့်စွာ အားထုတ်နေတဲ့ အခါမှာတော့ ကွေးတာ, ဆန့်တာ, လှုပ်ရှားတာတွေလည်း မှတ်ရပါလိမ့်ဦးမယ်။ ဒို့ပြင် အမူအရာတွေလည်း မှတ်ရလိမ့်ဦးမယ်။ အဲဒီ ဖြစ်တိုင်းဖြစ်တိုင်း အမူအရာတွေ ရှုဖို့ပါပဲ။ ယခု တစ်ထိုင်အတွင်းကလေး ခဏမှတ်ရာမှာတော့ ဆားမြည်းတဲ့ သဘောကလေးပေါ့။ တရားအရသာကလေး ဆားမြည်းကြည့်တဲ့ သဘောကလေးပါပဲ။ မကြာ

http://www.dhammadownload.com



ပါဘူး။ ၂-မိနစ်လောက်ကလေး မှတ်ရမှာ။ ၂-မိနစ်ဆိုတာ တစ်ခဏကလေးပဲ၊ ဘာမျှမကြာဘူး။ အဲဒီလောက်ကလေးတော့ အားထုတ်ကြဦးစို့ရဲ့။ ဒါလောက်ကလေးတော့ အားထုတ်မှ **သုမေဓ**- ကောင်းသော ပညာရှိ လူလိမ္မာတပည့်ကလေးဖြစ်မှာ ဒကာကဲရ။ ခုနက ကောင်းသောပညာရှိ၊ တပည့်လူလိမ္မာ ပညာရှိကလေးဖြစ်ချင်တယ်ဆို မဟုတ်လား။ ဖြစ်ချင်ယင် အားထုတ်မှဖြစ်မှာ၊ အားမထုတ်ဘဲနဲ့တော့ ဖြစ်မှာမဟုတ်ဘူး။ အားထုတ်ဖူးတဲ့ ပုဂ္ဂိုလ်တွေ အတွက်ကတော့ ဖြစ်နေပါပြီ။ အားမထုတ်ဘူးတဲ့ ပုဂ္ဂိုလ်တွေအတွက် **သုမေဓ** - တပည့်လူလိမ္မာကလေးဖြစ်အောင် တရားအားထုတ်ပြီး ကြည့်ကြဦးစို့ရဲ့။

အားထုတ်ခါနီးမှာ နှလုံးသွင်းပုံကလေးကလည်း ရှိသေးတယ် ဒကာကဲရ။ ဘယ်လို နှလုံးသွင်းရမလဲဆိုတော့ "**အဒ္ဓါ ဣမာယ ပဋိပဒါယ ဇရာမရဏမှာ ပရိမုစ္စိဿာမိ**"လို့ နှလုံးသွင်းရမယ်တဲ့။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာက ညွှန်ထားတယ်။ **ဣမာယ ပဋိပဒါယ**-ဤအကျင့် ပဋိပတ်ဖြင့်။ **ဇရာမရဏမှာ**- အိုခြင်း, သေခြင်းမှ။ **ဝါ**- အိုခြင်း, သေခြင်း အစရှိသော သံသရာဝဋ်ဆင်းရဲအပေါင်းမှ။ **အဒ္ဓါ**- မချွတ်ကေန်။ **ပရိမုစ္စိဿာမိ**- လွတ်မြောက်ရတော့မှာပါတကားလို့ ဒီလိုနှလုံးသွင်းရမယ်တဲ့။

လောကမှာ စားရေး သောက်ရေး နေရေး ထိုင်ရေး အတွက် လုပ်ရ ကိုင်ရတာကိုပဲ အဆင်သင့်လို့ရှိယင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရတယ်။ တချို့များ သီချင်းတွေဆိုလို့ အလုပ်လုပ်နေလိုက်တာ။ အဲဒီ အလုပ်လုပ်တဲ့အတွက် သူ့မှာ ဘယ်လောက်ရမှာတုန်းဆိုယင် တစ်နေ့စာကလေးလောက်ပဲ ရပါတယ်။ အကြောင်းညီညွတ်လို့ ရှိယင် နှစ်ရက်သုံးရက်စာလည်း ရချင်ရမှာပေါ့။ တစ်နေ့လုပ်တဲ့

http://www.dhammadownload.com



အတွက် ဆယ်ရက်စာ, တစ်လစာ ရတာကတော့ အင်မတန်ရှားပါတယ်။ တစ်နှစ်လုံးအတွက် စားလောက်တယ်ဆိုတာကတော့ မရှိပါဘူး။ တစ်သက်လုံးဆိုတော့ သာဝေးသေးတာပေါ့။ ဒါပေမယ့် အဲဒီလောက် တစ်ရက်, နှစ်ရက်စာ အလုပ်ကလေး လုပ်ရတာနဲ့ပဲ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီးတော့ လုပ်နိုင်လို့ရှိယင်, စားဖို့ သောက်ဖို့ ရာကလေး ရတာနဲ့ သိချင်းဆိုပြီး အလုပ်လုပ်နိုင်လို့ရှိယင်၊ ယခု တစ်သံသရာလုံး တွေ့သွားမယ့် ဆင်းရဲဒုက္ခ ငြိမ်းအောင်လို့ တရား အားထုတ်ရတာဟာ ပိုပြီးဝမ်းသာစရာ မကောင်းဘူးလား။ သီချင်း ဆိုရုံတွင် မကဘူး ဆိုင်းပါတီးပြီးတော့တောင် အားထုတ်စရာ ကောင်းပါသေးတယ်။ အင်မတန် ဝမ်းသာစရာကောင်းပါတယ်။ အဲဒီတော့ ဝမ်းသာစရာကောင်းတဲ့ အလုပ်ကို လုပ်ရတော့မှာပဲလို့ ဒီလို နှလုံးသွင်းပြီးတော့ စိတ်ပါ လက်ပါနဲ့ အားထုတ် ရအောင်လို့ ပြောထားတာ။ ဘုန်းကြီးက ပြောတာ မဟုတ်ပါဘူး၊ အဋ္ဌကထာ ဆရာက ပြောတာပါ။ အဲဒါကြောင့် အဲဒီလို နှလုံးသွင်းပြီးတော့ စိတ်ပါ လက်ပါနှင့် ၂-မိနစ်လောက်ကလေး အားထုတ်ရမယ်။

ကိုင်း မျက်စိမှိတ်ထား။ ဖောင်းတက်လာတာကို "ဖောင်းတယ်"လို့မှတ်၊ ပိန်ကျသွားတာကို "ပိန်တယ်"လို့မှတ်။ ဖောင်းစက ဖောင်းဆုံးတိုင်အောင်၊ ပိန်စက ပိန်ဆုံးတိုင်အောင် သေသေချာချာ သိအောင်လို့ စူးစိုက်ပြီးတော့ မှတ်ရမယ်။ "ဖောင်းတယ်, ပိန်တယ်" လို့ ဒီလို ရှုမှတ်နေရင်း စိတ်တွေက တခြားထွက်သွားလို့ရှိယင် အဲဒီ ထွက်သွားတဲ့ စိတ်ကလေးကို လိုက်ပြီးတော့မှတ်၊ ပြီးယင် ဖောင်းတာ ပိန်တာကိုပြန်မှတ်။ ဒီအထဲက ညောင်းတာ,ပူတာ,နာကျင်ကိုက်ခဲတာ ဒီလိုဒုက္ခဝေဒနာ ပေါ်လာယင် အဲဒီညောင်းတာ,ပူတာ,နာကျင်

http://www.dhammadownload.com



ကိုက်ခဲတာ ကလေးတွေကို လိုက်ပြီးတော့ "ညောင်းတယ်,ပူတယ်" စသည်ဖြင့်မှတ်။ ပြီးယင် ဖောင်းတာ,ပိန်တာကို ပြန်မှတ်။ ဒီအထဲက အသံကြားလို့ရှိရင် "ကြားတယ်"မှတ်။ ပြီးယင် ဖောင်းတာ,ပိန်တာကို ပြန်မှတ်၊ ဒါပါပဲ။ အဲဒါ ၂-မိနစ်ပါပဲ။ ဘုန်းကြီးက နာရီကြည့် ထားမယ်။

## တစ်မှတ်အတွင်း မဂ္ဂင်ရှစ်ပါး

ဟော ၂-မိနစ်စေ့သွားပြီ။ တစ်မိနစ်မှာ အနည်းဆုံး မှတ်ချက်ပေါင်း သုံးဆယ်တော့ ရပါတယ်။ လေးဆယ်လောက်လည်း ရနိုင်ပါတယ်၊ ငါးဆယ်လောက်လည်း ရနိုင်ပါတယ်။ ဘုန်းကြီးက အောက်ထစ်ဆုံး အနည်းဆုံးနဲ့ တွက်ပြမယ်။ တစ်မိနစ် သုံးဆယ်ဆိုတော့ ၂-မိနစ်မှာ ခြောက်ဆယ် မရဘူးလား၊ မှတ်ချက်ပေါင်း ခြောက်ဆယ် ရတယ်နော်။ အဲဒီ ခြောက်ဆယ်ထဲက တစ်မှတ် တစ်မှတ်အတွင်းမှာ မဂ္ဂင်ရှစ်ပါး ပါဝင်တယ်။ အဲဒီမဂ္ဂင်ရှစ်ပါး ဆိုတာ ဘာတွေတုန်းဆိုလို့ရှိယင်၊ မှတ်တိုင်း မှတ်တိုင်း ကြောင့်ကြစိုက်မှု, အားထုတ်မှုကလေး မပါဘူးလား။ အဲဒါကို **သမ္မာဝါယာမ** လို့ ခေါ်တယ်။ အဲဒါဟာ အမှန်အတိုင်း အားထုတ်တာတဲ့။ မတော်တာတွေ အားထုတ်တာ မဟုတ်ဘူး။ ပြီးတော့ မှတ်တိုင်း မှတ်တိုင်း အမှတ်ရတဲ့ သတိလည်းပါတယ်။ အဲဒါက **သမ္မာသတိ**တဲ့။ မှတ်ရတဲ့ အာရုံမှာ စိတ်ကလေး ကပ်ခနဲ ကပ်ခနဲ တည်တည်သွားတာက **သမ္မာသမာဓိ** တဲ့။ ဒီတော့ **သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ** ဆိုတဲ့ မဂ္ဂင်သုံးပါးရတယ်။ ဒါက **သမာဓိမဂ္ဂင်** သုံးပါးတဲ့။ ပြီးတော့ မှတ်တိုင်း မှတ်တိုင်း အမှတ်ရတဲ့ အာရုံပေါ်မှာ ခြေလှမ်းကလေးများ လှမ်းလှမ်းပြီး တက်တက်သွားသလိုပဲ၊ မှတ်စိတ်က

http://www.dhammadownload.com



တက်တက်သွားတယ်။ ဥပမာ ဖောင်းတာကို "ဖောင်းတယ်"လို့ မှတ်လိုက်ယင် မှတ်စိတ်က ဖောင်းတာပေါ်မှာ တက်သွားတယ်။ ပိန်တာကို "ပိန်တယ်"လို့ မှတ်လိုက်ယင် မှတ်စိတ်က ပိန်တာပေါ်မှာ တက်သွားတယ်။ ပေါ်ရာပေါ်ရာ အာရုံကလေးတွေပေါ်မှာ မှတ်စိတ်ကလေးတွေက တက်တက်သွားတယ်။ အဲဒါဟာ **သမ္မာသင်္ကပ္ပ** ခေါ်တယ်။ **သမ္မာသင်္ကပ္ပ**-မှန်စွာကြံစည်ခြင်းလို့ဆိုပေမယ့် ဒီလိုရှုမှတ်ရာမှာတော့ အကြံကြီး ကြံတွေးနေရတာ မဟုတ်ဘူး၊ မှတ်စိတ်ကလေးတွေ ဦးတန်းဦးတန်းပြီး အာရုံပေါ် တက်တက်သွားတဲ့ သဘောပါပဲ။ အဲဒါက **သမ္ပယုတ်တရား**တွေကို အာရုံပေါ်မှာ ဆွဲတင်ပေးသလိုပဲ။ "လာကြဟေ့၊ ဒါလေးက ဒီလိုကွ၊ ကြည့်ကြစမ်း"လို့ မဆိုသော်လည်း ဆိုဘိသကဲ့သို့ပဲ၊ သူကရှေ့က ဦးတန်း ဦးတန်းပြီး အာရုံပေါ် တက်တက်သွားတဲ့ သဘောပါပဲ။ ဒါကြောင့် သူ့ကို **အဘိနိရောပန လက္ခဏာ** ရှိတယ်လို့ ဆိုထားပါတယ်။ **သမ္ပယုတ်တရား**တွေကို အာရုံပေါ်မှာ တင်ပေးခြင်းလက္ခဏာ ရှိတယ်တဲ့။ အဲဒါဟာ **သမ္မာသင်္ကပ္ပ**ပါပဲ။ နောက်ပြီးတော့ မှတ်မိတဲ့ အာရုံကလေးကို အမှန်အတိုင်း သိသွားတာက **သမ္မာဒိဋ္ဌိ**တဲ့။ ဘယ်လို အမှန်အတိုင်း သိတုန်း ဆိုတော့ ဖောင်းတယ် မှတ်တဲ့အခါမှာ တောင့်တင်းတဲ့သဘော, လှုပ်ရှားတဲ့သဘောကိုသိတယ်။ နောက်နေ့ နောက်ပိုင်းကျတော့မှ **လက္ခဏာ**နဲ့ **ရသ**နဲ့ **ပစ္စုပဋ္ဌာန်**နဲ့ စစ်ဆေးပြရဦးမယ်။ ဒီကနေ့တော့ အချိန်မရှိလို့ အဲဒါတွေကို မရှင်းနိုင်သေးဘူး။

တောင့်တာ, တင်းတာ, လှုပ်ရှားတာကို သိတာဟာ ဝါယောဓာတ်ကို အမှန်အတိုင်း သိသွားတာပဲ။ ဒီလိုသိတဲ့ အခိုက်အတန့်မှာ ဒီတောင့်တာ, တင်းတာ, လှုပ်ရှားတာတွေကို ယောကျ်ားပဲ, မိန်းမပဲ, ပုဂ္ဂိုလ်ပဲ, သတ္တဝါပဲ, ငါပဲ, သူပဲ စသည်ဖြင့် ဒီလို ထင်မြင်စွဲလမ်းမှု

http://www.dhammadownload.com



မပါဘူး၊ မှားတဲ့အသိတွေ မပါဘူး။ တောင့်ယင် တောင့်တာကို သိတယ်၊ တင်းယင် တင်းတာကို သိတယ်၊ ဒါပဲ။ အဲဒီလို အမှန်အတိုင်း သိလို့ အဲဒါကို **သမ္မာဒိဋ္ဌိ**လို့ခေါ်တယ်။ **သမာဓိဉာဏ်**တွေ ဒီထက် အားကောင်းလာတဲ့အခါကာလကျတော့ ဒါလောက်တွင် မကသေးပါဘူး။ ဖြစ်ပေါ်လာလိုက် ပျက်သွားလိုက်, ဖြစ်ပေါ်လာလိုက် ပျက်သွားလိုက်နဲ့ အစနဲ့ အဆုံးလည်း သိပါတယ်။ အနိစ္စ-မမြဲတဲ့ သဘောကိုလည်း သိတယ်၊ အနိစ္စသိတော့ ဒုက္ခ, အနတ္တတွေလည်း သိတယ်။ မှတ်တိုင်းမှတ်တိုင်း အဲဒီလိုသိတာတွေဟာ **သမ္မာဒိဋ္ဌိမဂ္ဂင်**ပါပဲ။ ဒီ**သမ္မာဒိဋ္ဌိ**နဲ့ **သမ္မာသင်္ကပ္ပ**-က **ပညာမဂ္ဂင်နှစ်ပါး**၊ ခုနကပြောခဲ့တဲ့ **သမာဓိမဂ္ဂင်က သုံးပါး**၊ ပေါင်းလိုက်လို့ရှိယင် ငါးပါးပေါ့နော်။ အဲဒီမဂ္ဂင်ငါးပါးဟာ **ကာရကမဂ္ဂင်**တဲ့။ ရှုမှတ်မှု တစ်ခု တစ်ခုပြီးအောင်လို့ သူတို့ငါးပါးက စုပေါင်းပြီး အလုပ်လုပ်ကြတယ်။ ရှုတိုင်းရှုတိုင်းဟာ ဒီငါးပါးက စုပေါင်းပြီး သူတို့ပဲ အလုပ်လုပ်နေတာ။

အဲဒီလို သူတို့ငါးပါး ငါးပါးစုပေါင်းပြီး အလုပ်လုပ်တဲ့ နေရာမှာ သီလမဂ္ဂင်တွေကလည်း အလိုလိုပါဝင် ပြီးစီးနေပါတယ်။ ဘယ်လိုတုန်းဆိုတော့ ဒကာကဲတို့ ဆောက်တည်ထားတဲ့ သီလဟာ ဆောက်တည်တဲ့ အချိန်ကစပြီးတော့ စင်ကြယ်နေတယ် မဟုတ်လား။ အဲဒီ စင်ကြယ်နေတဲ့ သီလဟာ အခု "ဖောင်းတယ်, ပိန်တယ်" စသည်ဖြင့် ရှုမှတ်တဲ့အခါကျတော့ ပျက်သွားသေးသလား၊ (မပျက်ပါဘုရား)။ မပျက်ပါဘူး။ စင်ကြယ်မြဲ စင်ကြယ်နေတာပါပဲ။ တိုးပြီးတော့တောင် စင်ကြယ်ဖို့ရှိပါသေးတယ်။ အဲဒီတော့ အဲဒီ ဆောက်တည်ထားလို့ စင်ကြယ်နေတဲ့ သီလဟာ အင်္ဂါနဲ့ တွက်လိုက်မယ်ဆိုယင် **သမ္မာဝါစာ**လည်း ပါတယ်။ **သမ္မာကမ္မန္တ**လည်းပါတယ်။

http://www.dhammadownload.com



**သမ္မာအာဇီဝ**လည်း ပါတယ်။ အဲဒီ **မဂ္ဂင်သုံးပါး**လည်း အလိုလို ပါဝင်ပြီးတော့ ပြည့်စုံနေပါတယ်။ အဲဒီတော့ ဒီ**သီလမဂ္ဂင်သုံးပါး**နဲ့ ခုနက **ထာရကမဂ္ဂင်ငါးပါး**ကို ပေါင်းလိုက်တော့ **မဂ္ဂင်ရှစ်ပါး** မဟုတ်လား။ အဲဒီ မဂ္ဂင်ဆိုတဲ့ အစိတ်အပိုင်းရှစ်ပါးကိုပဲ ပေါင်းလိုက်လို့ရှိယင် **မဂ္ဂ**-လမ်းလို့ခေါ်တယ်။ မဂ္ဂ-မဂ်ဆိုတာဟာ လမ်းပဲ။ လမ်းဆိုတာဟာလည်း ရွာသွားတဲ့လမ်း, မြို့သွားတဲ့လမ်း, ကျောင်းသွားတဲ့လမ်း, ဘုရားသွားတဲ့လမ်း, တောသွားတဲ့လမ်း, မြစ်ဆိပ်သွားတဲ့လမ်း စသည်ဖြင့် အမျိုးမျိုးရှိတာပေါ့။ အဲဒီ လောကလမ်းတွေလိုပဲ တရားဘက်က လမ်းတွေကလည်း အမျိုးမျိုးရှိတယ် ဒကာကံရ။ ငရဲပြည်သွားတဲ့ လမ်းလည်းရှိတယ်၊ ပြိတ္တာဘဝသွားတဲ့ လမ်းလည်း ရှိတယ်၊ တိရစ္ဆာန် ဘဝ သွားတဲ့လမ်းလည်း ရှိတယ်။ အဲဒီလမ်းတွေက အကုသိုလ်တွေပေါ့၊ ကြိုက်လို့ရှိယင် အဲဒီလမ်းတွေကို သွားရုံပဲ။ လူ့လောက သွားတဲ့လမ်းရှိတယ်၊ နတ်လောက သွားတဲ့လမ်းရှိတယ်။ အဲဒီ လူ့ရွာလမ်း, နတ်ရွာလမ်းတွေကတော့ ဒါန, သီလ အစရှိတဲ့ ကုသိုလ် ကောင်းမှုတွေပေါ့။ ဗြဟ္မာလောကသွားတဲ့ သမထစျာန်လမ်းလည်း ရှိတယ်။ အဲဒီလို လမ်းတွေကို ကြိုက်ယင်လည်း သွားရုံပဲ။

အဲဒီလမ်းတွေ အမျိုးမျိုးထဲမှာ ဒီမဂ္ဂင်ရှစ်ပါးလမ်းက ဘယ်ကိုသွားမည့်လမ်းတုန်း ဆိုလို့ရှိယင် နိဗ္ဗာန်သွားမယ့်လမ်းတဲ့ ဒကာကံရ။

**နိဗ္ဗာနဿ သစ္ဆိကိရိယာယ**— နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ။ **ဧကာယနော မဂ္ဂေါ**— တစ်ခုတည်းသောလမ်းလို့ သတိပဋ္ဌာန် ဒေသနာတော်က ပြောထားပါတယ်နော်။ ဒီကနေ့တော့ အချိန်မရှိလို့ ဘုန်းကြီးက ဒီသတိပဋ္ဌာန်လမ်းအကြောင်းကို မရှင်းနိုင်

http://www.dhammadownload.com



သေးဘူး။ နောက်နေ့ကျတော့ အချိန်ရကောင်းပါသေးရဲ့။ အဲ-အခု မှတ်တိုင်း မှတ်တိုင်း မဂ္ဂင်ရှစ်ပါး တရားတွေဖြစ်သွားတော့ ၂– မိနစ်အတွင်းမှာ အနည်းဆုံး အကြိမ်ခြောက်ဆယ်လောက်ရတယ်။ ဒါကြောင့် ၂–မိနစ်အတွင်းမှာ မဂ္ဂင်ရှစ်ပါးတွေ အကြိမ်ခြောက်ဆယ် လောက် ပွားသွားပြီပေါ့။ ဒကာကတို့ တစ်ခဏကလေး အားထုတ် လိုက်တာ မဂ္ဂင်တွေ ခြောက်ဆယ်တောင်ရသွားပြီ။ အကယ်၍သာ ဒီမဂ္ဂင် အကြိမ်ပေါင်းတစ်ရာနဲ့ အရိယမဂ်ကို ရောက်မယ်ဆိုလို့ရှိ ယင် နောက်ထပ် အကြိမ်လေးဆယ်လောက်ပဲ လိုတော့တယ်နော်။ လေးဆယ်လောက် ဖြည့်လိုက်ယင် ရောက်တော့မှာပဲ။ ဒီလိုရောက် မည့်ပုဂ္ဂိုလ်လည်း ရှိနိုင်ပါတယ်။ ဘုရားလက်ထက်က တရားနာနေ ရင်း တရားထူးရသွားတာတွေဟာ ဒီလိုခဏချင်း ရောက်သွားကြ တာတွေပဲ။ အကယ်၍ မှတ်ချက်ပေါင်း တစ်ထောင်လောက်မှ ရောက်မယ်ဆိုလို့ရှိယင်တော့ ကိုးရာနဲ့လေးဆယ်သာ လိုတော့တယ်။ အဲဒီလိုပဲ တိုးတိုးပြီး ရေတွက်သွားရုံပါပဲ။

ဒီတော့ ဒီကနေ့ အစမ်းအားဖြင့် တရားအားထုတ်လိုက်တာ နိဗ္ဗာန်ဆီသို့ ခြေလှမ်းပေါင်း ခြောက်ဆယ်လှမ်းပြီးတာနဲ့တူတယ်။ ကျေးဇူး အင်မတန်များသွားပါတယ်။ ပြီးတော့ ရှုနည်းလည်း ရသွား တယ်။ တချို့က နက်ဖြန်ခါ မလာနိုင်တဲ့ ပုဂ္ဂိုလ်လည်း ရှိချင်ရှိမယ်။ အဲဒီလို မလာနိုင်တဲ့ ပုဂ္ဂိုလ်တွေလည်း ဒီလိုရှုမှတ်ရတာပဲလို့ ရှုမှတ် နည်းကလေးကို ရသွားတယ်။ နည်းရသွားတော့ အိမ်တွင်လည်းပဲ အားနေတဲ့ အချိန်မှာ သွားရင်းလာရင်း, နေရင်းထိုင်ရင်း ကိုယ်ပြုတဲ့ အမူအရာတွေကို မှတ်နေလို့ရှိယင် မှတ်တိုင်းမှတ်တိုင်း မဂ္ဂင်ရှစ်ပါး ပွားနေတယ်။ အဖိုးတန်တဲ့ တရားတွေ ကိုယ့်သန္တာန်မှာ ဖြစ်သွား တယ်။ တစ်ခါမှတ်ယင် တစ်ခါဖြစ်တယ်၊ ဆယ်ခါမှတ်ယင် ဆယ်ခါ

http://www.dhammadownload.com



ဖြစ်တယ်။ တစ်နေ့တွင် ဆယ်ခါလောက် မှတ်လိုက်ယင် မနည်းပါဘူး။ အဲဒါဟာ ပါရမီကုသိုလ်တွေ မျိုးစေ့တွေ ဖြစ်သွားတာ။ ပိုက်ဆံလည်း တစ်ပြားမျှမကုန်ဘူး။ မှတ်လို့ရှိယင် မှတ်တိုင်းမှတ်တိုင်း အင်မတန် အဖိုးတန်တဲ့ မျိုးစေ့တွေရသွားတယ်။ **သုမေဓ**—ကောင်းသော ပညာရှိဆိုတဲ့ လူလိမ္မာ လူရည်ချွန်လည်း ဖြစ်သွားပြီ၊ အင်မတန် အဖိုးတန်ပါတယ်။ ဒီကနေ့တော့ နာရီကလည်း တော်တော်လွန်သွားပြီ၊ ဆယ်နာရီခွဲခါနီးတောင် ရောက်သွားပြီ။ နက်ဖြန်ခါ, သန်ဘက်ခါကျမှ ဆက်ပြီးတော့ ကျန်တဲ့တရားတွေ အကုန်လုံး စေ့စေ့စပ်စပ် ဝေဖန်ပြီးဟောရမယ်။ နက်ဖြန်ခါ, သန်ဘက်ခါဟောမယ့် နောက်ပိုင်းကျမှ သိစရာတွေက ပိုပြီးတော့ကောင်းတယ်။ ဒီကနေ့ ဟောခဲ့တာကတော့ တရားအချီးလောက်ပဲ ရှိပါသေးတယ်။ ကဲ—ဆောင်ပုဒ်ကလေးတွေကို ဆိုပြီး တရားသိမ်းကြဦးစို့။

**မီးနိုးညဥ့်ခါ၊ နေ့မှာ မီးပျို့၊ တောင်ပို့ မြင်လတ်၊**
**ဆရာမြွက်က၊ တပည့်လုအား၊ ပေါက်တူးသွားဖြင့်၊**
**ခွဲခြားစေရာ၊ ပေါ်လာ မင်းတုပ်၊ ဖားယုတ် တွေ့ရ၊**
**လမ်းခွ နှစ်မြွာ၊ ဆပ်ပြာရေစစ်၊ လိပ်ညစ်တလီ၊**
**မားစဉ်းတီနှင့်၊တွေ့ပြီအသား၊ နတ်နဂါး၊ ဆယ့်ငါးဝှတ်စာ**
**အစဉ်တည်း။**

**တောင်ပို့—ကိုယ်ထည်၊ ကြံစည်—မီးနိုး၊ ပြုမျိုးမီးပါ၊**
**ဆရာ—ဘုရား၊ တပည့်ကား—မှတ်သားယောဂီတည်း။**
**ပေါက်တူး—ပညာ၊တူးတာ—အားထုတ်၊မင်းတုပ်အဝိဇ္ဇာ၊**
**ဖားမှာ—ဒေါသ၊ လမ်းနှစ်ခွ—မှတ်ကြွယုံမှားတည်း။**
**နီဝရဏ—တူလှရေစစ်၊ လိပ်ညစ်—ခန္ဓာ၊ တာမာ—စဉ်းတီ၊**
**နဂ္ဂီ—အသား၊ နတ်နဂါး—မှတ်သား ရဟန္တာတည်း။**

http://www.dhammadownload.com



ဤ ဝမ္မိကသုတ်တရားတော်ကြီးကို ရိုသေစွာ နာခံမှတ်သား ကြရသော ဓမ္မဿဝန ကုသိုလ်ကံစေတနာတို့၏ အစွမ်းအာနုဘော် တို့ကြောင့် တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည် ဤသုတ္တန်တရားတော်ကို အကြောင်းညီညွတ်လျှင် ရိုသေစွာ ပြည့်စုံ အောင် နာကြားနိုင်ကြ၍ ဤသုတ္တန်တရားတော်၌လာသော ကျင့် သင့်ကျင့်ထိုက်သော တရားတို့ကို ပြည့်စုံအောင် ကျင့်ကြံအားထုတ် ကြ၍ ဝိပဿနာဉာဏ်မဂ်ဉာဏ် ဖိုလ်ဉာဏ်အစဉ်ဖြင့် ဆင်းရဲခပ် သိမ်း ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာ ဆိုက် ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု . . . သာဓု . . . သာဓု

**ဝမ္မိကသုတ် ပထမပိုင်း ဤတွင်ပြီး၏**

http://www.dhammadownload.com

# ဝမ္မိကသုတ်တရားတော်

## ဒုတိယပိုင်း

### အစနှသာစခွ စကား

ယနေ့ညတော့ ဒကာလူနဲ့ ဟောရမှာပဲ။ မနေ့ညက ဒကာလူက တရားမနာရဘူးနော်။ ဒါဖြင့် မနေ့ညက ဘာတရားတွေ ဟောမှန်းတောင် ဒကာလူ သိမှာမဟုတ်ပါဘူး။ အဲဒီလိုပဲ–မနေ့က အကြောင်းမညီညွတ်လို့ မလာရတဲ့ တခြားပုဂ္ဂိုလ်တွေလည်း ရှိလိမ့်ဦးမယ် ဒကာလူရေ။ ဒါကြောင့် မနေ့ညက ဟောခဲ့တဲ့ တရားကလေးလည်း နည်းနည်းဆက်စပ်မိအောင်လို့ အကျဉ်းချုပ်တော့ ပြောရဦးမှာပေါ့။

မနေ့ညက ဟောတာ ဝမ္မိကသုတ်တရားတော်တဲ့ ဒကာလူရေ။ တောင်ပို့ကြီးနဲ့ ဥပမာပြုပြီး ဟောထားတဲ့ တရားပေါ့။ အဲဒီတရားခေါင်းစဉ်ကလေးကို ရှေးဦးစွာ ဆိုကြစို့။ ဆောင်ပုဒ်ကလေးဆိုပြီးမှ ပြောသွားရမယ်။

**မီးခိုးညဥ့်ခါ၊ နေ့မှာ မီးပျို့၊ တောင်ပို့မြင်လတ်၊ ဆရာမြတ်က၊ တပည့်လုအား၊ ပေါက်တူးသွားဖြင့်၊ ခွဲခြားစေရာ၊ ပေါ်လာမင်းတုပ်၊ ဖားယုတ်တွေ့ရ၊ လမ်းခွနှစ်မြွာ၊ ဆပ်ပြာရေစစ်၊ လိပ်ညစ်တလီ၊ ဓားစဉ်းတီနှင့်၊ တွေ့ပြီအသား၊ နတ်နဂါး၊ ဆယ့်ငါးဝှတ်စာ အစဉ်တည်း။**

http://www.dhammadownload.com



မီးခိုးညဥ့်ခါ ဆိုတာက ညဥ့်အခါကာလမှာ မီးခိုးတွေ ထွက်နေတယ်။ နေ့မှာ မီးပျို့ဆိုတာက နေ့အခါကာလမှာ မီးတောက်မီးလျှံတွေ ပျို့အန်ပြီးထွက်နေတယ်။ အဲဒီလို ညမှာ မီးခိုးထွက်ပြီး၊ နေ့မှာ မီးတောက် မီးလျှံတွေထွက်နေတဲ့ တောင်ပို့ကြီးတစ်ခုကို ပြာဟ္မဏဆရာကြီးက တွေ့မြင်ပါသတဲ့ ဒကာလူရေ။ ပြာဟ္မဏဆရာကြီးကလည်း တောစခန်းသွားပြီးတော့ သူ့တပည့်တွေကို တောနဲ့ပတ်သက်တဲ့ အသိအလိမ္မာ ပညာတွေ လက်တွေ့ နားလည် အောင်လို့ သုတေသနအဖြစ်နဲ့ သင်ပြနေပါသတဲ့။ အဲဒီပြာဟ္မဏဆရာကြီးက တွေ့တော့ ဒီတောင်ပို့ကြီးဟာ ထူးဆန်းတယ်၊ ဒီတောင် ပို့ကြီးထဲမှာ ထူးဆန်းတဲ့ ပစ္စည်းတော့ ရှိရမယ်ဆိုပြီးတော့ ဉာဏ်ပညာထူးချွန်တဲ့သူ့တပည့် လူလိမ္မာကလေးခေါ်ပြီး အတူးခိုင်းသတဲ့။ တူးတယ်ဆိုတော့ ပေါက်တူးနဲ့တူးရမယ် မဟုတ်လား။ ပေါက်တူးနဲ့ အတူးခိုင်းပါတယ်တဲ့။ တူးတဲ့အခါ ရှေးဦးစွာ ဘာတွေ့သလဲဆိုတော့ ပေါ်လာမင်းတုပ်တဲ့နော်၊ မင်းတုပ်ဆိုတာ **တံခါး** ဂလန့်ပါပဲ၊ မင်းတုပ်ကိုဖယ်ပြီး ရှေ့ဆက်တူးလိုက်တော့ ဖားကို တွေ့ပြန်တယ်၊ **ဥဒ္ဓုမာယိက** ဖားတဲ့နော်။ ပြီးတော့ လမ်းခွဲ လမ်းခွနှစ်ခု တွေ့ပြန်တယ်တဲ့။ ပြီးတော့ ဆပ်ပြာရေစစ်ကို တွေ့တယ်တဲ့။ နောက်ဆက်တူးတော့ လိပ်ကိုတွေ့သတဲ့။ အဲဒီလိပ် ထုတ်ပြီး တူးလိုက်တဲ့အခါ ဓားနဲ့စဉ်းတီတုံးကို တွေ့တယ်တဲ့။ ဓားနဲ့ စဉ်းတီတုံး ကိုဖယ်ပြီး တူးလိုက်တော့ သားတစ်ကို တွေ့ပြန်သတဲ့။ တွေ့ရတဲ့ပစ္စည်းတွေ တော်တော်စုံသွားပြီ၊ တယ်ထူးဆန်းတဲ့ တောင်ပို့ကြီးပဲ။ အဲဒီကနောက် နတ်နဂါးတွေ့ပြန်တယ်တဲ့။အဲဒါကတော့ နောက်ဆုံးပဲ။ဒါကြောင့် "နတ်နဂါး၊ဆယ့်ငါးဝှက်စာ အစဥ်တည်း" လို့ဆိုထားတယ်။

http://www.dhammadownload.com



အဲဒီ ဝှက်စာတစ်ဆယ့်ငါးကို ဖြဟ္မာကြီးက လာပြီးတော့ **ရှင်ကုမာရကဿပ**ကို ပေးပါတယ်။ **ရှင်ကုမာရကဿပ**က မြတ်စွာဘုရားကို မေးလျှောက်ထားတော့ မြတ်စွာဘုရားက အစဉ်အတိုင်း ဖြေတော်မူပါတယ်။ အဲဒါထဲက ငါးပုဒ်တော့ မနေ့က ပြီးသွားပြီ။ အဲဒီ ငါးပုဒ်အဖြေကိုတော့ လွယ်လွယ်နဲ့ပြီးအောင် ဒီလိုစီစဉ်ကြစို့ရဲ့။ ဆောင်ပုဒ် စာရွက်ထဲ နောက်နားမှာ အဖြေကလေးတွေ ပါတယ်နော်။ စာမျက်နှာ သုံးနံပါတ်က အဲဒါအတိုင်း ဆိုကြဦးစို့ရဲ့။

**(ဆို) တောင်ပို့ဆိုတာ ဘယ်ဟာလည်း၊ ဤရုပ်ကိုယ်ကြီးပဲ။**

"တောင်ပို့ဆိုတာ ဘယ်ဟာလည်း၊ ဤရုပ်ကိုယ်ကြီးပဲ"လို့ အမေးနဲ့ အဖြေ တွဲပြထားတော့ မိမိတို့ရဲ့ ရုပ်ကိုယ်ကြီးပဲလို့ လူတိုင်းပဲ နားလည်ကြပါလိမ့်မယ်။ တောင်ပို့ကြီးနဲ့ ရုပ်ကိုယ်ကြီး တူပုံကို မနေ့က ရှင်းပြခဲ့ပါပြီ။ (အကျဉ်းချုပ် ထပ်ပြောသည်)။

**(ဆို) မီးခိုးဆိုတာ ဘယ်ဟာလည်း၊ ညအခါမှာ ကြံတာပဲ။**

**(ဆို) မီးလျှံဆိုတာ ဘယ်ဟာလည်း၊ နေ့အခါမှာ ပြုတာပဲ။**

နောက်နေ့မှာ လုပ်ကိုင်ဖို့ရာတွေကို ညက ကြံစည်ကြရတယ်။ အဲဒါဟာ ညအခါ ဒီကိုယ် တောင်ပို့ကြီးက မီးခိုးထွက်နေတာတဲ့။ နေ့ကျတော့ ညက ကြံထားတဲ့အတိုင်း လျှောက်လုပ်တာက မီးလျှံတွေ ထွက်နေတာတဲ့။ ဒါတွေကတော့ သိလွယ်ပါတယ်။

## တစ်ပါးတည်းသော ဆရာ

**(ဆို) ဆရာဆိုတာ ဘယ်သူလည်း၊ ငါတို့ မြတ်စွာဘုရားပဲ။**

ဟိုရှေးခေတ်က ဗြာဟ္မဏဆရာကြီးဆိုတာ ယခုခေတ်ကာလ ကျောင်းဆရာကြီးများလိုပါပဲ။ မိမိတို့ထံမှာလာပြီး ပညာသင်တဲ့ တပည့်တွေကို သွန်သင်ညွှန်ကြားပြီးနေလို့ သူ့ကို ဗြာဟ္မဏ

http://www.dhammadownload.com



ဆရာကြီး လို့ဆိုတယ်။ ဒီဗြာဟ္မဏ ဆရာကြီးမှာ တပည့်တွေဟာ တစ်ရာသော်လည်းကောင်း၊ တစ်ထောင်သော်လည်းကောင်း ရှိနိုင်ပါတယ်။ များလှယင် လေးငါးခြောက်ထောင်, ခုနစ်ထောင်လောက်ရှိမှာပေါ့။ ဒီထက်တော့ များမယ်မဟုတ်ပါဘူး။ တစ်ထောင်လောက် ဆိုယင်ကို တစ်ယောက်တည်းက သင်ပေးနိုင်မှာ မဟုတ်ပါဘူး၊ ဒကာလူတို့, ဘုန်းကြီးတို့ရဲ့ ကိုးကွယ်ရာဖြစ်တဲ့ မြတ်စွာဘုရား သခင်မှာတော့ တပည့်တွေက ဒီလို တစ်ထောင် နှစ်ထောင်, လေးငါးခြောက်ထောင်, ခုနစ်ထောင် မကပါဘူး။ လူတွေတွင်လည်း မဟုတ်ဘူး၊ နတ်တွေရော ဗြဟ္မာတွေရော တစ်လောကလုံးမှာ ရှိသမျှ အားလုံးသော ပုဂ္ဂိုလ် တွေဟာ မြတ်စွာဘုရားရဲ့ တပည့်တွေချည်း မဟုတ်လား ဒကာလူရဲ့။ ဒါကြောင့် မြတ်စွာဘုရားရဲ့ ဂုဏ်တော် ကိုးပါးထဲမှာ **သတ္ထာဒေဝ မနုဿာနံ** ဆိုတဲ့ ဂုဏ်တော် တစ်ပုဒ် လည်းပါတယ်။ **ဒေဝမနုဿာနံ**— နတ်လူတို့၏။ **သတ္ထာ**— တစ်ပါး တည်းသောဆရာ ဖြစ်တော်မူပါပေ၏။ မြတ်စွာဘုရားဆိုတာ အားလုံးသော လူတွေ, နတ်တွေ, ဗြဟ္မာ တွေရဲ့ ဆရာပဲ။ ဆရာဆို တာဟာ ဘယ်လိုဂုဏ်နဲ့ ပြည့်စုံရသလဲ ဆိုယင် အကျိုးမဲ့ဖြစ်တဲ့ အမှုတွေ, မကောင်းတာတွေကို တားမြစ်ရမယ်။ အကျိုးရှိတဲ့အမှုကို ညွှန်ကြားရမယ်။ ဒီဂုဏ်တွေနဲ့ ပြည့်စုံရ မှာပေါ့။ အဲ . . . . မေတ္တာ, ကရုဏာ ရှေ့သွားပြီးသကာလ အကျိုးမဲ့ အမှုတွေကို တားမြစ်ပြီး တော့၊ အကျိုးရှိတဲ့ အမှုတွေကို ညွှန်ကြားနိုင်ရမယ်။ လောကမှာ ဆရာတွေလည်း ဒီနည်းအတိုင်း ပါပဲ။ ဆရာလုပ်တဲ့သူတွေ ဆိုတာ တပည့်တွေမှာ အကျိုးမဲ့ မဖြစ်အောင် စောင့်ရှောက်ရတယ်။ တပည့် တွေမှာ အကျိုးများအောင် စောင့်ရှောက်ရတယ်၊ ညွှန်ကြားရတယ်။

http://www.dhammadownload.com



မြတ်စွာဘုရားကတော့ တစ်သံသရာလုံး လျှောက်ပြီးတော့ အကျိုးမဲ့ဖြစ်စေနိုင်တဲ့ အရာတွေဟူသမျှကို တားမြစ်တော်မူတယ်။ "မျက်မှောက်မှာလည်း အကျိုးမဲ့ဖြစ်စေနိုင်တယ်၊ သံသရာမှာလည်း အကျိုးမဲ့ဖြစ်စေနိုင်တယ်"ဆိုတဲ့ မကောင်းမှု အကုသိုလ်ဟူသမျှတွေကို ပယ်ရှားဖို့ မြတ်စွာဘုရားက ဟောခဲ့တယ်မဟုတ်လား ဒကာလူရဲ။ (ဟောခဲ့ပါတယ်ဘုရား)။ ကိုယ်ဖြင့် ကျူးလွန်မှု— ကာယကံ မကောင်းမှုတွေ, နှုတ်ဖြင့်ကျူးလွန်မှု—ဝစီကံမကောင်းမှုတွေ, စိတ်ဖြင့် ကြံစည်မှု—မနောကံမကောင်းမှုတွေ၊ ဒီအကုသိုလ်ကံဟူသမျှတွေကို မပြုလုပ်ရဘူးလို့ မြတ်စွာဘုရားက တားမြစ်ခဲ့တယ်။ အဲဒါတွေကို တားမြစ်တာဟာ လူ, နတ်, ဗြဟ္မာ, သတ္တဝါတွေမှာ အကျိုးမဲ့မဖြစ်ရအောင်လို့ မေတ္တာနဲ့ ကရုဏာနဲ့ တားမြစ်တာပါပဲ။ သို့သော်လည်း ဒီလိုရှိပါတယ်။ လူတွေ, နတ်တွေ, ဗြဟ္မာတွေဆိုတာက ကိလေသာ မကင်းသေးတော့ ဒီမကောင်းမှုတွေကို ပြုချင်ကြတယ်။ သူတို့ ပြုချင်နေတဲ့ အမှုတွေကို တားမြစ်တော့ ချုပ်ချယ်လွန်းတယ်, ကြပ်တည်း လွန်းတယ်လို့ ဒီလိုလည်း ထင်တတ်တယ် ဒကာလူရဲ။

ဥပမာ-မိဘများက သားသမီးတွေကို သွန်သင်ဆုံးမကြတယ်။ မသိမလိမ္မာတဲ့ သားသမီးကလေးတွေကို မသွားသင့်တဲ့နေရာ မသွားဖို့, မလုပ်သင့်တဲ့အမှုကို မလုပ်ဖို့ တားမြစ်ရတယ် မဟုတ်လား။ နို့စို့အရွယ် ငယ်ငယ်ကလေး ဆိုလို့ရှိယင် အဲဒီကလေးငယ်ဟာ တုတ်ချောင်းတို့, ဖျာစတို့, ဒီလိုဟာတွေကို ကိုင်တွယ်နေလို့ရှိယင် ဖြင့် ယူပြီးတော့ ပစ်ရတယ်။ ဘာ့ကြောင့်လည်းဆိုယင် ကလေးက တုတ်ကို ပါးစပ်ထဲထည့်ပြီးတော့ သူမျိုချင် မျိုချလိုက်မယ် မဟုတ်လား၊ မျိုယင် အကျိုးမဲ့ဖြစ်မယ်။ အကယ်၍ တုတ်ချောင်းတို့ အုတ်ခဲ

http://www.dhammadownload.com



တို့, ဘေးအန္တရာယ် ဖြစ်စေနိုင်တဲ့ အရာဝတ္ထုကို ပါးစပ်ထဲထည့်ပြီး မျိုနေတာ တွေ့ရလို့ ရှိယင် အဲဒါကို ကလေးရဲ့ပါးစပ်ထဲက အတင်း ဆွဲထုတ်ရလိမ့်မယ်။ ကလေးကတော့ သူကြိုက်နေတာဆိုတော့ ငိုလိမ့် မယ်၊ ငိုချင် ငိုပါစေတော့ ဒီကလေးကို သနားသောအားဖြင့် အတင်း တစ်ခါတည်း ဆွဲထုတ်ရလိမ့်မယ်။ အကယ်၍ ပါးစပ်ကို စေ့ထားလို့ရှိ ယင်လည်းအဲဒီ ပါးစပ်ကို အတင်းဖြဲပြီးတော့ လက်နဲ့ အတင်းနှိုက်ပြီး ထုတ်ရလိမ့်မယ်၊ အကယ်၍ လည်ချောင်းထဲ တစ်စိတ်တစ်ပိုင်း ရောက်နေပြီဆိုတောင်မှလည်း သွေးတွေထွက်ချင် ထွက်ပေစေ၊ လက်နဲ့အတင်းနှိုက်ပြီးထုတ်ရလိမ့်မယ်။ ဘာကြောင့် ဒီလို ရက်ရက် စက်စက် လုပ်ရသလဲလို့ဆိုယင် မိမိတို့၏ သားသမီး ကလေးကို ကရုဏာနဲ့ သနားလို့ မဟုတ်လား။ မေတ္တာနဲ့ ချမ်းသာစေချင်လို့ မဟုတ်လား။ ဒီကလေးတော့ ဆင်းရဲရော့ဟဲ့လို့ နှိပ်စက် လိုတဲ့ သဘော မပါပါဘူး ဒကာလူရဲ။ (မှန်ပါ့ဘုရား)။

အေး . . . . ဒါလိုပဲ၊ မြတ်စွာဘုရားကလည်း ကိလေသာ မကင်းသေးတဲ့ လူ, နတ်, ဗြဟ္မာ, သတ္တဝါတွေက ပြုလုပ်ချင် နေပေမယ်လို့ မသင့်တော်တဲ့ အမှုတွေကို မလုပ်ရဘူးလို့ တားမြစ် တော်မူတယ်။ သတ္တဝါတွေက မိမိတို့၏ ကိုယ်ရေးကိုယ်တာနဲ့ စပ်ပြီးသကာလ ကိုယ့်အကျိုး ကိုယ့်စီးပွားဖြစ်အောင်လို့ သူတစ်ပါး အသက်တွေသတ်ချင်ကြတယ်၊ ညှဉ်းဆဲချင်ကြတယ်၊ အဲဒါတွေ မသတ်ရဘူး၊ မညှဉ်းဆဲရဘူး၊ မသတ်ကောင်းဘူး၊ မညှဉ်းဆဲ ကောင်းဘူးလို့ ဒီလိုတားမြစ်ခဲ့တယ် မဟုတ်လား ဒကာလူရဲ။ (တားမြစ်ခဲ့ပါတယ်ဘုရား)။ ဒီလို တားမြစ်တာနဲ့စပ်ပြီးတော့ ဘုန်းကြီး ငယ်ငယ်က တွေ့ကြုံဖူးတာလေးကို အမှတ်ရလာတယ်။ သားဖြစ်တဲ့ ပုဂ္ဂိုလ်က မိခင်ကို တရားဟောပါတယ်။ သူတစ်ပါး အသက်ကို

http://www.dhammadownload.com



မသတ်ကောင်းဘူး၊ သူတစ်ပါး ဥစ္စာကို မခိုးကောင်းဘူး လို့ ဒီလို ပြောတော့ မိခင်က ပြန်ပြောတယ်။ "ငါ့သားရယ် ငါတို့ လူလောက ဆိုတာကတော့ စားရေး သောက်ရေး, နေရေးထိုင်ရေး အတွက် ဒီလို အမှုတွေကိုလည်း လုပ်ရသေးတာပဲ၊ မလုပ်ပဲနေလို့ မဖြစ်ဘူး"လို့ ပြောတာကို ကြားရဖူးတယ်။ အဲဒီတော့ လူ့လောက အနေနဲ့ ဆိုတော့ စားရေး သောက်ရေး, နေရေး ထိုင်ရေး စီးပွားရေး အတွက်ဆိုယင် လုပ်ကောင်းတယ်လို့ ဒီလိုအောက်မေ့နေတတ်ကြပါတယ်။ လုပ်လည်း လုပ်ချင်နေကြတယ် ဒကာလူရ။

ဒါပေမယ်လို့ မြတ်စွာဘုရားကတော့ ဒီတစ်သက်လျာ ကလေးအတွက် တစ်ခဏလေးအတွက် ကောင်းစားဖို့ကို အကြောင်း ပြုပြီးတော့ မကောင်းမှု အကုသိုလ်တွေကို ကျူးလွန်မိလို့ရှိယင် တစ်သံသရာလုံးလျှောက်ပြီး ဒုက္ခတွေရောက်သွားတော့မယ် ဆိုတာ ကို မြင်တော်မူတဲ့အတွက် သူတစ်ပါးအသက်ကို သတ်ခြင်းအမှု မပြုရဘူး၊ သူတစ်ပါးကို ညှဉ်းဆဲခြင်းအမှု မပြုရဘူး၊ သူတစ်ပါး ဥစ္စာကို ခိုးယူခြင်း လုယက်ခြင်း အမှုကို မပြုရဘူး စသည်ဖြင့် မြတ်စွာဘုရားက တားမြစ်ခဲ့တယ်။ အဲဒါ ဘာနဲ့တူသလဲဆိုယင် ကလေးက ပါးစပ်ထဲကို တုတ်ချောင်းတို့, ကျောက်ခဲတို့ထည့်လိုက်၊ မျိုချလိုက်တဲ့အတွက် အတင်းဆွဲထုတ်ရတာနဲ့ တူပါတယ်။ မတူ ဘူးလား ဒကာလူရ။ (တူပါတယ်ဘုရား)။ ဒါကြောင့် မြတ်စွာ ဘုရားက မကျူးလွန်သင့်တာတွေကို မကျူးလွန်ရအောင် တားမြစ်ခဲ့ တယ်။ ပြီးတော့ ပြုသင့်တာတွေကိုတော့ ပြုဖို့ရာ ညွှန်ကြား ပြန်တယ်။ သီလအကျင့်ကို ကျင့်ရမယ်၊ သမာဓိအကျင့်ကို ကျင့်ရ မယ်၊ ပညာအကျင့်ကို ကျင့်ရမယ်၊ ဒီလို ညွှန်ကြားခဲ့တယ် မဟုတ် လား။ (ညွှန်ကြားခဲ့ပါတယ်ဘုရား)။ သီလအကျင့်ကို ကျင့်ရမယ်

http://www.dhammadownload.com



ဆိုရာမှာ သီလ ဆိုတာက ဟိုအမှု မပြုရ၊ ဒီအမှု မပြုရဆိုတော့ အလွန်ချုပ်ချယ်ရာ ရောက်နေပါတယ်။

ဒါကြောင့် လူတွေရဲ့စိတ်ထဲမှာ ဒါကတော့ ချုပ်ချယ်လွန်း အားကြီးပါတယ်။ နေစရာ ထိုင်စရာတောင် မရှိလောက်အောင် ဖြစ်နေပါတယ်လို့ အောက်မေ့တတ်တယ်။

## သူဌေးသား ရဟန်း

မြတ်စွာဘုရားလက်ထက်တော်က သူဌေးသားတစ်ယောက်ဟာ မိမိ ကိုးကွယ်နေတဲ့ ရဟန်းကို လျှောက်ထားတယ်၊ "တပည့်တော်ဘုရား သံသရာဝဋ်ဆင်းရဲက လွတ်မြောက်ချင်ပါတယ်၊ ဆင်းရဲ ငြိမ်းချင်ပါတယ်၊ ဆင်းရဲငြိမ်းတဲ့ နိဗ္ဗာန်ကို ရောက်ချင်ပါတယ်၊ ဘယ်လိုလုပ်ရပါမလဲ"လို့ ဆိုတော့ ဆွမ်းအလှူ၊ သင်္ကန်းအလှူ အစရှိတဲ့ ဒါနကုသိုလ်တွေ အမျိုးမျိုးအပြုခိုင်းတယ်။ ခိုင်းတဲ့အတိုင်း ပြုပြီးတဲ့အခါမှာ "အရှင်ဘုရား၊ တပည့်တော်ဟာ အလှူအမျိုးမျိုးတွေ လှူပြီးပါပြီ၊ ဒါပေမယ့် ဆင်းရဲကလွတ်မြောက်တဲ့ တရားကိုတော့ မတွေ့သေးဘူးဘုရား" လို့ လျှောက်ပြန်တယ်။ ဒီလို ဆိုလို့ရှိယင် သရဏဂုံ သုံးပါးနဲ့ ငါးပါးသီလဆောက်တည်ရမယ်၊ စောင့်ရှောက်ရမယ်လို့ ငါးပါးသီလကို ပေးလိုက်ပြန်တယ် ဒကာလူရ။ ငါးပါးသီလ ဆောက်တည်လိုက်ပြန်တော့လည်း ဆင်းရဲက လွတ်တာကို သူမတွေ့ပြန်ဘူးတဲ့။ ဒါကြောင့် သူက "အရှင်ဘုရား၊ တပည့်တော် ငါးပါးသီလလည်း ဆောက်တည်ပါတယ်၊ ဒါပေမယ့် ဆင်းရဲက လွတ်မြောက်တာကိုတော့ မတွေ့သေးဘူးဘုရား"လို့ လျှောက်ပြန်တယ်။ ကိုင်း ဒါဖြင့် ဆယ်ပါးသီလ ဆောက်တည်ပေတော့လို့ ဆယ်ပါးသီလကို ဆောက်တည်ခိုင်းတယ်။ ဒါနဲ့လည်း

http://www.dhammadownload.com



ဝဋ်ဆင်းရဲက လွတ်မြောက် တာကို မတွေ့ပြန်ဘူးတဲ့ ဒကာလူရ။ ကိုင်း . . . ဒါဖြင့်ယင် ရဟန်းပြုမှဖြစ်တော့မှာပဲလို့ ဆိုပြီးတော့ ရဟန်းပြုခိုင်းတယ်။

ရဟန်းပြုလိုက်တဲ့အခါမှာ ဆံမုတ်ဆိတ်တွေကိုပယ်၊ လူဝတ် လူစားတွေကို စွန့်ပြီးတော့ ဖန်ရည်စွန်းတဲ့ အဝတ်များဝတ်လို့ ဝိနည်းသိက္ခာပုဒ်တော်နှင့်အညီ ရဟန်းခံပေးရတာကိုး။ ဒီလို ရဟန်းခံပေးပြီးတဲ့ အခါကာလကျတော့ ဥပဇ္ဈာယ်ဆရာက ဝိနည်း စကားတွေ သင်ကြားပေးတယ်။ နိသျည်းဆရာကတော့ သုတ္တန် ဆိုင်ရာက တရားတွေလည်း သင်ကြားပေးတယ်။ အဘိဓမ္မာဆိုင်ရာ တရားတွေလည်း သင်ကြားပေးပြီးတော့ ကမ္မဋ္ဌာန်းတရား အားထုတ်ဖို့ ဝိပဿနာတရား အားထုတ်ဖို့ညွှန်ကြားပေးတယ်။ ဥပဇ္ဈာယ် ဆရာဆီ ရောက်တဲ့အခါမှာ ဘယ်အမှု မပြုရဘူး၊ ဘယ်အမှု ပြုလို့ ရှိယင် ဘယ်အာပတ်သင့်တယ်။ ဘယ်လိုဟာ မစားရဘူး။ စားလို့ရှိ ယင် ဘယ်အာပတ်သင့်တယ်၊ သင်္ကန်းကို ဘယ်လိုဝတ်ရတယ်။ ဆွမ်း စားတဲ့အခါမှာ ဘယ်လိုစားရတယ်။ အယုတ်ဆုံး ကျင်ကြီးကျင်ငယ် စွန့်တဲ့နေရာတောင်မှ ဘယ်လိုစွန့်ရတယ် စသည်ဖြင့် ဝိနည်းသိက္ခာ ပုဒ်တွေ သူက သွန်သင်ပေးတာကိုး။ ဒီလိုသင်ပေးတော့ ဒီရဟန်း သစ်က ဘယ်လိုအောက်မေ့သလဲလို့ဆိုယင် "ဩော် ခက်လိုက်ပါ ဘိတော့၊ သံသရာဝဋ်ဆင်းရဲက လွတ်မြောက်ချင်လို့ ရဟန်းပြုလိုက် ပါတယ်၊ တကယ်ထည်းမှပဲ ကြပ်တည်းလိုက်တာ လှုပ်စရာတောင် မရှိတော့ဘူး၊ ငါတော့ ခက်တော့တာပဲ"လို့ ဒီလို အောက်မေ့သတဲ့ ဒကာလူရ။ ဒီလို အောက်မေ့ပြီးတော့ "ဩော် . . . . ဒီလိုဆိုယင် သာသနာ့ဘောင်နေလို့ မဖြစ်ပါဘူး။ လူထွက်မှ နေရာကျတော့မှာပဲ၊ လူ့ဘောင်လောကမှာ တတ်နိုင်သမျှ ဒါနသီလ လေးနဲ့ပဲ သံသရာ

http://www.dhammadownload.com



ဝဋ်ဆင်းရဲမှ လွတ်မြောက်အောင် အားထုတ်ပါတော့မယ်”လို့ စိတ်ကူးပြန်သတဲ့ ဒကာလူရ။

ဒါပေမယ့် တော်ပါသေးရဲ့ ဘုရားလက်ထက်ကမို့ သူ လူ ထွက်မယ်လို့ ကြံနေတဲ့အကြောင်းကို ဆရာဥပဇ္ဈာယ်တွေက ကြား သိရတဲ့အတွက် ဒီရဟန်းကို မြတ်စွာဘုရားထံ ပို့ကြတယ်။ အကျိုး အကြောင်း ပြောပြီးတဲ့အခါ မြတ်စွာဘုရားက ဘာကြောင့် သင် လူထွက်ချင်တာလည်းလို့ မေးတော်မူပါတယ်။ ဒီတော့ “တပည့်တော် မှာ နိဿရည်းဆရာက ကမ္မဋ္ဌာန်းတွေပေးထားလို့ နှလုံးသွင်းရတာ တွေက များနေတယ်။ ဥပဇ္ဈာယ်ဆရာကလည်း ဝိနည်းကျင့်ဝတ် တွေ သင်ကြားပေးထားလို့ တပည့်တော်ဟာ မနေတတ် မထိုင်တတ် ဖြစ်နေပါတယ်။ ဒါကြောင့် တပည့်တော်ဖြင့် လက်တို့ ခြေတို့တောင် မလှုပ်ဝံ့အောင် ရှိနေပါတယ်၊ ဒီလိုအင်မတန် ကြပ်တည်းလွန်းလို့ လူထွက်ဖို့ စိတ်ပိုင်းဖြတ်ထားပါတယ် ဘုရား”လို့ လျှောက်ပါတယ်။ ဒီရဟန်းက သူ့မှာ လက်ခြေလှုပ်တိုင်း, တစ်စုံတစ်ခုပြုလုပ် တိုင်း အာပတ်များ သင့်သွားမှာလေလား၊ သမာဓိများ ပျက်သွားမှာလေ လား၊ ဝိပဿနာများပျက်သွားမှာလေလားနဲ့ သူ့မှာ အင်မတန် ဝန်လေးနေဟန်တူပါတယ် ဒကာလူရ။

ဒီတော့ မြတ်စွာဘုရားက “အေး . . . ဒါဖြင့် ကိစ္စမရှိဘူး၊ သင့်ကို တစ်ခုတည်းပဲ စောင့်ရှောက်ဖို့ပေးမယ်၊ အဲဒီတစ်ခုကို စောင့် ရှောက်နိုင်ယင် တခြားဟာတွေကို စောင့်ရှောက်ဖို့ မလိုတော့ဘူး”လို့ အားပေးတော်မူပါတယ်။

“ဘယ်ဟာကို စောင့်ရှောက်ရမှာပါလဲမြတ်စွာဘုရား”

“သင့်စိတ်တစ်ခုတည်းကိုပဲ စောင့်ရှောက်ရမယ်၊ စောင့် ရှောက်နိုင်ပါမည်လား” လို့ မေးတော်မူပါတယ်။ “စောင့်ရှောက်နိုင်ပါ

http://www.dhammadownload.com



မယ်ဘုရား"လို့ ရဟန်းက ဝန်ခံပါတယ်။ ဒီရဟန်းက စိတ်တစ်ခုတည်းဆိုတော့ ဝိနည်းသိက္ခာပုဒ်တွေလို၊ ကမ္မဋ္ဌာန်းအာရုံတွေလို မများဘူးလို့ထင်ပြီး လွယ်လွယ်ပဲလို့ ယူဆသွားတယ်၊ အရေအတွက် ဂဏန်းက တစ်ခုတည်းဆိုတော့ သူကလွယ်တယ်လို့ ထင်သွားတာပေါ့။ ဒါကြောင့် စောင့်ရှောက်နိုင်ပါမယ်လို့ သူက ဝန်ခံတာပဲ။ ဒီတော့ မြတ်စွာဘုရားက စိတ်တစ်ခုတည်းစောင့်ရှောက်ဖို့ **စိတ္တာနုပဿနာ တမ္မဋ္ဌာန်း**ကို ဒီလိုပေးတော်မူလိုက်ပါတယ်။

**သုဒုဒ္ဒသံ သုနိပုဏံ၊ ယတ္ထကာမ နိပါတိနံ၊**
**စိတ္တံ ရက္ခေထ မေဓာဝီ၊ စိတ္တံ ဂုတ္တံ သုခါဝဟံ**—တဲ့။

**သုဒုဒ္ဒသံ**—မြင်နိုင်ခဲစွာသော။ **သုနိပုဏံ**—သိမ်မွေ့လှစွာသော။ **ယတ္ထကာမနိပါတိနံ**—ကျလိုရာရာ အာရုံများသို့ ကျရောက်၍ သွားတတ်သော။ **စိတ္တံ**—စိတ်ကို။ **မေဓာဝီ**—ပညာရှိသည်။ **ရက္ခေထ**—အမြဲမပြတ် ရှုမှတ်၍ စောင့်ရှောက်ရာ၏။ **ဂုတ္တံ**—ကိလေသာ ဝင်ခွင့် မရအောင် လုံခြုံစွာစောင့်ရှောက်အပ်သည် ရှိသော်။ **ဝါ**—စောင့်ရှောက်အပ်သော။ **စိတ္တံ**—စိတ်သည်၊ **သုခါဝဟံ**—မဂ်ဖိုလ် နိဗ္ဗာန်ချမ်းသာကို ဆောင်ပေးတတ်ပေ၏-လို့ **စိတ္တာနုပဿနာ သတိပဋ္ဌာန်**ကမ္မဋ္ဌာန်းကို ပေးတော်မူလိုက်ပါတယ်။ ဒီဂါထာရဲ့ အနက်အဓိပ္ပါယ်တွေပါ ပြောလိုက်ရယင် သိပ်ကောင်းမှာပဲ။ ဒါပေမယ့် လိုရင်းပြောစရာတွေက များသေးလို့ အဲဒါကို မပြောတော့ပါဘူး။

အဲဒီရဟန်းဟာ မြတ်စွာဘုရားပေးလိုက်တဲ့ ဒီဂါထာအရ **စိတ္တာနုပဿနာတမ္မဋ္ဌာန်း**နဲ့ပဲ မကြာခင် **ရဟန္တာ**ဖြစ်သွားသတဲ့။ ဒီအထဲမှာ ပြောလိုရင်းကတော့ "သီလသိက္ခာပုဒ်တွေ ကျင့်ရတာကို အင်မတန် ကြပ်တည်းတယ်လို့ ထင်တတ်တယ်" ဆိုတာဟာ ပြောလို

http://www.dhammadownload.com



ရင်းတစ်ခုပါပဲ။ နောက်ပြီးတော့ **သမထဝိပဿနာ**တွေ အားထုတ်တဲ့အခါမှာလည်း စိတ်တောင်မကူးရဘူးလို့ဆိုတော့ သူ့စိတ်ထဲမှာ အင်မတန် ကြပ်တည်းတယ်လို့ ထင်မှာပေါ့။

တစ်ခါက ဘုန်းကြီးတစ်ပါးက ဒကာတစ်ဦးကို **ဝိပဿနာ တရားဟောသ**တဲ့။ စိတ်တိုင်း စိတ်တိုင်းမှာ အမှတ်သတိ ရှိနေရမယ်၊ မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ တွေ့ထိတိုင်း၊ သွားတိုင်း၊ လှုပ်ရှားတိုင်း၊ စိတ်ကူးစဉ်းစား ကြံစည်တိုင်း အမှတ်သတိ ရနေရမယ်။ ဒီလိုရှုမှတ်နေယင် ဝိပဿနာဖြစ်တယ်လို့ ဟောသတဲ့။ အဲဒီတော့ တပည့်ဒကာက ဒီလိုဆိုယင်ဘုရား၊ တပည့်တော်တော့ မရှုနိုင်ပါဘူး။ တပည့်တော် ဒါလောက်များတာတွေကို မမှတ်နိုင်ဘူး ဘုရားလို့ လျှောက်သတဲ့ ဒကာလူရဲ့ ဝိပဿနာ ရှုရတာက ဘာမျှ အလွတ်အလပ်ရယ်လို့ မရှိစေရဘူး၊ အားနေရမည့် အချိန်ရယ်လို့လည်း မရှိဘူး။ အဲဒီတော့ ဝိပဿနာအလုပ်ကိုလည်း အင်မတန် ကြပ်တည်းတယ်လို့ ထင်တတ်ပါတယ်။ အဲဒါလည်း ပြောလိုရင်း တစ်ခုပါပဲ။

ဒါပေမယ့်လို့ မြတ်စွာဘုရားက အကျိုးရှိစေချင်လွန်းလို့ ဒီအကျင့်တွေကို ညွှန်ကြားထားတာပါနော်။ ဒီလို အားမထုတ်လို့ ရှိယင်တော့ အပါယ်လေးပါးက မုချလွတ်မြောက်နိုင်တဲ့ အဆင့် အတန်းကို ရောက်နိုင်မှာ မဟုတ်ဘူး။ ဒါန,သီလတွေနဲ့ ဘယ်လိုပဲ ပြည့်စုံနေစေကာမူ မဂ်ဖိုလ်ကို မရောက်သေးယင် အကြောင်း မညီညွတ်တဲ့ တစ်ဘဝကျတော့ အပါယ်လေးပါးကိုလည်း ကျရောက် နိုင်သေးတာပဲ ဒကာလူရဲ့ စိုးရိမ်စရာရှိတယ်။ ဒါကြောင့်မို့ အပါယ် လေးပါးက အစဉ်ထာဝရ လွတ်မြောက်စေနိုင်တဲ့ နည်းလမ်း၊ သံသရာဝဋ်ဆင်းရဲက လွတ်မြောက်စေနိုင်တဲ့ နည်းလမ်းဖြစ်တဲ့

http://www.dhammadownload.com



ဒီသီလ, သမာဓိ, ပညာအကျင့်တွေကို ကျင့်ဖို့ရာ မြတ်စွာဘုရားက ညွှန်ကြားခဲ့ပါတယ်။

အဲဒီလို မြတ်စွာဘုရားက ညွှန်ကြားခဲ့တာဟာ ဒကာလူ တစ်ဦးတည်းအတွက်လည်း မဟုတ်ဘူး။ ဘုန်းကြီးတစ်ပါးတည်း အတွက်လည်းမဟုတ်ဘူး။ ဘုရားလက်ထက်တော် အခါက ပဉ္စဝဂ္ဂီ ငါးဦးအတွက် သက်သက်လည်း ကန့်သတ်ပြီး ညွှန်ကြားခဲ့တာ မဟုတ်ဘူး။ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန် အစရှိတဲ့ အဂ္ဂ သာဝက, မဟာသာဝကတွေအတွက် သက်သက်လည်း ရည်ရွယ်ခဲ့ တာ မဟုတ်ဘူး။ဘုရားလက်ထက်တော်ကရှိတဲ့ ရဟန်းပရိသတ်, ရဟန်းမိန်းမ ပရိသတ်, ဥပါသကာ, ဥပါသကာ ပရိသတ်တွေအတွက် သက်သက်လည်း ရည်ရွယ်ခဲ့တာ မဟုတ်ဘူး။ အမှန်အားဖြင့်ဆိုယင် ဘုရားလက် ထက်တော်က စပြီးတော့ သာသနာတော်ကုန်ဆုံးတဲ့ အချိန်အထိ ဒီအတွင်းမှာ ရှိကြတဲ့ ပါရမီမျိုးစေ့နဲ့ ပြည့်စုံကြတဲ့ ဘုရား, တရား, သံဃာ, ရတနာ သုံးပါးကို ယုံကြည်နိုင်လောက်တဲ့ ဝါသနာ ပါရမီ အခံရှိကြတဲ့ လူ, နတ်, ဗြဟ္မာ, သတ္တဝါတွေ အကုန်လုံးအတွက် မဟုတ်ဘူးလား ဒကာလူရဲ့။

**"ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ"**

**ဗုဒ္ဓေါ**—သစ္စာလေးပါး တရားသိမြင် ဘုရားရှင်သည်။ **လောကေ**—လောက၌။ **သဗ္ဗပါဏိနံ**—အလုံးစုံသော သတ္တဝါအပေါင်းတို့၏။ **ဟိတာယ**—အကျိုးစီးပွားအလို့ငှာ။ **သမုပ္ပန္နော**—ပွင့်ထွန်းပေါ်ပေါက် တော်မူလာပါပေ၏။ လောကမှာ ဘုရားပွင့်တယ် ဆိုတာဟာ ဘယ်သူ တစ်ဦးတစ်ယောက် အတွက်မျှသာ မဟုတ်ဘူး။ လူတစ်စု အတွက်မျှလည်း မဟုတ်ဘူး။ နတ်တစ်စုအတွက်မျှလည်း မဟုတ် ဘူး။ အချို့သော သတ္တဝါတွေ အတွက်မျှလည်းမဟုတ်ဘူး။ အမှန်

http://www.dhammadownload.com



စင်စစ်ကတော့ အားလုံးသော သတ္တဝါတွေအတွက် ပွင့်လာရတာ မဟုတ်လား၊ အားလုံးသော သတ္တဝါတွေအတွက် ပွင့်လာရပါတယ်။ ဒါပေမယ်လို့ အချို့ အချို့သော သတ္တဝါတွေက ဘုရားကို မကြည်ညို နိုင်ဘူး။ အဲဒါကတော့ သူတို့မှာ ပါရမီမျိုးစေ့ကမရှိလို့, သူတို့မှာ ခာတ်ခံက မရှိလို့ မကြည်ညိုနိုင်ကြတာပါပဲ။ ဒါဟာ သူတို့မှာ ဘုရားကို ကိုးကွယ်ထိုက်တဲ့ ကံကမရှိလို့ မကိုးကွယ်နိုင်တာလို့ မှတ်ရမယ်။ ဥပမာအားဖြင့် လောကမှာ ရွှေတို့ ငွေတို့ အဖိုးထိုက် အဖိုးတန် ရတနာတွေဆိုတာ ရှိတယ် မဟုတ်လား၊ အဲဒီ အဖိုးထိုက် အဖိုးတန် ဥစ္စာရတနာတွေဆိုတာ ဘယ်လိုပုဂ္ဂိုလ်တွေမှာ ရှိသလဲဆိုတော့ ဘုန်းကံနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေဆီမှာရှိတယ်။ ဘုန်းကံနဲ့ မပြည့်စုံ တဲ့ပုဂ္ဂိုလ်တွေမှာ ဒီ ရတနာတွေကို မသုံးစွဲရဘူး။ အဲဒါလိုပါပဲ၊ ပါရမီ ဘုန်းကံရှိတဲ့ ပုဂ္ဂိုလ်တွေမှသာလျှင် မြတ်စွာဘုရားကို ကိုးကွယ်နိုင် တယ်၊ ပါရမီ ဘုန်းကံမရှိတဲ့ပုဂ္ဂိုလ်တွေမှာတော့ ဘုရားက သူတို့ အတွက်ပါ ပွင့်လာပေမယ်လို့ သူတို့က မထိုက်မတန်ဘဲ ဖြစ်နေ တယ်။

တစ်နည်းဥပမာအားဖြင့် စားကောင်းသောက်ဖွယ်တွေဟာ အားလုံးသောပုဂ္ဂိုလ်တွေက စားမယ်ဆိုလို့ရှိယင် အရသာလည်း ရှိတာပဲ။ အားအင်ဗလကိုလည်း ဖြစ်ထွန်းစေနိုင်တာပဲ။ သို့သော် လည်း အစာအိမ်ပျက်နေတဲ့ မကျန်းမာတဲ့ ပုဂ္ဂိုလ်ကျတော့ အဲဒါကို မစားရဘူး။ သူ့မှာ ဒီအစာကောင်းတွေ စားဖို့ရာ ကုသိုလ်ကံက မပြည့်စုံဘဲကိုး၊ အဲဒါနဲ့လည်းတူပါတယ်။ ဒါကြောင့်မို့ “**ဗုဒ္ဓေါလောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ**” ဗုဒ္ဓေါ—သစ္စာလေးပါး တရား သိမြင် ဘုရားရှင်သည်။ **လောကေ**—လောက၌။ **သဗ္ဗပါဏိနံ**— များစွာ သတ္တဝါအပေါင်းတို့၏။ **ဟိတာယ**—အကျိုးစီးပွားအလို့ငှာ။

http://www.dhammadownload.com



**သမုပ္ပန္နော**—ပွင့်ထွန်းပေါ်ပေါက်တော် မူလာပါပေ၏။ မြတ်စွာဘုရား ပွင့်လာတယ်ဆိုတာ အားလုံးသော ပုဂ္ဂိုလ်တွေ အတွက်ပဲတဲ့။ ဒါကြောင့် **သတ္ထာဒေဝမနုဿာနံ**။ **ဒေဝမနုဿာနံ**—နတ်လူ အပေါင်းတို့၏။ **သတ္ထာ**—တစ်ပါးတည်းသော ဆရာအစစ် ဖြစ်တော်မူ ပါပေ၏။ နတ်ရော, လူရော, အားလုံးသော သတ္တဝါတွေရဲ့ ဆရာ ဖြစ်တော်မူတယ်။ ဒီလူကို ပိုပြီးတော့သနားတယ်၊ ဟိုလူကို ပိုပြီးတော့ သနားတယ်လို့ ဒီလိုမရှိပါဘူး။ သတ္တဝါတွေ အားလုံးကို မြတ်စွာ ဘုရားက ညီတူညီမျှပဲ သနားတော်မူပါတယ်။ ညီတူညီမျှပဲ ချမ်းသာ စေလိုပါတယ်၊ ညီတူ ညီမျှပဲ အကျိုးများအောင်လို့ မြတ်စွာဘုရားက ဟောကြားတော်မူခဲ့ပါတယ်။ ဒါကြောင့်မို့ မြတ်စွာဘုရားဟာ အားလုံးသော သတ္တဝါတွေရဲ့ ဆရာဖြစ်တော်မူပါတယ်။ ဒီတော့ ခုနက ပြာဟ္မဏဆရာကြီးဟာ မြတ်စွာဘုရားနဲ့ တစ်စိတ်တစ်ဒေသ လောက်သာ တူပါတယ်။ ဒါကြောင့်မို့ ဆရာဆိုတာ ဘယ်သူလည်း ဆိုတော့ ငါတို့ မြတ်စွာဘုရားပဲလို့ အမေး အဖြေဆောင်ပုဒ်က ဆိုထားပါတယ်။

**(ဆို)-တပည့်ဆိုတာ ဘယ်သူလဲ၊ ရှုမှတ်နေတဲ့ ယောဂီပဲ။**

သီလ, သမာဓိ, ပညာ အကျင့်တွေကို ကျင့်နေတဲ့ ယောဂီ ပုဂ္ဂိုလ်ပဲလို့ ဆိုလိုပါတယ်။ ယခု ပြောခဲ့တာဟာ ပြဿနာငါးခု ရှိသွားပါပြီ။ အဲဒါကို အတိုချုပ် ဆောင်ပုဒ်က. . . .

**"တောင်ပို့-ကိုယ်ထည်၊ ကြံစည်-မီးခိုး၊ ပြုမျိုး-မီးပါ၊ ဆရာ-ဘုရား။ တပည့်ကား—မှတ်သားယောဂီတည်း"**

လို့ ဆိုထားပါတယ်။

http://www.dhammadownload.com



## ပေါက်တူးလက်နက်

ဒီပြဿနာ ငါးခုဟာ မနေ့က ပြောပြီးသားတွေပါ။ အဲဒီတော့ ဒီကနေ့ ဘယ်ကစပြီး ပြောရမလဲဆိုယင် "မီးခိုးညွှန်ခါ၊ နေ့မှာ မီးပျို့၊ တောင်ပို့မြင်လတ်၊ ဆရာမြွက်က၊ တပည့်လှအား၊ ပေါက်တူးသွားဖြင့်၊ ခွဲခြားစေရာ" ဆိုတဲ့ ခေါင်းစဉ် ဆောင်ပုဒ်အရ ပေါက်တူးလက်နက်ကစပြီး ပြောရမယ်။ "**က** **သတ္ထံ**—ပေါက်တူးလက်နက်ဆိုတာက ဘယ်ဟာပါလဲ မြတ်စွာဘုရား"လို့ **အရှင်ကုမာရကဿပက** မေးတဲ့ပြဿနာကို "**သတ္ထန္တိ ခေါ ဘိက္ခု အရိယာယေတံ ပညာယ အဓိဝစနံ**" လို့ မြတ်စွာဘုရားက ဖြေတော်မူပါတယ်။

**ဘိက္ခု**—ကုမာရကဿပရဟန်း။ **သတ္ထန္တိ ဧတံ**—ပေါက်တူးလက်နက်ဟူသော ဤအမည်သည်။ **အရိယာယ**—မြတ်သော။ **ပညာယ**—လောကီလောကုတ္တရာ ပညာ၏။ **ဝါ**—ဝိပဿနာပညာ အရိယမဂ် ပညာ၏။ **အဓိဝစနံ**—အမည်ပေတည်း။ ပေါက်တူးလက်နက်ဆိုတာ ပညာရဲ့ အမည်တဲ့။ တောင်ပို့ကြီးကို တူးဖြိုတယ်ဆိုတာ လက်ချည်း သက်သက်နဲ့တော့ တူးလို့မဖြစ်နိုင်ဘူး၊ သံတူရွင်းတို့, ပေါက်တူးတို့နဲ့ တူးမှဖြစ်မယ်။ ဒီအထဲမှာ ပေါက်တူးနဲ့ဆိုယင် အသင့်လျော်ဆုံးပါပဲ။ ဒါကြောင့် အဋ္ဌကထာမှာ (ကုဒါလ) ပေါက်တူးနဲ့ ပြထားပါတယ်။ ဒီမှာလည်း ပေါက်တူးလက်နက်လို့ ဘာသာပြန်ထားပါတယ်။ မြေတောင်ပို့ကြီးကို တူးဖြိုရာမှာ ပေါက်တူးလက်နက်လိုနေသလိုပဲ ဒီရုပ်ကိုယ် တောင်ပို့ကြီးကို ခွဲခြားဖို့ရာမှာလည်း ပညာလက်နက် လိုနေပါတယ်။ဘယ်လိုပညာလည်းဆိုတော့ အဋ္ဌကထာမှာ **လောကိယ လောကုတ္တရာယ ပညာယ**— လောကီပညာ လောကုတ္တရာပညာလို့ သာမည ဖွင့်ထားပါတယ်။ ဒါပေမယ့် လောကီပညာထဲကဆိုယင် စတုဓာတုဝဝတ္ထာန် ဝိပဿနာပညာနဲ့

http://www.dhammadownload.com



ခွဲရပါလိမ့်မယ်။ ဒါကြောင့် ဝိပဿနာ ပညာပေါက်တူးနဲ့ တူးဖြိုတယ်လို့ပဲ မှတ်ရမယ်။

ပကတိပုဂ္ဂိုလ်တွေက ဒီကိုယ်ကြီးကို တစ်လုံးတစ်ခဲတည်းလို့ ထင်နေကြပါတယ်။ အဲဒါဟာ မတူးမီက တည်မြဲတည်နေတဲ့ မြေတောင်ပို့ကြီးနဲ့ တူပါတယ်။ ယောဂီက ကိုယ်အမူအရာတွေ ပြုတိုင်း တွေ့ထိတိုင်း လိုက်ပြီးတော့ "သွားတယ်, ရပ်တယ်, ထိုင်တယ်, ထိတယ်, အိပ်တယ်, ကွေးတယ်, ဆန့်တယ်" စသည်ဖြင့် မပြတ်မှတ်နေတဲ့အခါကျတော့ ခက်မာကြမ်းတမ်းတာက တစ်ပုံ၊ ပူတာ, နွေးတာ, အေးတာက တစ်ပုံ၊ တောင့်တင်းလှုပ်ရှားတာက တစ်ပုံ၊ ဖွဲ့စည်းတာ, ယိုစီးတာက တစ်ပုံ၊ ဒီလို ၄-ပုံ, ၄-မျိုး ကွဲသွားတယ်။ အဲဒါဟာ ပေါက်တူးနဲ့ တစ်ခါပေါက်လိုက်ရင်း မြေကြီးတစ်ခဲထွက်လာရင်းနဲ့ မြေတောင်ပို့ကြီး အစိတ်စိတ်ကွဲလာတာနဲ့ တူပါတယ်။ ဟုတ်တယ် ဒီရုပ်ကိုယ်ကြီးကလည်း မှတ်တိုင်းမှတ်တိုင်း တစ်ခုစီ တစ်ခုစီ အသီး အသီး ကွဲလာပါတယ်။ ခွဲခြားပြီးတော့ ဉာဏ်ပညာနဲ့ သိပါတယ်။ သွားတဲ့အခါ "သွားတယ် သွားတယ်"လို့ စူးစိုက်ပြီးတော့ မှတ်ပါ။ ဒီလို မဟုတ်ယင်လည်း "ကြွတယ်, လှမ်းတယ်, ချတယ်" လို့ စူးစိုက်ပြီးတော့ မှတ်ပါ။

အဲဒီလိုစူးစိုက်ပြီး မှတ်လို့ရှိရင် သမာဓိဉာဏ်အားကောင်းသလောက် ရုပ်သဘောကလေးတွေကို ပိုင်းခြားပြီးတော့ သိလာတယ်။ သွားတဲ့အခါမှာ တောင့်တင်းတဲ့သဘော, လှုပ်ရှားတဲ့သဘော ဝါယောဓာတ်ကလေးတွင်ပဲ တစ်ပိုင်းတစ်စချင်း ပဲ့ထွက်လာတယ်။ အလုံးလိုက် အခဲလိုက်ကြီး မဟုတ်တော့ဘူး၊ တောင့်ယင် တောင့်တာကလေးတွင်ပဲ၊ တင်းယင် တင်းတာကလေးတွင်ပဲ ကွဲထွက်လာတယ်။ အစကလို အလုံးလိုက် အခဲလိုက်ကြီး မဟုတ်တော့ဘူး၊ ဝါယော

http://www.dhammadownload.com



ဓာတ်သဘောကလေးတွေပဲ တွေ့နေရတယ်။ ဒီပြင် အမှတ်တွေလည်း ဒီလိုချည်းပဲ။ မှတ်တိုင်း မှတ်တိုင်း ကိုယ်အမူအရာသဘောကလေးတွေဟာ တစ်ခုချင်း တစ်ခုချင်း ပဲ့ပဲ့ထွက်လာတယ်။ ဒါကြောင့် ရှုမှတ်ပြီးတော့ သိနေတဲ့ပညာဟာ ပေါက်တူးသွားနဲ့ တူပါတယ်တဲ့။ ပေါက်တူးနဲ့ တစ်ချက်ပေါက်လိုက်ရင်း တောင်ပို့ကြီးက တစ်ပိုင်းပဲ့သွားလိုက်ရင်းနဲ့ အဲဒါလိုပဲ မှတ်သိလိုက်တိုင်း မှတ်သိလိုက်တိုင်း ရုပ်ကိုယ်ကြီးမှာလည်း တစ်ပိုင်း တစ်ပိုင်း ပဲ့ပဲ့သွားတယ်။

ယခုအနေတော့ ဆင်ခြင်ဉာဏ်နဲ့ပဲ ဆင်ခြင်ကြည့်ကြစို့။ ဆံပင်ကို ဆင်ခြင်လိုက်, ဆံပင်တွေဟာ ခက်မာတဲ့ ပထဝီဓာတ်ပဲ။ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ဘူး၊ ဒီတော့ ဆံပင်ဟာ တစ်ပိုင်းပဲ့ထွက်သွားပြီ။ ပြီးတော့ ကိုယ်မှာပေါက်ရောက်နေတဲ့ မွေးညင်းတွေ ဆင်ခြင်လိုက်, သူလည်း ပထဝီပဲ။ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ဘူး။ သူလည်း တစ်ပိုင်းပဲ့ သွားပြန်ပြီ။ ခြေသည်း, လက်သည်းတွေ ဆင်ခြင်လိုက်၊ ဉာဏ်နဲ့ နှုတ်ပယ်ကြည့်လိုက်၊ သူလည်း ပထဝီပဲ။ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ဘူး။ သွားတွေ ဆင်ခြင်လိုက်, သူလည်း ပထဝီဓာတ် ခက်မာတဲ့သဘောတွေပဲ။ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ဘူး၊ ယောက်ျား, မိန်းမ မဟုတ်ဘူး။ အရေခွံတွေကို ဆင်ခြင်လိုက်၊ သူလည်း ပထဝီဓာတ်ပဲ။ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ဘူး။ ပြီးတော့ အသားတို့, အကြောတို့, အရိုးတို့, ရိုးတွင်းခြင်ဆီတို့ အစိတ်အပိုင်းတွေ အများကြီး ရှိပါသေးတယ်။ အဲဒါတွေကို အစိတ် အစိတ် ပြောနေလို့ရှိယင် ကြာနေတော့မယ်။ အကြမ်းဖျင်းအားဖြင့် ဆိုလို့ရှိယင် အပေါ်ဆုံးက အရေ၊ ပြီးတော့ အသား၊ ပြီးတော့ အသွေး၊ ပြီးတော့ အကြော၊ ပြီးတော့ အရိုး။ အဲဒါတွေ ဉာဏ်နဲ့ တစ်ခုချင်းထုတ်ကြည့်၊ ပြီးတော့ အူတွေ အသဲတွေ နှလုံး အဆုတ်တွေကို တစ်ခုချင်း ထုတ်ကြည့်၊ ဓာတ်

http://www.dhammadownload.com



သဘောတွေချည်း တွေ့ရမယ်။ ပုဂ္ဂိုလ်သတ္တဝါကို မတွေ့ရဘူး။ အဲဒါဟာ တောင်ပို့ကြီးကို တူးလိုက်တော့ တစ်ပိုင်းစီ တစ်ပိုင်းစီ ပဲ့ပဲ့သွားသလိုပါပဲ၊ ဒီရုပ်ကိုယ်ကြီးလည်း ပဲ့ပဲ့သွားတယ်။ ဒါကြောင့် ရှုမှတ်ပြီးတော့ သိနေတဲ့ပညာဟာ ပေါက်တူးသွားပဲ။ တဲ. . . . သူ့ဆောင်ပုဒ်ကလေးကို ဆိုကြဦးစို့။

**(ဆို)ပေါက်တူးဆိုတာ ဘယ်ဟာလဲ၊ မှတ်သိနေတဲ့ပညာပဲ။**

"က **အဘိက္ခဏံ**-မပြတ်တူးတယ်ဆိုတာ ဘယ်ဟာပါလဲ မြတ်စွာဘုရား"လို့ မေးတဲ့ပြဿနာကို "**အဘိက္ခဏန္တိ ခေါ ဘိက္ခု ဝီရိယာရမ္ဘဿေတံ အဓိဝစနံ**"လို့ မြတ်စွာဘုရားက ဖြေတော်မူပါတယ်။

**ဘိက္ခု**—ကဿပရဟန်း။ **အဘိက္ခဏန္တိ ခေါ**—မပြတ်တူးသည် ဟူသော ဤအမည်သည်။ **ဝီရိယာရမ္ဘဿ**—ဝီရိယကို ပြင်းစွာ အားထုတ်ခြင်း၏။ **ဧတံ**—မပြတ်အားထုတ်ခြင်း၏။ **အဓိဝစနံ**—အမည်ပေတည်း။ မပြတ်တူးနေတယ် ဆိုတာဟာ မပြတ်ရှုမှတ်မှုဖြစ်အောင် မပြတ်အားထုတ်နေတဲ့ လုံ့လဝီရိယပါပဲတဲ့။ ပေါက်တူးနဲ့တူးတော့ ဒကာလူ ဘယ်လိုတူးရသတုန်း၊ ပေါက်တူးအရိုးကို တင်းတင်းရင်းရင်း ကိုင်ပြီးတော့ ပေါက်ရတယ်မဟုတ်လား။ လျော့လျော့ကလေးကိုင်လို့တော့မဖြစ်ဘူး။ တင်းတင်းရင်းရင်း ကိုင်ရတယ်၊ တင်းတင်း ရင်းရင်း ကိုင်ပြီးတော့ မြှောက်လိုက်ရတယ် မဟုတ်လား။ မြှောက်ပြီးတော့အောက်ချလိုက်တဲ့အခါမှာ အားနဲ့ဖိပြီးတော့ ချလိုက်ရတယ် မဟုတ်လား၊ အဲဒါ ပေါက်တူးတစ်ချက်ပါပဲ။ အဲဒါလိုပဲ ရှုမှတ်တဲ့အခါမှာလည်း ဝီရိယနဲ့ တင်းတင်းရင်းရင်း အားထုတ်ပြီးတော့ ရှုရတယ် ဒကာလူရဲ့ "ဖောင်းတယ်, ပိန်တယ်, ထိုင်တယ်, ထိတယ်, မြင်တယ်, ကြားတယ်, ကွေးတယ်, ဆန့်တယ်"စသည်ဖြင့်

http://www.dhammadownload.com



မှတ်တိုင်း မှတ်တိုင်းဟာ နောက်ကတွန်းပြီး ပေးနေသလိုပဲ၊ ဝီရိယက မပြတ်ပါနေတယ်။ ဒီဝီရိယကလေးက လျော့ပြီး ပျင်းရိရိဖြစ်လာယင် အမှတ်တွေဟာ မကောင်းတော့ဘူး။ သမ္မာဝါယာမဆိုတဲ့ ဒီဝီရိယဟာ အလွန်အရေးကြီးပါတယ်။ သူ့ကို သမ္မပ္ပဓာန်နဲ့ ပြောမယ်ဆိုယင် သမ္မပ္ပဓာန်လေးပါးတဲ့ ဒကာလူရဲ့။

သမ္မပ္ပဓာန်လေးပါး ပြီးပုံကတော့ ဝီရိယနဲ့သာ အားထုတ်နေမယ်ဆိုယင် ရှေးက ဖြစ်ဖူးတဲ့ အကုသိုလ်မျိုးတွေကိုလည်း ပယ်နိုင်တယ်။ တကယ်တမ်း ဝီရိယနဲ့ အားထုတ်နေယင် ရှေးကဖြစ်ဖူးတဲ့ အကုသိုလ်တွေ ဖြစ်ခွင့်ရပါဦးမလား။ (မရနိုင်ပါဘုရား)။ ဒါကြောင့် ရှေးကဖြစ်ဖူးတဲ့ အကုသိုလ်ကိုလည်း ပယ်နိုင်တယ်။ ပြီးတော့ နောက်ထပ် အကုသိုလ် အသစ်တွေလည်း ဖြစ်ခွင့်မရဘူး၊ မဖြစ်နိုင်ဘူး။ ပြီးတော့ မဖြစ်သေးတဲ့ ဝိပဿနာ ကုသိုလ်တွေလည်း မှတ်တိုင်း မှတ်တိုင်း ဖြစ်နေတယ်မဟုတ်လား။ မဖြစ်သေးတဲ့ မဂ်ပညာတွေလည်း ဖြစ်အောင်လို့ အားထုတ်နေတာ မဟုတ်လား။ ဒါကြောင့် မဖြစ်သေးတဲ့ ဝိပဿနာကုသိုလ် မဂ်ကုသိုလ်တွေ ဖြစ်အောင်လို့ အားထုတ်နေတာလည်း မည်တယ်။ ဖြစ်ပြီးသား ကုသိုလ်တွေလည်း တည်တံ့နေတယ်၊ တိုးပွားသွားတယ်။ ဖြစ်ပြီးသား ကုသိုလ်တွေ တိုးပွားပုံကတော့ တစ်ခါမှတ်လိုက် ဝိပဿနာကုသိုလ် တစ်ခါထပ်ဖြစ်တယ်။ တစ်ခါမှတ်လိုက် ဝိပဿနာကုသိုလ် တစ်ခါ ထပ်ဖြစ်တယ်။ မှတ်တိုင်းမှတ်တိုင်း အသစ်အသစ် တိုးပွားနေတာပဲ။ ဒါကြောင့် ဒီဝီရိယနဲ့ တစ်ခါမှတ်လိုက်ယင် သမ္မပ္ပဓာန် ကိစ္စလေးခုလုံး တစ်ချက်တည်း ပြီးသွားတယ်။ သမ္မပ္ပဓာန်ကိစ္စ လေးချက်လုံးပြီးနိုင်တဲ့ သမ္မာဝါယာမလို့ခေါ်တဲ့ ဒီဝီရိယဟာ ပေါက်တူးတူးတာနဲ့ တကယ်ကို

http://www.dhammadownload.com



တူပါတယ်။ ပေါက်တူးတူးယင် ပေါက်တူးကို မြှောက်ပြီး ချလိုက်၊ မြှောက်ပြီး ချလိုက်နဲ့ ဆင့်ကာ ဆင့်ကာ ဒီလိုတူးရတာ မဟုတ်လား။

အဲဒါလိုပဲ ဒီရှုမှတ်ရာမှာလည်း တစ်ချက်မှတ်ပြီးရင်း နောက် တစ်ခါမှတ်လိုက်၊ တစ်ချက်မှတ်ပြီးရင်း နောက်တစ်ခါမှတ် လိုက်နဲ့ ဆင့်ကာဆင့်ကာ မှတ်မှုတွေ မပြတ်ဖြစ်အောင် တစ်မှတ်ပြီး တစ်မှတ် ဆင့်ကာ ဆင့်ကာ မပြတ်ကြောင့်ကြစိုက်ပေးနေရပါတယ်။ ဒါကြောင့် ပေါက်တူးတူးတာနဲ့ ဝိပဿနာရှုမှတ်မှုဖြစ်အောင် အားထုတ်တာဟာ အင်မတန်တူပါတယ်။ ကဲ-ဆောင်ပုဒ်ကလေးကို ဆိုကြရမယ်။

**(ဆို) တူးတယ်ဆိုတာ ဘယ်ဟာလဲ၊ ကြောင့်ကြ စိုက်တဲ့ လုံ့လပဲ။**

နောက်တစ်ခုက မင်းတုပ်ရောက်လာပြီ။ ပေါက်တူးသွား ဖြင့် ခွဲခြားစေရာ ပေါ်လာမင်းတုပ်တဲ့။ တောင်ပို့ထဲက ပစ္စည်းကို ယခုမှ ရှေးဦးစွာ တွေ့ရတယ်။ အဲဒီ မင်းတုပ်ကို တွေ့တဲ့အခါ တပည့်က "ဆရာရေ့၊ ဟောဒီမှာ မင်းတုပ်ကြီး တွေ့ပြီ"လို့ အားရ ဝမ်းသာနဲ့ ပြောတော့ ပြာဟ္မဏ ဆရာကြီးက "ဟေ့—မင်းတုပ်ကြီး ထုတ်လိုက်ကွာ၊ ရှေ့ဆက်တူးလို့ ပြောပါတယ်။ အဲဒီမှာ "**ကာလင်္ဂီ-** မင်းတုပ်ဆိုတာ ဘာလဲ"ဆိုတဲ့ မေးခွန်းကို မြတ်စွာဘုရားက "**လင်္ဂီတိ ခေါ ဘိက္ခု အဝိဇ္ဇာယေတံ အဓိဝစနံ**"လို့ ဖြေဆိုတော်မူပါတယ်။

**ဘိက္ခု**—ကဿပရဟန်း။ **လင်္ဂီတိ ဧတံ**—တံခါးမင်းတုပ် ဟူသော ဤအမည်သည်။ **အဝိဇ္ဇာယ**—ကမ္မဋ္ဌာန်းနည်းကို နား မလည်သော အဝိဇ္ဇာ၏။ **အဓိဝစနံ**—အမည်ပေတည်း။ တံခါး မင်းတုပ်ဆိုတာ အဝိဇ္ဇာပါပဲတဲ့။ ကမ္မဋ္ဌာန်းနည်းကို နားမလည်တဲ့ အဝိဇ္ဇာပေါ့။ အဝိဇ္ဇာဆိုတာက သူ့အရာအားလျော်စွာ အမျိုးမျိုး

http://www.dhammadownload.com



ရှိတယ်။ ဝိပဿနာနဲ့ အရိယမဂ်ဉာဏ်နဲ့ ပယ်ရမယ့် အဝိဇ္ဇာကတော့ သစ္စာလေးပါးကို မသိတဲ့ အဝိဇ္ဇာတဲ့။ ဒီနေရာမှာ ဆိုလိုတဲ့ အဝိဇ္ဇာကတော့ အဲဒီလောက် အဆင့်အတန်း မမြင့်သေးပါဘူး။ သုတမယဉာဏ် စိန္တာမယဉာဏ်နဲ့ပဲ ပယ်ရမည့် အဝိဇ္ဇာတဲ့။ ကမ္မဋ္ဌာန်းနည်းကို နားမလည်တာပါပဲ။

ကမ္မဋ္ဌာန်းနည်း နားမလည်လို့ရှိယင် တရားအားထုတ်နိုင်ပါမလား။ (မထုတ်နိုင်ပါဘုရား)။ ကမ္မဋ္ဌာန်းနည်း မပြောနဲ့၊ ထမင်းချက်တဲ့နည်းတောင် နားမလည်ယင် ချက်လို့မဖြစ်ဘူး။ နားမလည်ဘဲနဲ့ ချက်ယင် ပျက်ကုန်မှာပဲ။ ချက်ရေးပြုတ်ရေးပေမယ့် သင်တန်းတက်ရသေးတယ် ဒကာလူရ။ အမျိုးသမီးတွေက သင်တန်းမတက်ရဘဲနဲ့ ချက်တတ်တာဟာ သူ့အမေက သင်ကြားပေးထားလို့ပဲ။ သူ့အမေက ဘယ်လိုလုပ်ရမယ်ဆိုတာ ပြထားတယ်။ အထူးပြနေဖို့တောင် မလိုပါဘူး၊ မြင်နေတာနဲ့လည်း နားလည်နေကြပါတယ်။ အဲဒီလိုနည်းသိမှ အချက်အပြုတ်ကပေမယ့် နေရာကျတာ။ ဒကာလူတို့ဘက်ကလည်း လုပ်ငန်းဆောင်တာတွေ ရှိပါတယ်။ လယ်ယာ, ကိုင်းကျွန်း စိုက်ပျိုးတဲ့ လုပ်ငန်းတွေ ထွန်ယက်တဲ့လုပ်ငန်းတွေ ဒါတွေလည်း အဘဖြစ်တဲ့ လူကြီးဖြစ်တဲ့ပုဂ္ဂိုလ်က သင်ကြားပေးရသေးတယ်။ အထူးမသင်ပြတောင်မှ ဒီနည်းတွေကို မြင်တာနဲ့လည်း တတ်သိနား လည်နေကြပါတယ်။ လယ်ထွန်တာ မမြင်ဘူးတဲ့သူကို လယ်တောသွားပြီး အထွန်ခိုင်းလို့ ဖြစ်ပါ့မလား။ (မဖြစ်နိုင်ပါဘုရား)။ နွားတောင် မောင်းလို့ ဖြစ်မယ်မဟုတ်ဘူး ဒကာလူရ။ နွားတွေ, ကျွဲတွေ ကလည်း သိတယ်၊ မောင်းနေကျ လူမဟုတ်ယင် မသွားဘူး။ နည်းမသိယင် ဘာမျှမဖြစ်ဘူး ဒကာလူရ။ နည်းက

http://www.dhammadownload.com



အရေးကြီးပါတယ်။ နည်းအရေးကြီးပုံကလေး ဘုန်းကြီးက အကျယ်ချဲ့ပြီး ပြောပြချင်တယ်။

## နည်းက အရေးကြီးတယ်

မြတ်စွာဘုရား အလောင်းတော် **သိဒ္ဓတ္ထမင်းသား**ဟာ တောထွက်တော်မူတယ်။ ဘယ်အသက်အရွယ်တုန်း ဆိုတော့ နှစ်ဆယ့်ကိုးနှစ်တဲ့။ ဆယ့်ခြောက်နှစ်အရွယ်က ယသော်ဓရာဒေဝီ မိဖုရားနဲ့ လက်ထပ်ထိမ်းမြားပြီးတော့ ထီးနန်းစည်းစိမ်တွေကို သုံးဆောင်ခံစားလာခဲ့တာ ဆယ့်ခြောက်နှစ်က နေပြီးတော့ နှစ်ဆယ့် ကိုးနှစ်အထိ ဆိုတော့ ဘယ်နှစ်နှစ်ရှိသလဲ ဒကာလူရ။ (ဆယ့်သုံးနှစ်ပါဘုရား) အဲဒီ ဆယ့်သုံးနှစ်လုံးလုံး မင်းစည်းစိမ် ခံစားနေတုန်း သူအို, သူနာ, သူသေ, ရဟန်းဆိုတဲ့ နိမိတ်ကြီးလေးပါး မြင်တော့ သံဝေဂ ရပြီး အိုခြင်း, နာခြင်း, သေခြင်း ကင်းရာ တရားရှာမယ် ဆိုပြီးတော့ တောထွက်တော်မူပါတယ်။ သတ္တဝါတွေဟာ မအိုချင်ဘဲနဲ့ အိုနေရ၊ မနာချင်ဘဲနဲ့ နာနေရ၊ မသေချင်ဘဲနဲ့ သေနေရတယ်။ အိုခြင်း, နာခြင်း, သေခြင်းကင်းတဲ့တရားကို ငါရှာမယ်၊ ရှာပြီးတော့ သတ္တဝါတွေလည်း အိုခြင်း, နာခြင်း, သေခြင်း ကင်းတဲ့ တရားကို ရအောင်လို့ ငါဟောကြားမယ်ဆိုတဲ့ အင်မတန် ကောင်းတဲ့ အင်မတန်မြင့်မြတ်တဲ့ သမ္မာဆန္ဒအလိုတော်ကြီးနဲ့ တောထွက်တော်မူပါတယ်။ ဒီလို တောထွက်သာလာခဲ့တယ်။ အဲဒီတုန်းက ဘုရားအလောင်းမှာ တရားအားထုတ်နည်း မပါဘူး။ ပေစာတွေ, စာအုပ်တွေနဲ့လည်း ရှိတာမဟုတ်ဘူး၊ နည်းနိဿယတွေက သဲလွန်စ တောင် မရှိသေးဘူး၊ ဒီအတိုင်း ဗလာသက်သက်နဲ့ တောထဲမှာ

http://www.dhammadownload.com



အိုခြင်း နာခြင်း သေခြင်း ကင်းတဲ့တရားကို သူ့ဟာသူ ရှာမယ်လို့ ထွက်လာခဲ့တာ။ အဲဒီတုန်းက ဘာနည်းမျှ မရှိသေးဘူး။

တောထဲရောက်တဲ့ အခါကာလကျတော့ ရဟန်းပြုပြီးတော့ နည်းနိဿယတွေကို လိုက်ပြီးရှာနေရင်း ကာလာမအမျိုးအနွယ်ဖြစ်တဲ့ **အာဠာရ ရသေ့ကြီး**အကြောင်း သတင်းကြားရတယ်။ အဲဒီတုန်းက **အာဠာရ ရသေ့ကြီး**ဟာ တပည့်ပေါင်းသုံးရာနဲ့ ဝဇ္ဇီတိုင်းပြည် ဝေသာလီမြို့အနီး တောအရပ်မှာ ကမ္မဋ္ဌာန်းဋ္ဌာနကြီး ဖွင့်ပြီးတော့ တရားပြနေသတဲ့။ အဲဒီ **အာဠာရ ရသေ့ကြီး**က ဘယ်လောက်များ အစွမ်းသတ္တိရှိသလည်းဆိုတော့ လောကီသမာပတ်ရှစ်ပါးရှိတဲ့အနက်က **နေဝသညာနာသညာယတန**ဆိုတဲ့ နောက်ဆုံး သမာပတ်ကို ချန်ထားပြီးတော့ သမာပတ် ခုနစ်ပါးလုံး ပြည့်စုံနေပါတယ်။ ဒါကြောင့် အဲဒီ အာဠာရရသေ့ကြီးရဲ့ ဂုဏ်သတင်းကို ကြားရလို့ အဲဒီမှာသွားပြီးတော့ ဘုရားအလောင်းတော်က အာဠာရရသေ့ကြီးထံမှာ ကမ္မဋ္ဌာန်းနည်း ကိုယူတယ်။ “ငါ့ရှင် အာဠာရ၊ ငါဟာ သင့်ထံမှာ ကမ္မဋ္ဌာန်းနည်းယူပြီး တရားအားထုတ်လိုပါတယ်” လို့ ဘုရားအလောင်းကပြောတော့ အာဠာရ ရသေ့ကြီးက ဘယ့်နှယ်ပြန်ပြောသလည်းလို့ဆိုယင် “ငါ့ရှင် ဂေါတမ၊ ကျုပ်တို့တရားနည်းက အင်မတန်ကောင်းပါတယ်၊ ဘယ်လိုကောင်းသလည်းဆိုတော့ ငါ့ရှင် ဂေါတမတို့လို ဉာဏ်ပညာထက်မြက်တဲ့ ပုဂ္ဂိုလ်များ တရားအားထုတ်လိုက်မယ်ဆိုယင် ကျုပ်တို့တရားက ဆရာသိတဲ့တရားကို တပည့်သိတယ်ဗျ၊ အင်မတန်ကောင်းတဲ့ တရားနည်းပါပဲ”လို့ ပြောသတဲ့ ဒကာလူရဲ့ အဲဒါဟာ အင်မတန် အရေးကြီးတဲ့စကား ကလေးပါပဲ။

ဆရာသိတဲ့ တရားကို တပည့်လည်းသိနိုင်မှ နေရာကျတယ် ဒကာလူ ရဲ့ “ဆရာသာ သိတယ်၊ တပည့်တွေတော့ မသိနိုင်ဘူး”

http://www.dhammadownload.com



ဆိုလို့ရှိယင် သူ့ဟာ ဟုတ်ချင်မှဟုတ်မှာ စိတ်မချရဘူး ဒကာလူရ။ ဒါမျိုးတွေက ခုကာလမှာလည်းရှိတယ်၊ ဆရာသာသိပြီး တပည့်က မသိတော့ ဆရာကြီးယုံပြီးတော့ တစ်ချို့ဂိုဏ်းဆရာကြီးတွေက ဝိဇ္ဇာဖြစ်သလိုလို သိဒ္ဓိပေါက်နေသလိုလိုနဲ့ တပည့်တွေကတော့ မပေါက်ဘူး၊ အပြီးသတ်တော့ ဆရာလည်း မပေါက်ပါဘူး။ ဒါပေမယ့် ဆရာကတော့ ပေါက်သလိုလိုဘာလိုလိုနဲ့ တပည့်တွေက ယုံကြည်ပြီး ကိုးကွယ်ကြ ဆည်းကပ်ကြတယ်၊ ရေမန်းတွေယူ ဓာတ်လုံးတွေ ယူနဲ့ ပေါ့လေ အစုံပေါ့၊ ကိုယ်ကတော့မသိဘူး ဆရာကြီးကတော့ သိတယ်လို့ထင်ပြီး ယုံကြည်အားကိုးနေကြတာကိုး။ အဲဒါကို ဘုန်းကြီးများကတော့ နေရာမကျဘူးလို့ ယူဆတာပဲ။ ဒါက ယခုခေတ်ကာလမှာ အများတွေ့နေကြတာကို ပြောတာ။

ဒါမျိုးက ဘာသာရေးတွေထဲမှာလည်းရှိတယ်၊ ဗုဒ္ဓဘာသာပြင်ဘက်က ဘာသာတွေဟာ ဒီလိုပဲဘုရားသခင်ကို ကိုးကွယ်နေကြတယ်၊ ဘယ်ဟာမဆို မေးကြည့်လိုက်ယင် "ဘုရားသခင်သာသိတယ်၊ သူတို့ကတော့ မသိဘူး" တဲ့၊ ဘုရားသခင်အလိုတော်အတိုင်းပဲ ဆိုပြီး ဘုရားသခင်ကို မျက်စိမှိတ်ပြီးတော့ ယုံကြည် ကိုးကွယ်နေတာတွေ ရှိတယ်၊ သူတို့ အဆိုက ဒီလိုတဲ့ကမ္ဘာလောကကြီးနဲ့ သတ္တဝါတွေကို ထာဝရဘုရားသခင်က ဖန်ဆင်းသတဲ့၊ အဲဒီလို ဖန်ဆင်းတဲ့ ဘုရားသခင်ကို တမန်တော်ဘုရားသားတော်ဆိုတဲ့ ပုဂ္ဂိုလ်က သူတစ်ယောက်တည်းသာ တွေ့ရသတဲ့၊ ဒီပြင်လူသားတွေထဲကတော့ ဘယ်သူမျှ မတွေ့ရဘူး၊ ဒါပေမဲ့ အဲဒီဘုရားသားတော်ဆိုတဲ့ ပုဂ္ဂိုလ်က သူ့ဟာသူ ဟောတဲ့တရားတွေကို "ဘုရားသခင်ရဲ့ စကားတော် ဘုရားမုခပါဌ်တော်" လို့လည်း ကင်ပွန်းတပ်လိုက်ပြန်တယ်။ ဘာနဲ့တူနေသလဲ ဆိုတော့ "ငါ့စကားကို မယုံယင် ငါ့မယားမေးကြည့်"

http://www.dhammadownload.com



ဆိုတာနဲ့ တူနေပါတယ်။ အဲဒီ "ငါ့မယားမေး"ဆိုတာကမှ နှစ်ယောက်ကွဲနေလို့ သက်သေအရာ တည်သင့်သေးတဲ့အတွက် အတော်အသင့်ယုံစရာ ကောင်းပါသေးတယ်။ သူ့ဟာသူဟောပြီး "ဘုရားမုခပါဠ်"လို့ ဆိုတာကတော့ ဘုရားသခင်ကိုလည်း မမြင်ရ, ဘုရားသခင်က ဟောတာကိုလည်း မကြားရပဲနဲ့ ယုံစရာ တော်တော်ခက်ပါတယ်၊ ဒါပေမဲ့ သူ့ဘာသာဝင် ပုဂ္ဂိုလ်တွေမှာတော့ မိရိုးဖလာ ဖြစ်နေတဲ့အတွက် အဲဒီလိုဘာသာကို မျက်စိမှိတ်ပြီးတော့ ယုံကြည်ကိုးကွယ်နေကြတာပါပဲ၊ အဲဒါလည်း နေရာမကျဘူးဒကာလူရ။

ဘုန်းကြီးတို့ ဗုဒ္ဓဘာသာတရားကတော့ အင်မတန် နေရာကျပါတယ်၊ **သန္ဒိဋ္ဌိကော**၊ ကျင့်ကြံယင် မုချကိုယ်တိုင် တွေ့နိုင်တဲ့တရားတဲ့။ ဘုရားတစ်ပါးတည်းသာ သိတာမဟုတ်ဘူး။ **အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်**တို့သာ သိတာမဟုတ်ဘူး။

ထင်ရှားတဲ့ ရဟန္တာတွေသာ သိတာမဟုတ်ဘူး။ တရားကျင့်လို့ရှိယင် ဘယ်သူကျင့်ကျင့် သိမယ်တဲ့။ အဲဒီလိုတရားက သိပ်ကောင်းတာ ဒကာလူရ။ ဆားဆိုလို့ရှိယင် ငန်တယ်မဟုတ်လား၊ အဲဒါ ဘယ်သူလျက်ကြည့်ကြည့် ငန်တာပေါ့။ သကြားဟာ ချိုတယ်မဟုတ်လား၊ ဘယ်သူစားကြည့်ကြည့် ချိုမှာပဲ။ ဆရာကြီးတော့ ချိုတယ်၊ တပည့်တွေတော့ ခါးတယ်၊ ဒီလိုမရှိပါဘူး။ ညီတူညီမျှပဲ ဖြစ်ရမယ်။ အဲဒီလိုမှ သဘာဝကျပြီး ကောင်းတာ ဒကာလူရ။ ဒါကြောင့် ခုနကပြောခဲ့တဲ့ **အာဠာရ ရသေ့ကြီး**ရဲ့စကားဟာ အင်မတန် အားရစရာကောင်းတယ်။ ဘုရားအလောင်းတော်က အားရတယ်၊ "ဩော် . . . . **အာဠာရ ရသေ့ကြီး**ပြောတာဟာ အင်မတန်ကောင်းတယ်၊ သူ့ဥစ္စာစာတွေ့မဟုတ်ဘူး၊ ကိုယ်တွေ့ပဲ။ သူကိုယ်တိုင်တွေ့ပြီးပြောတဲ့စကားပဲ" လို့ ဘုရားအလောင်းတော်က အားရပြီးတော့ နည်းယူပြီး

http://www.dhammadownload.com



အားထုတ်တယ်။ မကြာခင် အတွင်းမှာပဲ **အာဠာရ ရသေ့**ရထားတဲ့ သမာပတ်ခုနစ်ပါးစလုံးကို အကုန်ရပါသတဲ့ ဒကာလူရ။

အဲဒီလို အကုန်ရတဲ့အခါ ဆရာကြီးဆီ သွားပြီးတော့ ပြောပြတယ်၊ "ဆရာအာဠာရရေ. . . ကျွန်ုပ် အားထုတ်လာတာက တော့ ဟောဒီ ဟောဒီ တရားတွေရတယ်၊ **အာကိဉ္စညာယတန** ဆိုတဲ့တရား ရောက်တယ်။ ဘာမျှဝိညာဉ်ကလေး မရှိတော့ဘူးဆိုတဲ့ အဲဒီနေရာ ရောက်နေပြီ၊ ဝိညာဉ်ကလေး အကြွင်းမဲ့ ကင်းလို့ ဘာမျှ မရှိတော့ဘူး ဆိုတဲ့ အဲဒီ နေရာကလေးမှာ စိတ်ကလေးတည်နေပြီ။ အဲဒါဟာ ငါ့ရှင်အာဠာရ ရတဲ့ တရားဟုတ်ရဲ့လား"ဆိုတော့၊ **အာဠာရ ရသေ့ကြီး**က အံ့ဩပြီးတော့ "အေး . . . . ဟုတ်ပါတယ်၊ ဘယ့်နှယ်လည်း **အရှင်ဂေါတမ**၊ ကျုပ်တို့တရားက ဒီလောက်တော့ မြန်မြန်မရတတ်ဘူး၊ တယ်ထူးတာပဲ။ အင်မတန်ဉာဏ်ထူးလို့ ဒီလိုရလွယ်တာ။ ကဲ—ဒါဖြင့်ယင် ဒီမှာ တပည့်ပရိသတ်တွေက များပါတယ်။ ဆရာရယ်, တပည့်ရယ်လို့ သဘောမထားပါနဲ့။ **ငါ့ရှင်ဂေါတမလည်း** ဆရာကြီးတစ်ဦးလုပ်, ကျုပ်ကလည်း ဆရာကြီး တစ်ဦးလုပ်၊ ကျုပ်တို့ နှစ်ယောက်စလုံး ဆရာကြီး လုပ်ကြတာပေါ့။ ဒီဌာနမှာပဲ နေပါတော့"လို့ ဆိုပြီး **အာဠာရ ဆရာကြီး**က တပည့် တစ်ဝက် ခွဲပေးသတဲ့။ "ဘုရားအလောင်းတော်ဟာ အဲဒီမှာ ကမ္မဋ္ဌာန်းတွေပြပြီး တော်တော်ကြာအောင် နေပါသေးသတဲ့။ တော်တော်ကြာတယ် ဆိုပေမယ်လို့ တစ်ရက် နှစ်ရက်လည်း ဖြစ်ချင် ဖြစ်မှာပေါ့။ ရက်တစ်ပတ်, နှစ်ပတ်လည်း ဖြစ်ချင်ဖြစ်မှာပေါ့၊ အဲဒီမှာ နေရင်းနဲ့ စဉ်းစားတယ်၊ "အင်း ငါရထားတဲ့ တရားဟာ အိုခြင်း, နာခြင်း, သေခြင်း, ကင်းတဲ့တရားလား"လို့ စဉ်းစားလိုက်တော့ "သြော် . . . . အိုခြင်း, နာခြင်း, သေခြင်း ကင်းတဲ့တရား မဟုတ်

http://www.dhammadownload.com



ဘူး။ ဒီတရားရယင် ဒီတရားနဲ့သေသွားလို့ရှိယင် **အာကိဉ္စညာယတန**-ဘုံ ရောက်မယ်တဲ့။ အဲဒီဘုံက ရုပ်မရှိဘူး၊ အရူပဘုံခေါ်တယ်။ လောကဓာတ်ပညာနည်းတွေနဲ့တော့ အဲဒီဘုံကို ဘယ်လိုမျှ စမ်းသပ်လို့ မရနိုင်ဘူး။ သိပ္ပံပညာနဲ့ မကိုက်လို့ မယုံချင်လည်း မယုံဘဲနေရုံရှိတာပဲ။ သိပ္ပံပညာတွေက ရုပ်ရှိမှ ရုပ်ကိုသာ စမ်းသပ်လို့ရတယ်၊ နာမ်ကိုတော့ စမ်းသပ်လို့မရဘူး။ အဲဒီလို ရုပ်မရှိဘဲနဲ့ နာမ်ချည်း စိတ်ချည်းဖြစ်နေတဲ့ ဘုံဟာ အင်မတန်ထူးဆန်းပါတယ်။ အဲဒီဘုံ ရောက်မယ်တဲ့။

အဲဒီဘုံက ဘယ်လောက် အသက်ရှည်သလဲ ဆိုယင် ကမ္ဘာပေါင်း ခြောက်သောင်း အသက်ရှည်တယ်တဲ့၊ အကြာကြီးပဲ။ ယခု တစ်ကမ္ဘာတောင် ကြာလှပြီ။ ရှေးက ဘုရားသုံးဆူပွင့်သွားပြီ။ **ဂေါတမဘုရား**ပါနဲ့ဆိုယင် ဘုရားလေးဆူ ရှိသွားပြီ။ အဲဒီဘုရားတွေ မပွင့်မီကလည်း ကာလဟာ အကြာကြီး ကြာခဲ့ပြီ။ နောက်လည်း အရိမေတ္တေယျ ဘုရားတစ်ဆူ ပွင့်အုံးမယ်။ အဲဒီက နောက်လည်း အကြာကြီးနေဦးမှာပဲ။ အဲဒီလို တစ်ကမ္ဘာ တစ်ကမ္ဘာကိုက အကြာကြီးပဲ။ ဒီလို ကမ္ဘာပေါင်းကို ခြောက်သောင်း အသက်ရှည်မှာတဲ့၊ တမေ့တမွေးကြီး ပျင်းစရာကြီးပါလား။ ဒါပေမယ်လို့ ကမ္ဘာပေါင်း ခြောက်သောင်းရှိတဲ့အခါ အဲဒီအရူပဘုံက စုတေမှာ သေမှာပဲ။ သေတော့ ဘယ်ရောက်မလဲဆိုယင် လူ့ပြည်တို့, နတ်ပြည်တို့ ပြန်ရောက်လာမယ်၊ လူ, နတ်, ပြန်ဖြစ်လာမယ်။ အဲဒီလိုဖြစ်တဲ့အခါကျတော့ သူများနဲ့ဘာထူးတုန်းဆိုယင် ဘာမျှ မထူးဘူး၊ သူများလိုပဲ။ **သမ္ဗုရိသူပနိဿယ**-သူတော်ကောင်းတွေနဲ့ ပေါင်းသင်းမိလို့ရှိယင်တော့ ကုသိုလ်ကောင်းမှုတွေပြုပြီးတော့ သူဟာ လူ့ဘဝ, နတ်ဘဝမှာ ဆက်ပြီးတော့ ဖြစ်သွားဖို့ရှိပါတယ်။

http://www.dhammadownload.com



အကယ်၍ သပ္ပုရိသူပနိဿယကို မရဘဲနဲ့ သူတော်ကောင်းတရားကို မမှီဝဲရဘဲနဲ့ သူယုတ်မာတရားနဲ့ မဟုတ်မမှန်တဲ့ အယူတွေကို ကြားနာရ သဘောကျသွားလို့ရှိယင် မကောင်းမှု အကုသိုလ်တွေကိုလည်း ပြုမိမှာပဲ။ အဲဒီလို ပြုမိယင် အပါယ်လေးပါးကိုလည်း ကျဦးမှာပဲ။ ဒီတော့ အပါယ်လေးပါးကလည်း မလွတ်ဘူး။ အိုခြင်း, နာခြင်း, သေခြင်းကလည်း မလွတ်ဘူး။ ဒီတရားဟာ ငါအလိုရှိတဲ့ တရား မဟုတ်သေးပါဘူးလို့ ဆင်ခြင်ပြီး ဘုရားအလောင်းတော်က အဲဒီ တရားကို စွန့်ပြီးတော့ သူ့ဟာသူ တရားအသစ်ရှာပြန်တယ်။

အဲဒီလို တရားအသစ်ရှာတဲ့ အခါကာလမှာ **အာဠာရ ရသေ့**ထက် အထက်တန်းကျတဲ့ **ရာမ ရသေ့ကြီး**အကြောင်းကို ကြားရပြန်သတဲ့။ ရာမရသေ့ကြီးက ဘယ်လောက်ထိအောင် တရားတွေ ပေါက်ရောက်နေသလဲဆိုယင် **နေဝသညာနာသညာယတန ဈာန်**တိုင်အောင် သမာပတ်ရှစ်ပါးလုံး အကုန်ပေါက်ရောက်နေတယ်။ အဲဒီ **ရာမရသေ့ကြီး**ရဲ့ ဌာနကတော့ မာဂဓတိုင်း, ရာဇဂြိုဟ်နယ်ထဲက တောအရပ်တစ်ခုမှာတဲ့။ တပည့်ပရိသတ်ကတော့ ခုနစ်ရာရှိ တယ်တဲ့။ အဲဒီမှာ **ရာမရသေ့ကြီးရဲ့**တပည့်ဖြစ်တဲ့ **ဥဒက ရသေ့ကြီး**ဆီ သွားပြီးတော့ ပြောတယ်။ "ငါ့ရှင် **ဥဒက**၊ သင်တို့ရဲ့ တရားနည်းလမ်းကို ငါအားထုတ်ချင်တယ်"လို့ ပြောတော့ **ဥဒက** ရသေ့ကလည်း သူတို့တရားဟာ အင်မတန်ကောင်းတဲ့အကြောင်း၊ တပည့်လည်း ဆရာလိုသိနိုင်တဲ့အကြောင်းတွေ ပြောပြီးတော့ ကမ္မဋ္ဌာန်းပေးပါတယ်။

အဲဒီကမ္မဋ္ဌာန်းနဲ့ အားထုတ်တော့လည်း မကြာခင် **နေဝသညာနာသညာယတနဈာန်**ရတယ်။ အဲဒီလို ရတဲ့အခါမှာ **ဥဒက ရသေ့**က **ရာမရသေ့ကြီး**ရဲ့ တပည့်ဆိုတော့၊ သူက ဘုရား

http://www.dhammadownload.com



အလောင်းတော်ကို တန်းတူတောင် မထားပါဘူး။ ဆရာ့အရာမှာ ထားပြီးတော့ သူက လက်ထောက်တပည့်အဖြစ်နဲ့ နေပါသတဲ့။ **ရာမဆရာကြီး**က ဒီအခါမှာ ရှိပုံမပေါ်ပါဘူး။ ဒါကြောင့် အဲဒီ **ရာမဆရာကြီး** အရာမှာ ထားဟန်တူပါတယ်။ ဒါပေမယ်လို့ မြတ်စွာဘုရား အလောင်းတော်က အဲဒီ တရားကို ဆင်ခြင်ကြည့် လိုက်တော့ **နေဝသညာနာသညာယတနဘုံမှာ** ဖြစ်ရုံပဲ။ အဲဒီ ဘုံမှာ ကမ္ဘာပေါင်း ရှစ်သောင်းလေးထောင် အသက်ရှည်မယ်။ အဲဒီ ဘုံက စုတေတဲ့အခါကျတော့ လူ့ပြည်ရောက်လာမယ်၊ သို့မဟုတ် နတ်ပြည်ရောက်လာမယ်။ အဲဒီကျယင်လည်း သူတော်ကောင်း တရား အားထုတ်ယင်အားထုတ် အားမထုတ်ယင်တော့ အပါယ် လေးပါး ကျဦးမယ်ဆိုတာကို မြင်တာကိုး။ ဒီတော့ အပါယ်လေးပါး မှလည်း မလွတ်သေးဘူး။ အိုခြင်း, နာခြင်း, သေခြင်းမှလည်း မလွတ် သေးဘူး။ ဒီတရားလည်း ငါလိုချင်တဲ့ တရားမဟုတ်သေးဘူး ဆိုပြီး တော့ ဘုရားအလောင်းတော်က အဲဒီ **နေဝသညာနာသညာယတန** ချာန်ကိုလည်း စွန့်လိုက်ပြန်တယ်၊ စွန့်ပြီးတော့ ကိုယ့်ဉာဏ်နဲ့ကိုယ် ရှာဖွေတော်မူပြန်တယ်။

**သမ္မာသမ္ဗုဒ္ဓေါ**—သစ္စာလေးပါး အလုံးစုံသော တရားတို့ကို သူတစ်ပါးထံ နည်းမခံဘဲ ကိုယ်ပိုင်ဉာဏ် အဟုန်အစွမ်းဖြင့် စူးစမ်း ရှာဖွေကာ မှန်ကန်စွာသိတော်မူပေသော မြတ်စွာဘုရားတဲ့။ **သမ္မာ သမ္ဗုဒ္ဓ** ဆိုတာ သူတစ်ပါးထံ နည်းမခံဘဲ ကိုယ်ပိုင်ဉာဏ်အဟုန် အစွမ်းနဲ့ သစ္စာလေးပါး အမှန်တရားတွေကို သိပြီးတော့ ဘုရား အဖြစ်သို့ ရောက်တယ်လို့ ဆိုလိုပါတယ်။ ဒါကြောင့် **အာဠာရ, ဥဒကတို့**ရဲ့ နည်းတွေကို စွန့်ပြီးတော့ ကိုယ်ပိုင်ဉာဏ်နဲ့ တရားအသစ်, နည်းအသစ်ကို ရှာတော်မူပြန်ပါတယ်။ အဲဒီလိုရှာလို့ နောက်ဆုံး

http://www.dhammadownload.com



ကျတော့ ဗောဓိပင်အောက် ရတနာပလ္လင်ထက်မှာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူပြီးတော့ **ပုဗ္ဗေနိဝါသဉာဏ်**ကို ကိုယ်ပိုင်ဉာဏ်နဲ့ပဲ တရားအားထုတ်လို့ ရတော်မူတယ်။ **ပုဗ္ဗေနိဝါသဉာဏ်** ဆိုတာ ရှေးရှေးဘဝဟောင်းတွေကို သိနိုင်တဲ့ဉာဏ်ပါပဲ။ အဲဒီကနောက် သန်းခေါင်ယာမ်မှာ **ဒိဗ္ဗစက္ခုဉာဏ်**ကို ကိုယ်ပိုင်ဉာဏ်နဲ့ပဲ အားထုတ်လို့ ရတော်မူပြန်ပါတယ်။ **ဒိဗ္ဗစက္ခုဉာဏ်** ဆိုတာဟာ ဘယ်အရာ မဆိုဆင်ခြင်ကြည့်လိုက်ယင် ထင်ရှားမြင်နိုင်တဲ့ဉာဏ်ပါပဲ။ အဲဒီ ကနောက် **ပစ္ဆိမယာမ်** ကျတော့ **ပဋိစ္စသမုပ္ပါဒ်**တရားတွေကို ဆင်ခြင်ပြီး **ဉပါဒါနက္ခန္ဓာ** ငါးပါးတို့ရဲ့ အဖြစ်အပျက်ကိုရှုပြီးတော့ **အရိယမဂ်ဉာဏ်လေးပါး**ဖြင့် အစဉ်အတိုင်းတက်သွားလိုက်တာ နောက်ဆုံး **အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်**ရောက်ပြီး ဘုရားအဖြစ်သို့ ရောက်သွားတော်မူပါတယ်။ အဲဒီလို ဘုရားအဖြစ် သို့ ရောက်ပြီးတော့ ဘုရားဖြစ်တော်မူပုံကို **သမ္မာသမ္ဗုဒ္ဓဂုဏ်**နဲ့ အာရုံပြုကြဦးစို့။ ဘုရားအဖြစ် ရောက်တယ်ဆိုတာ အမှန်အားဖြင့် ကိုယ့်ဟာကိုယ် တရားရှာပြီး ကိုယ့်ဟာကိုယ်ကျင့်လို့ သိသင့်သိထိုက် တဲ့တရားတွေ အကြွင်းမရှိ အကုန်လုံးသိသွားတဲ့အခါမှာ **သမ္မာ သမ္ဗုဒ္ဓဘုရား**ဖြစ်တာပါပဲ။

**ကိုင်း . . . . (ဆို) သမ္မာသမ္ဗုဒ္ဓေါ၊ သစ္စာလေးပါး အလုံးစုံသော တရားတို့ကို သူတစ်ပါးထံ နည်းမခံဘဲ ကိုယ်ပိုင်ဉာဏ်အဟုန်အစွမ်းဖြင့် စူးစမ်းရှာဖွေကာ မှန်ကန်စွာ သိတော်မူပေသော မြတ်စွာဘုရား။**

မြတ်စွာဘုရားဟာ တောထွက်ခါစတုန်းကတော့ **အာဠာရ ဥဒကတ**တို့ထံမှာ နည်းနိဿယတွေကို ခံခဲ့ပါတယ်။ ဒါပေမယ်လို့

http://www.dhammadownload.com



အဲဒီ နည်းနိသယတွေနဲ့ ကျင့်ပြီးတော့ ဘုရားဖြစ်တာ မဟုတ်ဘူး။ အဲဒီ နည်းနိသယတွေ စွန့်ပြီးတော့ သူတစ်ပါးထံ နည်းမခံဘဲ ကိုယ်ပိုင်ဉာဏ် အဟုန်အစွမ်းဖြင့် ဒီတရား, ဒီတရားတွေကို ဒီလို နှလုံးသွင်းမှပဲလို့ ကိုယ်ပိုင်ဉာဏ်နဲ့ နှလုံးသွင်းပြီး အားထုတ်လိုက်တော့မှ **ပုဗ္ဗေနိဝါသဉာဏ်**ကို ရတယ်။ **ဒိဗ္ဗစက္ခုဉာဏ်**ကို ရတယ်။ နောက်ဆုံး **အာသဝေါတိလေသာ**တွေ ကုန်စေတတ်တဲ့ **အာသဝက္ခယ** ခေါ်တဲ့ **အရဟတ္တမဂ်**ဉာဏ်နဲ့ အလုံးစုံကို သိနိုင်တဲ့ **သဗ္ဗညုတဉာဏ်**ကို ရတော်မူပါတယ်။ အဲဒီဉာဏ်တွေရလို့ ဘုရားဖြစ်တော်မူပြီးတော့ ခုနစ်ပါးသော ဌာနတွေမှာ ခုနစ်ရက်စီ **ဝိမုတ္တိသုခ**ကို ခံစားပြီးနေတော်မူပါတယ်။ **ဝိမုတ္တိသုခ** ခံစားတယ်ဆိုတာ **ဖလသမာပတ်** ဝင်စားနေတာပါပဲ။ အဲဒီဌာနတွေမှာ များသောအားဖြင့် **ဖလသမာပတ်** ဝင်စားနေပါတယ်။ အချို့ဌာနများမှာတော့ တရားတော်တွေ နှလုံးသွင်းနေတာလည်း ရှိပါတယ်။ အဲဒီလို ခုနစ်ရက် ခုနစ်လီ လေးဆယ့်ကိုးရက် သီတင်းသုံးပြီးတဲ့နောက် အရက်ငါးဆယ်မြောက်မှာ တရားဟောဖို့ရာ ဆင်ခြင်တော်မူပါတယ်။ ဘယ်ပုဂ္ဂိုလ်ကို ဟောရမလဲလို့ ရှေးဦးစွာ ဆင်ခြင်ပြီးတော့ တရားကို မြန်မြန်သိလွယ်မည့် ပုဂ္ဂိုလ်ကို ရွေးချယ်တော်မူပါတယ်။

တရားဦး ဟောတယ်ဆိုတာ နာတဲ့သူက တရားကို မြန်မြန်သိလွယ်မှ နေရာကျတယ်။ ဘာဖြစ်ဖြစ် လက်ဦးလုပ်တဲ့အလုပ်ဟာ အောင်မြင်လွယ်မှ နေရာကျတယ်။ ပညာသင်ကြားပေးလို့ရှိယင်လည်း လက်ဦးပညာသင်ကြားပေးတဲ့ နေရာမှာ တပည့်ကောင်းလိုတယ်။ အဲဒီ လက်ဦးတပည့်က မြန်မြန်ပညာတတ်မြောက်သွားလို့ရှိယင် ဆရာမှာ နာမည်ကောင်းရသွားတယ်။ စာသင်တိုက်တွေမှာလည်း ဒီလိုပဲ၊ စာသင်တိုက်စဖွင့်တဲ့အခါမှာ ထူးထူးချွန်ချွန် တပည့်

http://www.dhammadownload.com



တွေ့ရပြီး အဲဒီတပည့်တွေက စာမေးပွဲအောင်လို့ရှိယင် အဲဒီကျောင်း တိုက်ဟာ နာမည်ကောင်းသွားတာပဲ။ အဲဒီလို မဟုတ်ပါဘဲနဲ့ စာသင်တိုက် ဖွင့်ဖွင့်ချင်း တပည့်တွေက ဉာဏ်အဖျင်းတွေချည်းမို့ စာမေးပွဲတွေ မအောင်ဘူး ဆိုလို့ရှိယင် အဲဒီ ကျောင်းတိုက်ဟာ နာမည်ပျက်တယ်။

ပဋိပတ် ဌာနကလည်း ဒီလိုပါပဲ။ ကမ္မဋ္ဌာန်းပြခါစ ဌာနမှာ အရွယ်ကြီးရင့်တဲ့ ပုဂ္ဂိုလ်တွေ, ဉာဏ်ထိုင်းတဲ့ ပုဂ္ဂိုလ်တွေ, သဒ္ဓါအား, ဝီရိယအားနည်းတဲ့ ပုဂ္ဂိုလ်တွေကလာပြီး တရားအားထုတ်ယင် တရားက မတက်နိုင်ဘူး။ အဲဒီကမ္မဋ္ဌာန်းတိုက်ဟာ နာမည်သိပ် မကောင်းဘူး၊ "ဩော် . . . . သူတို့ ကမ္မဋ္ဌာန်းကို အားထုတ်ရတာ က အကြာကြီး အားထုတ်ရတာပဲ"ဆိုပြီး နောက်လူတွေက အား မထုတ်ချင်ကြဘူး။ တရားအားထုတ်တဲ့ သူတွေမှာ မကြာခင် ထူးထူး ခြားခြားတရားက တက်လာတယ် ဆိုယင်တော့ တရားထူး တွေ့တဲ့ ပုဂ္ဂိုလ်တွေက သူတို့ တွေ့တဲ့ အထူးကို စပ်ရာစပ်ရာမှာ ပြောတတ် တယ်။ မပြောပါနဲ့လို့ တားမြစ်ထားလို့ကို မရတတ်ဘူး။ အဲဒီတော့ "တရားအားထုတ်ရတာ မကြာခင်ဘဲ ထူးခြားတာတွေ တွေ့ရသတဲ့" လို့ ကြားရပြီး တရားအားထုတ်ချင်တဲ့သူတွေ များစွာ ပေါ်လာတတ် တယ်။

ဒါကြောင့် မြတ်စွာဘုရားကလည်း ရှေးဦးစွာ တရားနာယူ ပြီး ကျင့်မည့် တပည့်ကောင်း လိုနေတဲ့အတွက် ဘယ်သူဟာ ငါ့ တရားကို မြန်မြန်ပေါက်ရောက်နိုင်မလဲ, သိနိုင်မလဲလို့ ဆင်ခြင် တော်မူပါတယ်။ အဲဒီလို ဆင်ခြင်တဲ့အခါ **အာဠာရရသေ့ကြီး** ပေါ် လာတယ်။ အင်း . . . . **အာဠာရ ရသေ့ကြီး**ဟာ ကြာမြင့်စွာ သော ကာလမှ ကိလေသာအညစ်အကြေးတွေ စင်ကြယ်နေတယ်။

http://www.dhammadownload.com



လောကီတရားထူး သမာပတ်တွေနဲ့လည်း ပြည့်စုံနေတယ်။ ဉာဏ်ပညာလည်း ကြီးတယ်။ ရိုးလည်း ရိုးသားဖြောင့်မတ်တယ်။ ဒီပုဂ္ဂိုလ်ကြီး ငါ့တရား နာလိုက်ရယင်ဖြင့် ချက်ခြင်းပဲ တရားထူး တရားမြတ်တွေ ရသွားမယ်။ ဒီ**အာဠာရ ရသေ့ကြီး**ကို ရှေးဦးစွာ ဟောမှပဲ"လို့ မြတ်စွာဘုရားက ဆင်ခြင်တော်မူပါတယ်။ အဲဒီလို ဆင်ခြင်နေတုန်း နတ်သားတစ်ယောက်က ဝင်လျှောက်တယ်၊ "အရှင်ဘုရား၊ **အာဠာရ ရသေ့ကြီး**ဟာ ကွယ်လွန်သွားတာ ခုနစ်ရက်ရှိပါပြီဘုရား"လို့ လျှောက်တယ်။ နတ်က လောကီစိတ်ဖြစ်တဲ့ ဘုရားစိတ်ကို သိနိုင်တယ်နော်။ လောကုတ္တရာ စိတ်တွေကျတော့ မသိနိုင်ပါဘူး။ အဲဒီလို လျှောက်လိုက်တဲ့အခါ မြတ်စွာဘုရားက ဆင်ခြင်တော်မူပြန်တယ်။ မြတ်စွာဘုရားက အလုံးစုံသိတယ်ဆိုပေမယ့် ဆင်ခြင်မှသိတာ ဒကာလူရဲ့။ တချို့က "ဘုရားဆိုပြီးတော့ နတ်ကတောင် သတိပေးရသေးသလား"လို့ စောဒက တက်စရာရှိတယ် ဒကာလူရဲ့။ မဆင်ခြင်သေးဘဲနဲ့တော့ မသိနိုင်ဘူး။ ဒကာလူ မျက်စိမြင်တယ် မဟုတ်လား၊ မှိတ်ထားယင် မြင်ပါ့မလား။ (မမြင်ပါ ဘုရား)။ ဒကာလူ၊ မျက်စိဖွင့်ထားဦးတော့ ရှေ့တည့်တည့်သာ မြင်မှာ, နောက်ကျောဘက်ကို မြင်ပါ့မလား။ နောက်ကျောဘက်က လူလာနေလို့ရှိယင် ဘယ်မြင်လိမ့်မှာတုန်း၊ လှည့်ကြည့်မှမြင်မယ် မဟုတ်လား ဒကာလူရဲ့။ အဲဒီလိုပဲ၊ အလုံးစုံသော တရားသိတယ် ဆိုပေမယ်လို့ ဆင်ခြင်မှ သိတာ။ မဆင်ခြင်ဘဲနေတဲ့အခါ မသိဘူး။ တချို့ကလည်း "မှန်လိုပဲ လျှောက်ပြီး ဉာဏ်မှာထင်ပေါ်နေတယ်" လို့ ထင်နေတတ်ကြတယ်။ ဒီလို ဘယ်ဟုတ်မလဲ ဒကာလူရဲ့။ ဆင်ခြင်မှသိတာ၊ ဆင်ခြင်ယင်တော့ အကြွင်းမဲ့ အကုန်သိပါတယ်၊ မသိနိုင်တာရယ်လို့ ဘာမျှမရှိဘူး။

http://www.dhammadownload.com



ဒါကြောင့် မြတ်စွာဘုရားက ဆင်ခြင်လိုက်တော့ **အာဠာရ ရသေ့ကြီး** ကွယ်လွန်သွားတာ ခုနစ်ရက် ရှိပြီဆိုတာ သိရတယ်။ ပြီးတော့ ဒီ**အာဠာရ**ဟာ အကယ်၍ နတ်ပြည်တို့ ရုပ်ရှိတဲ့ ဗြဟ္မာပြည်တို့ကို ရောက်နေလို့ရှိယင် လိုက်ပြီးတော့ တရားဟောနိုင်သေးတယ်၊ ဒါကြောင့် သူဘယ်ရောက်နေပါလိမ့်မတုံးလို့ စဉ်းစားလိုက်တော့ **အာကိဉ္စညာယတနဘုံ** ရောက်နေတာကို ဉာဏ်နဲ့ မြင်တော်မူတယ်။ အဲဒီ ဘုံက ရုပ်မရှိဘူး၊ စိတ်ချည်းပဲရှိတာ။ ရုပ်မရှိတော့ သူ့မှာ မျက်စိလည်းမရှိဘူး။ နားလည်းမရှိဘူး။ ကိုယ်ကြီးတစ်ခုလုံးလည်း မရှိဘူး။ ဒါကြောင့် သူ့မှာ နားမရှိလို့ မြတ်စွာဘုရားက တရားဟောတောင် မကြားနိုင်ဘူး။ မကြားနိုင်တော့ သူဟာ တရားထူးကို မရနိုင်တော့ဘူးပေါ့၊ အကယ်၍သာ သူဟာ အသက်မသေသေးလို့ မြတ်စွာဘုရားက သွားပြီး တရားဟောလိုက်ယင် တစ်ပုဒ်တစ်ဂါထာလောက်နဲ့ တရားထူးကို ရမှာ ဧကာလူရ။ အဲဒီလို ရနိုင်တဲ့ မဂ်တရား ဖိုလ်တရားတွေနဲ့ သူ့ခမျာ လွဲသွားရှာတယ်။ လွဲတာမှ နည်းနည်းလွဲတာ မဟုတ်ဘူး။ သူဟာ အဲဒီ **အာကိဉ္စညာယတနဘုံ** ရောက်ပြီးတော့ ကမ္ဘာပေါင်း ခြောက်သောင်း အသက်ရှည်နေမယ်။ အဲဒီက စုတေလာတဲ့ အခါကျတော့ လူ့ပြည် လာဖြစ်မယ်။ အဲဒီအခါ ဘုရားက မရှိဘူး ဧကာလူရ။ ဒီဘုရားသာ မဟုတ်ဘူး။ ဒီပြင်ဘုရားလည်း အဲဒီအခါမှာ မရှိဘူး။ အဲဒီတော့ ဘုရားရဲ့ တရားကိုလည်း သူ မကြားမနာရဘူး။ မကြားရ မနာရတော့ မဂ်ဖိုလ်တရားကို မရနိုင်ဘူး။ မဂ်ဖိုလ်တရားကို မရတော့ အကြောင်းမသင့်လို့ အကုသိုလ်ကံတွေ ပြုမိယင် အပါယ်လေးပါးလည်း သူ့ခမျာ ကျရှာရဦးမယ်။ အဲဒီလို ခုနစ်ရက်လောက် အသေစောသွားတဲ့အတွက် အများကြီး ဆုံးရှုံးသွားတယ်ဆိုတဲ့ အချက်တွေကို ရည်ရွယ်ပြီးတော့ မြတ်စွာ

http://www.dhammadownload.com



ဘုရားက "**မဟာဓနီယော အာဠ္ဍာရော တာလာမော**"လို့ ညည်းညူတော်မူပါတယ်။

**တာလာမော**— ကာလာမအနွယ်ဖြစ်သော။ **အာဠ္ဍာရော**—အာဠ္ဍာရ ရသေ့သည်။ **မဟာဓနီယော**—အရှုံးကြီး ရှုံးသွားရှာလေပြီတဲ့။ ဟုတ်တယ်၊ အတော်ကို ဆုံးရှုံးသွားတာပဲ၊ နစ်နာလိုက်တာနော်။ ဒကာလူတို့ ယခုကာလမှာလည်း ဒီလိုပဲ တရားအားထုတ်မယ်, တရားအားထုတ်မယ်နဲ့ ကြံနေရင်း အားမထုတ်ခင် သေသွားယင် ဒီလိုပဲ **မဟာဓနီယော**-အများကြီး ဆုံးရှုံးမယ်။ တချို့ကလေ တရားတော့ အားထုတ်ချင်ပါရဲ့၊ တရားအားထုတ်နည်းက မရှိဘဲဖြစ်နေတယ်။ တရားအားထုတ်နည်းကို မရဘဲနဲ့ သေသွားရှာတယ်။ တချို့ကတော့ မသေသေးဘူး၊ သေလုသေခါနီး ဖြစ်နေတယ်။ ဒီတော့ တရားကို အားမထုတ်နိုင်လို့ ညည်းရှာတယ် ဒကာလူရဲ့။ "ဩော်. . . ရှေးက သန့်သန့်စွမ်းစွမ်းနဲ့ ရှိနေတုန်းကတော့ ဒီတရားကို မကြားရဘူး၊ ယခုမှပဲ ဒီအားထုတ်နည်းကို ကြားရတယ်၊ အားလည်း မထုတ်နိုင်တော့ဘူး"လို့ ညည်းရှာတယ်။ ဆုံးရှုံးသွားရှာတာပါပဲ။

ဘုန်းကြီးပြောလိုတာက တခြားမဟုတ်ဘူး ဒကာလူရဲ့။ "ကမ္မဋ္ဌာန်းအားထုတ်နည်း မရှိယင် တရားအားမထုတ်နိုင်ဘူး" ဆိုတာကို နားလည်အောင်လို့ ပြောတာပါ။ **အာဠ္ဍာရ ရသေ့ကြီး**ဟာ သာမန်ပုဂ္ဂိုလ်မဟုတ်ဘူး၊ သမာပတ် ခုနစ်ပါးတောင် ရနေတာ၊ တကယ့် ဆရာကြီးပဲ။ ဒီလိုဆရာကြီးပေမယ်လို့ မြတ်စွာဘုရားဟောထားတဲ့ သတိပဋ္ဌာန်နည်းအရ "ဒွါရခြောက်ပါးက ဖြစ်တိုင်းဖြစ်တိုင်းသော ရုပ်နာမ်တွေကို ရှုမှတ်ပြီးတော့ ဝိပဿနာဉာဏ်ဖြစ်တယ်"ဆိုတာ သူမသိဘူး။ သူသာမဟုတ်ဘူး ပုထုဇဉ် ပြဟ္မာ

http://www.dhammadownload.com



တွေလည်း မသိကြဘူး၊ အဲဒီတော့ ဒီနည်းဟာ တော်တော်မလွယ်တဲ့ နည်းပဲ။ ဘုရားပွင့်လာတဲ့အခါကျမှ ဘုရားဟောလို့ သိရတာ။ ဘုရားဟောလို့ သိတာတောင် တချို့က ဒီလိုမဟုတ်သေးဘူး၊ ဟိုလိုမဟုတ်သေးဘူးနဲ့ ပြောတတ်ကြသေးတယ်။ တော်တော်ကြာမှ အဲဒါကိုလည်း ရှင်းရဦးမယ်။

**အာဠာရရသေ့ကြီး** မရှိတော့တဲ့အတွက် **ဥဒကရသေ့ကြီး**ကို တရားဟောဖို့ရာ စဉ်းစားပြန်တယ်။ အဲဒီ ရသေ့ကလည်း ညဦးယာမ်က ကွယ်လွန်သွားပြီဆိုတာသိရလို့ "**မဟာဇာနိယော ဥဒကော ရာမပုတ္တော**"လို့ တစ်ခါ ညည်းညူတော်မူပြန်တယ်။ **ရာမပုတ္တော**—ရာမ၏သား, ရာမ၏တပည့်ဖြစ်သော။ **ဥဒကော**—ဥဒကရသေ့သည်။ **မဟာဇာနိယော**—အရှုံးကြီး ဆုံးရှုံးသွားလေပြီလို့ ညည်းညူတော်မူတယ်နော်။ သူကမှ သာပြီးနစ်နာတာ၊ ညဦးကတွင် ကပ်ပြီး သေသွားရှာတယ်။ နံနက်မှာ ဘုရားကတရားဟောမယ်ဆိုတော့ မရှိရှာဘူး ဒကာလူရ။ ညဦးနဲ့ မနက်ဆိုတော့ ဆယ့်နှစ်နာရီလောက် လွဲမှာပေါ့ ဒကာလူရ။ အင်း .... ဆယ့်နှစ်နာရီလောက်နဲ့ သီသီကလေး မဂ်ဖိုလ်နဲ့ လွဲသွားရှာတယ်။ အဲဒါလည်းပဲ ဝိပဿနာ ကမ္မဋ္ဌာန်းနည်း မသိလို့ပဲ။ ဝိပဿနာကမ္မဋ္ဌာန်းနည်းကို သိမယ်ဆိုယင် ဒီပုဂ္ဂိုလ်တွေဟာ လွယ်လွယ်ကူကူနဲ့ မဂ်ဖိုလ်တရားကို ရမယ့်ပုဂ္ဂိုလ်တွေပဲ။

ဒါကြောင့် ဝိပဿနာ ကမ္မဋ္ဌာန်းနည်း မသိတဲ့ အဝိဇ္ဇာဟာ တံခါးမင်းတုပ်ကြီး ထိုးထားတာနဲ့ တူတယ်တဲ့ ဒကာလူရ။ အိမ်ဖြစ်ဖြစ်, ကျောင်းဖြစ်ဖြစ်, ဝင်းပေါက်တံခါးဖြစ်ဖြစ်ပေါ့ ဒကာလူရ၊ ဂလန့်ထိုးထားတယ် သော့ခတ်ထားတယ်ဆိုလို့ရှိယင် အတွင်းက လူဟာ အပြင်ထွက်နိုင်ပါဦးမလား။ အပြင်က လူရော အတွင်းဝင်

http://www.dhammadownload.com



နိုင်ပါဦးမလား။ အပြင်ကလည်း မဝင်နိုင်ဘူး။ အတွင်းကလည်း မထွက်နိုင်ဘူး။ အဲဒါလိုပဲ ဒကာလူရဲ့ ဝိပဿနာရှုနည်းကို နားမလည်လို့ရှိယင် ဘယ်လို စိတ်ဆန္ဒကောင်းကောင်း ဘယ်လို တရားအားထုတ်ချင်စေကာမူ ဝိပဿနာတရားအားထုတ်လို့ ဖြစ်နိုင်ပါ့မလား။ (မဖြစ်နိုင်ပါဘုရား)။ အားထုတ်မဖြစ်လို့ရှိယင် ဝိပဿနာဉာဏ် ဖြစ်နိုင်ပါဦးမလား။ (မဖြစ်နိုင်ပါဘုရား)။ ဝိပဿနာဉာဏ် မဖြစ်လို့ရှိယင် မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်ပါ့မလား။ (မရနိုင်ပါဘုရား)။ အဲဒါဟာ တံခါးဂလန့်ထိုးထားလို့ မထွက်နိုင်တာနဲ့ မတူဘူးလား။ (တူပါတယ်ဘုရား)။ အေး .... ဒါကြောင့်မို့ "**လဂ္ဂိတံ ဓေါဘိတ္တု၊ အဝိဇ္ဇာယေတံ အဓိဝစနံ**။ **ဘိတ္တု**—ကဿပရဟန်း။ **လဂ္ဂိတံ ဓေါတံ**—တံခါးမင်းတုပ် ဟူသော ဤအမည်သည်။ **အဝိဇ္ဇာယ**—တရားအားထုတ်နည်းကို မသိနားမလည်သော အဝိဇ္ဇာ၏။ **အဓိဝစနံ**—အမည်ပေတည်း"လို့ မြတ်စွာဘုရားက ဟောတော်မူပါတယ်။

တရားအားထုတ်နည်းကို နားမလည်တာဟာ တံခါးမင်းတုပ် ထိုးထားတာနဲ့ တူတယ်။ ဒီတော့ ဒကာလူတို့အတွက် တံခါးမင်းတုပ်ကြီးကို မြတ်စွာဘုရားက ဖွင့်ခဲ့ပြီနော်။ မြတ်စွာဘုရားက သတိပဋ္ဌာန်နည်းနဲ့ ဖွင့်ထားခဲ့ပါတယ်။ မြတ်စွာဘုရားက ဖွင့်ထားခဲ့ပေမယ်လို့ အဲဒီတရားကို မကြားဘူးတဲ့, နားမလည်တဲ့, မယုံတဲ့, မသိတဲ့ ပုဂ္ဂိုလ်တွေက ရှိသေးတော့ ဘုန်းကြီးတို့က မြတ်စွာဘုရားရဲ့ ကိုယ်စား တစ်ဆင့်ဖွင့်ရသေးတယ်။ ဘုန်းကြီးတို့က တစ်ဆင့် ဘယ်လိုဖွင့်သလည်းဆိုယင် ဒွါရခြောက်ပါးက ပေါ်တိုင်းပေါ်တိုင်း ရုပ်နာမ်တွေကို အမှတ်ရပြီးရှု၊ အမှတ်ရရှုယင် သတိဖြစ်တယ်၊ သမာဓိဖြစ်တယ်၊ ဉာဏ်ဖြစ်တယ်လို့ ဘုန်းကြီးတို့က ဟောနေတယ်

http://www.dhammadownload.com



မဟုတ်လား၊ ဟောတဲ့ အတိုင်းလည်း အားထုတ်တဲ့ပုဂ္ဂိုလ်တွေ အတော်များနေပါပြီ။ အဲဒီလိုအားထုတ်လို့ တရားအရသာတွေသိပြီး အားရကျေနပ်နေတဲ့ ပုဂ္ဂိုလ်တွေလည်း အများကြီးရှိပါတယ်။ ဒါပေမယ့် အားမထုတ်ရသေးတဲ့ပုဂ္ဂိုလ်တွေလည်း ရှိသေးတယ်နော်။ အဲဒီလို ပုဂ္ဂိုလ်တွေက သာပြီးများပါတယ်။ အဲဒီလို အားမထုတ်ရသေးတဲ့ ပုဂ္ဂိုလ်တွေဟာ ဘုန်းကြီးတို့ ဖွင့်ထားတဲ့ တံခါးမင်းတုပ်ကို ပြန်ပိတ်မသွားအောင် ဂရုစိုက်ရလိမ့်မယ်နော်။ ဘုန်းကြီးတို့က တံခါးဂလန့်ကို နုတ်ပြီးဖွင့်ထားခဲ့တယ်၊ တခြားပုဂ္ဂိုလ်တွေက လာပြီးတော့ အဲဒီ တံခါးဂလန့်ကြီး ချသွားရော၊ ချလိုက်တော့ ဂျောက်ခနဲ ပိတ်သွားလိမ့်မယ်။

ဘုန်းကြီးတို့က ဖွင့်ထားတဲ့ အချိန်ကာလအတွင်းမှာ တရားအားထုတ်ပြီး မထွက်ရသေးဘူး။ ထွက်ဖို့ကြံနေတုန်းရှိသေး၊ အဲဒီ ကာလအတောအတွင်းမှာ မလိုလားတဲ့ပုဂ္ဂိုလ်တစ်ယောက်က လာပြီး တံခါးဂလန့် ချသွားမယ်ဆိုယင် မထွက်ရတော့ဘူး၊ အဲဒီလိုလည်း ဖြစ်တတ်တယ် ဒကာလူ ရ။ အဲဒါ ဘာမှတ်တုန်း၊ ဘုန်းကြီးတို့ ဟောနေတဲ့တရားကို လိုက်ပြီးဖျက်နေတဲ့ ပုဂ္ဂိုလ်တွေရှိတယ်။ ဘုန်းကြီးတို့က ဒွါရခြောက်ပါးမှ ဖြစ်တိုင်း ဖြစ်တိုင်းသော ရုပ်နာမ်တွေကိုမှတ်။ **ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ၊ ဂစ္ဆန္တော ဝါ**—သွားသည်ရှိသော်။ **ဂစ္ဆာမီတိ**—သွားသည်ဟူ၍။ **ပဇာနာတိ**—သိ၏။ သွားယင် သွားတယ် သွားတယ်မှတ်လို့ ဒီလိုရှုဖို့ ဘုန်းကြီးတို့က တံခါးဂလန့်ကို ဖွင့်တယ်။ ဒါပေမယ့် ဘုန်းကြီးတို့က စပြီးဖွင့်ရတာတော့ မဟုတ်ပါဘူး။

http://www.dhammadownload.com



## လယ်တီဆရာတော်ဘုရားကြီးက စပြီးဖွင့်တယ်

မြန်မာပြည်အနေနဲ့ ပြောရမယ်ဆိုယင် ဒီမုံရွာမြို့က **လယ်တီဆရာတော်ဘုရားကြီး**ဆိုတာ ရှိခဲ့တယ်မဟုတ်လား။ ဒီဆရာတော် ဘုရားကြီးက ပထမဆုံး စပြီးဖွင့်သွားပါတယ်။ ဒီဆရာတော်ဘုရားကြီး ရှေ့က ဖွင့်သွားပြီးတဲ့နောက် **မိုးညှင်းဆရာတော်ဘုရားကြီး**ဆိုတာလည်း ဒီမုံရွာမြို့ကပဲ မဟုတ်လား။ **မိုးညှင်းဆရာတော်ဘုရားကြီး**ကလည်း ဒုတိယထပ်ပြီး ဖွင့်သွားတယ်။ ဘုန်းကြီးတို့ကတော့ တတိယ၊ ကောက်ကြွင်း ကောက်သလိုပါပဲ ဒကာလူရ။ ဘုန်းကြီးများက နောက်က လိုက်ပြီးဖွင့်ရတာပါ။ **အင်မတန်လွယ်ပါတယ်။** ဆရာတော်ဘုရားကြီးတွေ သွားတဲ့လမ်းကို **နောက်ကလိုက်ပြီးတော့ ဘုန်းကြီးတို့က ဖွင့်ရတာ အင်မတန်လွယ်ပါတယ်။** **လယ်တီ ဆရာတော်ဘုရားကြီး**က ဘယ်မှာဖွင့်ခဲ့တုံး ဆိုလို့ရှိယင် **အနတ္တ ဒီပနီကျမ်း**မှာ ဖွင့်ထားခဲ့တယ်။ ဘယ့်နှယ်ဖွင့်သတုံးဆိုတော့ ဘုန်းကြီးက သူ့မူရင်းအတိုင်း တိတိကျကျ ဖြစ်အောင် ဒီမှာ စာနဲ့ကို ရေးယူလာခဲ့ပါတယ်။ ဒါကို ဖတ်ပြမယ်။

> "**သွားခြင်း ဣရိယာပုထ်၌ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း ငါသွား၏ ငါသွား၏ဟူ၍ ခြေ၌တည်သော စိတ်ကို ဖြစ်စေ၍ သွားရမည်၊ ခြေတစ်လှမ်းမျှ အမှတ်တမဲ့ မလှမ်းမိစေနဲ့**"တဲ့-

ဒါဟာ လယ်တီဆရာတော်ဘုရားကြီး ဖွင့်ထားတာပါပဲ။ ဒီ အနတ္တဒီပနီကျမ်းကို ၁၂၆၃ - ခုနှစ်က စီရင်ပါသတဲ့၊ ကြားလှပါပြီ ဒကာလူရ။ ဘုန်းကြီးတို့က အဲဒီ ၁၂၆၃-ခုနှစ်က ဆိုလို့ရှိယင် ယခုဘဝကိုတောင် မရောက်သေးပါဘူး။ အတိတ်ဘဝမှာပဲ ရှိပါသေးတယ်၊ အဲဒီတုန်းက ဖွင့်ထားခဲ့တာပါ၊ ကြားလှပါပြီ။ အဲဒီလမ်း အတိုင်း

http://www.dhammadownload.com



ပဲ ဘုန်းကြီးတို့ကလည်း ဖွင့်ရပါတယ်။ ဒီလိုဖွင့်ရတာကလည်း ဘုန်းကြီးတို့ရဲ့ အစွမ်းချည်းမဟုတ်ပါဘူး။ **မူလ မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီး** ထံမှ **ဥပနိဿယ** ရလို့လည်း ဖွင့်နိုင်ခဲ့တာပါ။ ဒါကြောင့် ဘုန်းကြီးတို့က ဒီလိုဖွင့်ပါတယ်၊ **"ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ"** ဆိုတဲ့ ပါဠိတော်အရ သွားတဲ့အခါမှာ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း ရှုမှတ်ပြီး သိရမယ်လို့ ဖွင့်ပါတယ်။ ဘယ်လို ရှုမှတ်ရမလဲဆိုယင် "**ဂစ္ဆာမီတိ**—သွား၏" ဟူ၍လို့ ဟောထားတဲ့ အတိုင်းပါပဲ ဒကာလူ ရ။ **ဂစ္ဆာမိ**—ပုဒ်ဟာ မြန်မာလို သွား၏ ဆိုတာနဲ့ တူညီပါတယ်။ ဒါပေမယ့် ဝိဘတ်နဲ့ **ဂစ္ဆာမိ**—လို့ဆိုယင် **အဟံ**—ငါသည် ဆိုတာပါ ထည့်ပြီးယူတယ် ဒကာလူရ။

ပါဠိသဒ္ဒါနည်းမှာ **အမှယောဂ, တုမှယောဂ, နာမယောဂလို့** ဒီလို ၃-မျိုး ရှိတယ်၊ **အမှယောဂနဲ့ ဂစ္ဆာမိ**—လို့ ဆိုထားယင် **အဟံ**—ပုဒ်မပါပေမယ့် အဲဒါကို ထည့်ရတယ်၊ **တုမှယောဂနဲ့ ဂစ္ဆသိ—လို့ဆိုထားယင် တွံ**—သင်သည် ဆိုတာ မပါပေမယ့် အဲဒါကိုပါ ထည့်ပြီး၊ သင်သည် သွား၏-လို့ မြန်မာပြန်ရတယ်၊ **နာမယောဂနဲ့ ဂစ္ဆတိ**-လို့ ဆိုထားယင်တော့ "သူသည်သွား၏၊ စိတ်သည် သွား၏၊ ရုပ်သည် သွား၏၊ နာမ်သည် သွား၏"စသည်ဖြင့် အရာအားလျော်စွာ ငါနဲ့ သင်မှတစ်ပါး အခြားသောအရာဝတ္ထု ကတ္တားတစ်ခုခုကို ထည့်ပြီးတော့ ပြန်ရတယ်။ အင်္ဂလိပ်ဘာသာ သဒ္ဒါကျမ်းတွေမှာလည်း ဒီနည်းအတိုင်းပဲ ပထမပုဂ္ဂိုလ်, ဒုတိယပုဂ္ဂိုလ်, တတိယပုဂ္ဂိုလ် လို့ ဒီလိုခွဲထားပါတယ်။

ဒါကြောင့် **အမှယောဂနဲ့ ဂစ္ဆာမိ**—ပုဒ်ကို "**အဟံ**—ငါသည်၊ **ဂစ္ဆာမိ**—သွား၏"လို့ ပြန်ရတဲ့ ပါဠိသဒ္ဒါနည်းအရ **လယ်တီဆရာတော်ဘုရားကြီး**က "ငါသွား၏, ငါသွား၏"လို့ ခြေဦးတည်

http://www.dhammadownload.com



သော စိတ်ကိုဖြစ်စေ၍ သွားရမည်တဲ့ ဒကာလူရဲ့ ဒီအထဲမှာ ခြေဦးတည်စေရမယ် ဆိုတာကတော့ သွားတဲ့အခါ ခြေထောက် လှုပ်တာက အကြမ်းဆုံး, အထင်ရှားဆုံးမို့ ဆိုတာပါ။ ဒီပြင်အပိုင်းက လှုပ်ရှားတာတွေလည်း ရှုနိုင်လျှင် ရှုရပါတယ်။ ဒါပေမယ့် ခြေထောက် လှုပ်တာက အကြမ်းဆုံး, အထင်ရှားဆုံးဖြစ်တဲ့အတွက် "ခြေဦး တည်သောစိတ်ကို ဖြစ်စေ၍ သွားရမည်"လို့ ဆိုတော်မူတာပါ။ နောက်ပြီးတော့ "ခြေတစ်လှမ်းမျှ အမှတ်တမဲ့ မလှမ်းမိစေနဲ့"တဲ့ မသေချာဘူးလား ဒကာလူရဲ့ ဆရာတော်ဘုရားကြီးက တံခါး ဂလန့်ကို သေသေချာချာ ဖွင့်ထားခဲ့တာ။ ဒီပြင် ဣရိယာပုထ်တွေ မှာလည်း နည်းတူပဲ ဖွင့်ထားခဲ့ပါတယ်။ အဲဒီလို **လယ်တီဆရာ တော်ဘုရားကြီး**က ဖွင့်ထားပေမယ်လို့ ဟိုလွန်ခဲ့တဲ့ လေးနှစ် လောက်က သံလျင်မြို့က ရေးထုတ်တဲ့ကျမ်းကြီး တစ်ခုရှိတယ် ဒကာ လူရဲ့ အဲဒီကျမ်းကြီးက သူတစ်ပါးကို စွပ်စွဲပုတ်ခတ် ပယ်ဖျက်တဲ့ ဘက်မှာတော့ အတော်ကျော်စောတဲ့ကျမ်းကြီး၊ အဲဒီကျမ်းကြီးက လယ်တီဆရာတော်ဘုရားကြီး ဖွင့်ထားတဲ့ တံခါးဂလန့်ကို ပြန်ပြီး ပိတ်လိုက်တယ်။ "ငါသွား၏, ငါသွား၏"ဆိုတာဟာ မမှန်ဘူးတဲ့။ အဲဒီလို မရှုရဘူးတဲ့၊ "ငါဆိုတဲ့ ပညတ်ပါနေတဲ့အတွက် မှားတယ်" ဆိုပြီးတော့ သူက ပိတ်လိုက်တာကိုး ဒကာလူရဲ့ ဒီတော့ သူ့ကျမ်း ကြီး သဘောကျပြီးတော့ "**လယ်တီဆရာတော်ဘုရားကြီး**က မှား တယ်၊ အဲဒီကျမ်းကြီးက မှန်တယ်"လို့ ဒီလိုယူယင် အဲဒီပုဂ္ဂိုလ်မှာ တံခါးဂလန့်က ပိတ်သွားပါရော့ ဒကာလူရဲ့

ဘုန်းကြီးကတော့ **လယ်တီဆရာတော်ဘုရားကြီး**ဘက် က ဖွင့်နေပါတယ်၊ ဖွင့်ရုံတင်တောင် မကသေးပါဘူး။ **အရိယာဝါသ တရား**ထဲမှာ ထည့်ပြီး ဘုန်းကြီးတို့က နောက်ထပ်လည်း ရှင်းထား

http://www.dhammadownload.com



ပါသေးတယ်။ ဒီလိုရှင်းတာက ဘာကြောင့်ရှင်းရတာတုန်းဆိုလို့ရှိယင် သာသနာတော်မှာ မှန်ကန်တဲ့ တရားကို မသိနားမလည်တဲ့ ပုဂ္ဂိုလ်တွေက ကဲ့ရဲ့ရှုတ်ချယင်, ပစ်ပယ်ယင် မှန်ကန်တဲ့ဘက်ကနေပြီးတော့ ထောက်ခံရတယ်။ မထောက်ခံဘဲ လျစ်လျူရှုနေယင် ဘုရားရှင်ကိုယ်တော်တိုင်ကကို အပြစ်တင်တယ် ဒကာလူရ။

## မြတ်စွာဘုရားက အပြစ်တင်ပုံ

မြတ်စွာဘုရား လက်ထက်တော်အခါ ကာလတုန်းက **အရှင်သာရိပုတ္တရာက** **နိရောဓသမာပတ်**နဲ့စပ်ပြီး ဒီလိုဟောတော်မူပါတယ်။ သီလ,သမာဓိ,ပညာနဲ့ ပြည့်စုံတဲ့ ရဟန်းဟာ ယခုဘဝမှာ ရဟန္တာ မဖြစ်သေးယင် စိတ်ဖြင့်ပြီးတဲ့ **မနောမယကာယ**ခေါ်တဲ့ ဗြဟ္မာမျိုးမှာ ဖြစ်ပြီးတော့ **နိရောဓသမာပတ်**ကို ဝင်စားနိုင်ဖွယ်အကြောင်းရှိတယ်”လို့ **အရှင်သာရိပုတ္တရာက** ဒီလို ဟောတဲ့အခါ **လာဠုဒါယီ**ဆိုတဲ့ ကိုယ်တော်ကြီးက အဲဒါကို ကန့်ကွက်သတဲ့။ “ဒီကိုယ်တော်ကြီးဟာ သူကိုယ်တိုင်က **ပရိယတ္တိစာပေ**ဘက်မှာလည်း ဘာမျှ တတ်သိနားလည်တာ မဟုတ်ဘူး။ **ပဋိပတ္တိအကျင့်**ဘက်မှာလည်း ဘာမျှ နေရာကျတာ မဟုတ်ဘူး။ အဲဒီလို ဘယ်ဘက်မှာမှ အချိုးမကျ နားမလည်ပါပဲနဲ့ ဟိုစွက်ဒီစွက်နဲ့ သူက လုပ်တတ်တယ်။ ဒါကြောင့် ဘာမျှမသိဘဲနဲ့ သူ့ထင်ခြေနဲ့ သူက ကန့်ကွက်တယ်။ “အဲဒါ မဖြစ်နိုင်ဘူးတဲ့၊ စိတ်ဖြင့်ပြီးတဲ့ **မနောမယဘုံဘဝ**မှာ **နိရောဓသမာပတ်**ဝင်စားလို့ မဖြစ်နိုင်ဘူး” လို့ သူက ကန့်ကွက်တယ်။ **အရှင်သာရိပုတ္တရာက** ဒုတိယအကြိမ်လည်း ဖြစ်နိုင်တယ်လို့ ထပ်ပြီးပြောတယ်။ သူကလည်း ထပ်ပြီး ကန့်ကွက်တယ်။ တတိယအကြိမ်လည်း ထပ်ပြီးပြောပြန်တယ်။ တတိယအကြိမ်လည်း

http://www.dhammadownload.com



ထပ်ပြီး ကန့်ကွက်ပြန်တယ်။ ဘေးနားကလည်း ပညာရှိရဟန်း ပရိသတ်တွေ ရှိနေကြပါတယ်။ ဘယ်သူကမျှ **အရှင်သာရိပုတ္တရာ** ဘက်က ဝင်ပြီး မထောက်ခံဘူး။

အဲဒီတော့ **အရှင်သာရိပုတ္တရာက** "အေးလေ ... ငါ့ဟောပြောချက်ကို ဘယ်သူမျှလည်း မထောက်ခံဘူး။ မဖြစ်သေးပါဘူး၊ ဘုရားရှေ့သွားပြီး ပြောဦးမှပဲ"လို့ ထောက်ခံချက်ရမည် အထင်နဲ့ မြတ်စွာဘုရားထံကို သွားတယ်။ အဲဒီရောက်တော့လည်း **အရှင်သာရိပုတ္တရာက** "စိတ်ဖြင့်ပြီးတဲ့ **မနောမယဆိုတာကို** ရောက်ပြီးတော့ **နိရောဓသမာပတ်ကို ဝင်စားနိုင်ဖွယ်အကြောင်း** ရှိတယ်"လို့ ပြောပြန်ပါတယ်။ **သာဠုဒါယီ ကိုယ်တော်ကြီးကလည်း** မလျှော့ဘူး။ **အရှင်သာရိပုတ္တရာနဲ့** တစ်ပါတည်း လိုက်လာတယ်၊ ဘုရားရှေ့မှာလည်း သူက **"အဲဒါ မဖြစ်နိုင်ဘူး"**လို့ ကန့်ကွက်ပြန်တယ်၊ **အရှင်သာရိပုတ္တရာက** သုံးကြိမ်တိုင်တိုင်ပြောတယ်။ သူကလည်း **သုံးကြိမ်လုံးကန့်ကွက်တယ်**။ ဒီတော့ **အရှင်သာရိပုတ္တရာက** "**အင်း** .... ငါ့ဟောပြောချက်ကို ဘုရားမျက်မှောက်မှာလည်း **ကန့်ကွက်တာပဲ**၊ ဘယ်သူမျှလည်း ငါ့ကို မထောက်ခံဘူး"လို့ စဉ်းစားပြီးတော့ ဘာမျှဆက်မပြောဘဲ အသာကလေးငြိမ်နေပါသတဲ့။

အဲဒီအခါမှာ မြတ်စွာဘုရားက ညည်းညူပြီးတော့ ရဟန်းတွေကို အပြစ်တင်တော်မူပါတယ်။ "**အတ္ထိ နာမ အာနန္ဒ ထေရံ ဝိဟေသိယမာနံ အဇ္ဈုပေက္ခိဿထ**"တဲ့ မြတ်စွာဘုရားက မနေသာလို့ ကြားဝင်ပြီး မိန့်တော်မူရတယ်။

**အာနန္ဒ**—အာနန္ဒာ။ **ထေရံ**—မထေရ်ကြီးဖြစ်သော ပုဂ္ဂိုလ်ကို။ **ဝိဟေသိယမာနံ**—ညှဉ်းဆဲနေသည်ကို။ (**တုမှေ**—သင်တို့သည်)။ **အဇ္ဈုပေက္ခိဿထ**—လျစ်လျူရှု၍ နေကြသည်မှာ။ **အတ္ထိနာမ**—

http://www.dhammadownload.com



ရှိမှရှိရလေခြင်း၊ ဖြစ်မှဖြစ်ရလေခြင်း- လို့ မြတ်စွာဘုရားက ညည်းညူပြီး အပြစ်တင်လိုက်ပါတယ်။ အဲဒါဟာ **အရှင်အာနန္ဒာ**ကို ခေါင်းတပ်ပြီး ရဟန်းတွေကို မာန်လိုက်တာပါပဲ ဒကာလူရ။ **အရှင်သာရိပုတ္တရာ**လို တကယ့်မထေရ်ကြီးကို ဘာမျှမဟုတ်တဲ့ **လာဠုဒါယီ**က သူ့ဟာသူ နည်းမကျဘဲ ယူထားတဲ့ဝါဒနဲ့ မတရားကန့်ကွက်နေတာကို ဗဟုသုတရှိတဲ့၊ အသိအလိမ္မာနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်တွေ အများကြီးရှိနေပါလျက် အမှန်ဘက်က မထောက်ခံဘဲ ဘာမှမပြောဘဲ ဒီလိုလျစ်လျူရှုနေတာဟာ မဖြစ်သင့်ဘဲနဲ့ ဖြစ်မှဖြစ်ရလေခြင်း၊ ငါဘုရားတော့ သဘောမတူနိုင်ဘူးဆိုတဲ့အနေနဲ့ မြတ်စွာဘုရားက ညည်းညူပြီးတော့ မာန်မဲလိုက်တာပါပဲ ဒကာလူရ၊ ကြောက်စရာ မကောင်းဘူးလား။ အဲဒီတုန်းက **အရှင်အာနန္ဒာ**မှာ ကြောက်ရွာလွန်းလို့နောက်တစ်ကြိမ် ဘုရားရှေ့တော်မှာ ပြောစရာရှိယင် **အရှင်ဥပဝါန**ကိုပြောဖို့ တောင်းပန်ပါသတဲ့ ဒကာလူရ။ ဒါကြောင့် ဒီလိုအမှန်ဘက်က နေပြီးတော့ ထောက်ခံရမယ်ဆိုတာဟာ ပညာရှိပုဂ္ဂိုလ်တိုင်းရဲ့ တာဝန်ဖြစ်နေပါတယ်။ ဒီလိုတာဝန်ရှိနေတဲ့အတွက် ဘုန်းကြီးတို့က **အရိယာဝါသတရား**ထဲမှာ ရှင်းလင်းထားတယ်။ အဲဒါဟာ ပြည့်လည်း ပြည့်စုံပါတယ်၊ ယခု နှုတ်နဲ့ပြောတာကတော့ သိပ်ပြည့်ပြည့်စုံစုံကြီး မပြောနိုင်ဘူး။ ပြည့်ပြည့်စုံစုံကြီး ပြောနေလို့ရှိယင်လည်း အချိန်တွေက အများကြီး ကုန်သွားမယ်။

အဲဒီ**အရှင်သာရိပုတ္တရာ** ဟောတဲ့သုတ်မှာ မှန်တဲ့အနက်အဓိပ္ပါယ်က . . . . **မနောမယ** ဆိုတာဟာ ဈာန်စိတ်ကြောင့်ဖြစ်တဲ့ **ရူပဗြဟ္မာဘဝ**ကို ဆိုတယ်။ **လာဠုဒါယီ**ရဲ့ အထင်ကတော့ **မနောမယ**–စိတ်ဖြင့် ပြီးတယ်ဆိုတာ **အရူပဘဝ**လို့ ထင်တယ်။ ဒါကြောင့် သူက ဘာမျှနားမလည်ဘဲနဲ့ ဝင်ပြီးတော့ စွက်တာ၊ အံ့စရာပါပဲ။ ထပ်ပြီး ရှင်းပြပါဦးမယ်။

http://www.dhammadownload.com



**မနောမယ** ဆိုတာက **ရူပဈာန်**စိတ်ဖြင့်ပြီးတဲ့ **သုဒ္ဓါဝါသ ရူပဗြဟ္မာဘုံ**မှာ ရောက်နေတဲ့ **အနာဂါမ်**တွေ, **ရဟန္တာ**တွေကိုဆို တာ။ အဲဒီ အနာဂါမ် ရဟန္တာတွေဟာ **နိရောဓသမာပတ်** ဝင်စား နိုင်ပါတယ်။ အဲဒါကို **လာဠုဒါယီ**က သူ့ထင်ခြေနဲ့ "**မနောမယ**— စိတ်ဖြင့် ပြီးတယ်" ဆိုကတည်းက ရုပ်မရှိဘဲ နာမ်သက်သက်သာရှိတဲ့ **အရူပဘုံ**ပဲလို့ မှားယွင်းစွာ ယူဆတယ်။ **အရူပဘုံ**မှာဆိုယင်တော့ **နိရောဓသမာပတ်** ဆိုတာ ဖြစ်ရိုးမရှိဘူး။ အဲဒါကြောင့် "မဖြစ်နိုင် ဘူး"လို့ သူက ဝင်ပြီးတော့ ကန့်ကွက်လိုက်တာ။ ဒီလို သုံးကြိမ်တိုင် တိုင် ကန့်ကွက်နေစဉ်မှာ ဘေးနားက ပညာရှိပုဂ္ဂိုလ်တွေ အများကြီး ရှိပါတယ်။ **ရဟန္တာ**တွေလည်း ရှိပါတယ်။ **အရှင်အာနန္ဒာ**လို သောတာပန်တွေလည်းရှိတယ်။ **သကဒါဂါမ်, အနာဂါမ်**တွေလည်း ရှိတယ်။ အဲဒီလို ပညာရှိပုဂ္ဂိုလ်တွေက ဘာမှမပြောဘဲနဲ့ ဒီအတိုင်း ငြိမ်ပြီးနေကြတဲ့အတွက် မြတ်စွာဘုရားက "**အတ္ထိနာမ အာနန္ဒ ထေရံ ဝိဟေသိယမာနံ အဇ္ဈုပေက္ခိဿထ**-တဲ့။ **အာနန္ဒ**— အာနန္ဒာ။ **ထေရံ**— မထေရ်ကြီးဖြစ်သော ပုဂ္ဂိုလ်ကို။ **ဝိဟေသိယ မာနံ**—ညှဉ်းဆဲနေသည်ကို။ (**တုမှေ**—သင့်တို့သည်။) **အဇ္ဈုပေက္ခိ ဿထ**—လျစ်လျူရှု၍ နေကြသည်မှာ။ **အတ္ထိနာမ**—ရှိမှ ရှိရ လေခြင်း, ဖြစ်မှဖြစ်ရလေခြင်း"လို့ မြတ်စွာဘုရားက ညည်းညူတော် မူပါတယ်။

**လယ်တီဆရာတော်ဘုရားကြီး**သာ ရှိနေမယ်ဆိုယင် ဖြစ် ပေါ်လာတဲ့ မိစ္ဆာဝါဒကို နှိမ်နင်းပြီး တံခါးဂလန့်ကို ပြန်ဖွင့်မှာပဲ ဒကာလူ ရ။ ယခု **လယ်တီဆရာတော်ဘုရားကြီး**က မရှိတော့ပေ မယ့် ဘုန်းကြီးတို့နဲ့လည်း သက်ဆိုင်နေတဲ့အတွက် **အရိယာဝါသ တရား**ထဲမှာလည်း ဆရာတော်ဘုရားကြီး၏ ဖွင့်ပုံကို ထောက်ခံပြီး

http://www.dhammadownload.com



ဟောထား ပါတယ် ဒကာလူ ရေ။ အဲဒီမှာ "ငါသွား၏"လို့ဆိုတာဟာ "**ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ**"ဆိုတဲ့ ဒေသနာတော်မှ **လယ်တီဆရာတော်ဘုရားကြီး**က "**ဂစ္ဆာမိ**" ဆိုတဲ့ ပါဠိတော်ကို တိုက်ရိုက် မြန်မာပြန်ထားချက်ဖြစ်တဲ့အကြောင်း၊ "**ဂစ္ဆာမိ—သွား၏**" လို့ဆိုယင် "ငါသွား၏"လို့ အနက်ရတဲ့အကြောင်း။ "သင်သွား၏"လို့လည်း မရ၊ "ရုပ်သွား၏, နာမ်သွား၏"လို့လည်း မရတဲ့အကြောင်း၊ အဲဒါကိုလည်း စာတတ်တဲ့ ပုဂ္ဂိုလ်တိုင်း သိကြတဲ့ အကြောင်း ရှင်းပြခဲ့တယ်။ ဟုတ်တယ် **လယ်တီဆရာတော်ဘုရားကြီး**က **ဂစ္ဆာမိ**—ဆိုတဲ့ ပါဠိတော်အတိုင်း တိတိကျကျပြန်ထားတာပဲ။ သူ့ဟာမှန်ပါတယ်။ အဲဒါကို မှားတယ်လို့ ဆိုယင် အဲဒီလိုဆိုတဲ့ ပုဂ္ဂိုလ်ဟာ ပါဠိတော်ကိုလည်း ပယ်ရာရောက်တယ်လို့ ဘုန်းကြီးက ဒီလို အပြစ်ပြပြီးတော့လည်း အဲဒီမှာ ရှင်းထားပါတယ်။

## တံခါးဂလန့်ကို ပြန်မပိတ်စေနဲ့

အဲဒါကြောင့် ဒီအဝိဇ္ဇာဂလန့်ကို လယ်တီဆရာတော်ဘုရားကြီးကလည်း ဖွင့်သွားတယ်။ ဘုန်းကြီးတို့ကလည်း "သွားယင် သွားတယ်"လို့ ရှုမှတ်ရမယ် စသည်ဖြင့် ဟောပြောနေတာဟာ ခုနက ပြောခဲ့တဲ့ အဝိဇ္ဇာ တံခါးဂလန့်ကို ဖွင့်နေတာပါပဲ ဒကာလူရေ။ **ကာယာနုပဿနာ** အရ ကိုယ်အမူအရာတွေ ဒီလိုရှုရတယ်။ **စိတ္တာနုပဿနာ** အရ စိတ်အမူအရာတွေ ဒီလိုရှုရတယ်။ **ဝေဒနာနုပဿနာ** အရ ဝေဒနာတွေ ဒီလိုရှုရတယ်။ **ဓမ္မာနုပဿနာ** အရ သဘောတရားတွေ ဒီလိုရှုရတယ်ဆိုတာကို သတိပဋ္ဌာန်ပါဠိတော်ဖြင့် တိုက်ရိုက်ရှင်းပြီးတော့ ထားပါတယ်။ အဲဒါဟာ ဒကာလူတို့ သံသရာက ထွက်ချင်ယင် ထွက်ရအောင်လို့ တံခါးဂလန့်ကို ဖွင့်တာ

http://www.dhammadownload.com



ပါပဲ။ တံခါးဂလန့်ကတော့ ဖွင့်ထားပြီနော်၊ သံသရာဝဋ်ထဲက ထွက်ချင်ယင်လည်း ထွက်နိုင်ပါပြီ၊ မထွက်ချင်ယင်လည်း မထွက်ဘဲ နေနိုင်ပါတယ်။ ဒါပေ မယ်လို့ ဒကာလူတို့က ထွက်မယ် ထွက်မယ်နဲ့ ကြံနေတုန်း မလိုလားတဲ့ပုဂ္ဂိုလ်က လက်ဆော့ ခြေဆော့နဲ့ အဲဒီတံခါး ဂလန့်ကို ပြန်ပြီးထိုးသွားယင် မထွက်နိုင်ဘဲ ဖြစ်နေမယ်။ အဲဒါ အထူးသတိပြုရလိမ့်မယ် ဒကာလူရ။

ဘုရားလက်ထက်တော် ကာလကလည်း မြတ်စွာဘုရားက ဒီ တံခါးဂလန့်ကို ဖွင့်တော်မူတယ်။ တရားအားထုတ်နည်းတွေ ဟောနေတယ်၊ ဒီအထဲမှာ တရားအားထုတ်တာကို မလိုလားတဲ့ မာရ်နတ်ကြီးက လာပြီးပိတ်သေးသတဲ့ ဒကာလူရ။ ရဟန္တာမတွေ အန္ဓတောမှာသွားပြီး သီတင်းသုံးနေတဲ့ အခါကာလ သူက ဘယ်လို လာပြောတုံး ဆိုတော့ "ဟဲ့ . . . . ဘာလုပ်နေတာလဲ၊ သံသရာဝဋ်က ထွက်မြောက်တယ်ဆိုတဲ့ နိဗ္ဗာန်ဆိုတာ ရှိတာမဟုတ်ဘူး။ တရား အားထုတ်နေလို့ ဘာမျှအကျိုးမရှိဘူး" စသည်ဖြင့် ပြောတယ်။ တံခါး မင်းတုပ်ကို လာချတာပါပဲ။

**သောမာ**ခေါ်တဲ့ ဘိက္ခုနီမဆီကိုလာပြီး မာရ်နတ်က ဒီလို ပြောသတဲ့။

**ယံ တံ ဣသိဟိ ပတ္တဗ္ဗံ၊ ဌာနံ ဒုရဘိသမ္ဘဝံ၊**
**န တံ ဒွင်္ဂုလ ပညာယ၊ သက္ကာ ပပ္ပေါတု မိတ္ထိယာ-တဲ့၊**

နိဗ္ဗာန်ဆိုတာ အင်မတန် မြင့်မြတ်တဲ့၊ အထက်တန်းကျတဲ့ ရဟန်းမြတ်ကြီးတွေမှ ရောက်နိုင်တဲ့ တရားတဲ့။ တံ၊ ထိုသို့သော တရားကို။ ဒွင်္ဂုလပညာယ၊ လက်နှစ်သစ်လောက် ပညာဖြင့်။ ဣတ္ထိယာ၊ မိန်းမသည်။ ပပ္ပေါတုံ၊ ရောက်ခြင်းငှာ။ နသက္ကာ၊ မတတ်နိုင် ဘူး-တဲ့။ "ဟဲ့ . . . . နင်တို့လို လက်နှစ်သစ်လောက် ပညာရှိတဲ့

http://www.dhammadownload.com



မိန်းမတွေက နိဗ္ဗာန်ကို ဘယ်ရနိုင်လိမ့်မလဲ၊ မရနိုင်ဘူး”လို့ပြော သတဲ့။ ဒါလည်း တံခါးမင်းတုပ်နဲ့ လာပြီးပိတ်တာပါပဲ။ ဒါပေမယ့် အဲဒီ ဘိက္ခုနီမတွေက ရဟန္တာမတွေ ဖြစ်နေလို့ တော်ပါသေးရဲ့။ သူ ပိတ်လို့မရပါဘူး။ အဲဒီလိုပဲ၊ ယခုကာလမှာလည်း မလိုလားတဲ့ ပုဂ္ဂိုလ်တွေက တံခါးဂလန့် ဝင်ပြီးပိတ်သွားတတ်တယ်။ အဲဒီတော့ လယ်တီဆရာတော်ဘုရားကြီးတို့, ဘုန်းကြီးတို့က ဖွင့်ထားတဲ့ တံခါးဂလန့်ကို လက်ဆော့တဲ့လူက ဝင်ပြီးတော့ မပိတ်ဖို့ရာ ဒကာ လူတို့ အမြဲမပြတ် စောင့်ရှောက်နေရလိမ့်မယ်နော်။ စောင့်ရှောက် မနေယင် ပိတ်သွားလိမ့်မယ်။ ပိတ်သွားယင် သံသရာဝဋ်ထဲက မထွက်နိုင်ဘဲ ဖြစ်နေကြလိမ့်မယ်။ ဒုက္ခရောက်နေကြလိမ့်မယ်။ ကဲ— သူ့ဆောင်ပုဒ်ကို ဆိုကြဦးစို့-

(ဆို) **မင်းတုပ်ဆိုတာ ဘယ်ဟာလည်း၊ ရှုမှတ်နည်းကို မသိတာပဲ။**

**ဥက္ကိပလင်္ဂီ**—မင်းတုပ်ကို ဖယ်ထုတ်လိုက်-လို့ ပြောတာဟာ **ပဇဟ အဝိဇ္ဇံ** - အဝိဇ္ဇာကို ပယ်လိုက်လို့ ဆိုလိုပါတယ်တဲ့ ဒကာလူရေ။ ဒီနေရာမှာ “အဝိဇ္ဇာကို ပယ်လိုက်”လို့ သာမညပြောတာကို “ကမ္မ ဋ္ဌာန်းမသိတဲ့ အဝိဇ္ဇာကို ပယ်ရမယ်”လို့ ဘာကြောင့် သိရသလဲလို့ မေးစရာကလေး ရှိပါသေးတယ်။ အဲဒါဟာ “**ပဇဟ အဝိဇ္ဇန္တိတွေ**— အဝိဇ္ဇာကို ပယ်လိုက်ဟူသော ဤစကားရပ်၌။ **ကမ္မဋ္ဌာနဥဂ္ဂဟ ပရိပုစ္ဆာဝသေန**—ကမ္မဋ္ဌာန်းကို သင်ယူခြင်း, မေးမြန်းခြင်းတို့၏ အစွမ်းဖြင့်။ **အဝိဇ္ဇာပဟာနံ**—အဝိဇ္ဇာကို ပယ်ခြင်းကို။ **ကထိတံ**— ဟောအပ်ပေသည်”လို့ ဖွင့်ထားတဲ့ အဋ္ဌကထာအရ သိရပါတယ်။ “တရားအားထုတ်ပုံ ကမ္မဋ္ဌာန်းနည်းကို သင်ယူခြင်း, မရှင်းတဲ့အချက် ကို မေးခြင်းဖြင့် အဝိဇ္ဇာကို ပယ်တယ်” ဆိုတော့ ကမ္မဋ္ဌာန်းနည်း

http://www.dhammadownload.com



မသိနားမလည်တဲ့ အဝိဇ္ဇာကို ပယ်တာပေါ့ ဒကာလူရ။ အဲဒီအဝိဇ္ဇာကို ပယ်နိုင်အောင်လို့ ဘုန်းကြီးတို့က ရှုမှတ်နည်းကို ဟောပြောနေတာဟာ အဲဒီ အဝိဇ္ဇာ တံခါးမင်းတုပ်ကို ဖွင့်တာပါပဲ။ အဲဒါဟာ ပြည့်စုံလောက်ပါပြီ၊ တံခါး မင်းတုပ်အကြောင်း တော်လောက်ပါပြီ။ ဆက်ပြီးပြောမယ် ဆိုယင်တော့ ပြောစရာတွေ အများကြီးပဲ ရှိပါသေးတယ်။ နောက်လည်း ပြောစရာ ပြဿနာတွေက များသေးတယ်။ အဲဒါတွေတော့ ခပ်တိုတို ပြောရတော့မှာပဲ။ ဒီကနေ့ ပြဿနာ ငါးခုလောက်တော့ ပြီးပါမှ နက်ဖြန်တော်ရုံရှိမှာ။

## တို့တိုင်း ကြီးတဲ့ဖား

နောက်တစ်ခုက "**ကာ ဥဒ္ဓုမာယိကာ**—တို့တိုင်းကြီးတဲ့ဖားဆိုတာက ဘယ်ဟာလည်း"ဆိုတဲ့ အမေးကို "**ဥဒ္ဓုမာယိကာတိ ခေါ ဘိက္ခု ကောဓုပါယာသဿေတံ အဓိဝစနံ**"လို့ ဖြေတော်မူပါတယ်။ **ဘိက္ခု**—ကဿပရဟန်း။ **ဥဒ္ဓုမာယိကာတိ ဧတံ**— ဥဒ္ဓုမာယိကဖား ဟူသော ဤအမည်သည်။ **ဝါ**—တို့တိုင်း တို့တိုင်း ပွကာပွကာ ကြီး၍ လာတတ်သော ဖားဟူသော ဤအမည်သည်။ **ကောဓုပါယာသဿ**—အမျက်ထွက်ခြင်းဟူသော ပူလောင်စေတတ်သော ဒေါသ၏။ **အဓိဝစနံ**—အမည်ပေတည်း။ တံခါးမင်းတုပ်ကို ဖယ်ထုတ်ပြီး ရှေ့ကို ဆက်တူးတဲ့အခါ ဥဒ္ဓုမာယိက ခေါ်တဲ့ဖားကို တွေ့တယ်လို့ဆိုပါတယ်။ အဲဒီဖားက ဘယ်ဟာပါလည်းလို့ မေးတော့ မြတ်စွာဘုရားက "**ဥဒ္ဓုမာယိကဖား**" ဆိုတာ **ကောဓုပါယာသ**—အမျက်ထွက်ခြင်းဆိုတဲ့ စိတ်ကို ပြင်းစွာပူလောင်စေတတ်တဲ့ ဒေါသပဲ" လို့ ဖြေတော်မူပါတယ်။ **ဥဒ္ဓုမာယိက**ဖားဆိုတာ သူ့ကို တို့တို့ပေးယင် တို့တိုင်းတို့တိုင်း ပွပွပြီး ကြီးကြီးလာတတ်တဲ့ ဖားတဲ့ ဒကာလူရ။

http://www.dhammadownload.com



ဒီဖားအကြောင်းကို မနေ့က တော်တော်ရှင်းပြောခဲ့ပါပြီ။ ဒေါသကလည်း ဒီဖားလိုပါပဲ။ မုန်းစရာ အာရုံနဲ့ တွေ့ယင် တွေ့တိုင်း တွေ့တိုင်း ကြီးပွားလာတတ်တယ်။ ကိုယ်မကြိုက်တဲ့ဟာကို တွေ့ရယင် မြင်ရာကလည်း ဒေါသ ဖြစ်တတ်တယ်၊ ကြားရာကလည်း ဖြစ်တတ်တယ်၊ နံရာ စားရာ တွေ့ထိရာတွေကလည်း ဖြစ်တတ်တယ်။ စိတ်ကူး စဉ်းစား ကြံစည်ရာကလည်း ဖြစ်တတ်တယ်။ ဒါပေမယ့် အများဆုံးဖြစ်တတ်တာကတော့ နားက ကြားတာနဲ့ ကိုယ်က တွေ့ထိရာတွေမှာ သာပြီး ဒေါသ ဖြစ်တတ်တယ်။ ကိုယ် မကြိုက်တဲ့ စကားကို ကြားရယင် တစ်ခါလောက် ကြားရုံနဲ့လည်း ဒေါသက ဖြစ်လာတာပဲ။ နောက်တစ်ခါ ကြားရပြန်ယင် သာပြီးဖြစ်လာတယ်။ ထပ်ခါ ထပ်ခါ ကြားရလေလေ သာသာပြီး ဒေါသက ပြင်းထန်လာလေလေပဲ။ ပထမဆိုယင်တော့ စိတ်ထဲကလောက်ပဲ ရှိသေးတယ်။ နောက်တစ်ခါဆိုယင် မျက်နှာပျက်လာတတ်တယ်။ နောက် ထပ်ခါ ထပ်ခါ ကြားရဖန်များလာတော့ နှုတ်ကလည်း မတော်တဲ့စကားတွေ ပြောမိတတ်တယ်။ ကိုယ်နဲ့လည်း ရိုက်ဖို့ သတ်ဖို့ပြုလုပ်မိတတ်တယ်။ အဲဒီလို မကြိုက်တဲ့အာရုံနဲ့ တွေ့တိုင်း တွေ့တိုင်း ကြီးပွား ကြီးပွားလာတတ်လို့ ဒေါသကို ဥဒ္ဓုမာယိက ဖားလို့ တင်စားပြီး ဆိုထားတာတဲ့။ တူလည်း တူပါပေတယ်။ အဲဒီ ဒေါသရဲ့ ဖြစ်ပုံတွေကိုတော့ အားလုံး ကိုယ်တွေ့ ဖြစ်နေကြမှာပါပဲ။

## မဖြစ်စလောက် တရားတော်

တစ်ခါက သုဓမ္မဝတီ ပုံနှိပ်တိုက်က တိုက်အုပ် ဦးပန်းမောင် ဆိုတဲ့ ဒကာကြီးက မှတ်ဖွယ်ဝတ္ထုကလေး တစ်ခုကို ပြောပါတယ်။ ဦးပန်းမောင်ဆိုတာ ဒကာလူ ကြားကောင်း ကြားဖူးပါလိမ့်မယ်၊

http://www.dhammadownload.com



အဲဒီ ဦးပန်းမောင်က ရေဒီယိုထဲက နေပြီးတော့ **"မဖြစ်စလောက် တရားတော်** ဟောမယ်" ဆိုလို့ "ဘာများ ဟောမှာ ပါလိမ့်မတုန်း"လို့ ဘုန်းကြီးက နားထောင်နေတယ်။ သူပြောပုံက မဖြစ်စလောက် ကလေးနဲ့လည်း ဒုက္ခဖြစ်တတ်တယ်၊ မဖြစ်စလောက်ကလေးပဲ ဆို ပြီးတော့ မရှိမသေ မလုပ်လိုက်ပါနဲ့တဲ့။ ဒကာလူရော အဲဒီတုန်းက မကြားလိုက်ဘူးလား၊ မကြားဘူးတဲ့ သူတွေကပဲ များပါလိမ့်မယ်။ မဖြစ်စလောက်တရားတော်တဲ့၊ သူ့ဥစ္စာကောင်းတယ်၊ အမည်ပေးပုံ ကလေးကိုက သိပ်ကောင်းနေတယ်။ ဖြစ်ပုံကလည်း ဆန်းတယ်၊ ဘယ်လိုလည်းဆိုတော့ တစ်ခါက အင်မတန်ရင်းရင်းနှီးနှီး အတူနေ ကြတဲ့ ဦးပဥ္စင်းနှစ်ပါး ရှိပါသတဲ့။ တစ်ပါးက ရေချိုးနေတယ်။ အဲဒီလို ရေချိုးနေတုန်း သူ့ဖိနပ်ကို တစ်ပါးက ကျီစယ်လိုတဲ့အနေနဲ့ ဝှက်ထား တယ်။ ဟိုရေချိုးနေတဲ့ ဦးပဥ္စင်းက ရေချိုးပြီးတဲ့အခါ ဖိနပ်စီးမယ်လို့ ကြည့်လိုက်တော့ သူ့ဖိနပ်ကို မတွေ့ရဘူး။ မတွေ့ရတော့ အဲဒီ ဦးပဥ္စင်းကလည်း သူ့ဖိနပ်ဝှက်ထားမှန်းသိလို့ ရယ်စရာအနေနဲ့ သူက ပြောတယ်၊ ပေါ့ပေါ့ဆဆ ပြောလိုက်တာပါပဲ။ "ဟော့ . . . . ငါ့ဖိနပ်ကို ဘယ်ခွေးချီသွားမှန်း မသိဘူး" လို့ ပြောလိုက်သတဲ့။ ဒီတော့ ဖိနပ်ဝှက်ထားတဲ့ ဦးပဥ္စင်းက စိတ်နာလိုက်တာ မပြောပါနဲ့ တော့။ "ငါ့ကို ခွေးဖြစ်အောင်ဆိုတယ်"လို့ အတွေးခေါင်ပြီးတော့ စိတ်နာလိုက်တာတဲ့။ ဟို ဖိနပ်ရှင်ဦးပဥ္စင်းကတော့ စေတနာ မပါပါ ဘူး၊ ခပ်ပေါ့ပေါ့ ပြောလိုက်တာပါပဲ။ စိတ်နာလောက်အောင်လို့ ပြောလိုက်တာ မဟုတ်ပါဘူး။ သူ့ဖိနပ် ပျောက်သွားတော့ ဒီလိုပြော ရမှာပဲ။ ဖိနပ် ခွေးချီတယ်လို့ ပြောတာဟာ ပြောရိုးပြောစဉ်ပဲ။ အပြောခံရတဲ့ ဦးပဥ္စင်းကတော့ "ငါ့ခွေးဖြစ်အောင် ပြောရမလား" ဆိုပြီး စိတ်ဆိုးတာနဲ့ အုတ်ခဲကြီးနဲ့ ဖိနပ်ရှင် ဦးပဥ္စင်းရဲ့ ခေါင်းကို

http://www.dhammadownload.com



ထုလိုက်တာ ပျံလွန်တော်မူရှာသတဲ့။ အောင်မယ် ပြောတာကတော့ သူ့ဥစ္စာ မဖြစ်စလောက်ပဲ။ ဒါပေမယ့် ပြောတဲ့ ဦးပဥ္စင်းမှာ ပျံလွန်တော်မူရတယ်။ အုတ်ခဲနဲ့ထုတဲ့ ပုဂ္ဂိုလ်လည်း ရာဇဝတ်ပြစ်မှုကြီး ဖြစ်ရတယ်။ အဲဒီတော့ မဖြစ်စလောက် အပြောအဆိုကလေးကလည်း အကြီးအကျယ် ဒုက္ခပေးတတ်တယ်။ ဒါကြောင့် အပြောအဆိုကလေးများ ဆင်ခြင်ကြဖို့ဆိုပြီး ဦးပန်းမောင်က ပြောသွားတယ်။ သူပြောတာဟာ မှတ်လောက်သားလောက်ပဲ။ အဲဒါဟာ ဘာထင်လဲ၊ ဥဒ္ဒုမာယိကဖား ထလာတာပေါ့။ 'ငါ့ဘိနပ် ဘယ်ခွေးချီပါလိမ့်' ဆိုတာဟာ နားထဲမထိခိုက်ပါဘူး၊ ပွန်းပဲ့မသွားပါဘူး။ ဘာမျှ အနာတရမဖြစ်ပါဘူး၊ ခြင်ကိုက်သလောက်တောင် မနာပါဘူး။ သဲလုံးကလေး တစ်လုံးမှန်တာလောက်တောင် မနာပါဘူး။ ဒါပေမယ်လို့ အခွေးခေါ်တဲ့သူရဲ့ စိတ်ထဲမှာတော့ အတော်နာကြည်းသွားပါတယ်။ ဒါကြောင့် သူ့ဥဒ္ဒုမာယိက ဖားကြီးက တစ်ဟုန်တည်း ကုန်းပြီး ထလိုက်တာကိုး ဒကာလူရေ။ ဥဒ္ဒုမာယိကဖား ဆိုတာ တို့တိုင်း တို့တိုင်း ကြီးတယ် ဆိုပေမယ့် သူ့ဖားကတော့ ထပ်ခါ ထပ်ခါ မတို့ရတော့ဘူး၊ တစ်ခါတည်း တို့လိုက်တာနဲ့ ကြီးလာတာကိုးနော်၊ တယ်ကြီးလွယ်တဲ့ ဖားပဲ။

## ဝေဒေဟိကာဝတ္ထု

မြတ်စွာဘုရား ကိုယ်တော်တိုင် **ဖဂ္ဂုဏမောလိယ**ဆိုတဲ့ ရဟန်းကို အကြောင်းပြုပြီးတော့ ဝတ္ထုတစ်ခုနဲ့ ဩဝါဒပေးထားတာလည်း ရှိတယ်။ အဲဒီဝတ္ထုလည်း မှတ်သားဖို့ ကောင်းပါတယ်၊ ဘယ်လိုတုန်းဆိုတော့ သာဝတ္ထိပြည်မှာ ရှေးတုန်းက **ဝေဒေဟိကာ** ဆိုတဲ့ သူကြွယ်အိမ်ရှင်မ တစ်ယောက် ရှိသတဲ့။ ဒီအိမ်ရှင်မရဲ့

http://www.dhammadownload.com



အပြော အဆို၊ အနေ အထိုင်၊ အပြုအမူတွေက အပြစ်မရှိတော့ အရပ်က သူ့ကို ချီးကျူးကြသတဲ့။ ဒီဝတ္ထုကို တချို့ကလည်း ကြားဖူးပြီးသား၊ သိပြီးသား ဖြစ်နေပါလိမ့်မယ်။ ဒါပေမယ့် တရားအကြောင်းက ဆိုက်လာတော့ ဒီနေရာ ထည့်ပြီး ပြောမှဖြစ်မှာ၊ တချို့ကလည်း ကြားဖူးမှာ မဟုတ်ပါဘူး။ ဒီဝတ္ထုကလေးက အင်မတန်ကျေးဇူးများပါတယ်။

**ဝေဒေဟိကာ**ကို ချီးမွမ်းကြပုံကတော့ "**ဝေဒေဟိကာ**ဟာ စိတ်ကောင်း နှလုံးကောင်းရှိတယ်၊ ဖော်ဖော်ရွေရွေရှိတယ်၊ စိတ်မဆိုးတတ်ဘူး၊ သူတစ်ပါးအပေါ်မှာ သနားတတ်တယ်၊ ငဲ့ညှာတတ်တယ်၊ သူတော်ကောင်းမကလေးပဲ"တဲ့။ အရပ်ထဲမှာ ချီးကျူးနေကြပုံ။ ဟိုအိမ်ကလည်းချီးကျူး ဒီအိမ်ကလည်းချီးကျူးနဲ့ ဘယ်သူမှ ကဲ့ရဲ့တဲ့သူ မရှိဘူး၊ ချီးကျူးကြတာချည်းပဲတဲ့။

အဲဒီ **ဝေဒေဟိကာ**ရဲ့အိမ်မှာ **ကာဠီ**ဆိုတဲ့ အစေခံ ကျွန်မကလေးကလည်းရှိတယ်။ **ကာဠီ**ဆိုတဲ့ ပါဠိဟာ မြန်မာလိုဆိုတော့ "မည်းနက်တယ်"လို့ အဓိပ္ပါယ်ရှိပါတယ်၊ ဒါကြောင့် မိမဲ၊ မိနက်လို့ ခေါ်နိုင်ပါတယ်။ အဲဒီ **ကာဠီ**က စဉ်းစားတယ်၊ "တို့သခင်မများနော်. . . အရပ်ထဲကဖြင့် ချီးကျူးလိုက်ကြတာ၊ ဟိုကလည်းချီးကျူး၊ ဒီကလည်းချီးကျူးနဲ့ တို့အရှင်မဟာ တကယ်စိတ်မဆိုးတတ်လို့ပဲလေလား၊ ဒါမှမဟုတ်ယင်လည်း အိမ်မှုကိစ္စတွေကို ငါက ကျေကျေပွန်ပွန် လုပ်နေတဲ့အတွက် သူ့မှာ စိတ်ဆိုးစရာမရှိလို့ သူ စိတ်မဆိုးဘဲနေတာများလေလား"လို့ စဉ်းစားသတဲ့။ စဉ်းစာပြီးတော့ "အေးလေ. . . စုံစမ်းဦးမှပါပဲ" ဆိုပြီးတော့ **ကာဠီ** က အမှုမှန်ဖြစ်အောင် စုံစမ်းရေးလုပ်သတဲ့ ဒကာလူရ။ ဘယ့်နှယ် လုပ်သတုန်းဆိုတော့ အခါတိုင်းဆိုယင် နံနက်စောစောထပြီးတော့ အမှိုက်လှည်းတန်

http://www.dhammadownload.com



လှည်း၊ ရေခပ်တန်ခပ်၊ ရေနွေး တယ်တန်တယ်၊ ချက်တန် ချက်ပြုတ်နဲ့ လုပ်နေကျ အလုပ်တွေကို သူက နေ့တိုင်း မပျက်မကွက် စောစောထ ပြီးလုပ်တယ်။ အဲဒီနေ့ကျတော့ သူက မထဘူးတဲ့။ အိပ်ရာထဲမှာ ခွေပြီး အိပ်မြဲအိပ်နေသတဲ့။

**ဝေဒေဟိကာ**ကတော့ သူ့အချိန်မှာ အိပ်ရာကထလာပြီး အခြေအနေကို ကြည့်လိုက်တယ်။ အဲဒီတော့ အခါတိုင်းလို **ကာဠီ** လုပ်ထားတဲ့ လက်ရာကို မတွေ့ရဘူး။ မီးဖိုချောင်မှာ မီးဖိုထားတာ မတွေ့ရဘူး၊ ရေခပ်ထားတာ မတွေ့ရဘူး၊ ချက်ပြုတ်ထားတာ မတွေ့ ရဘူး၊ ဘာမှမတွေ့ရဘူး။ အဲဒီလို မတွေ့ရတော့ စဉ်းစားတယ်တဲ့ "ဩော်. . . . **ကာဠီ** ခုထက်ထိမထသေးဘူးထင်တယ်၊ နေမကောင်း လို့လေလား"တဲ့ သူစဉ်းစားနေပုံ။ အဲဒီတုန်းက စိတ်မဆိုးသေးပါဘူး၊ ဖားက သူ့ကို မတို့သေးလို့ ဒကာလူရ။ သူ့ကို မတို့သေးတော့ ဖားက မထသေးဘူး။ သနားတောင် သနားနေလိုက်သေး၊ "သူ့ခမျာ နေမကောင်းရှာလို့လား၊ ငါသွားပြီးတော့ မေးဦးမှပဲ"ဆိုပြီးတော့ အကူအညီ ပေးမလို့ပေါ့။ နေမကောင်းဘူးဆိုယင် နှိပ်တန် နှိပ်ပေး မယ်၊ ဆေးကျွေးတန်ကျွေးမယ်၊ ဆရာခေါ်ပေးတန် ခေါ်ပေးရမှာကိုး။ အဲဒီလို ရည်ရွယ်ချက်နဲ့ **ကာဠီ**ရဲ့ အိပ်ခန်းနား သွားပြီးတော့ "ဟေ့— **ကာဠီ**"လို့ ချိုချိုသာသာနဲ့ ခေါ်တယ်။

ဒီတော့ **ကာဠီ**ကလည်း "ဘာလဲသခင်မ"လို့ ပြန်ထူးတယ်၊ "ဟဲ့-နင်အိပ်ရာက မထသေးဘူးလား၊ ဘာများဖြစ်နေတုန်း၊ နေလို့မှ ကောင်းရဲ့လား"လို့ ဆိုတော့ "မထသေးဘူးသခင်မ၊ ဘာမျှတော့ မဖြစ်ပါဘူး၊ နေလို့လည်း ကောင်းပါတယ်"လို့ ပြန်ပြောလိုက်တယ်။ ဒီလိုပြောလိုက်တော့ **ဝေဒေဟိကာ**က စိတ်ထဲခုသွားတယ်၊ "ဘာမျှ လဲ မဖြစ်ဘူးဆိုတယ်၊ ထချိန်လည်း မထဘူး၊ အလုပ်လုပ်ချိန်လည်း

http://www.dhammadownload.com



မလုပ်ဘူး၊ အင်း . . . . ဒီကောင်မ ဖောက်ပြန်လာပြီ”လို့ စဉ်းစားပြီးတော့ မျက်နှာကလေး ညိုသွားသတဲ့ ဒကာလူရ။ **ကာဠီ**က စုံစမ်းရေးလုပ်နေတာကိုး။ စုံစမ်းထောက်လှမ်းတဲ့ စုံထောက်တို့ ဘာတို့ဆိုတာဟာလေ အင်မတန်မျက်နှာရိပ် မျက်နှာကဲသိတယ်။ **ကာဠီ**က သိပ်ပါးတာ တဒေ့စတစောင်းကြည့်နေတာ။ ဒါကြောင့် သူ့မျက်နှာအိုသွားတာကို **ကာဠီ**က သိသွားတယ်။ ဒီတော့ **ကာဠီ**က စဉ်းစားတယ် “အင်း . . . . တို့သခင်မလည်း စိတ်တော့ ဆိုးတတ်သားပဲနော်၊ အကြောင်းက မရှိလို့ သူစိတ်မဆိုးတာကိုး။ ဒါပေမယ့် မသေချာသေးဘူး၊ ငါထပ်ပြီး စုံစမ်းလိုက်ဦးမှပဲ”လို့ ကြံပြီးနောက်တစ်ရက်လည်း အိပ်ရာက မထပြန်ဘူးတဲ့ ဒကာလူရ။

**ဝေဒေဟိကာ**က အချိန်ကျတော့ အိပ်ရာက ထလာတယ်။ ထလာတော့ မနေ့က တို့ထားလို့ ဖားက နဲနဲထလာပြီနော်၊ ဒီနေ့တစ်ခါ အိပ်နေတာတွေ့ရတော့ စောစောကတည်းက ဖားက ထနေပါပြီ။ ဒါကြောင့် **ကာဠီ**ကို မေးကထဲက အာဏာသံကလေးနဲ့—

“ဟေ့—**ကာဠီ**၊ နင် မထသေးဘူးလား”တဲ့။

“မထသေးဘူး သခင်မ”

“ဘာဖြစ်လို့လဲ”

“ဘာမှ မဖြစ်ပါဘူး သခင်မ”

“ဟင်း . . . . **ကာဠီ**နော် ငါ့အကြောင်းသိမယ်” တဲ့။ ဒီတစ်ခါတော့ မျက်နှာထား တင်းရုံတွင် မကဘူး၊ ပါးစပ်ကပါ ဒေါသစကားကို ပြောလာပြီ။ **ကာဠီ**က စဉ်းစားတယ်၊ “အင်း-တို့သခင်မ စိတ်တော့ဆိုးတတ်သားပဲ၊ ဒါပေမယ်လို့လေ တယ်မသေချာသေးဘူး၊ ထပ်ပြီး စုံစမ်းလိုက်ဦးမှပဲ”လို့ ကြံပြီးတော့ တတိယတစ်ကြိမ်လည်း အိပ်ရာက မထပြန်ဘူးတဲ့။ အရင်နေ့တွေက နှစ်

http://www.dhammadownload.com



ချက်တောင် တို့ထားပြီ၊ ဒီကနေ့ တစ်ချက် ထပ်တို့လိုက်ပြန်တော့ ဖားက တော်တော်ကို ကြီးလာတယ်။

ဒါကြောင့် **ဝေဒေဟိကာ**က လာပြီးတော့ မေးပြန်တယ်—

"ဟဲ့ . . . . **ကာဠီ**၊ နင် အိပ်ရာက မထသေးဘူးလား"တဲ့။

"မထသေးဘူး သခင်မ"

"ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူး သခင်မ"

"ဘာမှမဖြစ်လို့ရှိယင် နင် ငါ့အကြောင်းသိရော့ဟယ်" လို့ ဆိုပြီး တံခါးဂလန့်နဲ့ ပေါက်လိုက်တာ **ကာဠီ**မှာ ခေါင်းကွဲသွားရှာသတဲ့။ ဖားက သုံးခါအတို့ခံရလို့ သိပ်ကြီးလာတာကိုး ဒကာလူရဲ။ ဒါက ဘုရားဟောထားတဲ့ ရှေးက ဝတ္ထုပါ၊ ခုနက ကိုယ်တော်နှစ်ပါး အကြောင်းကတော့ ဦးပန်းမောင်ရဲ့ကိုယ်တွေ့ ပစ္စုပ္ပန်ဝတ္ထု။ ဒီလို အဖြစ်မျိုးကတော့ ဒီပြင်လည်း အများကြီးရှိပါတယ်။

အဲဒီတော့ ခေါင်းကွဲသွားရှာတဲ့ **ကာဠီ**က သွေးသန်တွေ ရဲရဲနဲ့ ဟိုအိမ် ဒီအိမ်ကို လျှောက်ပြီးတော့ တိုင်ကြားတယ်၊ "ကြည့်ကြပါဦး ရှင်မတို့၊ အင်မတန် စိတ်ကောင်း နှလုံးကောင်းရှိတဲ့, သည်းခံတတ်တဲ့, သနားကြင်နာတတ်တဲ့ သူတော်ကောင်းမလေး **ဝေဒေဟိကာ**ရဲ့ လုပ်ပုံကို ကြည့်ကြပါဦး။ အိမ်မှာ ခိုင်းစရာဆိုလို့ရှိယင် ကျွန်မ တစ်ယောက်တည်း ရှိပါတယ်။ နံနက်စောစော အိပ်ရာက မထရမလားဆိုပြီးတော့ သခင်မ **ဝေဒေဟိကာ**က ဆုံးမလိုက်ပုံကို ကြည့်ကြစမ်းပါဦး။ တံခါးဂလန့်နဲ့ ပေါက်လို့ ကျမဖြင့် ခေါင်းကွဲသွားပါပြီရှင့်"လို့ဆိုပြီးတော့ အရပ်ထဲ လိုက်တိုင်သတဲ့။ ဒီတော့ အရပ်ထဲ က အိမ်နီးချင်းတွေက ကဲ့ရဲ့ကြတယ်။ ကဲ့ရဲ့တာက လွယ်တယ်၊ ချီးမွမ်းဖို့ကျတော့ တယ်မလွယ်ဘူး၊ "ဩော် . . . . **ဝေဒေဟိကာ**

http://www.dhammadownload.com



များ ကြမ်းလိုက်တာ၊ ရိုင်းစိုင်းလိုက်တာ၊ တကတည်းမှပဲ ရက်စက်လိုက်တာ၊ သနားခြင်း ကရုဏာလည်း မရှိဘူး၊ တော်တော်ကို ကြမ်းတာပဲ၊ တော်တော်ကို ရိုင်းတာပဲ" ဆိုပြီးတော့ ကဲ့ရဲ့ကြတယ်။ ချီးမွမ်းတုန်းကတော့နည်းနည်း၊ ကဲ့ရဲ့တော့မှ သာပြီးများသတဲ့။ ဟုတ်မှာပဲ၊ လူတွေက သူများအပြစ်ဆိုယင် သိပ်ကဲ့ရဲ့တတ်ကြတယ်။ ချီးမွမ်းဖွယ် ဆိုယင်တော့ တယ်မချီးမွမ်းချင်ကြဘူး။ ကဲ့ရဲ့ပြီဆိုမှဖြင့်လည်း သာသာထိုးထိုးပဲ၊ ချီးမွမ်းတယ် ဆိုယင်တော့ လျှော့လျှော့ပေါ့ပေါ့ပဲ။ ချီးမွမ်းခံရဖို့ကတော့ အင်မတန် ခဲယဉ်းပါတယ်။ ကောင်းတဲ့ဂုဏ်ကလေးတစ်ခုဖြစ်ဖို့ရာဟာ အတော်အားထုတ်ရပါတယ်။ ဖြစ်လာပြန်တော့လည်း အဲဒီဂုဏ်ကလေး ပျက်သွားအောင်ဟာ တစ်သက်ပတ်လုံး အစဉ်အတိုင်း စောင့်ရှောက်သွားရတယ်။ တစ်နေ့ တစ်ရက်လောက် ဖောက်ပြန်သွားလို့ရှိယင် အဲဒီ ရှိပြီးဂုဏ်တွေဟာ အကုန်လုံးပျက်သွားပါရော။ တချို့များ တစ်သက်ပတ်လုံး စောင့်ရှောက်ပြီးလာခဲ့ပေမယ့် သေခါနီးကျမှ တစ်ကြိမ်တစ်ခါလောက် ချွတ်ယွင်းသွားလို့ ဂုဏ်ပုဒ်တွေ ပျက်သွားလိုက်တာ တစ်ခါတည်း ဥဒါန်းတွင်ပြီးကျန်နေရစ်ပါရော။

ယခုပြောခဲ့တဲ့ သာကေဝတ္ထုကတော့ "ဒေါသဟာ တို့တိုင်းကြီးတဲ့ ဖားနဲ့တူတယ်"ဆိုတာကို သာပြီးပေါ်လွင်စေတဲ့ဝတ္ထုပါပဲ။ အဲဒီတော့ ဒကာလူတို့ အမျိုးသားတွေဘက်က "ဒါကတော့ အမျိုးသမီးတွေနဲ့သာ ဆိုင်ပါတယ်၊ တို့နဲ့တော့ မဆိုင်ပါဘူး"လို့ ဒီလို စဉ်းစားချင်လည်း စဉ်းစားလိမ့်ဦးမယ်။ ဒါပေမယ့် ဒကာလူတို့ အမျိုးသားတွေအတွက်လည်း ခုနက ကိုယ်တော်နှစ်ပါးဝတ္ထုကို ပြခဲ့ပြီမဟုတ်လား။ အဲဒါက လူဝတ်ကြောင် ဒကာတွေနဲ့ သိပ်အံမကိုက်သေးဘူးထင်ယင် အံကိုက်တဲ့ ဝတ္ထုတစ်ခုကိုလည်း ထုတ်ပြပါဦးမယ်၊ ဒါမှ အဘက်ဘက်ကစုံသွားမယ်။

http://www.dhammadownload.com



# ခန္တီ-သည်းခံခြင်းအကြောင်းဆွေးနွေးတာမို့ တော်ပါသေးရဲ့

လွန်ခဲ့တဲ့ သုံးလေးနှစ်လောက်က သတင်းစာထဲမှာ တွေ့ရတယ် ဒကာလူရှ မော်လမြိုင်ဘက် သံဖြူဇရပ်ကလို့ပဲ ထင်ပါတယ်။ အိမ်တစ်အိမ်က ဘာသာရေးကိစ္စတစ်ခုမှာ လူကြီး လေးငါးယောက် လက်ဖက်ရည်သောက်ရင်း တရားစကားပြောကြသတဲ့။ အရပ်ထဲမှာ သုမင်္ဂလ, ဒုမင်္ဂလ ကိစ္စရှိပြီဆိုမှဖြင့် ဒကာလူတို့ ယောကျ်ားတွေက ဗဟုသုတရှိတဲ့ ပညာရှိတွေ ဆိုတော့ အဲဒီမှာ သွားပြီးတော့ တရား စကား ဆွေးနွေးပြောဆိုကြရတာကိုး။ ဒီလို တရားစကားတွေ ပြောဆိုမှလည်း အဲဒီက ကျွေးမွေးဧည့်ခံတဲ့ လဖက်တို့, လဖက်ရည်တို့ စားသောက်လို့ ကောင်းတယ်ဆိုကိုး။ ဒါကြောင့် အဲဒီလူကြီး လေးငါးယောက်က တရားစကားဆွေးနွေးနေကြရင်း တစ်ယောက်နဲ့ တစ်ယောက် ငြင်းကြသတဲ့။ ငြင်းကြတော့ တစ်ယောက်နဲ့ တစ်ယောက် မခံချင်စရာ စကားတွေကို ပြောကြတာနဲ့ စိတ်ဆိုးကုန်ပါရောတဲ့။ စိတ်ဆိုးကုန်တော့ တစ်ယောက်နဲ့ တစ်ယောက် ထိုးကြပုတ်ကြ, ရိုက်ကြနဲ့ သွေးထွက်သံယို အနာတရဖြစ်ပြီး နောက်ဆုံးကျတော့ ရဲဌာနရောက်ကုန်သတဲ့ ဒကာလူရှ။ အဲဒီမှာ သတင်းစာဆရာက နိဂုံးချုပ်ပြီး ကောက်ချက်ချလိုက်တယ် "သူတို့ဆွေးနွေးတာက **ခန္တီ—သည်းခံခြင်းအကြောင်း ဆွေးနွေးတာမို့ တော်ပါသေးရဲ့**" တဲ့။ သတင်းစာ ဆရာကလည်း တယ်အချက်ပိုင်တာပဲ၊ **ခန္တီ—**သည်းခံရမယ်-ဆိုတဲ့ ဘုရားအလိုတော်နဲ့ အဲဒီအကြောင်းကို ဆွေးနွေးရာမှာ သည်းမခံနိုင်လို့ ရန်ဖြစ်ကြတာဟာ အတော်ကို အဆင်မပြေတာဘဲ ဒကာလူရှ၊ အဲဒါ ဒကာလူတို့လည်း တွေ့ကောင်း

http://www.dhammadownload.com



တွေ့ပါလိမ့်မယ်။ ဒါလည်း ဥဒ္ဓမ္မာယိက ဖားပဲ ဒကာလူ့ရဲ ဒီဖားက သိပ်ဒုက္ခပေးတာ၊ ဒီဖားကို ပယ်ဖို့ရာ သိပ်အရေးကြီးပါတယ်။

တစ်ဦးနဲ့တစ်ဦး အမျက်ထွက်ကြတယ်, စိတ်ဆိုးကြတယ် ဆိုတာဟာ တခြားကလူတွေနဲ့ မဟုတ်ဘူး၊ အနီးစပ်ဆုံးလူတွေနဲ့ စိတ်ဆိုးကြတာ။ အဝေးကြီးက မဆိုင်တဲ့လူတွေနဲ့ စိတ်ဆိုးရတာက တော့ တယ်မရှိလှပါဘူး။ အနီးဆုံး လူတွေနဲ့ စိတ်ဆိုးရတာပဲ များ ပါတယ်။ လောကမှာ ပြောရိုး ဆိုရိုးကလေးရှိပါတယ်။ ဘာတဲ့ ဒကာလူ့ရဲ လျှာနဲ့ သွား၊ အစက ဘာတဲ့လေ အဲဒါကလေးရှိပါတယ်၊ အဲဒါအနီးဆုံးပဲ ဒကာလူ့ရဲ အဲဒီ အနီးစပ်ဆုံးလူအချင်းချင်း စိတ်ဆိုး ရတတ်ပါတယ်။ တစ်ဦးနဲ့တစ်ဦး သည်းမခံလို့ရှိရင်လေ ဒုက္ခတွေ အများကြီး ရောက်တတ်တယ်။ ဒါကြောင့် ဒီဖားကို ပယ်ဖို့ အရေးကြီး ပါတယ်။ ဆရာနဲ့ တပည့် အတူနေ သီတင်းသုံးဖော်အချင်းချင်း, မိတ်ဆွေ အချင်းချင်း, အိမ်သူအိမ်သားချင်း, အိမ်နီးနားချင်းတဲ့။ ဒီလိုဟာတွေပေါ့ ဒကာလူ့ရဲ "အရေးကြီးတော့ သွေးနီးရာ"ဆိုတဲ့ အတိုင်း အရေးကြီးတဲ့အခါကျတော့လည်း ဒီလူတွေပဲ အားကိုးရ တယ်။ တစ်ယောက်နဲ့တစ်ယောက် အဆင်မပြေလို့ စိတ်ဆိုးကြရင် လည်း ဒီလူတွေနဲ့ပဲ။ ညီအစ်ကို မောင်နှမတွေများ သိပ်ရန်ဖြစ် တတ်ကြတယ်။ ဒါကြောင့် ဒေါသဆိုတဲ့ ဒီ ဖားဟာ အလွန်အရေးကြီး ပါတယ်။ ကမ္ဘာ့နိုင်ငံတွေလိုက်ပြီး နှိပ်စက်နေတာလည်း ဒီဖားပဲ ဒကာလူ့ရဲ။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ သည်းမခံနိုင်လို့ စစ်တိုက်ကြ တယ် ဆိုတာလည်း ဒီဖားကြောင့်ပဲ၊ တယ်ဆိုးတဲ့ဖား။ ဒါကြောင့် ဒီဖားကို လက်မခံနဲ့၊ ဆင်ခြင်ပြီးတော့လည်း ပယ်ရမယ်၊ ရှုမှတ် နိုင်ယင် ရှုမှတ်ပြီးတော့လည်း ပယ်ရမယ်။ ကဲ . . . . သူ့ဆောင်ပုဒ် ကို ဆိုကြစို့။

http://www.dhammadownload.com



**ဖားယုတ်ဆိုတာ ဘယ်ဟာလဲ၊ စိတ်ဆိုးတတ်တဲ့ ဒေါသပဲ။**

## လမ်းခွနှစ်မွှာ

ပြီးတော့ လမ်းခွနှစ်မွှာကို တွေ့ပြန်တယ်တဲ့။ "**ကော ဒွေဓာပထော**—လမ်းခွနှစ်မွှာဆိုတာ ဘယ်ဟာလဲ"ဆိုတဲ့မေးခွန်းကို "**ဒွေဓာ ပထောတိ ခေါ ဘိက္ခု ဝိစိကိစ္ဆာယေတံ အဓိဝစနံ**"လို့ ဖြေတော်မူပါတယ်။

**ဘိက္ခု**—ကဿပရဟန်း။ **ဒွေဓာပထောတိ ဧတံ**—လမ်းခွနှစ်မွှာဟူသော ဤအမည်သည်။ **ဝိစိကိစ္ဆာယ**—ယုံမှားမှုဝိစိကိစ္ဆာ၏။ **အဓိဝစနံ**—အမည်ပေတည်း။ လမ်းခွဲ လမ်းခွဆိုတာ ဝိစိကိစ္ဆာရဲ့ အမည်တဲ့။

ဥပမာအားဖြင့် ကုန်သည်တစ်ယောက်ဟာ ကုန်ဝယ်သွားတယ်ဆိုပါတော့၊ ကုန်ဝယ်သွားတယ်ဆိုရင် ငွေပါရမယ်။ ငွေတွေနဲ့ ပိုက်ပြီးတော့ ကုန်ဝယ်သွားတဲ့ ကုန်သည်တွေကို လုချင်တဲ့ သူတွေကလည်း သူလျှိုတွေထားပြီး စုံစမ်းနေတတ်ကြတယ်။ ဘယ်နေ့ဘယ်ရက်မှာ ဒီလူဟာဖြင့် ကုန်ဝယ်သွားလိမ့်မယ်ဆိုတဲ့ ဒီလိုသတင်းကို စုံစမ်းပြီးတော့ လက်ထောက်ချတဲ့ လူကလည်းရှိတယ်။ ဒီတော့ ဒီနေ့ ဒီရက် ဒီအချိန်သွားလိမ့်မယ်ဆိုတာ လုချင်တဲ့လူတွေက သိတယ်။ အဲဒီ ကုန်သည်သွားတာ သိတော့ လုယက်ချင်တဲ့ လူဆိုးလူမိုက်တွေက လက်နက်ကိုယ်စီနဲ့ နောက်က လိုက်လာသတဲ့။ နောက်က လက်နက်ကိုယ်စီနဲ့ လူဆိုးတွေ လိုက်လာတယ်ဆိုတာ သိရရင် ရှေ့ကသွားနေတဲ့ ကုန်သည်ဟာ မကြောက်ပေဘူးလား။ မြန်မြန်သွားရလိမ့်မယ်၊ ခြေကုန်သုတ်ရလိမ့်မယ်။ အဲဒီလို ခြေကုန်သုတ်ပြီး သွားနေတုန်း

http://www.dhammadownload.com



ကံမကောင်း အကြောင်းမသင့်ချင်တော့ လမ်းခွဲလမ်းခွ တွေ့ပါ သတဲ့။ အဲဒီလမ်းကလည်း သူတစ်ခါမှ မသွားဘူးသေးတဲ့လမ်း ဖြစ် နေတယ်။ သွားဖူးတဲ့ လမ်းဆိုယင်တော့ ကိစ္စမရှိပါဘူး၊ လက်ယာ ဘက်ဖြစ်ဖြစ် လက်ဝဲဘက်ဖြစ်ဖြစ် လိုက်ချင်တဲ့ဘက် လိုက်သွားရုံ ပါပဲ။ ယခုလမ်းကတော့ မသွားဘူးတဲ့လမ်းကို သူပြော လူပြောနဲ့ သွားနေရတာကိုး။ ဒီတော့ လက်ဝဲဘက် လိုက်ရကောင်းမလား လက်ယာဘက်လိုက်ရ ကောင်းမလား၊ လက်ယာဘက်လိုက်ယင် ရန်သူမှ လွတ်မြောက်မလား၊ လက်ဝဲဘက်လိုက်ယင် ရန်သူမှ လွတ် မြောက်မလားလို့ စဉ်းစားနေတယ်တဲ့။ ချီတုံချတုံ စဉ်းစားပြီး နေတာပေါ့။ အဲဒီတော့ နောက်က လိုက်လာတဲ့ ရန်သူတွေက မီလာ တယ်။ မီလာတော့ အဲဒီရန်သူတွေက လူကိုလည်းဖမ်းသတ်၊ ပစ္စည်း ကိုလည်း ယူလို့ အကျိုးမဲ့ဖြစ်သွားပါတယ်တဲ့။ အဲဒါ ဘာကြောင့်တုန်း ဆိုတော့ လမ်းခွဲ လမ်းခွ တွေ့လို့ပါပဲ။ အကယ်၍သာ လမ်းခွဲ လမ်းခွ မတွေ့ဘူးဆိုယင် အဲဒီရန်သူတွေလက်က လွတ်မြောက်သွားမှာပေါ့။ တစ်နည်းအားဖြင့်ဆိုယင် လမ်းခွဲကိုတွေ့ပေမဲ့ ဝေဖန်မနေဘဲနဲ့ တစ်ဘက်ဘက်ကို လိုက်သွားယင်လည်း လွတ်မြောက်သွားမှာပါပဲ။ ဒါပေမယ်လို့ တစ်ဘက်ဘက်ကို မလိုက်ဘဲနဲ့ စဉ်းစားနေတော့ နောက်က ရန်သူတွေက မီလာတာပေါ့။

အဲဒါလိုပဲ၊ တရားအားထုတ်တဲ့ အခါမှာလည်း ဝိစိကိစ္ဆာ ဝင်လာလို့ရှိယင်, ဝိစိကိစ္ဆာနဲ့ ချီတုံချတုံလုပ်နေလို့ရှိယင် ကိလေသာ ရန်သူတွေက မီလာပါတယ်။ တရားအားထုတ်မည့် ပုဂ္ဂိုလ်ကို ဘုန်း ကြီးတို့က သတိပဋ္ဌာန်နည်းအရ တရားအားထုတ်နည်းတွေကို ဟော တယ်။ ကိုယ်အမူအရာတွေ ဖြစ်တိုင်း ဖြစ်တိုင်း နောက်က လိုက်မှတ် ပါ။ သွားယင် သွားတယ်လို့မှတ်၊ ရပ်ယင် ရပ်တယ်လို့မှတ်။ ထိုင်ယင်

http://www.dhammadownload.com



ထိုင်တယ်လို့မှတ်။ လဲလျောင်းယင် လဲလျောင်းတယ်လို့မှတ်။ ကွေးယင် ကွေးတယ်လို့မှတ်။ ဆန့်ယင် ဆန့်တယ်လို့မှတ်။ ဖောင်းရင် ဖောင်းတယ်လို့မှတ်။ ပိန်ရင် ပိန်တယ်လို့မှတ်။ ဒီလို မဟုတ်လား ဒကာလူရှ။

ပြီးတော့ စိတ်ကူးစဉ်းစား ကြံစည်တယ် ဆိုလို့ရှိရင် စိတ်ကူးတယ်, စဉ်းစားတယ်, ကြံစည်တယ်လို့ ပေါ်လာတိုင်းမှတ်ရမယ်။ **စိတ္တာနုပဿနာမှာ သရာဂံဝါ စိတ္တံ**—တပ်မက်မှုနှင့်တကွဖြစ်သော စိတ်ကိုလည်း။ **သရာဂံစိတ္တန္တိ**—တပ်မက်မှုနှင့်တကွဖြစ်သော စိတ်ဟူ၍။ **ပဇာနာတိ**—သိ၏-စသည်ဖြင့် ဟောထားပါတယ်။ **ဝေဒနာနုပဿနာ**ကျတော့ ဝေဒနာတွေ ဖြစ်တိုင်း ဖြစ်တိုင်းမှတ်ဖို့ပါပဲ။ အဲဒါကို မြတ်စွာဘုရားက ဒီလိုဟောထားပါတယ်။ **သုခံ ဝါ ဝေဒနံ ဝေဒယမာနော သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ**—သုခဝေဒနာဖြစ်ရင် သုခဝေဒနာဖြစ်တယ်၊ သုခဝေဒနာ ခံစားတယ်လို့ မှတ်ပါတဲ့။ **ဒုက္ခံ ဝါ ဝေဒနံ ဝေဒယမာနော ဒုက္ခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ**—ဒုက္ခဝေဒနာဖြစ်ရင် ဒုက္ခဝေဒနာ ခံစားတယ်လို့ မှတ်ပါတဲ့။ အဲဒီလို ဝေဒနာတွေ ဖြစ်တိုင်း ဖြစ်တိုင်းမှတ်။ မြင်မှု, ကြားမှု စသည်တွေ ဖြစ်တိုင်း ဖြစ်တိုင်းမှတ်။ ဘုန်းကြီးတို့က ဒီလို ကမ္မဋ္ဌာန်းပေးထားပါတယ်။ အဲဒီလို ပေးထားတဲ့အတိုင်း အားထုတ်နေတဲ့ယောဂီမှာ အားထုတ်နေရင်း ယုံမှားသံသယတွေ ဖြစ်လာတတ်တယ်။ ဒါကတော့ ယုံမှားမကင်းသေးရင် သူက ဖြစ်မှာပေါ့၊ မဖြစ်ပါနဲ့ဆိုလို့ ဘယ်ရမလဲ၊ ဖြစ်တော့ ဖြစ်မှာပဲ။ ဒါပေမဲ့ ဖြစ်လာရင် အဲဒီယုံမှားကို ပယ်ဖို့ လိုပါတယ်။ တခြားပုဂ္ဂိုလ်တွေမှ ဖြစ်တာမဟုတ်ပါဘူး၊ ဘုန်းကြီးတို့မှာလည်း ဖြစ်ဖူးတာပါပဲ။

http://www.dhammadownload.com



# ကိုယ်တိုင် ယုံမှားဖြစ်ရှုံးပုံ

တရားအားမထုတ်ခင်က ဘုန်းကြီးလည်း ဒီသတိပဋ္ဌာန် ရှုမှတ်နည်းကို စပြီး ကြားရတဲ့အခါ "သွားရင် သွားတယ်၊ ရပ်ရင် ရပ်တယ်၊ ထိုင်ရင် ထိုင်တယ်၊ ကွေးရင် ကွေးတယ်၊ ဆန့်ရင် ဆန့်တယ်"လို့ ဒီလို မှတ်ရာမှာ ရုပ်တွေ နာမ်တွေကို ပရမတ္ထသဘော တရားနဲ့ ခွဲခြမ်းစိတ်ဖြာတာလည်း မပါဘူး။ အဋ္ဌကထာမှာ ပြတာလို ရုပ်တွေ၊ နာမ်တွေကို ခွဲခြမ်းစိတ်ဖြာပုံလည်း မပါဘူး။ ဟုတ်မှ ဟုတ်ပါ့ မလားလို့ ယုံမှားဖြစ်ခဲ့တယ်။ ဒါပေမယ်လို့ ဘုန်းကြီးက နောက်ထပ် လည်း စဉ်းစားပါတယ်။

"ဒီကမ္မဋ္ဌာန်းကို ပြတဲ့ **မင်းကွန်းဇေတဝန် ဆရာတော်ကြီး** ဟာ စာပေကျမ်းဂန်တွေကို သူလည်း ကောင်းကောင်းလေ့လာထား တာပဲ။ သူကိုယ်တိုင်လည်း အားထုတ်ထားတာပဲ။ ပြီးတော့ ပါဠိတော်နဲ့ တိုက်ကြည့်ရင်လည်း သူ့ဟာက ကိုက်နေတာပဲ၊ ပါဠိ တော်နဲ့ကိုက်ရင် သူ့ဟာက အမှန်ဖြစ်မှာပဲ"လို့ စဉ်းစားပြီးတော့ ဘုန်းကြီးက အဲဒီ ဆရာတော်ကြီးထံမှာ နည်းနိဿယယူပြီး တရားအားထုတ်ခဲ့ပါတယ်။ အားထုတ်နေရင်းလည်း "ဟုတ်မှ ဟုတ်ပါ့မလား"လို့ စဉ်းစားသေးတာပဲ၊ ယုံမှားပေါ့။ ဒါပေမယ့် "ငါက ဗဟုသုတရှိလို့၊ စဉ်းစားတတ်လို့ စဉ်းစားနေတယ်"လို့ အဲဒီလို ယုံမှားကိုပဲ ဉာဏ်လို့ အောက်မေ့တာကိုး။ သူ့ဟာက အခက်ကြီးပဲ။ ယုံမှားဖြစ်ပေါ်လာပေမယ်လို့ အဲဒါကို ယုံမှားမှန်းသိဖို့က လိုပါသေး တယ်။ ယုံမှားကလည်း "ငါယုံမှားဟေ့"လို့ ဆိုင်းဘုတ်ကြီး တပ်လာ ရင် အကောင်းသားပေါ့။ သူကလည်း ဆိုင်းဘုတ်တပ်လာတာ မဟုတ်ဘူး။ သူက ဘယ့်နှယ်လုပ်ပြီး ဝင်လာတတ်သလဲလို့ဆိုတော့ **"ဥဘယပက္ခ သန္တီရဏ မုခေန ဝိစိကိစ္ဆာဝဍ္ဎေတိ"**တဲ့ **နေတ္တိ အဋ္ဌကထာ**က ဆိုထားတယ်။

http://www.dhammadownload.com



**ဥဘယပက္ခ သန္ထိရဏာ မုခေန**—နှစ်ဦးနှစ်ဖက်ကို ညီညီမျှမျှ စုံစမ်းစစ်ဆေးသော ဉာဏ်ယောင် ဟန်ဆောင်သဖြင့်။ **ဝိစိကိစ္ဆာ**—ယုံမှားမှုက။ **ဝဥ္စေတိ**—လိမ်လည်လှည့်စားတတ်၏။ ဝိစိကိစ္ဆာက လိမ်တတ်တယ်တဲ့။ သူက ဘယ့်နှယ်လိမ်သတုန်းဆိုတော့ နှစ်ဦးနှစ်ဖက်ကို မျှမျှတတဆင်ခြင်တဲ့ ဉာဏ်လိုလို ဘာလိုလိုနဲ့ ဟန်ဆောင်ပြီး လိမ်တတ်တယ်တဲ့။

## ယုံမှားက လူလိမ်နဲ့တူတယ်

လောကမှာ လူလိမ်တွေဆိုတာလည်း ဒီလိုပဲ တစ်မျိုးတစ်မည် ဟန်ဆောင်ပြီးတော့ လိမ်တာ၊ လူလိမ်ပဲဟော့ဆိုပြီး အထင်အရှားလိမ်လို့ ဘယ်ရလိမ့်မှာတုန်း၊ မရဘူး။ ဒီတစ်ခါ ဒီတစ်မျိုးနဲ့ လိမ်သွားပြီး နောက်တစ်ခါ အခြားနည်းတစ်မျိုးနဲ့ လိမ်ပြန်တယ်။ အလိမ်ခံရတဲ့လူက "အင်း .... ဒီတစ်ခါတော့ ငါအလိမ်ခံရပြီ၊ နောက်တစ်ခါ အလိမ်မခံရစေဘူး" ဆိုပေမယ့် နောက်တစ်ခါ တခြားနည်းနဲ့ လာလိမ်ပြန်တော့ အလိမ်မိတတ်ပြန်တာပဲ။

တစ်ခါက ဘုရင်တစ်ပါးက လိမ်တတ်တယ်ဆိုတဲ့လူတစ်ယောက်ကို ခေါ်ပြီးတော့ "ဟေ့ .... မင်းလိမ်တတ်တယ် ဆိုတာ ဟုတ်သလား"လို့ မေးသတဲ့။ "ဟုတ်ပါတယ် အရှင်ဘုရား"လို့ လျှောက်တော့ "အေး .... ဟုတ်လို့ရှိရင် ငါ့ကို လိမ်စမ်းကွာ"လို့ ဆိုသတဲ့။ ဒီတော့ လူလိမ်က "အရှင်မင်းကြီးလို ဘုန်းကြီးတဲ့ ပုဂ္ဂိုလ်တွေ လိမ်ဖို့ကတော့ မလွယ်ပါဘူးဘုရား၊ အရှင်မင်းကြီးလို ဘုန်းကြီးတဲ့ ပုဂ္ဂိုလ်တွေကိုတော့ ရိုးရိုးအဝတ်အစားနဲ့ လိမ်လို့ မဖြစ်ပါဘုရား၊ အရှင်မင်းကြီးဝတ်တဲ့ အဝတ်မျိုး တစ်စုံလောက် ဝတ်ပြီးမှ လိမ်လို့ ဖြစ်နိုင်ပါတယ် ဘုရား"လို့ ပြောသတဲ့၊ "အေး .... ဒါဖြင့်

http://www.dhammadownload.com



ကောင်းပြီ၊ ငါဝတ်တဲ့ အဝတ်မျိုး တစ်စုံပေးလိုက်”လို့ ဆိုပြီးတော့ ဘုရင်ဝတ်တဲ့ အဝတ်ကောင်းမျိုး တစ်စုံကို ပေးလိုက်ပါသတဲ့။ အဲဒီလိုပေးလိုက်တော့ လူလိမ်က “ယခုချက်ချင်းတော့ မလိမ်နိုင်သေးပါ၊ ဘယ်နေ့ ဘယ်ရက်မှာ လာပြီးလိမ်ပါ့မယ်”လို့ ရက်ချိန်းပေးသွားသေးသတဲ့။ အဲဒီရက်ချိန်းပေးတဲ့ နေ့ကျတော့ ရှင်ဘုရင်က အသင့်စောင့်နေတယ်။ “အင်း .... ဟိုအကောင်ဟာ ဒီကနေ့တော့ ငါ့ကို လာလိမ်မှာပဲ၊ ဘယ်လိုများလိမ်မှာပါလိမ့်”လို့ စဉ်းစားနေသတဲ့။ အချိန်ကုန်လို့လည်း အဲဒီလူက မလာဘူး။ ဒါကြောင့် နောက်တစ်ရက်မှာ အဲဒီလူကို ဆင့်ခေါ်ပြီးတော့—

“ဟေ့အကောင်၊ မင်းဟာ ဒီနေ့ဒီရက် ငါ့ကို လာပြီး လိမ်မယ် ဆိုပြီးတော့ ဘာကြောင့် လာမလိမ်တာလည်း” လို့ မေးတယ်။

“လိမ်ပြီးပါပြီကော အရှင်မင်းကြီး”

“ဟာ—အကောင် နင်—ဘယ့်နှယ်လိမ်တာတုန်း”

“ဟိုတစ်နေ့က ကျွန်တော်မျိုးက လိမ်လို့ အရှင်မင်းကြီးဆီက ဝတ်စုံတစ်စုံတောင်ရပြီးပါပြီကော”လို့ လျှောက်တော့မှ။

“အင်း .... အဟုတ်သားပဲ”လို့ ဒီတော့ အလိမ်ခံရမှန်း သိသတဲ့ ဒကာလူရေ။

အဲဒါလိုပဲ၊ ဝိစိကိစ္ဆာက လိမ်တယ်ဆိုပေမယ့် လိမ်မှန်းမသိဘူး၊ သူ့ကို ဉာဏ်မှတ်နေတတ်တယ်။ ဒီတော့ ဝိစိကိစ္ဆာက ဉာဏ်ယောင်ဆောင်ပြီး လိမ်သွားမှာလည်း စိုးရိမ်ရတယ် ဒကာလူရေ။ ခုနက စောစောပိုင်းက ပြောခဲ့တဲ့ တံခါးဂလန့်နဲ့ ဒီဝိစိကိစ္ဆာဟာ ဆက်စပ်နေတယ်။ ဘုန်းကြီးတို့က တံခါးဂလန့်ပွင့်အောင်လို့ ဟောတယ်၊ ဝိစိကိစ္ဆာကို ပယ်ဖို့လည်း ဟောတယ်။ ဒီအထဲမှာ ဝိစိကိစ္ဆာက ဉာဏ်ယောင် ဆောင်ဆောင်ပြီး အမျိုးမျိုးဝေဖန်နေပါရော့။ အဲဒါနဲ့

http://www.dhammadownload.com



ယုံကြည်မှု သဒ္ဓါတရားတွေ ပျက်ကုန်တတ်တယ်။ အဲဒါ အရေးကြီးပါတယ်။ ဒါကြောင့် ဝိစိကိစ္ဆာဆိုတဲ့ ယုံမှားမှု၊ဝေဖန်စဉ်းစားမှု ဖြစ်လာရင် ရှုမှတ်ပြီး ပယ်ရမယ်။ ဘုန်းကြီးတို့လည်း ရှုရင်း မှတ်ရင်းနဲ့ နောက်ပိုင်းကျတော့ သဘောပေါက်လာပါတယ်။ "သွားတယ်၊ ရပ်တယ်၊ ထိုင်တယ်၊ ကွေးတယ်၊ ဆန့်တယ်၊ ဖေါင်းတယ်၊ ပိန်တယ် စသည်ဖြင့် ကိုယ်အမူအရာတွေကို မှတ်တာဟာ အခြေခံ အစ လောက်တွင်မဟုတ်ဘူး။ အစရော၊ အလယ်ရော၊ အဆုံးရော အကုန်လုံး အပြည့်အစုံပဲ"လို့ သဘောပေါက်လာပါတယ်။ အဲဒီတော့မှ ဝိစိကိစ္ဆာ ကင်းသွားတာ ဒကာလူရ။ "မြင်တိုင်း မြင်တိုင်းမှတ်၊ ကြားတိုင်း ကြားတိုင်းမှတ်၊ နံတိုင်း၊ စားတိုင်း၊ တွေ့ထိတိုင်းမှတ်၊ ကွေးတိုင်း၊ ဆန့်တိုင်း၊ လှုပ်ရှားတိုင်းမှတ်၊ စိတ်ကူး ကြံစည်တိုင်းမှတ်၊ ဝေဒနာတွေ ဖြစ်တိုင်းမှတ်"လို့ ဆိုတဲ့အတိုင်း အကုန်မှတ်ပြီး သိနေယင် ဘာကျန်သေးသလဲ၊ ဘာမျှ မကျန်တော့ဘူး။ ဖြစ်တိုင်း ဖြစ်တိုင်း မှတ်နေရင် အမှန်သဘောတွေ မသိနိုင်ပေဘူးလား။ (သိနိုင်ပါတယ်ဘုရား)။ အမှန်သဘောရင်းတွေ သိပြီးတော့ အဲဒီ အမှန်သဘောရင်းတွေရဲ့ အစရော၊ အဆုံးရော အဲဒါတွေကိုလည်း သိနိုင်တယ်မဟုတ်လား။ ဖြစ်တိုင်း ဖြစ်တိုင်း အစမှ အဆုံးတိုင် အောင် စောင့်ပြီး ကြည့်နေရင် သိတာပေါ့၊ စောင့်မကြည့်ရင်တော့ မသိဘူး။ ဥပမာ-ကောင်းကင်မှာ လျှပ်စစ်လက်တယ်၊ အဲဒါကို စောင့်ပြီးကြည့်တဲ့ ပုဂ္ဂိုလ်က လျှပ်စစ်လက်ပုံကို သေသေချာချာ သိတယ်။ အဲဒါလိုပဲ ဖြစ်ခိုက် ဖြစ်ခိုက် အမူအရာတွေကို ရှုမှတ်နေရင် သဘောမှန်တွေကို သေသေချာချာသိတယ် ဒကာလူရ။

နောက်ဥပမာတစ်ခုကတော့ ခြတန်းကြီးကို မြင်ဖူးတယ် မဟုတ်လား။ အမှတ်တမဲ့ ကြည့်လို့ရှိရင်တော့ ခြတန်းကြီးဟာ

http://www.dhammadownload.com



အရှည်ကြီးလို့ ထင်ရတာပေါ့။ အနီးအပါး သေသေချာချာသွားပြီး ကြည့်စမ်းပါ။ ခြကောင်ကလေးတွေဟာ တစ်ကောင်စီ တစ်ကောင်စီ ကွဲနေတယ်မဟုတ်လား။ တစ်ကောင်နဲ့ တစ်ကောင် မဆက်ပါဘူး၊ ဘယ်ကလာပြီး အတန်းကြီး ဟုတ်ရမလဲ။ ဒီလိုသိတာဟာ သေသေချာချာ သွားကြည့်လို့ မဟုတ်လား။ အဲဒါလိုပဲ၊ ဖြစ်ခိုက် ပျက်ခိုက် ရုပ်နာမ်တွေကို စူးစူးစိုက်စိုက် မပြတ်ရှုမှတ်နေရင် ရုပ်နာမ်ကလေးတွေဟာ တစ်ဆက်တည်း အရှည်ကြီးမဟုတ်ဘူး။ တစ်ခုချင်း တစ်ခုချင်း ဖြစ်ပျက်နေတယ်။ အင်မတန် အဖြစ်အပျက်မြန်တဲ့တရားတွေပဲ၊ မမြဲတဲ့တရားတွေပဲဆိုတာ ကိုယ်ပိုင်ဉာဏ်နဲ့ ပိုင်းခြားပြီး သိနိုင်ပါတယ် ဒကာလူရ။

ပြီးတော့ နောက်ဥပမာတစ်ခုက ဒကာလူရေ၊ သဲအိတ်ကြီးကို တွဲလွဲဆွဲထားလိုက်စမ်း၊ ဆွဲထားပြီးပြီနော်။ အောက်က အပေါက်ကလေး ဖေါက်လိုက်၊ သဲတွေ တန်းပြီးတော့ ကျမနေပေဘူးလား။ အဲဒါကို သဲတန်းကြီးလို့ ထင်ရတာနော်။ သဲအိတ်ကြီးကို အရှေ့ဘက်တွန်းလိုက်၊ အောက်က ကျနေတဲ့ သဲတန်းကြီးပါ အရှေ့ဘက် ရွှေ့သွားတယ်လို့ မထင်ရဘူးလား။ အနောက်ဘက် ပြန်ဆွဲလိုက်၊ သဲတန်းကြီး အနောက်ဘက် ရွှေ့သွားတယ်လို့ မထင်ရဘူးလား။ ထို့အတူပဲ၊ မြောက်ဘက်တွန်းလိုက်ယင် မြောက်ဘက် ရွှေ့သွားတယ်လို့ ထင်ရတယ်၊ တောင်ဘက်တွန်းလိုက်ယင် တောင်ဘက် ရွှေ့သွားတယ်လို့ ထင်ရတယ်။ အမှန်အားဖြင့်တော့ သဲတန်းကြီး ရွှေ့တာ မဟုတ်ဘူး ဒကာလူရ။ သဲလုံးကလေးတွေ အဆင့်ဆင့် ရွှေ့ရွှေ့ပြီး ကျနေတာ။ အဲဒါကို သေသေချာချာ စဉ်းစားကြည့်ယင် ကျပြီးသား သဲလုံးလေးတွေက တစ်ဖန်များလာတာ မဟုတ်ဘူး၊ အသစ်သဲလုံးတွေ ရွှေ့ရွှေ့ကျတာ မဟုတ်လား။ အဲဒါလိုပဲ ဒကာလူရ၊ ဖြစ်တိုင်း

http://www.dhammadownload.com



ဖြစ်တိုင်းကို လိုက်မှတ်လို့ရှိရင် အသစ်အသစ်တွေ ဖြစ်ပြီးတော့ ပျက်လိုက်၊ ဖြစ်ပြီးတော့ ပျက်လိုက်နဲ့ ဖြစ်ပျက်သဘောကို မသိရပေဘူးလား။ (သိပါတယ်ဘုရား)။

ဒါကြောင့် မြင်တိုင်း၊ ကြားတိုင်း၊ တွေ့တိုင်း၊ သိတိုင်း ဒွါရခြောက်ပါးက ပေါ်လာသမျှတွေကို ရှုမှတ်နေရတဲ့ သတိပဋ္ဌာန်နည်းဆိုတာဟာ အကြမ်းမဟုတ်ဘူး ဒကာလူရ၊ မကြမ်းလို့ဘဲ မြတ်စွာဘုရားက "**ဂစ္ဆန္တောဝါ ဂစ္ဆာမီတိ ပဇာနာတိ**" စသည်ဖြင့် ဟောထားတာ။ အကယ်၍သာ ဒီအတိုင်း ရှုရုံ၊ သိရုံနဲ့ မပြည့်စုံသေးလို့ရှိယင် မြတ်စွာဘုရားက အပြည့်အစုံ ပြင်ပြီးဟောမှာပေါ့။ ဟောဖို့ အလွယ်ကလေးပဲ။ "**ဂစ္ဆန္တော ဝါ**—သွားသည်ရှိသော်လည်း။ **နာမရူပဿ**—နာမ်နှင့် ရုပ်ဟူ၍။ **ပဇာနာတိ**—သိ၏။"လို့ ဒီလိုဟောမှာပေါ့ ဒကာလူ ရ။ ဒီလိုမှ မဟောခဲ့ဘဲဟာဘဲ။ တကယ် ဟောခဲ့တာကတော့ "**ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ**—သွားရင်လည်း သွားသည်ဟု သိ၏"လို့သာ ဟောခဲ့တာပဲ ဒကာလူရ။ အဲဒီတော့ ဒီလိုရှုမှတ်ပြီးသိတာဟာ အကြမ်းမဟုတ်ဘူး၊ အကြမ်းလို့ထင်ရင် အဲဒါ ဝိစိကိစ္ဆာပဲ။ ဒီဝိစိကိစ္ဆာကို ပယ်နိုင်အောင် အပြည့်အစုံ ဟောဖို့ကတော့ ဒီကနေ့အချိန် ကုန်သွားပြီ၊ နက်ဖြန်ခါကျမှပဲ ဒါကလေး ထပ်ပြီးရှင်းရဦးမယ်။ နက်ဖြန်ခါကျတော့ ဒါကလေးကို လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်နဲ့ သိပုံပါထုတ်ပြပြီး ရှင်းရမယ်၊ ပြီးတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သိပုံတွေ ပါပြပြီးလည်း ရှင်းရမယ်။ ဒီကနေ့တော့ ဒီတွင်ပဲ ရပ်ပြီးတော့ ၂-မိနစ်လောက် တရားအားထုတ်ပြီး တရားသိမ်းဦးမှပါပဲ။

**(ဆို) လမ်းခွဆိုတာ ဘယ်ဟာလဲ၊ ဝေဖန်စဉ်းစား ယုံမှားပဲ။**

http://www.dhammadownload.com



အဖြေဆောင်ပုဒ် သုံးပုဒ်ထဲက ၂-နံပါတ် အပိုဒ်လည်း ပြီးသွားပြန်ပြီ။ အဲဒါကို ဆိုကြရမယ်။

**(ဆို) ပေါက်တူး—ပညာ၊ တူးတာ—အားထုတ်၊ မင်းတုပ်—အဝိဇ္ဇာ၊ ဖားမှာ—ဒေါသ၊ လမ်းနှစ်ခွ—မှတ်ကြယုံမှားတည်း။**

ပေါက်တူးဆိုတာက ပညာပဲ။ တူးတယ်ဆိုတာက အားထုတ်တာတဲ့၊ ဝီရိယပါပဲ။ သမ္မပ္ပဓာန်ဝီရိယပေါ့။ မင်းတုပ်ဆိုတာက အဝိဇ္ဇာတဲ့၊ ကမ္မဋ္ဌာန်းနည်းကို မသိတာ နားမလည်တာပါပဲ။ အဲဒီမင်းတုပ်ဟာ ပွင့်တန်သမျှတော့ ပွင့်နေပါပြီ၊ နက်ဖြန်လည်း ထပ်ဖွင့်ရဦးမယ်။ ဖားဆိုတာက ဒေါသပဲ၊ မိမိတို့သန္တာန်မှာ ဒေါသဖြစ်လာလို့ရှိရင် ဖားပဲလို့ နှလုံးသွင်းဆင်ခြင်ပြီးတော့ ပယ်ရမယ်။ မှတ်နိုင်ရင်လည်း ရှုမှတ်ပြီးပယ်ရမယ်။ ပြီးတော့ "လမ်းနှစ်ခွ—မှတ်ကြ ယုံမှားတည်း"လို့ ဆိုတဲ့အတိုင်း လမ်းနှစ်ခွဆိုတာ ယုံမှားပဲ၊ ဒီယုံမှား ကို နက်ဖြန်ခါကျမှ ဆက်ပြောရဦးမယ်။ ဒီကနေ့တော့ တရားအား ထုတ်ကြဦးစို့။

## ၂—မိနစ်အားထုတ်မှု

အားထုတ်ပုံကတော့ မနေ့ညကလည်း ပြောပြီးပါပြီ၊ ခုနက လည်း တော်တော်ပါသွားပါပြီ။ ဒါပေမယ့် နည်းနည်းတော့ ပြောပါဦးမယ်။ ဘယ်လိုအားထုတ်ရမလဲဆိုယင် သတိပဋ္ဌာန်နည်း အရ ကိုယ်အမူအရာတွေ ဖြစ်တိုင်း ဖြစ်တိုင်း ရှုရမယ်၊ ကိုယ်အမူ အရာတွေ ဖြစ်တိုင်းဖြစ်တိုင်း ရှုလို့ရှိရင် တစ်ပိုင်းစီ တစ်ပိုင်းစီ ပိုင်းခြားပြီး သိလာလိမ့်မယ်။ ခုနက ပြောခဲ့တဲ့ ဥပမာကလေးအရ ကောင်းကင်က လျှပ်စစ်လက်တာကို ကြည့်မိရင် အကုန်သိတယ်

http://www.dhammadownload.com



မဟုတ်လား၊ ဝင်းလက်သွားတာလည်း သိနိုင်တယ်၊ ပေါ်လာတဲ့အစလည်း သိနိုင်တယ်၊ ဆုံးသွားတာလည်း သိနိုင်တယ်။ အဲဒါလို ပါပဲ၊ ဖြစ်ခိုက် ဖြစ်ခိုက်ကလေးကိုသာ လိုက်ပြီးတော့မှတ်၊ သေသေချာချာသိတယ်။ စာနဲ့ပေနဲ့ ကျက်မှတ်ပြီး ရုပ်သဘော, နာမ်သဘောတွေ သိတယ်ဆိုတာကတော့ နာမည်ကို သိတာ။ တချို့က အဲဒါတွေမှ ပရမတ် အစစ်လို့မှတ်နေတယ်။ ဘယ်ဟုတ်လိမ့်မှာတုန်း၊ ဘုန်းကြီးက အဲဒီလို ထင်တဲ့လူကို သေသေချာချာ မေးစစ်ပြမယ်။

"ရုပ် အနိစ္စ, ရုပ် အနိစ္စလို့ ဆိုပြီး ရှုနေတယ်" ဆိုပါတော့ သူ့ဟာ ဝေါဟာရကတော့ အမှန်သားပဲ။ ရုပ်ဆိုတာလည်း ရူပံဆိုတဲ့ ပါဠိနဲ့ ညီတယ်၊ အနိစ္စဆိုတာကလည်း အနိစ္စံဆိုတဲ့ပါဠိနဲ့ ညီတယ်။ ဒါကြောင့် သူဟာ ဝေါဟာရကတော့ အမှန်သားပါပဲ။ ဒါပေမယ်လို့ အဲဒီပုဂ္ဂိုလ်ကို သေသေချာချာ မေးကြည့်ပါ၊ "ရုပ် အနိစ္စ"လို့ ဆိုတာက ဘယ်ဟာကို အာရုံပြုပြီးတော့ နှလုံးသွင်းနေတာလဲ၊ ဘယ်ရုပ် မမြဲတာကို သိသလဲလို့ မေးကြည့်ပါ၊ ဘယ်ရုပ်မျှ မဟုတ်ပါဘူး။ "ရုပ် အနိစ္စ" ဆိုတဲ့ နာမည်လောက်ပဲသိတယ်။ အဲဒီရုပ်ဟာ လွန်ခဲ့ပြီးသောကာလက တွေ့ခဲ့ရတဲ့ အတိတ်ရုပ်လား၊ နောင်မှဖြစ်မယ့် အနာဂတ်ရုပ်လား၊ ယခုလောလောဆယ် ဖြစ်ပေါ်နေတဲ့ ပစ္စုပ္ပန်ရုပ်လားလို့ မေးကြည့်ပါ၊ ဘာမျှမဟုတ်ဘူး။ ကိုယ့်သန္တာန်က ရုပ်လား၊ သူများသန္တာန်က ရုပ်လားလို့ မေးကြည့်ပါ၊ ဘယ်က ရုပ်မှ မဟုတ်ဘူး။ "ကိုယ့်သန္တာန်က ရုပ်ပါ"လို့ဆိုရင် ခေါင်းထဲက ရုပ်လား၊ ကိုယ်ထဲက ရုပ်လား၊ လက်ထဲက ရုပ်လား၊ အရေခွံရဲ့ အပေါ်ယံက ရုပ်လား၊ ဒါမှမဟုတ်ရင် အတွင်းက အသားထဲ, အရိုးထဲ, အသဲထဲက ရုပ်လား၊ ဘယ်က ရုပ်လဲလို့ မေးကြည့်ပါ။ ဘယ်ကရုပ်မှ မဟုတ်ဘူး။ ရုပ်ဆိုတဲ့ နာမည်နဲ့ အနိစ္စ ဆိုတဲ့ အမည်ကို သူစဉ်းစားနေတာပဲ။

http://www.dhammadownload.com



ဒါတွေကို စိတ်ထဲကနေပြီး ခေါက်တုံ့ ခေါက်ပြန် နှလုံးသွင်းနေတာပဲ။ စာပြန်နေတာနဲ့ တူပါတယ်၊ ဒါလောက်ပါပဲ။

ဒါပေမယ့် သေသေချာချာ မစဉ်းစားလို့ရှိရင် အဲဒါကမှ ပရမတ်လို့ ထင်တတ်တယ်။ "ဖောင်းတယ်, ပိန်တယ်, ထိုင်တယ်, ထိတယ်, ကွေးတယ်, ဆန့်တယ်"လို့ မှတ်ယင် အဲဒါတွေကို ပညတ်လို့ ထင်တတ်တယ်။ သဘာဝကျကျ စဉ်းစားလိုက်ရင်တော့ "ဖောင်းတယ်, ပိန်တယ်, ထိုင်တယ်, ထိတယ်လို့ မှတ်သိတာတွေက တကယ့် သဘောသဘာဝကို ကျကျနနသိတာ။

သိပုံကတော့-ဖောင်းတယ်လို့ မှတ်တဲ့အခါ ဖောင်းတက်လာတဲ့သဘော, တောင့်တဲ့သဘော, တင်းတဲ့သဘော, လှုပ်ရှားတဲ့ သဘော၊ ဒါကလေးတွေကို သိတယ်။ နက်ဖြန်ခါကျမှ ဘုန်းကြီးက ဒါတွေကို သေသေချာချာ ရှင်းပြပါဦးမယ်။

"ကွေးတယ်, ဆန့်တယ်"လို့ မှတ်သိတာဟာ လှုပ်ရှားတဲ့ သဘောအမှန်တွေကို သိနေတာ မဟုတ်လား၊ အဲဒါကမှ ပရမတ် အစစ်တွေ။ ခုနက လျှပ်စစ်ဥပမာနဲ့ စဉ်းစားကြည့်ပါ။ လျှပ်စစ် လက်တာကို မမြင်ဘူးတဲ့လူဟာ "လျှပ်ရောင်လက်ပြီး ပျောက်သွားတယ်" လို့ နှလုံးသွင်းရုံနဲ့ အမှန်သိ ဖြစ်နိုင်ပါ့မလား။ (မဖြစ်နိုင်ပါဘုရား) လျှပ်စစ်လက်နေတုန်း ကြည့်မှ လက်ပြီး ပျောက်သွားတာကို အမှန်အတိုင်းသိတာ။ "တော်တော်ကြာတော့ ဒီနားက လက်လိမ့်မယ်"လို့ မှန်းပြီးကြည့်ရင် မှန်းတဲ့အတိုင်း ဖြစ်ပါ့မလား။ (မဖြစ်ပါဘုရား) စိတ်ကူးနဲ့ မှန်းတဲ့အတိုင်း မဖြစ်ပါဘူး။ တကယ်လက်တာကို သေသေချာချာကြည့်မိမှ အမှန်ကို မြင်တာ၊ အဲဒါလို ဒွါရခြောက်ပါး က ဖြစ်တိုင်း ဖြစ်တိုင်း ရုပ်နာမ်ကလေးတွေကို ဖြစ်ခိုက် ဖြစ်ခိုက် မှတ်တာဟာ သဘာဝအကျဆုံးပဲ။ ဒါကြောင့် မြတ်စွာဘုရားက

http://www.dhammadownload.com



**"ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ"**စသည်ဖြင့် ဟောထားတာ။ အဲဒီအတိုင်း ယခု မှတ်ရမှာပဲ။

မြင်တိုင်း မြင်တာကိုမှတ်၊ ကြားတိုင်း ကြားတာကိုမှတ်၊ တွေ့ထိတိုင်း တွေ့ထိတာကိုမှတ်၊ ကွေးတိုင်း, ဆန့်တိုင်း, လှုပ်ရှားတိုင်း အဲဒါတွေကိုမှတ်၊ ဖောင်းတာ, ပိန်တာလည်း တွေ့ထိတာထဲမှာ ပါတယ်၊ ဒါကြောင့် ဝမ်းဗိုက်က ဖောင်းတိုင်းပိန်တိုင်း အဲဒါတွေလည်း မှတ်၊ စိတ်ကူး စဉ်းစားတိုင်း အဲဒါတွေကိုမှတ်၊ ဝေဒနာတွေ ဖြစ်တိုင်း ဖြစ်တိုင်းမှတ်၊ ဒါပါပဲ။ ဒါပေမယ်လို့ အားထုတ်ခါစတော့ ဒါတွေကို အကုန်လုံး လိုက်ပြီးတော့ မမှတ်နိုင်သေးဘူး၊ ဒါကြောင့် နည်းနည်း ကစပြီးမှတ်ရမယ်။ ဘယ်ကစပြီး မှတ်ရမှာတုန်းဆိုရင် ဘုန်းကြီး တို့ကတော့ ဖောင်းတာ, ပိန်တာကစပြီး အမှတ်ခိုင်းနေပါတယ်။ ဒီပြင်နေရာက စပြီးမှတ်ရင်လည်း ဖြစ်ပါတယ်။ ဖြစ်ခိုက်ရုပ်နာမ်ကို မှတ်တာဆိုရင် အကုန်လုံး အမှန်ချည်းပါပဲ။ ဘယ်သူ့ဟာကိုမှ မှားတယ်လို့ ဘုန်းကြီးတို့က မပြောဘူး။ ဖြစ်ခိုက်မှတ်သိတာဟာ အမှန်ချည်းပါပဲ။ ဒါကြောင့် "ဖြစ်တိုင်းမှတ်ရှု၊ သတိပြု၊ စောင့်မှု အစဉ်ထား"တဲ့။ မနေ့ကပေးခဲ့တဲ့ ဆောင်ပုဒ်ကလေး၊ ဒကာလူ မနေ့က မပါဘူး၊ ကိုင်း . . . . ဒါကလေးကို ဒီကနေ့ ဆိုကြဦးစို့။ အဲဒါကလေးက တိုတိုနဲ့ အင်မတန် ကောင်းပါတယ်၊ **အရိယာဝါသ တရားထဲက** ထုတ်ထားတာ။

**(ဆို) ဖြစ်တိုင်းမှတ်ရှု၊ သတိပြု၊ စောင့်မှုအစဉ်ထား။**

ဖြစ်တိုင်း မှတ်ပါတဲ့၊ မြင်မှု ဖြစ်တိုင်း မှတ်ပါ၊ ကြားမှု ဖြစ်တိုင်း, နံမှုဖြစ်တိုင်း, စားသိမှုဖြစ်တိုင်း, တွေ့ထိမှုဖြစ်တိုင်း မှတ်ပါ တဲ့။ တွေ့ထိတယ်ဆိုတာ ဘယ်ကထိထိပေါ့၊ တင်ပါးက ထိနေတာကို "ထိတယ် ထိတယ်"လို့မှတ်၊ အဲဒါဟာ မှန်တာပဲ။ ဒူးက ထိနေတာကို

http://www.dhammadownload.com



"ထိတယ် ထိတယ်"မှတ်၊ မှန်တာပဲ။ လက်က ထိနေတာကို "ထိတယ် ထိတယ်"မှတ်၊ မှန်တာပဲ။ ခေါင်းက ထိနေတာကို "ထိတယ် ထိတယ်"လို့မှတ်၊ မှန်တာပဲ။ ထွက်သက်ဝင်သက်က နှာခေါင်းမှာ တိုက်ထိနေတာကိုမှတ်၊ မှန်တာပဲ။ အူထဲ အသဲထဲက ထိနေတာကို "ထိတယ် ထိတယ်"လို့မှတ်၊ မှန်တာပဲ။ ဗိုက်က ထိနေတာကို "ထိတယ် ထိတယ်"လို့မှတ်၊ မှန်တာပဲ။ အဲဒီဗိုက်က ဖောင်းလိုက်၊ ပိန်လိုက်နဲ့ တောင့်တင်း လှုပ်ရှားနေတာကို "တောင့်တယ်၊ တင်းတယ်၊ လှုပ်ရှားတယ်"လို့မှတ်၊ မှန်တာပဲ။ "ဖောင်းတယ်၊ ပိန်တယ်"လို့မှတ်၊ ဒါလည်းမှန်တာပဲ။ ကိုယ် တစ်ကိုယ်လုံးမှာ ခေါင်းကစပြီး ခြေဖဝါးတိုင်အောင် အားလုံးသောရုပ်တွေဟာ ရှုကောင်းတဲ့ ရုပ်ချည်းပဲ၊ ဒီအထဲမှာ မရှုကောင်းတဲ့ ရုပ်ရယ်လို့ ဘာမျှမရှိဘူး။

ဖောင်းတာ၊ ပိန်တာ မရှုကောင်းဘူးလို့ တချို့က ပြောကြတယ်။ ဒီပြင်ရုပ်တွေတော့ ရှုကောင်းလျက်သားနဲ့ ဗိုက်ကရုပ်ကိုတော့ မရှုကောင်းဘူးလို့ ဘယ်ကျမ်းဂန်က ဆိုတုန်းဒကာလူရ။ (မသိလို့ ပြောတာပါဘုရား)။ ဘယ်သူကမှ မဆိုနိုင်ပါဘူး၊ တံခါးဂလန့်ကို အရမ်းလာပိတ်တာ ဒကာလူရ။ ဒီလိုလက်ဆော့ ခြေဆော့ နှုတ်ဆော့တဲ့ လူတွေက ရှိတယ်။ ကိုယ်တစ်ကိုယ်လုံးမှာ ဘယ်ကရုပ်ပဲ ဖြစ်ဖြစ် ရှုကောင်းတယ်၊ အဲဒါ ကိန်းသေမှတ်ထား။ နက်ဖြန်ခါကျမှ ဘုန်းကြီးက ထပ်ပြီး ရှင်းပါဦးမယ်။ ဒီဥစ္စာတွေက အရေးကြီးတယ်၊ ရှင်းထားမှ ယုံမှားကင်းသွားမှာ။ ယခု စက်တွေက အသံဖမ်းထားတော့ သိပ်နေရာကျပါတယ်။ နောင်အစဉ် မှတ်တမ်းရသွားမယ်။

အဲဒီတော့ ဘယ်နေရာက ရုပ်ပဲဖြစ်ဖြစ် ထင်ရှားရင် မှတ်နိုင်တယ်။ "**ယထာပါကဋံ ဝိပဿနာဘိနိဝေသော**"တဲ့၊ မဟာဋီကာက မိန့်ဆိုထားပါတယ်။ **ဝိပဿနာဘိနိဝေသော**— ဝိပဿနာ

http://www.dhammadownload.com



ကိုစ၍ နှလုံးသွင်းခြင်းသည်။ **အဘိနိဝေသ**ဆိုတာ သဒ္ဒါနက်အရက တော့ ဝိပဿနာထဲစပြီး ဝင်တာတဲ့၊ ဝိပဿနာ လုပ်ငန်းခွင်ထဲကို စပြီး ဝင်လိုက်တာလို့ ဆိုလိုပါတယ်။ ဒါပေမယ်လို့ ဝိပဿနာ စပြီး ရှုတယ်လို့ ပြောရတယ်၊ ဒီလိုပြောမှ နားလည်လွယ်တယ်။ **ဝိပဿနာ ဘိနိဝေသော**—ဝိပဿနာလုပ်ငန်းခွင်သို့ စ၍ဝင်ခြင်းသည်။ **ဝါ**— ဝိပဿနာစ၍ ရှုခြင်းသည်။ **ယထာပါကဋံ**—ထင်ရှားသည့် အစဉ် အတိုင်း။ **ဟောတိ**—ဖြစ်၏။ ထင်ရှားတဲ့အစဉ်အတိုင်း ရှုရမယ်လို့ ဆိုပါတယ်။ ဘုန်းကြီးကျောင်းတွေမှာ ကျောင်းသားတွေကို အစဉ် အတိုင်းခေါ်တဲ့အခါ "ဟေ့- ကြီးစဉ်ငယ်လိုက် လာကြ"လို့ ပြောရပါ တယ်။ အဲဒီလိုခေါ်ရင် အကြီးဆုံးက ပထမလာတယ်။ ပြီးတော့ သူ့အောက်က ဒုတိယ ကျောင်းသားအကြီးက လာရတယ်၊ ပြီးတော့မှ သူ့အောက်က တတိယကျောင်းသားကြီးကလာတယ်၊ နောက်ဆုံး ကျောင်းသား အငယ်ဆုံးအထိ အစဉ်အတိုင်း လာရတယ်။ အဲဒါလိုပဲ၊ ဒီမှာလည်း ထင်ရှားစဉ်အတိုင်းဆိုတော့ အထင်ရှားဆုံး သဘော တရားကစပြီး ရှုရတယ်။ အဲဒီ အထင်အရှားဆုံးတွေကို ကောင်း ကောင်းရှုနိုင်လာပြီဆိုမှ သူ့လောက် မထင်ရှားတဲ့ ဒုတိယ သဘော တရားကို ရှုရမယ်၊ သူကလည်း အဲဒီအခါကျတော့ ထင်ရှားနေပါပြီ။ ပြီးတော့မှ သူ့လောက် မထင်ရှားတဲ့ တတိယသဘောတရားကို ရှုရမယ်၊ အဲဒါကလည်းအဲဒီအခါ ထင်ရှားနေပါပြီ။ အဲဒီနည်းဖြင့် နောက်ဆုံးကျတော့ အသိမ်မွေ့ဆုံး မျက်တောင်ခပ်တာကလေးထိ အောင် လိုက်ရှုရမယ်။ ယခု အားထုတ်စမှာတော့ အကြမ်းဆုံးက စပြီး ရှုရလိမ့်မယ်။ ဒါကြောင့်ဝမ်းဗိုက် ဖောင်းတာ, ပိန်တာကစပြီး ရှုရမယ်။

http://www.dhammadownload.com



ဗိုက်ကို စိတ်နဲ့စိုက်ထား၊ ဖောင်းစက ဖောင်းဆုံးတိုင်အောင် ဖောင်းတက်လာတာကို ဖောင်းတယ်လို့ ရှုရမယ်၊ ပိန်စက ပိန်ဆုံးတိုင်အောင် ပိန်ကျသွားတာကို ပိန်တယ်လို့ ရှုရမယ်။ ဖောင်းတယ် ပိန်တယ်, ဖောင်းတယ် ပိန်တယ်လို့ အဲဒီလို မပြတ်ရှုနေရမယ်၊ အသက်, ရှူတော့ နှေးအောင်, မြန်အောင်, ထင်ရှားအောင် ဘာမျှမပြုပြင်ရဘူး၊ ပါးစပ်ကလည်း မဆိုရပါဘူး။ သိရုံကလေး ရှုနေရုံပါပဲ။ လိုရင်းကတော့ ဖောင်းတက်လာတာကလေးနဲ့ ပိန်ကျသွားတာကလေးကို အစက အဆုံးတိုင်အောင် သေသေချာချာ သိသွားဖို့ ဒါပဲလိုပါတယ်။ အဲဒီလို "ဖောင်းတယ် ပိန်တယ်, ဖောင်းတယ် ပိန်တယ်"လို့ စိတ်ကလေးနဲ့ မှတ်ပြီးနေရင်း စိတ်က တခြားကို ထွက်သွားတာလည်း ရှိလိမ့်မယ်။ အဲဒါဟာ **နီဝရဏ** တွေပါပဲ။ နောက်အပိုဒ်ကျရင် လာပါလိမ့်မယ်။ **နီဝရဏ**တွေဟာ ရေစစ်နဲ့တူသတဲ့။ အဲဒီ **နီဝရဏ** စိတ်ကူးတွေကို ဖြစ်တိုင်း ဖြစ်တိုင်းမှတ်၊ ပြီးရင် ဖောင်းတာ ပိန်တာ ပြန်မှတ်၊ ကိုယ်ထဲက ညောင်းတာ, ပူတာ, နာကျင်ကိုက်ခဲတာတွေ ပေါ်လာရင် အဲဒါတွေလည်းမှတ်၊ ပြီးရင် ဖောင်းတာ ပိန်တာ ပြန်မှတ်။ အသံကြားရင် ကြားတာမှတ်၊ စဉ်းစားမိရင် စဉ်းစားတာ မှတ်၊ ပြီးရင် ဖောင်းတာ ပိန်တာ ပြန်မှတ်၊ ဒါပါပဲ။ ယခု တစ်ထိုင် အတွင်း တစ်ခဏ ကလေးအတွင်းမှာတော့ မှတ်ရမှာက ဒါလောက်ပါပဲ၊ အချိန်ကလည်း ၂-မိနစ်ဆိုတော့ မကြာပါဘူး။

**အစ္ဆါ ဤမာယ ပဋိပဒါယ ဧရာမရဏာမှာ ပရိမုစ္စိ သာာမိ။** လွတ်မြောက်ရမှာပဲလို့ နှလုံးသွင်းပြီး အားထုတ်ပါတဲ့။ အဋ္ဌကထာဆရာက မှာထားတယ်။ ဒီလိုတစ်ခဏကလေး အားထုတ်တာကလည်း ပါရမီမျိုးစေ့ဖြစ်ပြီးတော့ နောက်ကာလမှာ

http://www.dhammadownload.com



မဂ်ဖိုလ်နိဗ္ဗာန်ကို ရသွားစေနိုင်ပါတယ်။ ပြီးတော့ အချို့ပါရမီပြည့်စုံနေတဲ့ ပုဂ္ဂိုလ်မှာ ဆိုရင်လည်း ဒီလို တစ်ခဏကလေးအတွင်းမှာပဲ မဂ်ဖိုလ်ကို ရနိုင်ပါတယ်။ ဘုရားလက်ထက်က တရားနာရင်း သောတာပန်ဖြစ်တာလည်းရှိတယ်၊ သကဒါဂါမ် ဖြစ်တာလည်း ရှိတယ်၊ အနာဂါမ် ဖြစ်တာလည်းရှိတယ်၊ ရဟန္တာ ဖြစ်တာလည်း ရှိတယ်။ အဲဒီပုဂ္ဂိုလ်တွေဟာ ဒီလိုနှလုံးသွင်း ရှုမှတ်ပြီးတော့ ဖြစ်သွားကြတာတွေပဲ ဒကာလူရ။

တချို့ကတော့ "သောတာပန်ဆိုတာ တရားအားထုတ်ဖို့ မလိုဘူး၊ တရားနာရုံနဲ့ ကိစ္စပြီးတယ်"လို့ ဆိုကြတယ်။ ဒီလိုမဟုတ်ပါဘူး ဒကာလူရ။ **သောတာပန်ဟာ တရားနာရုံနဲ့ ဖြစ်တာလည်းရှိတယ်၊ အားထုတ်မှ ဖြစ်တာလည်းရှိတယ်။ ဒီလို ၂-မျိုးရှိပါတယ်။ ထို့အတူ သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်တာတွေလည်း နှစ်မျိုးစီရှိနေပါတယ်။**

မြတ်စွာဘုရား ဓမ္မစကြာတရား ဟောတုန်းက ဓမ္မစကြာတရားအဆုံးမှာ တရားရပြီး သောတာပန် ဖြစ်သွားတာဟာ **ပဥ္စဝဂ္ဂီငါးပါး**ထဲက **အရှင်ကောဏ္ဍည**တစ်ပါးတည်းပဲ။ ကျန်တဲ့လေးပါးက တရားအားထုတ်ကြရပါတယ်။ **အရှင်ဝပ္ပ**က တစ်ရက် အားထုတ်ရတယ်၊ **အရှင်ဘဒ္ဒိယ**က နှစ်ရက်အားထုတ်ရတယ်၊ **အရှင်မဟာနာမ်**က သုံးရက်အားထုတ်ရတယ်၊ **အရှင်အဿဇိ**က လေးရက်အားထုတ်ရတယ်။ အဲဒီလေးပါးဟာ တစ်ရက်နှစ်ရက် သုံးရက်လေးရက် ဒီလို အသီးအသီး အားထုတ်ပြီးမှ သောတာပန်ဖြစ်ရုံကလေး ရှိသေးတယ် ဒကာလူရ။ အဲဒီပုဂ္ဂိုလ်လေးပါးကို ထောက်ဆကြည့်မယ်ဆိုရင် သောတာပန်ဖြစ်အောင်လည်း တရားအားထုတ်ရတယ် ဆိုတာဟာ အလွန်ထင်ရှားပါတယ်။ တရားနာရုံနဲ့ချည်း သောတာပန်ဖြစ်တယ်ဆိုလို့ရှိရင် မြတ်စွာဘုရားက ဒီပုဂ္ဂိုလ်တွေပင်ပန်းအောင်

http://www.dhammadownload.com



လို့ ဘယ်မှာအားထုတ်ခိုင်းပါ့မလဲ။ "တရားနာရုံနဲ့ သောတာပန်ဖြစ်တယ်" လို့ဆိုတဲ့ ယခု ခေတ်လူတွေက သူတို့ကိုယ်သူတို့ သိပ်သတ္တိပြကြတယ်၊ အထင်ကြီးကြတယ်။ သူတို့အပြောအဟောကောင်းလို့ သူတို့သာ ဟောလိုက်လို့ရှိရင် ဟောရုံနဲ့ တရားနာတဲ့သူတွေ သောတာပန် ဖြစ်တယ်လို့ ဒီလိုပြောကြသတဲ့၊ သူတို့က မြတ်စွာဘုရားထက် အပြောအဟော ကောင်းနိုင်ပါ့မလား ဒကာလူရဲ၊ မြတ်စွာဘုရားဟာ အဟောအပြော အကောင်းဆုံးပဲ၊ မြတ်စွာဘုရားဟာ ဟောနည်းပြောနည်းကို အသိဆုံး နားအလည်ဆုံးပဲ မဟုတ်လား ဒကာလူရဲ။

နောက်ပြီးတော့ ဟိုတုန်းကတရားဦးနာရတဲ့**ပဉ္စဝဂ္ဂီ**ဆိုတာတွေဟာလည်း လူညံ့တွေမဟုတ်ဘူး။ တကယ့်ပညာရှိကြီးတွေ **လက်ဦးရဟန္တာ**ဖြစ်မယ့်ပုဂ္ဂိုလ်ကြီးတွေ ခေါင်ထိပ်ကပုဂ္ဂိုလ်ကြီးတွေပဲ၊ ဒီ ပုဂ္ဂိုလ်ကြီးတွေဟာ ဉာဏ်နုံတဲ့ ပုဂ္ဂိုလ်တွေ မဟုတ်ပါဘူး၊ ဒီတော့ တရားနာရုံနဲ့သာ သောတာပန်ဖြစ်မယ်ဆိုရင် မြတ်စွာဘုရားက ဘယ်မှာတရားအားထုတ်ခိုင်းလိမ့်မတုန်း။ဘုရားက တစ်ခါဟောလို့ သောတာပန်မဖြစ်သေးရင် နောက်တစ်ခါ ထပ်ပြီး ဟောလိုက်မှာပေါ့၊ နှစ်ခါဟောလို့ မဖြစ်သေးရင် သုံးခါဟောလိုက်မှာပေါ့။ အမှန်ကတော့ အဲဒီလေးပါးမှာ အားထုတ်မှ သောတာပန်ဖြစ်မှာမို့ အားထုတ်ခိုင်းတာပါဘဲ။ အဲဒါကိုလဲ အထူးမှတ်ထားကြရမယ်။

ဒီတော့ "ယခုလို တရားအားထုတ်ခြင်းဖြင့် အိုခြင်း, နာခြင်း, သေခြင်းအစရှိတဲ့ သံသရာဝဋ်ဆင်းရဲက ငါဟာ လွတ်မြောက်ရပေတော့မယ်၊ အင်မတန်မြင့်မြတ်တဲ့ အလုပ်ကြီးကို လုပ်ရပေတော့မယ်"လို့ နှလုံးသွင်းပြီးတော့ လေးလေးစားစား အားထုတ်ပါတဲ့။ ကဲ . . . . အားထုတ်ကြစို့ ခါးကို စန့်စန့်ထား။ (ဒီကနောက်

http://www.dhammadownload.com



မနေ့ကပြောပုံနှင့်တူပြီ) ကဲ . . . . ဒီကနေ့လည်း တရားဆောင်ပုဒ်ကလေးတွေကို ဆိုပြီး တရားပွဲကိုသိမ်းကြစို့။

မီးခိုးညဥ့်ခါ။ပ။ ဆယ့်ငါးဝှက်စာ အစဉ်တည်း။

တောင်ပို့-ကိုယ်ထည်။ပ။ တပည့်ကား -မှတ်သား ယောဂီတည်း။

ပေါက်တူး-ပညာ။ပ။ လမ်းနှစ်ခွ-မှတ်ကြ ယုံမှားတည်း။

နီဝရဏ-တူလှ့ရေစစ်။ပ။ မှတ်သားရဟန္တာတည်း။

ဤဝမ္မိကသုတ်တရားတော်ကို ရိုသေစွာနာယူကြရသော ဓမ္မသဝနကုသိုလ်ကံ စေတနာတို့၏ အစွမ်းအာနုဘော်ကြောင့် ယခုတရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည် ဤတရားတော်ကို ပြီးဆုံးသည့်တိုင်အောင် အပြည့်အစုံနာကြားနိုင်ကြ၍ ဤတရားတော်၌ ညွှန်ပြထားသော ဘာဝနာ လုပ်ငန်းစဉ်တို့ကို ထိုက်သည်အားလျော်စွာ ကျင့်ကြံပွားများအားထုတ်နိုင်ကြ၍ ဝိပဿနာဉာဏ်အစဉ် အရိယမဂ်ဉာဏ်အစဉ်ဖြင့် ဆင်းရဲခပ်သိမ်း ငြိမ်းရာဖြစ်သော နိဗ္ဗာန် ချမ်းသာတရားတော်မြတ်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု. . . . သာဓု. . . . သာဓု. . . ။

**ဝမ္မိကသုတ် ဒုတိယပိုင်း ဤတွင်ပြီး၏။**

http://www.dhammadownload.com



# ဝမ္မိကသုတ်တရားတော် တတိယပိုင်း

## အနှုသစန္ဒကား

ဒီကနေ့ညတော့ ဝမ္မိကသုတ်တရားတော်ကြီးကို အပြီး အဆုံးဟောရမယ် ဒကာလူရ။ ဟောစရာတွေကတော့ များပါသေး တယ်၊ ခပ်တိုတို ဟောသွားရမှာပဲ။ ကဲ . . . . ဆောင်ပုဒ်က စဆို ကြစို့။

**(ဆို) မီးခိုးညဥ့်ခါ၊ နေ့မှာမီးပျို့၊ တောင်ပို့မြင်လတ်၊ ဆရာမြွတ်က၊ တပည့်လုအား၊ ပေါက်တူးသွားဖြင့်၊ ခွဲခြားစေ ရာ၊ ပေါ်လာမင်းတုပ်၊ ဖားယုတ်တွေ့ရ၊ လမ်းခွနှစ်မြွာ၊ ဆပ် ပြာရေစစ်၊ လိပ်ညစ်တလီ၊ ဓားစဉ်းတီနှင့်၊ တွေ့ပြီအသား၊ နတ်နဂါး၊ ဆယ့်ငါးပုဒ်စာ အစဉ်တည်း။**

ညအခါကာလ မီးခိုးတွေထွက်လို့ နေ့အခါကာလ မီးလျှံတွေ ထွက်နေတဲ့ တောင်ပို့ကြီးကို ပြာဟ္မဏဆရာကြီးက မြင်တော့ တပည့်လုလိမ္မာကိုခေါ်ပြီး ပေါက်တူးသွားဖြင့် တူးဖြိုစေတယ်တဲ့။ အဲဒီ တပည့်က တူးဖြိုတဲ့အခါ ရှေးဦးစွာ မင်းတုပ်တွေ့ရတယ်။ မင်းတုပ်ဆိုတာ ဘာလဲဆိုတော့ အဝိဇ္ဇာတဲ့၊ မနေ့ကပြောခဲ့ပြီ။ ဒီ အဝိဇ္ဇာကလည်း တခြားအဝိဇ္ဇာ မဟုတ်ဘူး၊ ကမ္မဋ္ဌာန်းနည်းကို နားမလည်တဲ့ အဝိဇ္ဇာတဲ့။ ဝိပဿနာဉာဏ်ဖြစ်အောင် ဘယ်လိုအား ထုတ်ရမယ် ဆိုတဲ့ နည်းကို နားမလည်တဲ့ အဝိဇ္ဇာတဲ့။ အဲဒီနားမလည် တာကို နားလည်အောင်လို့ ဘုန်းကြီးတို့က တရားဟောရတယ်ဆို တာ၊ မနေ့က ပြောခဲ့ပြီ မဟုတ်လား။

**ဣရိယာပထပဗ္ဗ**နဲ့ စပ်ပြီးတော့ ဝိပဿနာရှုပုံကို **လယ်တီ ဆရာတော်ဘုရားကြီး**က စပြီးတော့ ဘုရား၏ အလိုတော်ကျ ပါဠိ

http://www.dhammadownload.com



တော်မူရင်းအတိုင်း ဘာသာပြန်ပြီး ပြထားတယ်နော်။ အဲဒီ ပြထားပုံကိုပါ မနေ့ညက ထည့်ပြီးတော့ ဟောခဲ့တယ်။ အဲဒါဟာ နား မလည်တဲ့ အဝိဇ္ဇာကို ပယ်ထုတ်နေတာပဲ၊ တံခါးမင်းတုပ်ကို ဖြုတ်ပြီးတော့ ဖွင့်ပေးတာပဲ ဒကာလူရ။ အဲဒီဖြုတ်ပြီး ပယ်ထုတ်ထား တဲ့ တံခါးမင်းတုပ်ကို လက်ဆော့တဲ့လူက ထိုးပြီးပိတ်မသွားအောင် သတိပြုဖို့ မနေ့က ပြောခဲ့ပြီ။

"ပေါ်လာမင်းတုပ်၊ ဖားရှုပ်တွေ့ရ"တဲ့၊ မင်းတုပ်တွေ့ပြီး တော့ ဖားကိုတွေ့တယ်။ ဖားဆိုတာ ဒေါသပဲ၊ အမျက်ထွက်တဲ့ ဒေါသပဲ။ အဲဒါလည်း မနေ့က အကျယ်ပြောခဲ့ပါပြီ။ "ဖားရှုပ်တွေ့ရ၊ လမ်းခွနှစ်မြွာ"တဲ့။ ဖားပြီးတော့ လမ်းခွနှစ်မြွာကို တွေ့တယ်။ လမ်းခွ နှစ်မြွာဆိုတာ ယုံမှားပဲ၊ အဲဒီယုံမှားအကြောင်းကို မနေ့က တစ်ဝက် တစ်ပျက်လောက် ပြောပြီးပြီ။ ဒီကနေ့ထပ်ပြီး ရှင်းလင်းရလိမ့်ဦးမယ်။ သူက အရေးကြီးတယ်။ အလုပ်တစ်ခုကိုလုပ်ရာမှာ ဒီယုံမှားက ဝင်ပြီး နှောင့်ယှက်လို့ရှိယင် ဘာမျှလုပ်လို့မဖြစ်ဘူး။

## ယုံမှားကို ထပ်၍ရှင်းလင်းချက်

တချို့က ပြောကြတယ် "ယုံတယ်ဆိုတာ ကိုယ်တိုင်တွေ့မှ ယုံနိုင်မယ်"တဲ့။ ယခုခေတ်မှာ လူတွေက လက်တွေ့ကို အများကြီး အားကိုးအားထား ပြုကြတယ်။ ဒါကြောင့် "သိပ္ပံနည်းကျကျ ကိုယ် တိုင်တွေ့မှပဲ ယုံနိုင်မယ်၊ ကိုယ်တိုင်မတွေ့ဘဲနဲ့ မျက်စိမှိတ်ပြီး မယုံနိုင် ဘူး"လို့ ဒီလိုပြောကြတယ် ဒကာလူရ။ သူတို့ပြောတာလည်း ဆိုး တော့ မဆိုးလှဘူး။ ရှေးရှေးခေတ်ဟောင်းတွေက မျက်စိမှိတ်ပြီးတော့ ယုံလာခဲ့တဲ့ ဘာသာအယူဝါဒတွေကလည်း လောကကြီးမှာ များနေ တယ်။ အဲဒါနဲ့ စပ်ပြီးကြည့်မယ်ဆိုရင်တော့ လက်တွေ့လည်း ရှိဦး

http://www.dhammadownload.com



မှပေါ့၊ "ရှေးက ဟောခဲ့ ပြောခဲ့တဲ့လူတွေရဲ့ စကားတွေကို အကုန်လုံး ပုံပြီး ယုံရမယ်" ဆိုလို့ရှိယင် ဒါကတော့ သဘာဝမကျပေဘူး။ လက်တွေ့လည်း ရှိဖို့ လိုပါတယ်။

ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ တရားတော်တွေကတော့ လက်တွေ့လည်း ရှိပါတယ်။ လက်တွေ့ကိုလည်း အားကိုးရပါတယ်။ သို့သော်လည်း "အကုန်လုံး လက်တွေ့ချည်းပဲ ယူရမယ်" လို့ ဒီလိုလည်း တထစ်ချယူထားလို့တော့ မဖြစ်ပေဘူး။ ကိုယ်က အားမထုတ်ရသေးတဲ့အတွက် မတွေ့သေးပေမယ်လို့ သူများက အားထုတ်ပြီး တွေ့မြင်ထားလို့ တကယ်တွေ့တဲ့အတိုင်း ဟောပြထားတာတွေလည်း ရှိသေးတယ်၊ အဲဒါတွေလည်း ယုံရတာပါပဲ။ သူများတွေ့ထားတယ်ဆိုတာတွေလည်း ကိုယ်က တကယ်ကျင့်လို့ရှိယင် ကိုယ်တိုင်လည်း တွေ့နိုင်ပါတယ်။ မြတ်စွာဘုရား၏ တရားတော်ဟာ "**သန္ဒိဋ္ဌိကော**"တဲ့၊ **သန္ဒိဋ္ဌိကဂုဏ်**နဲ့ ပြည့်စုံပါတယ်။ **သန္ဒိဋ္ဌိကော**—ကျင့်ကြံအားထုတ်က မုချကိုယ်တိုင် တွေ့မြင်နိုင်တဲ့ တရားတော်မြတ်ပါပေတကား။ ကိုယ်တိုင်ကျင့်ရင် ကိုယ်တိုင်တွေ့တဲ့တရားတဲ့။ ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်က "ကိုယ်တိုင်ကျင့်ကြည့်ပါ၊ ကိုယ်တိုင်တွေ့ပါလိမ့်မယ်"လို့ တာဝန်ခံတယ် ဒကာလူရေ။ ဘယ်လိုတွေ့မှာလည်းဆိုယင် မြတ်စွာဘုရားက "ရုပ်တရား, နာမ်တရား နှစ်ပါးသာရှိတယ်၊ ပုဂ္ဂိုလ်သတ္တဝါကောင်, အတ္တကောင် မရှိဘူး"လို့ ဒီလိုဟောထားတယ်၊ အဲဒီလို ဟောထားတဲ့ တရားကို ကိုယ်တိုင်ကျင့်ကြည့်ပါ၊ ကိုယ်တိုင်တွေ့ပါလိမ့်မယ်။ ကိုယ်တိုင်က မကျင့်သေးဘဲနဲ့တော့ မယုံဘူးဆိုပြီး ငြင်းနေလို့ မဖြစ်ဘူး။ သူ့ဥစ္စာ ကိုယ်တိုင်လည်းကျင့်ပြီး စမ်းကြည့်ပါဦးမှပေါ့။ စမ်းမကြည့်ဘဲနဲ့ စောစောထဲက "အို .... ကိုယ်မှ မတွေ့သေးဘဲနဲ့ မယုံနိုင်

http://www.dhammadownload.com



ဘူး”ဆိုလို့တော့ မဖြစ်ဘူး ဒကာလူရ။

ဥပမာအားဖြင့် ဒကာလူတို့ မုံရွာမြို့ကနေပြီး ရထားစီးသွားလို့ရှိရင် မန္တလေးကို ရောက်တယ် မဟုတ်လား။ အဲဒါ သွားဖူးတဲ့လူတွေမှာတော့ ထင်ရှားနေပါတယ်။ လူတစ်ယောက်က ဒီရထားကို မစီးဖူးဘူး၊ မန္တလေးကို မသွားဖူးဘူးဆိုပါတော့။ အဲဒီလူကို “ဒီရထားကြီး စီးသွားဗျာ၊ မန္တလေးရောက်ပါလိမ့်မယ်”လို့ လူတစ်ယောက်က ပြောလို့ရှိရင် “ဟာ .... ခင်ဗျားပြောတာကို ကျုပ်တော့ မယုံနိုင်ဘူး၊ ဘာ့ကြောင့်တုန်းဆိုတော့ ကျုပ်ကိုယ်တိုင် မစီးဖူးဘူး၊ မရောက်ဖူးဘူး။ ဒါကြောင့် မယုံနိုင်ဘူး”လို့ ပြောပြီးတော့၊ အဲဒီလူက ရထားမစီးဘဲ နေမယ်ဆိုပါတော့၊ ဒီလူဟာ မန္တလေးရောက်ပါဦးမလား၊ မရောက်တော့ပါဘူး။ ဘာကြောင့်လဲ မယုံလို့ဘဲ မဟုတ်လား။ “ဒါဖြင့် ရထားကို မစီးပါနဲ့၊ မော်တော်ကားကို စီးပါ”လို့ ဆိုရင်လည်း “ကျုပ် မစီးဘူးလို့, မရောက်ဘူးလို့ မယုံဘူး”လို့ ငြင်းပယ်နေပြန်ရင်လည်း အဲဒီလူဟာ မန္တလေးကို မရောက်တော့ဘူး။ “ဒါဖြင့် သင်္ဘောကြီး စီးသွားပေတော့”လို့ ဆိုတော့လည်း “ဒီသင်္ဘောလည်း ကျုပ်မစီးဖူးဘူး၊ မယုံဘူး”လို့ ဆိုပြီး မစီးဘဲနဲ့ နေရင် ရောက်ပါတော့မလား၊ တစ်ခုခုတော့ စီးသွားမှဖြစ်မှာ။ ကိုယ်က မရောက်ဖူးပေမယ်လို့, ကိုယ်က မစီးဖူးပေမယ်လို့ သူများတွေက စီးသွားလို့ ရောက်နေကြတာကို အခြေအနေနဲ့ ကြည့်လိုက်လို့ရှိယင် ရောက်နိုင်တဲ့ လက္ခဏာတွေ ထင်ရှားနေပါတယ်။ သူများတကာတွေ သွားနေကြတယ်ဆိုရင် အဲဒါ ယုတ္တိရှိနေဒါပဲ ဒကာလူရ၊ ယုံပါမှပေါ့။ မီးရထား, မော်တော်ကား, သင်္ဘောတွေထက် လေယာဉ်ပျံကမှ သာပြီး မယုံကြည်စရာကောင်းတာ၊ လေယာဉ်ပျံများဟာ ဘယ်ဆီက ဘယ်သွားမှန်းလည်း မသိဘူး၊ လမ်းလည်း မရှိဘူး။

http://www.dhammadownload.com



ကိုယ့်နိုင်ငံထဲ မှာတောင် မသိလို့ရှိရင် ကိုယ်ရောက်လိုရာကို ရောက်မလား, မရောက်ဘူးလား ဆိုတာကို သံသယဖြစ်စရာပဲ။ နိုင်ငံခြားဆိုရင် သာပြီးသံသယဖြစ်စရာ ရှိတာပေါ့၊ ဒါပေမယ်လို့ သူတစ်ပါးတွေလည်း သွားနေကြတယ်။ ရောက်လည်းရောက်နေကြတယ်ဆိုတော့ ရောက်နိုင်တဲ့လက္ခဏာ အခြေအနေတွေဟာ ထင်ရှားနေပါတယ်။ ဒါကြောင့် ယုံရတာပဲ။ ယုံပြီးတော့ စီးသွားတဲ့ ပုဂ္ဂိုလ်တွေဟာ အလိုရှိရာကို ရောက်ကြတယ်။ "ဟာ .... မယုံနိုင်ဘူး၊ မစီးဘူး" လို့ဆိုရင်တော့ အဲဒီ ပုဂ္ဂိုလ်ဟာ လိုရာကို မရောက်နိုင်တော့ဘူး။

အဲဒါလိုပါပဲ ဒကာလူရ။ မြတ်စွာဘုရားရဲ့ တရားဒေသနာတော်တွေက ဒီလိုဟောထားတယ်။ "ဒီလို အားထုတ်ကြည့်ပါ"တဲ့။ သတိပဋ္ဌာန်ပါဠိတော်မှာ "**ဧကာယနော မဂ္ဂေါ**-အရိယမဂ်ကို ရဖို့ရာ တစ်ခုတည်းသောလမ်း, နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ရာ တစ်ခုတည်းသောလမ်း" လို့ ဟောထားပါတယ်။ ကျင့်ရမည့်လမ်းစဉ်ကိုလည်း "ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ"စသည်ဖြင့် ဟောထားပါတယ်။ သွားရင် သွားတယ်လို့ သိပါတဲ့။ ရပ်ရင်လည်း ရပ်တယ်၊ ထိုင်ရင်လည်း ထိုင်တယ်၊ အိပ်ရင်လည်း အိပ်တယ်၊ ကွေးရင်လည်း ကွေးတယ်၊ ဆန့်ရင်လည်း ဆန့်တယ် စသည်ဖြင့် သိပါတဲ့။ ဒီအထဲမှာ သွားတဲ့အခါ ဝါယောဓာတ် ပြဋ္ဌာန်းနေတော့ ထောက်ကန်တဲ့, တောင့်တင်းတဲ့ **ဝိတ္ထမ္ဘနလက္ခဏာ**လည်း ထင်ရှားနေပါတယ်။ ဒါပေမယ့် "ထောက်ကန်တယ်, တောင့်တင်းတယ်" လို့ ဒီလို ရှုဖို့လည်း မဟောခဲ့ပါဘူး။ **သမုဒီရဏရသ**ကို ငဲ့ပြီးတော့ "လှုပ်ရှားတယ်"လို့ ဒီလိုရှုဖို့လည်း မဟောခဲ့ပါဖူး။ **ပေလ္လန**လို့ ဖွင့်တဲ့ **ဋီကာနည်း**ဖြင့် "တွန်းတယ် တွန်းတယ်"လို့ ရှုဖို့လည်း မဟောခဲ့ပါဘူး။

http://www.dhammadownload.com



အမှန်ဟော ခဲ့တာကတော့ **ဂစ္ဆာမိတိ** "သွားတယ်" လို့ပဲ ရှုဖို့ ဟောခဲ့ပါတယ်။ ဘာကြောင့် ဒီလို ရှုဖို့ဟောပါသလဲဆိုရင် လူတိုင်း ရှုနိုင်အောင် သိလွယ်လို့ ဟောခဲ့တာပါပဲ။ သွားတယ်ဆိုတာ ပြောဆို နေကျ လောကဝေါဟာရ စကားပဲ။ ဒီအတိုင်းဆိုတော့ လူတိုင်း သိလွယ်တယ်၊ ရှုဖို့လွယ်တယ်။

ဒါကြောင့် မြတ်စွာဘုရားက "**ဂစ္ဆာမိတိ**–သွားတယ်"လို့ ရှုရမယ်လို့သာ ဟောခဲ့ပါတယ်။ သို့သော်လည်း သွားတယ်လို့ ရှုတဲ့ အခါ သိတာကတော့ တောင့်တာ တင်းတာ လှုပ်ရှားတာ တွန်းတာ တွေကို အကုန်လုံးပဲ သိသွားပါတယ်။ ဒီနေရာမှာ လုပ်ငန်းစဉ် အရ လိုရင်းကတော့ ရှုတဲ့အခါ ပြောဆိုနေကျ လောကဝေါဟာရ အတိုင်းသာရှု။ အဲဒီလိုရှုရင် ကိုယ်ထဲက ဖြစ်ပေါ်တဲ့ သဘောတရား တွေကို အမှန်အတိုင်းသိသွားရမယ်။ ဒါပဲလိုပါတယ်။ အဲဒါကို "ကျုပ်တို့တော့ ကိုယ်တိုင်လည်း မတွေ့ဖူးသေးလို့ သူပြော လူပြောနဲ့ တော့ မယုံနိုင်ဘူး။ ကိုယ်တိုင်တွေ့မှပဲ ယုံမယ်" ဆိုပြီးတော့ အား မထုတ်ဘဲနေရင် အဲဒီလူဟာ ဝိပဿနာဉာဏ်ကို ရပါဦးမလား။ သူ့သန္တာန်မှာ ဝိပဿနာဉာဏ်အစစ် မဖြစ်နိုင်တော့ဘူး ဒကာလူရဲ့။ ဝိပဿနာ အစစ်မဖြစ်တော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေကို သူရနိုင် ပါဦးမလား။ (မရနိုင်ပါဘုရား)။ ခုနက ရထားတို့, ကားတို့, သင်္ဘော တို့, လေယာဉ် ပျံတို့ကို မယုံလို့ မစီးဘဲနေတော့ ခရီးမရောက်ဘဲ နေတာနဲ့ မတူဘူးလား။ ဒီလိုရှိမှာပဲ ဒကာလူရဲ့။ အဲဒီတော့ ကိုယ်က သွားမကြည့်သေးဘဲနဲ့ အလုပ်ကို လုပ်မကြည့်သေးဘဲနဲ့ စောစော စီးစီးက လုံးလုံးမယုံဘဲ နေတာကတော့ မတော်ဘူးပေါ့။ စမ်းသပ် လည်း ကြည့်ဦးမှပေါ့။

http://www.dhammadownload.com



တစ်နည်းအားဖြင့်ဆိုရင်တော့ လူတစ်ယောက် အဖျားတက်နေတယ် ဆိုပါတော့။ အဲဒီလူကို ဆေးဆရာက "ဒီဆေးကလေး စားလိုက် ပျောက်လိမ့်မယ်"လို့ ပြောပြီးတော့ အဖျားပျောက်စေတတ်တဲ့ ဆေးကိုပေးတယ်။ ဒီတော့ အဲဒီလူက "ဟာ. . . . ကျုပ် ဒီဆေး မစားဖူးဘူးဗျာ။ ဒီဆေးနဲ့ ရောဂါလည်း မပျောက်ဖူးဘူး၊ ကျုပ်မယုံနိုင်ဘူး" ဆိုပြီးတော့ မစားဘဲနေရင် ရောဂါပျောက်နိုင်ပါမလား။ အမှန်ကတော့ တတ်သိနားလည်တဲ့ ပုဂ္ဂိုလ်ကပြောရင် အဲဒါမျိုးလည်း လက်ခံရသေးတယ်။ လက်ခံပြီးစားကြည့်လို့ မပျောက်မှ မယုံဘဲနေချင်လည်း နေနိုင်ပါတယ်။ သူညွှန်ကြားတာကို ဘာမျှ မလုပ်သေးဘဲနဲ့ စောစောကတည်းက မယုံဘဲနေလို့ရှိရင် သူ့ရောဂါ မပျောက်ရုံရှိမှာဘဲ။ မြတ်စွာဘုရားရဲ့ တရားတော်က အဲဒီရောဂါ ပျောက်စေနိုင်တဲ့ ဆေးနဲ့လည်း တူပါတယ်။ ကျင့်ကြည့်မှ အကျိုးကို တွေ့နိုင်ပါတယ်။ အင်မတန်လည်း အရေးကြီးပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက သတိပဋ္ဌာန်နည်းလမ်းကို အားထုတ်ကြည့်ပါတဲ့။ အားထုတ်ကြည့်လို့ရှိရင်ဖြင့် "**သန္ဒိဋ္ဌိကော**—မှချကိုယ်တိုင် တွေ့မြင်နိုင်တဲ့ တရားတော်" ဆိုတဲ့ ဒိဂုဏ်ကျေးဇူးကို ကိုယ်တိုင် တွေ့ရပါလိမ့်မယ်။ ဆိုကြဦးစို့။

**သန္ဒိဋ္ဌိကော၊ ကျင့်ကြံအားထုတ်က မှချကိုယ်တိုင် တွေ့မြင်နိုင်သော တရားတော်မြတ်ပါပေတကား။**

ကျင့်ကြည့်ပါ၊ ကိုယ်တိုင် တွေ့ပါလိမ့်မယ်တဲ့။ မနေ့ကလည်း ဘုန်းကြီးက ဥပမာပြောခဲ့ပြီ။ ဆားဆိုတာ ငန်တယ်။ ဘယ်သူမဆို လျှာနဲ့ တို့ကြည့်ရင် ငန်တာကို ကိုယ်တိုင်တွေ့နိုင်တယ်။ သကြားဆိုတာ ချိုတယ်။ စားကြည့်ရင် ချိုတာကို ကိုယ်တိုင် တွေ့နိုင်တယ်။ အဲဒါလိုပဲ၊ ကျင့်ကြည့်ရင် တကယ်တွေ့နိုင်တဲ့ တရားတွေပဲ။

http://www.dhammadownload.com



ဒါကြောင့် ကျင့်ကြည့်ပါတဲ့။ ရုပ်တရား နာမ်တရားနှစ်ခု ကွဲပြားပြီးတော့ သိပါလိမ့်မယ်၊ သိနိုင်ပါတယ်။ ဒီ (စန်းမြရောင်ခြည် ရိပ်သာ) ဌာနမှာပဲ အားထုတ်လို့ ဒီလို သိနေတဲ့ ပုဂ္ဂိုလ်တွေ အများ ကြီး ရှိနေပါတယ်။ ရုပ်တရား, နာမ်တရား ကွဲရုံလောက်သာ မဟုတ် သေးပါဘူး။ "ခဏမစဲ ဖြစ်ပျက်နေတဲ့တရားပဲ။ မျက်စိတစ်မှိတ်, လျှပ်တစ်ပျက်ခန့်တောင် မကြာဘူး၊ မမြဲတဲ့သဘောတရားတွေပဲ" ဆိုတာလည်း သိနိုင်ပါတယ်။ အဲဒါကြောင့် ဘုန်းကြီးများက ဒီ သတိ ပဋ္ဌာန် ဒေသနာတော်အတိုင်းသွားရင် "သွားတယ်၊ ကွေတယ်, လှမ်း တယ်, ချတယ်" လို့မှတ်။ ကွေးရင် ဆန့်ရင် "ကွေးတယ် ဆန့်တယ်" လို့မှတ် စသည်ဖြင့် ကိုယ်အမူအရာတွေ ဖြစ်တိုင်းဖြစ်တိုင်း ဒီလို ပြောဆိုနေကျ လောကဝေါဟာရနဲ့ပဲ ရှုဖို့ရာ ဘုန်းကြီးတို့က ညွှန် ကြားနေပါတယ်။ အဲဒါ မည်သည့်ကိုယ်အမူအရာမဆို ရှုရမယ်။ ကိုယ်အမူအရာတိုင်းမှာ သေးသေးကြီးကြီး ဘယ်အစိတ်အပိုင်းက ဖြစ်ဖြစ် ရှုရမယ်လို့ ဘုန်းကြီးတို့က ညွှန်ကြားနေပါတယ်။ အဲဒါကို တချို့ပုဂ္ဂိုလ်တွေက အပြစ်ပြောနေတာ ရှိပါတယ်။ မနေ့က ပြောခဲ့တဲ့ သံလျင်ကရေးလိုက်တဲ့ **ဉာဏ်လျှော်ခါးကျမ်းကြီး**ဆိုင်ရာ ပုဂ္ဂိုလ်တွေ က တောင်ရေး မြောက်ရေးနဲ့ လက်ယားတိုင်း ရေးနေကြတယ်။ တချို့ ပုဂ္ဂိုလ်တွေကလည်း အဲဒီ ကျမ်းကြီးကို သေသေချာချာ မစိစစ် ဘဲနဲ့ ထောက်ခံနေတာလည်း ရှိသေးတယ်။ သေသေချာချာ စဉ်းစား ကြည့်မယ်ဆိုလို့ရှိရင် ထောက်ခံတဲ့ ပုဂ္ဂိုလ်တွေလည်း မှားတာဘဲ။ ကိုယ်ပိုင် ဉာဏ်က မရှိဘူးလို့ ဆိုရမှာပေါ့။ ဘယ့်နှယ်လဲ၊ ဘုရားဟော ဒေသနာတော်နဲ့အညီ ဟောနေတာကို ဘာအပြစ်တင်စရာလိုသလဲ။ ဒီလို ဟောနေတာဟာ ဘုန်းကြီးတစ်ပါးသာ ဟောနေတာ မဟုတ်ပါ ဘူး။ ဒီမုံရွာမြို့က **လယ်တီဆရာတော်ဘုရားကြီး**ကလည်း ဒီလိုပဲ ဟောခဲ့ပါတယ်။

http://www.dhammadownload.com



ဒီလို ပြောရတာကလည်း တခြားကြောင့် မဟုတ်ပါဘူး။ **လယ်တီဆရာတော်ဘုရားကြီး**က ဒီအရပ်ကဖြစ်လို့ ချီးမွမ်းလည်း ချီးမွမ်းသင့်လို့ ဂုဏ်ပြုတဲ့အနေနဲ့ ထည့်ပြောတာပါ။ တစ်ခြားအရပ်မှာ ဆိုရင်တော့ ထည့်မပြောပါဘူး။ သူ့နေရာနဲ့သူပဲ ပြောပါတယ်။ **အရိယာဝါသတရား**ကို သံလျင်မှာဟောတဲ့ အခါကာလက **ညဏ်လေ့ခါးကျမ်းကြီး**ရဲ့ဝါဒ မှားတဲ့အကြောင်း, **လယ်တီဆရာတော်ဘုရား**ရဲ့ ရှုပုံရှုနည်းမှန်တဲ့အကြောင်း ထောက်ခံပြီး ပြောခဲ့ပါတယ်။ အဲဒါလည်း အဲဒီသံလျင်မြို့က **ညဏ်လေ့ခါးကျမ်းကြီး** ပေါက်ဖွားရာအရပ်မို့ အဲဒီလိုပြောခဲ့တာပဲ။ တစ်ခြားအရပ်တွေမှာတော့ **အရိယာဝါသတရား**ဟောရင် တရားသားသက်သက်သာ ဟောခဲ့ပါတယ်။ ယခု **ဝမ္မိကသုတ်တရား** ဟောတယ်ဆိုယင်လည်း တခြားဌာနတွေမှာတော့ တရားသားသက်သက်ပဲ ဟောပါတယ်။ ဒီလိုရှင်းတမ်းတွေကို အပိုထည့်ပြီး မဟောပါဘူး။ ယခုဒီမြို့ကတော့ **လယ်တီဆရာတော်ဘုရားကြီး**ရဲ့ ဌာနဆိုတော့ **လယ်တီဆရာတော်ဘုရားကြီး** ဟောခဲ့တဲ့ တရားလမ်းစကလေးတွေလည်း ပြန်ပြီးပေါ်လာအောင် နှလုံးသွင်းရ အာရုံပြုရအောင်လို့ ဘုန်းကြီးက ဖော်ပြရခြင်းဖြစ်ပါတယ်။

**လယ်တီ ဆရာတော်ဘုရားကြီး**က ဘယ်လိုပြောသွားသလဲဆိုတော့ **ဣရိယာပထပိုင်း**မှာ "**ယထာ ယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ၊ တထာ တထာ နံ ပဇာနာတိ**"ဆိုတဲ့ အပိုဒ်ကလေးမှာ အဓိပ္ပါယ်ယူပုံကို ပြထားပါတယ်။ ဘုန်းကြီးတို့ယူတဲ့ အတိုင်းပါပဲ။ တစ်ထပ်တည်းတူညီနေပါတယ်။ အဲဒါဟာ **အနုတ္တရဒီပနီကျမ်း**စာမျက်နှာ (၅)လောက်မှာရှိပါတယ်။ အဲဒါကို သေချာအောင်လို့ ဒီမှာစာနဲ့ ရေးယူလာခဲ့ပါတယ်၊ ဘုန်းကြီးက ဖတ်ပြပါ့မယ်။

http://www.dhammadownload.com



"**ယထာ ယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ၊ တထာ တထာ နံ ပဇာနာတိ**-ဟူသော ပါဠိဖြင့်ကား ပြဆိုခဲ့ပြီးသော **ဣရိယာပုထ်ကြီးလေးပါး**အတွင်း၌ ဖြစ်သော ထိုထို ကိုယ်အင်္ဂါအစိတ်အပေါင်းတို့၏ လှုပ်ခြင်း ရှားခြင်း၊ ထားခြင်း သိုခြင်း၊ ချီခြင်း ကွခြင်း အစရှိသော ကိုယ်အမူ ကိုယ်အမူအရာအစု ကို ပြုသောအခါ၌လည်း ပြုနေကျအတိုင်း အမှတ်တမဲ့ မပြုရာ။ မည်သို့ ပြုမည်ဟု ကိုယ်အင်္ဂါကိုသာ အာရုံပြု၍ ရှုရမည်ဟူသော အစီအရင်ကို ပြတော်မူသည်"တဲ့။

အဲဒါဟာ "အကြောင်းအကြောင်း အခြင်းအရာအားဖြင့် ကိုယ်ကို ထားတယ်။ ထိုထို အခြင်းအရာအားဖြင့် ထိုကိုယ်ကို သိတယ်"ဆိုတဲ့ ပါဠိတော်စာပိုဒ်ကလေးအရ ဆရာတော်ဘုရားကြီးက ယူထားပုံပါ ပဲ။ ဣရိယာပုထ်ကြီး လေးပါးကို မယူဘဲနဲ့ ဣရိယာပုထ်ကြီး လေးပါး ထဲမှာ အတွင်းဝင်နေတဲ့ ထိုထိုကိုယ်အင်္ဂါ အစိတ်အပေါင်းတို့၏ လှုပ်ခြင်း ရှားခြင်းတဲ့။ တစ်ကိုယ်လုံး အပေါင်းလိုက်မဟုတ်ဘူး။ ထိုထို ကိုယ်အင်္ဂါအစိတ်အပေါင်းတို့၏ လှုပ်ခြင်းရှားခြင်း, ထားခြင်း, သိုခြင်း, ချီခြင်း,ကွခြင်း အစရှိသော ကိုယ်အမူ ကိုယ်အမူအရာအစု ကို ပြုသောအခါ၌လည်း ပြုနေကျအတိုင်း အဲဒါကလေးတွေ အမှတ် တမဲ့ မပြုဘဲနဲ့၊ အဲဒီကိုယ်အင်္ဂါကို အာရုံပြုပြီးတော့ သိရမယ်တဲ့။ ဒီလို ပြတ်ပြတ်သားသား ဩဝါဒပေးထားပါတယ်။ ဘုန်းကြီးတို့က လည်း အဲဒီအတိုင်းပဲ ညွှန်ကြားနေပါတယ်။

> **ဝါပန**—တစ်နည်းအားဖြင့်သော်ကား။ **ယထာ ယထာ**— အကြောင်းအကြောင်း အခြင်းအရာအားဖြင့်။ **ကာယော**—ကိုယ် သည်။ **ပဏိဟိတော**—တည်သည်။ **ဟောတိ**—ဖြစ်၏။ **တထာ တထာ**—ထိုထို အခြင်းအရာအားဖြင့်။ **နံ**— ထို

http://www.dhammadownload.com



ကိုယ်ကို။ **ပဇာနာတိ**—သိ၏-တဲ့။

သွားရင် သွားတယ်ဟုသိ၊ ရပ်ရင် ရပ်တယ်ဟုသိ၊ ထိုင်ရင် ထိုင်တယ်ဟုသိ၊ လဲလျောင်းရင် လဲလျောင်းတယ်ဟုသိ-လို့ ဒီလို **ဣရိယာပုထ်ကြီးလေးပါး**သိပုံကို ဟောပြီးတဲ့နောက် မြတ်စွာဘုရားက "တစ်နည်းအားဖြင့်မူ အကြောင်အကြောင် အခြင်းအရာအားဖြင့် ကိုယ်သည်တည်၏။ ထိုထိုအခြင်းအရာအားဖြင့် ထိုကိုယ်ကို သိတယ်" ဆိုပြီး ဟောထားတယ်။ အဲဒီအပိုဒ်အရ "**ဣရိယာပုထ်ကြီး လေးပါး**မှာ အတွင်းဝင်တဲ့ ကိုယ်အင်္ဂါ အစိတ်အပိုင်းတွေရဲ့ လှုပ်ခြင်း ပြုပြင်ခြင်းတွေကို ရှုရမည် ဆိုလိုတယ်" လို့ **လယ်တီဆရာတော်ဘုရားကြီး**က **အနုတ္တဒီပနီကျမ်း**မှာ ဆိုထားပါတယ်။ အဲဒီအဆိုဟာ ဋီကာမှာ ဖွင့်ပြထားတဲ့ ဒုတိယနည်းနဲ့လည်း ညီနေပါတယ်။ ဋီကာမှာ ဘယ်လိုဖွင့်ထားသလဲဆိုတော့ အဲဒီဋီကာအဖွင့်ကိုလည်း တိတိကျကျ ဖြစ်အောင်လို့ ဟောဒီမှာ စာနဲ့ရေးယူလာပါတယ်။

> **ပုရိမနယော ဝါ ဣရိယာပထပ္ပဓာနော ဝုတ္တောတိ တတ္ထ ကာယော အပ္ပဓာနော အနုနိပ္ဖာဒိတော ဣဓ တာယံ ပဓာနံ, အပ္ပဓာနဥ္စ ဣရိယာပထံ အနုနိပ္ဖာဒိ ကတွာ ဒဿေတုံ ဒုတိယနယော ဝုတ္တောတိ ဝဝမ္မေတ္ထ ဒွိန္နံ နယာနံ ဝိသေသော ဝေဒိတဗ္ဗော-တဲ့။**

အဲဒါဟာ ဋီကာဆရာက ပထမအဖွင့်ကို အားမရတာနဲ့ ဒုတိယထပ်ဆင့်ပြီး ပြထားတဲ့ ဒုတိယတစ်နည်း အဖွင့်ပါပဲ။ အဲဒီဋီကာမှာ ပထမနည်း အဖွင့်အလိုအားဖြင့်တော့ ဣရိယာပုထ် ၄-ပါးကိုသာ ပြဆိုထားပါတယ်။ ဉာဏ်လေ့ခါးကျမ်းဆရာက အဲဒီ ပထမအဖွင့်ကိုသာ ယူပြီးတော့ ဘုန်းကြီးတို့ ဟောပြောချက်ကို

http://www.dhammadownload.com



ဋီကာနဲ့မညီဘူးဆိုပြီး ပယ်ဖျက်ပါတယ်။ တံခါးဂလန့်ပိတ်တဲ့သဘော ပါပဲ။ ဒါပေမဲ့ လယ်တီဆရာတော်ဘုရားကြီး ပြဆိုပုံနဲ့ ဘုန်းကြီးတို့ ဟောပြောချက်ဟာ အဲဒီဋီကာမှာပဲ ပြထားတဲ့ ဒုတိယအဖွင့်နဲ့တော့ ညီနေတာပါပဲ။ အဲဒီ ဒုတိယအဖွင့်မှာ ဆိုထားတာကတော့ ဒီလိုပါ။ ပါဠိတော်မှာ ဟောထားတာက ပထမနည်း, ဒုတိယနည်းအားဖြင့် ၂-နည်းရှိတယ်။ အဲဒီ ၂-နည်းထဲမှာ-

> **ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ**—သွားရင်လည်း သွားသည်ဟု သိ၏။ **ဌိတော ဝါ ဌိတောမှီတိ ပဇာနာတိ**—ရပ်ရင်လည်းရပ်သည်ဟု သိ၏။ နိသိန္နော ဝါ နိသိန္နောမှီတိ ပဇာနာတိ-ထိုင်ရင်လည်း ထိုင်သည်ဟု သိ၏။ **သယာနော ဝါ သယာနောမှီတိ ပဇာနာတိ**— လျောင်းရင်လည်း လျောင်းသည် ဟု သိ၏-လို့

ဟောထားတဲ့ ဒီ ၄-ပုဒ်က ပထမနည်းတဲ့။ ဒီပထမနည်းမှာတော့ ဣရိယာပုထ်ကြီး ၄-ပါးကို ပဓာနပြုပြီး ဟောထားတယ်။ ကာယကို ပဓာနမပြုဘူး။ ဒါပေမယ့် ဣရိယာပုထ်ကြီး ၄-ပါးကို ပဓာနပြုပြီး ဟောရာ ရှုရာမှာ မပြဋ္ဌာန်းတဲ့ ကာယလည်း နောက်လိုက်အနေနဲ့ အလိုလို ပါဝင်ပြီးစီးသွားပါသတဲ့။

> **ယထာ ယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ၊ တထာ တထာ နံ ပဇာနာတိ**—တစ်နည်းအားဖြင့်မူ အကြင်အကြင် အခြင်းအရာဖြင့် ကိုယ်သည် တည်နေလျှင်၊ ထိုထိုအခြင်းအရာဖြင့် ထို ကိုယ်ကို သိ၏-လို့။

ဟောထားတဲ့ ဒီစကားကတော့ ဒုတိယနည်းတဲ့။ ဒီနည်းမှာတော့ "ကာယကို ပဓာနပြုပြီးတော့ ဟောထားတယ်။ ဣရိယာပုထ်ကို ပဓာနမပြုဘူး။ ဒါကြောင့် ဣရိယာပုထ် ၄-ပါးကို မပြဋ္ဌာန်းဘူး။

http://www.dhammadownload.com



နောက်လိုက်အနေနဲ့သာ အလိုလို ပါဝင်ပြီးစီးသွားတယ်”လို့ ဋီကာဆရာက ဆိုပါတယ်။ ဒါတွေကတော့ အဋ္ဌကထာ ဋီကာယူဆပုံ ကျမ်းဂန်သဘောတွေပဲ။ အင်မတန်လည်း နက်နဲပါတယ်။ သာမန်ပုဂ္ဂိုလ်တွေကတော့ ဒါတွေကို နားလည်မှာ မဟုတ်ပါဘူး။ ဒါပေမယ့် သူ့နေရာနဲ့သူ ရှင်းသင့်တဲ့အတွက် ဘုန်းကြီးက ရှင်းပြနေရပါတယ်။ ကာယကို ပဇာနပြုတယ်ဆိုတာက ဘယ်လိုလဲဆိုတော့. . . .

**ယထာ ယထာ**—အကြြင် အကြင် အခြင်းအရာဖြင့်။ **ကာယော**—ကိုယ်သည်။ **ပဏိဟိတော**—တည်သည်။ **ဟောတိ**—ဖြစ်၏။ **တထာ တထာ**—ထိုထို အခြင်းအရာဖြင့်။ **နံ**—ထိုကိုယ်ကို။ **ပဇာနာတိ**—သိ၏-တဲ့။

ဒီပါဠိမှာ (ကာယော) ကိုယ်သည် တည်နေ၏။(နံ) ထိုကိုယ်ကို သိ၏-လို့ ကာယကိုသာ သိဖို့ပြဆိုထားပါတယ်။ ဣရိယာပုထ်ကိုတော့ ဒီနေရာမှာ သိဖို့ မပြဆိုပါဘူး။ အဲဒါဟာ ကိုယ်ကို ပဇာနပြုပုံပါပဲ။ ဒီလို ကိုယ်ကိုသိဖို့ ပဇာနပြုပြီးဆိုထားတဲ့အတွက် **သမ္ပသဂ်ဟိတ ဝစန**—အရမှာလည်း ပြဋ္ဌာန်းတဲ့ကိုယ်၏ အမူအရာ အလုံးစုံကိုသာ သိမ်းယူရပါတယ်။ မပြဋ္ဌာန်းတဲ့ ဣရိယာပုထ်အမူအရာတွေကို မယူရပါဘူး။ ဒါပေမယ့် ပြဋ္ဌာန်းတဲ့ ကိုယ်အမူအရာတွေကို အကုန်သိမ်းယူလိုက်ရင် အဲဒီကိုယ်အမူအရာတွေနဲ့ စပ်ဆိုင်တဲ့ မပြဋ္ဌာန်းတဲ့ ဣရိယာပုထ်တွေလည်း **အနုနိပ္ဖါဒိ**—လို့ ဆိုတဲ့အတိုင်း နောက်လိုက်အနေနဲ့ အလိုလိုပါဝင်ပြီးစီးသွားကြတယ်—လို့ ဒီလို ဆိုလိုပါတယ်။

အလိုလို ပါဝင်ပြီးစီးပုံကို ထပ်ပြီးရှင်းပြပါဦးမယ်။ ထိုင်နေတဲ့အခါ ဘယ်အစိတ်အပိုင်းကပဲ ဖြစ်ဖြစ် လှုပ်သည်ဖြစ်စေ၊ တောင့်တင်းသည် ဖြစ်စေ၊ တည်ငြိမ်နေသည်ဖြစ်စေ၊ အဲဒီအစိတ်အပိုင်း

http://www.dhammadownload.com



အမူအရာတွေကို ရှုလိုက်လို့ရှိရင် အဲဒါဟာ ကာယကို သူတည်နေတဲ့အခြင်းအရာနဲ့ ရှုတာ သိတာပါပဲ။ ဒီလိုရှုလိုက်လို့ရှိရင် ထိုင်ခြင်းဆိုတဲ့ ဣရိယာပုထ်လည်း အလိုလိုပါဝင်သွားပါတယ်။ ဒီလို ပါဝင်သွားတာကို **အနုနိပ္ဖါဒီ**—အစဉ်လိုက်၍ ပါဝင်ပြီးစီးတယ်- လို့ ဋီကာက ဆိုပါတယ်။ ဒါကြောင့် ထိုင်နေစဉ်မှာ "ဖောင်းတယ် ပိန်တယ်" စသည်ဖြင့် ကိုယ်အမူအရာ ဟူသမျှကို ရှုနေရင် ထိုင်ခြင်းဆိုတဲ့ ဣရိယာပုထ်ကြီးကလည်း အလိုလို ပါဝင်သွားတယ်။ **နိသိန္နောမှီတိ ပဇာနာတိ**—အရလည်း ပြီးစီးသွားပါတယ်။ ဒါကြောင့် "**ယထာ ယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ၊ တထာ တထာ နံ ပဇာနာတိ**—ဟူသော စကားရပ်ဖြင့် အလုံးစုံသော အသေးစိတ် ကိုယ်အမူအရာတွေကို ယူရမယ်"လို့ဆိုတဲ့ လယ်တီဆရာတော်ဘုရားကြီးရဲ့ မိန့်ဆိုချက်ဟာ ဋီကာဒုတိယနည်း အဖွင့်နှင့် ညီနေပါတယ်။ ဘုန်းကြီးတို့ကလည်း အဲဒီအတိုင်းပဲ ဟောနေပါတယ်။ ဒါလောက်ဆိုရင် နားလည်လောက်ပါပြီ။

## ပစ္စုပ္ပန်နဲ့လည်း ရှုရပါတယ်

နောက်တစ်ခုကတော့ ဝိပဿနာစပြီး ရှုတဲ့အခါမှာ ဘယ်လိုရှုရမလဲ ဆိုတဲ့အချက်ကို ရှင်းပြဖို့ပါပဲ။ ဝိသုဒ္ဓိမဂ်မှာ **လက္ခဏာ ရသာဒိဝသေန ပရိဂ္ဂဟေတဗ္ဗာ**—လို့ ပြဆိုထားပါတယ်။ **လက္ခဏာ ရသ** စသည်ဖြင့် ရှုပါတဲ့။ ရုပ်နာမ်တရားတွေကို အမှန်အတိုင်း သိရအောင် ရှုစရာအချက်အလက်တွေက **လက္ခဏာရယ်၊ ရသရယ်၊ ပစ္စုပ္ပဋ္ဌာန်ရယ်၊ ပဒဋ္ဌာန်ရယ်** ဒီလို ၄-ခုရှိတယ်။ အဲဒီ ၄-ခုထဲက လက္ခဏာ၊ ရသ စသည်ဖြင့် ပါလို့ ဆိုထားတော့ **စသည် အရက** ဘာကို ယူရမလဲဆိုရင် ကျန်နေတဲ့ **ပစ္စုပ္ပဋ္ဌာန်နဲ့ ပဒဋ္ဌာန်** ဒီ ၂-ခုကို ယူရမှာပေါ့၊ အဲဒါဟာ အလွန်ထင်ရှားနေပါတယ်။

http://www.dhammadownload.com



ဒါကြောင့် ရုပ်တရား၊ နာမ်တရားတွေကို **လက္ခဏာ**နဲ့၊ **ရသ**နဲ့၊ **ပစ္စုပဋ္ဌာန်**နဲ့၊ **ပဒဋ္ဌာန်**နဲ့ ရှုရတယ်လို့ မှတ်ရမယ်။ **အဘိဓမ္မတ္ထ သင်္ဂဟ**ကျမ်းမှာတော့ **လက္ခဏ၊ ရသ၊ ပစ္စုပဋ္ဌာန၊ ပဒဋ္ဌာနဝသေန**လို့ အပြည့်အစုံပဲ ပြထားပါတယ်။ ဒါကြောင့် ရုပ်ပဲဖြစ်ဖြစ်၊ နာမ်ပဲဖြစ်ဖြစ်၊ **လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်**နဲ့ ရှုရမယ်လို့ ဘုန်းကြီးတို့က ဟောပါတယ်။ **သီလုံးဆရာတော်ဘုရားကြီး၊ လယ်တီဆရာတော်ဘုရားကြီး**များနှင့်တကွ မြန်မာပြည်မှာ ထင်ရှားကျော်စောတော်မူကြတဲ့ ဆရာတော်ဘုရားကြီး ဟူသမျှတို့ကလည်း ဘုန်းကြီးတို့ ဟောသလိုပဲ **လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်**နဲ့ ရှုရမယ်လို့ချည်း မိန့်ဆိုတော်မူကြပါတယ်။ ဒီနေရာမှာလည်း **ဉာဏ်လှေခါးကျမ်း** ဆိုင်ရာ ပုဂ္ဂိုလ်တစ်စုက သူများထက်ကဲပြီး အလွဲပြောလိုက်ပုံကတော့ "ရုပ်ကို **လက္ခဏာ၊ ရသ**နဲ့သာ ရှုရတယ်၊ **ပစ္စုပဋ္ဌာန်**နဲ့ မရှုကောင်းဘူး"တဲ့ ဒကာလူရ၊ အဲဒါကလေးကိုလည်း နည်းနည်းရှင်းချင်တယ်။

**ပစ္စုပဋ္ဌာန်**နဲ့လည်း ရှုကောင်းတယ် ဆိုတာဟာ **ဝိသုဒ္ဓိမဂ်**မှာ **စတုဓာတုဝဝတ္ထာန်**ပိုင်းက **လက္ခဏာဒီတော** အရ ရှုနည်းမှာ တိုက်ရိုက် အထင်အရှား ပြထားပါတယ်။ အဲဒါနဲ့မှ အားမရသေးရင် **ဒီဃနိကာယ်၊ မဟာဝဂ္ဂအဋ္ဌကထာ၊ ဋီကာ**နဲ့ **သံယုတ္တနိကာယ်၊ နိဒါနဝဂ္ဂ အဋ္ဌကထာ၊ ဋီကာ**တွေမှာ ပြဆိုထားတာကိုလည်း ကြည့်ရှုနိုင်ပါတယ်။ အဲဒီမှာ **ဥပါဒါနက္ခန္ဓာငါးပါး ဝိပဿနာရှုပုံ**ကို ပြထားပါတယ်။ အဲဒီ ခန္ဓာငါးပါးထဲက ရုပ်ခန္ဓာရှုပုံကို "**ဣတိ ရူပံ ဣတိ ရူပဿ သမုဒယော ဣတိ ရူပဿ အတ္ထင်္ဂမော**"လို့ ပါဠိတော်က ပြထားပါတယ်။ အဲဒီ ပါဠိတော်မှ **ဣတိရူပံ**—အရ ရုပ်ကို စဈရှုပုံ သိမ်းဆည်းပုံကို အဋ္ဌကထာက ဘယ်လိုဖွင့်သလဲ ဆိုတော့-

http://www.dhammadownload.com



**ကွတိ ရူပန္တိ ကွခံ ရူပံ တွေတက် ရူပံ ကွတော ဥဒ္ဓံ ရူပံ နတ္ထိတိ ရူပ္ပနသဘာဝဋ္ဌေ ဘူတုပါဒါယဘေဒံ ရူပဥ္စ အာဒိ ကတွာ လက္ခဏ ရသ ပစ္စုပ္ပဋ္ဌာန ပဒဋ္ဌာန ဝသေန အနဝသေသ ရူပပရိဂ္ဂဟော ဝုတ္တော**—လို့ ဒီလိုဖွင့်ပြထားပါတယ်။

**ကွတိ ရူပံ**—ဟူသော ရှုပုံဖြင့် ဘာကိုပြသလဲဆိုတော့ "ဤသည်ကား ရုပ် (ရုပ် ၂၈-ခုကို ဆိုလိုတယ်)၊ ရုပ်သည် ဤမျှသာ ရှိသည်၊ ဒီထက်အလွန် ရုပ် မရှိတော့ဘူး"လို့ **(ရူပ္ပနသဘာဝဋ္ဌေ)** ဖောက်ပြန်တဲ့ သဘောကိုရော၊ **(ဘူတုပါဒါယဘေဒံ ရူပဥ္စ) ဘူတရုပ်, ဥပါဒါရုပ်**အားဖြင့် ကွဲပြားသော ရုပ်အပေါင်းကိုရော အစပြုပြီးတော့ **(လက္ခဏ ရသ ပစ္စုပ္ပဋ္ဌာန ပဒဋ္ဌာနဝသေန) လက္ခဏာ, ရသ, ပစ္စုပ္ပဋ္ဌာန်, ပဒဋ္ဌာန်**တို့၏ အစွမ်းအားဖြင့် **(အနဝသေသ ရူပပရိဂ္ဂဟော)** အကြွင်းမရှိ အလုံးစုံသောရုပ်ကို သိမ်းဆည်းခြင်းကို **(ဝုတ္တော)** ဟောထားပါတယ်—တဲ့။ ဒါ **အဋ္ဌကထာ**ဖွင့်ပုံပါပဲ။ အဲဒါဟာ ရုပ်ခန္ဓာသက်သက်ရှုပုံပဲ။ နာမ်ရှုပုံ မဟုတ်သေးဘူး။ အဲဒီ ရုပ်သက်သက်ရှုပုံမှာပဲ **လက္ခဏာ**နဲ့ရော၊ **ရသ**နဲ့ရော၊ **ပစ္စုပ္ပဋ္ဌာန်**နဲ့ရော၊ ပဒဋ္ဌာန်နဲ့ရော ရှုပုံတွေ အစုံပါနေတယ်နော်။ ပြီးတော့ **အနဝသေသရူပ**—အကြွင်းမဲ့ရုပ်ကို ရှုတာတဲ့ ဒကာလူရေ။ ဘယ်ရုပ်ကလေးကိုတော့ ဘယ်ဟာနဲ့သာ ရှုရမယ်၊ ဘယ်ဟာနဲ့တော့ မရှုရဘူးလို့ ဒီလို ကန့်သတ်ချက် မပါဘူး။ ရုပ်ဟူသမျှကို **လက္ခဏာ**နဲ့ရော, ရသနဲ့ရော, **ပစ္စုပ္ပဋ္ဌာန်**နဲ့ရော, **ပဒဋ္ဌာန်**နဲ့ရော ရှုပါတဲ့၊ **အနဝသေသရူပ**—ရုပ်ဟူသမျှကို အကြွင်းမဲ့ သိမ်းဆည်းပါ, ရှုပါတဲ့။ အဲဒီတော့ရုပ်ကို **ပစ္စုပ္ပဋ္ဌာန်**နဲ့ မရှုကောင်းဘူးလို့ ဆိုတဲ့ ဟိုပုဂ္ဂိုလ်တစ်စုရဲ့ စကားဟာ **ဒီအဋ္ဌကထာ**တွေနဲ့ လွဲမနေပေဘူးလား။ **အဋ္ဌကထာ**

http://www.dhammadownload.com



တွေနဲ့ လွဲနေရင် သူတို့အဆိုဟာ မှားတာပေါ့။ မှန်တယ်လို့ ဘယ်သူက ယုံကြည်နိုင်ပါ့မလဲ။ စဉ်းစားဉာဏ်ရှိတဲ့သူဆိုရင် ဘယ်သူမျှ မယုံကြည်နိုင်တော့ဘူး။

ဒါပေမယ့် ခက်တာကတော့ စာကို စေ့စေ့စပ်စပ် မကြည့်တတ်တဲ့သူတွေက အဲဒီလို မဟုတ်တဲ့အဆိုကိုလည်း ဟုတ်သလိုလို ထင်နေတတ်တယ်။ နောက်ပြီးတော့ ကိုယ်ကိုယ်တိုင်က မှားနေပြီဆိုမှဖြင့် သူများကိုသာ မှားတယ်လို့ ထင်နေတတ်တယ်။ မျက်စိလည်နေတဲ့ လူလိုပေါ့။ မျက်စိလည်နေတဲ့လူဟာ ကိုယ်က အရှေ့အနောက်တောင်မြောက်တွေ မှားနေတော့ သူများပြောတာကို မှားတယ်လို့ ချည်းထင်တော့တာပဲ။ ပြီးတော့ စိတ်ဖောက်ပြန်နေတဲ့ လူဟာလည်း သူက စိတ်ဖောက်ပြန်နေတော့ သူများတွေကို စိတ်ဖောက်ပြန်နေတယ် ရူးနေတယ်လို့ ထင်တတ်တယ်။ အင်း . . . . သူ့ဟာ အံ့ဩစရာ အင်မတန်ကောင်းတယ်။ အဲဒါလိုပါပဲ။ သူတို့ကိုယ်တိုင်က အယူအဆတွေ မှားနေတော့ သူများတွေ မှားတယ်ထင်ပြီး ဟိုကျမ်းဆရာ, ဒီကျမ်းဆရာတွေကိုလည်း မာန်လိုက် မဲလိုက်နဲ့ ထင်မိထင်ရာတွေကို လျှောက်ပြောနေကြတော့တာပါပဲ။ ဒါကြောင့် အမှားပေါ်မှာ အမှားတွေထပ်ကုန်တော့တာပါပဲ။

နောက်ပြီးတော့ ရုပ်၏ **ပစ္စုပ္ပန်**ကို ပညတ်လို့လည်း သူတို့က ဆိုပြန်တယ်။ အမှားပေါ် အမှားထပ်လာတာပါပဲ။ **ပစ္စုပ္ပန်**ဟာ ပညတ်မဟုတ်တဲ့အကြောင်းလည်း **ဝိသုဒ္ဓိမဂ်၊ အဋ္ဌကထာ ဋီကာ**နဲ့ပဲ ရှင်းနေပါပြီ။ ဒါပေမယ့် အဲဒီ **မဟာဝဂ္ဂအဋ္ဌကထာ**၏ အဖွင့်ဋီကာမှာ ဖွင့်ပြထားတာက သာပြီး ပေါ်လွင်ထင်ရှားပါတယ်။ ဘယ်လို ဖွင့်ပြထားသလဲလို့ ဆိုတော့ . . . .

http://www.dhammadownload.com



"**ပစ္စုပ္ပန္နံ တဿ ပရမတ္ထတော ဝိဇ္ဇမာနတ္တာ ယာထာဝတော ဉာဏဿ ဂေါစရဘာဝေါ**" လို့ ဖွင့်ထားတယ်။

**ပစ္စုပ္ပန္နံ**—ပစ္စုပ္ပန်ဆိုသည်မှာ။ **တဿ**— ထိုရုပ်တရား၏။ ရုပ်လို့ ဆိုတာနော်။ နာမ်မဟုတ်ဘူး။ ယခုပြောနေတဲ့ အဖွင့်က **ရူပက္ခန္ဓာ**ကို ပြောနေတာ၊ နာမ်ကို မပြောသေးဘူး။ **ပစ္စုပ္ပန္နံ**—ပစ္စုပ္ပန် ဆိုသည်မှာ။ **တဿ**—ထိုရုပ်တရား၏။ **ပရမတ္ထတော**—ပရမတ္ထအားဖြင့်။ **ဝိဇ္ဇမာနတ္တာ**—ထင်ရှားရှိသည်၏ အဖြစ်ကြောင့်။ ရုပ်တရားက ပရမတ္ထအားဖြင့် ရှိနေတဲ့တရားတဲ့။ ပရမတ္ထအားဖြင့် မရှိတဲ့ ပညတ်မဟုတ်ဘူးတဲ့။ ရုပ်ဆိုတာ ထင်ရှားရှိသောကြောင့်တဲ့။ **ယာထာဝတော**—ဟုတ်မှန်သောအားဖြင့်။ **ဝါ**—ဟုတ်တိုင်းမှန်စွာ။ **ဉာဏဿ**—ဉာဏ်၏။ **ဂေါစရဘာဝေါ**—အာရုံ၏ အဖြစ်ပေတည်း။ ဉာဏ်၏အာရုံဖြစ်တဲ့ အခြင်းအရာဟာ **ပစ္စုပ္ပန်**ပဲလို့ ဆိုပါတယ်။ အဲဒီဉာဏ်၏အာရုံဖြစ်တဲ့ အခြင်းအရာဟာ မဟုတ်ဘဲနဲ့ ထင်တာလားဆိုတော့ "**ယာထာဝတော**—ဟုတ်တိုင်းမှန်စွာ"တဲ့၊ အမှန်အတိုင်း ထင်တာပါတဲ့ ဒကာလူရ။ အမှန်အတိုင်း ထင်ရင် ပရမတ်ပေါ့။ "**တဿ**—ထိုရုပ်၏။ **ပရမတ္ထတော**—ပရမတ်အားဖြင့်။ **ဝိဇ္ဇမာနတ္တာ**—ထင်ရှားရှိသည်၏ အဖြစ်ကြောင့်" ဆိုတဲ့ ဟိတ်ပါဌ်က ဟုတ်တိုင်းမှန်စွာ ဉာဏ်၌ ထင်တယ်ဆိုတာ ဘာကြောင့်တုံးဆိုတော့ အဲဒီရုပ်ကိုက ပရမတ္ထတရားပဲတဲ့- အဲဒီလို ရှင်းလင်းပြီးတော့ ပြထားပါတယ်။ အဲဒီတော့ ရုပ်ရဲ့ **ပစ္စုပ္ပန်**လည်း ပညတ်မဟုတ်ဘူး။ ပရမတ်အမှန်သဘောပဲဆိုတာကို ခိုင်ခိုင်မြဲမြဲ မှတ်ထားရအောင်လို့ ဋီကာနဲ့ ရှင်းပြပါတယ်။ အခွင့်အရေး ရောက်လာတဲ့အခါ စဉ်းစားဆင်ခြင်နိုင်ဖို့ရာ ဘုန်းကြီးက ရှင်းပြပါ

http://www.dhammadownload.com



တယ်။ ဗဟုသုတမရှိတဲ့ ပုဂ္ဂိုလ်တွေကတော့ ဒါလောက်လည်း လိုက်နိုင်မယ်မဟုတ်ပါဘူး။ သို့သော် လိုက်နိုင်မည့် ပုဂ္ဂိုလ်တွေ ဆင်ခြင်စဉ်းစားဖို့ရာ ဘုန်းကြီးက ထပ်ပြီးပြောပါတယ်။

အဲဒါကြောင့် ရုပ်ကိုရှုသည်ဖြစ်စေ, နာမ်ကိုရှုသည်ဖြစ်စေ ဝိပဿနာရှုလို့ရှိရင် **သူ့လက္ခဏာနဲ့** ရှုရမယ်။ **သူ့ရသနဲ့** ရှုရမယ်။ **သူ့ပစ္စုပဋ္ဌာန်နဲ့** ရှုရမယ်။ ရှုနိုင်ရင် **သူ့ပဒဋ္ဌာန်နဲ့**လည်း ရှုရမယ်။ ဒါပါပဲနော်။ ဒါဖြင့် **"ဝဏ္ဏတော ဝေဒနာဓိတိ ပစ္စာနာတိ"** စသည်ဖြင့် ရှုတော့ ဘာကို ရှုတာလဲဆိုရင် ဝါယောဓာတ်ကို ရှုတာတဲ့။ ဝါယောဓာတ်ကိုရှုတော့ **လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်**နဲ့ ဘယ်လိုလုပ်ပြီးသိသလဲ။ စာပေနဲ့ ကျက်ရဦးမှာလား ဆိုရင်၊ ကျက်ဖို့မလိုပါဘူး။ ဖြစ်ခိုက်ဖြစ်ခိုက် ရှုလို့ရှိရင် ရုပ်တရားဖြစ်ဖြစ်, နာမ်တရားဖြစ်ဖြစ် သူ့လက္ခဏာနဲ့လည်း သူပေါ်တယ်။ သူ့ရသနဲ့လည်းပေါ်တယ်။ သူ့ပစ္စုပဋ္ဌာန်နဲ့လည်း ပေါ်တယ်။

ဥပမာ ကောင်းကင်မှာ လျှပ်စစ်လက်နေတဲ့အခါ ကြည့်စမ်းပါ။ လျှပ်စစ်ရဲ့ လက္ခဏာလည်း ပေါ်တယ်။ လက္ခဏာဆိုတာ သူ့ရဲ့ အထည်ကိုယ်ပဲ။ လျှပ်စစ်ရဲ့ အထည်ကိုယ်ဟာ ဘာလဲဆိုတော့ ဝင်းလက်တဲ့ အရောင်ပဲ။ ဝင်းလက်သွားတာဟာ လျှပ်စစ်ပဲ၊ ဒီ့ပြင် ဘာမျှမရှိဘူး။ အဲဒီတော့ လက်နေတဲ့အခိုက် ကြည့်မိတဲ့ပုဂ္ဂိုလ်ဟာ ဝင်းလက်သွားတာကို မသိပေဘူးလား၊ အဲဒါ လက္ခဏာကို သိသွားတာပဲ။ စာကျက်ဖို့ လိုသေးသလား။ မလိုပါဘူး။ အေး .... ဝင်းလက်နေတုန်း မကြည့်ဘဲနဲ့ မလက်တဲ့အခါ သွားကြည့်ရင်တော့ အဲဒီဝင်းလက်တဲ့သဘောကို မတွေ့ဘူး။ တကယ်လက်နေတုန်း ကြည့်မိရင်တော့ အဲဒီဝင်းလက်တဲ့သဘောကို မသိချင်လို့တောင် မဖြစ်ပါဘူး၊ စာနဲ့ ကျက်မှတ်နေဖို့လည်း မလိုပါဘူး။

http://www.dhammadownload.com



နောက်ပြီးတော့ အဲဒီလျှပ်စစ်လက်တဲ့ အခိုက်မှာ အမှောင်တွေ ပျောက်မသွားဘူးလား။ အဲဒီ အမှောင်ကို ပျောက်သွားစေတာဟာ လျှပ်စစ်ရောင်ရဲ့ ကိစ္စရသလို့ခေါ်တယ်။ လျှပ်စစ်လက်နေတုန်းကြည့်မိတဲ့ပုဂ္ဂိုလ်ဟာ အဲဒီ အမှောင်တွေ ပျောက်သွားတာကို မသိပေဘူးလား။ အဲဒါလည်း စာနဲ့ကျက်မှတ်နေဖို့ လိုသေးသလား။ မလိုပါဘူး။ လက်ခိုက်မှာသာ ကြည့်၊ ကြည့်လို့ရှိယင် ဝင်းလက်တာကိုလည်း သိမယ်။ အမှောင်တွေ ပျောက်သွားတာကိုလည်း သိမယ်။

ပြီးတော့ လျှပ်စစ်လက်ခိုက်မှာ ကြည့်တဲ့ပုဂ္ဂိုလ်ဟာ လျှပ်စစ်ရဲ့ အခြင်းအရာကိုလည်း သိတယ်။ အဲဒီအရောင်အလင်းဟာ နည်းနည်းပဲ၊ များများပဲ၊ ကြီးကြီးပဲ၊ ဝိုင်းဝိုင်းပဲ၊ ရှည်ရှည်ပဲ၊ တိုတိုပဲ စသည်ဖြင့် သူ့အခြင်းအရာတွေဟာ ပုံသဏ္ဌာန်အနေနဲ့ အကုန်လုံးပေါ်သွားမယ် မဟုတ်လား။ အဲဒါက ကြည့်တဲ့ ပုဂ္ဂိုလ်ရဲ့ဉာဏ်ထဲစိတ်ထဲမှာ ထင်သွားတဲ့ အခြင်းအရာပဲ။ အဲဒါကို ပစ္စုပဋ္ဌာန်လို့ခေါ်တယ်။ အဲဒီ အခြင်းအရာလည်း စာနဲ့ကျက်မှတ်နေဖို့ မလိုပါဘူး။ လက်နေတုန်း ကြည့်မိလို့ရှိရင် သိတော့တာပဲ။ ဒါကတော့ ဥပမာပဲ။ ပရမတ်တရား အစစ်ရယ်လို့ မဆိုနိုင်ဘူး။

အဲဒါလိုပဲ၊ ဝါယောဓာတ်ကို ဖြစ်ခိုက်မှာသာရှု။ ရှုလို့ရှိရင် အဲဒီဝါယောဓာတ်ကို လက္ခဏာနဲ့လည်း သိပါတယ်။ ရသနဲ့လည်း သိပါတယ်။ ပစ္စုပဋ္ဌာန်နဲ့လည်း သိပါတယ်။ ဝါယောဓာတ်ရဲ့ လက္ခဏာက ဘာလဲဆိုလို့ရှိယင် **ဝိတ္ထမ္ဘနလက္ခဏာ ဝါယောဓာတု**– တဲ့။ **ဝါယောဓာတု**–ဝါယောဓာတ်သည်။ **ဝိတ္ထမ္ဘနလက္ခဏာ**– ထောက်ကန်ခြင်း လက္ခဏာရှိ၏။ ထောက်ကန်ခြင်းဟာ သူ့သဘောပဲ။ ဝါယောဆိုတာ လေပဲ မဟုတ်လား။ လေဆိုတော့ ထောက်ကန်တတ်တယ်တဲ့။ ထောက်ကန်တယ် ဆိုတာက စာသုံးစကား။ အရပ်

http://www.dhammadownload.com



သုံးနဲ့ ပြောမယ်ဆိုရင်တော့ တောင့်တာ, တင်းတာပါပဲ၊ ဒကာလူ လက်ကလေးကို ဆန့်တန်းကြည့်။ လက်မောင်းကလေး ဆန့်တန်း ကြည့်။ အဲဒီလက်မောင်းထဲမှာ စိတ်နဲ့စိုက်ပြီးတော့ကြည့်။ ဘာတွေ့ သလဲ မေးရင်လေ။ တောင့်တာ ကိုတွေ့တယ်။ တင်းတာကိုတွေ့ တယ်။ ဒီလိုပြောရမယ် မဟုတ်လား။ တောင့်တာ, တင်းတာကို တွေ့တယ်လို့ ပြောရမှာပဲ။ ထောက်ကန်တာ တွေ့တယ်လို့တော့ ပြောမှာမဟုတ်ပါဘူး။ ဒါမျိုးက အရပ်ထဲမှာ မသုံးဘူး။ စာမှာပဲ သုံးတယ်။ ခါးကို ဆန့်ပြီးတော့ ကိုယ်ထဲမှာ စိတ်နဲ့စိုက်ကြည့်လိုက်။ ဘာတွေ့တုံး၊ တောင့်တာ၊ တင်းတာကို တွေ့တယ်လို့ ပြောရမှာပဲ။ ထောက်ကန်တာ တွေ့တယ်လို့တော့ မပြောဘူး။ အဲ-ထောက်ကန် တယ်လို့ ပြောတာက နည်းနည်းပါးပါးတော့ ရှိပါတယ်။ အိမ်တွေ ဘာတွေ ပြိုခါနီးကျတော့ ကျားထောက်တယ်လို့ မပြောဘူးလား။ အေး . . . . ကျားထောက်ရတယ်—တဲ့။ ရက်ကန်းစင်တွေမှာတော့ ယက်ကန်းသားကို နယ်ကန်တယ်တဲ့ ဒီလိုကြားဖူးပါတယ်။ အဲဒီလို နည်းနည်းပါးပါးပဲ သုံးတယ်။ အရပ်ထဲမှာ ထောက်ကန်တယ်ဆိုတဲ့ စကားလုံးက များများသုံးတာ မရှိဘူး။ အများအားဖြင့် အရပ်ထဲသုံး တာကတော့ တောင့်တယ်, တင်းတယ်—ဒီလိုပဲ သုံးပါတယ်။

အဲဒီတော့ ထောက်ကန်တယ်ဆိုတာက စာသုံး။ တောင့် တင်းတယ်ဆိုတာက အရပ်သုံး။ တောင့်တင်းတယ်ဆိုတော့ မတောင့် တင်းတဲ့ဟာလည်း သူရဲ့အစိတ်အပိုင်းပဲ။ အရင်းနဲ့ အဖျားပဲကွာ တယ်။ ဒါကြောင့် တောင့်တင်းတာကို ထောက်ဆပြီးတော့ အဲဒါကို လျော့တယ်လို့ပြောရတယ်။ သူ့ထက် လျော့တာကို ထောက်ဆပြီး ကြည့်ပြန်ရင်တော့ အဲဒီလျော့တယ်ဆိုတာကိုလည်း တောင့်တင်း တယ်လို့ ဆိုရပြန်တယ်။

http://www.dhammadownload.com



ဥပမာအားဖြင့် ဒကာလူ ကြိုးသုံးချောင်းကို ဆွဲထားပါ။ လက်ယာဘက်က ကြိုးကို ဒေါင်ဒေါင်မြည် တင်းနေအောင် ဆွဲထားလိုက်။ ပြီးတော့ လက်ဝဲဘက်ကြိုးကိုတော့ လျော့ပက်ပက်ဆွဲထား။ အလယ်ကကြိုးကိုတော့ တောင့်ရုံကလေးဆွဲထား။ အဲဒီအလယ်က ကြိုးလေးကို ကိုင်ကြည့်လိုက်။ လက်ယာဘက်က အတင်းဆုံးကြိုးကို ကိုင်ကြည့်လိုက်။ လက်ယာဘက်က ကြိုးကို တင်းတယ်လို့ ပြောရလိမ့်မယ်။ အလယ်က ကြိုးကလေးကတော့ လျော့တယ်လို့ ပြောရလိမ့်မယ်။ ဘာဖြစ်လို့တုန်း။ လက်ယာဘက်ကကြိုးလောက် သူက မတင်းလို့ပါပဲ။ ဒါကြောင့် သူ့ကို လျော့တယ်လို့ ပြောရတယ်။ ဒါပေမယ်လို့ လက်ဝဲဘက်က လျော့ပက်ပက်ကျနေတဲ့ကြိုးနဲ့ နှိုင်းယှဉ်ကြည့်လို့ ရှိရင်တော့ အလယ်ကကြိုးကိုလည်း တင်းတယ်လို့ မပြောရပေဘူးလား။ ဘာကြောင့်တုန်း။ သူ့ထက်လျော့တာကို ထောက်ဆလိုက်တော့ သူက တင်းနေတာကိုး။ အဲဒီတော့ လက်ယာဘက်ကကြိုး အတင်းဆုံးနဲ့ ယှဉ်ကြည့်လိုက်တဲ့အခါမှာ လျော့တယ်လို့ သူ့ကိုပြောရတယ်။ အလျော့ဆုံးကြိုးနဲ့ နှိုင်းယှဉ်ကြည့်ပြန်တော့ အလယ်ကကြိုးကို တင်းတယ်လို့ ပြောရပြန်တယ်။ အဲဒီတော့ အလယ်ကကြိုးဟာ သူတစ်ချောင်းတည်းနဲ့ လျော့တယ်လို့လည်းခေါ်ရတယ်။ တင်းတယ်လို့လည်း ခေါ်ရတယ်။ ဒီလို မဟုတ်လား။ ဒါကြောင့် လျော့တယ်ဆိုတာလည်း တင်းတာပါပဲ။ တင်းတာ အဆင့်ဆင့်ပဲ။ အဲဒါကို ဘုန်းကြီး က ဆောင်ပုဒ်ကလေး ရေးထားပါတယ်။

**"ထောက်တန်တောင့်တင်း လျော့ခြင်း တစ်မည်၊**
**ယှိမ်းယိုင်လှုပ်ရှား ရွေ့သွားတတ်သည်၊**
**သူလိုရာဘက် တွန်းလျက်ဆောင်သည်၊**
**ဝါယောဓာတ် သိမှတ် မြတ်ယောဂီ။"** တဲ့။

http://www.dhammadownload.com



ထောက်ကန်တာ၊ တောင့်တာ၊ တင်းတာ၊ လျော့တာတွေဟာ ဝါယောဓာတ်ရဲ့ လက္ခဏာတဲ့။ ထောက်ကန်တယ်ဆိုတာက စာသုံးစကား။ တောင့်တယ်၊ တင်းတယ် ဆိုတာက အရပ်သုံးစကား။ လျော့တယ် ဆိုတာက အဆင့်ဆင့် ထောက်ဆပြီးတော့ခေါ်တဲ့ ဝေါဟာရ၊ ကဲ-ဆိုရမယ်။

**ထောက်ကန်တောင့်တင်း လျော့ခြင်းတစ်မည်၊**
**ယိမ်းယိုင်လှုပ်ရှား ရွေ့သွားတတ်သည်၊**

**ဝါယောဓာတု**—ဝါယောဓာတ်သည်။ **သမုဒီရဏရသာ**—ယိမ်းယိုင်လှုပ်ရှားခြင်း၊ လှုပ်ရှားစေခြင်း ကိစ္စရှိ၏။ ဝါယောဓာတ်ဆိုတာ လေရုပ်ပဲ။ လေတွေဟာ သူ့အားကောင်းလို့ရှိရင် တွန်းကန်တတ်တယ်။ လှုပ်ရှားတတ်တယ်။ သူက လှုပ်ရှားတော့ သူများကိုလည်း တွန်းပြီး လှုပ်ရှားစေတတ်တယ်လို့ ဆိုရတာပေါ့။

ဥပမာအားဖြင့် လှည်းနဲ့နွားလိုပါပဲ။ လှည်းကတော့ သူ့အလိုလိုမလှုပ်တတ်ဘူး။ နွားက လှုပ်တတ်တယ်။ နွားကလှုပ်လိုက်တော့ လှည်းလည်း လှုပ်သွားတယ်မဟုတ်လား။ နွားက လှုပ်တတ်တော့ လှည်းကို လှုပ်စေတတ်တယ်လို့ ဒီလိုလည်း ပြောနိုင်တာပဲ။ နွားက သွားတတ်တော့ လှည်းကို သွားစေတတ်တယ်လို့ ဒီလိုလည်း ပြောနိုင်တာပဲ။ အဲဒီတော့ လှုပ်တတ်တာနဲ့ လှုပ်စေတတ်တာဟာ တစ်သဘောတည်းပါပဲ။ နွားသက်သက်ချည်း ပြောမယ်ဆိုလို့ရှိရင် လှုပ်တတ်တယ်လို့ ပြောရမှာပဲ။ ဘာပြုလို့တုန်း။ နွားက လှုပ်အောင် လုပ်စရာ မရှိလို့ပါပဲ။ ဒါကြောင့် နွားသက်သက်ကို ငဲ့ပြီးပြောရင် လှုပ်တတ်တယ်လို့သာ ပြောရမှာပဲ။ အေး . . . . သူနဲ့စပ်တဲ့လှည်းကို ထောက်ဆပြီး ပြောမယ်ဆိုရင်တော့ လှည်းကို လှုပ်စေတတ်တယ်လို့ ဒီလို ပြောရလိမ့်မယ်။

http://www.dhammadownload.com



အဲဒါလိုပါပဲ၊ ဝါယောဓာတ်ဟာ သူ့ချည်းသက်သက်ဆိုရင်တော့ လှုပ်တတ်တာပါပဲ။ သူ့ဟာသူဆိုရင်တော့ လေတွေဟာ လှုပ်နေတာပဲ။ သူအားကောင်းရင် ငြိမ်ကိုမနေဘူး။ ဒါပေမယ်လို့ အဲဒီဝါယောဓာတ်လေနဲ့ ထိခိုက်မိ, တိုက်ခိုက်မိတာတွေကို ထောက်ဆပြီး ပြောရမယ်ဆိုယင် အဲဒီအရာ ဝတ္ထုတွေကို လှုပ်စေတယ်။ တွန်းတယ်, ရွေ့စေတယ်လို့ ဒီလို ပြောရလိမ့်မယ်။ ဒါပေမယ့် ဘုန်းကြီးတို့ကတော့ လူအများပြောလေ့ရှိတာကိုသာ ယူပြီးတော့ အရပ်သုံးစကားနဲ့ "ယိမ်းယိုင်လှုပ်ရှားရွေ့သွားတတ်သည်" ဆိုတဲ့ စကားလုံးကိုပဲ ယူထားပါတယ်။ ထောက်ဆပြီးယူရတဲ့ "လှုပ်ရှားစေတယ်"ဆိုတဲ့စကားကတော့ အများသုံးမဟုတ်လို့ ဘုန်းကြီးတို့က ယူမထားဘူး။ ဒါပေမယ့် လိုရင်းသဘောကတော့ အတူတူပါပဲ။ လှုပ်ရှားတယ်ဆိုရင် လှုပ်ရှားစေတာလည်းပါတယ်။ လှုပ်ရှားစေတယ်ဆိုရင် လည်းလှုပ်ရှားတာလည်းပါတယ်။ အတူတူပါပဲ။

အဲဒီတော့ ယိမ်းတာ ယိုင်တာ ရွေ့တာ လှုပ်ရှားတာ၊ အဲဒါဟာ **သမုဒီရဏ ရသ**တဲ့။ လှုပ်ရှားခြင်းဟာ သူ့ကိစ္စပဲတဲ့။ ဝါယောဓာတ်ဟာ သူအားကောင်းလို့ရှိရင် ဘာလုပ်တုန်း။ လှုပ်နေတာပဲဒကာလူရ။ ရွေ့ရှားနေတာပဲ။ သူနဲ့စပ်သမျှ အရာဝတ္ထုကိုလည်းလှုပ်ရှားစေတာပဲ။ ဒါဟာသူ့အလုပ်ပဲ။ သူက အဲဒီကိစ္စပဲ လုပ်နေတယ်။ လောကမှာ လေတွေဟာ တောင်ကလာလိုက်, မြောက်ကလာလိုက်နဲ့ ဒါဟာ လှုပ်ရှားနေတာပဲ မဟုတ်လား။ သူက ရွေ့ရှားနေတော့ သူနဲ့ တိုက်ခိုက်မိတဲ့ အမှိုက်တို့ ဖက်ရွက်တို့ ဒါတွေကိုလည်းသူက တွန်းကန်ပြီးတော့ လှုပ်ရှားစေတယ်။

ဒီတော့ လှုပ်ရှားတာနဲ့ လှုပ်ရှားစေတာဟာ အတူတူပါပဲ။ တစ်သဘောတည်းပါပဲ။ ဒါကြောင့် လှုပ်ရှားတယ်ဆိုတဲ့ အများသုံး

http://www.dhammadownload.com



စကား တစ်ခုကိုသာ ယူပြီးတော့ ဟောဒီမှာ ဆောင်ပုဒ်စီထားပါတယ်၊ "ယိမ်းယိုင် လှုပ်ရှား ရွေ့သွားတတ်သည်"တဲ့။ ယိမ်းတတ်သည်။ ယိုင်တတ်သည်။ လှုပ်ရှားတတ်သည်။ ရွေ့တတ်သည်။ သွားတတ်သည်တဲ့။ ဒါက ဘာတုန်းဆိုယင် ဝါယောဓာတ်ရဲ့ ကိစ္စရသတဲ့။

ဒီတော့ "ကွေးတယ် ကွေးတယ်, ဆန့်တယ် ဆန့်တယ်" စသည်ဖြင့် မှတ်တဲ့အခါမှာ လှုပ်ရှားတဲ့သဘောကို မတွေ့ပေဘူးလား။ ယခုစမ်းကြည့် ယခုတွေ့တယ်။ လက်ညှိုးကလေး ကွေးကြည့်လိုက်၊ ဆန့်ကြည့်လိုက်၊ လှုပ်ရှားတာကို ထင်ရှားတွေ့ရတယ်။ မတွေ့လို့ကို မဖြစ်ဘူး။ အဲဒါ ဝါယောဓာတ်ရဲ့ **သမုဒီရဏ ရသ**တဲ့။ လှုပ်ရှားတဲ့ သဘောပါပဲ။ အဲဒီလိုပဲ "သွားတယ် သွားတယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ်"လို့ ရှုတဲ့အခါမှာလည်း ခြေထောက်ထဲက ရုပ်တွေဟာ တရွေ့ချင်း ရွေ့ရွေ့သွားတာကို မတွေ့ရပေဘူးလား။ အဲဒီလို ရွေ့ရွေ့သွားတဲ့ သဘောကို **သမုဒီရဏ ရသ**ခေါ်တယ်။ လှုပ်ရှားခြင်းဟာ ဝါယောရဲ့ ကိစ္စပဲတဲ့။

နောက်ပြီးတော့ **အဘိနီဟာရ ပစ္စုပဋ္ဌာန်**တဲ့။ **ပစ္စုပဋ္ဌာန်**ဆိုတာက ခုနက ပြောခဲ့တဲ့ဟာပါပဲ။ **ဉာဏဿ ဂေါစရဘာဝံ**— ဉာဏ်၏အာရုံအဖြစ် ရောက်ပြီးတော့ ထင်ပေါ်လာတဲ့ အခြင်းအရာပါပဲ။ ထင်တော့ ဘယ်လိုထင်သလဲဆိုယင် **ယာထာဝတော**—ဟုတ်တိုင်း မှန်စွာ ထင်ပါတယ်တဲ့။ မဟုတ်ဘဲနဲ့ထင်တဲ့ ပညတ်မျိုးမဟုတ်ဘူး။ ဟုတ်တဲ့အတိုင်း ထင်တာတဲ့။ အဲဒါဟာ **ပစ္စုပဋ္ဌာန်** ခေါ်ပါတယ်။ ဒါကြောင့် ဒီ**ပစ္စုပဋ္ဌာန်**ဟာလည်း ပရမတ်ပါဘဲ။

ဒါကြောင့် **လယ်တီဆရာတော်ဘုရားကြီး**ကလည်း **အနုတ္တရဒီပနီ, လက္ခဏာဒီပနီ, ဥတ္တမပုရိသကျမ်း**တို့မှာ လှုပ်ရှားတာ, ရွေ့ရှားတာတွေဟာ ပရမတ်ဝါယောဖြစ်တဲ့အကြောင်း ရေး

http://www.dhammadownload.com



ထားတာတွေ အများကြီးရှိပါတယ်။ အဲဒါ ရှုကောင်းတဲ့တရားတွေပါ ပဲ။ မရှုကောင်းတဲ့တရား မဟုတ်ပါဘူး။ ဒါကြောင့် ဘုန်းကြီးက ဒီမှာ ဆောင်ပုဒ်စီထားပါတယ်။ "သူလိုရာဘက် တွန်းလျက်ဆောင် သည်" တဲ့။ ဒီဆောင်ပုဒ်ထဲမှာ သူ–ဆိုတာက ဝါယောဓာတ်ပြော တာ။ ဝါယောဓာတ်ဟာ သူလိုရာဘက်ကို တွန်းတွန်းပြီးဆောင်သွား တယ်။

ဝါယောဓာတ်မှာ အလိုရယ်လို့ရှိသလားဆိုတော့ အလိုက တော့ ဘယ်ရှိမလဲ။ လောက ဝေါဟာရအားဖြင့် တင်စားပြီးတော့ ပြောထားတာပေါ့။ ဒကာလူတို့ အရပ်ထဲမှာလည်း တင်စားပြီးတော့ ပြောဆိုနေကြတာတွေ အများကြီးရှိပါတယ်။ ခလေးတွေ ကစားရာ မှာတောင်မှ ဂေါ်လီလုံးတို့ ဘာတို့ဆိုရင်ဖြင့် "သူက ဒီဘက်လိမ့်ချင် တယ်။ ဟိုဘက် မလိမ့်ချင်ဘူး" စသည်ဖြင့် ပြောဆိုနေကြပါတယ်။ ဘုရားဟောတဲ့ ဒေသနာတွေမှာလည်း ဒီလိုတင်စားဟောတာတွေ ရှိတာပါပဲ။ ယခု ဒီဆောင်ပုဒ်မှာလည်း ဒီလိုပါပဲ။ ဝါယောဓာတ်မှာ အလိုမရှိပေမယ့် အလိုရှိတဲ့အနေနဲ့ တင်စားပြီး ပြောထားပါတယ်။

အမှန်ကတော့ အလိုရှိရာဘက်ဆိုတာ ဦးတန်းမိရာဘက်ပါ ပဲ။ သူက ရှေ့ဘက်ကို ဦးတန်းမိယင် ရှေ့ဘက်ကို သွားတော့တာပဲ။ နောက်ဘက်ကို ဦးတန်းမိရင်လည်း နောက်ဘက်ကို သွားတော့တာ ပဲ။ ဘေးဘက်လို ဦးတန်းမိရင်လည်း ဘေးဘက်ကို သွားတာပဲ။ ဒီလို ဦးတန်းမိရာဘက်ကို နားလည်အောင်လို့ "သူလိုရာဘက်"လို့ ဆိုထားပါတယ်။ ဒီသူလိုရာဘက်ဟာ **စိတ္တဇဝါယော**နဲ့ ပြောမယ်ဆို လို့ရှိရင် စိတ်အလိုရှိရာဘက်ပါပဲ။ စိတ်က ကွေးချင်တယ်ဆိုရင် အတွင်းဘက်, ဆန့်ချင်တယ်ဆိုရင် အပြင်ဘက်ဆိုတဲ့ စိတ်အလို ရှိရာဘက်ကို တွန်းတွန်းပြီး ဆောင်သွားသလိုပဲ ထင်ရတယ်။ အဲဒါ

http://www.dhammadownload.com



ဝါယောဓာတ်ရဲ့ ဦးတန်းမိရာဘက်, အလိုရှိရာဘက်ပါပဲ။ ဒါကြောင့် "သူလိုရာဘက် တွန်းလျက်ဆောင်သည်"လို့ ဆောင်ပုဒ်ကလေး ပေးထားတာ။

အဲဒီတော့ ကွေးတိုင်း,ဆန့်တိုင်း ရှေ့ဘက်ဖြစ်စေ နောက်ဘက်ဖြစ်စေ ဘေးဘက်ဖြစ်စေ အလိုရှိရာဘက်ကို တွန်းတွန်းပို့နေသလို, ဆွဲဆွဲယူသွားသလို ဒီလိုဟာတွေကို ထင်ရှားတွေ့ရတယ်။ အဲဒါ **ပစ္စုပဋ္ဌာန်**ကို တွေ့တာတဲ့။

ကဲ . . . . ဆိုရမယ်။

**သူလိုရာဘက် တွန်းလျက်ဆောင်သည်၊**
**ဝါယောဓာတ် သိမှတ်မြဲတ်ယောဂီ၊**

အဲဒါက ဝါယောဓာတ်ကို **လက္ခဏာနဲ့, ရသနဲ့, ပစ္စုပဋ္ဌာန်**နဲ့ သိပုံနော်။ **ပဒဋ္ဌာန်**ကို အဲဒီလင်္ကာထဲ ထည့်မထားတာကတော့ အလွန်လည်း အရေးမကြီးလို့။ ပြီးတော့ရှစ်လုံးဘွဲ့က ရှေ့က သုံးပိုဒ်သာ ထည့်နိုင်တယ်။ နောက်ဆုံးကတော့ နိဂုံးချုပ်ရဦးမှာမို့ လေးပိုဒ်မစီနိုင်လို့ သုံးပိုဒ်ပဲ ထည့်ထားပါတယ်။ အဲဒီတော့ ကိုယ်ထဲမှာရှိတဲ့ ဝါယောဓာတ်ဆိုရင် ဘယ်အပိုင်းက ဝါယောကိုပဲရှုရှု **ဒီလက္ခဏာ**နဲ့, **ဒီရသ**နဲ့ **ဒီပစ္စုပဋ္ဌာန်**နဲ့ သိရမယ်။ ဒီသုံးမျိုးထဲက တစ်ခုခုနဲ့သိယင် ဒါဟာ အသိမှန်ပြီ။

ဘုန်းကြီးက ဝမ်းဗိုက်က ဖောင်းတိုင်း, ပိန်တိုင်း "ဖောင်းတယ်, ပိန်တယ်" လို့မှတ်ဖို့။ ဒီလိုမှတ်ရာမှာလည်း ဖောင်းစကဖောင်းဆုံးတိုင်အောင်, ပိန်စက ပိန်ဆုံးတိုင်အောင် စိတ်အသိကလေးနဲ့ ရှုလိုက်ဖို့ ညွှန်ကြားနေပါတယ်။ အဲဒီလို ရှုနေတော့ဘာကိုတွေ့သလဲဆိုရင် ဖောင်းတယ်လို့ မှတ်တဲ့အခါ ဗိုက်ထဲကတောင့်တာ, တင်းတာတွေ တွေ့တယ်။ အဲဒါဟာ ထောက်ကန်တဲ့

http://www.dhammadownload.com



ဝါယောဓာတ်ပေါ့၊ ဝါယောရဲ့ **ဝိတ္ထမ္ဘနလက္ခဏာ**ကို တွေ့နေတာပေါ့။ တစ်နေရာက တစ်နေရာ ရွေ့ရွေ့သွားတာကိုလည်း တွေ့တယ်။ အဲဒါက **သမုဒီရဏရသ**ကို တွေ့နေတာပေါ့။ တစ်ခါတစ်ရံကျတော့ တွန်းတွန်း ပို့နေသလို ဒီလိုလည်း တွေ့ရပါတယ်။ ဖောင်းခိုက်မှာ အပြင်ဘက်ကို တွန်းတွန်းပို့နေသလို, ပိန်ခိုက်မှာ အတွင်းဘက်ကို တွန်းတွန်းပို့နေသလို, ဆွဲဆွဲပြီး ယူလာသလို တွေ့ရပါတယ်။ အဲဒါကတော့ ဝါယောဓာတ်ကို **အဘိနီဟာရပစ္စုပဋ္ဌာန်**နဲ့ တွေ့တာတဲ့။ ဒီလိုတွေ့ပြီး သိနေရင် အဲဒါဟာ အသိမှန်ပေါ့။ တစ်ကိုယ်လုံးမှာရှိတဲ့ ဝါယောဓာတ်ဆိုရင် ရှုကောင်းတာချည်းပါပဲ။ ဗိုက်က ဝါယောကိုတော့ မရှုကောင်းဘူးလို့ ဘယ်ကျမ်းဂန်ကမှ မဆိုပါဘူး။ ကိုယ်ခန္ဓာထဲမှာ ခြေထောက်ကနေပြီး ခေါင်းအထိ၊ ခေါင်းကနေပြီး ခြေထောက်အထိ တစ်ကိုယ်လုံးမှာ အတွင်းကဖြစ်ဖြစ်၊ အပြင်ကဖြစ်ဖြစ် ပရမတ်ရုပ် ဟူသမျှတွေကို အကုန်လုံး ရှုကောင်းတယ်။ ပထဝီပဲ ဖြစ်ဖြစ်၊ အာပေါပဲဖြစ်ဖြစ်၊ တေဇောပဲဖြစ်ဖြစ်၊ ဝါယောပဲဖြစ်ဖြစ် ရူပါရုံပဲ ဖြစ်ဖြစ်၊ ပရမတ်ရုပ်ဟူသမျှတွေကို အကုန်လုံး ရှုကောင်းပါတယ်။ "ဘယ်ရုပ်တော့ မရှုကောင်းဘူး၊ ဘယ်နားအပိုင်းကတော့ ချန်ထားရမယ်" လို့ ဒီလို ကန့်သတ်ချက်ဟာ ဘယ်ပါဠိ အဋ္ဌကထာ ဘယ်ဋီကာမှာမျှမရှိပါဘူး။ ဒါကြောင့် ကိုယ်ထဲက ထင်ရှားတဲ့တရားဆိုရင် အကုန်လုံး ရှုကောင်းတယ်လို့သာ ကိန်းသေမှတ်ထားရမယ်။

မနေ့က ပြောခဲ့တဲ့အတိုင်း (**ယထာပါကဋံ ဝိပဿနာဘိနိဝေသော**)။ **ဝိပဿနာ ဘိနိဝေသော**—ဝိပဿနာလုပ်ငန်းသို့ စ၍ ဝင်ခြင်းသည်။ **ဝါ**—ဝိပဿနာစ၍ ရှုခြင်းသည်။ **ယထာပါကဋံ**—ထင်ရှားစဉ်အတိုင်း။ **ဟောတိ**—ဖြစ်၏။ ထင်ရှားစဉ်အတိုင်း စ၍

http://www.dhammadownload.com



ရှုရမယ်လို့ ဆိုထားတယ်။ ထင်ရှားလို့ရှိရင် ဘယ်ရုပ်ဖြစ်ဖြစ် ရှုနိုင်တယ်။ ထင်ရှားတဲ့ ဖြစ်ခိုက် ရုပ်နာမ်ကို ရှုရင် ဘယ်ဟာရှုရှု မှန်တာချည်းပါပဲ။ မှားတယ်လို့ မဆိုရဘူး။ အဲဒါဟာ **ဝိစိကိစ္ဆာ လမ်းနှစ်ခွ**ကို ပယ်နိုင်အောင်လို့ ပြောနေတာပါပဲ။ ဒီ**ဝိစိကိစ္ဆာ**ပယ်ပုံက ဝိပဿနာပိုင်း မရောက်သေးဘူး။ နည်းလမ်းသိရုံလောက်သာ ရှိသေးတယ်။ ဝိပဿနာနည်းလမ်းအပေါ်မှာ အားမထုတ်မီ စောစောပိုင်းက ယုံမှားဖြစ်နေမှာ စိုးလို့ အဲဒါကို ပယ်နိုင်အောင် အထပ်ထပ်ရှင်းပြီး ဟောနေပါတယ်။ အကယ်၍ ယုံမှားရှိနေရင် အဲဒါကို **ပဋိသင်္ခါဉာဏ်**နဲ့ စဉ်းစားဆင်ခြင်ပြီးတော့လည်း ပယ်ရမယ်။ သင်ကြားပြီးတော့လည်း ပယ်ရမယ်တဲ့။ ဒါကြောင့်မို့ သင်ကြားတဲ့အနေနဲ့ ဘုန်းကြီးက ရှင်းပြီး ဟောနေပါတယ်။

ဝါယောဓာတ်ကို **လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်**နဲ့ သိနိုင်တာကတော့ ထင်ရှားပြီ။ ဒီတော့ ဝါယောဓာတ်ကို ဖြစ်ခိုက်ရှုနေလို့ရှိယင် သိနိုင်သလို တခြားရုပ်တရားတွေလည်း ဖြစ်ခိုက် ရှုနေရင် ဒီအတိုင်းပဲ သိနိုင်မယ်ဆိုတာ နည်းလည်ဖို့ပါပဲ။ ယခု နာမ်တရားထဲက တစ်ခုလောက် ထုတ်ပြပါဦးမယ်။ ဆောင်ပုဒ်စာရွက်ထဲမှာ စိတ်ကို ပြထားတယ်။

အာရုံသိသော သဘော ရှိသည်တဲ့။ **အာရမ္မဏ ဝိဇာနန လက္ခဏံ ဝိညာဏံ။ ဝိညာဏံ**–ဝိညာဉ်သည်။ **အာရမ္မဏ ဝိဇာနန လက္ခဏံ**–အာရုံကို သိခြင်းလက္ခဏာရှိ၏။ ဝိညာဉ်ဆိုတာ စိတ်ပဲ။ စိတ်ဆိုတာ အာရုံကိုသိတဲ့ သဘောပဲ။ စိတ်ဟာ အာရုံရှိမှဖြစ်တယ်။ အာရုံမရှိရင်မဖြစ်ဘူး။ ဒီတော့ စိတ်ကလေး ဖြစ်တိုင်းဖြစ်တိုင်း မှတ်လို့ရှိရင် အာရုံဆီ ရောက်ရောက်သွားတဲ့သဘော, အာရုံကိုသိတဲ့ သဘောပဲဆိုတာကို သိရတယ်။ မြင်တယ်ဆိုရင်လေ

http://www.dhammadownload.com



မြင်သိတာ ကလေးဟာ မြင်စရာအဆင်းကလေးဆီ ရောက်ပြီး အဲဒီအဆင်းကို သူက သိသွားတယ်။ အဲဒီမှာ ပြေးကပ်သွားသလိုပဲ ထင်ရှားတွေ့ရတယ်။ ကြားတယ်ဆိုရင် အသံကလေးဆီ ပြေးကပ် သွားသလိုပဲ။ နံတယ်ဆိုရင်လည်း အနံ့ဆီ ပြေးကပ်သွားသလိုပဲ။ စားတယ်ဆိုရင်လည်း အရသာကလေးဆီ ရောက်သွားသလိုပဲ။ ထိတယ်ဆိုရင်လည်း ထိတဲ့အာရုံနဲ့ တိုက်ခိုက်သွားသလိုပဲ သိသွား တယ်။ အဲဒီလို အာရုံသိသော သဘောဟာ ထင်ရှားပါတယ်။

စိတ်ကူး စဉ်းစား ကြံစည်တာကမှ သာပြီး ထင်ရှားသေး တယ်။ ဒီ (မုံရွာ)ကနေပြီး မန္တလေး မဟာမြတ်မုနိဘုရားကြီးကို စဉ်းစားလိုက်ရင် ပေါ်မလာဘူးလား။ စိတ်က သွားတာပဲ။ စစ်ကိုင်း တံတားကြီး စဉ်းစားလိုက်ရင် မပေါ်ဘူးလား။ ပေါ်တယ်နော်။ စစ်ကိုင်းတောင်ရိုး လျှောက်ပြီး စဉ်းစားလိုက်။ ဒါလည်း ပေါ်တာပဲ။ နီးနီး ဝေးဝေး ပေါ်တယ် ဒကာလူရ။ ကိုယ်ရောက်ဖူးတဲ့၊ ကိုယ်သိ ဖူးတဲ့ အာရုံတွေကို စဉ်းစားလိုက်ရင် အဲဒီအာရုံတွေကို သိသွား တာဟာ စိတ်ပဲ။ စိတ်ကလေး အာရုံဆီ ရောက်ရောက်သွားတာပဲ။ ဒါကြောင့် အာရုံသိသောသဘောရှိသည်တဲ့။ ကိုင်း—ဆိုရမယ်။

**အာရုံသိသော သဘောရှိသည်၊**

**ခေါင်းဆောင်အလား ရှေ့သွားတတ်သည်၊**

**ပစ္စုပ်ဋ္ဌာန်—ရှေ့သွားခြင်း ကိစ္စရှိသည်, ခေါင်းဆောင်** အလား ရှေ့သွားတတ်သည်တဲ့။ အလုပ်တစ်ခုကို လူအများပေါင်းစု ပြီး လုပ်တဲ့အခါ ခေါင်းဆောင်ဆိုတာ ရှိရတယ်။ ကူလီတောင်မှ ခေါင်းဆောင် ရှိရသေးတာပဲ။ အေး. . . လယ်သမားတွေများဆိုလို့ ရှိရင် စပါးရိတ်တဲ့ အခါကာလတွေမှာ ခေါင်းဆောင် ရှိရတယ်။ သူတို့အဖွဲ့တွေမှာ တစ်ဖွဲ့တစ်ဖွဲ့ ခေါင်းဆောင်ကောင်းတစ်ယောက်

http://www.dhammadownload.com



တစ်ယောက် ရှိရတယ်။ ကောက်စိုက်တဲ့အခါလည်း ခေါင်းဆောင် ရှိရတယ်။ အဲဒီခေါင်းဆောင်က ရှေ့ကနေပြီး လုပ်ဆောင်သွားရင် နောက်ကလူတွေက သူ့လိုပဲ လိုက်လုပ်ရတယ်။ အဲဒီလိုပါပဲတဲ့။ စိတ်က အာရုံဆီ ရှေးဦးစွာရောက်သွားသလို သူကအာရုံကို သိသွားတယ်။ သူ့နောက်က လိုက်ပြီးတော့ ဒီပြင်စေတသိက်တရားတွေက ပါသွားကြတယ်။ ထင်ရှားတာနဲ့ ပြောရမယ်ဆိုရင်တော့ မြင်ပြီးလို့ ရှိရင်လေ မြင်ရတဲ့ အာရုံကလေးက နှစ်သက်စရာကောင်းရင် လောဘက နောက်က လိုက်မဖြစ်ဘူးလား။ စိတ်ဆိုးစရာ မုန်းစရာ အာရုံနဲ့ တွေ့လို့ရှိရင်လည်း စိတ်က သိပြီးတာနဲ့ နောက်က ဒေါသတွေ လိုက်လာတယ်။ ကြည်ညိုစရာကိုတွေ့လို့ရှိရင် သဒ္ဓါက နောက်က လိုက်လာတယ်။ အဲဒီလိုပါပဲ ဒကာလူရဲ့။ ရှေ့ကနေပြီး စိတ်က ဂုဏ်ယူစရာကို တွေ့လို့ရှိရင် မာနက နောက်ကလိုက်လာတယ်။ ရှေ့ကနေပြီးတော့ တွယ်တာစရာကိုတွေ့လို့ရှိရင် **မစ္ဆရိယ** ဝန်တိုခြင်းက နောက်ကလိုက်လာတယ်။ ရှေ့ကနေပြီးတော့ မကျေနပ်စရာကလေးများ တွေ့လို့ရှိရင် သူတစ်ပါး ကောင်းစားနေတာကို မနာလိုတဲ့ **ဣဿာ**က နောက်ကလိုက်လာတယ်။ သနားစရာ အာရုံကို တွေ့လို့ရှိရင် နောက်က **ကရုဏာ** လိုက်လာတယ်။ ကောင်းတဲ့ တရားရော, မကောင်းတဲ့တရားရော ဒီအတိုင်းပါပဲ။

ဒါကြောင့် စိတ်ကလေးဟာ ခေါင်းဆောင်နဲ့တူတယ်တဲ့။ ခေါင်းဆောင်ပုဂ္ဂိုလ်က ရှေ့က ဆောင်နေသလိုပဲ၊ စေတသိက်တရားတွေ နောက်က လိုက်လာဖို့ရာ သူက ရှေ့ဆောင်ရှေ့ရွက် လုပ်နေတဲ့ သဘောပါပဲ။ ဒါကြောင့် ခေါင်းဆောင်အလား ရှေ့သွားတတ်သည်တဲ့။ စိတ်ကလေးကို မှတ်တိုင်း မှတ်တိုင်း အဲဒါကိုသိတယ်။ စိတ်ကလေးမှတ်လိုက်ရင် အာရုံဆီရောက်ပြီး အာရုံကို သွားသိတဲ့

http://www.dhammadownload.com



သဘော ထင်ရှားတယ်။ ပြီးတော့ သူက ခေါင်းဆောင်နေတယ်။ သူ့ကို မရှုမှတ်လို့ရှိရင် လောဘ, ဒေါသတွေ ဖြစ်လာနိုင်တယ်။ ကြည်ညိုတဲ့ သဒ္ဓါစသည်တို့လည်း ဖြစ်လာနိုင်တယ်။ အဲဒီလိုလည်း ထင်ရှားနေတယ်။ ဒီတော့ ခေါင်းဆောင်အလား ရှေ့သွားတတ်သည်ဆိုတဲ့ **ပုဗ္ဗင်္ဂမ ရသ**—ရှေ့သွားခြင်းကိစ္စဆိုတဲ့ ဒီရသကိုလဲ ရှုရုံကလေးနဲ့ သိနိုင်တယ်။ စာနဲ့ကျက်နေစရာ မလိုပါဘူး။

နောက်တစ်ခုကတော့ **ပဋိသန္ဓိ ပစ္စုပဋ္ဌာန်**— ရှေးစိတ်နှင့် စပ်သော အခြင်းအရာအားဖြင့် ယောဂီပုဂ္ဂိုလ်၏ဉာဏ်၌ ထင်သည်တဲ့။ ယောဂီပုဂ္ဂိုလ်မှာ စိတ်ကို ဖြစ်တိုင်းဖြစ်တိုင်း လိုက်ပြီးရှုနေရင် နောက်စိတ်ကလေးတွေက ရှေးစိတ်ကလေးနဲ့ ဆက်စပ်ပြီး ဖြစ်နေတယ်လို့ ဒီလိုထင်ရှားတယ်။ အဲဒါလည်း အလွန်ထင်ရှားပါတယ်။ ဖောင်းတယ်, ပိန်တယ်, ထိုင်တယ်, ထိတယ် စသည်ဖြင့်မှတ်နေရင်း ကြံစည်တဲ့စိတ်ကလေး ဖြစ်လာရင် အဲဒီစိတ်ကလေးကို မှတ်လိုက်၊ နောက်စိတ်တစ်ခုက ထပ်ဖြစ်လာတယ်။ အဲဒီစိတ်ကိုလည်း မှတ်လိုက်၊ နောက်တစ်ခုက ထပ်ဖြစ်လာပြန်တယ်။ ဒီနည်းဖြင့် စိတ်ကလေးတွေ တစ်စိတ်ချင်း, တစ်စိတ်ချင်း ဖြစ်ဖြစ်နေလိုက်တာ ဒကာလူရေ. . .။ ဘာနဲ့တူသလဲဆိုတော့ စိတ်ပုတီးစေ့ကလေးများ တစ်စေ့ချင်း, တစ်စေ့ချင်း ကျကျနေတာနဲ့ တူနေတာပဲ။ စိတ်တစ်ခုက ဖြစ်လိုက်၊ အဲဒီစိတ်ကို မှတ်လိုက်၊ အဲဒီ စိတ်က ပျောက်သွားလိုက်၊ နောက်စိတ်တစ်ခုက ဖြစ်လိုက်နဲ့ စိတ်ကလေးတွေ စဉ်ပြီးတော့ ဖြစ်နေတာကို တစ်ခါတစ်ခါများ တော်တော်ကြာအောင် မှတ်ရတတ်တယ်။

အားထုတ်ခါစ ပုဂ္ဂိုလ်များ တစ်ခါတစ်ရံမှာ ထုပ်ဆီးတမ်းကစားနေသလိုပါပဲ။ ထုပ်ဆီးတဲ့ ကလေးတွေမှာ ဒီဘက်က ဆီးလိုက်၊

http://www.dhammadownload.com



ဟိုဘက်က အပေါက်ရှာပြီးတော့ ပြေးလာလိုက်။ ဟိုဘက်လိုက်ပြီး ဆီးလိုက်၊ ဒီဘက်ရောက်လာလိုက်နဲ့ပေါ့လေ။ အဲဒီလိုပဲ၊ စိတ်ကလေးက ဒီဘက်ရောက်လာလို့ သူ့ကိုလိုက်မှတ်လိုက်၊ သူက ဟိုဘက်ရောက်သွားလိုက်။ အဲဒီစိတ်ကို မှတ်လိုက်။ သူက တစ်မျိုးဖြစ်လိုက်နဲ့၊ တစ်ခါတစ်ခါများ ဘယ့်နှယ်နေတုံးဆိုတော့ "အေးကွ-မင်းက မိအောင်ဖမ်းနိုင်ရင်ဖမ်း၊ ငါက လွတ်အောင်ပြေးမယ်" ဆိုသလိုပဲ၊ စိတ်တွေက ထွက်နေလိုက်တာဟာ အတော်ကို ရယ်စရာကောင်းတယ်။ အဲဒီလို စိတ်ကလေးတွေ တစ်ခုချင်းဖြစ်နေတာကို ယောဂီပုဂ္ဂိုလ်က ကိုယ်တိုင်တွေ့နိုင်ပါတယ်။ ဘယ်သူဖြစ်ဖြစ် တွေ့နိုင်တယ်။ လူကြီးတွေ့, ပညာရှိပုဂ္ဂိုလ်တွေမှ မဟုတ်ပါဘူး၊ ၁၀နှစ်, ၁၁-နှစ်အရွယ် ကလေးတွေလည်း တွေ့နိုင်ပါတယ်။ ဘုရားလက်ထက်တော်ကဆိုယင် ခုနစ်နှစ်အရွယ်ကလေးတွေတောင် ရဟန္တာဖြစ်နေကြသေးတာပဲ။ တချို့ကလေးတွေကလေ သိပ်အပြောကောင်းတယ်။ အသိလည်း ကောင်းတယ်။ စိတ်ကလေးတွေ စီစဉ်ပြီးဖြစ်နေပုံ ကို သူတို့က ပြောနေတာဟာ လူကြီးတွေကတောင် အံ့သြရတယ်။ အဲဒီကလေးတွေဟာ ဘယ်အရွယ်လောက်တုန်းဆိုတော့ ၁၀-နှစ်, ၁၁—နှစ်အရွယ် ကလေးတွေပဲ။ ဘာမှမကြီးသေးဘူး။ ဒါပေမဲ့ တချို့လူကြီးတွေက သူတို့လောက် မပြောတတ်ဘူး။ သိပ်အားရစရာ ကောင်းတယ်။ ဒီကလေးတွေဟာ စာသင်ထားတာလည်း မဟုတ်ဘူး။ စိတ် စေတသိက် ဆိုတဲ့ ကျမ်းဂန်စကားကို ဘာမျှမသိသေးဘူး။ မသိပေမယ့် ပြောတတ်တယ်။ ကိုယ်တိုင်တွေ့လာတာကိုး။ **သန္ဒိဋ္ဌိကော**—ကျင့်ကြံအားထုတ်က မုချကိုယ်တိုင် တွေ့မြင်နိုင်သော တရားတော်မြတ်ပါပေတကား။ ကိုယ်တိုင်ကျင့်တော့ ဒီစိတ်ကလေး တွေကို ကိုယ်တိုင်သိလာတာ။

http://www.dhammadownload.com



ဒါကြောင့် တွေ့နိုင်ပါတယ်။ တွေ့ချင် လို့ရှိရင် စမ်းသာ ကြည့်ပေတော့။ အဲဒီလို စိတ်ကလေးတွေ တစ်ခုချင်း, တစ်ခုချင်း ဆက်ဆက်ပြီးတော့ ရှေ့စိတ်ဆုံး နောက်စိတ်ဖြစ်, ရှေ့စိတ်ဆုံး နောက်စိတ်ဖြစ်နဲ့ မကုန်နိုင်၊ မဆုံးနိုင်အောင် စိတ်ကလေးတွေ ဖြစ်နေတာကိုတွေ့ရင် ဒါက ပစ္စုပ္ပန်နဲ့ တွေ့နေတာတဲ့။ အဲဒါကို ဆိုရမယ်။

**ရှေ့စိတ်နှင့်စပ် အထပ်ထပ်ဖြစ်သည်၊**
**စိတ်တရား မှတ်သားမြတ်ယောဂီ၊**

အဲဒီစိတ်ကလေးတွေ ဖြစ်နေတာကို ဖြစ်တိုင်းဖြစ်တိုင်းသာ ရှုကြည့်ပါ။ ရှုကြည့်လို့ရှိရင် အာရုံဆီရောက်ပြီး အာရုံကိုသိတဲ့ သဘောကလေးပဲလို့လည်း ကိုယ်တိုင်ဉာဏ်နဲ့ ရှင်းပြီးတော့ သိပါလိမ့်မယ်။ နောက်ပြီးတော့ စိတ်က ရှေ့ကသွားလို့ စေတသိက်ခေါ်တဲ့ လောဘတို့၊ ဒေါသတို့၊ သဒ္ဓါတို့၊ သတိတို့ အစရှိတဲ့ အဆိုးအကောင်းတွေက နောက်ကလိုက်ပြီး ဖြစ်နေတယ်ဆိုတာကိုလည်း တွေ့ပါလိမ့်မယ် ဒကာလူရ။ ရှေ့စိတ်နဲ့စပ်ပြီး ရှေ့စိတ်ဆုံး နောက်စိတ်ဖြစ်, ရှေ့စိတ်ဆုံး နောက်စိတ်ဖြစ်နဲ့ တစ်စိတ်ချင်း, တစ်စိတ်ချင်း စီပြီး ဖြစ်နေတာကိုလည်း တွေ့ပါလိမ့်မယ်။ တချို့ယောဂီတွေက "ဘယ်တော့များ တရားက ဆုံးမှာလဲ၊ ဘယ်တော့ တရားအဆုံးကို ရောက်မလဲ ပြီးဆုံးမလဲ" လို့မေးတော့၊ ဘုန်းကြီးတို့ ကမ္မဋ္ဌာန်းဆရာတွေက "မှတ်သိနေရတဲ့ စိတ်တွေ ကုန်သွားတဲ့အခါ တရားဆုံးမယ်"လို့ ဒီလို ပြောရတာကိုး။ ဒီလိုပြောတော့ မေးတဲ့ယောဂီက "ဒီလောက်များနေတဲ့ စိတ်တွေ ကုန်ဆုံးသွားမှဆိုတော့ ကုန်မှကုန်ပါတော့မလား"လို့ တွေးမိသတဲ့။ ဒီလိုစိတ်တွေ မကုန်မဆုံးနိုင်အောင် တစ်စိတ်ချင်း ဖြစ်နေပုံကို ဓမ္မပဒမှာ ဟောထားတယ်။

**ဒူရင်္ဂမံ ဧကစရံ၊ အသရီရံ ဂုဟာသယံ၊**

http://www.dhammadownload.com



**ယေ စိတ္တံ သံယမေဿန္တိ၊ မောက္ခန္တိ မာရဗန္ဓနာ။**

**ဒူရင်္ဂမံ**—ဝေးသော အရပ်သို့လည်း သွားတတ်သည်တဲ့။ စိတ် ဆိုတာ ဝေးတဲ့အရပ်လည်း သွားတတ်တယ်။ ဘယ်လောက် ဝေးဝေး စိတ်ကူးလိုက်ယင် ဖြုတ်ခနဲ ရောက်သွားတာပဲ။ ဒကာလူ ရန်ကုန်ကို ရောက်ဖူးရဲ့လား။ ရွှေတိဂုံဘုရားကြီး ရောက်ဖူးမှာပေါ့။ အဲဒီရွှေတိဂုံဘုရားကြီး သွားလိုက်စမ်းပါ။ (ရောက်ပါပြီဘုရား)။ ပြန်လာခဲ့ပါ။ (ပြန်လာပါပြီဘုရား)။ မြန်လိုက်တာပါလား ဒကာလူရ။ မြန်တယ်နော်၊ စိတ်က အင်မတန် မြန်တယ်။ ဒကာလူ စရိတ် ဘယ်လောက်ကုန်သတုန်း။ (ဘာမျှစရိတ်မကုန်ပါဘုရား)။ အေး. . . ဘယ်သူမျှလည်း မတားမြစ်နိုင်ပါဘူး။ ဒကာလူနှယ်. . . ရန်ကုန် တွင် ဘယ်ကလိမ့်မတုန်း . . . . နိုင်ငံခြားသွားချင်လည်း သွားနိုင် သေးတယ်။ ဘာလက်မှတ်မှ မယူရဘူး။ သိပ်နေရာကျတယ်။ လေ ယာဉ်ပျံစရိတ်လည်း မကုန်ဘူး။ ဘာမျှမကုန်ဘူး။ သွားနိုင်တယ်။ ရောက်ဖူးတဲ့ နေရာဆိုလို့ရှိရင် သွားနိုင်တာပဲ။ မရောက်ဖူးတဲ့ နေရာတောင် စိတ်မှန်းနဲ့တော့ သွားနိုင်သေးတာပဲ။ မရောက်ဖူးတဲ့ တာဝတိံသာ နတ်ပြည်လည်း စိတ်နဲ့မှန်းသွားလိုက်ရင် ရောက်တာ ပဲ။ သို့သော် တကယ် နတ်ပြည်အစစ် အတိုင်းကတော့ ဟုတ်ချင်မှပဲ ဟုတ်မယ်။ ဘာဖြစ်လို့ ဒီလိုပြောရသလဲ ဆိုတော့ ကိုယ်မရောက်ဖူး တဲ့ နေရာကို မှန်းကြည့်လို့ရှိရင် လွဲနေတတ်တယ်။ ကိုယ်မရောက်ဖူး တဲ့ မြို့တွေကို ပြောသံကြားနဲ့ မှန်းကြည့်ထားရင် မြစ်ရဲ့အရှေ့ဘက် က ထင်ပေမယ့် အနောက်ဘက်ကလည်း ဖြစ်နေတတ်တယ်။ မရောက်ဖူးတဲ့နေရာကို စိတ်နဲ့ မှန်းထားတာဟာ တယ်မမှန်တတ် ဘူး။ ရောက်ပြီးမှ သေချာတာပဲ။ ရောက်ဖူးတဲ့ နေရာဆိုလို့ရှိယင် နတ်ပြည်လည်းသွားကြည့်၊ အမှန်အတိုင်း တွေ့ရတယ်။

http://www.dhammadownload.com



ဒါကြောင့် စိတ်ဆိုတာ ဝေးတဲ့အရပ်လည်း သွားတတ်တယ်။ ကိုယ်နဲ့မဆိုင်တဲ့ မကြံသင့်၊ မသွားသင့်တဲ့ ဒီလိုအလှမ်းကွာတဲ့ နေရာတွေလည်း သူက သွားတတ်တယ်။ ကိုယ်က အရွယ်တွေကြီးနေပေမယ်လို့ ကိုယ့်အရွယ်နဲ့ မတော်တာတွေလည်း လျှောက်ပြီး ကြံချင်ကြံနေတတ်တယ်။

**ဒူရင်္ဂမံ**—ဝေးသော အရပ်သို့လည်း သွားတတ်သော။ **ဧကစာရံ**—တစ်ခုချင်းသာ ဖြစ်လေ့ရှိသော။ စိတ်ဆိုတာ တစ်ခုချင်းသာ ဖြစ်လေ့ရှိတယ်။ စိတ်တွေ နှစ်ခု, သုံးခု, လေးခု, ငါးခု, တစ်ပြိုင်နက် ဖြစ်တာမဟုတ်ဘူး။ ပြီးတော့ စိတ်ဟာ မပျက်ဘဲ တစ်စိတ်တည်း တည်နေတာလည်း မဟုတ်ဘူး။ တစ်စိတ်ပြီး တစ်စိတ် ပုတီးစေ့ကလေးတွေလို တစ်ခုပြီးတစ်ခု ဒီလိုဖြစ်နေတာ။ အဲဒါ ပကတိပုဂ္ဂိုလ်တွေ အနေအားဖြင့်တော့ ယုံဖို့တောင် ခက်တယ်။ သူ့စိတ်ကို ရှုမှ မရှုဘဲ။ ငယ်ငယ်ကတည်းက ဖြစ်နေတဲ့ စိတ်ဟာ ယခုထက်ထိ တစ်စိတ်တည်း ထင်မှတ်နေတယ်။ ဘယ်မှ အပြတ်အခြားမရှိဘူး တစ်ဆက်တည်းပဲလို့ ထင်နေတယ်။ ယခု ဗုဒ္ဓဘာသာဝင်တွေက "စိတ်ဟာ တစ်ခုစီ ဖြစ်နေတယ်"ဆိုတာကို လက်ခံနေကြတာဟာ ဘုရားဟောတွေ, အဋ္ဌကထာ ဋီကာတွေ, ကျမ်းဂန်တွေမို့ လက်ခံနိုင်ကြတာပဲ။ အဲဒီ ကျမ်းဂန်တွေကို ရိုသေလို့သာ ယုံနေကြရတာ။ ကိုယ့်စိတ်ထဲကတော့ အဲဒီလို တစ်စိတ်စီ ဖြစ်နေတယ်လို့ မထင်ဘူး။ တစ်စိတ်ချင်း ဖြစ်နေတာကို ကိုယ်တိုင်တွေ့ သိချင်ယင်တော့ တရားအားထုတ် ကြည့်ပေတော့။ မြတ်စွာဘုရားက "**သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ**"စသည်ဖြင့် စိတ္တာနုပဿနာကို ဟောထားတယ် မဟုတ်လား။ အဲဒီစိတ်တွေ ဖြစ်တိုင်း ဖြစ်တိုင်းသာ မှတ်ကြည့်ပါ။ မှတ်ကြည့်လို့ရှိယင် စိတ်တွေဟာ တစ်ခုပြီးတစ်ခု

http://www.dhammadownload.com



အလျှိုအလျှိုနဲ့ ထွက်လာကြတာကို တွေ့မယ်၊ ဖြစ်ပြီးတော့လည်း မကြာဘူး။ ဒီက အမှတ်သတိနဲ့ ရှုကာ ရှိသေးတယ် သူက ပျောက်သွားပြီ။ စိတ်ကူးတယ်လို့ မှတ်လိုက်ရင် အဲဒီစိတ်ကူးက မရှိဘူး။ စဉ်းစားတယ်လို့ မှတ်လိုက်ရင် သူက မရှိဘူး။ ကြံတယ်လို့ မှတ်လိုက်ရင် ကြံတာက မရှိဘူး။ စိတ်ကလေးတွေက ရှေ့ကဖြစ်လို့ နောက်က မှတ်လိုက်ရင် ပျောက်ပျောက်သွားတယ်။ မရှိဘဲ, မရှိဘဲ ဖြစ်ဖြစ်သွားတယ်။ အဲဒါကို ကိုယ်တိုင်တွေ့ရတယ်။ ပျောက်သွားတယ် ဆိုပေမဲ့ လုံးလုံးပျောက်သွားတာလည်း မဟုတ်ဘူး။ နောက်ထပ်လည်း တစ်ခုက ဖြစ်သေးတာပဲ။ အဲဒါကို ရှုလိုက်လို့ ပျောက်သွားပြန်တော့ နောက်တစ်ခါ တစ်ခုက ဖြစ်ပြန်တာပဲ။ ကုန်ကို မကုန်နိုင်ပါဘူး။ အဲဒါတွေကို ယောဂီပုဂ္ဂိုလ်က ကိုယ်တိုင်တွေ့ပါတယ်။

**ဧကစရံ**—တစ်ခုချင်းသာ ဖြစ်လေ့ရှိသော။ **အသရီရံ**-ကိုယ်အကောင်အထည်လည်း မရှိသော။ စိတ်ဟာ ကိုယ်အကောင်အထည်လည်း မရှိဘူးတဲ့။ ရုပ်ကတော့ အထည်ဒြပ်တွေ ရှိနေတယ်။ ဒါကြောင့် ရုပ်ဆိုတာ ဘယ်ဟာတုန်းလို့မေးရင် ဒါပဲလို့ လက်ညှိုးထိုးပြလို့ရတယ်။ ကိုင်ပြလို့လည်း ရတယ်။ ပြီးတော့ ရုပ်က အထည်ဒြပ်နဲ့ ရှိနေတဲ့အတွက် သူ့ကို ဖမ်းထားလို့လည်း ရတယ်။ ကြိုးနဲ့ချည်ထားလို့လည်း ရတယ်။ အခန်းထဲ ပိတ်ထားလို့လည်း ရတယ်။ စိတ်ဆိုတာကတော့ အထည်ဒြပ်မရှိဘူး။ ဒါကြောင့် စိတ်ဆိုတာက ဘယ်ဟာတုန်းလို့မေးရင် ပြဖို့ရာ ခက်တာပေါ့။ "အာရုံသိတာဟာ စိတ်ပါပဲ" လို့ ဒီလိုသာ ပြောရတယ်။ အဲဒီ စိတ်ကလေးဟာ ဘယ်နားကနေ ဖြစ်နေတုန်းလို့မေးရင် အပြောရခက်တယ်။ လက်ညှိုးထိုးပြ

http://www.dhammadownload.com



လို့လည်း မဖြစ်ဘူး။ ခေါင်းထဲကလိုလို၊ ရင်ဘတ်ထဲကလိုလို၊ ဗိုက်ထဲကလိုလိုနဲ့ သူ့ဟာ အပြောရခက်ပါတယ်။

သေချာတာကတော့ မြင်တဲ့အခါ မျက်စိထဲက ဖြစ်တယ်။ အဲဒါတော့ သေချာပါတယ်။ ကြားတဲ့အခါ နားထဲကပဲ။ နံတဲ့အခါ နှာခေါင်းထဲကပဲ။ စားတဲ့အခါ လျှာပေါ်ကပဲ။ တွေ့ထိတဲ့အခါကတော့ ထိရာဌာနကပေါ့။ ခေါင်းကထိရင် ခေါင်းကပဲ။ ခြေထောက်က ထိရင် ခြေထောက်ကပဲ။ လက်ကထိရင် လက်ကပဲ။ ကိုယ်တွင်းကထိရင် ကိုယ်တွင်းကပဲ။ အဲဒီထိရာ ထိရာကပဲ။ ထိသိတဲ့စိတ်က ဖြစ်တယ်။ အဲဒါ ငါးခုကတော့ သေချာပါတယ်။ ဒီပြင် စိတ်ကူး စဉ်းစား ကြံစည်မှုတွေကတော့ မသေချာဘူး။ ကိုယ်တွေ့နဲ့ ပြောရမယ်ဆိုယင် ဘယ်ကလိုလိုနဲ့ မသေချာဘူး။ အဋ္ဌကထာဆရာတွေကတော့ ရင်ချိုင့်ထဲမှာ နှလုံးသွေးထဲက ဟဒယဝတ္ထုခေါ်တဲ့ နှလုံးရုပ်မှီပြီး ဖြစ်နေတယ်လို့ ဒီလို ဖွင့်ပြထားပါတယ်။

အနောက်နိုင်ငံက ဆရာတွေကတော့ ခေါင်းထဲက ဦးနှောက်ထဲကလိုလို သူတို့က ဒီလိုပြောကြတယ်။ သူ့ဥစ္စာလည်း စဉ်းစားကြည့်လို့ရှိရင် ခေါင်းထဲကလို့ ထင်မယ်ဆိုလည်း ထင်စရာပဲ။ အဲဒီတော့ သူတို့ဟာကို မဟုတ်ဘူးလို့လည်း ပြောလို့ မဖြစ်ဘူး။ ဟုတ်တယ်လို့လည်း ဝန်ခံလို့မဖြစ်ဘူး။ အပြောရတော့ ခက်ပါတယ်။ မလွယ်လှပါဘူး။ ဒါပေမယ့် ထိတ်လန့်တဲ့အခါကျတော့ ရင်ထဲ နှလုံးထဲက ဒိတ်ခနဲ ခုန်သွားတတ်တယ်။ ဝမ်းနည်းစရာတွေ စိတ်ပျက်စရာတွေ တွေ့တော့လည်း ရင်ထဲနှလုံးထဲက အောင့်နေတတ်တယ်။ အဲဒါ ထောက်ဆပြီးတော့ စိတ်ဆိုတာ ရင်ထဲ နှလုံးထဲက ဖြစ်တဲ့အကြောင်း ဋီကာဆရာတွေက အဋ္ဌကထာအဆိုကို ထောက်ခံကြ

http://www.dhammadownload.com



တယ်။ အဲဒါကို ထောက်ဆယင်တော့ ရင်ထဲ နှလုံးထဲကပဲ ဖြစ်တယ်လို့ ဆိုရမှာပဲ။

ဒါပေမယ့် စိတ်ကလေးဟာ ဘယ်နားက ဖြစ်တယ်လို့ တိတိကျကျ ပြောပြဖို့ကတော့ မလွယ်ဘူး။ ပြပေမယ်လို့လည်း သူက အထည်ဒြပ်မရှိတော့ သူ့ကို ထင်ရှားတွေ့မြင်သွားဖို့ မလွယ်ဘူး။ ပြီးတော့ စိတ်ကလေးက အထည်ဒြပ်မရှိတော့ သူ့ကို ဖမ်းလို့လည်း မရဘူး။ ရုပ်ဝတ္ထုလို ကြိုးနဲ့ချည်ထားလို့လည်း မဖြစ်ဘူး။ အခန်းထဲ ပိတ်ထားလို့လည်း မဖြစ်ဘူး။ မိမိ ကိုယ်တိုင်ကလည်း စိတ်ကလေးကို မသွားနိုင်အောင် ထိန်းထားလို့ မရဘူး။ အာဏာပိုင် ပုဂ္ဂိုလ်တွေကလည်း စိတ်ကလေးကို ဖမ်းထားလို့ရပါ့မလား။ မရဘူး။ စိတ်တော့ ဘယ့်နှယ်မှ မတတ်နိုင်ဘူး။ ဘာကြောင့်တုန်းဆိုတော့ သူ့မှာ အထည်ကိုယ် မရှိလို့တဲ့။

**အသရီရံ**—အထည်ကိုယ်လည်း မရှိသော။ **ဂုဟာသယံ**—ကိုယ်တည်းဟူသော လိုဏ်ခေါင်း၌ ကိန်းအောင်းနေသော။ မြင်တဲ့အခါ မျက်စိထဲက ဖြစ်တယ်၊ ကြားတဲ့အခါ နားထဲက ဖြစ်တယ် စသည်ဖြင့် ဒီကိုယ်ထဲကပဲ မှီပြီး ဒီစိတ်ကလေး ဖြစ်နေပါတယ်။ ဒါကြောင့် ကိုယ်ထဲမှာ ကိန်းအောင်းနေတယ်လို့ ဆိုပါတယ်။ **ဂုဟာသယံ**—ကိုယ်တည်း ဟူသော လိုဏ်ခေါင်း၌ ကိန်းအောင်းနေသော။ **စိတ္တံ**—အာရုံကို သိတတ်သောစိတ်ကို။ **ယေ**—အကြင်ယောဂီ ပုဂ္ဂိုလ်တို့သည်။ **သံယမေဿန္တိ**—စောင့်စည်းနိုင်ကုန်လတ္တံ့။ **တေ**—ထိုစိတ်ကို စောင့်စည်းနိုင်သော ယောဂီပုဂ္ဂိုလ်တို့သည်။ **မာရဗန္ဓနာ**—ကိလေသာမာရ်တည်းဟူသော သူသတ်သမား၏ အနှောင်အဖွဲ့မှ။ **မောက္ခန္တိ**—လွတ်မြောက်ကြပေကုန်လတ္တံ့။

http://www.dhammadownload.com



အဲဒီစိတ်ကလေးကို ဖြစ်တိုင်းဖြစ်တိုင်း ရှုပြီးတော့ စောင့်စည်းနိုင်လို့ရှိရင် ကိလေသာအနှောင်အဖွဲ့မှ လွတ်ပါလိမ့်မယ်တဲ့။ ကိလေသာတွေကို **မာရ**လို့ ခေါ်တယ်၊ **မာရ**–ဆိုတာ သူသတ်သမားကြီးတဲ့။ ဒီကိလေသာရှိနေတဲ့အတွက် ဘဝတိုင်းဘဝတိုင်း အသေဖြစ်ရတယ်။ ဖြစ်တိုင်းဖြစ်တိုင်း တစ်ဘဝ,တစ်ဘဝ တစ်ခါတစ်ခါ သေရတယ်။ အဲဒါဟာ သတ္တဝါတွေကို ကိလေသာက သတ်နေတာတဲ့။ ဒါကြောင့် ကိလေသာ သူသတ်သမား၏ အနှောင်အဖွဲ့က လွတ်သွားပါလိမ့်မယ်လို့ ဆိုပါတယ်။ ဒကာလူတို့ မလွတ်ချင်ဘူးလား။ လွတ်ချင်ရင် ဒီစိတ်ကလေးကို စောင့်ရှောက်ရလိမ့်မယ်။ စောင့်ရှောက်တော့လည်း ကြိုးနဲ့ဘာနဲ့ချည်လို့ မဖြစ်ဘူး။ ဒီစိတ်ကလေးကို သတိနဲ့ ရှုမှတ်ရလိမ့်မယ်။

ဒီ ဂါထာက ဆိုထားတာနဲ့ ဆောင်ပုဒ်က ပြတဲ့ **လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်** သိပုံနဲ့ မကိုက်ဘူးလား။ စိတ်ဟာ အာရုံကို သိတတ်တယ်။ ရှေ့က သွားတတ်တယ်။ ရှေ့စိတ်နဲ့ ဆက်စပ်ပြီးတော့ မကုန်မဆုံးနိုင်အောင် အထပ်ထပ် ဖြစ်တတ်တယ်တဲ့။ ဒီအထဲမှာ (ပဋိသန္ဓိ ပစ္စုပဋ္ဌာန်) ရှေ့စိတ်နဲ့ စပ်ဖြစ်တယ် ဆိုတာကလေးကို သိဖို့ အရေးကြီးပါတယ်။ အဲဒါကလေးကို ယောဂီပုဂ္ဂိုလ်က ကိုယ်တိုင်တွေ့ပြီး သိတယ်။ ဘာစာမျှ ကျက်နေဖို့ မလိုဘူး။ စိတ်ကလေးကိုသာ ဖြစ်တိုင်း ဖြစ်တိုင်း ရှုနေပါ။ အဲဒီလိုရှုနေရင် သိပါတယ်။ စိတ်ကလေးဟာ တစ်ခုချင်း, တစ်ခုချင်း ဖြစ်နေတယ်ဆိုတာ ကိုယ်တိုင်သိတယ်။ အဲဒီလို ကိုယ်တိုင်တွေ့ထားတော့ ဘယ်လောက် အဖိုးတန်သလဲဆိုရင် "တစ်ဘဝ, တစ်ဘဝမှာ သေတယ်"ဆိုတဲ့ အဓိပ္ပါယ်ကိုလည်း သူနားလည်တယ်၊ "ဘဝအသစ်မှာ ပဋိသန္ဓေနေတယ်, အသစ်ဖြစ်တယ်" ဆိုတဲ့ အဓိပ္ပါယ်ကိုလည်း သူနားလည်တယ်။ ကိုယ်တွေ့နဲ့

http://www.dhammadownload.com



နားလည်တာ။ စာတွေ့မဟုတ်ဘူး။

နားလည်ပုံကတော့ စိတ်ကလေးကို ဖြစ်တိုင်း ဖြစ်တိုင်း သိနေရင် အဲဒီ စိတ်ကလေးတွေ ပျောက်ပျောက်သွားတာလည်း မတွေ့ပေဘူးလား။ အဲဒီလို စိတ်ကလေး ပျောက်သွားတာတွေ့ရတော့၊ "သေတယ်ဆိုတာလည်း နောက်ဆုံးကျတော့ ဒီလိုစိတ်ကလေး ပျောက်ဆုံးသွားတာပဲ"လို့ ကိုယ်တိုင် ဉာဏ်နဲ့သဘောပေါက်ပြီး သိတယ်။ စိတ်ကလေး တစ်ခုတစ်ခု ဆုံးသွားတော့ နောက်စိတ် တစ်ခု တစ်ခုက ထပ်ပြီး ဖြစ်လာတယ်။ အဲဒီလိုဖြစ်နေတာကို တွေ့ရတော့ "ဘဝအသစ် ဖြစ်တယ်ဆိုတာလည်း ဒါမျိုးပဲ။ ရှေးဘဝက စိတ်ကလေး တစ်ခုဆုံးတော့ နောက်ဘဝမှာ စိတ်ကလေးတစ်ခု အသစ်ဖြစ်တာပဲ"လို့ ဒီလို သဘောပေါက်ပြီးသိတယ်။ အဲဒါဟာ **စုတိ**နဲ့ **ပဋိသန္ဓေ**ကို ကိုယ်ပိုင်ဉာဏ်နဲ့ သိသွားတာတဲ့။

အဲဒီ**စုတိ**နဲ့ **ပဋိသန္ဓေ**ကို ကိုယ်ပိုင်ဉာဏ်နဲ့ သိသွားလို့ရှိရင် ဒီပုဂ္ဂိုလ်ဟာ **သဿတဒိဋ္ဌိ**ကလည်း လွတ်တယ်။ **ဥစ္ဆေဒဒိဋ္ဌိ**ကလည်း လွတ်တယ်။ **သဿတဒိဋ္ဌိ**ဆိုတာ ပုဂ္ဂိုလ် သတ္တဝါလို့ ထင်မှတ်ရတဲ့ စိတ်ကလေးနဲ့တကွ တစ်ကိုယ်လုံးဟာ အမြဲတမ်းတည်နေတယ်။ ဟိုဘဝ, ဒီဘဝ ပြောင်းပြီးတော့ တည်နေတယ်။ ပျက်စီးခြင်း မရှိဘူးလို့ ဒီလိုထင်တာဟာ **သဿတဒိဋ္ဌိ**တဲ့ ဒကာလူရဲ။

"အမှန်အားဖြင့်တော့ စိတ်ဆိုတာ ဖြစ်ပြီး ချက်ချင်း ပျောက်သွားတာပဲ။ ဘဝ အသစ်မှာဖြစ်တဲ့ စိတ်ဆိုတာလည်း ရှုမှတ်နေတုန်း အသစ်အသစ် ဖြစ်နေတဲ့ စိတ်ကလေးမျိုးပဲ။ ဟိုဘဝက စိတ်လည်း ဒီဘဝကို မလာဘူး။ ဒီဘဝက စိတ်လည်း နောက်ဘဝကို မသွားဘူး"လို့ ဒီလိုသိနေတဲ့ ယောဂီပုဂ္ဂိုလ်မှာ ပုဂ္ဂိုလ်သတ္တဝါ, အကောင်အထည်အလိုက် ဘဝအသစ်ကို ရွှေ့သွားတယ်လို့ထင်တဲ့

http://www.dhammadownload.com



**အဲဒီသဿတအယူ**ဟာ ကင်းစင်မသွားပေဘူးလား။ အဲဒီအယူဟာ မဖြစ်နိုင်တော့ဘူး။ အဲဒါက **သဿတဒိဋ္ဌိ** ကင်းသွားတာတဲ့။ **ဥစ္ဆေဒဒိဋ္ဌိ** ဆိုတာကတော့ "သေသွားရင် ဘာမျှမရှိတော့ဘူး။ မီးဖုတ်လိုက် ပြာဖြစ်သွားတယ်။ မြေကြီးဩဇာဖြစ်သွားတယ်။ နောင်ဘဝရယ်လို့ မရှိဘူး"လို့ ဒီလိုထင်တာဟာ **ဥစ္ဆေဒဒိဋ္ဌိ** တဲ့။ အမှန်ကတော့ တစ်ဘဝက သေလို့ရှိရင် ကိလေသာ မကင်းသေးတဲ့ သူမှာ စိတ်ကလေးတွေက ယခု အသက်ရှင်နေစဉ်မှာလိုပင် အမျှင် မပြတ် ဖြစ်သွားတာပဲ။ ဖြစ်ပုံကတော့ ကိလေသာ မကင်းသေးတဲ့သူ မှာ အာရုံကလေး တစ်ခုခုကို တွယ်နေတယ်။ အာရုံကလေးတစ်ခုကို ရထားလို့ရှိရင် အဲဒါကလေးကို မမေ့တော့ဘူး။ ပြန်ပြန်ပြီး စဉ်းစား နေတယ်။ ဒါကြောင့် သေခါနီးကျတော့လည်း ကိုယ်ပြုထားတဲ့ အမှု ကလေး တစ်ခုခုက ပေါ်လာတယ်။ အဲဒါကလေးကို နှလုံးသွင်းရင်း စဉ်းစားရင်းနဲ့ စိတ်ကလေးတွေ အားနည်း အားနည်းသွားပြီး နောက်ဆုံး စိတ်ကလေးလည်း ဆုံးသွားရော၊ ဘဝသစ် စိတ်ကလေး လည်း ဖြစ်လာရော။ အဲဒါကို တစ်ဘဝက သေပြီး ဘဝအသစ်ဖြစ် တယ်၊ လူဖြစ်လာတယ်၊ နတ်ဖြစ်သွားတယ်၊ ခွေးဖြစ်သွားတယ် စသည်ဖြင့် ဒီလို ခေါ်ရတာ။ ဒီလိုဘဝကူးပြောင်းပုံလည်း ရှုနေတုန်း ဖြစ်လိုက်ပျက်လိုက်နဲ့ တွေ့ရ တဲ့ စိတ်ကလေးမျိုးပဲလို့ သဘောပေါက် နားလည်သွားပြီ။ အဲဒီလို ဘဝကူးပြောင်းပုံ နားလည်သွားတော့၊ "ဒီဘဝက သေရင် ဘာမျှ မရှိဘူး"လို့ ဆိုတဲ့ **ဥစ္ဆေဒဒိဋ္ဌိ**လည်း ကင်းသွားတာပေါ့။ "စိတ်ကလေးတွေဟာ တစ်စိတ်ပြီးတစ်စိတ် ဆက်ကာဆက်ကာ မပြတ် ဖြစ်နေတာပဲ။ ကိလေသာ မကင်းသေးလို့ စွဲလမ်းမှုရှိနေသမျှ ကာလပတ်လုံး စိတ်အသစ်ကလေးဖြစ်ပြီး ဘဝအသစ်တွေလည်း ဒီလို ဖြစ်သွားမှာပဲ" ဆိုတာ ယောဂီ ပုဂ္ဂိုလ်က

http://www.dhammadownload.com



ကိုယ်ပိုင်ဉာဏ်နဲ့ သဘောပေါက်သွားတယ်။ ဒါကြောင့် **ဥစ္ဆေဒဒိဋ္ဌိ** လည်း ကင်းတယ်။ အဖိုး မတန်ဘူးလား။ အဲဒါက ကိုယ်ပိုင်ဉာဏ်။ စာနဲ့ ကျက်မှတ်ပြီး သိတာမဟုတ်ဘူး။ စာနဲ့ ကျက်မှတ်ထားယင် တော်တော်ကြာတော့ မေ့မေ့သွားတတ်တယ်။ ဒီ ကိုယ်ပိုင်ဉာဏ်က တော့ မမေ့ဘူး။ အင်မတန်ကောင်းပါတယ်။ ကဲ—ဆိုစမ်းပါ။

**အာရုံသိသော သဘောရှိသည်၊**
**ခေါင်း၊ဆောင်အလား ရှေ့သွားတတ်သည်၊**
**ရှေ့စိတ်နှင့်စပ် အထပ်ထပ်ဖြစ်သည်၊**
**စိတ်တရား မှတ်သား မြတ်ယောဂီ၊**

စိတ်ကိုလည်း ဖြစ်ခိုက်မှာ ရှုလို့ရှိရင် အာရုံကို သိတဲ့ **လက္ခဏာ**နဲ့လည်း ပိုင်းခြားသိနိုင်တယ်။ ခေါင်းဆောင် ရှေ့သွား တတ်တဲ့ ကိစ္စ **ရသ**နဲ့လည်း ပိုင်းခြားသိနိုင်တယ်။ ရှေ့စိတ်နဲ့စပ်ပြီး တော့ အထပ်ထပ် ဆက်ကာဆက်ကာ ဖြစ်နေတယ်ဆိုတဲ့ **ပစ္စုပဋ္ဌာန်** နဲ့လည်း ပိုင်းခြား သိနိုင်တယ်၊ ဒီလို စိတ်တရားကို **လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်**နဲ့ သိနိုင်တယ်ဆိုတော့ ကျန်တဲ့ နာမ်တရားတွေ လည်း ဖြစ်ခိုက်မှာရှုယင် အကုန်လုံး ဒီလိုပဲသိနိုင်တယ်ဆိုတဲ့ အဓိပ္ပါယ်ပေါ်ရောပေါ့။ အဲဒါပေါ်အောင်လို့ပဲ ဘုန်းကြီးက ရုပ် တရားထဲက ဝါယောဓာတ်တစ်ခုကို **လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်,** နဲ့ထုတ်ပြတယ်၊ နာမ်တရားထဲကလည်း စိတ်တစ်ခုကို နည်းတူပဲ ထုတ်ပြတယ်။ အဲဒါဟာ ဆားမြည်းကလေး ပြထားတာပါပဲ။ အကုန်လုံး ပြနေလို့ရှိယင်တော့ တစ်လဟောလို့တောင်ပြီးမှာ မဟုတ်ဘူး။ ဒါကြောင့် နည်းပြကလေးလောက်ပဲ ပြရတယ်။ ယခုလောက် ပြလို့ရှိယင် ဖြစ်ခိုက်ရုပ်နာမ်တွေကို ရှုတဲ့ ပုဂ္ဂိုလ်မှာ ရုပ်တရား, နာမ်တရားတွေကို **လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်** နဲ့

http://www.dhammadownload.com



သိနိုင်တယ်ဆိုတဲ့ အဓိပ္ပါယ် ပေါ်နေပါပြီ။ နောက်ပြီးတော့၊ ရုပ်တရား ဖြစ်ဖြစ်, နာမ်တရား ဖြစ်ဖြစ် **လက္ခဏာ**နဲ့, ရသနဲ့, ပစ္စုပ္ပဋ္ဌာန်နဲ့, ပဒဋ္ဌာန်နဲ့ ရှုကောင်းတယ်ဆိုတဲ့ အဓိပ္ပါယ်လည်း ပေါ်နေပါပြီ။ ခုနက ထုတ်ပြခဲ့တဲ့ **ဒီဃနိကာယ် အဋ္ဌကထာ၊ သံယုတ္တနိကာယ် အဋ္ဌကထာ**နဲ့ သူ့ ဋီကာတွေက ဖွင့်ထားတာတွေကို ဘယ်သူမျှ မငြင်းနိုင်ဘူး။ ဒါမှ မျက်စိမှိတ်ပြီး ငြင်းရင်လည်း မတတ်နိုင်ဘူး။

ယခုပြောခဲ့တာတွေဟာ အင်မတန်ရှင်းနေပါပြီ။ ဒါကြောင့် ကိုယ်အမူအရာဟူသမျှကို ရှုရင် **ကာယာနုပဿနာ သတိပဋ္ဌာန်** ဖြစ်တယ်။ သွားရင် "သွားတယ်၊ ကွေးတယ်၊ လှမ်းတယ်၊ ချတယ်" စသည်ဖြင့် ရှုကောင်းတယ်ဆိုတဲ့ အသိဉာဏ်မျိုးဟာ ခိုင်မြဲရောပေါ့။ ရှုမှ ရှုကောင်းပါ့မလား။ ဟုတ်မှဟုတ်ပါ့မလား စသည်ဖြင့် ယုံမှား သံသယတွေ ဖြစ်စရာမရှိပါဘူး။ အဲဒီယုံမှားတွေ မဖြစ်နိုင်အောင်လို့ ယုံမှားကင်းအောင်လို့ ဘုန်းကြီးက ပြောနေတာပဲ။ ဒီကမ္မဋ္ဌာန်း ရှုနည်း နားမလည်တာကို နားလည်အောင် မနေ့က ပြောလိုက်တဲ့ အတွက်လည်း တံခါးမင်းတုပ်ပွင့်သွားပါပြီနော်။ ဒီကနေ့ ယုံမှား ဖြစ်စရာအချက်တွေကို ထပ်ပြီး ရှင်းပြလိုက်တဲ့ အတွက်လည်း ယုံမှား ဖြစ်စရာအကြောင်း မရှိပါဘူး။ ဒီတော့ တံခါးလည်း ပွင့်နေပြီ၊ ယုံမှားလည်း မဖြစ်ဘူးဆိုယင် ဒကာလူတို့ နိဗ္ဗာန်သွားချင် သွားရုံရှိ တော့တာပဲ။ အားထုတ်ရုံ ရှိတော့တာပဲ မဟုတ်လား။ ဒါကြောင့် ဆောင်ပုဒ် ကလေးဆိုပြီး ရှေ့သွားရအောင်။ အချိန်လည်းအတော် ကုန်သွားပြီ။

**တောင်ပို့-ကိုယ်ထည်၊ ကြံစည်-မီးနိုး၊ မြွေမျိုး - မီးပါ၊ ဆရာ-ဘုရား၊ တပည့်ကား၊ မှတ်သားယောဂီတည်း။**

**ပေါက်တူး - ပညာ၊ တူးတာ -အားထုတ်၊ မင်းတုပ်- အဝိဇ္ဇာ၊ ဖားမှာ- ဒေါသ၊ လမ်းနှစ်ခွ၊ မှတ်ကြ ယုံမှားတည်း။**

http://www.dhammadownload.com



# ဆပ်ပြာ ရေစစ်

ဟော-နောက်ဆုံး ဆောင်ပုဒ်က **နိဝရဏ**—တူလှ ရေစစ်တဲ့။ "**ကိံ စင်္ဂဝါရံ** – ဆပ်ပြာရေစစ်ဆိုတာ ဘယ်ဟာပါလဲ" လို့ အရှင်ကုမာရကဿပကမေးတော့ ဘုရားက "**စင်္ဂဝါရန္တိ ခေါ ဘိက္ခု ပဉ္စန္နေ တံ နိဝရဏာနံ အဓိဝစနံ**"လို့ ဖြေတော်မူတယ်။

**ဘိက္ခု**— ရဟန်း။ **စင်္ဂဝါရန္တိ ခေါ**— ဆပ်ပြာရေစစ်ဟူသော ဤအမည်သည်။ **ပဉ္စန္နံ**— ငါးပါးကုန်သော။ **နိဝရဏာနံ**— နိဝရတို့၏။ **အဓိဝစနံ**— အမည်ပေတည်း။ ဆပ်ပြာရေစစ်ဆိုတာ နိဝရဏတရားငါးပါးကို ခေါ်တယ်တဲ့။ ဆပ်ပြာရေစစ်ဆိုတာ ရှေးတုန်းကသုံးတာ။ ယခုကာလတော့ မသုံးပါဘူး။ ရှေးတုန်းက ယခုကာလလို ဆပ်ပြာခဲအနုတွေ မရှိသေးဘူး။ ဒကာလူတို့လည်း သိမှာပါပဲ။ ရှေးက သဲဆပ်ပြာ အကြမ်းတွေသာရှိတယ်။ ပိုး-ဖဲ အဝတ်အထည်နုကလေးတွေကို လျှော်ချင်တဲ့အခါကျတော့ အဲဒီ မြေကြီးကထွက်တဲ့ သဲဆပ်ပြာကြမ်းတွေနဲ့ ဖွပ်လိုက်ယင် အဲဒီအဝတ်အထည် အနုကလေးတွေ ပျက်သွားမှာပေါ့။ ဒါကြောင့် ဆပ်ပြာအနုလိုချင်ယင် ဘယ်လိုလုပ်ရသလဲဆိုတော့ သဲဆပ်ပြာကြမ်းတွေကို ရေစိမ်ပြီးတော့ ဖျင်ကျဲကျဲနဲ့စစ်ပြီးယူရသတဲ့။ အဲဒီလိုစစ်ယူပြီးတော့ ဆပ်ပြာရေစစ် ဖျင်ကြမ်းထဲက ဆပ်ပြာအနှစ်ရည်ကလေးကို ရတယ်။ အဲဒီ ဆပ်ပြာ နှစ်ရည်နဲ့ဖွပ်လျှော်ရသတဲ့ ဒကာလူရ. . . ။ အဲဒီတော့ ဆပ်ပြာနှစ်ရည်ကိုစစ်ယူတဲ့ ဆပ်ပြာရေစစ်ဟာ တော်တော်ကျဲကျဲ အဝတ်ဖြစ်ရမှာပေါ့။ အသားပိတ်နေတဲ့ အဝတ်ဆိုယင် ဆပ်ပြာအနှစ်ရေတွေ ဘယ်ကျတော့မလဲ။ ဒါကြောင့် ခပ်ကျဲကျဲဖျင်နဲ့ လုပ်ရလိမ့်မယ်။ အဲဒီလို ဖျင်ကျဲကျဲ ဆပ်ပြာရေစစ်ထဲမှာ ရေလောင်းချလိုက်ယင် ရေအိုးတစ်လုံး လောင်းလိုက်လည်း ဝေါခနဲ လျှောကျ

http://www.dhammadownload.com



သွားတာပဲ။ ဆယ်အိုးလောင်းလိုက်လည်း ဈော့ာကျသွားတာပဲ။ အိုးတစ်ရာလောင်းလိုက်လည်း ဈော့ာကျသွားတာပဲ။ လောင်းတိုင်းလောင်းတိုင်း ရေတွေဟာကျကျသွားတာပဲ။ မကျပေဘူးလား။

အဲဒါလိုပဲ **နီဝရဏ ငါးပါး** ရှိနေတဲ့ ပုဂ္ဂိုလ်မှာ ကုသိုလ်တရားတွေဟာ မတည်နိုင်ဘူး။ ဆပ်ပြာရေစစ်က ရေတွေ ဒလဟောဈော့ာဆင်းသွားသလိုပဲ။ ကုသိုလ်တရားတွေ အကုန်လုံး ပြောင်စင်ကုန်တာပဲတဲ့။ ဒီနေရာမှာ ကုသိုလ်တရားတွေဆိုတာက အထူးအားဖြင့်တော့ သမာဓိ, ပညာကုသိုလ်တရားတွေကို ဆိုလိုတယ်။ ဒါနကုသိုလ်, သီလကုသိုလ်လောက်ကတော့ တည်တံ့နိုင်ပါတယ်။ **နီဝရဏတရား**တွေ ရှိနေပေမယ်လို့ ဒါနကတော့ မပျက်ပါဘူး။ ဒါကြောင့် ပွဲခံပြီးတော့တောင် လှူနေကြသေးတာပဲ။ သီလကလည်း မပျက်ပါဘူး။ ဘာကြောင့်တုန်းဆိုယင် သီလဆိုတာက ကာယကံ, ဝစီကံအမှုတွေ မကျူးလွန်ရင် သူက မပျက်ပါဘူး။ စိတ်ထဲက စိတ်ကူးချင်တိုင်း ကူးနေပေမယ်လို့ **ကာမစ္ဆန္ဒ**တွေနဲ့, **ဗျာပါဒ**တွေနဲ့ ဘယ်လောက်ပဲ စိတ်ကူးနေပေမယ်လို့ သီလက မပျက်ဘူး။ ဒါကြောင့် ဒါန, သီလ ကုသိုလ်ကိုတော့ **နီဝရဏ**က လုံးဝမတားမြစ်နိုင်ဘူး။ သူတားမြစ်နိုင်တာကတော့ သမာဓိကုသိုလ်, ပညာကုသိုလ်တွေပါပဲ။

သမာဓိ ဘာဝနာကုသိုလ် အရာမှာဆိုရင် ပထဝီ, ပထဝီ စသည်ဖြင့် နှလုံးသွင်းနေရင်း ကာမအာရုံတွေ ကြံနေရင် အဲဒီရှုမှတ်တဲ့ သမာဓိ ဘာဝနာကုသိုလ် ဖြစ်နိုင်ပါဦးမလား။ ကာမအာရုံတွေကို ငါးမိနစ်လောက် စဉ်းစားနေတယ် ဆိုပါတော့၊ အဲဒီ ငါးမိနစ်အတွင်းမှာ သမာဓိ ကုသိုလ်စိတ် တစ်ခုမျှ မဖြစ်တော့ဘူး။ တစ်နာရီလောက် စဉ်းစားနေရင် တစ်နာရီလောက်အတွင်း မဖြစ်တော့ဘူး။

http://www.dhammadownload.com



ဝိပဿနာကုသိုလ်လည်း ထို့အတူပဲ ကာမအာရုံတွေကို ငါးမိနစ် လောက်အတွင်းမှာ စဉ်းစားနေရင် "ရောင်းရေး, ဝယ်ရေး, လုပ် ရေး, ကိုင်ရေး စသည်တွေပေါ့၊ အဲဒီလို ကိုယ်လိုချင် နှစ်သက်တဲ့ အာရုံဝတ္ထု တွေနဲ့, အလုပ်ကိစ္စတွေနဲ့ စပ်ပြီးစဉ်းစားနေတယ်"ဆိုရင် အဲဒီအချိန် အတွင်းမှာ ရှုမှတ်မှု ဝိပဿနာကုသိုလ် ဖြစ်ပါဦးမလား။ ဆယ်မိနစ်လောက် စဉ်းစားနေရင် ဆယ်မိနစ်လုံး ပျက်တယ်။ တစ်နာရီလောက်စဉ်းစားနေရင် တစ်နာရီလုံးပျက်တယ်။ အဲဒါဟာ ဘာဝနာကုသိုလ်တွေကို နီဝရဏတရားက တားမြစ်တာပါပဲ။

ယောဂီပုဂ္ဂိုလ်က မဂ်ဖိုလ်နိဗ္ဗာန် သွားတော့မယ်ဆိုပြီးတော့ သမာဓိပညာတွေကို အားထုတ်တယ်။ အဲဒီလို အားထုတ်တော့ **နီဝရဏက** ကြားထဲဝင်ပြီး ဖြစ်လိုက်တာဟာ "ဟေ့— မင်းမသွား နဲ့ဦး" လို့ တားလိုက်တာနဲ့ တူပါတယ်။ ဒါကြောင့် သူ့ကို **နီဝရဏလို့** ခေါ်တယ်။ အဲဒီ**နီဝရဏ**ဟာ ဆပ်ပြာရေစစ်ကြီးနဲ့ တူပါတယ်။ ဆပ်ပြာရေစစ်ကြီးထဲမှာ ရေလောင်းရင် ဘာမျှ ရေမတည်သလိုပါပဲ တဲ့။ ဟော **ကာမစ္ဆန္ဒ**နဲ့ ကာမအာရုံတွေကို လက်ခံပြီး စိတ်ကူးနေလို့ ရှိယင် ဘာဝနာဟာ ဘာမျှမဖြစ်တော့ဘူး။ ဘာဝနာကုသိုလ်တွေ တစ်ခုမျှ မဖြစ်တော့ဘူး။ အဲဒါဟာ တရားအားထုတ်ကြည့်ရင် ပိုသိပါတယ်။ တရားအားထုတ်တဲ့ အခါကာလကျတော့ "ဖောင်း တယ်, ပိန်တယ်, ထိုင်တယ်, ထိတယ်" မှတ်နေရင်း ကိုယ်သွားနေကျ အာရုံကလေးတွေဆီကို စိတ်က သွားသေးတာကိုး။ ခဏခဏ ထွက်ထွက်ပြီး သွားတတ်တယ်။ အဲဒီလို ထွက်ထွက်ပြီး သွားတာတွေ ကို မှတ်ရတယ်။ မြတ်စွာဘုရားက ဥပမာကလေး ပေးထားတယ်၊ အင်မတန်ကောင်းပါတယ်။ ရေထဲက ငါးကို ကုန်းပေါ် ဆယ်တင် ထားတာနဲ့ တူပါသတဲ့။

http://www.dhammadownload.com



## ရေနှင့်ငါး-ကာမဂုဏ်နှင့်စိတ်

ငါးဆိုတာ ရေထဲနေတာ မဟုတ်လား။ ကုန်းပေါ်ဆယ် တင်ထားရင် သူနေချင်ပါ့မလား။ အဲဒါလိုပဲတဲ့၊ လူ့စိတ်ကလည်း ကာမဂုဏ် အာရုံတွေထဲမှာ နေပါတယ်။ ဒကာလူတို့ဟာ နေ့စဉ်နှင့် အမျှ ကာမဂုဏ် အာရုံတွေကို ကြံစည်စဉ်းစားနေရတယ် မဟုတ် လား။ စားရေး, သောက်ရေး, နေရေး ထိုင်ရေး, တစ်ယောက်နဲ့တစ် ယောက် ဆက်ဆံရေး၊ ဒါတွေဟာ ကြံစည်စဉ်းစားနေရတယ် မဟုတ် လား။ အဲဒါတွေဟာ ကာမအာရုံတွေပေါ့။ ဒါကြောင့် ကာမအာရုံက စိတ်ရဲ့နေအိမ်တဲ့၊ သူနေနေကျနေရာတဲ့။ အဲဒီ ကာမဂုဏ်နေအိမ်ထဲ ကထုတ်ပြီး စိတ်ကလေးကို ကမ္မဋ္ဌာန်းအာရုံပေါ်တင်ပြီး ကမ္မဋ္ဌာန်း နှလုံးသွင်းခိုင်းတော့ ခုနက ငါးကလေးကို ကုန်းပေါ်တင်ထားတာနဲ့ တူတယ်တဲ့။ အဲဒါကို မြတ်စွာဘုရားက ဂါထာကလေးနဲ့ ဟောထား တယ်။ အင်မတန် ကောင်းပါတယ်။ ဒါပေမယ့် တရားအားထုတ်ဖူးမှ သာပြီး ထင်ရှားမယ်။

**ဝါရိဇောဝ ထလေ ခိတ္တော၊**
**ဩကမောကတ ဥဗ္ဘတော။**
**ပရိဖန္ဒတိဒံ စိတ္တံ၊**
**မာရဓေယျံ ပဟာတဝေ။**

**ဩကမောကတော**— ရေတည်းဟူသော မိမိနေရာအိမ်မှ။ **ဥဗ္ဘတော**— ထုတ်ဆယ်အပ်သည်ဖြစ်၍။ **ထလေ**— ကုန်းထက်၌။ **ခိတ္တော**— ပစ်တင်၍ထားအပ်သော။ **ဝါရိဇော**— ရေ၌ပေါက်ဖွား သော ရေသတ္တဝါ ငါးသည်။ **ပရိဖန္ဒတိ ဣဝ**— မိမိနေရာ ရေကို အောက်မေ့၍ တဆွေ့ဆွေ့ တခုန်ခုန် လူးပ်တုန်လေဘိသကဲ့သို့တဲ့ ဒကာလူရေ။ ငါးကလေး ကုန်းပေါ်တင်ထားတော့ တဖျပ်ဖျပ်နဲ့

http://www.dhammadownload.com



လှူးနေတာကို မြင်ဖူးကောင်း မြင်ဖူးပါလိမ့်မယ်။ အဲဒါဟာ ရေထဲ နေနေကျဆိုတော့ သူ့ရေထဲ ပြန်သွားချင်ရှာလို့ ကုန်းပေါ်မှာ သူက မနေနိုင်ရှာလို့ တစ်ဖျပ်ဖျပ်နဲ့ လှူးလိမ့်နေရှာတာ။ အဲဒါလိုပါပဲတဲ့။

**မာရဓေယျံ**— ကိလေသာ မာရ်မင်း၏ နယ်ပယ်ဖြစ်သော ဆင်းရဲအပေါင်းကို။ **ပဟာတဝေ**— ပယ်ခြင်းငှာ။ ဒကာလူတို့ သန္တာန်မှာဖြစ်နေတဲ့ **ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်** ဆိုတဲ့ **ခန္ဓာငါးပါး** ဒုက္ခသစ္စာတရားတွေဆိုတာ ကိလေသာမာရ်၏ နယ်ပယ်တဲ့။ အဲဒီ ကိလေသာတွေ အကြောင်းပြုပြီးတော့ ဘဝတွေ ဖြစ်ရတယ်။ ဖြစ်ရာဘဝမှာ သေရတယ်။ အဲဒါဟာ ဒီရုပ်နာမ်ခန္ဓာ တွေရှိနေလို့ သေရတာပဲ။ ဒီရုပ်နာမ်ခန္ဓာတွေ မရှိရင် မသေရဘူး။ ဒါကြောင့် ရုပ်နာမ် ခန္ဓာတွေဟာ ကိလေသာဆိုတဲ့ သူသတ်သမား ကြီးရဲ့ သတ်စရာ နယ်ပယ်တွေတဲ့။ သူ့နယ်ပယ်, သူ့လက်ခုပ်ထဲမှာ ဒီရုပ်နာမ်တရားတွေဖြစ်နေရတာတဲ့။ ဒီတော့ ဒကာလူတို့ လောက ထဲ ဖြစ်နေကြတဲ့ သူတွေက မအိုချင်ပါဘူး၊ မနာချင်ပါဘူး၊ မသေချင် ပါဘူးဆိုပေမယ့် အိုရ, နာရ, သေရတာပဲ။ ဘယ်မှလည်း မပြေးနိုင် ဘူး။ နတ်ပြည်သွားလည်း မလွတ်ဘူး။ ဗြဟ္မာ့ပြည်သွားလည်း မလွတ်ဘူး။ သူ့နယ်ပယ်က မလွတ်ကို မလွတ်နိုင်ဘူး။ အဲဒီလို မလွတ်နိုင်ဘဲ ဖြစ်နေတဲ့ နယ်ပယ်ထဲက လွတ်အောင်လို့ ဘာလုပ်ရမ လဲဆိုတော့ ဒီစိတ် ကလေးကို သမထ, ဝိပဿနာတည်းဟူသော ကုန်းမြေပေါ် တက်ရလိမ့်မယ်။

**မာရဓေယျံ**— ကိလေသာ မာရ်တည်းဟူသော သူသတ် သမား၏ နယ်ပယ်ဖြစ်သော ဒုက္ခသစ္စာ တရားအပေါင်းကို။ **ပဟာ တဝေ**— ပယ်ခြင်းငှာ။ **ဩကမောကတော**— ကာမဂုဏ်အာရုံ တည်းဟူသော နေအိမ်ထဲမှ။ **ဥဗ္ဘတံ**— ထုတ်ဆယ်ခဲ့၍။ **ထလေ**—

http://www.dhammadownload.com



သမထအာရုံ ဝိပဿနာအာရုံတည်းဟူသော ကုန်းပြင်ထက်၌။ ခိတ္တံ၊ ပစ်တင်၍ ထားအပ်သော။ **ဣဒံ စိတ္တံ**— ဤစိတ်ကလေးသည်။ **ပရိဖန္ဒတိ**— မိမိနေရာ ကာမဂုဏ် နေအိမ်ကို အောက်မေ့၍ တစ်ဆွေ့ တစ်ဆွေ့ တစ်ခုန် တစ်ခုန် လှုပ်တုန်လေတော့၏။

ရေထဲကငါး ကုန်းပေါ်တင်ထားတော့ တစ်ဖျပ်ဖျပ်နဲ့ လှုပ်နေသလိုပဲတဲ့၊ ဆင်းရဲတရားတွေကို ပယ်နိုင်အောင်လို့ စိတ်ကလေးကို သမထ, ဝိပဿနာ အာရုံပေါ် တင်ရတယ်နော်။ ကမ္မဋ္ဌာန်းကျောင်းထဲ လာပြီးတော့ အားထုတ်ရတာပေါ့။ လောကရေးရာ အာရုံတွေကို မစဉ်းစားဘဲနဲ့ "ဖောင်းတယ်, ပိန်တယ်, ထိုင်တယ်, ထိတယ်" စသည်ဖြင့် ဝိပဿနာအာရုံတွေကို အဖန်တလဲလဲ နှလုံးသွင်းနေရတယ် မဟုတ်လား။ အဲဒီလို နှလုံးသွင်းရှုမှတ်နေတဲ့ အခါမှာ စိတ်ကလေးက ဘယ့်နှယ်ဖြစ်နေတုန်းဆိုတော့ သူနေနေကျဖြစ်တဲ့အာရုံ ကာမဂုဏ်တွေကို ပြန်ပြန်စဉ်းစားနေတယ်။ အဲဒီစိတ်ကလေးက သူ့အိမ် သူပြန်သွားနေတာပါပဲ။ ခုနက ငါးကလေး တတွန့်တွန့်လူး နေတာနဲ့ တူပါတယ်တဲ့။ သေသေချာချာကို တူတာပဲ။ အဲဒီလိုလူးနေတဲ့ စိတ်ကလေးတွေကို စိတ်မကူးရအောင်လို့ ရှုမှတ်ပြီး ပယ်ရတယ်။

## နီဝရဏ ငါးပါးပယ်ပုံ

ဒါကြောင့်မို့ "**ပဇဟ စရံဝါရံ**— ဆပ်ပြာရေစစ်ကို ပယ်ထုတ်လိုက်ပေတော့တဲ့"။ ဆပ်ပြာရေစစ် ပယ်ရမယ်ဆိုတာ "**ပဇဟာပဥ္စ နီဝရဏေ**— နီဝရဏငါးပါးကို ပယ်လိုက်"လို့ ဆိုတာပါပဲတဲ့။ ဒါကြောင့် အဲဒီနီဝရဏတွေကို မှတ်မှတ်ပြီးတော့ ပယ်ရမယ်။ ပယ်ပုံကတော့ "ဖောင်းတယ်, ပိန်တယ်, ထိုင်တယ်, ထိတယ်"လို့ မှတ်နေရင်း

http://www.dhammadownload.com



စိတ် က အိမ်ရောက်သွားယင် "ရောက်တယ်"လို့ မှတ်လိုက်။ အလုပ် အကိုင်တွေ ရောက်သွားယင်လည်း "ရောက်တယ်"လို့မှတ်။ စဉ်းစား ယင်လည်း "စဉ်းစားတယ်"လို့မှတ်ပြီး ပယ်ရမယ်။ အေး . . . ဒါဟာ ပယ်ပုံပယ်နည်းပါပဲ။ သဘာဝကျတဲ့ လုပ်ငန်းပါပဲ။ အဲဒီလို မှတ်ပြီး ပယ် တာဟာ နီဝရဏကို ပယ်တဲ့ နည်းထဲမှာ အင်မတန် ကောင်းတဲ့ နည်းပါပဲ။

ပြီးတော့ **ဗျာပါဒ**—စိတ်ပျက် စိတ်ဆိုးတာလဲ ပေါ်လာ တတ်တယ်။ အဲဒါကိုလည်းရှုမှတ်ပြီး ပယ်ရမှာပဲ။ ဒီနေရာမှာတော့ အကျယ် မပြောပါဘူး။ တိုတိုပဲ ပြောသွားတော့မယ်။ ပြီးတော့ **ထိနမိဒ္ဓ**- ထိုင်းမှိုင်း ပျင်းရိတာ ပေါ်လာယင်လည်း အဲဒါကို ရှုမှတ် ပြီးပယ်ရမယ်။ ပြီးတော့ **ဥဒ္ဓစ္စကုက္ကုစ္စ**တဲ့။ **ဥဒ္ဓစ္စ**—စိတ်ပျံ့လွင့် တာတွေ ပေါ်လာယင်, **ကုက္ကုစ္စ**—စိတ်ပူပန်တာတွေ ပေါ်လာယင် လည်း အဲဒါတွေကို ရှုမှတ်ပြီး ပယ်ရမယ်။ ပြီးတော့ **ဝိစိကိစ္ဆာ**— ယုံမှားမှုတဲ့။ ယုံမှားတွေးတော ဝေဖန်ယင် အဲဒါကို ရှုမှတ်ပြီးပယ် ရမယ်။

"ဒီနေရာမှာ ခုနကလည်း **ဝိစိကိစ္ဆာ** တစ်ခု ပါခဲ့ပါပြီ ဘုရား။ ယခုလည်း တစ်ခု ပါလာပြန်ပြီ။ ထပ်မနေဘူးလား ဘုရား"လို့ မေးစရာရှိတယ်။ ခုနက **ဝိစိကိစ္ဆာ**ကတော့ အားမထုတ်မီ စောစောပိုင်း က တရားအားထုတ်နည်းနဲ့ စပ်ပြီးတော့ ယုံမှားတာ။ ယခု **နီဝရဏ ဝိစိကိစ္ဆာ**ကတော့ တရားအားထုတ်နေရင်း ဟိုမယုံ ဒီမယုံနဲ့။ ဟုတ်လေသလား, မဟုတ်လေသလား စသည်ဖြင့် ယုံမှား တွေးတောတာကို ဆိုပါတယ်။ ဒီ **ဝိစိကိစ္ဆာ**ကိုတော့ ရှုမှတ်ပြီး ပယ်ရတယ်။ စောစော ပိုင်းက ပြောခဲ့တဲ့ လမ်းနှစ်ခွ ယုံမှားကိုတော့ တရားနာပြီးတော့ ဖြစ်စေ၊ ဆရာသမားများထံ မေးမြန်းပြီးတော့ဖြစ်

http://www.dhammadownload.com



စေ၊ ဗဟုသုတ စာပေကျမ်းဂန်တွေ ကြည့်ရှုလေ့လာပြီးတော့ဖြစ်စေ ဒီလို လည်း ပယ်ရပါတယ်။ ဒီလို ကွဲပြားပါတယ်။

## စိတ္တဝိသုဒ္ဓိ

အဲဒီ **နီဝရဏတရား ငါးပါး**တွေကို ရှုမှတ်ပြီး ပယ်လိုက်လို့ ရှိယင် **စိတ္တဝိသုဒ္ဓိ** ဆိုတဲ့ စိတ်စင်ကြယ်တဲ့ အဆင့်ရောက်လာတယ်။ မဂ်ရောက် ဖိုလ်ရောက် တကယ်တမ်း တရားအားထုတ်မယ်ဆိုယင် ရှေးဦးစွာ သီလစင်ကြယ်တဲ့ **သီလဝိသုဒ္ဓိ** နဲ့ ပြည့်စုံရတယ်။ အဲဒီလို သီလစင်ကြယ်ပြီးတဲ့နောက် စိတ်စင်ကြယ်တဲ့ **စိတ္တဝိသုဒ္ဓိ**နဲ့ ပြည့်စုံ ရတယ်။ ယခု ပြောနေတာဟာ ဒီ **စိတ္တဝိသုဒ္ဓိ** အဆင့်ကို ရောက်လာ တာပဲ။

## နာမရူပပရိစ္ဆေဒဉာဏ် ဖြစ်ပုံ

ဒီအဆင့်ရောက်တော့ မှတ်တိုင်းမှတ်တိုင်း မှတ်ရတဲ့အာရုံနဲ့ မှတ်သိတဲ့စိတ်ကလေး၊ ဒါကလေးနှစ်ခုကို ပိုင်းခြားပြီးသိတယ်။ အဲဒါ ဟာ **နာမရူပပရိစ္ဆေဒ**ဉာဏ်တဲ့၊ နာမ်နဲ့ရုပ်ကို ပိုင်းခြားပြီးသိတာတဲ့။ အဲဒီနာမ်ရုပ်ပိုင်းခြားသိပုံကို မြတ်စွာဘုရားက ဥပမာနဲ့ ပြထား တယ်။ ဘယ်လိုလည်းဆိုတော့- ကြောင်မျက်ရွဲခေါ်တဲ့ ပတ္တမြား ရတနာ ရှိရာသည်တဲ့။ ကြောင်မျက်ရွဲ ဆိုတာ စိမ်းဖန့်ဖန့်အရောင် ကလေး နည်းနည်းရှိပြီး ကြည်နေတဲ့ ကျောက်ကလေး တစ်မျိုးပါပဲ။ တချို့ လူတွေက ဒီကျောက်ကို လက်စွပ်ထဲမှာထည့်ပြီး ဝတ်ဆင်နေ ကြပါတယ်။ ဘုရားဟော တရားဒေသနာတော်တွေမှာ ဒီကျောက်ကို အထူးအလေးပြုပြီး ပြလေ့ရှိပါတယ်။ ဒါပေမယ့် ဒီကျောက်ကတော့ လူသိနည်းပါတယ်။ ဒါကြောင့် ဘုန်းကြီးက လူအသိများပြီး

http://www.dhammadownload.com



ထင်ရှားတဲ့ ကျောက်နဲ့ပဲ ပြောပြပါမယ်။ မိုးကုတ်ကထွက်တဲ့ ပတ္တမြား ကျောက်နီကလေး ဆိုရင် လူတိုင်းသိကြပါတယ်။ အဲဒီကျောက်နီ ကလေးကို အပေါက်ကလေး ဖောက်ထားပါ။ အဲဒီအပေါက်ထဲမှာ ကြိုးကလေးလည်း သီထားပါ၊ အဲဒီ ကြိုးက ကျောက်နီအရောင်နဲ့ ကွဲအောင် အဝါဖြစ်ဖြစ်, အပြာဖြစ်ဖြစ်, အစိမ်းဖြစ်ဖြစ်, အဖြူဖြစ် ဖြစ်သီထားပါ။ ပြီးတော့ အဲဒီကျောက်ကလေးကို မျက်စိကောင်းတဲ့ လူက လက်ဝါးပေါ်တင်ပြီး ကြည့်ပါတဲ့။ အဲဒီလို မျက်စိကောင်းတဲ့ လူက ကြည့်ယင် ကျောက်ကလေးနဲ့ ကြိုးကလေးကို တခြားစီ ကွဲကွဲပြားပြား မမြင်ပေဘူးလား။ ဒါက ကျောက်ပဲ, ဒါက ကြိုးပဲလို့ မသိနိုင်ဘူးလား။ (သိနိုင်ပါတယ် ဘုရား)။ ဒီကြိုးကလေးက ဒီကျောက်ထဲ ဝင်နေတာပဲလို့ ဒီလိုလည်း မသိနိုင်ပေဘူးလား။ (သိနိုင်ပါတယ်ဘုရား)။ ရှုမှတ်နေတဲ့ ယောဂီမှာလည်း အဲဒီလိုပါပဲ။ မှတ်ရတဲ့ ရုပ်နဲ့ မှတ်သိတဲ့နာမ်ကလေး ဒီနှစ်ခုကို မှတ်တိုင်း မှတ်တိုင်း ခွဲခြားပြီးတော့ သိရပါတယ်။

ပုံစံထုတ်ပြရရင်- ဖောင်းတယ်လို့ မှတ်တဲ့အခါ ဝမ်းဗိုက် ထဲက တောင့်တင်းတာ လှုပ်ရှားတာကို မတွေ့ရပေဘူးလား၊ ပြီး တော့ ဖောင်းတယ်လို့ မှတ်သိတဲ့ စိတ်ကလေးလည်း မထင်ရှားပေ ဘူးလား။ ဖောင်းတက်လာတဲ့ တောင့်တင်း လှုပ်ရှားတဲ့ သဘောက ရုပ်ပဲ, မှတ်သိတာက နာမ်ပဲ၊ အဲဒီတော့ တောင့်တင်းတဲ့ သဘော, လှုပ်ရှားတဲ့သဘောက ရုပ်၊ ဒီရုပ်က ဘာနဲ့တူသလဲဆိုရင် ကျောက် ကလေးနဲ့တူတယ်။ မှတ်သိတဲ့ စိတ်ကလေးက နာမ်၊ ဒီနာမ်က ဘာနဲ့ တူသလဲဆိုရင် ကြိုးကလေးနဲ့တူတယ်၊ ကြိုးကလေးက ကျောက် ကလေးထဲ ဝင်နေသလိုပဲ မှတ်တိုင်း မှတ်တိုင်း မှတ်စိတ် ကလေးက အာရုံဆီကို ပြေးကပ်ပြီး ဝင်သွားတယ်။ ဒါကြောင့် မှတ်စိတ်ကလေး

http://www.dhammadownload.com



က အာရုံဆီ ရောက်ရောက်သွားတာဟာ ကြိုးကလေးက ကျောက်ကလေးထဲ ဝင်နေတာနဲ့ တူပါတယ်တဲ့။ အဲဒါဟာ **နာမ ရူပပရိစ္ဆေဒ ဉာဏ်**ဖြင့် နာမ်နဲ့ ရုပ် ခွဲခြားသိပုံကို မြတ်စွာဘုရား ကိုယ်တော်တိုင်ပြထားတဲ့ စကားတော်ပါပဲ၊ အဋ္ဌကထာ, ဋီကာစကားတောင် မဟုတ်ပါဘူး၊ အခိုင်အမာဆုံး ဘုရားဟောစကားပါပဲ။ ဘုန်းကြီးတို့ တပည့်ယောဂီတွေမှာ တွေ့သိနေပုံနဲ့လည်း တစ်ထပ်တည်း ကျပြီး ကိုက်ညီနေပါတယ်တဲ့။ ကဲ-ဆိုကြဦးစို့။

**ဖောင်းဆဲခဏ၌ ဖောင်းတယ်လို့ မှတ်သောသူမှာ တောင့်တင်း လှုပ်ရှားတာက ရုပ်၊ မှတ်သိတာက နာမ်၊ ဒီနှစ်ခုကို ကွဲပြားစွာသိ၏။ ဖောင်းတာက ကျောက်နဲ့တူသည်၊ မှတ်သိတာက ကြိုးနဲ့တူသည်၊ ကြိုးက ကျောက်ထဲမှာ ဝင်နေသလိုပဲ မှတ်စိတ်က တောင့်တင်းလှုပ်ရှားတဲ့ ရုပ်အာရုံကို တပ်၍ တပ်၍ သိသည်။**

အဲဒါပါပဲ ဒကာလူရဲ့ မှတ်တိုင်း မှတ်တိုင်း မှတ်သိစရာ အာရုံနဲ့ မှတ်သိတဲ့စိတ်ကလေးနှစ်ခု ကွဲပြီးသိတာနော်။ ကိုယ်အမူ အရာတွေကို မှတ်တိုင်းမှတ်တိုင်း နှစ်ခုနှစ်ခု ခွဲခြားပြီးသိပုံဟာ အတူတူပါပဲ။ မိုးကလည်းရွာတော့ ခပ်ကျဉ်းကျဉ်းသွားကြစို့။ (တရားဟော နေစဉ် မိုးအနည်းငယ်ရွာနေသည်)။

## လိပ်—ခန္ဓာငါးပါး

အဲဒီနာမ်ရုပ်ကို ပိုင်းခြားသိတဲ့ အခါကာလမှာ ခန္ဓာငါးပါးကို တွေ့ရတယ်၊ "**နီဝရဏ**—တူလှုရေစစ်၊ **လိပ်ညစ်**—ခန္ဓာ" တဲ့၊ ဆပ်ပြာရေစစ်နဲ့တူတဲ့ နီဝရဏတရားတွေကို မှတ်ပြီးပယ်လိုက်တော့ **စိတ္တဝိသုဒ္ဓိ** စိတ်စင်ကြယ်တယ်တဲ့။ စိတ်စင်ကြယ်တော့ မှတ်တိုင်း

http://www.dhammadownload.com



မှတ်တိုင်း ရုပ်နှင့်နာမ်ကို ခွဲခြားပြီး သိတယ်။ ဒီရုပ်နဲ့ နာမ်နှစ်ခုဟာ တခြား မဟုတ်ပါဘူး။ **ခန္ဓာငါးပါး**ပါပဲ။ ဖောင်းတယ်လို့ မှတ်တဲ့သူမှာ တောင့်တင်းတာကို တွေ့ရတယ်၊ လှုပ်ရှားတာကို တွေ့ရတယ်၊ တောင့်တင်းလှုပ်ရှားပြီး ဖောင်းတက်လာတဲ့ သဘောဟာ ဝါယော ဓာတ် ပြဋ္ဌာန်းတဲ့ ရုပ်ခန္ဓာပဲ။ မှတ်သိတာက နာမ်ခန္ဓာ။ အဲဒီ မှတ်သိတဲ့ နာမ်ခန္ဓာထဲမှာ အာရုံကိုသိကာမျှ သဘောက **ဝိညာဉ်ခန္ဓာ** ခေါ်တယ်။ မှတ်သိနေရင်း စိတ်ရွှင်တာ ဝမ်းမြောက် ဝမ်းသာတာက **သုခဝေဒနာ**တဲ့၊ ဝမ်းမြောက်ဝမ်းသာမရှိဘဲနဲ့ သာမန်သိရုံမျှ ဖြစ်လို့ ရှိယင် အဲဒါက**ဥပေက္ခာဝေဒနာ**တဲ့၊ အဲဒီဝေဒနာက **ဝေဒနာက္ခန္ဓာ**။ ဖောင်းတဲ့သဘောကို မှတ်သားမိတာက **သညာက္ခန္ဓာ**။ အဲဒီဖောင်း တဲ့သဘော, တောင့်တင်းလှုပ်ရှားတဲ့သဘောကို သိအောင်လို့ စူးစိုက် တာ, နှလုံးသွင်းတာ, ပိုင်းခြားပြီး သိသွားတာက **သင်္ခါရက္ခန္ဓာ**။ ဒီလို ခွဲလိုက်တော့ မှတ်သိတာကလေးက ခန္ဓာလေးပါး ကွဲလာတယ်။ ဒါကြောင့် ဖောင်းတယ်လို့ မှတ်တိုင်း မှတ်တိုင်း တောင့်တင်း လှုပ်ရှား တာက **ရူပက္ခန္ဓာ**၊ မှတ်သိတာက **နာမက္ခန္ဓာလေးပါး**၊ နှစ်ရပ်ပေါင်းလိုက်ယင် **ခန္ဓာငါးပါး** ဖြစ်လာတယ်။ မှတ်တိုင်း မှတ်တိုင်း အဲဒီ ခန္ဓာငါးပါးကို တွေ့နေတာမဟုတ်လား။ အဲဒါ လိပ်ကိုတွေ့တာတဲ့။ လိပ်မှာ လက်နှစ်ခု, ခြေနှစ်ခု, ခေါင်းတစ်ခု၊ ဒီလိုအင်္ဂါအစိတ်အပိုင်း ငါးခုရှိတယ် မဟုတ်လား။ အဲဒါလိုပဲ၊ မှတ်တိုင်း မှတ်တိုင်း **နာမ်ခန္ဓာလေးပါး**နဲ့ **ရုပ်ခန္ဓာတစ်ပါး**၊ **ဒီခန္ဓာငါးပါး**ကို တွေ့ရတယ်။

ဒီပြင် ဖောင်းတယ်, ပိန်တယ်, ထိုင်တယ်, ထိတယ်, ကွေးတယ်, ဆန့်တယ် စသည်ဖြင့် မှတ်ရာတွေမှာလည်း ဒီလိုပါပဲ။ ခန္ဓာငါးပါးကို တွေ့နေတာ ပါပဲ။ ကွေးဆဲ၌ ကွေးတယ်မှတ်လို့ရှိယင်

http://www.dhammadownload.com



တောင့်တင်း လှုပ်ရှားတာကရုပ်၊ မှတ်သိတာက နာမ်။ နာမ်က နာမ်ခန္ဓာလေးပါး၊ ရုပ်က ရုပ်ခန္ဓာတစ်ပါး၊ ပေါင်းခန္ဓာငါးပါးပဲ။ သွားဆဲ၌ သွားတယ်, ကွေးတယ်, လှမ်းတယ်, ချတယ်လို့မှတ်ရင် တောင့်တင်း လှုပ်ရှားတာက ရုပ်-ရူပက္ခန္ဓာ၊ မှတ်သိတာက နာမ်- နာမက္ခန္ဓာလေးပါး၊ ဒါလည်း ခန္ဓာငါးပါးပဲ။ အဲဒီခန္ဓာငါးပါး တရားတွေကို ရှုမှတ်ပြီးပယ်ပါ၊ သာယာမနေပါနဲ့တဲ့။ မမှတ်ဘဲ နေရင် သာယာနေတာပဲ။ ကွေးလိုက်ဆန့်လိုက် တာကလေးလည်း သာယာတာပဲ၊ သွားတာကိုလည်း သာယာတာပဲ၊ ရုပ် အမူအရာတွေ ဖြစ်တိုင်း ဖြစ်တိုင်း သာယာတယ်။ စိတ်ကူး စဉ်းစား ကြံစည်တာတွေ က နာမ်ခန္ဓာတွေပဲ။ အဲဒါတွေကိုလည်း သာယာပြီး သဘောကျ နေတာပဲ။ အဲဒီလို ရုပ်ခန္ဓာရော, နာမ်ခန္ဓာရော သာယာနှစ်သက် ခြင်း သဘောကျခြင်း မဖြစ်ရအောင်လို့ ဒီခန္ဓာငါးပါးကို ရှုမှတ်ပြီး ပယ်ပါတဲ့။

ဒါကြောင့် "**ကော ကုမ္မော**—လိပ်ဆိုတာက ဘာပါလဲ" ဆိုတဲ့ မေးခွန်းကို "**ကုမ္မောတိ ခေါ ဘိက္ခု ပဉ္စန္နေတံ ဥပါဒါနက္ခန္ဓာနံ အဓိဝစနံ**"လို့ ဖြေကြားတော်မူပါတယ်။

**ဘိက္ခု**— ကုမာရကဿပရဟန်း။ **ကုမ္မောတိ ဧတံ**— လိပ် ဟူသော ဤအမည်သည်။ **ပဉ္စန္နံ**—ငါးပါးကုန်သော။ **ဥပါဒါနက္ခန္ဓာနံ**— ဥပါဒါနက္ခန္ဓာတို့၏။ **အဓိဝစနံ**— အမည်ပေတည်း။ ဥပါဒါနက္ခန္ဓာ ငါးပါးရဲ့ အမည်တဲ့။ ဥပါဒါနက္ခန္ဓာဆိုတာ ဥပါဒါန်၏ အာရုံတရားတွေ, စွဲလမ်းနိုင်တဲ့ တရားတွေပဲ။ ဒါတွေကို ဝိပဿနာ ရှုပြီးတော့ သာယာနှစ်သက်မှု ကင်းသွားအောင် ပယ်ရမယ်လို့ ဆိုလိုပါတယ်။

http://www.dhammadownload.com



ဒါကြောင့် (ပဇဟ ကုမ္ဘံ) လိပ်ကို ပယ်လိုက် ဟူသည်မှာ (ပဇဟ ပဉ္စုပါဒါနက္ခန္ဓေ) ဥပါဒါနက္ခန္ဓာ ငါးပါးကို ပယ်လိုက်လို့ ဆိုတဲ့ အကြောင်း မြတ်စွာဘုရားက ရှင်းပြတော်မူပါတယ်။ အဲဒါကို အဋ္ဌကထာက (ပဇဟ ပဉ္စုပါဒါနက္ခန္ဓေတိ ဧတ္ထ) ဥပါဒါနက္ခန္ဓာ ငါးပါးကို ပယ်လိုက်ဟူရာ၌ (ပဉ္စသု ခန္ဓေသု ဆန္ဒရာဂပ္ပဟာနံ ကထိတံ) ခန္ဓာငါးပါးတို့၌ လိုချင်တပ်မက်မှုကို ပယ်ခြင်းကို ဟောအပ်သည်–လို့ ဖွင့်ပြတော်မူပါတယ်။ ဝိပဿနာ အခြေခံ ဆောင်ပုဒ်ထဲမှာ ဘုန်းကြီးက ရေးထားပါတယ်၊ "ဝိပဿနာ ဉာဏ်ဆိုတာ ဘယ်ဟာ ရှု၍ ဖြစ်သနည်း" တဲ့၊ ဒါကအမေး။ "စွဲလမ်းနိုင်ရာ ငါးခန္ဓာ မှန်စွာ ရှု၍ဖြစ်သတည်း"တဲ့၊ ဒါက အဖြေ။ ကဲ–ဒါကလေးနှစ်ပုဒ်ကို လိုက်ဆိုကြ။

**ဝိပဿနာ ဉာဏ်ဆိုတာ၊ ဘယ်ဟာရှု၍ ဖြစ်သနည်း။**
**စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာရှု၍ ဖြစ်သတည်း။**

ဝိပဿနာဆိုတာ ဘယ်လိုဟာ ရှုရသလဲ၊ စွဲလမ်းနိုင်တဲ့ ခန္ဓာငါးပါးကို ရှုရတယ်။ ဒီဒေသနာမှာ လိပ်ဆိုတာ ခန္ဓာငါးပါး တရားပဲ။ အဲဒါကို ရှုမှတ်ပြီးပယ်ပါတဲ့၊ ဒီလိုဆိုတယ်။ ဟောဒီ ဆောင်ပုဒ် စာရွက်ထဲက အမေးအဖြေဆောင်ပုဒ်ကလေးတွေကို လည်း ဆိုကြဦးစို့။

**တောင်ပို့ဆိုတာ၊ ဘယ်ဟာလည်း။ ဤ ရုပ်တိုကြီးပဲ။ပ။**
**လိပ်ညစ်ဆိုတာ၊ ဘယ်ဟာလည်း။ ခန္ဓာ ငါးပါး တရားပဲ။**

အဲဒီခန္ဓာငါးပါး တရားတွေရှုမှတ်ပြီး ပယ်ရမယ်ဆိုပေမယ့် မှတ်ခါစမှာတော့ ခန္ဓာငါးပါးရဲ့ ပင်ကိုယ်ရင်း သဘောလောက်ပဲ သိသေးတယ်။ အဖြစ်အပျက် အနိစ္စ ဆိုတာတွေကိုတော့ မသိနိုင် သေးဘူး။ ဖောင်းတယ်မှတ်ယင် တောင့်တဲ့သဘော၊ တင်းတဲ့သဘော

http://www.dhammadownload.com



လှုပ်ရှားတဲ့သဘော၊ ဒါလောက်ပဲ သိတယ်။ ဒါကြောင့် ဖောင်းတယ် မှတ်လိုက်ရင် တောင့်တင်းလှုပ်ရှားတဲ့ရုပ်က တစ်မျိုး၊ မှတ်သိတဲ့ နာမ်က တစ်မျိုး၊ ရုပ်နဲ့နာမ် ဒါကလေးနှစ်ခုပဲ သိတယ်။ ကွေးတယ် မှတ်ရင် တောင့်တင်း လှုပ်ရှားတဲ့ ရုပ်နဲ့ မှတ်သိတဲ့နာမ် ဒါကလေး နှစ်ခုပဲ သိတယ်။ အဲဒါက အားထုတ်စမှာသိပုံ။ နောက်သမာဓိဉာဏ် ရင့်သန် လာတဲ့အခါကျတော့ ဒီတရားတွေကို အစနဲ့ အဆုံးနဲ့လည်း ပိုင်းခြားပြီး သိတယ်။ အဲဒီလို အစ ပေါ်လာတာနဲ့ အဆုံး ပျောက် သွားတာကို သိတော့၊ ဖြစ်ပြီး ပျောက်သွားလို့ မမြဲဘူးလို့ သိတဲ့ ဝိပဿနာဉာဏ် ဖြစ်လာတယ်။ အဲဒီလို ကိုယ်ပိုင်ဉာဏ်နဲ့သိအောင် အားထုတ်သွားရမှာ။ မှတ်တယ်ဆိုတာ အားထုတ်စက အသိမျိုး လောက်တွင် သိဖို့မဟုတ်ဘူး၊ သမာဓိဉာဏ်ရင့်လာတဲ့ အခါမှာ အနိစ္စ, ဒုက္ခ, အနတ္တ သဘောတရားတွေကိုပါ သိသိ သွားအောင် မှတ်ရမှာ။ အဲဒီလိုသိသွားမှ ခန္ဓာငါးပါးတွေနဲ့စပ်တဲ့ သာယာမှုတွေ ကင်းသွားမှာ။ အဲဒါကြောင့် အဋ္ဌကထာဆရာက "**အနိစ္စံ ဝေဒိ တဗ္ဗံ**—အနိစ္စကို သိရမယ်တဲ့။ **အနိစ္စတာ ဝေဒိတဗ္ဗာ**- အနိစ္စ လက္ခဏာကို သိရမယ်တဲ့။ **အနိစ္စာနုပဿနာ ဝေဒိတဗ္ဗာ**- အနိစ္စာနုပဿနာကို သိရမယ်"တဲ့။ ဒီလိုဆိုထားပါတယ်။ အဲဒါကို ဆောင်ပုဒ်ကလေး ပေးထားတယ်၊ ဒါကလေး ဆိုကြဦးစို့။

**အနိစ္စကို သိရမည်၊ အနိစ္စလက္ခဏာကို သိရမည်၊ အနိစ္စာနုပဿနာကို သိရမည်**။

အနိစ္စဆိုတာ ဘာလဲဆိုလို့ရှိ ယင် "**အနိစ္စန္တိ ခန္ဓပဉ္စကံ**"လို့ အဋ္ဌကထာက ဖွင့်ထားတယ်။ အနိစ္စ ဆိုတာ ခန္ဓာငါးပါး အပေါင်း ပါပဲ။ ခန္ဓာငါးပါးအပေါင်းဟာ ယောဂီ ပုဂ္ဂိုလ်ရဲ့ဉာဏ်ထဲမှာ ရှုတိုင်း ရှုတိုင်း ဖြစ်ပျက်သွားတဲ့ အနေအားဖြင့် ထင်ရှားနေတယ်။ ခန္ဓာ

http://www.dhammadownload.com



ငါးပါးလို့ ပြောရတာကတော့ ကျမ်းဂန် ဝေါဟာရနဲ့ နားလည်အောင် လို့ ပြောရတာပဲ။ ရှုတဲ့ပုဂ္ဂိုလ်မှာတော့ ရှုတိုင်းရှုတိုင်း ငါးခုငါးခု တစ်ပိုင်းစီ တစ်ပိုင်းစီ ကွဲပြီး ထင်တာတော့ မဟုတ်ဘူး၊ တစ်ခုတစ်ခု ကိုသာ ပဓာနပြုပြီးသိပါတယ်။ရုပ်ကို မှတ်မိ တဲ့အခါ ရုပ်ကို ပဓာန ပြုပြီး ဖြစ်ပျက်သွားတဲ့သဘောကို သိတယ်၊ နာမ်မှတ်မိတဲ့အခါ နာမ် ကို ပဓာနပြုပြီး ဖြစ်ပျက်သွားတဲ့ သဘော ကိုသိတယ်၊ စိတ်ကိုမှတ်မိ တဲ့အခါ စိတ်ကလေး ဖြစ်ပျက် သွားတာကို သိတယ်၊ ဝေဒနာ မှတ်မိတဲ့အခါ နာတာ, ကျင်တာ, ကိုက်ခဲတာ ကလေးတွေ ဖြစ်ပျက် သွားတဲ့ သဘောကို သိတယ်။ အဲဒီလိုပဲ တရား တစ်ခုခုကို ပဓာန ပြုပြီးတော့ ဖြစ်ပြီး ပျက်သွား, ဖြစ်ပြီး ပျက်သွားနဲ့ ဒီလိုပဲ သိတယ်။ ဒါကြောင့် ယောဂီတွေမှာ မိမိတို့ ကိုယ်တွေ့နဲ့ ကိုက်ပြီး နားလည် အောင်လို့ "ဖြစ်ပျက်သမျှ ရုပ်, နာမ်, ခန္ဓာက အနိစ္စတရား"တဲ့ ဆောင်ပုဒ်ရေးထားပါတယ်။ ဖြစ်ပြီးပျက် သွားတယ်လို့ သိရတဲ့ အာရုံဟူသမျှဟာ အနိစ္စ တရားပဲ။ ဒါဟာ ရုပ်နဲ့နာမ် ခန္ဓာငါးပါးပါပဲ။ ကဲ– ဆိုရမယ်။

## ဖြစ်ပျက်သမျှ ရုပ်နာမ်ခန္ဓာက အနိစ္စတရား။

အနိစ္စ-မမြဲတဲ့တရားဆိုတာ ဘာကြောင့် မမြဲဘူးလို့ ဆိုရ တယ်ဆိုတဲ့ အထိမ်းအမှတ်ကလေးရှိတယ်။ လူမှာလည်း လူ့ လက္ခဏာ ရှိတယ်။ ဒကာလူမှာ ကိုယ့်အိမ်သူ အိမ်သားတွေ ရှိတာ ပေါ့နော်၊ အဲဒီ အိမ်သူအိမ်သားတွေ, ကိုယ့်သားတွေ သမီးတွေဆိုတာ ဘယ်သူ ဘယ်ဝါတွေလို့ အမှတ်အသားကလေးတွေရှိတယ်။ ကလေး တွေဟာ အရွယ်ချင်း, ရုပ်ပုံချင်းတူပေမယ်လို့ ကိုယ့်သားသမီး ဟုတ်တယ်, မဟုတ်ဘူး ဆိုတာ ကွဲပြားနေတယ်။ အဲဒါ ဘာ့ကြောင့်

http://www.dhammadownload.com



တုန်းဆိုယင် မှတ်သားထားတာကလေးရှိတယ်။ အသားအရောင်က တစ်မျိုး၊ မျက်ခုန်း မျက်လုံးက တစ်မျိုး စသည်ဖြင့် ကွဲပြားနေတယ် နော်။ အဲဒါလိုပဲ၊ ရုပ်နာမ် တရားတွေကို **အနိစ္စ**— မမြဲဘူးလို့ ဆိုတာ ဘာကြောင့်လည်း၊ သူ့မှာလည်း လက္ခဏာ အမှတ်အသားလေး ရှိပါတယ်။

**ဟုတွာ အဘာဝါကာရော အနိစ္စလက္ခဏံ**—တဲ့ ။ **ဟုတွာ**— ဖြစ်ပေါ်ပြီး၍။ **အဘာဝါကာရော**— မရှိသော အခြင်းအရာသည်။ **အနိစ္စလက္ခဏံ**— အနိစ္စလက္ခဏာ မည်တယ်တဲ့။ ဖြစ်ပြီးတော့ တည်မြဲမနေဘဲနဲ့ ပျောက်သွားတာဟာ အနိစ္စလက္ခဏာ ပဲတဲ့။ ဖြစ်ပြီး ပျောက်သွားရင် မမြဲတာပေါ့။ ကောင်းကင်မှာ လျှပ်စစ်လက်လာတယ်။ ဖြစ်ပေါ်လာတာ မဟုတ်လား။ သူက လက်ပြီးတော့ ပျောက်သွားတယ်။ မမြဲတာ မဟုတ်လား၊ ဖြစ်ပြီး ပျောက်သွား, ဖြစ်ပြီး ပျောက်သွားနဲ့ အဲဒါဟာ မမြဲတာမဟုတ်လား။ အဲဒီလျှပ်စစ် လက်တာနဲ့ တူပါတယ်။ သဘောတရား ကလေးတွေက မှတ်လိုက်ရင် မရှိတော့ဘူး, မှတ်လိုက်ရင် မရှိတော့ဘူး၊ ပျောက် ပျောက်သွားတယ်။ အဲဒီလို ပျောက်သွားတာဟာ အနိစ္စတရားပဲလို့ မှတ်သိရခြင်း၏ အကြောင်း, မှတ်သိစရာ အထိမ်းအမှတ် လက္ခဏာ ပဲတဲ့။ အဲဒါ ကို အနိစ္စလက္ခဏာ ခေါ်ပါတယ်။ ကဲ— ဆိုရမယ်။

**ဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက် သွားတာက အနိစ္စလက္ခဏာ။**

ဖြစ်ပေါ်ပြီး ပျောက်ပျောက်သွားတာဟာ အနိစ္စလက္ခဏာ ပါပဲတဲ့။ အဲဒီ အနိစ္စလက္ခဏာကလေးကို ကိုယ်တိုင်တွေ့သိဖို့ လိုတယ်။ ဝိပဿနာ ရှုရာမှာ အဲဒီလို သိဖို့က အလွန်အရေးကြီးတယ်။ ဒါကလေးတွေက ပေါ့ပေါ့ကလေး မဟုတ်ဘူး၊ တကယ့်ကို အရေးကြီး

http://www.dhammadownload.com



တဲ့ အချက်ကလေးတွေ။ ဒီလိုအရေးကြီးလို့ပဲ အဋ္ဌကထာ ဆရာတွေက ပြထားတာ။ ဘုန်းကြီးတို့ကလည်း အလွန်အရေးကြီးလို့ အဲဒါကို ထုတ်ပြပါတယ်။ တချို့က စာပေကျမ်းဂန်အရနဲ့ စဉ်းစားဆင်ခြင်ပြီးတော့ "ဖြစ်ပြီး ပျက်နေတာပဲ၊ မမြဲဘူး"လို့ ဒီလို နှလုံးသွင်းလိုက်ရုံနဲ့ အနိစ္စာနုပဿနာ ဖြစ်တယ်လို့ ဒီလိုယူဆနေကြတယ်။

အမှန်က ဒီလိုမဟုတ်ဘူး။ အနိစ္စလက္ခဏာကလေးကို ကိုယ်တိုင်တွေ့ရမှာ, ကိုယ်တိုင်သိရမှာ၊ ဖြစ်ပေါ်ပြီးနောက် ပျောက်ပျောက်သွားတဲ့ အခြင်းအရာကလေးကို လက်နဲ့ကိုင်ကြည့်သလို သေသေချာချာ လက်တွေ့ကိုယ်တိုင်သိမှ အနိစ္စာနုပဿနာဉာဏ် အစစ်ဖြစ်တာ။ ဒါကြောင့် "ရှုမှတ်ဆဲမှာ ကွယ်ပျောက်သွားတာကို တွေ့ရ၍ မမြဲဟုသိတာက အနိစ္စာနုပဿနာဉာဏ်"လို့ ဆောင်ပုဒ်ကလေး ပေးထားပါတယ်။ အဲဒါဟာ "ဖောင်းတယ်, ပိန်တယ်, ထိုင်တယ်, ထိတယ်, ကွေးတယ်, ဆန့်တယ်" စသည်ဖြင့် မှတ်နေရင်း, မှတ်နေရင်းနဲ့ကို ပျောက်ပျောက်သွားတာကလေးကို သိပြီးတော့ "မမြဲပါကလား"ဆိုတာ ကိုယ်ပိုင်ဉာဏ်နဲ့ ရှင်းပြီးသိရမှာ။ အဲဒီလိုသိမှ အနိစ္စာနုပဿနာဉာဏ်တဲ့။ အဲဒါဟာ အနိစ္စာနုပဿနာဉာဏ်အစစ်ပါပဲ၊ ဒီဉာဏ်အစစ်နဲ့မှ အရိယမဂ်ဖိုလ်တိုင်အောင် သွားနိုင်တယ်၊ ကဲ—ဆိုကြစို့။

**ရှုမှတ်ဆဲမှာ ကွယ်ပျောက်သွားတာကို တွေ့ရ၍ မမြဲဟု သိတာက အနိစ္စာနုပဿနာဉာဏ်။**

မှတ်နေရင်း မှတ်နေရင်း မရှိတော့ဘဲ ပျောက်ပျောက်သွားတာကိုတွေ့ရင် မမြဲဘူး ဆိုတာကို သူများက မပြောရတော့ပါဘူး၊ ရှုတဲ့ပုဂ္ဂိုလ်က သူ့ဟာသူပဲရှင်းပြီး သဘောကျသွားပါတယ်။ အဲဒါ အနိစ္စာနုပဿနာအစစ်၊ ကိုယ်ပိုင်ဉာဏ်နဲ့ သဘောကျသွား

http://www.dhammadownload.com



တာ။ အချေးအငှားမျိုးမဟုတ်ဘူး။ စာပေကျမ်းဂန်အရနဲ့ သဘောကျရတာမျိုး မဟုတ်ဘူး။ သူများတွေကပြောလို့ သဘောကျရတာ မဟုတ်ဘူး၊ ကိုယ်တိုင်တွေ့ပြီး သိသွားတာ မဟုတ်လား။ အဲဒီဉာဏ်အစစ်တွေဖြစ်မှ အရိယမဂ်ဖိုလ်ဉာဏ်တွေကို ရောက်နိုင်တယ်။ အဲဒီဉာဏ် အစစ်ဖြစ်အောင်လို့ ဖြစ်တိုင်းဖြစ်တိုင်းတွေ လိုက်ပြီးရှုနေရတာ။ ဖြစ်တိုင်း ဖြစ်တိုင်းတွေ ရှုနေတော့ ရှေ့နောက်တစ်သားတည်းလို ဆက်နေတဲ့ **သန္တတိ**တွေ ပျက်သွားတယ်။ **သန္တတိ**ပျက်သွားတော့ အနိစ္စ လက္ခဏာ ထင်တယ်လို့ အဲဒီလိုလည်း အဋ္ဌကထာဆရာက ဆိုထားပါတယ်။ သူ့ဟာ သဘာဝသိပ်ကျတယ်။ တစ်နေ့ကလည်း ပြောခဲ့ပြီ။ ခြတန်းကြီးဆိုပါတော့ ဒကာလူရ။ ခြကောင်တွေ သွားနေတာကို အမှတ်တမဲ့ကြည့်ရင် အတန်းအရှည်ကြီးလို့ ထင်ရတယ်။ အနီးအနားသွားပြီး ငုံ့ကြည့်လိုက်တော့ ဘယ်အတန်းကြီးဟုတ်မလဲ၊ တစ်ကောင်ချင်း တစ်ကောင်ချင်း ကွဲနေတယ်မဟုတ်လား၊ အပြတ် အပြတ်ကလေးတွေ၊ အတိုအတို ကလေးတွေနော်။ အဲဒါလိုပါပဲ၊ စိတ်တွေဟာလည်း ပကတိလူတွေရဲ့ အထင်နဲ့ဆိုရင် ငယ်ငယ်ကလေးဘဝကစပြီး ခုထက်ထိ တစ်စိတ်ထဲ အမြဲတည်နေတယ်လို့ ထင်နေကြတယ်။ အဲဒီလို အပြတ်အခြားမရှိဘဲ တစ်သားတည်းလို့ ထင်နေရတာကို **သန္တတိ** လို့ခေါ်တယ်။ ခုနက ခြတန်းကြီးထင်တာမျိုးပါပဲ။ အဲဒီ **သန္တတိ**အဖုံးအလွှမ်း ပျက်သွားအောင်လို့ စိတ်ကလေးတွေကို ဖြစ်တိုင်း ဖြစ်တိုင်း လိုက်ပြီး မှတ်နေရတာ ဒကာလူရ။

ဒီလိုမှတ်လို့ အသိမြန်လာတော့ အဲဒီ စိတ်ကလေးတွေက တစ်ပိုင်းစီ တစ်ပိုင်းစီ ကွဲပြားပြီးတော့ ထင်ပေါ်လာတယ်။ အဲဒီလို ထင်ပေါ်လာတော့ ဒီစိတ်ကလေးတွေကို "ဖြစ်ပြီး ချက်ချင်း ပျောက်

http://www.dhammadownload.com



သွားတာပဲ၊ မမြဲဘူး၊ မမြဲတဲ့တရားဘဲ”လို့ ရှင်းပြီး သိသွားပါတယ်။ ဝေဒနာကလေးတွေ ဆိုပါတော့၊ နာတယ်, ကျင်တယ်, ကိုက်ခဲတယ် ဆိုတာကလေးတွေဟာ အမှတ်တမဲ့ဆိုတော့ အကြာကြီး တည်နေတယ်လို့ ထင်ရတယ်။ သေသေချာချာ ရှုမှတ်ကြည့်တော့ ဘယ်ဟုတ်မလဲ၊ “နာတယ် နာတယ်”လို့မှတ်နေရင် မှတ်တိုင်း မှတ်တိုင်း နာတာကလေးတွေဟာ တစ်နာချင်း တစ်နာချင်း ပျောက်ပျောက်သွားတာပဲ။ ခုနက ခြကလေးတွေ တစ်ကောင်စီ တစ်ကောင်စီ ကွဲနေသလိုပါပဲ။ အဲဒီ နာတာကလေးတွေကို “ဖြစ်ဖြစ်ပြီး ပျောက်ပျောက်သွားလို့ (သန္တတိပျက်ပြီး) မမြဲတဲ့တရားဘဲ”လို့ ကိုယ်ပိုင်ဉာဏ်နဲ့ သိရပါတယ်။ ဒီပြင်ဟာတွေလည်း အကုန်လုံး ဒီလိုချည်းပါပဲ။ ကွေးတယ်ဆန့်တယ်လို့ မှတ်တဲ့နေရာမှာလည်း တရွေ့က တရွေ့ မရောက်ဘဲ ရွေ့ပြီးပျောက် လိုက်, ရွေ့ပြီး ပျောက်သွားလိုက်နဲ့ အပိုင်းအပိုင်းပြတ်ပြီးတော့ ကုန်ကုန်သွားတာကို တွေ့ရတယ်၊ အဲဒါကိုယ်တိုင်တွေ့တာပဲ။ အဲဒီလို တွေ့တော့ မမြဲတဲ့တရားဘဲလို့ ကိုယ်တိုင်သိရတယ်။ အဲဒါ အနိစ္စာနုပဿနာဉာဏ်တဲ့။ အဲဒီလို မှတ်တိုင်း မှတ်တိုင်း ပေါ်ပြီး ပျောက်သွားလို့ မမြဲဘူး မမြဲဘူးလို့ သိယင် အနိစ္စာနုပဿနာဉာဏ်ပဲ။ ဒီ ဉာဏ်နဲ့ အနိစ္စကို သိရင် ဒုက္ခ, အနတ္တဆိုတာတွေလည်း သိတော့တာပါပဲ။

ဘာကြောင့်လဲဆိုတော့ ဒီအနိစ္စတရားသည်ပင်လျှင် ဒုက္ခပဲ၊ ဒီဒုက္ခတရားသည်ပင်လျှင် အနတ္တပဲ။ အနိစ္စ, ဒုက္ခ, အနတ္တ ဆိုတာ နာမည်သာကွဲတာ၊ တရားကိုယ်ကတော့ ဒီတရားတွေချည်းပဲ။ ဒီတော့ အနိစ္စသိယင် ဒုက္ခသိတော့တာပဲ၊ ဒုက္ခသိရင်လည်း အနတ္တ သိတော့တာပဲ။ အဲဒါကြောင့် အတိုချုပ်ကလေး ဒီမှာပြထားပါတယ်။ အချိန်ရလို့ အကျယ်ဟောမယ်ဆိုယင်တော့ အနိစ္စဉာဏ်

http://www.dhammadownload.com



ဖြစ်ပုံလိုပဲ ဒုက္ခဉာဏ်ဖြစ်ပုံ၊ အနတ္တဉာဏ်ဖြစ်ပုံတွေလည်း အကျယ် ဟောရမှာပဲ။ ယခုတော့ အလွယ်တကူသိရုံကလေးပဲ ပြထားပါတယ်။ ကဲ– ဆိုရမယ်။

**အနိစ္စမြင်လျှင် ဒုက္ခထင်သည်၊**
**ဒုက္ခထင်တော့ အနတ္တမြင်သည်၊**
**အနတ္တမြင် နိဗ္ဗာန်ခွင် ပြေးဝင်ဆိုက်ရောက်သည်၊**

အနိစ္စမြင်လျှင် ဒုက္ခထင်တယ်တဲ့၊ ဒုက္ခထင်တော့ အနတ္တမြင်တယ်တဲ့၊ အနတ္တမြင်တော့ ဘာအကျိုးရှိသလဲဆိုရင် နိဗ္ဗာန်တရား တွေ့ရပါတယ်။ ဒီတော့ နိဗ္ဗာန်တရားတွေ့ချင်ရင် ဒီလမ်းအတိုင်း သွားရုံပါပဲ။ သို့သော် အနတ္တကို တစ်ခါလောက်မြင်ရုံနဲ့တော့ နိဗ္ဗာန် ရောက်တယ်လို့လည်း မှတ်မထားကြနဲ့ဦး။ နိဗ္ဗာန်ရောက်လောက်အောင် အသိဉာဏ် ရင့်သန်ပြည့်စုံမှ ရောက်နိုင်ပါတယ်။

ဖြစ်တိုင်း ဖြစ်တိုင်း တွေကို ရှုလို့ **အနိစ္စ**– မမြဲဘူး၊ **ဒုက္ခ**– ဆင်းရဲချည်းပဲ၊ **အနတ္တ**–ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့ သဘောတရားချည်းပဲလို့ ဒီလို သိတိုင်းသိတိုင်း **လိပ်**–ဆိုတဲ့ **ခန္ဓာငါးပါး**တွေကို ပယ်နေတာပဲ၊ မရှုဘဲ နေလို့ရှိရင် အနိစ္စလည်း မသိဘူး၊ ဒုက္ခလည်း မသိဘူး၊ အနတ္တလည်း မသိဘူး။ မြင်တိုင်း၊ကြားတိုင်း၊ တွေ့တိုင်း၊ သိတိုင်း၊ ဒွါရခြောက်ပါးက ထင်ရှားပေါ်တာတွေကို "မြဲတယ်၊ ချမ်းသာတယ်၊ ကောင်းတယ်၊ ငါပဲ၊ သူပဲ၊ ယောက်ျားပဲ၊ မိန်းမပဲ" လို့ထင်ပြီး သာယာနေတယ်။ အဲဒါ လိပ်ကို သာယာနေတာပဲ၊ ခန္ဓာငါးပါး တရားတွေကို သာယာနေတာပဲ။

အဲဒီလိပ်ကို သာယာနှစ်သက်မှု၊ သိမ်းပိုက်မှု မရှိအောင် ပယ်လိုက်ပါတဲ့။ ဘယ်လိုပယ်ရမလဲဆိုတော့ ဖြစ်တိုင်း ဖြစ်တိုင်း တွေကို ရှုလို့ရှိယင် ရုပ်နဲ့နာမ် ကွဲလာလိမ့်မယ်။ နောက်ကျတော့

http://www.dhammadownload.com



အဖြစ်အပျက်ပါသိပြီးတော့ အနိစ္စ, ဒုက္ခ, အနတ္တတရားတွေကို သိလာလိမ့်မယ်။ အဲဒီလို သိလို့ရှိရင် မြဲတယ်လို့ စွဲလမ်းပြီးတော့ ကိလေသာ မဖြစ်နိုင်ဘူး၊ ချမ်းသာတယ်, ကောင်းတယ်, လှပတယ်, တင့်တယ်တယ်လို့ စွဲလမ်းပြီး ကိလေသာ မဖြစ်နိုင်ဖူး။ ပုဂ္ဂိုလ် သတ္တဝါပဲလို့ စွဲလမ်းပြီး ကိလေသာ မဖြစ်နိုင်ဘူး။ ဒီလို ကိလေသာ မဖြစ်နိုင်တာ ကိုပင်လျှင် လိပ်ကို ပယ်နေတာလို့ ဆိုပါတယ်။

(ပဇဟ ကုမ္မံ) လိပ်ကြီးကို ပယ်လိုက် ဟူသည်မှာ၊ (ပဇဟ ပဉ္စုပါဒါနက္ခန္ဓေ) ဥပါဒါနက္ခန္ဓာ ငါးပါးကို ပယ်လိုက်လို့ ဆိုလိုသည် တဲ့။ ဒါကြောင့် ဥပါဒါနက္ခန္ဓာငါးပါးကို ဖြစ်တိုင်း ဖြစ်တိုင်း လိုက်ပြီး ရှုမှတ်နေတာဟာ အဲဒီသုတ်က ပြန်ဆိုချက်နဲ့ အံကျကိုက်နေပါတယ်။

အဲဒီ လိပ်ဆိုတဲ့ ဥပါဒါနက္ခန္ဓာ ငါးပါးကို ရှုပြီးပယ်ရမှာက ဘယ်ထိအောင်လည်းဆိုရင် **ဝေါဒါနဉာဏ် မဂ်ဉာဏ်**တို့နဲ့ တစပ်တည်းဖြစ်တဲ့ **အနုလောမဉာဏ်**ထိအောင် ရှုမှတ်ပြီး ပယ်သွား ရမယ်။ အဲဒီလို ပယ်သွားရာမှာ ယခုပြောခဲ့တဲ့အတိုင်း ရှုရင်းရှုရင်း ဖြစ်ဖြစ်ပြီးတော့ ကုန်ကုန်သွားတာ, ပျောက်ပျောက်သွားတာကို တွေ့ ရလို့ မမြဲဘူး၊ ဆင်းရဲချည်းပဲ၊ အတ္တကောင် မဟုတ်တဲ့ သဘောတရား ချည်းပဲလို့ သုံးသပ်ဆင်ခြင်တဲ့ **သမ္မသနဉာဏ်** ရင့်သန်လာတဲ့အခါ မှတ်တိုင်းမှတ်တိုင်း မှတ်ရတဲ့ အာရုံကလေးတွေရဲ့ အစနဲ့ အဆုံး, အဖြစ်နဲ့အပျက်ကို ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသားကြီးသိရ တဲ့ **ဥဒယဗ္ဗယဉာဏ်** ဖြစ်ပေါ်လာတယ်။ ဒီ**ဥဒယဗ္ဗယဉာဏ်**က ရင့်သန်လာပြန်တော့ မှတ်တိုင်းမှတ်တိုင်း အစပိုင်း ဖြစ်ပေါ်မှုက မထင်ရှားတော့ဘဲ အဆုံးပိုင်း ပျက်မှုကိုချည်းတွေ့ရတဲ့ **ဘင်ဉာဏ်** ဖြစ်ပေါ်လာတယ်။ ဒီ**ဘင်ဉာဏ်** ဖြစ်တဲ့အခါမှာ မှတ်သိရတဲ့ အာရုံ ရော၊ မှတ်သိတဲ့စိတ်ကလေးရော နှစ်မျိုးလုံးဟာ ရှေ့ဆင့် နောက်

http://www.dhammadownload.com



ဆင့် တစ်ကုန်တည်းကုန်, တစ်ပျက်တည်းပျက်နေတာကိုချည်း တွေ့နေရတယ်။ ဒီလို တရိပ်ရိပ်နဲ့ အပြင်ကရော, အတွင်းကရော ခဏမစဲ တစ်ပျက်တည်း ပျက်နေတာကိုချည်း တွေ့နေရတော့ "ဘာမျှ အားကိုးစရာမရှိဘူး၊ ကြောက်စရာတွေ ချည်းပဲ"လို့ ထင်မြင်လာတယ်။ အဲဒါက **ဘယဉာဏ်** တဲ့။ အဲဒီလို "ကြောက်စရာကောင်းတယ်"လို့ သိရတော့ သိရသမျှ အာရုံတွေရော၊ သိနေတဲ့ စိတ်တွေရော အဲဒါတွေ အားလုံးအပေါ်မှာ အမျိုးမျိုး အပြစ်မြင်လာတယ်။ အဲဒါက **အာဒီနဝဉာဏ်**တဲ့။ အဲဒီဉာဏ်နဲ့ အပြစ်မြင်ပုံ အမျိုးမျိုးထဲမှာ ကာမဂုဏ်အာရုံတွေနဲ့ စပ်ပြီး ဆင်ခြင်ကြည့်ရင် ဓားနဲ့ စဉ်းတီတုံးလိုပဲ ထင်မြင်တတ်ပါတယ်။

## ဓားနဲ့ စဉ်းတီတုံး

ဒါကြောင့် "**ကာ အသိသူနာ**— ဓားနဲ့ စဉ်းတီတုံး ဆိုတာ ဘယ်ဟာပါလဲ"ဆိုတဲ့ အမေးကို "**အသိသူနာတိ ခေါ ဘိက္ခု ပဉ္စန္နေတံ ကာမဂုဏာနံ အဓိဝစနံ**"လို့ ဖြေတော်မူပါတယ်။ **ဘိက္ခု**— ကသာပရဟန်း။ **အသိသူနာတိ ခေါ**—ဓားနဲ့စဉ်းတီတုံးဟူသော ဤအမည်သည်။ **ပဉ္စန္နံ**—ငါးပါးကုန်သော။ **ကာမဂုဏာနံ**— ကာမဂုဏ်တို့၏။ **အဓိဝစနံ**—အမည်ပေတည်း။ ဓားနဲ့စဉ်းတီတုံး ဆိုတာ ကာမဂုဏ်ငါးပါးရဲ့ အမည်တဲ့။ အသားကို လှီးတဲ့အခါမှာ အောက်က တုံးနဲ့ခံပြီးတော့ အထက်က ဓားနဲ့ဖိပြီး လှီးရတယ်မဟုတ်လား၊ အဲဒီလိုပါပဲ။ ကာမဂုဏ်ငါးပါး အာရုံတရားကို အခံလုပ်ပြီးတော့ ကိလေသာဓားနဲ့ သတ္တဝါတွေကို လှီးနေတယ်။ ကာမဂုဏ် အာရုံတွေကို ကိလေသာတွေနဲ့ သာယာနှစ်သက်နေလို့ ဒုက္ခတွေ ရောက်နေတယ်လို့ ဆိုလိုပါတယ်။ အဲဒါတွေ သာယာနှစ်သက်ပြီး

http://www.dhammadownload.com



တော့ မျက်မှောက်ပစ္စုပ္ပန်လည်း ဒီကာမဂုဏ် အာရုံတွေကို ရအောင်လို့ အားထုတ်ရ, ကြိုးစားရနဲ့ အမျိုးမျိုး စိတ်ပင်ပန်း, ကိုယ်ပင်ပန်း ခံရတယ်။ ဒီအထဲက မသင့်မတော်တဲ့ အကုသိုလ်အမှုတွေ ပြုမိလို့ ရှိရင် အပါယ်လေးပါးကျပြီး ဒုက္ခတွေရောက်ရတယ်။ ကာမဂုဏ် စဉ်းတီတုံးပေါ်မှာ နှစ်သက်တပ်မက်တဲ့ ရာဂဆိုတဲ့ ဓားကြီးနဲ့ အလှီးခံနေရတာ, အနှိပ်စက်ခံနေရတာတွေပါပဲ။ ဒါတွင် မဟုတ်သေးဘူး၊ ကာမဂုဏ်တွေ မက်မောပြီး အဲဒါတွေကို ရအောင်လို့ ကုသိုလ် ကောင်းမှုတွေကို ပြုပြီးတော့ လူ့ဘဝ, နတ်ဘဝတွေ ရောက်လို့ လူချမ်းသာ, နတ်ချမ်းသာတွေ ရနေပြန်တယ်ဆိုရင်လည်း အဲဒီရောက်ရာဘဝမှာ သေရမယ် မဟုတ်လား။ တစ်ဘဝ တစ်ဘဝ တစ်ခါ တစ်ခါတော့ သေရမယ်။ အဲဒီသေရတာလည်း ဒီကိလေသာက နှိပ်စက်လို့ပါပဲ။ ကာမဂုဏ်အာရုံဆိုတဲ့ စဉ်းတီတုံးပေါ်တင်ပြီးတော့ ကိလေသာကာမဆိုတဲ့ ဓားက လှီးသတ်နေတာနဲ့ တူပါတယ်တဲ့။ ဒါကြောင့် စဉ်းတီတုံးဆိုတာဟာ တခြားမဟုတ်ဘူး၊ကာမဂုဏ်တွေရဲ့အမည်တဲ့။ ကဲ-ဒါကလေး ဆိုကြဦးစို့။

**စဉ်းတီဆိုတာ ဘယ်ဟာလဲ၊ ငါးပါးအာရုံ ကာမဂုဏ်ပဲ။**

အဲ— "စဉ်းတီတုံးပေါ် တင်ပြီးတော့ သားလှီးဓားနဲ့ အလှီးခံရတယ်"ဆိုတာ ကာမဂုဏ်အာရုံတွေအပေါ် တင်ပြီးတော့ သတ္တဝါတွေကို ကိလေသာ ကာမရာဂနှင့် သတ်ဖြတ်နှိပ်စက်နေတယ်။ အဲဒီလို သတ်ဖြတ်တာကို သတ္တဝါတွေက ခံနေကြရတယ်။ အဲဒီလို ခံနေရပုံကိုလည်း ဝတ္ထုသာဓကတွေနဲ့ ထုတ်ဟောလိုက်ရရင် အင်မတန် စိတ်ဝင်စားစရာကောင်းမှာပေါ့။ ဒါပေမယ့် အချိန်က မရှိဘူး၊ ဒါတွေပြောနေလို့မဖြစ်ဘူး။ တိုတိုပဲသွားရမယ်။ "ဓားနဲ့ စဉ်းတီတုံးကို ပယ်လိုက်" ဆိုတာဟာ အဲဒီကာမဂုဏ်အာရုံတွေကို

http://www.dhammadownload.com



**အာဒီနဝဉာဏ်**နဲ့ရှုပြီး တပ်မက်မှုကို ပယ်လိုက်ပါလို့ ဆိုလိုပါတယ်။ အဲဒီ**အာဒီနဝဉာဏ်**နဲ့ ကောင်းကောင်းကြီး အပြစ်မြင်လာတော့ ရှုမိတဲ့အာရုံတွေ အပေါ်မှာရော၊ ရှုမှတ်မှု အပေါ်မှာရော၊ ဆင်ခြင်မိတာတွေအပေါ်မှာရော မပျော်မမွေ့ ငြီးငွေ့လာတယ်။ ငြီးငွေ့ဖွယ်တရားတွေကို ငြီးငွေ့ဖွယ် အနေနဲ့ အမှန်အတိုင်းသိလာတဲ့ နိဗ္ဗိဒါဉာဏ်ပါပဲ။ အဲဒီဉာဏ်ဖြစ်ပုံကို မြတ်စွာဘုရားက. . . .

**ရူပေသုပိ နိဗ္ဗိန္ဒတိ**–မြင်ရတဲ့ အဆင်းတို့ အပေါ်၌လည်း ငြီးငွေ့၏။ **စက္ခုဝိညာဏေပိ နိဗ္ဗိန္ဒတိ**– မြင်သိမှုအပေါ်၌လည်း ငြီးငွေ့၏။ပ။ **ဓမ္မေသုပိ နိဗ္ဗိန္ဒတိ**–ကြံသိရသော စိတ်ကူး အာရုံတို့ အပေါ်၌လည်း ငြီးငွေ့၏။ **မနောဝိညာဏေပိ နိဗ္ဗိန္ဒတိ**–ကြံသိမှု၊ မှတ်သိမှုအပေါ်၌လည်း ငြီးငွေ့၏–စသည်ဖြင့် ဟောထားပါတယ်။

အဲဒီလို ငြီးငွေ့တော့ လွတ်ချင်တဲ့သဘောတွေ ဖြစ်လာပါတယ်၊ **မုဉ္စိတုကမျတာဉာဏ်**ပါပဲ။ လွတ်ချင်တော့ လွတ်မြောက်အောင် ရှုမြဲဆက်ပြီး ရှုရပြန်ပါတယ်။ အဲဒီလိုတစ်ဖန် ရှုပြီး အထူးသိတာက **ပဋိသင်္ခါဉာဏ်**တဲ့။ ဒီ**ပဋိသင်္ခါဉာဏ်** ရင့်တဲ့အခါမှာ သင်္ခါရသဘောတရားတွေကို အညီအမျှရှုတဲ့ **သင်္ခါရုပေက္ခာဉာဏ်** ဖြစ်ပေါ်လာပါတယ်။ ဒီဉာဏ်ကတော့ (အနုလုံမှတစ်ပါး) ဝိပဿနာဉာဏ်ထဲမှာ အကောင်းဆုံးပါပဲ။ ဒါကြောင့် ဒီဉာဏ်ဖြစ်တဲ့အခါ နှစ်သက်ပျော်မွေ့ပြီး အလွန်သိမ်မွေ့တဲ့ **ဓမ္မရာဂ** ဖြစ်တတ်ပါတယ်။ ဒီရာဂကို မပယ်နိုင်ရင် **အရိယမဂ်ဖိုလ်ဉာဏ်**တွေကို မရောက်နိုင်ပါဘူး။ ဒါကြောင့် ဒီ **ဓမ္မရာဂ**ကို ပယ်ဖို့ရာ အလွန်အရေးကြီးပါတယ်။

http://www.dhammadownload.com



## သားတစ်–နန္ဒိရာဂ

ဒီလိုအလွန်အရေးကြီးတဲ့အတွက် ပြဿနာတစ်ဆယ့်ငါးချက်ထဲမှာ သူ့ကို "**မံသပေသိ**– သားတစ်"လို့ အမည်ပေးထားပါတယ်။ ဒါကြောင့် "**ကာ မံသပေသိ**– သားတစ်ဆိုတာ ဘယ်ဟာပါလဲ"ဆိုတဲ့ မေးခွန်းကို မြတ်စွာဘုရားက "**မံသပေသီတိ ခေါ ဘိက္ခု နန္ဒိရာဂဿေတံ အဓိဝစနံ**"လို့ ဖြေတော်မူပါတယ်။

**ဘိက္ခု**– ကဿပရဟန်း။ **မံသပေသီတိ ဧတံ**– သားတစ်ဟူသော ဤအမည်သည်။ **နန္ဒိရာဂဿ**–နှစ်သက် တပ်စွဲတတ်သော ရာဂ၏။ **အဓိဝစနံ**– အမည်ပေတည်းတဲ့။ အသားဆိုတာ အသားစားတဲ့ ပုဂ္ဂိုလ်တွေက အင်မတန်ကြိုက်ကြတယ်။ အသားစားတဲ့ လူတွေကလည်း ကြိုက်တာပဲ။ ခြင်္သေ့တို့, ကျားတို့, ခွေးတို့, စွန်တို့, ကျီးတို့ ဒီလိုအကောင်တွေကလည်း ကြိုက်ကြတာပဲ။ အသားစားတဲ့ သတ္တဝါတွေဟာ အသားကလေးတွေ့ပြီဆိုမှဖြင့် တရစ်ဝဲဝဲနဲ့ အသားဆီကို လာနေကြတော့တာပဲ။ အထူးအားဖြင့်တော့ ပုရွက်ဆိပ်တို့, ကျီးတို့, ခွေးတို့ဟာ အင်မတန်ခြောက်ရတယ်။ ကိုယ်စားမည့် အသားကို စားသွားမှာစိုးလို့ သူတို့ကို အင်မတန် ခြောက်ရပါတယ်။ ဒီအထဲမှာ ယင်ကောင်တွေကတော့ ဝင်ပြီး နှိုက်နှိုက် စားလိုက်သေးတယ်။ အဲဒါ သူတို့ကလည်း ကြိုက်ရှာကြလို့ပါပဲ။ ဒီလိုပါပဲ **နန္ဒိရာဂ**ခေါ်တဲ့ နှစ်သက်ပျော်မွေ့ပြီး သာယာတပ်စွဲတဲ့ သဘောကိုလည်း သတ္တဝါတိုင်း, လူတိုင်းက ကြိုက်ကြတယ်။ အဆင်းလှလှကလေးမြင်ပြီး သာယာနေရတာကို ကြိုက်ကြတယ်။ အသံကောင်းကောင်းကလေး ကြားပြီး သာယာနေရတာကို ကြိုက်ကြတယ်။ အနံ့ကောင်းကောင်းကလေး နမ်းရှူပြီး သာယာနေရတာကို ကြိုက်ကြတယ်။ အရသာကောင်းကောင်းကလေး စားပြီး သာယာနေရတာကို

http://www.dhammadownload.com



ကြိုက်ကြတယ်။ အတွေ့အထိ ကောင်းကောင်းကလေးနဲ့ တွေ့ထိပြီး သာယာနေရတာကို ကြိုက်ကြတယ်။ ကိုယ်အလိုရှိတဲ့အတိုင်း စိတ်ကူးကြံစည်ပြီး သာယာနေရတာကို ကြိုက်ကြတယ်။ အဲဒါဟာ **နန္ဒီရာဂ**ပဲ ဒကာလူရ။ အဲဒီ သာယာမှု **နန္ဒီရာဂ**ကလေး ဖြစ်နေရတာကို အရသာရှိတယ်လို့ ထင်နေကြတယ်။ ဒီ**နန္ဒီရာဂ**ကလေး မရှိရင် တယ်မကြိုက်ကြဘူး။ တရားဟောရာ၊ တရားနာရာတောင်မှ တချို့က **နန္ဒီရာဂ**ကလေး ဖြစ်နေရမှ ကြိုက်တတ်တယ်။ တရားဟောတဲ့ ပုဂ္ဂိုလ်က အသံကလေးကောင်းကောင်းနဲ့, ဝတ္ထုဇာတ်လမ်းကလေးကောင်းကောင်းနဲ့, လွမ်းစရာ ဆွေးစရာကလေးတွေနဲ့, ရယ်ရွှင်စရာ ပျော်စရာ ဘာဘာညာညာကလေးတွေနဲ့ ဒီလိုဟာကလေးတွေဟောမှ တရားနာရတာက အရသာရှိတယ်လို့ ထင်တတ်တယ်။ ဒီလိုမှ သူ့ဥစ္စာက **နန္ဒီရာဂ**ကလေးနဲ့ နားထဲစွဲနေတာကိုး။ နေရာတကာမှာ ဒီလိုပဲ **နန္ဒီရာဂ**ကို ကြိုက်ကြပါတယ်။

စာအုပ်ထဲဆိုရင် ကမ္မဋ္ဌာန်းတရားစာအုပ်တွေကို ကြည့်မည့်သူ သိပ်ရှိတာ မဟုတ်ဘူး။ ခေတ်ပေါ်ဝတ္ထုဇာတ်လမ်းစာအုပ်တွေဆိုရင်တော့ လူတွေက သိပ်ကြိုက်ကြတယ်။ လစဉ် ထုတ်လိုက်တိုင်း ဝယ်လိုက်ကြတာ မကြာခင် ကုန်ကုန်သွားတာပဲ များတယ်။ အဲဒီ စာအုပ်တွေထဲမှာ ဘယ်လိုဟာတွေ ပါတုန်းဆိုတော့ ဒီ**နန္ဒီရာဂ**ကို ဖြစ်စေနိုင်တဲ့ အချက်အလက်တွေ ပါတယ်။ စာရေးတဲ့ ပုဂ္ဂိုလ်က စာဖတ်တဲ့သူတွေရဲ့ စိတ်ထဲမှာ ဇာတ်လိုက်မင်းသားနဲ့ မင်းသမီးနဲ့၊ ယောကျ်ားနဲ့ မိန်းမနဲ့ မဟုတ်ပေမယ့် အဟုတ်လိုလို ထင်ရအောင် ဖော်ပြထားတာကိုး။ ဒီအထဲမှာ စွဲစရာ မက်စရာတွေ၊ လွမ်းစရာ ပူဆွေးစရာ၊ စိုးရိမ်စရာတွေကိုလည်း ပြထားတယ်။ အဲဒါကလေးတွေကို ဖတ်ပြီး မဟုတ်မှန်း သိပေမယ့်လို့ စိတ်ထဲက အာရုံပြုပြီး အရသာ

http://www.dhammadownload.com



ခံနေကြတယ်။ **နန္ဒီရာဂ** ဖြစ်နေတာပါပဲ။ အဲဒီ**နန္ဒီရာဂ**ကလေးကို ကြိုက်တာနဲ့ စာအုပ်ဖိုးတွေ များစွာပေးပြီးတော့ စာအုပ်တွေဝယ်ပြီး ကြည့်ကြ ဖတ်ကြနဲ့ ဒီလိုလုပ်နေကြတယ်။ ပြီးတော့ ရုပ်ရှင်ပွဲတွေ, ဇာတ်ပွဲတွေ သွားကြည့်၊ အငြိမ့်ပွဲတွေ သွားကြည့်၊ ပြပွဲတွေ သွားကြည့်နဲ့။ ဒါ ဘာမှတ်တုန်း **နန္ဒီရာဂ**ကို မွေးမြူနေကြတာ။ ဟိုအာရုံကလေးတွေကို မြင်ပြီးတော့ သာယာနေလိုက်၊ ကြားပြီးတော့ သာယာနေလိုက်၊ စိတ်ကူးပြီးတော့ သာယာနေလိုက်၊ အဲဒါကလေးက အရသာ ပေါ်နေတယ်လို့ ထင်တာကိုး။ အဲဒီ အရသာကလေးကို ကြိုက်လို့ ဒါကြောင့် သွားကြည့်နေကြတာ။ ပြီးတော့ သေရည် အရက်သောက်တဲ့ ပုဂ္ဂိုလ်တွေက ရှိသေးတယ်၊ သူတို့ကလည်း သေရည် အရက်ကလေးသောက်ပြီးတော့ အဲဒါကလေး အရသာခံနေတယ်။သူလည်း **နန္ဒီရာဂ**ပဲ။ ကိုယ်ကြိုက်တဲ့ အာရုံကလေးတွေကို ခံစားပြီးနေတာ ဟူသမျှဟာ **နန္ဒီရာဂ**ဖြစ်နေတာချည်းပဲ။ ကိုယ့်သဘောကျ လွတ်လွတ်လပ်လပ် ပြောဆိုကြဲစည်နေရတာကို ကြိုက်နေတာလည်း **နန္ဒီရာဂ**ပဲ။ ယခုပြောခဲ့တဲ့ **နန္ဒီရာဂ**တွေကတော့ ကာမဂုဏ်နဲ့စပ်တဲ့ **နန္ဒီရာဂ** အကြမ်းစားတွေပါ။ အဲဒါတွေကိုတော့ စောစောကတည်းက ပယ်ခဲ့ရပါတယ်။ တရားအားထုတ်နေရင်းလည်း ပေါ်လာရင် ရှုမှတ်ပြီး ပယ်ရပါတယ်။ ခုနကပြောခဲ့တဲ့ **ကာမစ္ဆန္ဒနီဝရဏ** ပယ်ပုံထဲမှာ ပါသွားပါပြီ။ အဲဒီ **နန္ဒီရာဂ** အကြမ်းတွေကို စောစောကတည်း က မစွန့်လွှတ်နိုင်လို့ရှိယင်တော့ တရားနာတောင်မှ မလာနိုင်ဘူး၊ တရားအားထုတ်ဖို့ဆိုတာ ဝေးရော ပဲ။

တရားနာနိုင်ပေမယ့် တရားအားထုတ်ဖို့ကျတော့ လွတ်လွတ်လပ်လပ်နေရတာကြိုက်တဲ့ **နန္ဒီရာဂ**ကလေး ပျောက်သွားမှာ

http://www.dhammadownload.com



စိုးလို့ ကမ္မဋ္ဌာန်းကျောင်းထဲသွားရင် ပျင်းစရာကြီးလို့ ထင်နေတတ်တယ်။ ယခု ကမ္မဋ္ဌာန်းကျောင်းထဲလာပြီး နေနိုင်တဲ့လူတွေဟာ အင်မတန် သတ္တိကောင်းတဲ့ လူတွေပဲ။ အဲဒီ**နန္ဒီရာဂ**ကို သာယာနေတဲ့ လူတွေဆိုရင်တော့ ဘယ်လာနိုင်လိမ့်မှာတုန်း၊ ကျောင်းကန်ဘုရားကို ခဏတစ်ဖြုတ် လာဖို့တောင် ခဲယဉ်းနေပါတယ်။

ပြီးတော့ တရားအားထုတ်နေရာမှာတောင် ဒီ**နန္ဒီရာဂ**က ဝင်လာတတ်သေးတယ်။ ဘယ်လိုအခါမှာ ဝင်လာတတ်သလဲဆိုတော့ ခုနက ပြောခဲ့တဲ့အတိုင်း အနိစ္စ, ဒုက္ခ, အနတ္တထင်လို့ အနိစ္စပဲ, ဒုက္ခပဲ, အနတ္တပဲလို့ သုံးသပ်ဆင်ခြင်ပြီး အားရတဲ့အခါမှာ မှတ်ရုံကလေး မှတ်သွားတယ်။ အဲဒီလို မှတ်ရုံကလေး မှတ်သွားနေတဲ့အခါမှာ အဖြစ်အပျက်ကလေးတွေက ပြတ်ပြတ်သားသား ထင်လာတော့ စိတ်ကလည်း ပေါ့ပေါ့ပါးပါး ဖြစ်နေတယ်။ အာရုံကလေးကလည်း သူ့ဟာသူ ပေါ်နေသလို ဖြစ်နေတယ်။အမှတ်သတိကလေးကလည်း သူ့ဟာသူ မှတ်မှတ်သွားနေသလို ဖြစ်နေတယ်။ အဲဒီလို အချိုးကျနေတဲ့အခါ အရောင်အလင်းတွေလည်း ပေါ်လာတယ်။ ကိုယ်ထဲမှာ တဖျဉ်းဖျဉ်း တငြိမ့်ငြိမ့်နဲ့ ပီတိတွေကလည်းပေါ်လာတယ်။ အဲဒီတော့ ဝမ်းသာ အားရတွေဖြစ်လာပြီး အဲဒီလို ဖြစ်နေတာကို သဘောကျနေတတ်တယ်။ အဲဒါဟာ ရှုရင်း ရှုရင်းနဲ့ တရားအရသာတွေကို သဘောကျပြီး နှစ်သက်နေတာပါပဲ။ ဒါလည်း နန္ဒီရာဂပဲ။ သားတစ်ကလေးပေါ့၊ အဲဒါကိုလည်း ရှုမှတ်ပြီး ပယ်ရတယ်။ ဒါကတော့ လိပ်ကိုပယ်တာထဲပါသွားပြီ။ အဲဒီကလွန်မြောက်ပြီးသွားရင် ခုနကပြောခဲ့တဲ့အတိုင်း ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်း တက်သွားတယ်။ နောက်ဆုံး ပြောကြပါစို့၊ နောက်ဆုံး

http://www.dhammadownload.com



ဘယ်ရောက် သွားသတုန်းဆိုတော့ **သင်္ခါရုပေက္ခာဉာဏ်** ရောက်သွားတယ်။

အဲဒီ**သင်္ခါရုပေက္ခာဉာဏ်** ရောက်တော့မှ အများကြီး ကောင်းတယ်။ အာရုံပေါ်အောင်လည်း ကြောင့်ကြမစိုက်ရဘူး။ မှတ်သိမှု ဖြစ်အောင်လည်း ကြောင့်ကြမစိုက်ရဘူး။ အမှတ် အသိကလေးတွေက သူ့ အလိုလိုဖြစ်ပြီး ပေါ့ပေါ့ယဉ်ယဉ်ကလေး ဖြစ်လိုက်ပျက်လိုက်နဲ့ သိသိသွားနေတယ်၊ စဉ်တန်းပြီးတော့ သိသိသွားနေတာဟာ ဆယ်မိနစ်, ဆယ့်ငါးမိနစ်လည်း တစဉ်တစ်တန်းတည်းသွားတယ်၊ မိနစ်သုံးဆယ် တစ်နာရီလည်း တစဉ်တစ်တန်းတည်းသွားတယ်၊ နှစ်နာရီ, သုံးနာရီလည်း တစဉ်တစ်တန်းတည်းသွားတယ်။ ညောင်းခြင်း, ကိုက်ခြင်း, ပူခြင်း, ပင်ပန်းခြင်းဆိုတာ ဘာမျှမရှိဘူး။ ထိုင်နေရတာ အရသာတွေပေါ်လို့ သိမ်မွေ့ပြီး ကောင်းနေတယ်။ အဲဒီလို ဖြစ်နေတာကိုလည်း သဘောကျနေပြန်တယ်။ သူလည်း **နိကန္တိရာဂ**ပဲ။ အဲဒီ သဘောကျနေတာကလေးကို ရှုမှတ်ပြီးတက်သွားမှ ကောင်းသည်ထက်ကောင်းပြီးတော့ အသိအမှတ်တွေဟာ အထူးလျင်လျင်မြန်မြန် သွက်သွက်လက်လက် ဖြစ်လာတယ်၊ ပြေးလာသလိုပဲ။ မှတ်စိတ်ကလေးတွေဟာ မှတ်ရင်းပျောက်ရင်း၊ မှတ်ရင်း, ပျောက်ရင်းနဲ့ ကုန်ကုန်သွားတယ်။ အဲဒီလို ကုန်ကုန်သွားရင်းနဲ့ နောက်ဆုံးကျတော့ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေ အကုန်လုံး ဆိတ်သုဉ်းနေတဲ့ **နိဗ္ဗာန်တရား**ကို ဖြတ်ခနဲ ရောက်သွားတယ်။ အဲဒီလို ရောက်တော့ **အရိယမဂ်ဉာဏ် ဖိုလ်ဉာဏ်**နဲ့ **နိဗ္ဗာန်**ကို မြင်သွားတယ်။ အဲဒီလို မြင်သွားတာဟာ **သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်**ပါပဲ။ အဲဒါ **နိကန္တိရာဂ**ကို ပယ်ပြီးတော့ **မဂ်ဖိုလ်**ကို ရောက်သွားပုံပါပဲ။

http://www.dhammadownload.com



အဲဒီလို ရောက်ပြီးတဲ့ **သောတာပန်**က ထပ်ပြီးအားထုတ်ပြန်လို့ရှိရင် **သင်္ခါရုပေက္ခာဉာဏ်**ရောက်ပြီး **နန္ဒီရာဂ**ဖြစ်ပေါ်လာတတ်တယ်။ အဲဒီ**နန္ဒီရာဂ**နဲ့ တရားအရသာတွေပေါ်လို့ သဘောကျနေတာကို ရှုမှတ်ပြီး ပယ်သွားပြန်တော့ **သကဒါဂါမိမဂ်ဖိုလ်** ရောက်သွားတယ်။ **သကဒါဂါမိပုဂ္ဂိုလ်**ကလည်း တစ်ခါရှုမှတ်ပြန်တော့ အဲဒီလိုပဲ အစဉ်အတိုင်းတက်ပြီး **သင်္ခါရုပေက္ခာဉာဏ်**ကျတော့ တရားအရသာတွေပေါ်ပြီး ကောင်းနေပြန်တယ်။ အဲဒီဟာတွေ သာယာနေရင် ဉာဏ်မတက်ဘူး။ အဲဒီ သာယာနေတဲ့ **နန္ဒီရာဂ** အသားကလေးကို ရှုမှတ်ပြီး ပယ်သွားတော့ **အနာဂါမိမဂ်ဖိုလ်**ရောက်ပြီး အနာဂါမိ် ဖြစ်သွားတယ်။

**အနာဂါမိပုဂ္ဂိုလ်**ကလည်း တရားအားထုတ်ပြန်ရင် ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်းတက်ပြီး **သင်္ခါရုပေက္ခာဉာဏ်** ရောက်တော့ တရားအရသာတွေက သိပ်ကောင်းနေတတ်တယ်။ အဲဒီ ကောင်းတဲ့ **သင်္ခါရုပေက္ခာ**ကို သာယာနေရင် အဲဒါဟာ **ဓမ္မရာဂ ဓမ္မနန္ဒီ**တဲ့။ အဲဒီ **ဓမ္မရာဂ ဓမ္မနန္ဒီ** ဆိုတဲ့ အသားကလေးကို ရှုမှတ်ပြီး မပယ်နိုင်ရင် ရှေ့မတက်ဘူး။ ဒါကြောင့် **အရဟတ္တမဂ်ဖိုလ်** မရောက်တာနဲ့ အဲဒီပုဂ္ဂိုလ်ဟာ စုတေတဲ့ အခါမှာ **သုဒ္ဓါဝါသဘုံ** ရောက်ရတယ်။ အဲဒါကို ရည်ပြီးတော့ "**တေနေဝ ဓမ္မရာဂေန တာယ ဓမ္မနန္ဒိယာ ဩပပါတိကော ဟောတိ တတ္ထ ပရိနိဗ္ဗာယီ**"လို့ ဟောထားပါတယ်။

**တေနေဝ ဓမ္မရာဂေန**– ထိုသင်္ခါရုပေက္ခာ ဝိပဿနာ၌ တပ်စွဲသော ရာဂကြောင့်ပင်လျှင်။ **တာယ ဓမ္မနန္ဒိယာ**– ထိုသင်္ခါရုပေက္ခာ၌ နှစ်သက်ပျော်မွေ့သော တဏှာကြောင့်ပင်လျှင်။ **ဩပပါတိကော**– သုဒ္ဓါဝါသဘုံ၌ ဥပပတ်ဖြစ်ရသည်။ **တတ္ထပရိနိဗ္ဗာယီ**–

http://www.dhammadownload.com



ထိုသုဒ္ဓါဝါသဘုံ၌ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်စံရသည်။ **ဟောတိ–** ဖြစ်၏– တဲ့။ အဲဒါဟာ ဒီ**နန္ဒီရာဂ**ခေါ်တဲ့ သားတစ်ကလေးကြောင့် မျက်မှောက်ဘဝမှာ ရဟန္တာမဖြစ်ရဘဲ နှောင့်နှေးသွားပုံကိုပြတဲ့ ဒေသနာတော်ပါပဲ။ ဒါကြောင့် သားတစ်ခေါ်တဲ့ ဒီ**နန္ဒီရာဂ**ကို ပယ်ဖို့ရာလိုပါတယ်။ ဒါကြောင့် "**ပဇဟ မံသပေသိံ–** သားတစ်ကို ပယ်လိုက်ဟူသည်မှာ။ **ပဇဟ နန္ဒီရာဂံ–** နန္ဒီရာဂကို ပယ်လိုက်"လို့ ဆိုလိုတဲ့အကြောင်း မြတ်စွာဘုရားက ဖြေရှင်းထားတယ်။ အဲဒါကို အဋ္ဌကထာက **နန္ဒီရာဂကိုပယ်လိုက်** ဆိုတဲ့စကားဖြင့် **နန္ဒီရာဂကို** အရဟတ္တမဂ်နဲ့ အကြွင်းမဲ့ပယ်ခြင်းကို ဆိုတယ်လို့ ဖွင့်ပြထားပါတယ်။ ဒါကြောင့်–

"**သားတစ်ဆိုတာ ဘယ်ဟာလဲ၊ နှစ်သက်တပ်စွဲ ရာဂ ပဲ**"လို့ ဆောင်ပုဒ်က ဆိုထားပါတယ်။

## နဂါး ရဟန္တာ

အဲဒီ သာယာနှစ်သက်မှုကလေး ပယ်ပြီးတော့ တက်သွားတဲ့ ပုဂ္ဂိုလ်ကတော့ တစ်ခါတည်း **အရဟတ္တမဂ် အရဟတ္တဖိုလ်** ရောက်ပြီးတော့ **နန္ဒီရာဂ** လုံးဝကင်းတဲ့ ရဟန္တာဖြစ်သွားတယ်။ အဲဒီလို ရဟန္တာဖြစ်သွားလို့ရှိရင် မိမိကိုယ်တိုင် ကိလေသာကုန်ခန်း ရဟန္တာ ဖြစ်နေတဲ့အတွက် ရဟန္တာနဂါးကို တွေ့သွားတယ်။ ဒါကြောင့် "**တော နာဂေါ–နဂါးဆိုတာ ဘယ်လိုဟာပါလဲ**" ဆိုတဲ့ အမေးကို မြတ်စွာဘုရားက "**နာဂေါတိ ခေါ ဘိက္ခု ခီဏာသဝဿေတံ အဓိဝစနံ**"လို့ ဖြေတော်မူပါတယ်။

**ဘိက္ခု–** ကဿပရဟန်း။ **နာဂေါတိဧတံ–** နဂါးဟူသော ဤ အမည်သည်။ **ခီဏာသဝဿ ဘိက္ခုနော–** ရဟန္တာပုဂ္ဂိုလ်၏။

http://www.dhammadownload.com



**အမိဝစနံ**— အမည်ပေတည်း။ နဂါးကို တွေ့တယ်ဆိုတာ တခြား မဟုတ်ဘူး၊ ကိုယ်တိုင် ရဟန္တာ ဖြစ်သွားတာ—တဲ့။ အာသဝေါကုန် ခန်း ရဟန္တာဖြစ်သွားတဲ့အခါမှာ မိမိက သာဝက ရဟန္တာဖြစ်တဲ့ အတွက် သာဝက နဂါးကိုလည်းတွေ့တယ်။ မြတ်စွာဘုရားကိုလည်း အာသဝေါကင်းကွာ ရဟန္တာစင်စစ်ပဲလို့ သိတဲ့အတွက် **ဗုဒ္ဓနဂါးကြီး** ကိုလည်း တွေ့သည် မည်တယ်တဲ့။ ကိုယ်တိုင်က တရားတွေ့တော့ ဘုရားကို တွေ့တာပေါ့။ ကိုယ့်မှာ ကိလေသာတွေ ကင်းတော့ မြတ်စွာဘုရားလည်း ကိလေသာ တွေကင်းလို့ ဒီတရားတွေ ဟောခဲ့ တာပဲလို့ ဆင်ခြင်ပြီးတော့ ကောင်းကောင်းကြီး သဘောကျသွား တာပေါ့။ အဲဒါ မြတ်စွာဘုရားတည်းဟူသော **ဗုဒ္ဓနဂါးကို** တွေ့တာတဲ့။ ဒါကြောင့် နဂါးဆိုတာ ဘယ်ဟာလဲ၊အာသဝေါ ကင်းကွာ ရဟန္တာပဲလို့ ဆောင်ပုဒ်က ဆိုထားပါတယ်၊ တရားက ဆုံးသွားပြီ ဒကာလူရ။ ကဲ—နောက်ဆုံး အဖြေကို ဆိုကြရမယ်။

**နိဝရဏ—တူလှ့ရေစစ်၊ သိပ်ညစ်— ခန္ဓာ၊ တာမာ စဉ်းတီ၊ နန္ဒီ—အသား၊ နတ်နဂါး—မှတ်သား ရဟန္တာတည်း။**

## နဂါးကိုရှိခိုးပါ

အဲဒီလို နဂါးတွေ့တဲ့အခါ ဘာလုပ်ရမလဲဆိုတော့ "**တိဋ္ဌတု နာဂေါ၊ မာ နာဂံ ဃဋ္ဋေသိ၊ နမော ကရောဟိ နာဂဿ**"လို့ ဗြာဟ္မဏဆရာကြီးက ပြောပါတယ်တဲ့။

**နာဂေါ**— နဂါးသည်။ **တိဋ္ဌတု**— တည်ပါစေ နေပါစေ။ **နာဂံ**— နဂါးကို။ **မာဃဋ္ဋေသိ**— မပုတ်ခတ်သင့်။ **နာဂဿ**— နဂါး အား။ **နမော**— ရှိခိုးခြင်းပူဇော်ခြင်းကို။ **ကရောဟိ**— ပြုပါလေ လော့တဲ့။ ဗြာဟ္မဏ ဆရာကြီးက ပြောပုံ။ အဲဒါဟာ တခြားကို ပြောတာမဟုတ်ဘူး၊ ရဟန္တာ ဖြစ်ပြီဆိုရင် ဘာမျှ လုပ်စရာ,

http://www.dhammadownload.com



ပယ်စရာ, မလိုတော့ဘူးလို့ ပြောတာပါပဲ။ ရှေ့ပိုင်းတုန်းကတော့ မပြည့်စုံသေးလို့ တွေ့တိုင်း တွေ့တိုင်းကို ပယ်လာရတယ်။ ဆပ်ပြာရေစစ်နဲ့တူတဲ့ နီဝရဏကိုတွေ့ရင် အဲဒါကို ပယ်လိုက်တဲ့။ လိပ်နဲ့တူတဲ့ ခန္ဓာငါးပါးကိုလည်း ရှုမှတ်ပြီးတော့ ပယ်လိုက်တဲ့။ အဲဒီလိပ်ကို ပယ်ပြီး ရှုမြဲ ရှုနေရင်း ကာမဂုဏ်အာရုံတွေဆီ စိတ်ကရောက်သွားလို့ ရှိရင် အဲဒါတွေကိုလည်း ဓားနဲ့ စဉ်တီတုံးလိုပဲ အပြစ်မြင်အောင် ရှုပြီး ပယ်လိုက်တဲ့။

အဲဒီကနောက် ဝိပဿနာဉာဏ် အထူးကောင်းလာတော့ အဲဒီဝိပဿနာဉာဏ်ကလေးကိုပဲ အရသာတွေ့ပြီး သာယာနှစ်သက်သဘောကျနေပြန်ရင် အဲဒါက သားတစ်ပဲ၊ အဲဒီသားတစ်ကလေးကိုလည်း ရှုမှတ်ပြီးပယ်လိုက်ပါတဲ့။ ဒီသားတစ်ထိ အောင်ပယ်ဖို့ ပြောလာခဲ့ပါတယ်။ အဲဒီသားတစ်ကို ပယ်ပြီးတဲ့နောက် နဂါးကို တွေ့တဲ့ အခါကျတော့ နဂါးဆိုတာ ရဟန္တာဖြစ်နေတဲ့အတွက် ပယ်သင့်တဲ့အရာ မဟုတ်တော့ဘူး။ ပူဇော်သင့်တဲ့ အရာသာ ဖြစ်နေတယ်။ ဒါကြောင့် "**နာဂေါ**– နဂါးသည်။ **တိဋ္ဌတု**– တည်ပေစေတော့။ **မာ နာဂံ ဃဋ္ဋေသိ**– နဂါးကို မပုတ်ခတ်လေလင့်"တဲ့။ ဒါကတော့ တင်စားပြောတာပါ။ နတ်နဂါးတွေ့လို့ရှိယင် ခဲနဲ့ပေါက်လိုက်, တုတ်နဲ့ထိုးလိုက်၊ ဒီလိုလုပ်မှာစိုးလို့ ပြောတဲ့သဘောပါပဲ။ ယခုဒီမှာတော့ "ရဟန္တာ ဖြစ်နေရင် ဘာမျှလုပ်စရာ မလိုတော့ဘူး၊ ကိစ္စပြီးပြီ"လို့ ဒါလောက်ပဲ ဆိုလိုပါတယ်။ ဒါဖြင့် ဘာလုပ်ရဦးမလဲ ဆိုတော့ **နာဂဿ**– နဂါးအား။ **နမော**– ရှိခိုးပူဇော်ခြင်းကို။ **တရောဟိ**– ပြုပါလေတဲ့။

http://www.dhammadownload.com



# နဂါးကိုရှိခိုးပူဇော်ပုံ

နဂါးကို ရှိခိုး ပူဇော်ရမယ်ဆိုတာကတော့ မိမိကိုယ်တိုင် ရဟန္တာ ဖြစ်သွားတော့ **ဗုဒ္ဓနဂါး**ဆိုတဲ့ ဘုရားရဟန္တာကို ကောင်းကောင်းကြီးတွေ့ပြီ။ အဲဒီ **သမ္မာသမ္ဗုဒ္ဓ**—ဘုရားတည်းဟူသော နဂါးရဟန္တာကို ပူဇော်လေလို့ တိုက်တွန်းပါတယ်။ ဒါကတော့ အထူးမတိုက်တွန်းရပါဘူး၊ ရဟန္တာဖြစ်သွားရင် မြတ်စွာဘုရားကို သူ့အလိုလို ပူဇော်တော့တာပါပဲ။ တရားအားထုတ်ဆဲ ပုဂ္ဂိုလ်တောင် တရားအရသာတွေ တွေ့သွားလို့ရှိရင် အဲဒီတရားကို ဟောကြားခဲ့တဲ့ မြတ်စွာဘုရားကို ကြည်ညိုလို့မဆုံးအောင် ဖြစ်တတ်ပါသေးတယ်။ အဲဒီလို သူ့အလိုလိုဖြစ်တာမျိုးကို ပြောတာပါပဲ။ ဘယ်လို ပူဇော်ရမလဲဆိုရင် ပူဇော်ပုံကို **မူလပဏ္ဏာသပါဠိတော်၊ စူဠသစ္စကသုတ်**မှာ ဟောထားပါတယ်။

**ဗုဒ္ဓေါ သော ဘဂဝါ ဗောဓာယ ဓမ္မံ ဒေသေတိ**။

(ရဟန္တာပုဂ္ဂိုလ်တွေက မြတ်စွာဘုရားကို ကျေးဇူးတင်ပြီး ပူဇော်ပုံတဲ့၊ အင်မတန်ကောင်းပါတယ်။) **သောဘဂဝါ**— ကျွန်ုပ်တို့ အများ၏ အားထားကိုးကွယ်ရာအစစ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်။ **ဗုဒ္ဓေါ**— သစ္စာလေးပါး အမှန်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီးသည်ဖြစ်၍။ **ဗောဓာယ**— သတ္တဝါအများ ကျွန်ုပ်တို့အားလည်း အလားတူပင် သိမြင်ကြပါစေခြင်းအကျိုးငှာ။ **ဓမ္မံ**— သစ္စာလေးတန် တရားမှန်ကို။ **ဒေသေတိ**— ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။

အဲဒါက မြတ်စွာဘုရားကို ကျေးဇူးတင်ပြီး ပူဇော်နေပုံပဲ။ မြတ်စွာဘုရားဟာ ကိုယ်တော်တိုင် သစ္စာလေးပါး အမှန်တရားတွေကို သိတော်မူတယ်။ ဒီလို ကိုယ်တော်တိုင် သိတော်မူတဲ့အတွက်

http://www.dhammadownload.com



ငါတို့ ဝေနေယျသတ္တဝါအများကိုလည်း အလားတူပင် သိကြပါစေလို့ ရည်ရွယ်ပြီးတော့ ကရုဏာတော်နဲ့ သနားပြီးတော့ သဗ္ဗညုတဉာဏ်တော် တည်းဟူသော ဒေသနာဉာဏ်တော်နဲ့ သစ္စာလေးပါးတရားတွေကို အမျိုးမျိုးသော ဥပမာ ဥပမေယျ အကြောင်းယုတ္တိ စသည်တွေနဲ့ ဝေဝေဆာဆာ တန်းဆာဆင်ပြီး ဟောကြားတော်မူခဲ့တယ်။ တိုတိုကလေး ဟောမယ်ဆိုရင် မြတ်စွာဘုရားဟောတဲ့ တရားဟာ ကျဉ်းကျဉ်းလေးပါပဲ၊ ဘာမျှမများဘူး။ ဒွါရခြောက်ပါး, အာရုံခြောက်ပါး, ဝိညာဉ်ခြောက်ပါး, ဖဿခြောက်ပါး, ဝေဒနာခြောက်ပါး, ဒီတရားတွေကို ဖြစ်တိုင်း ဖြစ်တိုင်းရှုတဲ့၊ ဒါပါပဲဒကာလူရ။ ဘာမျှမများဘူး၊ ပိဋကတ်သုံးပုံကို အတိုချုံးလိုက်ရင် ဒါပဲရှိပါတယ်။ ဒွါရခြောက်ပါးရှု၊ အာရုံခြောက်ပါးရှု၊ ဝိညာဉ်ခြောက်ပါးရှု၊ ဖဿခြောက်ပါးရှု၊ ဝေဒနာ ခြောက်ပါးရှု၊ ဒါပဲ ရှိပါတယ်။ တစ်ဒွါရ တစ်ဒွါရမှာ ငါးခု ငါးခုစီရှိပါတယ်။ ငါးခုခြောက်လီဆိုတော့ သုံးဆယ်ရှိပါတယ်။ အဲဒီသုံးဆယ်သော တရားတွေကို အမှန်အတိုင်း သိအောင် ရှုလို့ရှိရင် အရဟတ္တဖိုလ်ရောက် နိဗ္ဗာန်ပေါက်ပြီး ဆုံးတော့တာပဲ။ ဒါကြောင့် တိုတိုဟောမယ်ဆိုရင် ဒါလောက်နဲ့ ပြီးပါတယ်။ ဒီလို တိုတိုကလေးဟောရင် တချို့ တချို့ ပုဂ္ဂိုလ်တွေက နားလည်မှာ မဟုတ်ဘူး၊ ဒါကြောင့် အမျိုးမျိုး တန်ဆာတွေဆင်ပြီး ဟောတော်မူရတယ်။ ပိဋကသုံးပုံဆိုတာ နည်းတာတွေ မဟုတ်ဘူး၊ ဟောထားလိုက်ရတာတွေ။ ဒီလိုအပင်ပန်းခံပြီး ဟောတာဟာ သတ္တဝါတွေကို သနားတော်မူတဲ့ ကရုဏာတော်ကြောင့်ပဲ ဒကာလူရ။ သတ္တဝါတွေကို သနားလွန်းလို့ အပင်ပန်းခံပြီး ဟောတော်မူခဲ့ပါတယ်။ ဒါကြောင့် **သောဘဂဝါ**— ကျွန်ုပ်တို့ အများ၏ အားထားကိုးကွယ်ရာအစစ် ဖြစ်တော်မူသော ထို မြတ်စွာဘုရားသည်။

http://www.dhammadownload.com



**ဗုဒ္ဓေါ**— သစ္စာလေးပါး အမှန်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီးသည် ဖြစ်၍။ **ဗောဓာယ**— သတ္တဝါအများ ကျွန်ုပ်တို့အားလည်း အလားတူပင် သိမြင်ကြပါစေခြင်း အကျိုးငှာ။ **ဓမ္မံ**— သစ္စာလေးတန် တရားမှန်ကို။ **ဒေသေတိ**— ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။

ဒါဟာ ရဟန္တာတွေက ဘုရားကို ပူဇော်ပုံတဲ့ ဒကာလူရ။ ဒကာလူတို့အထဲက တချို့ပုဂ္ဂိုလ်တွေလည်း ကိုယ်သိသင့်သလောက် သိထားတဲ့ တရားကလေးတွေ ရှိမှာပေါ့။ အဲဒီ သိသမျှ တရားကလေးတွေကို အကြောင်းပြုပြီးတော့ ငါတို့ ဒီတရားတွေကို သိရတာဟာ မြတ်စွာဘုရားက ကိုယ်တော်တိုင် သိပြီးတော့ ဒီတရားတွေကို ဟောခဲ့လို့၊ အဲဒီဟောခဲ့တဲ့ တရားတွေ ကျင့်ကြံအားထုတ်လို့ ဒီလိုသိရပေတယ်လို့ ဒီလို နှလုံးသွင်းပြီး မြတ်စွာဘုရားကို ပူဇော်ကြဦးစို့ရဲ့။

မြတ်စွာဘုရားဟာ ဘုရားဖြစ်ပြီးတော့ တရားမဟောဘဲနေရင် မချမ်းသာပေဘူးလား။ ဈာနသမာပတ်, ဖလသမာပတ်တွေ ဝင်စားပြီးတော့ အင်မတန်ချမ်းသာနေမှာပဲ။ ဒါပေမယ့် ဒီဈာန်ချမ်းသာ, ဖိုလ်ချမ်းသာတွေကို မခံစားဘဲနဲ့ နေ့ရောညပါ မပြတ်မစဲ လေးဆယ့်ငါးဝါပတ်လုံး တရားဒေသနာတော်တွေကို အများကြီး ဟောသွားတော်မူတယ်။ ဒီလို ဟောတော်မူတာဟာ သတ္တဝါတွေ သနားလို့မဟုတ်လား။ သနားတဲ့ ကရုဏာနဲ့ ဒေသနာဉာဏ်ရှေ့သွားပြီး ဟောထားတာတွေတဲ့။ ဒါကြောင့်မို့ **ဒေသေတိ**— ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေတယ်လို့ မြတ်စွာဘုရားကို အာရုံပြုပြီးတော့ ကြည်ညိုပုံကလေးကို ပြထားတယ်။ ကဲ —ဒကာလူတို့ သိသမျှ အကျင့်ပဋိပတ်ကလေးနဲ့ မြတ်စွာဘုရားကို ပူဇော်ကြဦးစို့။ အားလုံးလိုက်ဆိုကြရမယ်။

http://www.dhammadownload.com



**ဗုဒ္ဓေါ သော ဘဂဝါ ဗောဓာယ ဓမ္မံ ဒေသေတိ၊**

**သော ဘဂဝါ၊ ကျွန်ုပ်တို့အများ၏ အားထားကိုးကွယ်ရာအစစ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်၊ ဗုဒ္ဓေါ- သစ္စာလေးပါး အမှန်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီးသည်ဖြစ်၍၊ ဗောဓာယ-သတ္တဝါအများ ကျွန်ုပ်တို့အားလည်း အလားတူပင် သိမြင်ကြပါစေခြင်း အကျိုးငှာ၊ ဓမ္မံ-သစ္စာလေးတန်တရားမှန်ကို၊ ဒေသေတိ-ဉာဏရှေ့သွားပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏၊**

အဲဒီလို အပိုဒ်ကလေးတွေက ငါးပိုဒ်ရှိတယ် ဒကာလူရဲ့ ပူဇော်ပုံကလေးတွေပါပဲ။ (၁) မြတ်စွာဘုရားက ကိုယ်တော်တိုင် သိပြီးတော့ သိအောင်လို့ ဟောခဲ့တယ်၊ (၂) မြတ်စွာဘုရားက ကိုယ်တော်တိုင် ကိလေသာ အဆိပ်အတောက်တွေ ကင်းဝေးလို့ မိမိကိုယ်တိုင် ယဉ်ကျေးတော်မူပြီးတော့ သတ္တဝါတွေကိုလည်း ယဉ်ကျေးအောင် ဟောခဲ့တယ်၊ (၃) မြတ်စွာဘုရားက ကိုယ်တော်တိုင် ငြိမ်သက်သိမ်မွေ့တော်မူပြီးတော့ သတ္တဝါတွေလည်း အလားတူ ငြိမ်သက်သိမ်မွေ့ဖို့ရာ တရားတွေ ဟောကြားခဲ့တယ်၊ (၄) မြတ်စွာဘုရားက ကိုယ်တော်တိုင် သံသရာရေအယဉ် ဝဲသြဃတွေမှ ကူးမြောက်တော်မူပြီးတော့ သတ္တဝါတွေလည်း သံသရာရေအယဉ်ကြော မျောနေရာမှ ကူးမြောက်သွားဖို့ရာ, နိဗ္ဗာန်သောင်ကမ်းသို့ ရောက်ဖို့ရာ ဟောကြားတော်မူခဲ့တယ်၊ (၅) မြတ်စွာဘုရားက ကိုယ်တော်တိုင် ကိလေသာမီးတွေ အလုံးစုံ ငြိမ်းအေးတော်မူပြီးသည်ဖြစ်၍ သတ္တဝါတွေလည်း ကိလေသာအပူမီးတွေ ငြိမ်းကြပါစေလို့ ရည်ရွယ်ပြီးတော့ တရားတွေ ဟောကြားတော်မူခဲ့ပါတယ်။ အဲဒီလို အာရုံပြုပြီးတော့ ပူဇော်ပုံတွေကို ဘုန်းကြီးက ပါဠိအနက်

http://www.dhammadownload.com



ကလေးတွေနဲ့ ရွတ်သွားမယ်။ အဲဒါ ကလေးတွေကို သာဓုခေါ်ပြီးတော့ တရားသိမ်းတော့မယ်နော်။ တော်တော်လည်း စုံသွားပါပြီ၊ တစ်ပုဒ်တစ်ပုဒ်အဆုံးမှာ သာဓု သုံးကြိမ်စီ ခေါ်ကြရမယ်။

**(၁) ဗုဒ္ဓေါ သော ဘဂဝါ ဗောဓာယ ဓမ္မံ ဒေသေတိ။**

သော ဘဂဝါ— ကျွန်ုပ်တို့ အများ၏ အားထား ကိုးကွယ်ရာ အစစ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်။ ဗုဒ္ဓေါ— သစ္စာလေးပါး အမှန်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီးသည်ဖြစ်၍။ ဗောဓာယ— သတ္တဝါအများ ကျွန်ုပ်တို့အားလည်း အလားတူပင် သိမြင်ကြပါစေခြင်း အကျိုးငှာ။ ဓမ္မံ— သစ္စာလေးတန် တရားမှန်ကို။ ဒေသေတိ— ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။

. . . သာဓု—သာဓု—သာဓု. . .။

**(၂) ဒန္တော သော ဘဂဝါ ဒမထာယ ဓမ္မံ ဒေသေတိ။**

သော ဘဂဝါ— ကျွန်ုပ်တို့ အများ၏ အားထားကိုးကွယ်ရာ အစစ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်။ ဒန္တော— မြင်ကြား တွေ့ရာ ကြံသိရာမှ ကိလေသာ အညစ်အကြေး ကင်းစင်ဝေးလျက် ယဉ်ကျေးတော်မူပြီးသည် ဖြစ်၍။ ဒမထာယ— သတ္တဝါအများ ကျွန်ုပ်တို့အားလည်း အလားတူစွာ ကိလေသာအညစ်အကြေး ကင်းစင်ဝေးလျက် ယဉ်ကျေးကြပါစေခြင်း အကျိုးငှာ။ ဓမ္မံ— ယဉ်ကျေးစေရန် တရားမှန်ကို။ ဒေသေတိ— ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။

. . . သာဓု—သာဓု—သာဓု. . .။

http://www.dhammadownload.com



မြတ်စွာဘုရား ဟောတဲ့တရားတွေကို လိုက်နာပြီးတော့ ကျင့်တဲ့သူတွေမှာ နည်းနည်းကျင့်ရင် နည်းနည်းယဉ်ကျေးတယ်၊ များများကျင့်ရင် များများယဉ်ကျေးတယ်၊ အပြည့်အစုံကျင့်ရင် အပြည့်အစုံ ယဉ်ကျေးတယ်။ ဘုရားဟောတဲ့ တရားတွေကို မကြားရ မနာရ, မကျင့်ရတဲ့ ပုဂ္ဂိုလ်တွေဟာ ဗုဒ္ဓယဉ်ကျေးမှုအရအားဖြင့် ဆိုရင် ရိုင်းစိုင်းနေတယ် ဒကာလူရဲ့။ ဘုရားဟောတဲ့ တရားတွေကို လိုက်နာပြီးကျင့်တဲ့ ပုဂ္ဂိုလ်တွေဟာ ယဉ်ကျေးတယ်။ ကာယကံ ကိုယ်အမူတွေ ယဉ်ကျေးတယ်၊ ဝစီကံ နှုတ်အမူတွေယဉ်ကျေးတယ်။ ကာယကံမြောက် ကိုယ်နဲ့ သူတစ်ပါးကို သတ်ဖြတ်ခြင်း, နှိပ်စက် ညှဉ်းဆဲခြင်းမရှိဘူး။ ဝစီကံမြောက် နှုတ်နဲ့ သူတစ်ပါးကို ဒုက္ခ ရောက်အောင်လို့ ပြောဆိုခြင်းမရှိဘူး။ အဲဒါဟာ ယဉ်ကျေးတာပေါ့။ ဒါက သီလနယ်က ယဉ်ကျေးနေတာတဲ့။သမာဓိနယ်က တကယ် ကျင့်ရင် သူတစ်ပါးအား အကျိုးမဲ့ ဖြစ်စေမည့် မတော်မသင့်တဲ့ အကြံမျိုးတောင် မကြံတော့ဘူး။ ဒါက သမာဓိနယ်က ယဉ်ကျေးနေ တာတဲ့။ ပညာနယ်က တကယ်ကျင့်ရင်တော့ ကိလေသာဖြစ် ကြောင်းဖြစ်တဲ့ မျိုးစေ့တွေတောင် မရှိတော့ဘူး ဒကာလူရဲ့။ ဒါကြောင့် လောဘ, ဒေါသ, အစရှိတဲ့ ကိလေသာစိတ်ဟာ လုံးလုံးကို မဖြစ်တော့ဘူး။ ဒါက ပညာနယ်က ယဉ်ကျေးနေတာတဲ့။ အဲဒီတော့ သီလနယ်ဖြင့်လည်း ယဉ်ကျေးတယ်၊ သမာဓိနယ်ဖြင့်လည်း ယဉ် ကျေးတယ်၊ ပညာနယ်ဖြင့်လည်း ယဉ်ကျေးတယ်။ မြတ်စွာဘုရား၏ အဆုံးအမတရားတွေကို ကျင့်နိုင်သလောက် ယဉ်ကျေးမှုတွေကို ရတယ်။

ရှေးတုန်းက ဘုရားမပွင့်မီက လူတွေဟာ ဗုဒ္ဓယဉ်ကျေးမှု အရအားဖြင့်ဆိုရင် အများအားဖြင့် အရိုင်းတွေလို့ ဆိုရမှာပဲ။

http://www.dhammadownload.com



ဘုရားပွင့်ပြန်တော့လည်း ဘုရားသာသနာ မပျံ့နှံ့တဲ့ အရပ်ဒေသတွေမှာ အများအားဖြင့် အရိုင်းတွေလို့ ဆိုရလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီလူတွေမှာ ကိလေသာတွေ ဖြစ်ချင်တိုင်းဖြစ်နေတယ်။ ဒါကို ရိုင်းတယ်လို့ ခေါ်ရလိမ့်မယ်။ မြန်မာပြည်မှာ ဆိုလို့ရှိရင် ဗုဒ္ဓသာသနာတော်ဟာ ဘယ်လောက်က ရောက်လာသလဲဆိုတော့ စာပေကျမ်းဂန်အရနဲ့ ပြောရမယ်ဆိုရင် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးတဲ့နောက် နှစ်ပေါင်း ၂၃၆–နှစ်မှာ သီရိဓမ္မာသောကမင်းကြီးလက်ထက်က ကိုးတိုင်းကိုးဌာနကို သာသနာပြု စေလွှတ်ရာမှာ သုဝဏ္ဏဘူမိလို့ခေါ်တဲ့ ဌာနတစ်ခုလည်းပါတယ်။ အဲဒါဟာ မြန်မာပြည်က သထုံမြို့ပဲလို့ အများက ဆိုကြပါတယ်။ တချို့ပညာရှိတွေကတော့ အဲဒီသုဝဏ္ဏဘူမိ ဆိုတာ စုမာတြကျွန်းပဲလို့ဆိုကြပါတယ်။ သထုံမှာ ဗုဒ္ဓသာသနာ ထွန်းကားခဲ့တာကတော့ အလွန်ပဲထင်ရှားပါတယ်။ ဒါကြောင့် သုဝဏ္ဏဘူမိဟာ စုမာတြကျွန်းဟုတ်ရင်လည်း အဲဒီကတစ်ဆင့် သာသနာပြန့်လာတယ်လို့ ယူရမှာပဲ။ ဒါပေမယ့် မြန်မာပြည် သထုံမြို့မှာ ဗုဒ္ဓသာသနာဟာလည်း အဲဒီတုန်းကပဲ ရောက်လာတယ် ဆိုတာကတော့ သေချာပါတယ်။ အဲဒီတုန်းက အရှင်သောဏနဲ့ အရှင်ဥတ္တရတို့ လာရောက်ပြီးတော့ သာသနာပြုခဲ့ပါတယ်။ အဲဒီအခါကစပြီး မြန်မာပြည်မှာ ဗုဒ္ဓယဉ်ကျေးမှုတွေကို ရလာတယ်လို့ ဆိုရမှာပေါ့ ဒကာလူရ။

အဲဒီကာလ မတိုင်မီကဆိုရင်တော့ မြန်မာပြည်ကလူတွေဟာ ဗုဒ္ဓဘာသာဝင်တွေ မဟုတ်သေးဘူး၊ အရိုင်းတွေလို့ ဆိုရလိမ့်မယ်။ ကာယကံ, ဝစီကံမှုတွေကို သူတို့ စောင့်စည်းပုံမလား၊ ဘာမျှစောင့်စည်းမှုမဟုတ်ဘူး။ သူတို့လိုချင်ရာတွေ လုပ်နေကြမှာပဲ။ ဒါကြောင့် အဲဒီတုန်းက လူရိုင်းတွေ ဖြစ်နေကြမှာပေါ့။ အဲဒီသာသနာ

http://www.dhammadownload.com



နှစ် ၂၃၆-နှစ်က နောက်ပိုင်းမှ ဗုဒ္ဓယဉ်ကျေးမှုနဲ့ လူယဉ်ကျေးတွေ ဖြစ်လာကြတယ်လို့ ဆိုရမှာပေါ့။ အဲဒါက မြန်မာပြည် အောက်ပိုင်းပဲ ရှိသေးတယ်။ မြန်မာပြည်အထက်ပိုင်းအလိုကတော့ မြန်မာရာဇဝင် အရ ပြောရမယ်ဆိုရင် အနော်ရထာမင်းလက်ထက် လွန်ခဲ့တဲ့နှစ် ပေါင်း ကိုးရာ့လေးငါးဆယ်လောက်က အရှင်အရဟံကို ပင့်ပြီးတော့ သာသနာပြုလို့ အဲဒီကနေပြီး ဗုဒ္ဓဓမ္မတွေကို ကျင့်သုံးလာကြတယ်။ အဲဒီကစပြီး ဗုဒ္ဓယဉ်ကျေးမှုတွေ ရလာတယ်လို့ ဆိုရမှာပေါ့။ အဲဒီ အယင်ကဆိုရင်တော့ ဗုဒ္ဓယဉ်ကျေးမှုတွေ မရှိသေးဘူးလို့ ဆိုရ လိမ့်မယ်×။

အဲဒီကာလကစပြီးတော့ မြတ်စွာဘုရား၏ သာသနာ တော်ကို ဘိုးစဉ်ဘောင်ဆက်က လက်ခံပြီး ရလာခဲ့တဲ့ ဗုဒ္ဓယဉ်ကျေး

---

×-မှတ်ချက်။ ။တရုတ်ရာဇဝင် အရအားဖြင့် ဆိုလျှင် ထိုထက်ရှေးကျသော ပြူခေတ်ကပင် ဘုန်းကြီး ကျောင်းတွေ ၁၀၀-ခန့် ရှိနေသည်ဟု သိရ၏။ သို့သော် ထိုခေတ်က ရဟန်းများသည် ဘယ် အခါက ပျူနိုင်ငံသို့ ရောက်လာသည်ဟူ၍ လည်း မထင်ရှား၊ အဘယ်သို့သော ပိဋကတ် နှင့် ပဋိပတ်တို့ကို လေ့လာကျင့်သုံးသည်ဟူ၍ လည်း မထင်ရှား၊ ထို့ကြောင့် ထင်ရှားသော မြန်မာရာဇဝင်အရအားဖြင့် အထက်ပါ အတိုင်း ဆိုထားခြင်းဖြစ်သည်။

http://www.dhammadownload.com



မှုတွေ ကွယ်ပမသွားဖို့ရာ အရေးမကြီးဘူးလား ဒကာလူရ။ ဗုဒ္ဓမွေ တွေ မကျင့်လို့ရှိရင် ဒီယဉ်ကျေးမှုတွေက ကွယ်သွားလိမ့်မယ်။ အဲဒီ ဗုဒ္ဓသာသနာတော် တည်းဟူသော ယဉ်ကျေးမှုတွေ ကွယ်သွားလို့ ရှိရင် ဘာဖြစ်မလဲဆိုတော့ လူရိုင်းတွေ ပြန်ဖြစ်သွားလိမ့်မယ်လို့ ဆိုရမှာပဲ။ ရှေးတုန်းကလိုပဲ လူရိုင်းတွေ တစ်ခါ ပြန်ဖြစ်နိုင်တာကို သေသေချာချာ စဉ်းစားကြည့်မယ်ဆိုရင် တော်တော်ကို ဝမ်းနည်း ကြေကွဲစရာကောင်းတယ် ဒကာလူရ။ သာသနာတော်ကြီး ကွယ် သွားရင် တို့မြန်မာလူမျိုးတွေဟာ ဘုရားမှန်းလည်း မသိ၊ တရားမှန်း လည်းမသိ၊ လုပ်ချင်တာတွေကိုလုပ်ပြီး အကုသိုလ်တွေ ဖြစ်ချင်တိုင်း ဖြစ်သွားကြမယ်ဆိုတာတွေကို လျှောက်ပြီးတွေးလိုက်ရင် အတော် ကို ရင်လေးစရာကြီးပဲ ဒကာလူရ။ ဘုရားသာသနာတွေ အလွန် ထွန်းလင်းခဲ့တဲ့ အိန္ဒိယနိုင်ငံမှာလိုပဲ— တို့မြန်မာပြည်မှာလည်း ဗုဒ္ဓ ယဉ်ကျေးမှုတွေ ကွယ်ပသွားမယ်ဆိုရင် အလွန်ဝမ်းနည်းစရာ ကောင်းပါတယ်။

လွန်ခဲ့တဲ့ ငါးနှစ်လောက်က အင်ဒိုနီးရှားနိုင်ငံကို သာ သနာရေးကိစ္စနဲ့ ဘုန်းကြီး ရောက်သွားခဲ့တယ်။ ဗုဒ္ဓဘာသာဝင် လူဦးရေက နည်းနည်းပဲ ရှိပါတော့တယ်။ အဲဒီ အင်ဒိုနီးရှားကို ရောက်တုန်းက လှုပ်လှုပ်ရွရွ လူတွေကို ကြည့်ပြီးစဉ်းစားရင်း **"ဗုဒ္ဓေါ လောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ"**ဆိုတဲ့ တရားစာပိုဒ် ကလေးကို သတိရလာတယ်။

မြတ်စွာဘုရားကတော့ အားလုံးသော သတ္တဝါတွေအတွက် ပွင့်တော်မူလာတာပဲ။ နှစ်ပေါင်း ၂၅၀၀-ကျော်တောင်ရှိနေပြီ။ ဒါပေမယ့် ယခု လှုပ်လှုပ်ရွရွနဲ့ သွားလာနေကြတဲ့ လူတွေဟာ ဗုဒ္ဓတရား ပွင့်တော်မူတယ်ဆိုတာကို သိကြပုံမရဘူးလို့ စဉ်းစား

http://www.dhammadownload.com



မိပါတယ်။ နောက်ပြီးတော့ ကိုယ့်မြန်မာပြည်မှာ အများအားဖြင့် တောရွာတွေမှာဆိုရင် ရွာသူရွာသားတွေအကုန်လုံး ဗုဒ္ဓဘာသာဝင်တွေချည်းပဲ။ ဒါပေမယ့် တစ်နေ့တစ်ချိန်ကျရင် အဲဒီမြန်မာရွာတွေဟာလည်း သာသနာ ကွယ်ပသွားနိုင်တယ်ဆိုတာကိုလည်း စဉ်းစားမိပါတယ်။ ဒီတော့ အင်မတန်ဝမ်းနည်းစရာတွေပါလားလို့ ဆင်ခြင်မိတယ် ဒကာလူရေ။

ဒါကြောင့် မြန်မာပြည်မှာတော့ ဗုဒ္ဓယဉ်ကျေးမှုတွေ မကွယ်ပရအောင် ဒကာလူတို့ စောင့်ရှောက်ရလိမ့်မယ်။ ဘယ်လိုစောင့်ရှောက်ရမလဲဆိုယင် ကိုယ်တိုင်လည်း သီလ, သမာဓိ, ပညာ အကျင့် တွေကိုကျင့်ရမယ်။ အထူးအားဖြင့် သဒ္ဓါတရား ခိုင်မြဲတဲ့ သောတာပန်အဖြစ်ကို ရောက်အောင် အားထုတ်ရမယ်။ မိမိတို့ရဲ့ သားသမီး, မြေး, မြစ်များကိုလည်း ဗုဒ္ဓတရားတော်ကိုကျင့်အောင် တိုက်တွန်းရမယ်။ သူတို့ကလည်း ဒကာလူတို့လိုပဲ အဆက်ဆက် အားထုတ်သွားကြရမယ်။ ဒါပါပဲ။ ဒီအတိုင်း ကျင့်သွားရင် မြန်မာပြည်မှာ ဗုဒ္ဓယဉ်ကျေးမှု ကြာရှည်စွာ တည်သွားမယ် ဒကာလူရေ။ မြတ်စွာဘုရားကတော့ ဘုန်းကြီးတို့, ဒကာလူတို့ကို သနားတော်မူလို့ ဗုဒ္ဓယဉ်ကျေးမှုကို ရအောင် တရားတွေကို ကြိုးကြိုး စားစားနဲ့ ဟောတော်မူသွားပါတယ်။ ဒါကြောင့် **သောဘဂဝါ**— ကျွန်ုပ်တို့ အများ၏ အားထားကိုးကွယ်ရာအစစ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်။ **ဒန္တော**— မြင်ကြားတွေ့ရာ ကြံသိရာမှ ကိလေသာ အညစ်အကြေး ကင်းစင်ဝေးလျက် ယဉ်ကျေးတော်မူပြီးသည်ဖြစ်၍။ **ဒမထာယ**— သတ္တဝါအများ ကျွန်ုပ်တို့အားလည်း အလားတူစွာ ကိလေသာ အညစ်အကြေး ကင်းစင်ဝေးလျက် ယဉ်ကျေးကြပါစေခြင်းအကျိုးငှာ။ ဓမ္မံ— ယဉ်ကျေးစေရန်တရားမှန်ကို။ **ဒေသေတိ**— ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။

သာဓု. . . . သာဓု. . . . သာဓု. . . ။

http://www.dhammadownload.com



**(၃) သန္တော သော ဘဂဝါ သမထာယ ဓမ္မံ ဒေသေတိ၊**

**သော ဘဂဝါ**– ကျွန်ုပ်တို့အများ၏ အားထားကိုးကွယ်ရာ အစစ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်။ **သန္တော**– ရာဂ စသား အလှုပ်အရှားကင်းလျက် ငြိမ်သက် ငြိမ်းအေးတော်မူ ပြီးသည်ဖြစ်၍။ အများသူငါတွေမှာ နှစ်သက်စရာနဲ့တွေ့ရင် နှစ်သက်တယ်။ ရာဂ ဖြစ်တာပဲ။ အဲဒီနှစ်သက်တဲ့ရာဂကြောင့် စိတ်ရော, ကိုယ်ရော, နှုတ်ရော မငြိမ်သက်ဘူး။ မုန်းစရာနဲ့ တွေ့ပြန် ယင်လည်း ဒေါသဖြစ်ပြီး လှုပ်ရှားတာပဲ၊ မငြိမ်သက်ဘူး။ မြတ်စွာ ဘုရားမှာ ဘယ်လိုနှစ်သက်စရာနဲ့တွေ့ပေမယ့် ရာဂမဖြစ်ဘူး။ ဘယ်လိုမုန်းစရာနဲ့ တွေ့ပေမယ့် ဒေါသမဖြစ်ဘူး။ ကိုယ်ရော, နှုတ်ရော, စိတ်ရော, လှုပ်ရှားခြင်း မရှိဘူး။ ငြိမ်သက်ပြီး ငြိမ်းအေးနေ တယ်။ ဒါကြောင့် – သန္တော– ရာဂစသား အလှုပ်အရှားကင်းလျက် ငြိမ်သက် ငြိမ်းအေးတော်မူပြီးသည်ဖြစ်၍။ **သမထာယ**– သတ္တဝါ အများ ကျွန်ုပ်တို့အားလည်း အလားတူစွာ ငြိမ်သက်ငြိမ်းအေးကြ ပါစေခြင်း အကျိုးငှာ။ **ဓမ္မံ**– ငြိမ်းအေးစေရန် တရားမှန်ကို။ **ဒေသေတိ**– ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော် မူခဲ့ပါပေ၏။

သာဓု. . . . သာဓု. . . . သာဓု. . . ။

**(၄) တိဏ္ဏော သော ဘဂဝါ တရဏာယ ဓမ္မံ ဒေသေတိ၊**

**သော ဘဂဝါ**– ကျွန်ုပ်တို့ အများ၏ အားထားကိုးကွယ် ရာအစစ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်။ **တိဏ္ဏော**– သြဃလေးဖြာ သံသရာ၏ ဟိုမှာကမ်းရောက် နိဗ္ဗာန်ပေါက်အောင် ကူးမြောက်တော်မူပြီးသည်ဖြစ်၍။ **တရဏာယ**– သတ္တဝါအများ

http://www.dhammadownload.com



ကျွန်ုပ်တို့အားလည်း အလားတူစွာ ကူးမြောက်ကြပါစေခြင်း အကျိုးငှာ။ **ဓမ္မံ—** ကူးမြောက်စေရန် တရားမှန်ကို။ **ဒေသေတိ—** ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။

သာဓု. . . . သာဓု. . . . သာဓု. . . ။

သတ္တဝါတွေက သံသရာရေယဉ်ကြော မျောနေကြတယ်။ ဒကာလူရ။ သံသရာရေယဉ်ဆိုတာ၊ ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃဆိုတဲ့ ဩဃလေးပါးပါပဲ။ ကာမောဃဆိုတာ ကာမရေစီးကြောင်းပေါ့။ လောကမှာ ရေစီးကြောင်းဆိုတာ သူ့ဆီ ရောက်လာတဲ့သူကို သူက နှစ်မြှုပ်ပြီး သတ်တတ်တယ်။ အစွမ်းရှိလို့ ကူးနိုင်ရင်ကူး မကူးနိုင်ရင်တော့ သူက နှစ်မြှုပ်ပြီး သတ်တတ်တယ်။ အဲဒါလိုပါပဲ၊ ဒီကာမောဃဆိုတဲ့ သံသရာရေစီးကြောင်းက လည်း သူ့ဆီရောက်လာတဲ့ သတ္တဝါကို နှစ်မြှုပ်ပြီး သတ်တတ်ပါ တယ်။ ဘယ်လိုလဲဆိုတော့ ကာမဂုဏ်တွေကို သာယာမက်မော နေရင် ကာမရေစီးကြောင်းထဲ ရောက်နေတာပဲ။ အဲဒီပုဂ္ဂိုလ်ဟာ အစွမ်းရှိလို့ ဒါန, သီလ အစရှိတဲ့ ကုသိုလ်တွေကို ပြုရင်လည်းပြု။ အဲဒီလို ကုသိုလ်တွေပြုနိုင်ရင် သုဂတိဘုံရောက်ပြီး အတော်အသင့် သက်သာရာ ရနေမယ်။ ဒီလိုမှ မဟုတ်ရင်တော့ ကာမဂုဏ် အကြောင်းပြုပြီးတော့ သတ်ဖြတ်ညှဉ်းဆဲလိုက်, ခိုးဝှက်လုယက်လိုက်, မတရားကျူးလွန်လိုက်, လိမ်လည်လှည့်စားလိုက်နဲ့ ဒီလိုမကောင်းမှု တွေကိုပြုမိပြီး အပါယ်လေးပါး နစ်မြုပ်သွားလိမ့်မယ်။ အဲဒါက အပါယ်လေးဘုံဆီ စီးဆင်းသွားတဲ့ ကာမရေစီးကြောင်းပေါ့။

ဒါနအစရှိတဲ့ ကုသိုလ်ကောင်းမှုတွေကို ပြုတဲ့သူမှာလည်း လူ့ဘဝ နတ်ဘဝတွေ ရောက်ပြီးတော့ အဲဒီရောက်ရာဘဝမှာ

http://www.dhammadownload.com



အိုရမယ်။ နာရမယ်။ သေရမယ်။ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ အမျိုးမျိုးတွေကိုတွေ့ရမယ်။ ဒါက ကာမသုဂတိဆီ စီးသွားတဲ့ ကာမရေစီးကြောင်းပေါ့။ ဘဝေါဃ ဆိုတာကတော့ ရူပဘဝ, အရူပဘဝကို သာယာတဲ့ ဘဝတဏှာပါပဲ။ သူကလည်း ရူပဘဝ, အရူပဘဝတွေကို ပို့ပြီးတော့ အဲဒီ ရောက်ရာဘဝမှာ သေစေတတ်ပါတယ်။ အဲဒါဟာ ဘဝရေစီးကြောင်းက နှစ်မြှုပ်ပြီး သတ်တာပါပဲ။ ဒိဋ္ဌောဃ ဆိုတာကတော့ မှားယွင်းတဲ့ မိစ္ဆာအယူတွေပါပဲ။ အဝိဇ္ဇောဃ ဆိုတာကတော့ အနိစ္စ, ဒုက္ခ, အနတ္တ သဘောတရားတွေကို နိစ္စ, သုခ, အတ္တလို့ အသိမှား နေတဲ့သဘောပါပဲ။ ဒီအဝိဇ္ဇာနဲ့ ဒိဋ္ဌိကြောင့်လည်း အပါယ်လေးပါးကျပြီး ဆင်းရဲဒုက္ခအမျိုးမျိုးတွေ ခံရတယ်။ လူ့ဘဝ, နတ်ဘဝတွေ ရောက်ပြီးတော့လည်း ဒုက္ခအမျိုးမျိုးတွေနဲ့ တွေ့ရတယ်။ ဗြဟ္မာ့ဘဝ ရောက်ပြီးတော့လည်း အကြိမ်ကြိမ် အဖန်ဖန် သေရတယ်။ အဲဒါဟာအဝိဇ္ဇာနဲ့ ဒိဋ္ဌိဆိုတဲ့ ရေစီးကြောင်းက နှစ်မြှုပ်ပြီး သတ်နေတာပါပဲ။အဲဒီ ဩဃဆိုတဲ့ သံသရာရေစီးကြောင်းထဲမှာ စုန်ချည် ဆန်ချည် မျောနေကြတဲ့ သတ္တဝါတွေကို အဲဒီ သံသရာရေယဉ်ထဲမှ ကူးမြောက် ပြီး နိဗ္ဗာန်ဆိုတဲ့ ဟိုဘက်ကမ်း ရောက်စေဖို့အတွက် မြတ်စွာဘုရားက ကူးမြောက်နိုင်မည့် တရားကို ဟောကြားတော်မူခဲ့တယ်တဲ့ ဒကာလူရ။ ဒါကြောင့်—တရဏာယ— သတ္တဝါအများ ကျွန်ုပ်တို့အားလည်း အလားတူစွာ ကူးမြောက်ကြပါစေခြင်းအကျိုးငှာ။ **ဓမ္မံ**— ကူးမြောက်စေရန် တရားမှန်ကို။ **ဒေသေတိ**— ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။

သာဓု. . . သာဓု. . . သာဓု. . .။

http://www.dhammadownload.com



**(၅) ပရိနိဗ္ဗုတော သော ဘဂဝါ ပရိနိဗ္ဗာနာယ ဓမ္မံ ဒေသေတိ၊**

**သော ဘဂဝါ**— ကျွန်ုပ်တို့ အများ၏ အားထားကိုးကွယ်ရာ အစစ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်။ **ပရိနိဗ္ဗုတော**— ကိလေသာခပ်သိမ်း အလုံးစုံငြိမ်းပြီးသည်ဖြစ်၍။ **ပရိနိဗ္ဗာနာယ**— သတ္တဝါအများ ကျွန်ုပ်တို့အားလည်း အလားတူစွာ ကိလေသာခပ်သိမ်း ငြိမ်းကြပါစေခြင်း အကျိုးငှာ၊ **ဓမ္မံ**— ကိလေသာငြိမ်းရန် တရားမှန်ကို။ **ဒေသေတိ**— ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။

သာဓု. . . သာဓု. . . သာဓု. . . ။

**ဓမ္မစကြာ တရားတော်**ကတော့ ပြည့်စုံပါပြီ ဒကာ လူ့ရ။ အဲဒီသုတ်တရားတော်အရ အားထုတ်ပြီးတော့ အရှင်ကုမာရ ကဿပမထေရ်ဟာ အရဟတ္တမဂ် အရဟတ္တဖိုလ် ရောက်ပြီး ရဟန္တာ ဖြစ်တော်မူပါတယ်။ နောက်တစ်ချိန်မှာ မြတ်စွာဘုရားက အရှင်ကုမာရကဿပကို ဆန်းဆန်းကြယ်ကြယ် တရားဟောတတ်တဲ့ ရဟန်းတော်တွေထဲမှာ အထူးအမြတ်ဆုံး ဧတဒဂ်ပုဂ္ဂိုလ် အဖြစ်ဖြင့် ချီးကျူးတော်မူပါတယ်။ ကဲ—ဆောင်ပုဒ် အချို့ကိုဆိုပြီး တရားသိမ်းကြစို့။

## နိဂုံး

မီးခိုး ညဥ့်ခါ၊ နေ့မှာ မီးပျို့၊ တောင်ပို့ မြင်လတ်၊ ဆရာ မြတ်က၊ တပည့်လှအား၊ ပေါက်တူးသွားဖြင့်၊ ခွဲခြားစေရာ၊ ပေါ်လာ မင်းတုပ်၊ ဖားယုတ်တွေ့ရ၊ လမ်းခွနှစ်မွှာ၊ ဆပ်ပြာရေစစ်၊ လိပ်ညစ်

http://www.dhammadownload.com



တလီ၊ ဓားစဉ်းတီနှင့်၊ တွေ့ပြီအသား၊ နတ်နဂါး၊ ဆယ့်ငါး ဝှက်စာ အစဉ်တည်း။

၁။ တောင်ပို့— ကိုယ်ထည်၊ ကြွစည်—မီးခိုး၊ ပြုမျိုး—မီးပါ၊ ဆရာ—ဘုရား၊ တပည့်ကား—မှတ်သားယောဂီတည်း။

၂။ ပေါက်တူး—ပညာ၊ တူးတာ—အားထုတ်၊ မင်းတုပ်—အဝိဇ္ဇာ၊ ဖားမှာ—ဒေါသ၊ လမ်းနှစ်ခွ—မှတ်ကြယုံမှား တည်း။

၃။ နိဝရဏ— တူလှရေစစ်၊ လိပ်ညစ်—ခန္ဓာ၊ ကာမာ—စဉ်းတီ၊ နန္ဒီ—အသား၊ နတ်နဂါး—မှတ်သား ရဟန္တာ တည်း။

## အမေးနှင့်အဖြေ

၁။ တောင်ပို့ဆိုတာ ဘယ်ဟာလဲ. . . . ဤရုပ်ကိုယ်ကြီးပဲ။

၂။ မီးခိုးဆိုတာ ဘယ်ဟာလဲ. . . . ညအခါမှာ ကြံတာပဲ။

၃။ မီးလျှံဆိုတာ ဘယ်ဟာလဲ. . . . နေ့အခါမှာ ပြုတာပဲ။

၄။ ဆရာဆိုတာ ဘယ်သူလဲ. . . . ငါတို့ မြတ်စွာဘုရားပဲ။

၅။ တပည့်ဆိုတာ ဘယ်သူလဲ. . . . ရှုမှတ်နေတဲ့ ယောဂီပဲ။

၆။ ပေါက်တူး ဆိုတာ ဘယ်ဟာလဲ. . . မှတ်သိနေတဲ့ ပညာပဲ။

၇။ တူးတယ်ဆိုတာ ဘယ်ဟာလဲ. . . ကြောင့်ကြစိုက်တဲ့ လုံ့လပဲ။

၈။ မင်းတုပ်ဆိုတာ ဘယ်ဟာလဲ. . . ရှုမှတ်နည်းကို မသိတာပဲ။

၉။ ဖားယုတ်ဆိုတာ ဘယ်ဟာလဲ. . . စိတ်ဆိုးတတ်တဲ့ ဒေါသပဲ။

၁၀။ လမ်းခွဆိုတာ ဘယ်ဟာလဲ. . . ဝေဖန် စဉ်းစား ယုံမှားပဲ။

၁၁။ ရေစစ်ဆိုတာ ဘယ်ဟာလဲ. . . နီဝရဏငါးပါး တရားပဲ။

၁၂။ လိပ်ညစ်ဆိုတာ ဘယ်ဟာလဲ. . . ခန္ဓာငါးပါး တရားပဲ။

http://www.dhammadownload.com



၁၃။ စဉ်းတီဆိုတာ ဘယ်ဟာလဲ. . . ငါးပါးအာရုံ ကာမဂုဏ်ပဲ။
၁၄။ သားတစ်ဆိုတာ ဘယ်ဟာလဲ. . . နှစ်သက်တပ်စွဲ ရာဂပဲ။
၁၅။ နဂါးဆိုတာ ဘယ်ဟာလဲ. . . အာသဝေါ ကင်းကွာ ရဟန္တာပဲ။

## ဝိပဿနာ၏ အကျိုးတရား

အနိစ္စ မြင်လျှင် ဒုက္ခထင်သည်။
ဒုက္ခ ထင်တော့ အနတ္တ မြင်သည်။
အနတ္တမြင် နိဗ္ဗာန်ခွင်၊ ပြေးဝင် ဆိုက်ရောက်သည်။
နိဗ္ဗာန်မြင်က အပါယ်မှ၊ မုချ လွတ်မြောက်သည်။

ဤဓမ္မစကြာသုတ် တရားတော်ကို ရိုသေစွာ နာယူမှတ်သား ကြရသော ဓမ္မသဝနကုသိုလ်ကံ စေတနာတို့၏ အစွမ်းအာနုဘော် ကြောင့် ယခုတရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည် ဘေးရန်အန္တရာယ်ဟူသမျှတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းကြ၍ ဤသုတ်တရားတော်၌ ညွှန်ပြထားသော ဝိပဿနာကျင့်စဉ်တို့ကို လည်း ကောင်းစွာကျင့်နိုင်, အားထုတ်နိုင်ကြသည်ဖြစ်၍ ဝိပဿနာ ဉာဏ်အစဉ်, အရိယမဂ်ဉာဏ်အစဉ်ဖြင့် ဆင်းရဲခပ်သိမ်းတို့၏ ကင်း ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု. . . . သာဓု. . . . သာဓု. . . ။

**ဓမ္မစကြာသုတ် တရားတော်ကြီး ပြီးဆုံးပါပြီ။**

http://www.dhammadownload.com

## အထူးမှတ်သားချက်

ဤစာအုပ် စာမျက်နှာ ( ၆၉ ) ၌ ပြခဲ့သည့် သောတ္တကီကျမ်း အဆိုမှာ -

စတုဝီသတိ အသင်္ချေယျေ၊
သင်္ခ္ယေယာစေဝ ကောဋိယော။
ပါဏာနိ သတသဟဿာနိ၊
ဧကော ပုဒ္ဓေါ ပမောစယိ။

တစ်ဆူသော မြတ်စွာဘုရားသည် ၂၄-သင်္ချေ ကုဋေ ၆၀-နှင့် တစ်သိန်းသော သတ္တဝါတို့ကို ကျွတ်လွတ်စေ၏ဟူသော-ဂါထာပင်ဖြစ်သည်။ မဇ္ဈိမနိကာယဋီကာ ၃-၁၉၂၊ သီလက္ခန်ဋီကာသစ် ၂-၂၉၁-တို့ အလိုအားဖြင့်မူကား ထိုဝေနေယျသတ္တဝါ အရေအတွက်ကို ၂၄-သင်္ချေနှင့် ကုဋေသိန်းပေါင်းများစွာ ရှိသည်ဟူ၍လည်း မှတ်သားအပ်သေး၏။

http://www.dhammadownload.com

# ကျေးဇူးတော်ရှင်
# မဟာစည်ဆရာတော်ကြီး၏

## ဩဝါဒ ဆောင်ပုဒ်

## ဒါန သီလ ဘာဝနာ
## ကိုယ်ပိုင် ဥစ္စာပါ။

## တစ်နေ့ တစ်ရက် ကိုယ့်အတွက်
## မပျက်ကြိုးစားပါ။

ဤ ဓမ္မကထာတော်အရေးတော် စာအုပ် အတွက်
အဖုံးဖလင်ကာလာခွဲခြင်းနှင့် အတွင်းဖလင်ကာလာခွဲခြင်းကို **STARS** Colour Separation မှ
လည်းကောင်း၊ အတွင်းအပြင် ပုံနှိပ်ခြင်းကို **STARS EMPIRE** One Stop Printing Service မှ
လည်းကောင်း ဗုဒ္ဓသာသနာတော် အဓွန့်ရှည်တည်တံ့စေရန် ရည်သန်၍ လှူဒါန်းပါသည်။